www.burmeseclassic.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေး ဝန်ကြီးဌာန

သာသနာရေး ဦးစီးဌာန

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရားများကို ဖွင့်ဆိုသော

# ဗုဒ္ဓဘာသာလက်စွဲကျမ်း

(တတိယတွဲ)

ပထမပိုင်း နှင့် ဒုတိယပိုင်း

ဓမောင်ခင်ဆုံ (မဟာဝိဇ္ဇာ - ဆုံစေတ)

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရားများကို ဖွင့်ဆိုသော

# ဗုဒ္ဓဘာသာလက်စွဲကျမ်း

(တတိယတွဲ)
ပထမပိုင်း

မောင်ဇံ (မဟာဝိဇ္ဇာ - ဘုံဘော)

ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာလက်စွဲကျမ်းတတိယတွဲ (ပ–ဗူ)

| အကြိမ် | အုပ်ရေ | ခုနှစ် |
|---|---|---|
| ပထမ | ၁၀၀၀ | ၂၀၀၃ |
| ဒုတိယ | ၁၀၀၀ | ၂၀၀၄ |

## စာအုပ်ရိုက်နှိပ်ရန်ရန်ပုံငွေအလှူစာရင်း

၁။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အောင်ဘန်းဆရာတော် ဦးသာသနမှ
ငွေကျပ် ၁၀-သိန်း

၂။ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ တိုးကြီးဦးသန်းလှ မိသားစုမှ
ငွေကျပ် ၁၀-သိန်း

၃။ ပုဂံဟိုတယ်ဒေါ်အေးမြနွယ်မှ ငွေကျပ် ၁-သိန်း

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၀၅)က ထုတ်ဝေ၍
သာသနာရေးဦးစီးဌာနအတွက်
ဦးဝင်းမြိုင် (၀၂၄၈၆)၊ သိဒ္ဓိမြိုင် ပုံနှိပ်တိုက်၊ ၁၁၃၊ ၃၄-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာ လက်စွဲကျမ်း
# (တတိယတွဲ)

## ပထမပိုင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အာရုံ(၆)ပါး | ၂ |
| ၂။ | ရုပ်မြင်သံကြားစက်၏ဖန်သားပြင်ပေါ်ဝယ် | ၃ |
| ၃။ | သဒ္ဒါရုံ အဓိပ္ပါယ် | ၅ |
| ၄။ | ရေဒီယိုအသံလွှင့်ခြင်း | ၆ |
| ၅။ | ဂန္ဓာရုံ အဓိပ္ပါယ် | ၇ |
| ၆။ | ရသာရုံနှင့် ဖောဋ္ဌဗ္ဗာရုံအဓိပ္ပါယ် | ၈ |
| ၇။ | ဆင်းရဲချမ်းသာ ခံစားမှု | ၁၀ |
| ၈။ | ဓမ္မာရုံ အဓိပ္ပါယ် | ၁၁ |
| ၉။ | ဒွါရ(၆)ပါး | ၁၂ |
| ၁၀။ | စက္ခုဒွါရ (မျက်စိတံခါးပေါက်) | ၁၄ |
| ၁၁။ | တိုက်ရိုက်သိနှင့်ဆင့်ပွားသိ | ၁၅ |
| ၁၂။ | သောတဒွါရနှင့် ဃာနဒွါရ | ၁၇ |
| ၁၃။ | ဇိဝှာဒွါရနှင့် ကာယဒွါရ | ၁၈ |
| ၁၄။ | မနောဒွါရ (မနောတံခါးပေါက်) | ၁၉ |
| ၁၅။ | ဝိညာဏ်(၆)ပါး | ၂၀ |
| ၁၆။ | စက္ခုဝိညာဏ် (မြင်စိတ်) | ၂၁ |
| ၁၇။ | (ကြားစိတ်နှင့် နံစိတ်) | ၂၂ |
| ၁၈။ | ဇိဝှာဝိညာဏ် (စားစိတ်) | ၂၃ |
| ၁၉။ | (တွေ့ထိစိတ်နှင့် ကြံတွေးစိတ်) | ၂၄ |
| ၂၀။ | ဖဿ ( ၆ )ပါး | ၂၅ |
| ၂၁။ | ဝေဒနာ ( ၆ )ပါး | ၂၆ |


www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာလက်စွဲကျမ်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၂။ | တဏှာ ( ၆ )ပါး ၊စေတနာ ( ၆ )ပါး | ၂၇ |
| ၂၃။ | စိတ်နှစ်မျိုးခွဲခြားခြင်း (ဘဝင်စိတ်) | ၂၉ |
| ၂၄။ | ပဋိသန္ဓေစိတ်နှင့် စုတိစိတ် | ၃၀ |
| ၂၅။ | သေခါနီးအာရုံနိမိတ် (၃)မျိုး | ၃၁ |
| ၂၆။ | နိမိတ်အာရုံပြောင်းလဲနိုင်ခြင်း | ၃၂ |
| ၂၇။ | ရဟန္တာပုဂ္ဂိုလ်အားကံ ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်မထင်ခြင်း | ၃၃ |
| ၂၈။ | ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ် (၁၉) ပါး | ၃၄ |
| ၂၉။ | စုတိနောင်ပဋိသန္ဓေများ | ၃၅ |
| ၃၀။ | ဥပါဒ်၊ ဌီ ၊ ဘင်၊ (ဖြစ်၊တည်၊ ပျက်) ရုပ်တို့၏သက်တမ်း | ၃၆ |
| ၃၁။ | ဘဝင်စိတ်၊ စိတ်စွမ်းအားဖြည့်ခြင်း | ၃၇ |
| ၃၂။ | အတီတဘဝင်၊ မသိစိတ်နှင့်သိစိတ် | ၃၈ |
| ၃၃။ | မနောတံခါး ဖွင့်လှစ်ခြင်း | ၃၉ |
| ၃၄။ | အာရုံနှင့် ဒွါရ အတိုက်ဓာတ်နှင့် အခံဓာတ် | ၄၀ |
| ၃၅။ | တစ်စက္ကန့် ကုဋေတစ်သိန်း၊ နာမ်တရား၏သက်တမ်း | ၄၁ |
| ၃၆။ | အာရုံအားဖြင့် ဝီထိ ( ၆ )မျိုး | ၄၃ |
| ၃၇။ | အတိမဟန္တာရုံ စက္ခုဒွါရ ဝီထိဖြစ်ပုံ | ၄၄ |
| ၃၈။ | မဟန္တာရုံ ( ၂ )ဝီထိ၊ ပရိတ္တာရုံ (၆) ဝီထိ | ၄၆ |
| ၃၉။ | အတိပရိတ္တာရုံ (၆)ဝီထိ၊ မနောဒွါရဝီထိ ( ၄ )ဝီထိ | ၄၇ |
| ၄၀။ | ပဉ္စဒွါရာဝဇ္ဇန်းစိတ် | ၄၉ |
| ၄၁။ | မနောဒွါရာ ဝဇ္ဇန်းစိတ် (ဒွေးပဉ္စဝိညာဏ် ၁၀) | ၅၀ |
| ၄၂။ | သမ္ပဋိစ္ဆိုင်းနှင့် သန္တီရဏ | ၅၂ |
| ၄၃။ | ဝုဋ္ဌောစိတ် နှင့်ဇောစိတ်များ | ၅၃ |
| ၄၄။ | ဇော ၅၅ နှင့်တဒါရုံ(၁၁) | ၅၄ |
| ၄၅။ | ဈာနနှင့် ကိစ္စ | ၅၅ |
| ၄၆။ | အပ္ပနာဝီထိများ | ၅၇ |
| ၄၇။ | မဂ္ဂဝီထိနှင့် ဖလဝီထိ | ၅၈ |
| ၄၈။ | နိရောဓသမာပတ္တိ ဝီထိ | ၅၉ |


www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၉။ | ဝိပါက်အမှန်၊ ဇောအပြန် | ၆၀ |
| ၅၀။ | ကာမဇောနောက်၌အပ္ပနာဇောများ(အာဂန္တုကဘဝင်) | ၆၀ |
| ၅၁။ | ပရိကပ္ပ ဣဋ္ဌာရုံ၊ ဇောအကြိမ် သတ်မှတ်ခြင်း | ၆၂ |
| | **စိတ်ပိုင်း** | |
| ၅၂။ | စိတ်ပိုင်း | ၆၄ |
| ၅၃။ | အသင်္ခါရိက သသင်္ခါရိက | ၆၅ |
| ၅၄။ | ကုသိုလ်နှင့် အကုသိုလ်၊ ဝိပါက်နှင့်ကြိယာ | ၆၆ |
| ၅၅။ | စိတ်တစ်ခုယုတ် ကိုးဆယ် | ၆၇ |
| ၅၆။ | အကုသိုလ်စိတ် ၁၂ပါး | ၆၈ |
| ၅၇။ | လောဘမူစိတ် (၈)ပါးဖြစ်ပေါ်ပုံ | ၆၉ |
| ၅၈။ | အဟိတ်စိတ် (၁၈)ပါး | ၇၀ |
| ၅၉။ | ကုသိုလ်ကံ၏ အကျိုးများ | ၇၂ |
| ၆၀။ | လုပ်ငန်းကိစ္စအားဖြင့်ခွဲခြားပုံ အဟိတ်စိတ် (၁၈)ပါးသရုပ်ခွဲပုံ | ၇၄ |
| ၆၁။ | အာရုံအမျိုးမျိုး (အဟိတ်စိတ်၌ ဝေဒနာလေးမျိုး) | ၇၆ |
| ၆၂။ | အသောဘဏစိတ်နှင့် သောဘဏစိတ် | ၇၈ |
| ၆၃။ | သောဘဏစိတ် ၅၉ | ၇၉ |
| ၆၄။ | မဟာကုသိုလ်စိတ် (၈)ပါး | ၈၁ |
| ၆၅။ | သောမနဿနှင့် ဥပက္ခာဖြစ်ပုံ | ၈၂ |
| ၆၆။ | တိဟိတ်ကုသိုလ်နှင့် ဒွိဟိတ်ကုသိုလ် | ၈၃ |
| ၆၇။ | ရူပါဝစရစိတ် (၁၅) | ၈၅ |
| ၆၈။ | ဈာန်အင်္ဂါ ငါးပါးလုပ်ငန်း | ၈၇ |
| ၆၉။ | ကာမဂုဏ်ချမ်းသာနှင့်ကွာခြားခြင်း | ၉၀ |
| ၇၀။ | ရူပဈာန်လေးပါး (စတုက္ကဈာန်) | ၉၁ |
| ၇၁။ | ရူပဈာန်အကျိုးပေးပုံ | ၉၂ |
| ၇၂။ | အပ္ပနာဝီထိ | ၉၃ |
| ၇၃။ | ဂေါတြဘူနှင့်ဝေါဒါန်ဇော | ၉၄ |
| ၇၄။ | အဘိညာဝီထိ | ၉၅ |


www.burmeseclassic.com

www.burmeseclassic.com

ပုဒ္ဓဘာသာလက်စွဲကျမ်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၅။ | အာကာသကောင်းကင်(၃)မျိုး | ၉၆ |
| ၇၆။ | မဟဂ္ဂုတ်စိတ် (၂၇) ပါး | ၉၉ |
| ၇၇။ | လောကုတ္တရာစိတ် (၈)ပါး | ၁၀၀ |
| ၇၈။ | မဂ္ဂဝီထိနှင့် ဖလသမာပတ္တိဝီထိ | ၁၀၂ |
| ၇၉။ | အပ္ပနာဇောအကျယ် (၃၈)ကို ဝေဒနာဖြင့်ခွဲခြင်း | ၁၀၃ |
| ၈၀။ | ဟိတ်ဖြင့်ခွဲခြားရေတွက်ခြင်း | ၁၀၅ |
| ၈၁။ | ဒွါရဖြင့် ခွဲခြားစိတ်ဖြာပုံ | ၁၀၇ |
| ၈၂။ | စိတ် စေတသိတ်တို့ကို အာရုံဖြင့် ရေတွက်ပြခြင်း | ၁၁၀ |
| ၈၃။ | မှော်ရုံကို အာရုံပြုသောစိတ် | ၁၁၁ |
| ၈၄။ | ဝတ္ထုသင်္ဂဟ | ၁၁၃ |
| ၈၅။ | ဟဒယ ရုပ်ကို မှီ၊ မမှီ | ၁၁၅ |


စေတသိက်ပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆။ | စေတသိက် လက္ခဏာ ( ၄ )ပါး | ၁၁၆ |
| ၈၇။ | သဗ္ဗစိတ္တသာဓာရဏ ပကိဏ်း စေတသိက် | ၁၁၇ |
| ၈၈။ | အညသမာန်း စေတသိက် | ၁၁၈ |
| ၈၉။ | သောဘဏ သာဓာရဏ စေတသိက် (၁၉) | ၁၁၉ |
| ၉၀။ | ဝိရတီ စေတသိတ် (၃)ပါး | ၁၂၁ |
| ၉၁။ | အပ္ပမညာ တရားလေးပါး | ၁၂၂ |
| ၉၂။ | သညာ၊ ဝိညာဏ်၊ ပညာအထူး | ၁၂၃ |
| ၉၃။ | လောဘနှင့်ဆန္ဒအထူး | ၁၂၄ |
| ၉၄။ | သမ္ပယောဂနည်း၊ ပကိဏ်းစေတသိက် ယှဉ်ပုံဇယား | ၁၂၅ |
| ၉၅။ | ပကိဏ်းစေတသိက်ယှဉ် သမ္ပယောဂနည်း | ၁၂၆ |
| ၉၆။ | အကုသိုလ်စေတသိက်များနှင့် စိတ်ယှဉ်ပုံ | ၁၂၇ |
| ၉၇။ | လောကုတ္တရာစိတ် သင်္ဂဟနည်း | ၁၂၈ |
| ၉၈။ | မဟဂ္ဂုတ် သင်္ဂဟနည်း၊ ကာမသောဘဏစိတ် သင်္ဂဟနည်း | ၁၂၉ |
| ၉၉။ | အဟိတ်စိတ် သင်္ဂဟနည်း | ၁၃၂ |
| ၁၀၀။ | ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဆက်စပ်ခြင်း | ၁၃၄ |


www.burmeseclassic.com

www.burmeseclassic.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁။ | ဘဝကြီး (၉)မျိုး | ၁၃၅ |
| ၁၀၂။ | ပဋိစ္စသမုပ္ပါဒ် ကာလသုံးပါးခွဲခြားပုံ | ၁၃၆ |
| ၁၀၃။ | အလွှာလေးပါး ၊ (ခြင်းရာ၂၀) အစပ်သုံးပါး | ၁၃၇ |
| ၁၀၄။ | ဝဋ်သုံးပါး၊ ဝဋ်မြစ်နှစ်ပါး | ၁၃၈ |
| ၁၀၅။ | ပဋိစ္စသမုပ္ပါဒ် အင်္ဂါ (၁၂)ပါး၊ အဝိဇ္ဇာအကြောင်း | ၁၃၈ |
| ၁၀၆။ | သင်္ခါရအကြောင်း | ၁၃၉ |
| ၁၀၇။ | ဝိညာဏ်အကြောင်း | ၁၄၀ |
| ၁၀၈။ | နာမ်ရုပ်အကြောင်း | ၁၄၁ |
| ၁၀၉။ | ဖဿနှင့် ဝေဒနာအကြောင်း | ၁၄၂ |
| ၁၁၀။ | တဏှာဉပါဒါန်အကြောင်း | ၁၄၃ |
| ၁၁၁။ | ကမ္မဘဝနှင့် ဉပပတ္တိဘဝ | ၁၄၄ |
| ၁၁၂။ | ဇာတိပဋိသန္ဓေနေရခြင်း | ၁၄၅ |
| ၁၁၃။ | ဇာတိ၏ ဆင့်ပွါးအကျိုးဆက်များ | ၁၄၆ |
| ၁၁၄။ | တဆယ့်တစ်သီးမီး | ၁၄၇ |
| ၁၁၅။ | အခြင်းအရာ ၂၀ နှင့် အလွှာ ၄ပါး | ၁၄၈ |
| ၁၁၆။ | ဝဋ်သုံးပါး၊ သံသရာပြတ်ခြင်းနှင့် သံသရာလည်ခြင်း | ၁၄၉ |
| | **ပဋ္ဌာန်း ၂၄-ပစ္စည်း** | |
| ၁၁၇။ | ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း | ၁၅၀ |
| ၁၁၈။ | ပစ္စည်းနှင့် ပစ္စယုပ္ပန် | ၁၅၁ |
| ၁၁၉။ | အကြောင်းကားရှေ့ ၊ အကျိုးကားနောက် | ၁၅၂ |
| ၁၂၀။ | သဟဇာတ အကြောင်းအကျိုးပြိုင် | ၁၅၃ |
| ၁၂၁။ | အကျိုးကရှေ့၊ အကြောင်းကနောက် | ၁၅၄ |
| ၁၂၂။ | ရှေ့နောက်ခွဲခြားရန် မလိုသော အကြောင်းအကျိုး | ၁၅၅ |
| ၁၂၃။ | ဟေတုပစ္စည်း | ၁၅၆ |
| ၁၂၄။ | အာရမ္မဏပစ္စည်း | ၁၅၇ |
| ၁၂၅။ | အဓိပတိပစ္စည်း | ၁၅၉ |

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာလက်စွဲကျမ်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၆။ | အနန္တရပစ္စည်း | ၁၆၁ |
| ၁၂၇။ | အနန္တရ ဇယား | ၁၆၃ |
| ၁၂၈။ | သမနန္တရပစ္စည်း | ၁၆၈ |
| ၁၂၈။ | သဟဇာတပစ္စည်း | ၁၆၈ |
| ၁၂၉။ | အညမညပစ္စည်း | ၁၇၁ |
| ၁၃၀။ | နိဿယပစ္စည်း | ၁၇၂ |
| ၁၃၀။ | ဥပနိဿယ ပစ္စည်း | ၁၇၅ |
| ၁၃၁။ | ပုရေဇာတပစ္စည်း | ၁၇၈ |
| ၁၃၂။ | ပစ္ဆာဇာတပစ္စည်း | ၁၈၁ |
| ၁၃၃။ | အာသေဝနပစ္စည်း | ၁၈၂ |
| ၁၃၄။ | ကမ္မပစ္စည်း | ၁၈၄ |
| ၁၃၅။ | ဝိပါကပစ္စည်း | ၁၈၇ |
| ၁၃၆။ | အာဟာရပစ္စည်း | ၁၈၉ |
| ၁၃၇။ | ဣန္ဒြိယ ပစ္စည်း | ၁၉၀ |
| ၁၃၈။ | ဈာနပစ္စည်း | ၁၉၁ |
| ၁၃၉။ | မဂ္ဂပစ္စည်း | ၁၉၂ |
| ၁၄၀။ | သမ္ပယုတ္တပစ္စည်း | ၁၉၃ |
| ၁၄၁။ | ဝိပ္ပယုတ္တပစ္စည်း | ၁၉၄ |
| ၁၄၂။ | အတ္ထိပစ္စည်း | ၁၉၅ |
| ၁၄၃။ | နတ္ထိပစ္စည်း | ၁၉၇ |
| ၁၄၅။ | ဝိဂတနှင့် အဝိဂတ | ၁၉၈ |
| ၁၄၆။ | ၂၄-ပစ္စည်းကို နာမ်ရုပ်ခွဲခြားခြင်း | ၁၉၉ |
| ၁၄၇။ | အတ္ထပညတ် (၁၀)မျိုး | ၂၀၀ |
| ၁၄၈။ | နာမပညတ် (သဒ္ဒပညတ်) ၆-မျိုး | ၂၀၁ |
| ၁၄၉။ | မြင်ခြင်းမှ သိခြင်းသို့ | ၂၀၁ |
| ၁၅၀။ | အသံကြားရာမှ အနက်ဖေါ်ထုတ်ပုံ | ၂၀၂ |
| ၁၅၁။ | ပြောဆိုသူ၌ ဝိထိဖြစ်ပုံ | ၂၀၃ |


www.burmeseclassic.com

www.burmeseclassic.com

## စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရားများကို ဖွင့်ဆိုသော

# ဗုဒ္ဓဘာသာလက်စွဲကျမ်း

## (တတိယတွဲ)

## ပထမပိုင်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားလေးပါးကို ခွဲခြမ်းဝေဘန် ဟောကြားတော်မူတတ်သော သဗ္ဗညုဘုရား ရှင်အား ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏။

ထိုမြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော တရားတော်မြတ်ကိုလည်းကောင်း၊ ထိုမြတ်စွာဘုရားရှင်၏ တပည့်သား သံဃာတော်အပေါင်းကိုလည်းကောင်း ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏။

ကျွန်ုပ်သည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရားလေးပါးတို့၏ သဘောအဓိပ္ပါယ်ကို လွယ်ကူစွာ သိနိုင်ကြစေရန် အာရုံငါးပါး၊ ဒွါရခြောက်ပါး၊ ဝိညာဏ်ခြောက်ပါးတို့ကို ရှေးဦးစွာပြဆိုပါအံ့–

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ဝိညာဏ်

ကျွန်ုပ်တို့သည် အသက်ရှင်နေသရွေ့ တစ်စုံတစ်ခုကို သိလျက်ရှိတတ်ကြသည်။ မျက်စိကလည်း မြင်တတ်သည်။ နားကလည်း ကြားတတ်သည်။ နှာခေါင်းကလည်း နမ်းရှုတတ်သည်။ လျှာကလည်း အရသာ ခံတတ်သည်။ ကိုယ်ကာယကလည်း အထိအတွေ့ကို သိနေတတ်သည်။ စိတ်ထဲမှာလည်း ကြံစည်တွေးတောသိနေတတ်သည်။ နိုးကြားနေစဉ် ကာလအတွင်း တစ်ခုခုကို သိနေတတ်သည်။ အိပ်ပျော်နေစဉ် ကာလမှာပင် အိပ်မက်ထဲ၌ အာရုံတစ်ခုခုကို သိနေတတ်သည်။ ထိုသို့သိတတ်သော သဘောကို စိတ်ဟူ၍ လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း ခေါ်ရသည်။

ထို စိတ်ဝိညာဏ်က သိနိုင်သောအာရုံများကို အမျိုးအစား ခွဲခြားလိုက်ပါက ခြောက်မျိုးရရှိနိုင်ပေသည်။

## အာရုံ (၆) ပါး

စိတ်ဖြင့် သိအပ်သောသဘောများ၊ အသိခံ အရာဝတ္ထုများကို "အာရုံ" ဟု ခေါ်ရလေသည်။ စိတ်သည် အာရုံနှင့်ကင်း၍ ဖြစ်ပေါ်နိုင်ခြင်းမရှိ။ အာရုံကို အကြောင်းပြု၍ စွဲကိုင်၍စိတ်ဖြစ်ပေါ်ရသည်။ ထိုအာရုံများကို မျိုးတူဂုဏ်စုပေါင်း ရေတွက်ပါက အောက်ပါအတိုင်း (၆) မျိုး ရှိလေသည်။

၁။ ရူပါရုံ = အဆင်းအာရုံနှင့် ပုံသဏ္ဌာန်
၂။ သဒ္ဒါရုံ = အသံအာရုံနှင့် ဝစီဝိညတ်၊
၃။ ဂန္ဓာရုံ = အနံ့အာရုံ
၄။ ရသာရုံ = အရသာအာရုံ၊
၅။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိအာရုံ၊
၆။ ဓမ္မာရုံ = သဘောတရားဆိုင်ရာ အာရုံ၊

## ရူပါရုံအဓိပ္ပါယ်

မျက်စိဖြင့် တိုက်ရိုက်မြင်တွေ့ရသော အဆင်းအာရုံသည် မှချ ရူပါရုံ မည်၏။ မျက်စိသည် ဖြူ၊ နီ၊ ပြာ၊ ဝါ၊ အကြောင်အကျား ဟူသော အဆင်း

www.burmeseclassic.com

www.burmeseclassic.com



အရောင်ကို တိုက်ရိုက်မှုချ မြင်သိနိုင်၏။ အလုံး၊ အဝိုင်း၊ လေးဒေါင့်၊ သုံးမြှောင့် စသော ပုံပန်းသဏ္ဍာန်ကိုမူ မှတ်ညာဏ်ဖြင့် ဆင့်ပွား၍ ဆင်ခြင်စဉ်းစားမှသာ သိနိုင် လေသည်။ ဖြူ၊ နီ၊ ပြာ၊ ဝါ စသော အရောင်အဆင်းများ၏ တည်နေရာ နယ်နိမိတ် အပိုင်းအခြားကို အာရုံပြု မှတ်သားပေါင်းစပ်၊ ဆင်ခြင်စဉ်းစား လိုက်သည့်အခါမှသာလျှင် အလုံး၊ အဝိုင်း၊ လေးဒေါင့်စသော ပုံပန်းသဏ္ဍာန် ကို သိနိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် ဖြူ၊ နီ၊ ပြာ၊ ဝါ စသော အဆင်းအရောင်ကို သိခြင်းသည် ပရမတ္ထရုပ်ကို သိခြင်းဖြစ်သည်။ အလုံး၊ အဝိုင်း၊ လေးဒေါင့် စသော ပုံပန်း သဏ္ဍာန်ကို သိခြင်းသည် ဆင့်ပွားသိ (ပညတ်သိ) ဖြစ်သည်။ အလားတူပင် လူပုဂ္ဂိုလ် တစ်ယောက်နဲ့တစ်ယောက် ခေါင်းညိတ်၍ လည်းကောင်း၊ လက်ရပ် ခြင်း၊ လက်ဝါးကာပြခြင်းဖြင့်လည်းကောင်း၊ ထိုအမူအရာ လှုပ်ရှားပြသူ၏ စိတ်သဘောထားကို မြင်ရသူက သိရှိနားလည်ရာ၌ ဆင့်ပွါးအသိ (ပညတ်သိ) ဖြစ်သည်။ ထို့ကြောင့် ဖြူ၊ နီ၊ ပြာ၊ ဝါ စသော အရောင်၊ အဆင်း၊ အလင်း၊ အမှောင်တို့သည် ပရမတ္ထရုပ်အာရုံ၊ ရူပါရုံမည်၏။ မျက်စိသည် အဆိုပါ ပရမတ္ထ ဖြစ်သော ရုပ်ကိုသာ ရှေးဦးစွာ မြင်သိခြင်းဖြစ်သည်။ ထိုပရမတ္ထဖြစ် သော ရုပ်အဆင်း၊ ရူပါရုံသည် ဖြစ်၊ တည်၊ ပျက်၊ (ဥပါဒ်, ဋ္ဌီ, ဘင်) အားဖြင့် မမြဲသော သဘောရှိ၏။ ဖြစ်ပြီးနောက်ခဏမဆိုင်း ချုပ်ပျက်သွားသည်။ ချွန်မြ နေသည့် အပ်ဖျားပေါ်၌ မုန်ညင်းစေ့ (သို့မဟုတ်) နှမ်းစေ့ကို တင်ထားလိုက် သည့်အခါ မရပ်မတည်နိုင်ဘဲ အပ်ဖျားပေါ်မှ ချက်ချင်း လိမ့်ကျသွားပေ လိမ့်မည်။ အလားတူပင် ရူပါရုံခေါ် အဆင်းရုပ်သည် ဖြစ်ပြီးနောက် ခဏမစဲ တဖွဲဖွဲ ချုပ်ပျောက်သွားလေသည်။ ရူပါရုံအဆင်းရုပ်၏ သေးငယ်သော ရုပ်မှုန် ရုပ်မွှားကလေးများ တစ်ခုချင်းဆိုပါက မျက်စိသို့ ထင်ဟပ်ခြင်းမပြုနိုင်ချေ။ ရုပ်မှုန်များ အများအပြားစုပေါင်းပြီးမှသာ မျက်စိသို့ ထင်ဟပ်နိုင်လေသည်။ လေထဲရှိ မြူမှုန်များသည် အလွန်သေးငယ်သဖြင့် ကျွန်ုပ်တို့၏ မျက်စိဖြင့် မမြင်နိုင်ချေ။

**ရုပ်မြင်သံကြားစက်၏ ဖန်သားပြင်ပေါ်ဝယ်**

ဤခေတ်တွင် လူတိုင်းလိုလိုပင် ရုပ်မြင်သံကြားစက်၏ ဖန်သားပြင် ပေါ်၌ ထင်လာသော ပုံရိပ်ကို တွေ့မြင်နေကြသည်။ ယင်းပုံရိပ်ဖြစ်ပေါ်လာပုံ

www.burmeseclassic.com

www.burmeseclassic.com



ကို အလွယ်ဆုံးဥပမာဖြင့် ယှဉ်ပြရပါက ညအခါ အမှောင်ထဲ၌ မီးစတစ်ချောင်းကို ကိုင်၍ စက်ဝိုင်းပုံ ဝှေ့ယမ်းလိုက်သောအခါ အဝေးမှ ကြည့်သူသည် ရဲရဲနီသော ဝလုံး (မီးစက်ဝိုင်း)ကို တွေ့မြင်ရလိမ့်မည်ဖြစ်သည်။ ထိုမီးစကို ဝှေ့ရမ်းခြင်း မပြုဘဲ ရပ်ထားပါက ဝလုံးပုံ ပျောက်သွား၍ အနီရောင် အစက်တစ်ခု (ပွိုင့်တစ်ခု)ကိုသာ တွေ့ရမည်ဖြစ်သည်။ ယင်းမီးစကို ဝှေ့ယမ်း၍ ဘဲဥပုံ (သို့မဟုတ်) ထဆင်ထူးပုံ ပြုလုပ်၍ ပြနိုင်သည်။

မီးစတစ်ခု (မီးနီပွိုင့် တစ်ခု) သာ မကဘဲ မီးစ (၁၀) ခု မီးနီပွိုင့် (၁၀)ခုတို့ကို နေရာတကျ ဝှေ့ယမ်းပြနိုင်ပါက လူပုံ၊ တိရစ္ဆာန်ပုံ၊ သစ်ပင်ပုံစသည်ဖြင့် ပုံရိပ်အမျိုးမျိုး ပုံဖော်ပေးနိုင်ပေလိမ့်မည်။ ဤဥပမာအတိုင်း ရုပ်မြင်သံကြားစက်အတွင်း၌ လျှပ်စစ် မီးရောင်တန်း (ပွိုင့်) များသည် တစ်လက္ခလျှင် အရောင်တန်း (၁၀)ခုဖြင့် လှုပ်ရှားကစားပြပါကလူပုံ၊ တိရိစ္ဆာန်ပုံ၊ ရှုမျှော်ခင်းပုံ အမျိုးမျိုး ပုံရိပ်များ ပီပြင်စွာ ဖြစ်ပေါ်လာလေတော့သည်။

ကျွန်ုပ်တို့သည် အမှောင်ထဲ၌ ဝ–လုံးပုံပေါ်အောင် မီးစကို ဝှေ့ယမ်းခြင်းမှာ တစ်နာရီ (၁၅) မိုင်၊ မိုင် (၂၀) အမြန်နှုန်းသာ ရှိသဖြင့် ဝ–လုံးပုံသည် ရံခါ ပြတ်တောင်းပြတ်တောင်း ရှိနေပေလိမ့်မည်။ ရုပ်မြင်သံကြားစက်အတွင်း၌မူ လျှပ်စစ်အလင်းတန်းများ၏ ရွေ့လျားမှု လျှင်မြန်သည့် အရှိန်နှုန်းမှာ တစ်နာရီလျှင် မိုင်တစ်သိန်းရှစ်သောင်းကျော်ဖြစ်၍ ဖြစ်ပေါ်လာသော ပုံရိပ်များသည် ပီပီ ပြင်ပြင်၊ ပြတ်ပြတ်သားသား၊ မူရင်းရုပ်ပုံအတိုင်း ကြည်လင်နေခြင်း ဖြစ်ပေ သည်။ ထိုကဲ့သို့ တစ်စက္ကန့်လျှင် မိုင်တစ်သိန်း ရှစ်သောင်းနှုန်းဖြင့် လျှင်မြန်စွာ ပြေးသွားနေသော လျှပ်စစ်မီးရောင်တန်းများဖြင့် ဖန်တီးထားသော ပုံရိပ်၊ (ရူပါရုံ) ၏ သက်တမ်းသည် မည်မျှအချိန် တိုတောင်းမည်ကို မှန်းဆကြည့်စေ ချင်သည်။

မြတ်စွာဘုရားရှင်သည် ရုပ်တို့၏ သက်တမ်းတိုတောင်းပုံကို လျှပ်တစ်ပျက် (တစ်စက္ကန့်) ကာလအတွင်း ကုဋေတစ်သိန်းသော ရုပ်များ (၁၀၀၀၀၀၀၀၀၀၀၀၀) ဖြစ်ပေါ်ချုပ်ပျက်သည်ဟု ဟောကြားတော်မူခဲ့သည်။ ရုပ်မြင်သံကြားစက်၏ ဖန်သားပြင်ပေါ်၌ ဖြစ်ပေါ်နေသော ပုံရိပ်များသည် မူလလွှင့်ထုတ်စက် ချွတ်ယွင်းသွားလျှင်သော်လည်းကောင်း၊ ဖမ်းယူစက်၌

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ခါတ်အား ချွတ်ယွင်းသွားလျှင်သော် လည်းကောင်း ခဏာမဆိုင်းဘဲ ချက်ချင်းပင် ပျောက်ကွယ်သွားတော့သည်။

**သဒ္ဒါရုံအဓိပ္ပါယ်**

နားဖြင့် ကြားရသော အသံအာရုံကို သဒ္ဒါရုံဟု ခေါ်သည်။ အသံသည် သက်မဲ့အသံ၊ သက်ရှိအသံဟူ၍ (၂)မျိုး ရှိသည်။ မိုးခြိမ်း သံ၊ လေတိုက်သံ၊ ရေစီးသံ၊ ကျောက်တုံး၊ သစ်တုံးများအချင်းချင်း ထိခိုက်သော အသံ စသည် တို့သည် သက်မဲ့အသံများဖြစ်ကြသည်။ တိရစ္ဆာန်တို့၏ မြည်တွန်သံ၊ လူတို့၏ စကားပြောသံ၊ စသည်တို့သည် သက်ရှိမှ ဖြစ်သော အသံများဖြစ် ကြသည်။ သက်ရှိအသံ၌ အသံပြုလုပ်သူသည် ကြားရသူအား တစ်စုံတစ်ခု သိစေလိုသော အဓိပ္ပါယ် ပါဝင်နေသည်။ ယင်းအသံ၌ ပါသော အဓိပ္ပါယ်ကို ဝိညတ်ရုပ်ဟု ခေါ်သည်။ ခွေးတစ်ကောင်၏ အသံ၌ပင် ရန်မူလို၍ ဟောင်သောအသံ၊ မာန်ဖီသောအသံ၊ နာကျင်၍ အော်သောအသံ၊ ခင်မင်ရင်းနှီးလိုသည့် အသံ စသည် ဖြင့် အဓိပ္ပါယ်အထူး ဝိညတ်သဘောများ ပါရှိနေသည်။

အသံသည် မာကြောသော ပစ္စည်းနှစ်ခု ( ပထဝီဓာတ် ၂–ခု) ထိခိုက်ရာမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဥပမာ– တူရိုက်သံ၊ လွှဖြတ်သံ၊ လက်ခုပ် တီးသံ စသည်တို့ဖြစ်ကြသည်။ ရေမှာလည်း မာသည့်သဘော (ပထဝီဓာတ်) ပါရှိ၍ လက်ခုပ်ဖြင့် ရေထုအတွင်းသို့ ရိုက်ခတ်လိုက်သောအခါ ကျယ်လောင်စွာ အသံဖြစ်ပေါ်လာသည်ကို တွေ့ရှိရပေသည်။ ဤသည်မှာ ဥတုကြောင့်ဖြစ်သော ရုပ် (ဥတုဇရုပ်) တို့ အချင်းချင်း ရိုက်ခတ်မှုကြောင့် အသံဖြစ်လာသည်။

လူ၏ အသံဖြစ်ပေါ်လာပုံမှာ ဝမ်းဗိုက်အတွင်း (အဆုပ်အတွင်း) ၌ ရှူသွင်းထားသော လေများကို အရှိန်ဖြင့် မှုတ်ထုတ်လိုက်သောအခါ ယင်း ထွက်လေသည် လည်ချောင်း (စလုတ်) အတွင်းရှိ အသားမျှင် အကြောမျှင်များကို ရိုက်ခတ်၍ တုန်ခါလှိုင်းကို ဖြစ်စေသည်။ ယင်းတုန်ခါလှိုင်းကို အသံဟု ခေါ်ဆိုရသည်။ ယင်းလည်ချောင်း (စလုတ်) အတွင်းမှ ထွက်လာသော တုန်ခါလှိုင်း အသံကို စကားလုံးများဖြစ်လာစေရန် လျှာအရင်း၊ လျှာအလယ်၊ လျှာအဖျားတို့ကို အနိမ့်၊ အမြင့် ကစားပေး၍ နှုတ်ခမ်းကို ဖွင့်ခြင်း၊ ပိတ်ခြင်းပြု

www.burmeseclassic.com

www.burmeseclassic.com



သည့်အခါ စကားလုံးများ အက္ခရာအသံများ ဖြစ်ပေါ်လာလေသည်။ ယင်း အက္ခရာ အသံ အစီအစဉ်ထဲ၌ ပြောဆိုသူ၏ အလိုဆန္ဒကို ဖော်ပြသည့် ဝိညတ်ရုပ်ပါရှိ လေသည်။ ထိုဝိညတ်ရုပ်ကို ထောက်ဆ၍ ပြောဆိုသူ၏ အလိုဆန္ဒ အနက် အဓိပ္ပါယ်ကို ဖော်ထုတ်သိရှိကြရလေသည်။

အသံသည် မူလဖြစ်ရာဌာနမှ လေထုအတွင်းရှိ မြူမှုန်များကို (မဟာဘုတ်အဆက်ဆက်) တုန်ခါလှိုင်း ဖြစ်စေသည်။ နားထောင်သူ၏ နားသို့ အာရုံထင်အောင် ပြုလုပ်ပေးရသည်။ ထိုသို့ တုန်ခါပေးသည့် လေထုမြူမှုန်များ မရှိပါက ထိုအသံကို ကျွန်ုပ်တို့ မကြားနိုင်ချေ၊ ကျွန်ုပ်တို့သည် အသံဈေ အခန်းတွင်း၌ တံခါးပိတ် ထိုင်နေလိုက်ပါက ပြင်ပမှ အသံများကို လုံးဝ မကြားရတော့ချေ။ ထို့ကြောင့် အသံဖြစ်ရာဌာနနှင့် နားထောင်သူ၏ နား အကြား၌ မြူမှုန်များ အဆက်အသွယ်ရှိနိုင်စေရန် အာကာသဟင်းလင်း အပေါက်ရှိရမည် ဖြစ်သည်။

ယင်းသဒ္ဒါရုံခေါ် အသံသည် ဖြစ်ပြီးနောက် ချင်ခြင်း ပျက်စီးသွားသည်။ မရပ်မစဲ တဖွဲဖွဲ ဖြစ်ပျက်ဖြစ်ပျက် သဘောများ ရှေ့နောက် ဆက်သွယ်လျက် ရှိသည်။

**ရေဒီယိုအသံလွှင့်ခြင်း**

အသံလွှင့်ရာ၌ အသံကို လွှင့်ခြင်းမဟုတ် ရေဒီယိုလှိုင်းခေါ် လျှပ်စစ်ဓါတ်မှ ဖြစ်ပေါ်သည့် လှိုင်းတစ်မျိုးကို လွှင့်ထုတ်ခြင်း ဖြစ်သည်။ ယင်းရေဒီယိုလှိုင်းသည် အသံဖမ်းစက်သို့ ရောက်ရှိသည့်အခါ မူလထုတ်လွှတ်စဉ်ကအတိုင်း တူညီသော တုန်ခါမှုကို သံပြား (သို့မဟုတ်) ဖိုင်ဘာပြား၌ ဖြစ်ပေါ်စေသည်။ ယင်းသံပြား၊ ဖိုင်ဘာပြား၏ တုန်ခါမှုသည် လေထုအတွင်း မြူမှုန်များကို တူညီသော တုန်ခါမှု ဖြစ်စေလျက် နားသို့ ရိုက်ခတ်စေသည်။ ထိုအခါ ယင်းတုန်ခါလှိုင်းအသံကို နားဖြင့် ကြားသိရခြင်းဖြစ်သည်။

ပုရွက်ဆိတ်၊ ပိုးရွ၊ ခြပုံးစသော ပိုးမွှားများသည် သေးယိမ်ညင်သာသော တုန်ခါလှိုင်းများကို ပြုလုပ်၍ ၎င်းတို့အချင်းချင်းဆက်သွယ် သတင်းပို့နိုင်ကြသည်ဟု ဆိုသည်။ ယင်းအသံလှိုင်းများကို လူသာမန်တို့၏နားဖြင့် မကြားနိုင်ဘဲ သမာဓိအားကောင်းသော တန်ခိုးရှင်တို့သာ ကြားနိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အသံ၏အဓိပ္ပါယ်ကိုသိခြင်း

အသံကို ထုတ်လွှင့်သူသည် တစ်ခုချင်းစီကာ စဉ်ကာ ထုတ်လွှတ်လေသည်၊ နားထောင်သူသည်လည်း အသံတစ်ခုချင်းကို နားထောင်မှတ်သားရသည်။ ထို့နောက် ယင်းအသံများကို ပေါင်းစပ်တွဲစပ်၍ အနက်အဓိပ္ပါယ်ကို ဖေါ်ထုတ်သိကြရသည်။ ဥပမာ– " ပဒုမ္မာကြာ "ဟု ပြောဆိုသူက အသံကို ထုတ်လွှတ်ရာ၌ ပ–တစ်သံ၊ ဒုံ–တစ်သံ၊ မာ– တစ်သံ၊ ကြာ–တစ်သံ ဟူ၍ အသံ (၄)သံကို ထုတ်လွှတ်လိုက်သည်။ နားထောင်သူကလည်း အသံတစ်သံချင်း ဖမ်းယူမှတ်သားလိုက်ရသည်။ ထို့နောက် ပဒုမ္မာကြာ–ဟူသော အသံ (၄) ခုကို ပြန်လည်ပေါင်းစပ်၍ အဓိပ္ပါယ်ကို ဖေါ်ထုတ်ယူရသည်။ အကြိမ်များစွာ ကြားဖူးနားဝ လေ့ကျင့်ပြီးသား ဖြစ်နေ၍ အသံကြားသည်နှင့်တပြိုင်နက် အနက်အဓိပ္ပါယ်ကို သိသည်ဟု ထင်ရသည်။ အမှန်စင်စစ် တစ်ဆင့်ပြီးမှ တစ်ဆင့် သိရှိနားလည်ခြင်းဖြစ်ပေသည်။

## ဂန္ဓာရုံအဓိပ္ပါယ်

ဂန္ဓ– ဆိုသည်မှာ အနံ့ရုပ်ဖြစ်သည်။ မွှေးသည်ဖြစ်စေ၊ နံသည်ဖြစ်စေ နှာခေါင်းဖြင့် နမ်းရှု၍သိရသော အာရုံသည် အနံ့အာရုံ (ဂန္ဓာရုံ)မည်၏။

မွှေးသည် နံသည်ဟု ဆိုခြင်းမှာ နမ်းရှုသူ၏ ကြိုက် မကြိုက် အပေါ်မူတည်လေသည်၊ အချို့က ဒူးရင်းသီးအနံ့၊ ဒညင်းသီးအနံ့ကို မွှေးသည်ဟု ဆိုကြသည်၊ အချို့ကနံသည်ဟု ဆိုကြသည်။ မြန်မာနိုင်ငံသားတို့သည် ငါးပိအနံ့၊ ပဲပုပ်အနံ့ကို မွှေးသည်ဟု ဆိုကြသည်၊ ဥရောပတိုက်သားများသည် ဘဲသား မှိုတက်အောက်သိုးသိုးအနံ့ကို မွှေးသည်ဟု ဆိုကြသည်။ ဒိန်ခဲ မှိုတက်အောက်သိုးသိုး အနံ့ကို မွှေးသည်ဟုဆိုကြသည်၊ အိန္ဒိယနိုင်ငံသားတို့သည် ရှိန်းခိုကို မွှေးသည်ဟုဆို၍ ဟင်းခပ်ရာ၌ သုံးလေ့ရှိကြသည်။ အလားတူပင် မြန်မာနိုင်ငံသားတို့သည် ငါးကို အပုပ်ခံ အခြောက်လှမ်းထားသော ငါးပုပ်ခြောက်ကို အလွန်နှစ်သက်ကြသည်၊ ထို့ကြောင့် ယေဘုယျအားဖြင့် မွှေးသည် နံ့သည်ဟုဆိုခြင်းမှာ များသောအားဖြင့် ကြိုက် မကြိုက် အပေါ် မူတည်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂန္ဓာရုံခေါ် အနံ့ရုပ်သည် လေ၏ ရွေ့လျားမှု လေတိုက်ခတ်မှုကို အမှီပြု၍ အနံ့ရုပ်မှုန်များသည် နှာခေါင်းဆီသို့ ရောက်ရှိသည့်အခါမှာ မွှေးခြင်း၊ နံခြင်းဖြစ်ပေါ်လာလေသည်၊ ထို့ကြောင့် မွှေးသလား၊ နံသလား သိလိုပါက နှာခေါင်းဖြင့် လေကို ရှူရှိုက်သွင်း၍ အနံ့ခံလေ့ရှိကြသည်။

## ရသာရုံအစိပ္ပါယ်

အချို၊ အချဉ်၊ အဖန်၊ အခါး၊ အစပ်၊ အငန်၊ ဟူသော အရသာ (၆)ပါးသည် အရသာအာရုံ= ရသာရုံမည်၏။ ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငန်ဟူသော အရသာကို သိလိုပါက လျှာပေါ်တင်ကြည့်ရသည်။ လျှာဖြင့် တို့ကြည့်၊ လျက်ကြည့်ကြရသည်။ ပါးစပ်အတွင်း၌ လျှာရည်နှင့် သွားရည်များ ရှိကြသည်၊ စားသောက်မည့် အစာအာဟာရတစ်ခုခုကို လျှာပေါ်သို့ တင်ပေး လိုက်သည့်အခါ ယင်းအစာအာဟာရသည် အရည်ပျော်၍ လျှာထဲသို့ စိမ့်ဝင် သွားသည်။ ထိုအခါ ထိုအစားအစာ၏ အရသာကို လျှာက ခံယူနိုင်သည်။ ခံစားနိုင်သည်။ လျှာရည် သွားရည်မရှိဘဲ ခြောက်ကပ်နေသော လျှာပေါ်သို့ အသားခြောက်၊ မုန့်ခြောက်၊ ထမင်းခြောက်တင်ထားကြည့်ပါက လျှာ အရသာမှာ ပေါ်လိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် အစာစားရာ၌ ဟင်းရည်၊ ဖျော်ရည်၊ လွှက်ရည်တို့ကို အစာနှင့်အတူတကွ သောက်သုံး စားသောက်ကြရ ခြင်း ဖြစ်သည်။

## ဖောဋ္ဌဗ္ဗာရုံအစိပ္ပါယ်

ကိုယ်ကာယဖြင့် တွေ့ထိ၍ သိရသော အတွေ့အထိအာရုံကို ဖောဋ္ဌဗ္ဗ အာရုံ= ဖောဋ္ဌဗ္ဗာရုံဟုခေါ်ဆိုရသည်။ ကိုယ်ကာယဖြင့် တွေ့ထိ၍ ရစကောင်း သော ရုပ်မှာ သုံးမျိုးရှိသည်။ ၎င်းတို့မှာ–

(က) ပထဝီ = မာခြင်း ပျော့ခြင်းသဘော။

(ခ) တေဇော = ပူခြင်း အေးခြင်းသဘော။

(ဂ) ဝါယော = လှုပ်ရှား ငြိမ်သက်ခြင်း ထောက်ကန်ခြင်းသဘော– တို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်တို့သည် ကိုယ်ကာယဖြင့် ထိတွေ့ရာ၌ အမာသဘောနှင့် အပျော့သဘောကို ထိတွေ့ရသည်။ သံတုံး၊ သံခဲ၊ ကျောက်တုံး၊ ကျောက်ခဲ၊ သစ်သား စသည်ကို ထိကြည့်ရာ၌ မာသောသဘောကို တွေ့ရှိရသည်။ လဲ၊ မှို့၊ ဝါဂွမ်း၊ လေပူပေါင်း ဘောလုံးငယ်ကို ထိတို့ ကိုင်တွယ်သုံးသပ်ကြည့်ရာ၌ ပျော့အိသော သဘောကို တွေ့ရှိရပေသည်။ ဤကဲ့သို့မာခြင်း၊ ပျော့ခြင်း သဘောကို ထိသိရခြင်းသည် ပထဝီဓာတ်ကို သိသည်မည်၏။

တဖန် ကျွန်ုပ်တို့၏ ကိုယ်ကာယဖြင့် တွေ့ထိ၍ သိရသည်မှာ ပူခြင်း နှင့် အေးခြင်းသဘောဖြစ်သည်။

ရေနွေးပူ၊ မီးခဲပူ၊ မီးတောက်မီးလျှံအပူတို့ကို ထိတို့ ကိုင်တွယ် ကြည့်လျှင် အပူသဘောကို သိရှိရသည်။ ရေခဲတုံးနှင့် မိုးသီးကို ထိတို့ ကိုင်တွယ် ကြည့်ရာ၌ အေးသောသဘောကို တွေ့ရလေသည်။ ယင်းသို့ ပူခြင်း၊ အေးခြင်းကို ထိတွေ့ခြင်းသည် တေဇောဓာတ်ကို ထိတွေ့သည် မည်၏။

တစ်ဖန် ကျွန်ုပ်တို့သည် လှုပ်ရှားခြင်းသဘော၊ ငြိမ်သက်ခြင်း သဘော၊ ထောက်ကန် တွန်းကန်ခြင်းသဘောကို ထိ၊ တို့၊ ကိုင်တွယ်၊ စမ်းသပ်၍ သိနိုင်ပေသည်။ အရှိန်ပြင်းစွာ လေတိုက်သည့်အချိန်တွင် မိမိကိုယ်ကို လေများ တိုးဝှေ့နေသဖြင့် လေများ ရွေ့ရှားနေသည်ကို သိရပေသည်။ ထို့အပြင် လည်ပတ်နေသော ပန်ကာရှေ့၌လည်း လေများ တိုးဝှေ့နေသည်ကို တွေ့ထိ သိရသဖြင့် ရွေ့ရှားသည့်သဘောကို သိနိုင်ပေသည်။ အလားတူပင် မြစ်ချောင်းများ အတွင်း၌ ရေများရွေ့ရှားနေသည်ကို ထိတွေ့၍ သိနိုင်ပေ သည်။ မိမိ ဝမ်းဗိုက်အတွင်း၌လေများ ထောက်ကန် တွန်းကန်နေသည်ကို လည်း တွေ့ထိ ခံစား၍ သိနိုင်ပေသည်။ ထောက်ကန်မှု၊ တွန်းကန်မှုသည် ဘက်စုံညီမျှမှုမရှိဘဲ တစ်ဖက်မှ အင်အားလျော့နည်း၍ အခြားတစ်ဖက်မှ အင်အား ပိုမိုကြီးမားလာလျှင် ရွေ့လျားမှု အရှိန်အဟုန် ဖြစ်ပေါ်လာလေသည်။ ထက် အောက် ဝဲ ယာ အရပ်ဆယ်မျက်နှာလုံးမှ ထောက်ကန်မှု၊ တွန်းကန်မှု များ ညီမျှနေလျှင် တည်ငြိမ်မှု၊ ရပ်တည်မှုကို ရရှိနိုင်ပေမည်။ ထို့ကြောင့် လှုပ်ရှားခြင်းသည် ဝါယောဓါတ်ဖြစ်သကဲ့သို့ တည်ငြိမ်ခြင်းသည်လည်း ဝါယောဓါတ်ပင် ဖြစ် သည်။ အခြားတစ်ဖက်မှ တွန်းကန်မှု ပြုလာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



မိမိဖက်မှလည်း ပြန်လည်၍ ထောက်ကန်ထားရသည်။ ထို့ကြောင့် ထောက်ကန်မှုနှင့် တွန်းကန်မှု သဘောများသည် ဝါယောဓါတ်၏ သဘောပင် ဖြစ်လေသည်။ ယင်းဝါယောဓါတ်၏ လှုပ်ရှားမှုသဘောကို လေမှုတ် များ ရွက်တိုက်ရာ၌လည်းကောင်း၊ တွန်းကန်မှုသဘောကို အင်ဂျင်စက်နှင့် ဒုံးပျံများ၌ လည်းကောင်း အသုံးပြုကြလေသည်။ ထောက်ကန်မှုသဘောကို ဝန်ချီစက်၊ လေအားသုံး မြှင့်တင်စက် (အဲယားဂျက်)၊ ဘောလုံး၊ ကားတာယာ စသည်တို့၌ အသုံးပြုကြ လေသည်။ ထို့ကြောင့် ရွေ့ရှားခြင်း၊ လှုပ်ရှားခြင်း၊ တည်ငြိမ်ခြင်း၊ တွန်းကန် ခြင်း၊ ထောက်ကန်ခြင်း သဘောများကို တွေ့၊ ထိ၊ သိရခြင်းသည် ဝါယောဓါတ်ကို တွေ့၊ ထိ၊ သိရှိသည်မည်၏။

ထို့ကြောင့် ကျွန်ုပ်တို့သည် ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်– ဤရုပ်သုံးမျိုးကို တစ်စုတစ်ပေါင်းတည်း ပြု၍ ဖောဋ္ဌဗ္ဗာရုံ – အတွေ့အထိအာရုံဟူ၍ ခေါ်ဆိုရသည်။

## ဆင်းရဲချမ်းသာ ခံစားမှု

ကျွန်ုပ်တို့သည် အဆင်းရူပါရုံကို မြင်သည့်အခါ၌ လည်းကောင်း၊ အသံသဒ္ဒါရုံကို ကြားသည့်အခါ၌ လည်းကောင်း၊ အရသာ– ရသာရုံကို စားသောက်သည့်အခါ၌ လည်းကောင်း၊ ချက်ချင်းလက်ငင်း ချမ်းသာမှု၊ ဆင်းရဲမှုကို မခံစားရချေ၊ နောက်တစ်ဆင့် စဉ်းစားပြီးမှ ကြိုက်၊ မကြိုက်၊ ကောင်း၊ မကောင်း ခွဲခြားပြီး ချမ်းသာခြင်း၊ ဆင်းရဲခြင်းကို ခံစားနိုင်သည်။

အတွေ့အထိအာရုံ ဖောဋ္ဌဗ္ဗာရုံ၌မူ ချက်ချင်း လက်ငင်း ချမ်းသာ၊ ဆင်းရဲကို ခံစားရသည်။ ကောင်းသည်၊ ဆိုးသည်ကို ချက်ချင်းခွဲခြား သိလေသည်။ မာသော ပထဝီဓါတ်နှင့် ထိတွေ့ရာ၌ ဆူးစူးခြင်း၊ အပ်စူးခြင်း၊ သံစူးခြင်း၊ ပြောင့်စူးခြင်း အထိ အတွေ့ကို ခံစားရသည့်အခါ ကိုယ်၏ဆင်းရဲခြင်း မခံမရပ်နိုင်ခြင်းကို ခဏမဆိုင်း ချက်ချင်း သိရှိခံစားရသည်။

ပိုးဖဲ ကတ္တီပါ၊ ဆိုဖာ၊ လဲမွေ့ယာ၊ လေမွေ့ယာများကို ထိတွေ့ရသည့်အခါ အိစက်ညက်ညော နူးညံ့သော အထိအတွေ့ကို ချမ်းသာစွာ ခံစားရသည်။ သာယာမှုဖြစ်ရသည်။ အလားတူပင် ပူအိုက်သည့်အခါ၌ နေပူ မီးပူနှင့် ထိတွေ့သည့်အခါ ဆင်းရဲခြင်း ဒုက္ခဝေဒနာကို ခံစားရသည်။ ချောင်းရာသီ

www.burmeseclassic.com

www.burmeseclassic.com



အလွန် ချမ်းအေးသည့်အခါ၌ နေပူ မီးပူကို တွေ့ထိရလျှင် ခဏမဆိုင်း ချမ်းသာသုခ ဖြစ်လေသည်။ နူးညံ့ငြင်သာစွာ အသာအယာ ပွတ်သပ် လှုပ်ရှား ပေးလျှင် ချမ်းသာသုခ ခံစားရ၍ အရှိန်ပြင်းပြင်းထန်ထန် တွန်းထိုးပွတ်တိုက် သည့်အခါ နာကျင်မှု ဒုက္ခဝေဒနာ ခံစားရသည်။ ထို့ကြောင့် ဖောဋ္ဌဗ္ဗအာရုံသည် ချမ်းသာမှု၊ ဆင်းရဲမှု (သုခဝေဒနာ၊ ဒုက္ခဝေဒနာ) ကို ခဏမဆိုင်း ချက်ခြင်း ဖြစ်ပေါ်စေတတ်သည်။

**ဓမ္မာရုံအစိပ္ပါယ်**

ဓမ္မနှင့် အာရုံဟူသော စကားနှစ်ရပ်ကို ပေါင်းစပ်၍ ဓမ္မ + အာရုံ ဟု ခေါ်ဆိုခြင်းဖြစ်သည်။

သဘောတရားသက်သက်မျှ ဖြစ်သော အာရုံကို ဓမ္မအာရုံဟုခေါ်ဆို သည်။ မျက်စိဖြင့် မမြင်နိုင်သော၊ နားဖြင့် မကြားနိုင်သော၊ နှာခေါင်းဖြင့် နမ်းရှူ၍ မရနိုင်သော၊ လျှာဖြင့် အရသာခံ၍ မရနိုင်ကောင်းသော၊ ခန္ဓာကိုယ် ဖြင့်လည်း ထိတွေ့၍ မရနိုင်စကောင်းသော သဘောတရားများ ရှိသေးသည်။ ယင်းသဘောတရားများကို အကြောင်းအကျိုး ထောက်ဆ ဆင်ခြင်မှု၊ မှန်းဆမှု၊ စိတ်ကူးဖြင့် တွေးတောကြံဆမှုဖြင့်သာ သိရသော အာရုံမျိုးကို ဓမ္မအာရုံဟု ခေါ်ဆိုခြင်းဖြစ်သည်။ အချို့က ထင်ကြသည်။ ဓမ္မာရုံဆိုသည်မှာ ချုပ်ငြိမ်းသွား ခဲ့ပြီးသော အတိတ်အာရုံငါးပါး၊ မဖြစ်ပေါ်သေးသော အနာဂါတ်အာရုံ ငါးပါး ကို ဓမ္မာရုံဟု ထင်ကြသည်။

ဓမ္မာရုံကို လွယ်လွယ်ကူကူ ရှင်းရှင်းလင်းလင်း သိသာအောင် ရေးပြ ပါမည်။ ကျွန်ုပ်တို့၏ သန္တာန်၌ သိခြင်းသဘော စိတ်ဝိညာဏ်နှင့် စိတ်ကို ခြံယံလှယ်နေသော လောဘ၊ ဒေါသ၊ မောဟ၊ မေတ္တာ၊ ကရုဏာစသော စေတသိက်များ ဖြစ်ပေါ်လျက်ရှိသည်ကို ကိုယ်တိုင် အထင်အရှား သိနေကြ သည်။ သူတစ်ပါးတို့၏ သန္တာန်၌လည်း ဒေါသဖြစ်နေသည်။ မေတ္တာ ဖြစ်နေ သည်၊ စိတ်ယုတ်မာတွေ ဖြစ်နေသည် စသည်ဖြင့် သိနေကြသည်။ ယင်းစိတ် ဝိညာဏ်နှင့် စေတသိက်များကို မျက်စိဖြင့်လည်း မမြင်နိုင်ချေ၊ နားဖြင့်လည်း မကြားနိုင်ချေ၊ နှာခေါင်းဖြင့်လည်း နမ်းရှူ၍ မရချေ၊ လျှာဖြင့် လျက်ကြည့်၍ လည်း မရချေ၊ ကိုယ်ကာယဖြင့် ထိတို့ကြည့်၍လည်း မရချေ၊ စိတ်ဖြင့်သာ သိနိုင်ကြသည်။ ထို့ကြောင့်ယင်းစိတ်၊ စေတသိက်တို့ကို ဓမ္မာရုံဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



အလားတူပင် ရူပါရုံ ရုပ်အဆင်းကို မြင်နိုင်စွမ်းရည်ကို ထောက်ဆ၍ မျက်စိ၌ အကြည်ဓါတ် ရုပ်အထူးရှိသည်။ ကြားနိုင်စွမ်းရည် ရှိသည်ကို ထောက်ဆ၍ နား၌အကြည်ဓါတ်ရုပ်အထူးရှိသည်။ ဤသို့စသည်ဖြင့် နှာခေါင်း အကြည်ဓါတ် ရုပ်အထူး၊ လျှာအကြည်ဓါတ် ရုပ်အထူး၊ ကိုယ်ကာယ အကြည် ဓါတ် ရုပ်အထူး ဤရုပ်ငါးပါးတို့သည် ဆင်ခြင်တုံတရားဖြင့် မှန်းဆသိရသော ကြောင့် ဓမ္မာရုံမည်၏။

ထို့အပြင် သတ္တဝါတို့အား အထီးအမ ခွဲခြားပေးတတ်သော ဘာဝရုပ်၊ အသက်ရှင်အောင် ထိန်းထားနိုင်သော ဇီဝိတရုပ်၊ ရုပ်တို့ကို အသစ်အသစ် တိုးပွားအောင် ထောက်ပံ့ပေးတတ်သော အာဟာရရုပ်စသော သိမ်မွေ့သော ရုပ်များသည်လည်း ဓမ္မာရုံ၌ အကျုံးဝင်လေသည်။

ထို့အပြင် ပရမတ္ထသဘာဝအားဖြင့် ထင်ရှားမရှိဘဲလျက် စိတ်အထင် အားဖြင့် အများသဘောတူလက်ခံထားကြသော သတ္တဝါဟူသော အယူအဆ၊ အရုပ်ဆိုးသည် လှသည်ဟူသော အယူအဆ၊ ယောကျ်ား မိန်းမ ဟူသော အယူအဆ စသော စိတ်ကူးအတွင်းမှာသာရှိသည့် ဖန်တီးထားသော အာရုံများ (ပညတ်အာရုံ) သည်လည်း ဓမ္မအာရုံ = ဓမ္မာရုံမည်၏။ ထို့အပြင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့်သာအာရုံပြု၍ သိနိုင်စကောင်းသော နိဗ္ဗာန်သည်လည်း ဓမ္မာရုံ မည်၏။ ထို့ကြောင့် ဓမ္မာရုံကို အဘိဓမ္မာဝေါဟာရဖြင့် မှတ်သားနိုင်ရန်အတွက် အောက်ပါအတိုင်း ဓမ္မာရုံကို ခြောက်မျိုးခွဲခြားမှတ်သားရမည်–

(က) စိတ္တ = စိတ် ဝိညာဏ်
(ခ) စေတသိက= လောဘ၊ ဒေါသစသော စေတသိက်များ
(ဂ) ပသာဒ = စက္ခုပသာဒစသော ပသာဒရုပ် ငါးခု
(ဃ) သုခုမရူပ = သုခုမရုပ်များ
(င) ပညတ္တိ = ပညတ်
(စ) နိဗ္ဗာန = နိဗ္ဗာန်

## ဒွါရ (၆)ပါး

ဒွါရဆိုသည်မှာ တံခါးပေါက်ဟု အဓိပ္ပါယ်ရသည်၊ အပြင်မှလာ ရောက်၍ အိမ်တစ်ခုအတွင်းသို့ ဝင်ရောက်လိုလျှင်သော်လည်းကောင်း၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းမှ အပြင်သို့ ထွက်လိုလျှင်သော်လည်း၊ တံခါးပေါက်ကို အသုံးပြုရသည်၊ တံခါးပိတ်ထားလျှင်သော်လည်းကောင်း၊ တံခါးပေါက် လုံးဝမရှိလျှင်သော်လည်းကောင်း၊ ထိုအိမ်သို့ ဝင်နိုင်ထွက်နိုင်မည် မဟုတ်ချေ၊ အလားတူပင် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအတွင်း၌ ကိန်းအောင်းတည်ရှိနေသော အသိစိတ်သည်၊ ပြင်ပရှိ အာရုံများကို သိချင်၏။ လေ့လာချင်၏၊ လှည့်လည်ကျက်စားလို၏။ ထိုအခါ မျက်စိတံခါးပေါက်မှ ထွက်၍ ရှုမျှော်ခင်း အလှအပ၊ ပန်းချီကား အလှအပ၊ ယောကျ်ားပျို မိန်းမပျို အလှအပတို့ကို ရှုမြင်လေသည်။ အဖန်ဖန်ကြည့်သည်၊ ထိုအတူပြင်ပရှိ သက်ရှိသက်မဲ့ ရုပ်ပုံလွှာများသည် မျက်စိတံခါးပေါက်မှ ထိုးဖေါက် ဝင်ရောက် လာတတ်သည်၊ ထိုအခါ ပြင်ပလောကနှင့် အတွင်းစိတ် (ဝိညာဏ်)တို့ဆက်သွယ်မှု၊ ဆက်စပ်မှုရရှိလာ၍ ဖန်တီးမှုများ၊ ကြိုးပမ်းမှုများ ဆက်လက်ဖြစ်ပေါ်ကြလေသည်။ အလားတူပင် အသံအာရုံသည် နားတံခါးဝမှ ဝင်ရောက်လာ၍ နှလုံးအတွင်းရှိ မနောစိတ်ကို ထိုးဆွလေသည်၊ မြူးကြွအောင်၊ ပျော်ရွှင်အောင်၊ စိတ်အားငယ်အောင်၊ ဝမ်းနည်းအောင် အမျိုးမျိုး ဖန်တီးလေတော့သည်၊ ကိုယ်တွင်းမှ အသိစိတ်ဓါတ်လည်း နားတံခါးပေါက်မှ ထွက်၍ လိုချင်သည့် အသံကို ရှာမှီးလေသည်။ အသံရှိရာသို့ ကောက်ကောက်ပါအောင် လိုက်ပါစေတတ်သည်၊ ထို့ကြောင့် ကိုယ်တွင်းရှိ အသိစိတ်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ကာယ၊ မနော၊ ဤကံခါး (၆)ပေါက်မှ ထွက်၍ အာရုံရှာမှီးရယူသည်။ အာရုံ (၆)ပါးသည်လည်း ဤတံခါး ခြောက်ပေါက်မှ ကိုယ်တွင်းသို့ ဝင်ရောက်လာ၍ ဝမ်းနည်းဝမ်းသာ ဖြစ်အောင် ဖန်တီးလေတော့သည်။

စကားပရိယာယ် ကြွယ်ဝစေခြင်းငှာ ပါဠိဝေါဟာရများ တဖြည်းဖြည်းချင်း ပူးတွဲမှတ်သားနိုင်ရန် ဖေါ်ပြပါဦးမည်။ ခန္ဓာကိုယ်၏ အတွင်းကို အဇ္ဈတ္တ (အစ်ဇတ်တ) ဟူ၍လည်းကောင်း၊ အတွင်းရှိ သဘောတရားများကို အဇ္ဈတ္တိက ဟူ၍လည်းကောင်း သုံးနှုန်းရသည်။ ခန္ဓာကိုယ်ပြင်ပရှိ အာရုံများကို ဗာဟိရ ဟူ၍ လည်းကောင်း၊ ဗဟိဒ္ဓဟူ၍ လည်းကောင်း သုံးနှုန်းရသည်။ ထို့ကြောင့် အတွင်းအဇ္ဈတ္တ၊ ပြင်ပဗဟိဒ္ဓဟူ၍ ပူးတွဲသုံးပါမည်။ (တနည်း) အဇ္ဈတ္တိက၊ ဗာဟိရဟူ၍လည်းသုံးပါမည်။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းအဇ္ဈတ္တနှင့် ပြင်ပဗဟိဒ္ဓတို့ သွားလာ ဝင်ထွက် ဆက်သွယ်ရန် တံခါးပေါက် (ဒွါရ) ခြောက်ခုရှိသည်။ ယင်းတံခါးပေါက် ခြောက်ခု (ဒွါရခြောက်ပါး) တို့မှာ–

| | | | |
|---|---|---|---|
| (က) | စက္ခုဒွါရ | – | မျက်စိတံခါး |
| (ခ) | သောတဒွါရ | – | နားတံခါး |
| (ဂ) | ဃာနဒွါရ | – | နှာခေါင်းတံခါး |
| (ဃ) | ဇိဝှါဒွါရ | – | လျှာတံခါး |
| (င) | ကာယဒွါရ | – | ကိုယ်ကာယတံခါး |
| (စ) | မနောဒွါရ | – | မနောတံခါး တို့ဖြစ်ကြသည်။ |

## စက္ခုဒွါရ (မျက်စိတံခါးပေါက်)

မြင်စိတ်နှင့် ရူပါရုံတို့၏ ဝင်ရာထွက်ရာ တံခါးပေါက် သဖွယ်ဖြစ်၍ မျက်စိအကြည်ဓါတ်ကို စက္ခုဒွါရ= (မျက်စိတံခါးပေါက်) ဟုခေါ်ရသည်။ ရူပါရုံ အဆင်းများ၊ ရုပ်ပုံလွှာများကို မျက်စိကသာမြင်နိုင်သည်။ နားဖြင့် မြင်ချင်၍ မရ၊ နှာခေါင်းဖြင့် မြင်ချင်၍ မရပါ။ လက်ညှိုး၊ လက်ချောင်းများဖြင့် မြင်ချင်၍ မရချေ။ မျက်စိ၌ ထူးခြားသော မြင်နိုင်စွမ်းအားရှိသည်။ ယင်းစွမ်းအားကို စက္ခုပသာဒ၊ (မျက်စိ အကြည်ဓါတ်) ဟုခေါ်သည်။ (စက္ခု = မျက်စိ+ ပသာဒ = အကြည်ဓါတ်)

ယင်း မျက်စိအကြည်ဓါတ်သည် မြင်သိစိတ်၏ တည်ရာမှီရာဌာန ဖြစ်သောကြောင့် စက္ခုဝတ္ထုဟုခေါ်သည်။ (ဝတ္ထု = မှီရာတည်ရာ)

စက္ခုပသာဒ မျက်စိအကြည်ဓါတ်သည် မျက်လုံးအတွင်း၌ရှိသော ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ဓါတ်ကြီးလေးပါးတို့ကို ကြည်လင်အောင် ဆောင်ရွက်ပေးသည်။ မျက်စိ၏ အလယ်မျက်နက်ဝန်းအတွင်း၌ ရူပါရုံ ပုံရိပ်ထင်သည့်နေရာ၌ တည်ရှိသည်။ စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်) သည် ယင်းမျက်စိအကြည်ဓါတ် (စက္ခုပသာဒရုပ်)ကို မှီ၍ ကည်၍ ဖြစ်ပေါ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## တိုက်ရိုက်သိနှင့် ဆင့်ပွားသိ

ရူပါရုံ ရုပ်အဆင်းမှန်သမျှကို မျက်စိကသာ မြင်နိုင်၍ မျက်စိဖြင့် မြင်ရသော အရာအားလုံးကို ရူပါရုံဟု မှတ်ရမည်။ ရူပါရုံ၏ နောက်ဆက်တွဲ ဖြစ်သော ပုံပန်းသဏ္ဌာန်နှင့် လှုပ်ရှားခြင်း၊ ငြိမ်သက်ခြင်းတို့ကို မြင်ရခြင်းသည် မျက်စိဖြင့် တိုက်ရိုက်မုချ မြင်ခြင်းမဟုတ်၊ ရှေ့နောက်ထောက်ဆ၊ ဆက်စပ် တွေးခေါ်သော မနောစိတ်က သိခြင်းဖြစ်သည်။ ဥပမာအားဖြင့် ရုပ်ရှင်ဖလင် ကော်ပြားပေါ်၌ အရုပ်များသည် တစ်နေရာတည်း၌ နေ၍ လှုပ်ရှားမှု လုံးဝ မရှိချေ။ ရုပ်ပုံများသည် အသေများဖြစ်ကြသည်။ သို့ရာတွင် မီးဆလိုက်ရှေ့၌ ဖလင်ကော်ပြားကို အလျှင်အမြန် ရွေ့လျားစေသောအခါ ပုံရိပ်များသည် အသက်ဝင်လာ၍ လှုပ်ရှားပြေးလွှားသည်ဟု ထင်ရလေသည်။ ရှေ့ပုံနှင့် နောက်ပုံ မတူညီမှုကို ထောက်ဆ၍ လူ၏ အသိဉာဏ်က ရွေ့ရှားသည် လှုပ်ရှားသည်ဟု မှားယွင်းစွာ သိခြင်းဖြစ်သည်။ ဥပမာတနည်းမှာ စာအုပ် တစ်ခု၏ စာမျက်နှာဒေါင့်တွင် တလက်မခန့်(တုတ်ချောင်းငယ်) မြင်းတိုတစ်ခု ကို ဒီဂရီ အနည်းငယ်စီ စောင်း၍ စောင်း၍ စာမျက်နှာ (၅၀)ခန့်၌ ရေးဆွဲပြီး ပါက ယင်းစာမျက်နှာများကို လျင်မြန်စွာ ဖွင့်ခြင်းပိတ်ခြင်း ပြုလုပ်ကြည့်ပါ။ ထိုအခါ တုတ်ချောင်းငယ် (မျဉ်းတို)ကို လည်ပတ်နေသည်ဟု သင်၏ မျက်စိ၌ ထင်ရပေလိမ့်မည်။ အမှန်စင်စစ် မျဉ်းတိုသည် ရွေ့လျားခြင်း မရှိဘဲ ရှေ့မြင် ကွင်းနှင့် နောက်မြင်ကွင်းကို စိတ်က ပေါင်းစပ်ပေးခြင်းကြောင့် ဆက်စပ် ပေးခြင်းကြောင့်၊ တုတ်ချောင်းငယ် (မျဉ်းတို) လည်ပတ်နေသည်ဟု ထင်ရ သည်။

ပြင်ပလောက၌လည်း သက်ရှိ သက်မဲ့များ သွားလာရွေ့လျားနေ သည်ကို မျက်စိဖြင့် မြင်သည်ဟု ယူဆနေကြသော်လည်း အမှန်စင်စစ် သွားလာ ရွေ့လျားသည်ကို မြင်ရခြင်းမဟုတ်၊ ရှေ့မြင်ရသော ပုံရိပ်နှင့် နောက်မြင်ရသော ပုံရိပ်ကို အသိစိတ်က ဆက်စပ်ဆက်သွယ်ပေးသောကြောင့် သွားလာရွေ့လျားသည့်ပုံရိပ်များ မတူညီမှုကို ထင်မြင်ယူဆနေကြသည်။ ရုပ်ရှင်ဖလင်ကားပေါ်မှ ပုံရိပ်များကဲ့သို့ တစ်ပုံစီတစ်ပုံစီ အပြတ်အပြတ် ကွဲပြား ခြားနားနေပါလျက် အသိစိတ်မှတ်ဉာဏ်က ပေါင်းစပ်ဆက်စပ်ပေးခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာတနည်းကား ဘူတာရုံတစ်ခုအတွင်း၌ လူစီးမီးရထားကြီးနှစ်စီး ယှဉ်လျက်ရပ်ထားပြီးနောက် သင်သည် မိမိစီးလာသည့် ရထားပေါ်မှ အခြားရထားကို စိုက်ကြည့်နေခိုက် မိမိရထားက စတင်ထွက်ခွါလျှင် အခြားရထားထွက်သည်ဟု ထင်ရလေသည်။ အခြားရထားက ထွက်လျှင် မိမိရထားထွက်သည်ဟု ထင်ရသည်။ အကယ်၍သာ သွားလာလှုပ်ရှားမှုကို မျက်စိဖြင့် တိုက်ရိုက်မြင်သည် (စက္ခုဝိညာဏ်စိတ်ဖြင့် မြင်သည်)ဟုဆိုပါက မှန်ကန်သော အသိဉာဏ်သာ ဖြစ်ပေလိမ့်မည်။ ယွမှု မည်သည့်ရထား ထွက်သည်ဟု အမှန်အကန် မပြောဆိုနိုင်ချေ။ တတိယမြင်ကွင်းတစ်ခုဖြစ်သော ဘူတာရုံ အဆောက်အအုံ သစ်ပင် စသည်တို့ကို ကြည့်လိုက်သည့်အခါမှသာလျှင် မည်သူက ရွေ့လျားသည်ဟု အမှန်အတိုင်းသိနိုင် လေတော့သည်။

ဤကဲ့သို့တိုက်ရိုက်သိခြင်းမဟုတ်ဘဲ၊ တစ်စုံ တစ်ခုနှင့် နိုင်းယှဉ်ထောက်ဆပြီးမှ သိရသောအသိသည် ပညတ်သိဖြစ်သည်။

တစ်ဖန် ယောကျ်ား၊ မိန်းမ၊ ကြက်ငှက်၊ တိရိစ္ဆာန်တို့ကိုသိသော အသိဉာဏ်မှာ မျက်စိဖြင့်တိုက်ရိုက်မြင်၍ သိခြင်းမဟုတ်၊ ပဌမဦးစွာ အရောင်အဆင်းကိုမြင်သည် ထို့နောက် အရောင်အဆင်း (ရူပါရုံ၏)နယ်နိမိတ် အပိုင်းအခြားကို မှတ်သား၍ အတိုအရှည် အလုံးအပြား ပုံပန်းသဏ္ဍာန်ကို သိပြန်သည်။ ထိုနောက် ရွေ့လျားမှု ငြိမ်သက်မှုကို ထပ်ဆင့်၍သိပြန်သည်။ ထိုအသိများ စုစည်းပေါင်းစပ်ပြီးသောအခါမှသာ ယောကျ်ား၊ မိန်းမ၊ တိရိစ္ဆာန်စသည်ကို မြင်သည်ဟု အသိဉာဏ်ဖြစ်ပေါ်သည်။

ညဥ့်အခါ လရောင်ဝိုးဝါး အမှောင်အတွင်း၌ တွန့်ခေါက်နေသော ကြိုးတစ်ချောင်းကို တွေ့မြင်လိုက်သည်အခါ မြွေဟု ယူဆ၍ ထိတ်လန့်တုန်လှုပ်သွားတတ်သည်။

အလားတူပင် ညမှောင်ရီဝိုးဝါးအချိန်တွင် ကွင်း ပြောင် မြေသလင်းပေါ်၌ ရုတ်တရက် ရေစီးကြောင်းငယ်တစ်ခု ဖြတ်စီးသွားသည်ကို မြင်ရသောအခါ မြွေတစ်ကောင်တွန့်လိမ်သွားသည်ဟု ထင်ကာ ကြောက်လန့်တတ်သည်။ယင်းမြွေဟူသော အသိသည် အချက်အလက် မပြည့်စုံဘဲ ကောက်ချက်ဆွဲယူလိုက်ခြင်းကြောင့် မှားယွင်းသော အသိဉာဏ်ဖြစ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြောင့် ဖြူနီပြာဝါဟူသော အရောင်အဆင်းသည် စက္ခုဒွါရ မျက်စိတံခါး၌ တိုက်ရိုက် ထင်မြင် သိမြင်ခြင်းဖြစ်၍ ပုံပန်း သဏ္ဌာန်ကို သိခြင်းသည် ဒုတိယဆင့်ပွား အသိဖြစ်သည်။ ထိုနောက် ရွေ့လျားမှု လှုပ်ရှားမှု ကို သိခြင်းသည် တတိယ ဆင့်ပွားအသိဖြစ်သည်။ ယင်းအသိများကို စုစည်းပေါင်းစပ်၍ အသိဉာဏ်အသစ်များ ဖြစ်ပေါ်လေ့ရှိသည်။

**သောတဒွါရ (နားတံခါးပေါက်)**

အသံ(သဒ္ဒါရုံ)လှိုင်းများသည် မြူမှုန်အဆင့်ဆင့်ကို ရိုက်ခတ်၍ နားတံခါးပေါက်(သောတဒွါရ)အတွင်း ဝင်ရောက်ရိုက်ခတ်လာသည်၊ ထိုအသံကို နား အကြည်ဓါတ် (သောတပသာဒ)ကဖမ်းယူ၍ ကြားသိစိတ် (သောတဝိညာဏ် စိတ်)ကို ဖြစ်ပေါ်စေသည်၊ သောတပသာဒ၏တည်ရာသည် နား၏အခေါင်းအတွင်း၌ လက်စွပ် သဏ္ဌာန် အဝိုင်းပုံရှိ၍ အမွေးနီ အမွေးနုများ ဖုံးအုပ်ထားသည်ဟု အဋ္ဌကထာ ၌ ပြဆိုထားသည်။

သောတဝိညာဏ်စိတ် (ကြားသိစိတ်) သည် ဤနားတံခါးပေါက်မှ ပြင်ပ ဗဟိဒ္ဓရှိ အသံအာရုံ (သဒ္ဒါရုံ) ကိုရယူလေ့ရှိသည်။ ပြင်ပ ဗဟိဒ္ဓ၌ရှိသော အသံအာရုံ (သဒ္ဒါရုံ)သည်လည်း အဇ္ဈတ္တခန္ဓာကိုယ်အတွင်းသို့ဝင်ရောက်၍ မနောစိတ်နှင့် ဆက်သွယ်ရသည်။ ဤကဲ့သို့ အသံအာရုံနှင့် ကြားစိတ်ဝိညာဏ် တို့၏ ဝင်ရာထွက်ရာ တံခါးပေါက်ဖြစ်သောကြောင့် "သောတဒွါရ = နား တံခါးပေါက်" ဟု ခေါ်ဆိုရသည်။ အသံအာရုံ (သဒ္ဒါရုံ) ကို ခန္ဓာကိုယ်၏ အခြား အစိတ်အပိုင်းများက အာရုံခံနိုင်ခြင်းမရှိ၊ နားအတွင်းရှိထူးခြားသော ရုပ် အကြည်ဓါတ်ကသာလျှင် အာရုံကို ခံယူနိုင်သည်။ ယင်းအကြည်ဓါတ်ကို သောတပသာဒဟု ခေါ်ဆိုရသည်။ ယင်းသောတပသာဒရုပ်ကို သောတဝိ ညာဏ်စိတ်(ကြားသိစိတ်)၏ မှီရာတည်ရာ ရုပ်ဖြစ်၍ သောတဝတ္ထုရုပ်ဟု ခေါ်ဆိုရသည်။

**ဃာနဒွါရ (နှာခေါင်းတံခါးပေါက်)**

အနံ့ နံသည်၊ မွှေးသည်ကို နှာခေါင်းအတွင်းရှိ ထူးခြားသော ရုပ် အကြည်ဓါတ်ကသာ သိနိုင်သည်။ ခန္ဓာကိုယ်အခြားအစိပ်အပိုင်းများက အနံ့ ကို မသိတတ်ချေ၊ ယင်းအနံ့ကို သိတတ်သော ရုပ်အကြည်ဓါတ်ကို ဃာန

www.burmeseclassic.com

www.burmeseclassic.com



ပသာဒရုပ်ဟု ခေါ်ဆိုရသည်။ ပြင်ပဗဟိဒ္ဓ၌ရှိသော အနံ့အာရုံ (ဂန္ဓာရုံ) တို့သည် နှာခေါင်းတံခါးပေါက်ကို ဖြတ်သန်း၍ ကိုယ်အတွင်း အဇ္ဈတ္တရှိ မနောစိတ်နှင့် ဆက်သွယ်လေ့ရှိသည်။ မနောစိတ်သည်လည်း နှာခေါင်း တံခါးပေါက်မှနေ၍ ပြင်ပဗဟိဒ္ဓရှိ အနံ့အာရုံများကို ရယူလေ့ရှိသည်။ ထိုကဲ့သို့ အနံ့အာရုံနှင့် နံသိစိတ် (ဃာနဝိညာဏ်) တို့၏ ဝင်ရာထွက်ရာ တံခါးပေါက်သဖွယ် ဖြစ်သောကြောင့် ဃာန ဒွါရ (နှာခေါင်းတံခါးပေါက်)မည်၏၊ ဃာနဝိညာဏ်စိတ် (နံသိစိတ်)၏ မှီရာ တည်ရာဖြစ်၍ ယင်းပသာဒရုပ်ကို "ဃာနဝတ္ထု"ဟု ခေါ်ဆို ရလေသည်။

ဃာနပသာဒရုပ်သည် နှာခေါင်းအတွင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိသော နေရာ၌ ပျံ့နှံ့တည်ရှိသည်။

**ဇိဝှါဒွါရ (လျှာတံခါးပေါက်)**

လျှာသည် ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငန် စသော အရသာအာရုံများကို ခံယူတတ်သည်၊ အရသာအာရုံများသည် အဇ္ဈတ္တခန္ဓာကိုယ်အတွင်းသို့ လျှာတံခါးပေါက်မှ ဝင်ရောက်၍ အတွင်းအဇ္ဈတ္တရှိ မနောစိတ်နှင့် ဆက်သွယ်သည်။ ထို့အတူ အရသာကိုသိသောစိတ် (ဇိဝှါဝိညာဏ်)သည်လည်း ပြင်ပဗဟိဒ္ဓရှိ အရသာအမျိုးမျိုးကို ဤလျှာတံခါးပေါက်မှပင် ရယူလေ့ရှိသည်။ ထိုကဲ့သို့ အရသာအာရုံနှင့်ဇိဝှါဝိညာဏ်စိတ်တို့၏ ဝင်ရာထွက်ရာ တံခါးပေါက်သဖွယ်ဖြစ်၍ ဇိဝှါဒွါရ (လျှာတံခါးပေါက်)ဟုခေါ်သည်။ အရသာအာရုံကို အခြားကိုယ်အင်္ဂါ အစိပ်အပိုင်း တို့ဖြင့်ရယူခံစားနိုင်ခြင်းမရှိ၊ လျှာဖြင့်သာလျှင် ရယူခံစားနိုင်ကြသည်။ လျှာ၏အလယ်တွင် ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်၌ အရသာကိုသိနိုင်သော ရုပ်အကြည်ဓါတ် ပျံ့နှံ့တည်ရှိနေ၏၊ ယင်း အကြည်ဓါတ်ကို ဇိဝှါပသာဒ ဟုခေါ်ဆိုရလေသည်။ ယင်းသည် ဇိဝှါဝိညာဏ်စိတ် (လျက်သိစိတ်) ၏ တည်ရာမှီရာဖြစ်၍ ဇိဝှါဝတ္ထုမည်၏။

**ကာယဒွါရ (ကိုယ်ကာယတံခါးပေါက်)**

မာခြင်း၊ ပျော့ခြင်း၊ ပူခြင်း၊ အေးခြင်း၊ လှုပ်ရှားခြင်း၊ ငြိမ်သက်ခြင်း ဟူသော အတွေ့အထိအာရုံ (ဖောဋ္ဌဗ္ဗာရုံ)ကို ကိုယ်ကာယ အကြည်ဓါတ်ဖြင့် သာလျှင် ခံယူနိုင်ပေသည်။ ယင်း ကိုယ်ကာယ အကြည်ဓါတ်သည်

www.burmeseclassic.com

www.burmeseclassic.com



အသွေးအသား စိုပြည်နေသော တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိနေလေသည်။ ခြောက်သွေ့နေသည့် အမာရွတ်၌လည်းကောင်း၊ ကိုယ်ကာယ၏ အပြင်သို့ ထွက်ပေါ်နေသော လက်သည်းဖျား၊ ခြေသည်းဖျားနှင့် ဆံပင်၊ မွေးညင်းတို့ ၌လည်းကောင်း ကိုယ်ကာယအကြည်ဓါတ်မတည်ရှိချေ၊ ထို့ကြောင့် အရေပြား၏ ပြင်ပ၌ရှိသောဆံပင်၊ မွေးညင်းနှင့် ခြေသည်းဖျား၊ လက်သည်းဖျား တို့ကို ရိတ်ဖြတ်လှီးဖြတ်သည့်အခါ နာကျင်မှုခံစားရခြင်း မရှိချေ၊ အလားတူပင် ကိုယ်ကာယအကြည်ဓါတ် ပျက်စီးနေသော ခန္ဓာကိုယ်အစိပ်အပိုင်းများ၊ ဥပမာ၊ ထုံနာစွဲနေသော ခြေ၊ လက်စသော အစိပ်အပိုင်းများမှာ မီးနှင့်ထိသော်လည်း ပူမှန်းမသိချေ၊

ယင်းကာယအကြည်ဓါတ်ကို ကာယ ပသာဒဟု ခေါ်ဆိုသည်။ ကာယပသာဒသည် ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိအာရုံ) နှင့် ကာယဝိညာဏ်စိတ် (ထိသိစိတ်) တို့၏ ဝင်ရာထွက်ရာ တံခါးပေါက် သဖွယ်ဖြစ်၍ ကာယဒွါရ (ကိုယ်တံခါးပေါက်) မည်၏။ ကာယဝိညာဏ်စိတ် (ထိ သိစိတ်) ၏ တည်ရာ မှီရာဖြစ်၍ ယင်းကာယပသာဒရုပ်ကို ကာယဝတ္ထု ရုပ်ဟုခေါ်ဆိုလေသည်။

## မနောဒွါရ (မနောတံခါးပေါက်)

မနောဒွါရဆိုသည်မှာ ဘဝင်စိတ်ကို ခေါ်ဆိုသည်။ ဘဝင်စိတ်မှာလည်း ပဋိသန္ဓေစိတ်ပင်ဖြစ်သည်။ သတ္တဝါအသီးသီးမှာ ဘဝတစ်ခု၏ အစဦးစွာဖြစ်သောစိတ် (ပဋိသန္ဓေစိတ်) အသီးသီးရှိကြသည်၊ ယင်းအစကနဦး ဖြစ်သောစိတ် (ပဋိသန္ဓေစိတ်)သည် အယုတ်အလတ် အမြတ်အားဖြင့် အမျိုးအစားကွဲပြားသည်။ ဉာဏ်ပညာနှင့် ယှဉ်တွဲနေသော ပဋိသန္ဓေစိတ်၊ ဉာဏ်ပညာနှင့် မယှဉ်တွဲသော ပဋိသန္ဓေစိတ်ဟူ၍ နှစ်မျိုးရှိသည်။ တဖန် ဉာဏ်ပညာနှင့် မယှဉ်တွဲသော်လည်း မေတ္တာစသော ကောင်းမြတ်သည့် တရားများ ပါဝင်ယှဉ်တွဲသော ပဋိသန္ဓေစိတ်မှာ အဆင့်အတန်းအားဖြင့် အလယ်အလတ် ဖြစ်သည်။ ဉာဏ်ပညာလည်းမပါရှိ၊ မေတ္တာစသော ကောင်းမြတ်သည့် တရားများလည်းမပါရှိသော ပဋိသန္ဓေစိတ် မှာ ညံ့ဖျင်း၍ အင်အားနည်းပါးလေသည်။ ဤပဋိသန္ဓေစိတ်သည် ဘဝတစ်ခု၏ နိဒါန်းအစမှ နိဂုံးဆုံးသေဆုံးကွယ်လွန်ချိန်အထိ ရှေ့နောက် ဆက်စပ်၊ ဒလစပ် ဖြစ်ပျက်လျက် ရှိသည်။ ထို့ကြောင့် တစ်ဘဝလုံး ဇောက်ချောက် ဖြစ်နေသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝ+အင်္ဂ= ဘဝ၏အင်္ဂါအစိပ်အပိုင်း၊ ဘဝင်္ဂ= ဘဝင် စိတ်ဟုခေါ်ဆို ရသည်။ မြင်စိတ်၊ ကြားစိတ်၊ ကြံစည်တွေးခေါ်စိတ်စသော အသိစိတ်များသည် ယခုဖေါ်ပြပြီးသော ပဋိသန္ဓေစိတ် (ဘဝင်စိတ်)ကို အခြေခံ ၍ ဘဝင်စိတ်မှ ပေါက်ဖွါးဖြစ်ပေါ်လာရသည်။ ထို့ကြောင့် ဘဝင်စိတ် ကအားကောင်းလျှင် အသိစိတ်များထက်မြက်စူးရှသည်။ ဘဝင်စိတ် အားနည်းလျှင် ယင်းမှဖြစ်ပေါ် လာသည့် အသိစိတ်များသည် ထက်မြက်မှုမရှိ၊ ကြည်လင်ပြတ်သားမှုမရှိချေ၊ မနောအသိစိတ်များသည် ဘဝင်စိတ်မှ ထွက်ပေါ်လာခဲ့ကြ၍ ဘဝင်စိတ် အတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြသည်။ အဆက်မပြတ်ဖြစ်ပေါ်နေသော ဘဝင် အလျဉ်ကို ဖြတ်တောက်၍ ဝီထိ စိတ်များဖြစ်ပေါ်ပြီးလျှင် ဝီထိစိတ်များ ကုန်ဆုံးသည့်အခါ ဘဝင်ကျသွားသည်။ ဘဝင်စိတ်များ ဆက်လက်ဖြစ်ပေါ် နေတော့သည်။ ထို့ကြောင့် ဝီထိစိတ်များ၏ ဝင်ရာထွက်ရာ တံခါးပေါက် သဖွယ်ဖြစ်သောကြောင့် ဘဝင်စိတ်ကို မနောဒွါရ ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ယင်း မနောဒွါရခေါ် ဘဝင်စိတ်သည် နှလုံးသွေးအတွင်း၌ရှိသော ဟဒယ ဝတ္ထုရုပ်ကို အမှီပြု၍တည်နေရသည်ဟု ပြဆိုကြသည်။

**ဝိညာဏ် (၆)ပါး**

ဝိညာဏဟူသော ပါဠိကို မြန်မာမှုပြု၍ ဝိညာဏ်ဟုခေါ်သည်။ (ဝိ+ဉာဏ= ဝိ = အထူး + ဉာဏ= သိခြင်း) အထူးသိတတ်သော သဘော ကို ဝိညာဏ်ဟုခေါ်သည်။ (အသံထွက် = ဝိန်ညင်)

ဝိညာဏ်ကို စိတ္တ–စိတ်ဟူ၍လည်း ခေါ်သေးသည်၊ ကြံစည်တတ် သောသဘော၊ သိတတ်သောသဘော–ဟု ဆိုလိုသည်၊ သို့ရာတွင် စိတ်ကို အကြောင်းစိတ်၊ အကျိုးစိတ် ခွဲခြားရာ၌၊ အကျိုးစိတ်များကိုသာ အများအားဖြင့် ဝိညာဏ်ဟု သုံးနှုန်းလေ့ရှိသည်။ ဒွါရ (၆)ပါးကို အကြောင်းပြု၍ သုံးနှုန်းရာ၌ အောက်ပါအတိုင်း ဝိညာဏ်(၆)ပါးအဖြစ် ခွဲခြမ်းစိတ်ဖြာပြလေ့ရှိသည် –

(က) စက္ခုဝိညာဏ် = မြင်စိတ်
(ခ) သောတဝိညာဏ် = ကြားစိတ်
(ဂ) ဃာနဝိညာဏ် = နံစိတ်
(ဃ) ဇိဝှါဝိညာဏ် = စားစိတ်
(င) ကာယဝိညာဏ် = တွေ့ထိစိတ်
(စ) မနောဝိညာဏ် = အတွေးစိတ်

www.burmeseclassic.com

www.burmeseclassic.com



## စက္ခုဝိညာဏ် (မြင်စိတ်)

အရောင်အဆင်းရူပါရုံသည် အလင်းရောင်ကို အမှီပြု၍ မျက်စိတံခါးပေါက် (စက္ခုဒွါရ)သို့ ထင်ဟပ်လာသည်၊ ထို ရူပါရုံသည် နှလုံးအိမ်ရှိ ဘဝင်တိုင်အောင် ရိုက်ခတ်လာသည်၊ ထိုအခါ ဘဝင်စိတ် ဖြစ်စဉ်ကို ရပ်နား၍ ထင်ဟပ်မည့် အာရုံကို လက်ခံရယူရန် မနောတံခါး ပေါက်ကို ဖွင့်ပေးလိုက်သည်။ ထိုအခါ ဘဝင်စိတ်မှ အာဝဇ္ဇန်းစိတ် (အာရုံစိုက်မှု) ထွက်ပေါ်လာ၏၊ တဖန် ယင်းအာဝဇ္ဇန်းစိတ်သည် စက္ခုဝိညာဏ်ဟုခေါ်သော မြင်စိတ်ကို မျက်လုံး အကြည်ဓာတ် စက္ခုပသာဒအတွင်း၌ မွေးထုတ်ပေးလိုက်သည်။ ထိုအခါ စက္ခု ဝိညာဏ်စိတ်သည် စက္ခုဒွါရ၌ ထင်ဟပ်လာသော အရောင်အဆင်း ရူပါရုံကို အရအမိဖမ်းယူလိုက်ပြီး နောက်ဆက်တွဲဖြစ်လာမည့် စိတ်များထံသို့ ရူပါရုံကိုလွှဲပြောင်း ပေးအပ်သွားလေသည်၊ နောက်ဆက်တွဲ စိတ်များ သည် မြင်စိတ်က လွှဲပေးခဲ့သော ရူပါရုံကို ဝေဘန်ပိုင်းခြားမှတ်သား၍ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း တစ်ခုခု ဆက်လက်ဖြစ်ပေါ်စေသည်။ ထို့ကြောင့် စက္ခုဝိညာဏ် (မြင်စိတ်)သည်မှုကား ထင်ဟပ်လာသော ရူပါရုံကို ဖမ်းယူပြီး နောက်စိတ်သို့ လွှဲပြောင်းပေးပြီးနောက် ချုပ်ပျောက်သွားလေသည်။

စက္ခုဝိညာဏ်ခေါ် မြင်စိတ် ဖြစ်ပေါ်နိုင်ရန်အတွက် မြင်စရာ ကြည့်စရာ အဆင်းရူပါရုံရှိရမည်၊ မျက်စိအကြည်ဓါတ် စက္ခုပသာဒလည်းရှိ ရမည်၊ အကြည်ဓာတ် ပျက်သွားပါကလည်း မမြင်နိုင်တော့ချေ။ မြင်စရာရူပါရုံကို မျက်စိသို့ ပို့ပေးရန်၊ မျက်စိ၌ လာရောက် ထင်ဟပ်နိုင်စေရန် အလင်းရောင် (အာလောက)ရှိရမည်၊ အမှောင်ထုအတွင်း၌ ဘယ်အရာဝတ္ထုကိုမျှ မမြင်နိုင်ချေ၊ အတွင်းစိတ်ကလည်း ထင်ဟပ်လာသည့် ရူပါရုံဘက်သို့ ဦးတည်မှု၊ အာရုံစိုက်မှုရှိရမည်၊ အခြားသို့ စိတ်ရောက်နေပါကလည်း မြင်စိတ် မဖြစ်နိုင်ချေ၊ ထို့ကြောင့် အောက်ဖော်ပြပါလေးချက်နှင့် ပြည့်စုံမှသာ မြင်စိတ် (စက္ခုဝိညာဏ်) ဖြစ်နိုင်သည်–

၁။ ရူပါရုံ = ရုပ်အဆင်း

၂။ စက္ခုပသာဒ = မျက်စိအကြည်

၃။ အာလောက = အလင်းရောင်

၄။ မနသိကာရ = အာရုံစိုက်မှု

www.burmeseclassic.com

www.burmeseclassic.com



**သောတဝိညာဏ် (ကြားစိတ်)**

အသံအာရုံ (သဒ္ဒါရုံ)သည် နားအကြည်ဓာတ်သို့ ရှေးရှုထင်လာသော အခါ ကြားသိစိတ်ဖြစ်ပေါ်လာလေသည်၊ နားတံခါးပေါက် (သောတဒွါရ)သို့ အသံလှိုင်းများ လာရောက်ရိုက်ခတ်တိုင်း (ကြားစိတ်) သောတဝိညာဏ် မဖြစ်နိုင်ပေ၊ အဇ္ဈတ္တအတွင်းစိတ်က အသံဘက်သို့ ဦးတည်ပေး၍ မနောတံခါးပေါက်ကို ဖွင့်ပေးရသည်၊ မနောဒွါရဟုခေါ်သော ဘဝင်စိတ်မှ အာဝဇ္ဇန်းစိတ် (အာရုံစိုက်မှု) ဖြစ်ပေါ်လာ၏၊ ထိုအာဝဇ္ဇန်းစိတ်သည် နားအကြည်ဓာတ် (သောတပသာဒ)အတွင်း၌ သောတဝိညာဏ် (ကြားစိတ်)ကို မွေးထုတ်ပေးခဲ့သည်၊ ယင်းစိတ်သည် အသံ(သဒ္ဒါရုံ)ကို ဖမ်းယူပြီး နောက်ဆက်တွဲဖြစ်လာမည့် စိတ်များထံသို့ သဒ္ဒါရုံကို လွှဲပေးခဲ့လေသည်။

ကျွန်တော်တို့ အိပ်ပျော်နေစဉ် အခါ၌သော်လည်းကောင်း၊ အခြားအာရုံတစ်ခုခုသို့ အလွန်စိတ်ဝင်စား နေသည့်အခါ၌သော်လည်းကောင်း နားသို့ ရိုက်ခတ်လာသော အသံလှိုင်း သဒ္ဒါရုံကို မကြားရဘဲ ရှိတတ်သည်။ ထို့ပြင် သဒ္ဒါရုံ အသံလှိုင်းသည် နားတံခါးပေါက်သို့ သွားရောက်၍ အာရုံထင်ဟပ်နိုင်စေရန် အာကာသအပေါက်အခေါင်းဟူသော ကြားခံလေထု မြူမှုန်များ လိုအပ်လေသည်၊ အသံလုံ အခန်းအတွင်း၌ နေပါက အပြင်မှ အသံကို လုံးဝမကြားနိုင်ချေ။ ထို့ကြောင့် ကြားစိတ်ဖြစ်ပေါ်ရန် အကျဉ်းချုပ်အားဖြင့် အောက်ပါ အချက်(၄)ချက် လိုအပ်လေသည်–

၁။ သဒ္ဒါရုံ = အသံ၊

၂။ အာကာသ = အသံဖြတ်သန်းသွားနိုင်ရန်အတွက် အပေါက် အခေါင်းရှိခြင်း၊

၃။ သောတပသာဒ = နားအကြည်ဓာတ်၊

၄။ မနသိကာရ = အသံ အာရုံဘက်သို့ အတွင်းစိတ်၏ ဦးတည်မှု (အာရုံစိုက်မှု)ရှိခြင်း။

**ဃာနဝိညာဏ် (နံ့စိတ်)**

အနံ့အာရုံ၊ ဂန္ဓာရုံသည် နှာခေါင်း အကြည်ဓာတ်သို့ ရှေးရှုတိုးဝင် လာသောအခါ နံ့သိစိတ် ဖြစ်ပေါ်လေသည်။ နှာခေါင်းတံခါးပေါက် (ဃာနဒွါရ)သို့

www.burmeseclassic.com

www.burmeseclassic.com


မဖြစ်နိုင်ကြချေ။ အောက်ဖော်ပြပါ အကြောင်းလေးချက် ပြည့်စုံမှသာ ဃာနဝိညာဏ်စိတ်ဖြစ်နိုင်လေသည် –

| | | |
|---|---|---|
| ၁။ ဂန္ဓာရုံ | = | အနံ့အာရုံ၊ |
| ၂။ ဃာနပသာဒ | = | နှာခေါင်း အကြည်ဓာတ်၊ |
| ၃။ ဝါယော | = | အနံ့ပါသောမြူမှုန်များ နှာခေါင်းအကြည်ဓာတ်သို့ရောက်ရှိအောင် လေတိုက်ခိုက်ခြင်း၊ |
| ၄။ မနသိကာရ | = | အနံ့အာရုံဘက်သို့ အတွင်းစိတ်၏ ဦးတည်မှု၊ အာရုံစိုက်မှုရှိခြင်း။ |

ဤအင်္ဂါလေးချက်နှင့် ပြည့်စုံမှသာ နံ့စိတ် (ဃာနဝိညာဏ်) ဖြစ်နိုင်သည်။ နှာခေါင်း အကြည်ဓာတ် ပျက်စီးစေတတ်သော ရောဂါတစ်ခုခုခံစားနေရသူ (ဥပမာ– ဖွပ် စအိုနာရောဂါဖြစ်နေသူ)အား နံ့စိတ် မဖြစ်နိုင်ချေ။ အိပ်ပျော်နေစဉ်အခါ၌သော်လည်းကောင်း၊ အခြားအာရုံတစ်ခုခုသို့ အလွန်စိတ်ဝင်စားနေသည့်အခါ၌သော် လည်းကောင်း၊ နံ့စိတ် (ဃာနဝိညာဏ်) မဖြစ်နိုင်ချေ။ ထို့ပြင် အနံ့ရုပ်များကို နှာခေါင်းသို့ ရောက်အောင် လေက ပို့ဆောင်ပေးခြင်းမပြုပါကလည်း နံ့စိတ် (ဃာနဝိညာဏ်) မဖြစ်နိုင်ချေ။

## ဇိဝှါဝိညာဏ် (စားစိတ်)

စားစရာ အရသာများသည် လျှာပေါ်သို့ ရောက်ရှိနေသော်လည်း အရည်မပျော်ဘဲ အခြောက်တိုက် ဖြစ်နေပါက လျှာထဲသို့ အရသာ စိမ့်ဝင်မှု မရှိသောကြောင့် စားစိတ် (ဇိဝှါဝိညာဏ်) မဖြစ်နိုင်ချေ။ ထိုသို့ အရသာရုပ်များ အရည်ပျော်စိမ့်ဝင်မှုရှိစေရန် သွားရည် လျှာရည်များက စားစရာအရသာကို အရည်ဖျော်ပေးရသည်။ အရည်ဓာတ်နည်းနေပါက ရေ၊ ရေနွေး၊ ဟင်းရည်များ ကူညီပေးရသည်။

ထိုအစာအာဟာရ အရသာ အရည်များသည် လျှာပေါ်သို့ စိမ့်ဝင်ပျံ့နှံ့သွားသည့်အခါ၌ အစွမ္တအတွင်းစိတ်ကလည်း လျှာဘက်သို့ ဦးတည်၍ စိတ်စူးစိုက်ပေးလိုက်ပါက စားစိတ် (အရသာသိစိတ်) (ဇိဝှါ ဝိညာဏ်) ဖြစ်ပေါ်လာလေသည်။ ထို့ကြောင့် ဇိဝှာဝိညာဏ်ဖြစ်ရန် အောက်ဖော်ပြပါ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလေးချက် ရှိရန် လိုလေသည် -

၁။ ရသာရုံ = အရသာအာရုံ၊
၂။ ဇိဝှါပသာဒ = လျှာ အကြည်ဓာတ်၊
၃။ အာပေါ = အရည်ဓာတ်
၄။ မနသိကာရ = အာရုံစိုက်ခြင်း။

**ကာယဝိညာဏ် (တွေ့ထိစိတ်)**

ကိုယ်ကာယနှင့် ပြင်ပရုပ်ဝတ္ထုတစ်စုံတစ်ခုနှင့် ထိတွေ့သောအခါ ကာယဝိညာဏ် (တွေ့ထိစိတ်)ဖြစ်ပေါ်လာသည်။ ပူခြင်း၊ အေးခြင်း၊ နွေးခြင်းကို တွေ့ထိ၍သိသည်။ နူးညံ့ပျော့အိမာကြော စူးရှခြင်းကို တွေ့ထိ၍သိသည်၊ လှုပ်ရှားခြင်း၊ ငြိမ်သက်ခြင်းကို တွေ့ထိ၍ သိသည်၊ ယင်းတွေ့ထိ အာရုံများကို ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုခုဖြင့် စမ်းသပ်၍ တွေ့ထိ၍သိသည်။ ထို့ကြောင့် ကာယဝိညာဏ် (တွေ့ထိစိတ်) ဖြစ်ရန် အောက်ဖော်ပြပါ အချက်လေးချက် လိုအပ်လေသည်-

၁။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိ အာရုံ၊
၂။ ကာယပသာဒ = ကိုယ်ကာယ အကြည်ဓာတ်၊
၃။ ပထဝီဓာတ် = အမာခံ အစုအဝေး အစိုင်အခဲ၊
၄။ မနသိကာရ = အာရုံစိုက်မှု။

**မနောဝိညာဏ် (ကြံတွေးစိတ်)**

အတိတ်က တွေ့ကြုံခဲ့ဘူးသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံ(၅)ပါးကို ပြန်လည် ကြံတွေး၍ သိတတ်၏၊ ထို့အပြင် ထိုအာရုံ(၅)ပါးမှ ထပ်ဆင့် ရဲ့ထွင်၍ မှန်းဆအသိ တွေးခေါ်မြော်မြင် အသိများလည်း ဖြစ်တတ်၏။ ထို့ပြင် မနောစိတ်အတွင်း၌ ထင်မြင်လာသော အာရုံများကို သိတတ်၏၊ ထိုမနောဝိညာဏ်စိတ်သည် ဟဒယဝတ္ထုရုပ်ကို အမှီပြု၏။ သို့ရာတွင် ရုပ်မရှိသည့် ဘုံဌာန (အရူပဘုံ)၌မူ ဟဒယဝတ္ထုကို မမှီချေ။ ထို့ကြောင့် မနောဝိညာဏ်ဖြစ်၍ အောက်ဖော်ပြပါ အကြောင်းလေးချက်ရှိရန် လိုအပ်လေသည်-

၁။ ဓမ္မာရုံ = မနော၌ သဘောသက်သက်မျှသော အာရုံ ထင်မြင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၂။ မနောဒွါရ (ဘဝင်စိတ်) အားကောင်းခြင်း၊ (ရှေ့ဘဝင်စိတ်သည် နောက်၌ အာဝဇ္ဇန်းစိတ်ကို ဖြစ်စေနိုင်သည့် စွမ်းအားရှိခြင်း။)

၃။ ဟဒယရုပ်ကို အမှီပြုရခြင်း၊

၄။ မနသိကာရ = အာရုံစိုက်ခြင်း။

## ဖဿ (၆)ပါး

ယခုပြဆိုခဲ့သောဒွါရ (၆)ပါး၊ အာရုံ(၆)ပါး၊ ဝိညာဏ် (၆)ပါးတို့ကို ပေါင်းစပ်တွဲဆက်ပေးသော သဘောကို ဖဿဟုခေါ်ရသည်၊ စိတ်ကိုအာရုံနှင့် တွဲစပ်ပေးတတ်၏၊ ယင်း ဖဿသည်လည်း (၆)မျိုးရှိသည်။

၁။ စက္ခုဒွါရရုပ်၊ ရူပါရုံအဆင်းရုပ်နှင့် မြင်တတ်သောစိတ် (စက္ခုဝိညာဏ်)ဤတရား၃-ပါး ပေါင်းဆုံမိခြင်းသဘောသည် ဖဿမည်၏။ယင်းတရား ၃-ပါး ပေါင်းဆုံခြင်းကို စက္ခုသမ္ဖဿဟုခေါ်၏။

၂။ အလားတူပင် သောတဒွါရရုပ် သဒ္ဒါရုံ အသံရုပ်နှင့် ကြားတတ်သောစိတ် (သောတဝိညာဏ်) ဤတရားသုံးတို့ ပေါင်းဆုံမိခြင်း သဘောသည် သောတသမ္ဖဿမည်၏။

၃။ ဃာနဒွါရရုပ်၊ ဂန္ဓာရုံ အနံ့ရုပ်နှင့် အနံ့သိတတ်သောစိတ် (ဃာနဝိညာဏ်) ဤတရား ၃-ပါးတို့ ပေါင်းဆုံမိခြင်းသည် ဃာနသမ္ဖဿမည်၏။

၄။ ဇိဝှါဒွါရရုပ်၊ ရသာရုံ အရသာရုပ်နှင့်အရသာကို သိတတ်သောစိတ် (ဇိဝှါဝိညာဏ်) ဤတရား ၃-ပါးတို့ပေါင်းဆုံမိခြင်းသည် ဇိဝှါသမ္ဖဿမည်၏။

၅။ ကာယဒွါရရုပ်၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိရုပ်နှင့်တွေ့ထိ သိတတ်သောစိတ် (ကာယဝိညာဏ်) ဤတရားသုံးပါးတို့ ပေါင်းဆုံမိခြင်းသည် ကာယသမ္ဖဿမည်၏။

၆။ မနောဒွါရ (ဘဝင်စိတ်)၊ ဓမ္မာရုံ (သဘောတရားအာရုံ)နှင့် ကြံတွေးစိတ်(မနောဝိညာဏ်) ဤတရားသုံးပါးတို့ ပေါင်းဆုံမိခြင်းသည် မနောသမ္ဖဿ မည်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာ (၆)ပါး

ခံစားမှုကို ဝေဒနာဟုခေါ်သည်၊ စိတ်နှင့်အာရုံ ပေါင်းစပ် တွဲစပ်မှု (ဖဿ)ကြောင့် အာရုံ၏အရသာကို ခံစားမှုဖြစ်ပေါ်လာ၏၊ ချမ်းသာသော ခံစားခြင်းကို သုခဝေဒနာဟုခေါ်၍ ဆင်းရဲသော ခံရခက်သော ခံစားခြင်းကို ဒုက္ခဝေဒနာဟု ခေါ်သည်။

သုခဝေဒနာသည်လည်း နှစ်မျိုးနှစ်စား ရှိသည်။ ကိုယ်ကာယ၌ ဖြစ်သော ချမ်းသာကို ကာယိက သုခဟုခေါ်၍ စိတ်၌ဖြစ်သော ချမ်းသာကို စေတသိကသုခခေါ်သည်။ စေတသိကသုခကို သောမနဿဝေဒနာ (ဝမ်းမြောက် ဝမ်းသာမှု)ဟု ခေါ်သည်။ ဒုက္ခဝေဒနာသည်လည်း ကိုယ်ကာယ၌ဖြစ်သော ဆင်းရဲခြင်း (ကာယိကဒုက္ခ)နှင့် စိတ်၌ဖြစ်သော ဆင်းရဲခြင်း(စေတသိကဒုက္ခ) ဟူ၍ နှစ်မျိုးရှိသည်။ စေတသိကဒုက္ခကို ဒေါမနဿဝေဒနာ (စိတ်နှလုံး မသာယာမှု)ဟု ခေါ်ဆိုရသည်။

သုခ ဒုက္ခမဟုတ်သော၊ သောမနဿ ဒေါမနဿ မဟုတ်သော အလယ် အလတ်စား ခံစားမှုမျိုးကို ဥပေက္ခာဝေဒနာဟုခေါ်ဆိုရသည်။ ဤသို့ အားဖြင့် ခံစားမှုသဘောကိုလိုက်၍ ဝေဒနာငါးမျိုးရှိသည်။ ယင်းဝေဒနာ ငါးမျိုးတို့ သည် ဖဿအကြောင်းအရင်းခံ၍ ဖြစ်ပေါ်ရသောကြောင့် ဒွါရနှင့် အာရုံ (၆)မျိုးကို အစွဲပြု၍ ဖဿ (၆)မျိုးကို ခွဲခြားရသကဲ့သို့ ဖဿ (၆)မျိုးကို အကြောင်းအရင်းခံ၍ ဖြစ်ပေါ်ရသော ဝေဒနာကိုလည်း အောက်ပါအတိုင်း (၆)မျိုးခွဲခြားရလေသည်–

၁။ စက္ခုသမ္ဖဿဇာဝေဒနာ = စက္ခုဒွါရ၌ ခံစားမှု၊

၂။ သောတသမ္ဖဿဇာဝေဒနာ = သောတဒွါရ၌ ခံစားမှု၊

၃။ ဃာနသမ္ဖဿဇာဝေဒနာ = ဃာနဒွါရ၌ ခံစားမှု၊

၄။ ဇိဝှါသမ္ဖဿဇာဝေဒနာ = ဇိဝှါဒွါရ၌ ခံစားမှု၊

၅။ ကာယသမ္ဖဿဇာဝေဒနာ = ကာယဒွါရ၌ ခံစားမှု၊

၆။ မနောသမ္ဖဿဇာဝေဒနာ = မနောဒွါရ၌ ခံစားမှု။

www.burmeseclassic.com

www.burmeseclassic.com



## တဏှာ (၆)ပါး၊ စေတနာ (၆)ပါး၊ သညာ (၆)ပါး

ယင်းဝေဒနာ၏နောက်၌ ဆက်လက်၍ ကြိုက်ခြင်း၊ မကြိုက်ခြင်း၊ ရယူသိမ်းပိုက်လိုခြင်း၊ ဖယ်ရှားဖျက်ဆီးလိုခြင်း ဟူသော တဏှာလောဘဓော နှင့်ဒေါသဓောများ ဖြစ်ပေါ်ကြလေသည်။

ဆက်လက်၍ ဖြစ်အောင် ပျက်အောင် ဖန်တီးမှု တိုက်တွန်းမှု စေတနာ များလည်း ဖြစ်ပေါ်လာလေတော့သည်။

ကြိုက်လျှင် ကြိုက်သလို၊ မကြိုက်လျှင် မကြိုက်သလို ကောင်း မကောင်း ခွဲခြားမှတ်သားမှု သညာများလည်း ဖြစ်ပေါ်ကြလေသည်။ ယင်း တဏှာ၊ စေတနာ၊ သညာတို့ (၆)ပါးစီ ကွဲပြားနေပုံကို ဆက်လက်ပြဆိုပါ မည်-

### တဏှာ (၆)ပါး

၁။ ရူပတဏှာ = အဆင်း (ရူပါရုံ)၌ တပ်မက်ခြင်း၊
၂။ သဒ္ဒတဏှာ = အသံ (သဒ္ဒါရုံ)၌ တပ်မက်ခြင်း၊
၃။ ဂန္ဓတဏှာ = အနံ့ (ဂန္ဓာရုံ)၌ တပ်မက်ခြင်း၊
၄။ ရသာတဏှာ = အရသာ (ရသာရုံ)၌ တပ်မက်ခြင်း၊
၅။ ဖောဋ္ဌဗ္ဗတဏှာ = အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ)၌ တပ်မက်ခြင်း၊
၆။ ဓမ္မတဏှာ = အတွေးအခေါ် အယူအဆ (ဓမ္မာရုံ)၌ တပ် မက်ခြင်း၊

### စေတနာ (၆)ပါး

၁။ ရူပသဉ္စေတနာ = ရူပါရုံကို ခံစားတပ်မက်စေရန် တိုက်တွန်း လှုံ့ဆော်မှု၊
၂။ သဒ္ဒသဉ္စေတနာ = သဒ္ဒါရုံကို ခံစားတပ်မက်စေရန် တိုက်တွန်း လှုံ့ဆော်မှု၊
၃။ ဂန္ဓသဉ္စေတနာ = ဂန္ဓာရုံကို ခံစားတပ်မက်စေရန် တိုက်တွန်း လှုံ့ဆော်မှု၊

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၄။ ရသသဉ္စေတနာ | = | ရသာရုံ ခံစားတပ်မက်စေရန် တိုက်တွန်းလှုံ့ဆော်မှု၊ |
| ၅။ ဖောဋ္ဌဗ္ဗသဉ္စေတနာ | = | ဖောဋ္ဌဗ္ဗာရုံကို ခံစားတပ်မက်စေရန် တိုက်တွန်းလှုံ့ဆော်မှု၊ |
| ၆။ ဓမ္မသဉ္စေတနာ | = | ဓမ္မာရုံကို ခံစားတပ်မက်စေရန် တိုက်တွန်းလှုံ့ဆော်မှု။ |

သညာ (၆)ပါး

| | | |
|---|---|---|
| ၁။ ရူပသညာ | = | အဆင်း (ရူပါရုံ)ကို မှတ်သားမှု၊ |
| ၂။ သဒ္ဒသညာ | = | အသံ (သဒ္ဒါရုံ)ကို မှတ်သားမှု၊ |
| ၃။ ဂန္ဓသညာ | = | အနံ့ (ဂန္ဓာရုံ)ကို မှတ်သားမှု၊ |
| ၄။ ရသသညာ | = | အရသာ (ရသာရုံ)ကို မှတ်သားမှု၊ |
| ၅။ ဖောဋ္ဌဗ္ဗသညာ | = | အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ)ကို မှတ်သားမှု၊ |
| ၆။ ဓမ္မသညာ | = | အတွေးအခေါ် အယူအဆ(ဓမ္မာရုံ)ကို မှတ်သားမှု။ |

ဥပမာ– အဆင်းရူပါရုံကို စက္ခုဝိညာဏ်စိတ်က မြင်တတ်စေရန် လည်းကောင်း၊ ထိုအဆင်းရူပါရုံ၏ အရသာကို ဝေဒနာ စေတသိက်က ကောင်း၊ မကောင်း ခံစားတတ်စေရန် လည်းကောင်း၊ ထိုအဆင်း ရူပါရုံကို သညာစေတသိက်က ဖြူ၊ နီ၊ ပြာ၊ ဝါ စသည်ဖြင့် မှတ်သားတတ်စေရန်လည်း ကောင်း၊ စေတနာ စေတသိက်က တိုက်တွန်းနှိုးဆော်ပေးလေသည်။ ဖော်ပြပါ တရားများကို အဓိပ္ပါယ်ရှင်းလင်းပြဆိုရာ၌ ရှေ့နှင့်နောက်ခွဲခြား၍ ပြောဆို နေရသော်လည်း အမှန်စင်စစ် သဘာဝတရား၌မူ တပြိုင်နက်တည်း ဖြစ်ပေါ် ကြ၍ အချင်းချင်း အပြန်အလှန် အထောက်အကူပြု အမှီသဟဲပြု နေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်နှစ်မျိုးခွဲခြားခြင်း

စိတ်ကို ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ ဝီထိစိတ်သည် နိုးကြားသော စိတ်ဖြစ်၍ ဝီထိမုတ်စိတ်သည် အိပ်ပျော်နေသော စိတ်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုးကြားချိန်တွင် ဝီထိစိတ်ဖြစ်၍ အိပ်ပျော်ချိန်၊ အိပ်မောကျချိန် သတိမေ့မျောနေချိန်၌ ဝီထိမုတ်စိတ်ဖြစ်သည်။

### ဝီထိစိတ်

ဝီထိစိတ်သည် မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊ ထိသိစိတ်၊ ကြံသိစိတ်များ ဖြစ်ကြသည်။

### ဝီထိမုတ်စိတ်

ဝီထိမုတ်စိတ်သည် အိပ်မောကျနေချိန်၌ ဖြစ်သော စိတ်ဖြစ်၍ ဘဝင်စိတ်ဟု ခေါ်ဆိုရသည်။ အတိတ်ဘဝမှ အာရုံကိုသာ သိနေ၍ ဤဘဝ ပြင်ပ ဗဟိဒ္ဓ အာရုံများကို မသိတတ်ချေ။ ဝီထိမုတ်စိတ်သည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟူ၍ သုံးမျိုးရှိသည်။

### ဘဝင်စိတ်

သတ္တဝါတစ်ဦးတစ်ယောက် အသက်ရှင်နေဆဲကာလ၌ ပြင်ပ ဗဟိဒ္ဓရှိ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံများကို သိနေခြင်းမရှိပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေချိန်သည် ဘဝင်စိတ်ဖြစ်ရာ ကာလဖြစ်သည်။ နိုးကြားနေစဉ်အခါကာလ၌လည်း ဝီထိစိတ်တစ်ခုနှင့် တစ်ခုအကြား စိတ်ဓါတ်အင်အား ပြန်လည်ဖြည့်တင်းရန် အနားယူသည့်အနေဖြင့် ဘဝင်စိတ်ဖြစ်ပေါ်ရသည်။ ဘဝင်စိတ်ဖြစ်ပေါ်နေချိန်၌ ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်သွား၍ အင်အားအသစ်များ ဖြည့်ဖြိုးတိုးပွားလာသည်။ ထို့ကြောင့် ဝီထိစိတ်တစ်ခုနှင့်တစ်ခုအကြား ဘဝင်စိတ်များ ကြားခံဖြစ်ပေးရသည်။

ဘဝတစ်ခု၌ အစဦးစွာဖြစ်သော ဘဝင်စိတ်ကိုပင် ပဋိသန္ဓေ စိတ်ဟုခေါ်ရသည်။ နောက်ဆုံးဖြစ်သော ဘဝင်စိတ်ကို စုတိစိတ်ဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဋိသန္ဓေစိတ်

ပဋိသန္ဓေ= ပဋိသန္ဓိ= ပဋိ+ သန္ဓိ= (ပဋိ= တစ်ဖန်ပြန်လှန်၍+သန္ဓိ= ဆက်စပ်ခြင်း) ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးသည့် စိတ်ကို ပဋိသန္ဓေစိတ်ဟုခေါ်ဆိုရသည်။

စုတိစိတ်

စုတိ= ရွေ့လျောခြင်း။ ဘဝတစ်ခုမှ ရွေ့လျောခြင်း= ကွယ်လွန် အနိစ္စ ရောက်ခြင်းကို စုတေသည်ဟုခေါ်ရသည်။ ထို့ကြောင့် နောက်ဆုံးဘဝင်စိတ်ကို စုတိစိတ်ဟုခေါ်ဆိုရသည်။

ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တို့သည် ဘဝတစ်ခု၌ တစ်ကြိမ်စီသာ ဖြစ်ကြသည်။ ဘဝင်စိတ်မှာမူ မရေမတွက်နိုင်အောင် အသချေ်ာ အသချ်ော များပြားစွာ ရှေ့နောက်ဆက်စပ်ဖြစ်တတ်လေသည်။ ပဋိသန္ဓေစိတ်၊ ဘဝစိတ်နှင့် စုတိစိတ်တို့သည် သတ္တဝါတစ်ဦးတစ်ယောက်အား ဘဝတစ်ခု၌ စိတ်အမျိုးအစားတစ်ခုတည်းသာဖြစ်၍ အာရုံလည်း တစ်မျိုးတစ်စားတည်း သာဖြစ်သည်။ အတိတ်ဘဝက သေခါနီး (မရဏာသန္နဇောဇော) စိတ်ကယူခဲ့သော ကံအာရုံ၊ ကမ္မနိမိတ်အာရုံ သို့မဟုတ် ဂတိနိမိတ်အာရုံ တစ်ခုခုကို ရယူလျက် ရှိသည်။

ဥပမာ- အပါယ်သတ္တဝါများမှာ အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်တစ်ခုတည်းသာလျှင် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် အဖြစ်ဖြင့် ဖြစ်ပေါ်လေသည်။ အလားတူပင် ပဥ္စမစျာန် ဖြာဟ္မာ့ဘုံ၌ ဖြဟ္မာတို့အား ရူပဝိပါက်ပဥ္စမစျာန်စိတ်တစ်ခုတည်းသာလျှင် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ် အဖြစ်ဖြင့် ဖြစ်လေသည်။

လူသားတို့မှာ ပဋိသန္ဓေ ဘဝင် စုတိ ဖြစ်နိုင်သောစိတ်(၉)မျိုးရှိသည်၊ မဟာဝိပါက်စိတ် ၈-ခုနှင့် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တို့ဖြစ်ကြသည်။ဥပမာအနေဖြင့် ပထမ မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့ပါက ဘဝင်စိတ်နှင့် စုတိစိတ်တို့သည်လည်း ပထမ မဟာဝိပါက်စိတ် ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အာရုံတူညီမှုများ**

လွန်ခဲ့သောအတိတ်ဘဝက မရဏာသန္နဇောစိတ်၏ အာရုံကိုပင် ယခုဘဝ၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်နှင့် စုတိစိတ်တို့သည် အာရုံအဖြစ် ရယူကြသည်။ ယင်းအာရုံကို ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံဟု ခေါ်ဆိုရသည်။

**သေခါနီး အာရုံနိမိတ် ၃-မျိုး**

သေခါနီးအချိန်ကို မရဏာသန္နဟုခေါ်သည်။ မရဏ+ အာသန္န။ မရဏ။ သေခြင်း+ အာသန္န။ နီးကပ်ခြင်း။ သေခါနီးအခါ၌ဖြစ်သော ဇောစိတ်ကို မရဏာသန္နဇောဟုခေါ်သည်။ သေခါနီးသောပုဂ္ဂိုလ်အား ကံအာရုံ၊ ကမ္မနိမိတ် အာရုံ၊ ဂတိနိမိတ်အာရုံသုံးပါးတို့တွင် တစ်ပါးပါးထင်မြင်လာသည်။

**ကံအာရုံ**

သတ္တဝါတစ်ဦး၏သန္တာန်၌ ကုသိုလ်ကံ၊ အကုသိုလ်ကံအမျိုးမျိုး ရှိသည့်အနက် အကျိုးပေးခွင့်အလှည့်ရ၍ အင်အားကြီးသောကံသည် သေခါနီးအခါ၌ အာရုံအဖြစ် ထင်မြင်လာသည်။ ကုသိုလ်ကံဖြစ်ပါက ယခုလောလောဆယ် ကုသိုလ်ပြုနေရသည့် အနေအထားဖြင့် ထင်မြင်လာသည်။ ကိုယ်တိုင်လှူဒါန်း ပေးကမ်းနေဟန်၊ ရေစက်ချ အမျှပေးဝေနေဟန်များ၊ ယခုလက်ငင်းပြုလုပ်နေရဘိသကဲ့သို့ ထင်မြင်လာသည်။ အကုသိုလ်ကံ ဖြစ်ပါကလည်း ယခုလက်ငင်း ဆဲဆိုကြိမ်းမောင်း သတ်ဖြတ်နေရဘိသကဲ့သို့ ထင်မြင်လာသည်။ ယင်းကံအာရုံမှာ အတိတ်ကာလသာ ဖြစ်သည်။

**ကမ္မနိမိတ်အာရုံ**

ကံပြုစဉ်အခါက ပါဝင်သော အခမ်းအနားများ၊ အလှူမဏ္ဍပ်၊ လှူဖွယ်ပစ္စည်း၊ အလှူခံပုဂ္ဂိုလ်စသည်ဖြင့် အာရုံ(၆)ပါး တစ်ခုခု ထင်မြင်လာသည်။ အကုသိုလ်အမှု၌ ဒုတ်၊ ဓား၊ လှံလက်နက်များ၊ အသားစု အသားပုံများစသော အာရုံ(၆)ပါး တစ်ခုခုထင်မြင်လာသည်။ယင်းအာရုံမှာ အတိတ်နှင့် ပစ္စုပ္ပန်နှစ်မျိုးဖြစ်နိုင်သည်။

**ဂတိနိမိတ်အာရုံ**

ထိုပုဂ္ဂိုလ် လားရောက်မည့် ဘဝ၌ရှိသော အာရုံငါးပါးသည် ဂတိနိမိတ်မည်၏။ နတ်ပြည်ရောက်မည့်သူသည် နတ်ဘုံ၊ နတ်နန်း၊ နတ်သမီး၊

www.burmeseclassic.com

www.burmeseclassic.com



ပန်းဥယျာဉ်စသည်တို့ထင်လာကုန်၏။ အပါယ်ငရဲရောက်မည့်သူသည် ငရဲမီး၊ ငရဲခွေး၊ တောင်ကြိုတောင်ကြားစသည်တို့ထင်လာကုန်၏။ လူ့ပြည် ရောက်မည့်သူအား အမိဝမ်းရေ၊ အမိပုံပန်းသဏ္ဌာန်စသည် ထင်လာကုန်၏။

**နိမိတ်အာရုံပြောင်းလဲနိုင်ခြင်း**

ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံ ထင်လာရာ၌ အင်အားကြီးသော ကုသိုလ်ကံ၊ အကုသိုလ်ကံများရှိပါက ထိုကံတို့၏ အစွမ်းကြောင့် အာရုံများ ထင်လာရသည်။ သို့မဟုတ် သေခါနီးအခါ ပြုလုပ်သောကုသိုလ်ကံ၊ အကုသိုလ်ကံသည် အာရုံအဖြစ်ထင်လာသည်။ တစ်နည်းအားဖြင့် ကြိမ်ဖန်များစွာပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံများ၏ အစွမ်းကြောင့် နိမိတ်ထင်လာကြသည်။ မြေမျိုခံရသော စိဉ္စမာန၊ ဒေဝဒတ်၊ နန္ဒလုလင်တို့အားလည်းကောင်း၊ သင်စုန်းဓားစက်ကို ရွှေသရဖူထင်၍ ဦးခေါင်းပေါ်သို့တင်သော မိတ္တဝိန္ဒကအားလည်းကောင်း၊ ပစ္စုပ္ပန်ငရဲ မီးလျှံနှင့် သင်စုန်းဓားစက်များသည် ဂတိနိမိတ်အာရုံအဖြစ် ထင်လာကြသည်။ ဓမ္မိကဥပါသကာနှင့် ဒုဋ္ဌဂါမဏိမင်းစသူတို့အား နတ်သား၊ နတ်သမီး၊ နတ်ရထားတို့၏ အဆင်းရူပါရုံကို ကိုယ်တိုင်မျက်စိဖြင့်မြင်ကြရ၍ ပစ္စုပ္ပန်ဂတိနိမိတ်အာရုံ ထင်လာကြသည်။ အလားတူ နတ်တူရိယာသံ၊ နတ်တို့၏ အမွှေးရနံ့စသော အာရုံများလည်း ထင်လာကြသည်။

သီဟိုဠ်ကျွန်းတွင် အရှင်သောဏမထေရ်၏ ခမည်းတော် ရဟန်းကြီးသည် ငယ်စဉ်က မုဆိုးလုပ်ခဲ့ဘူး၍ သေခါနီးအခါတွင် ငရဲခွေးများ ထင်မြင်လာသည်။ ထိုအခါ အရှင်သောဏမထေရ်သည် ခမည်းတော်ရဟန်းကြီးကို မဟာစေတီရင်ပြင်သို့ ညောင်စောင်းဖြင့် ပင့်ဆောင်ခဲ့၍ ပန်းရေချမ်း ဆီမီးများ ပြင်ဆင်ထားပြီး ဘုရားကို အာရုံပြု၍ လှူဒါန်းရန် တိုက်တွန်းလေသည်။ ထိုအခါ ခမည်းတော် ရဟန်းကြီးမှာ နတ်သမီး၊ နတ်သား ဂတိနိမိတ်အာရုံများ ထင်လာလေသည်။ သာသနာ့ဒါယကာ သီရိဓမ္မာသောက မင်းကြီးသည် ရှေးဦးစွာ နိမိတ်ကောင်းများ ထင်လာပြီးမှ မိမိစိတ်တိုင်းကျ မလှူဒါန်းရသည်ကို မကျေမနပ် ဒေါမနဿ ဖြစ်ပွားလာ၍ မကောင်းသော နိမိတ်များ ထင်မြင်လာပြီး စပါးကြီးမြွေ (၇)ရက် ဖြစ်ရရှာသည်ဟု ဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပဋိသန္ဓေစိတ်၏အာရုံ**

ဘဝသစ်၌ဖြစ်သော ပဋိသန္ဓေစိတ်သည် ဘဝဟောင်းက စုတိစိတ်၏ နောက်၌ကပ်လျက် တဆက်တည်း ဖြစ်ပေါ်လာလေသည်၊ သို့ရာတွင် ရှေးဘဝ စုတိစိတ်၏အာရုံကို နောက်ဘဝပဋိသန္ဓေစိတ်သည် ဆက်လက် ရယူခြင်း မရှိချေ။ မရဏာသန္နဝီထိ၌ မရဏာသန္နဇော၏ အာရုံကို နောက်ဘဝပဋိသန္ဓေ စိတ်က လက်ခံရယူလေသည်၊ မရဏာသန္နဇောနှင့် ပဋိသန္ဓေစိတ်တို့၏ အကြား၌ ဖြစ်ပေါ်သော ဘဝင်စိတ်နှင့်စုတိစိတ်တို့သည် အတိတ်ဘဝက အာရုံအဟောင်းဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိအာရုံတို့ကို အာရုံပြုသည်။ မရဏာသန္နဇောသည် မိမိရရှိထားသော ကံ၊ ကမ္မနိမိတ်၊ သို့မဟုတ် ဂတိနိ မိတ်အာရုံကို မိမိနောက်ရှိ ဘဝင်စိတ်နှင့် စုတိစိတ်တို့ကို ခုန်ကျော်၍ ပဋိသန္ဓေစိတ်သို့ လွှဲပြောင်းပေးလိုက်သည်။ ထို့ကြောင့် နောက်ဘဝ၌ ဖြစ်သော ပဋိသန္ဓေစိတ်သည် ရှေ့ဘဝ မရဏာသန္နဇောထံမှ ရရှိသော အာရုံသစ်ကို ဆက်လက် ရယူအာရုံပြုသည်။

**ရဟန္တာပုဂ္ဂိုလ်အား ကံ, ကမ္မနိမိတ်, ဂတိနိမိတ်မထင်ခြင်း**

ရဟန္တာပုဂ္ဂိုလ်တို့၏ မရဏာသန္နဝီထိ၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် အာရုံထင်ခြင်း မရှိချေ၊ အဘယ့်ကြောင့်ဆိုသော် နောင်တစ်ဖန်ဘဝ၌ ဖြစ်ရန် မရှိသောကြောင့်တည်း။ ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဇောဝီထိသည် သင်္ခါရ တရားတို့ကိုသာ အာရုံပြု၍ စုတိစိတ်သည်လည်း ဘဝဟောင်းက ပါလာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တစ်ခုခုကို အာရုံပြုလေသည်။

**ဘဝသစ်၌ဆက်လက်ဖြစ်ပေါ်ပုံ**

ဘဝသစ်၌ ရှေးဦးစွာ ဖြစ်သောစိတ်ကို ပဋိသန္ဓေစိတ်ဟု ခေါ်ဆို၍ ယင်း၏ နောက်၌ ဆက်လက်၍ဖြစ်သော ပဋိသန္ဓေစိတ်နှင့် မျိုးတူသော စိတ်များကို ဘဝင်စိတ်ဟု ခေါ်ဆိုရလေသည်။ ပဋိသန္ဓေနောက်၌ ရိုးရိုးသာမန် အားဖြင့် ဘဝင်(၁၅)ချက်၊ ထို့နောက် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟူ၍ ဘဝင် (၁၇)ချက် ဖြစ်ပြီးနောက် မနောဒွါရာဝဇ္ဇန်း တစ်ကြိမ်၊ ဘဝနိကန္တိက လောဘ ဇော(၇)ကြိမ်၊ ဤဝီထိစိတ်များ ဖြစ်ပေါ်လာသည်။ ယင်းဝီထိစိတ်များသည်

www.burmeseclassic.com

www.burmeseclassic.com



မိမိရရှိထားသော ဝိပါက်နာမက္ခန္ဓာဟူသော နာမ်တရားနှင့် ကဋတ္တာရုပ်၊ ကမ္မဇရုပ်ဟု ခေါ်သော ရုပ်တရား ဤနာမ်ရုပ် နှစ်ပါးကို အာရုံပြုသည်။ ဆိုလိုသည်မှာ မိမိရရှိထားသော ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာကို ငါ၊ ငါ၏ ဥစ္စာ၊ ငါ့ကိုယ်ဟူ၍ သိမ်းပိုက်လိုက်ခြင်းဖြစ်သည်။

**ပဋိသန္ဓေ ဘဝင် စုတိစိတ် (၁၉)ပါး**

အောက်ဖော်ပြပါ စိတ် (၁၉)ပါးတို့သည် ပဋိသန္ဓေဌာန၊ ဘဝင်ဌာန၊ စုတိဌာနဟူသော လုပ်ငန်းခွင်သုံးခုတို့၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စဟူသော လုပ်ငန်းသုံးမျိုးကို လုပ်ဆောင်ကြသည်။

(က) အဟိတ်အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏစိတ်(၁) ပါး (ဒုဂ္ဂတိအဟိတ်) (အပါယ်လေးဘုံ ပဋိသန္ဓေ)

(ခ) အဟိတ်ကုသလဝိပါက်ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် (၁) ပါး (သုဂတိအဟိတ်) (လူ့ဘုံနှင့်စာတုမဟာရာဇ်ဘုံ)

(ဂ) မဟာဝိပါက်စိတ် (ကာမသုဂတိ ၇-ဘုံ) (၈) ပါး

(ဃ) ရူပဝိပါက်စိတ် (ရူပဗြဟ္မာ ၁၅-ဘုံ) (၅) ပါး

(င) အရူပဝိပါက်စိတ် (အရူပဗြဟ္မာ ၄-ဘုံ) (၄) ပါး

**ပေါင်း** - ၁၉- ပါး

မဟာဝိပါက်စိတ်ရှစ်ခုကို သောမနဿလေးပါး၊ ဥပေက္ခာ လေးပါးဟူ၍လည်းကောင်း၊ ဉာဏသမ္ပယုတ်စိတ် (တိဟိတ်) လေးပါးနှင့်၊ ဉာဏဝိပ္ပယုတ်စိတ် (ဒွိဟိတ်) လေးပါးဟူ၍လည်းကောင်း ခွဲခြားရသည်။

**အသညသတ်ပဋိသန္ဓေ**

အသညသတ်ဘုံ၌ အသညသတ်ဗြဟ္မာတို့သည် နာမ်တရားမပါပဲ ရုပ်သက်သက်ဖြင့်သာ ပဋိသန္ဓေနေကြသည်။ နာမ်တရားကို ရွံရှာစက်ဆုတ်သော ဘာဝနာကုသိုလ်ကံကြောင့် နာမ်တရားမပါပဲ ကံကြောင့်ဖြစ်သော ဇီဝိတနဝကရုပ်ကလာပ်ဖြင့် ပဋိသန္ဓေနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**စုတိနောင် ပဋိသန္ဓေများ**

(က) ဒုဂ္ဂတိအဟိတ် စုတိနောင်ကာမပဋိသန္ဓေ (၁၀)ပါးဖြစ်ခွင့်ရှိသည်။ ဆိုလိုသည်မှာ အပါယ်လေးဘုံမှ စုတေလျှင် ကာမ (၁၁)ဘုံ တစ်ခုခု၌ ကာမပဋိသန္ဓေ (၁၀)မျိုး ဖြစ်ခွင့်ရှိသည်။ အလားတူပင် သုဂတိအဟိတ် စုတိတစ်ခုနှင့် ဒွိဟိတ်စုတိလေးခုတို့၏နောက်၌ အလားတူ ကာမပဋိသန္ဓေ (၁၀)မျိုး ဖြစ်ခွင့်ရှိသည်။ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ် (တိဟိတ်) စုတိနောက်၌ အသညသတ်ရုပ်ပဋိသန္ဓေ(၁)ခု၊ ကာမပဋိသန္ဓေ (၁၀)၊ ရူပပဋိသန္ဓေ (၅)ခု၊ အရူပပဋိသန္ဓေ (၄)ခု၊ ပေါင်းပဋိသန္ဓေ (၂၀) ဖြစ်ခွင့်ရှိသည်။ ဆိုလိုသည်မှာ ကာမတိဟိတ်ပုဂ္ဂိုလ် စုတေလျှင် (၃၁)ဘုံတွင် မည်သည့်ဘုံမှာမဆို ပဋိသန္ဓေနေနိုင်သည်။ ယင်းကာမတိဟိတ်ပုဂ္ဂိုလ်သည် ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ရှာန်ရ/မရ ပုဂ္ဂိုလ်များ ပါဝင်သည်။

ရူပစုတိ(၅)ခုနောက်၌ သဟိတ်ပဋိသန္ဓေ(၁၇)ခု ဖြစ်ခွင့်ရှိသည်။ ဆိုလိုသည်မှာ မဟာဝိပါက်စိတ် (၈)ခု၊ မဟဂ္ဂုတ်ဝိပါက် (၉)ခု၊ ပေါင်း (၁၇)ခု ဖြစ် ခွင့်ရှိသည်။ ရူပဘုံမှ စုတေလျှင် အပါယ်ဘုံသို့ မကျရောက်နိုင်၊ အင်္ဂါချို့တဲ့သော လူမဖြစ်နိုင်၊ ဘုန်းကံမရှိသော အောက်တန်းကျသည့် နတ်များ မဖြစ်နိုင်၊ အသညသတ်ဘုံ၌ မဖြစ်နိုင်ဟု ဆိုလိုသည်။

အရူပစုတိနောက်၌ အောက်တဆင့်နိမ့် အရူပပဋိသန္ဓေ ဖြစ်ခွင့်မရှိချေ။ မိမိနှင့်အဆင့်တူ အရူပပဋိသန္ဓေနှင့် အထက် အဆင့်မြင့် အရူပပဋိသန္ဓေဖြစ်နိုင်သည်။ ထို့ပြင် ကာမတိဟိတ် ပဋိသန္ဓေ (၄)ခုဖြစ်နိုင်သည်။ အရူပဗြဟ္မာတို့သည် အရူပဘုံမှ ရူပ(၁၆)ဘုံသို့လည်း ကောင်း၊ အပါယ်(၄)ဘုံသို့လည်းကောင်း တိုက်ရိုက်ဘဝကူးပြောင်းနိုင် ခြင်းမရှိချေ။

**စိတ္တုပ္ပါဒ်**

စိတ်သည် စိတ်တစ်ခုတည်း ဖြစ်ပေါ်ခြင်းမရှိချေ၊ စေတသိက်များနှင့် ယှဉ်တွဲ၍ဖြစ်ပေါ်ခြင်း၊ ချုပ်ပျက်ခြင်းကိုပြုသည်။ ယင်းသို့ ယှဉ်ဖော်ယှဉ်ဖက် စေတသိက်များနှင့် အတူတကွဖြစ်ပေါ်ခြင်းကို စိတ္တုပ္ပါဒ=စိတ္တုပ္ပါဒ်ဟု ခေါ်သည်။ (စိတ္တ=စိတ်+ဉပ္ပါဒ=ဖြစ်ခြင်း)၊ စိတ္တုပ္ပါဒ=စိတ္တုပ္ပါဒ်။ စိတ္တုပ္ပါဒ် ဟူသော အသုံးအနှုန်းကို တွေ့ရှိပါက ခေါင်းဆောင်စိတ်နှင့် နောက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ဘက် စေတသိက်များ အတူတကွ ပူးတွဲဖြစ်ခြင်းဟူ၍ နားလည်ရန် လိုအပ်ပေသည်။ စိတ္တုပ္ပါဒ်တစ်ခု၏ သက်တမ်းကို ခဏငယ် သုံးချက်ဖြင့် လည်းကောင်း၊ ခဏကြီးတစ်ချက်ဖြင့်လည်းကောင်း တိုင်းတာရသည်။ ယင်း ခဏကြီး တစ်ချက်စာ အချိန်ကာလကို စိတ္တက္ခဏတစ်ချက်ဟု ရေတွက် ရသည်။ စိတ္တက္ခဏတစ်ခုကို တိုင်းတာပါက တစ်စက္ကန့်ကို ကုဋေကစ်သိန်း ခွဲစိပ်လျှင် တစ်စိတ်မျှကြာသည်။ ဆိုလိုသည်မှာ တစ်စက္ကန့်အတွင်း၌ စိတ္တက္ခဏပေါင်း ကုဋေတစ်သိန်း ဖြစ်ခြင်း, ချုပ်ခြင်းရှိသည်ဟု ဆိုသည်။

## ဥပါဒ်၊ ဌီ၊ ဘင်-ဖြစ်၊ တည်၊ ပျက်

စိတ်ဖြစ်စေ၊ ရုပ်ဖြစ်စေ ဖြစ်ပြီးနောက် ပျက်စီးချုပ်ပျောက်ခြင်း သဘောရှိ၏။ အဖြစ်နှင့် အပျက်ကြားကာလ၌ ခေတ္တယာယီ တည်တံ့ခြင်း သဘောလည်းရှိသည်။ ဥပမာ- ဒုတ်ချောင်းတစ်ခုကို ကောင်းကင်သို့ ပစ်တင်ရာ၌ တက်ရှိန်နှင့် ကျရှိန် နှစ်မျိုးကို သိသာထင်ရှားစွာ တွေ့မြင်ကြရ မည်ဖြစ်သည်။ သို့ရာတွင် ယင်း တက်ရှိန်နှင့် ကျရှိန် နှစ်ခုတို့၏ ကြားကာလ ကောင်းကင်ယံတွင် ဒုတ်ချောင်း၏ ခေတ္တယာယီ ရပ်တန့်မှု ရှိရမည်သာ ဖြစ်သည်။ ထို့ကြောင့် ဒုတ်ချောင်း၏ တက်ခြင်း၊ ရပ်တန့်ခြင်း၊ ကျဆင်းခြင်း ဟူသော အခိုက်အတန့် သုံးမျိုးကို တွေ့နိုင်ပေသည်။ ထို့ကြောင့် အဖြစ်နှင့် အပျက်ကြား၌ မည်မျှတိုတောင်းသည်ဖြစ်စေ တည်တံ့ခြင်းသဘော ရှိရပေ မည်။ အဘိဓမ္မာဝေါဟာရအားဖြင့် ဖြစ်ခြင်းကို ဥပါဒ်၊ တည်ခြင်းကို ဌီ၊ ပျက်ခြင်းကို ဘင်ဟု ခေါ်ဆို၍ ပရမတ္ထတရားတို့သည် ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏဟူ၍ ခဏသုံးပါး ရှိကြလေသည်။

## ရုပ်တို့၏သက်တမ်း (စိတ္တက္ခဏ ၁၇-ချက်)

ရုပ်တစ်ခု၏ သက်တမ်းသည် စိတ္တက္ခဏ ၁၇-ချက်၊ သို့မဟုတ် (၁၇×၃) ခဏငယ် ၅၁-ချက်ရှိသည်။ စိတ္တက္ခဏ ၁၇-ချက်တွင် အစဦးဆုံးသော စိတ္တက္ခဏ၌ အစဦးဆုံးသော ဥပါဒ်ခဏသည် ရုပ်၏ ဥပါဒ်ခဏမည်၏။ ၁၇- ချက်မြောက်စိတ်၏ နောက်ဆုံးဖြစ်သော ဘင်ခဏသည် ရုပ်၏ ဘင်ခဏ

www.burmeseclassic.com



မည်၏၊ ရုပ်၏သက်တမ်းမှာ ခဏငယ်-၅၁ချက်ရှိရာကား ဥပါဒ်ခဏနှင့် ဘင်ခဏကို နှုတ်ပယ်လိုက်လျှင် အလယ်ဖြစ်သော ဌီခဏသည်၊ ခဏငယ် ၄၉-ချက် သက်တမ်းရှိ၏။ ထို့အပြင် ရူပါရုံ၊ သဒ္ဒါရုံစသော ရုပ်အာရုံ (၅) မျိုးသည်လည်းကောင်း၊ စိတ်၏မှီရာ စက္ခုဝတ္ထုစသော ဝတ္ထုရုပ်ငါးပါးတို့သည် လည်းကောင်း၊ စိတ္တက္ခဏ ၁၇-ချက်၊ သို့မဟုတ် ခဏငယ် ၅၁-ချက် သက်တမ်း ရှိကြကုန်၏။ ရူပါရုံစသော ရုပ်အာရုံများသည် ပြင်ပဗဟိဒ္ဓ၌ ဖြစ်ပျက်ကြ၍ စက္ခုပသာဒစသော ဝတ္ထုရုပ်တို့သည် ကိုယ်တွင်းအဇ္ဈတ္တ၌ ဖြစ်ပျက်နေကြသည်။ ခဏငယ်တစ်ချက်တိုင်း တစ်ချက်တိုင်း၌ ပြင်ပရုပ် (ဗဟိဒ္ဓရုပ်) များနှင့် ကိုယ်တွင်းရှိ ပသာဒဝတ္ထုရုပ် (အဇ္ဈတ္တိကရုပ်)များသည် တပြိုင်နက် ခဏတိုင်းခဏတိုင်း ဖြစ်ပေါ်လျက်ရှိကြသည်။ ထို့ဖြင့် ပြင်ပအာရုံရုပ်နှင့် အတွင်းပသာဒဝတ္ထုရုပ်တို့သည် ဖြစ်အတူ ပျက်အတူ ဥပါဒ်ပြိုင်ကြ၍ နောက်ဆုံးတွင် အတူတကွ တပြိုင်နက် ချုပ်ကြသည်။

**ဘဝင် - စိတ်စွမ်းအားဖြည့်ခြင်း၊ အနားယူခြင်း**

ဘဝတစ်ခု၏ ပဋိသန္ဓေနှင့် စုတိကြားကာလကို ပဝတ္တိကာလဟု ခေါ်ဆို ရသည်။ ပဝတ္တိကာလ၌ မြင်ခြင်း ကြားခြင်းစသော ဝီထိစိတ္တုပ္ပါဒ်များ မဖြစ်သည့်အချိန်၌ ဘဝင်စိတ်ဖြစ်ပေးရသည်။ အိပ်ပျော်နေသော အချိန် များ၌ ဘဝင်စိတ်ဖြစ်ပေးရသည်။ ဝီထိစိတ်တစ်ခုနှင့်တစ်ခုအကြား၌ ဘဝင်စိတ် များ ကြားခံဖြစ်ပေးရသည်။

ဘဝင်စိတ်စွမ်းအားရှိမှသာလျှင် ဝီထိစိတ်များ ထက်မြက်ကြသည်။ ဘဝင်စိတ်အားနည်းနေပါက ဝီထိစိတ်များ ထက်မြက်မှုမရှိချေ။ ထို့ကြောင့် ဘဝင်စိတ်အများအပြား အချိန်ကြာကြာ ဖြစ်စေခြင်းဖြင့် စိတ်စွမ်းအားကို ဖြည့်တင်းစုဆောင်းကြရသည်။ စိတ်စွမ်းအား နည်းပါးသူများမှာ ဝီထိစိတ္တုပ္ပါဒ် တစ်ခုနှင့်တခုကြား ဘဝင်များများ ခြားပေးရသည်။ စိတ်စွမ်းအား ထက်မြက်သူ များမှာမူ ဘဝင်သုံးကြိမ် လေးကြိမ်မျှ ခြားရုံဖြင့် စိတ်စွမ်းအား ပြန်လည်ပြည့် လာကာ ဝီထိစိတ္တုပ္ပါဒ်များ ဖြစ်နိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**အတီတဘဝင်**

ပြင်ပမှ ရုပ်အာရုံများသည် ကိုယ်တွင်းရှိ ပသာဒဝတ္ထုရုပ်တို့နှင့် ဥပါဒ်ပြိုင်၍ ဖြစ်လာသောအခါ ပြင်ပအာရုံရုပ်၏ အင်အားကောင်းမှု၊ အတွင်းပသာဒရုပ်၏ စွမ်းအားထက်မြက်မှုကို အကြောင်းပြု၍ အာရုံသည် ပသာဒဝတ္ထုရုပ်သို့ စိတ္တက္ခဏ တစ်ချက်လွန်ပြီးနောက် ထင်ဟပ်လာသည်။ ပြင်ပအာရုံဘက်မှ လည်းကောင်း၊ အတွင်းပသာဒ ဝတ္ထုရုပ်ဘက်မှ လည်းကောင်း အင်အားနည်းပါးပါက စိတ္တက္ခဏ နှစ်ချက်လွန်မှစ၍ ၁၅-ချက်လွန်ပြီးမှ အာရုံထင်လာနိုင်သည်။

ယင်းကဲ့သို့ အာရုံမထင်မီ လွန်သွားသော ဘဝင်စိတ်တစ်ခုကို အတီတ (အတီတ=လွန်လေပြီးသော) ဘဝင်ဟု ခေါ်ဆိုရသည်။ ပြင်ပရုပ်နှင့် အတွင်းရုပ်နှစ်ခုတို့သည် ဖြစ်ဆဲခဏ (ဥပါဒ်ခဏ)၌ အင်အားနည်းနေသေးသဖြင့် ပြင်ပရုပ်သည် အတွင်းပသာဒဝတ္ထုရုပ်သို့ ထင်ဟပ်နိုင်ခြင်းမရှိချေ။ ထို့ကြောင့် အနည်းဆုံး စိတ္တက္ခဏတစ်ချက် လွန်ပြီးမှသာလျှင် အာရုံသည် ဒွါရသို့ ထင်ဟပ်နိုင်သည်။

ပြင်ပအာရုံနှင့် အတွင်းဒွါရရုပ်(ပသာဒ)တို့သည် ဥပါဒ်ခဏ၌ တစ်ပြိုင်နက် ဖြစ်ခဲ့ကြ၍ ဘင်ခဏ၌လည်း တပြိုင်နက် ချုပ်ဆုံးကြသည်။ ပြင်ပအာရုံကသော်လည်းကောင်း၊ ဝီထိစိတ်၏ မှီရာ အတွင်းပသာဒရုပ် ကသော်လည်းကောင်း၊ ခဏငယ်တစ်ချက်စာမျှ အပိုအလို မရှိစေရ၊ တပြိုင်နက် ချုပ်ရသည်။ ရုပ်၏ သက်တမ်း ၁၇-ချက်ပြည့်သည့်အချိန်၌ ဝီထိစိတ္တုပ္ပါဒ်သည် လည်း ပြီးဆုံး၊ ကုန်ဆုံး၍ ဘဝင်ကျရမည်။ ဘဝင်စိတ်သာ ဆက်ဖြစ်ရမည်။

**မသိစိတ်နှင့် သိစိတ်**

ဘဝင်စိတ်များသည် လက်ရှိပစ္စုပ္ပန်ဘဝရှိ ပတ်ဝန်းကျင် ပြင်ပအာရုံများကို အာရုံပြုနိုင်စွမ်းမရှိခြင်းကြောင့် ပစ္စုပ္ပန်ဘဝ ပတ်ဝန်းကျင် ပြင်ပအာရုံများကို သိနိုင်စွမ်းမရှိချေ။ ထိုသို့သော မသိခြင်းကြောင့် ဤခေတ် စိတ်ပညာဆရာတို့က ဘဝင်စိတ်ကို မသိစိတ်ဟု နာမည်ပေးကြသည်။ ဗုဒ္ဓဒေသနာတော်အလိုအရ မသိစိတ်ဟူ၍ မရှိ၊ တစ်စုံတစ်ခုကို သိခြင်း သဘောကို စိတ်ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။ ထို့ကြောင့် စိတ်မှန်သမျှသည်

www.burmeseclassic.com

www.burmeseclassic.com



အာရုံတစ်ခုကို သိနေလေ့ရှိသည်။ "အာရုံမရှိ စိတ်မရှိ အာရုံရှိမှ စိတ်ရှိသည်" ဟူသော ဒေသနာတော်အရ ဘဝင်စိတ်များမှာလည်း သိစရာအာရုံတစ်ခုခု ရှိနေကြလေသည်။ ဘဝင်စိတ်များမှာလည်း အတိတ်ဘဝက မရဏာသန္န ဇောစိတ် အထံမှ အမွေဆက်ခံရရှိခဲ့သော ကုသိုလ်, အကုသိုလ်ကံ အာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံများအနက် တစ်ခုခုကို အာရုံပြု သိနေလျက် ရှိသည်။

စက္ခုဝိညာဏ်စသော ဝိညာဏ်စိတ်များနှင့် ဇောစိတ်များသည် ပစ္စုပ္ပန်ဘဝရှိ ပြင်ပအာရုံများကို သိရှိနေသဖြင့် "သိစိတ်"ဟု ဤခေတ် စိတ်ပညာဆရာတို့ ခွဲခြား၍ ခေါ်စမှတ်ပြုကြသည်။

သိစိတ်ဟုခေါ်သော ဝီထိစိတ်များ ဝိညာဏ်များသည် မသိစိတ် ဟုခေါ်သော ဘဝင်စိတ်မှပေါက်ဖွားလာခဲ့ကြသည်။ ထိုသိစိတ်များသည် ကောင်းမှု မကောင်းမှုများကို ပြုလုပ်ကြပြီးလျှင် ယင်းတို့၏ စွမ်းအင်များကို နောက်ဆက် တွဲဖြစ်ပေါ်လာသည့် ဘဝင်စိတ်များအတွင်းသို့ မြှုပ်နှံထားခဲ့ကြသည်။ ထို့ကြောင့် ဘဝင်စိတ်၏ အခြေအနေနှင့် စွမ်းရည်သည် ဝီထိစိတ်များ ဇောစိတ်များ၏ အစွမ်းကြောင့် တိုးတက်မှု၊ ဆုတ်ယုတ်မှုများ ပြောင်းလဲ ဖြစ်ပေါ်လျက်ရှိကြ သည်။ ဘဝင်စိတ်၏ စွမ်းအားကြောင့် ဝီထိစိတ်များ ထက်မြက်မှု၊ နုံ့နှေးမှု ကွာခြားနိုင်သကဲ့သို့ ဝီထိစိတ်ဇောစိတ်တို့၏ နောက်ဆက်တွဲ ဖြစ်ပေါ်ရသော ဘဝင်စိတ်များမှာလည်း အားငယ်ခြင်း၊ အားကြီးခြင်း၊ တုန်လှုပ်ချောက်ချားခြင်း များဖြစ်ရလေသည်။

## မနောတံခါးဖွင့်လှစ်ခြင်း

ကျွန်ုပ်တို့သည် အိပ်ပျော်နေသည့်အချိန်အခါ၌ သိမှတ်စရာအာရုံများ အထွေထွေ ဝင်ရောက်လာခြင်းမရှိစေရန် မနောတံခါးကို ပိတ်ထားလိုက်သည်။ အိပ်ပျော်ချိန်တွင် ပြင်ပမှ အာရုံများဝင်မလာစေရန် ရုပ်အဆင်းရူပါရုံမလာ စေရန် မီးရောင်ကို ပိတ်ပေးရသည်။ အလင်းရောင်ကို ကာထားရသည်။ အသံ သဒ္ဒါရုံမလာစေရန် တံခါးများပိတ်ခြင်း၊ အသံနှင့်ဝေးရာသို့ သွားရောက်နေ ထိုင်ခြင်း ပြုလုပ်ကြရသည်။ ကာယအထိအတွေ့ အာရုံကို နှိုးဆွတတ်သည့် ကြမ်းပိုးများ၊ ခြင်များ ကင်းဝေးအောင် ဖန်တီးရသည်၊ စိတ်ထဲ၌ဖြစ်ပေါ် တတ်

www.burmeseclassic.com

www.burmeseclassic.com



သည့် စိုးရိမ်ကြောင့်ကျမှုများ၊ ပူပန်မှုများ ၊ ဆန္ဒပြင်းပြမှုများကို ချိုးနှိမ်ဖယ်ရှား ပစ်ကြရသည်၊ ထိုကဲ့သို့ ပြင်ပမှလာရောက်၍ မနောတံခါး မခေါက်ကြစေရန် ကာကွယ်မှုများ ပြုလုပ် ပြီးမှ အိပ်စက်အနားယူကြရသည်၊ အိပ်ပျော်နေချိန်၌ ဘဝင်စိတ်တစ်မျိုးတည်း အတိတ်ဘဝက အာရုံ တစ်မျိုးတည်းကိုသာ သိနေလျက် ငြိမ်သက် အေးချမ်းစွာ အနားယူအင်အား ပြန်လည်ဖြည့်နေခြင်းဖြစ်သည်။ အနှောက်အယှက်မရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက် အနားယူပြီးသည့်အခါမှသာလျှင် ပြင်ပမှလာသော အာရုံငါးပါးနှင့် ကြံစည်မှု အတွင်းအာရုံများကို ရယူခြင်း ဆုံးဖြတ်မှတ်သားခြင်း ခံစားခြင်း ပြုလုပ်နိုင်လေသည်။

မနောတံခါး စတင်ဖွင့်လှစ်ပုံကို သိလိုပါက အိပ်ပျော်ရာမှ စတင်နိုးကြားသည့် အချိန်ကို ခွဲခြမ်းစိတ်ဖြာ၍ လေ့လာသုံးသပ်သင့်ပေသည်။

အိပ်ပျော်နေသူတစ်ဦးအား တစ်စုံတစ်ယောက်လာရောက်၍ တံခါးခေါက်နှိုးလာသည်ဆိုပါစို့ - ပထမ တစ်ချက် နှစ်ချက်ခေါက်သံကို လုံးဝမကြားလိုက်ချေ၊ ဒုတိယခေါက်သံကို ကြားမိသလိုလိုရှိလာသည်၊ တတိယခေါက်သံကိုမူ ပီပီပြင်ပြင် ကြားလာရသည်။

ပထမအကြိမ်တံခါးခေါက်သံသည် အိပ်နေသူ၏ နားဝသို့ ရောက်ရှိရိုက်ခတ်ရာ မနောတံခါးမှာ အသင့်မဖြစ်သေးသဖြင့် ထိုတံခါးခေါက်သံကို လုံးဝ မကြားလိုက်ရချေ၊ ထိုသို့ မကြားလိုက်သော်လည်း ဘဝင်စိတ်၌ အနည်းငယ်မျှ လှုပ်လက် ချောက်ချားမှုဖြစ်သွားခဲ့လေသည်၊ အိပ်ပျော်မှုအား အနှောက်အယှက်အနည်းငယ်မျှ ဖြစ်သွားလေသည်၊ ဤသို့ဖြစ်ရခြင်းမှာ တံခါးခေါက်သံ (အသံရုပ်)၏ သက်တမ်းအမှတ်စဉ်(၁၀) အရောက်မှာ (စိတ္တက္ခဏ ၁၀-ချက်လွန်ပြီးမှ)နားဝသို့ နောက်ကျစွာ ရောက်ရှိခြင်းကြောင့် မနောတံခါးကို ဖွင့်လှစ်နိုင်စွမ်းမရှိဘဲ ဘဝင်လှုပ်ရုံမျှသာလှုပ်၍ အသံအာရုံချုပ်ငြိမ်းသွားလေသည်၊ ဘဝင်ကျ၍ ဆက်လက်အိပ်ပျော်မြဲ အိပ်ပျော်သွားလေသည်။ အသံရုပ်၏ သက်တမ်း(စိတ္တက္ခဏ)နှစ်ချက်သုံးချက် လွန်ပြီးချိန်တွင် နားဝသို့ရောက်လာပါက ဘဝင်စိတ် ရပ်နားပြီး ဝီထိစိတ် ဖြစ်လာပေမည်။

www.burmeseclassic.com

www.burmeseclassic.com



**ပဥ္စဒွါရဝီထိ(၄)မျိုး**
**တံခါးငါးပေါက်၌ စိတ်ဖြစ်စဉ်လေးမျိုး အာရုံထင်ဟပ်ပုံ**

ပြင်ပရုပ်အာရုံငါးပါးကို အတိုက်ရုပ်ဟုခေါ်ဆို၍ ကိုယ်တွင်းရှိ အာရုံခံယူနိုင်သည့် ရုပ်အကြည်ဓာတ်(ပသာဒရုပ်)တို့ကို အခံဓာတ်ဟု ခေါ်ဆိုရသည်။

| ပဉ္စာရုံ (အတိုက်ဓာတ်) | ပဥ္စဒွါရရုပ် (အခံဓာတ်) |
|---|---|
| (က) အဆင်းရုပ် ＝ ရူပါရုံ | မျက်စိအကြည်＝ စက္ခုပသာဒရုပ် |
| (ခ) အသံရုပ် ＝ သဒ္ဒါရုံ | နားအကြည် ＝ သောတပသာဒရုပ် |
| (ဂ) အနံ့ရုပ် ＝ ဂန္ဓာရုံ | နှာခေါင်းအကြည်＝ဃာနပသာဒရုပ် |
| (ဃ) အရသာရုပ်＝ ရသာရုံ | လျှာအကြည် ＝ ဇိဝှါပသာဒရုပ် |
| (င) အတွေ့ထိရုပ်＝ ဖောဋ္ဌဗ္ဗာရုံ | ကာယအကြည်＝ ကာယပသာဒရုပ် |

ပြင်ပမှ အာရုံငါးပါးတို့သည် ကိုယ်တွင်းအဇ္ဈတ္တရှိအာရုံခံယူနိုင်သည့် တံခါးငါးပေါက်သို့ ဝင်ရောက်၍ ရုပ်အကြည်ငါးမျိုးအခံဓာတ်ကို လာရောက် ထင်ဟပ်ထိခိုက်လေသည်၊ သက်ဆိုင်ရာအာရုံသည် သက်ဆိုင်ရာ ဒွါရ၊ သက်ဆိုင်ရာ ပသာဒရုပ်သို့ အထက်တွင်ဖော်ပြထားသည့်အတိုင်း အစဉ် အတိုင်း ထင်ဟပ်လေသည်၊ ဓာတ်ခြင်းခိုက်မှု ဖြစ်ပွားစေသည်၊ ဤသို့ဖြစ်ခြင်း ကို ဒွါရ၌ အာရုံထင်ခြင်း၊ ပသာဒ၌ အာရုံထင်ခြင်းဟု ခေါ်ဆိုရသည်။

**ဥပါဒ်၊ ဌီ၊ ဘင်**

နာမ်တရားသည်လည်းကောင်း၊ ရုပ်တရားသည်လည်းကောင်း၊ ဖြစ်ပေါ်ခြင်း၊ ယာယီတည်ရှိခြင်း၊ ချုပ်ပျက်ခြင်းဟူ၍ အချိန်အခါ သုံးမျိုးရှိ လေသည်။ ပါဠိဘာသာအားဖြင့် ဖြစ်ခြင်းကို ဥပ္ပါဒ＝ဥပါဒ်-ဟုခေါ်ဆိုရသည်၊ ယာယီတည်ရှိခြင်းကို ပါဠိဘာသာအားဖြင့် ဌီတိ＝ ဌီဟုခေါ်ဆိုရသည်။ ချုပ်ပျက်ခြင်းကို ပါဠိဘာသာအားဖြင့် ဘင်္ဂ＝ဘင်ဟုခေါ်ဆိုရသည်၊ ယင်းအချိန် အခါ အခိုက်အတန့်ကို ခဏတစ်ခု (တိုတောင်းသော ကာလတစ်ခု)အဖြစ် သတ်မှတ်၍ ဖြစ်ဆဲခဏကို ဥပါဒ်ခဏ၊ တည်ဆဲခဏကို ဌီခဏ၊ ပျက်ဆဲ ခဏကို ဘင်ခဏ ဟုခေါ်ဆိုရသည်။ ထို့ကြောင့် ရုပ်နာမ်အသီးသီးတို့၌ ဥပါဒ် ခဏ၊ ဌီခဏ၊ ဘင်ခဏတို့ဟူ၍ ခဏသုံးမျိုးစီ ရှိကြသည်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**နာမ်တရား၏ သက်တမ်း**

စိတ်နှင့်စေတသိက် ပူးတွဲ၍ ဖြစ်အတူ ပျက်အတူ အတူတကွ ပူးတွဲ ဖြစ်ပျက်လေ့ရှိသည်၊ စိတ်၊ စေတသိက် နှစ်ခုပေါင်းကို နာမ်တရားဟု ခေါ်ဆိုရသည်၊ နာမ်တရားတစ်ခု၏ ဥပါဒ်ခဏ၊ ဌီခဏ၊ ဘင်ခဏ သုံးခုကို ခဏငယ်သုံးချက်ဟု ခေါ်ဆိုရစည်၊ ယင်းခဏငယ်သုံးချက်၏ စုစုပေါင်းအချိန် ကာလကို ခဏကြီးတစ်ချက်ဟု ခေါ်ဆိုရသည်၊ ခဏကြီးတစ်ချက်ကို စိတ္တက္ခဏတစ်ချက်ဟု ခေါ်ဆိုကြသည်။

သာမန်အားဖြင့် ရုပ်တို့၏ သက်တမ်းမှာ (ခဏကြီး ၁၇-ချက်) စိတ္တက္ခဏ(၁၇)ချက်မျှကြာအောင် တည်ရှိလေသည်။ ခဏငယ်အားဖြင့် ဆိုပါက ၁၇×၃=၅၁-ချက်မျှ သက်တမ်းရှိသည်။ ထို့ကြောင့် ရုပ်၏ သက်တမ်း သည် နာမ်၏ သက်တမ်း၏(၁၇)ဆဖြစ်သည်ဟု မိန့်ဆိုကြလေသည်။

**တစ်စက္ကန့် ကုဋေတစ်သိန်း**

ဗုဒ္ဓဒေသနာတော်အရ လက်ဖျက်တစ်တွက်၊ လျှပ်တစ်ပြက်ကာလ အတွင်း၌ ရုပ်တရားများ အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သည်ဟု ပြဆိုထားခြင်းကြောင့် တစ်စက္ကန့်အတွင်း၌ ဖြစ်ပျက်သွားသော နာမ်တရား များကို သိလိုပါက (ကုဋေတစ်သိန်း × ၁၇ = ၁၇၀၀၀၀၀၀၀၀၀၀၀) ကုဋေ ဆယ့်ခုနစ်သိန်း ဖြစ်ပေလိမ့်မည်။

**ခဏမစဲ တဖွဲဖွဲဖြစ်၍ ဥပါဒ်ပြိုင်ခြင်း၊ ဘင်ပြိုင်ခြင်း**


စိတ္တက္ခဏတစ်ခု၌ ဥပါဒ်၊ ဌီ၊ ဘင်ဟူ၍ ခဏငယ်သုံးချက်ရှိရာ ဥပါဒ်ခဏ၌လည်းကောင်း၊ ဌီခဏ၌လည်းကောင်း၊ ဘင်ခဏ၌လည်းကောင်း၊ ပြင်ပမှ အာရုံရုပ်များ၊ အတွင်း၌ ဒွါရရုပ်၊ ပသာဒရုပ်အကြည်များသည် မရပ်မစဲ တဖွဲဖွဲ ဖြစ်ပေါ်လျက်ရှိကြသည်။ ထို့ကြောင့် စိတ်တစ်ခု၏ ဥပါဒ်ခဏ၌ တပြိုင်နက်ဖြစ်ကြသော ပြင်ပရုပ်နှင့်အတွင်းရုပ်များ၊ ဌီခဏ၌ တပြိုင်နက် ဖြစ်ကြသော ပြင်ပရုပ်နှင့် အတွင်းရုပ်များ၊ ဘင်ခဏ၌ တပြိုင်နက်ဖြစ်ကြသော ပြင်ပရုပ်နှင့် အတွင်းရုပ်များရှိကြသည့်အနက် ရှေးဦးစွာ ဥပါဒ်ခဏ၌ ပြိုင်တူ ဖြစ်ပေါ်ကြသော အပြင်ရုပ်အတွင်းရုပ်များသည် (၁၇)ချက် မြောက်သော စိတ်၏ ဘင်ခဏ၌ ယှဉ်ပြိုင်၍ ချုပ်ပျက်ကြသည်။ အစဦးစိတ်၏ ဌီခဏ၌ ပြိုင်တူ ဖြစ်ပေါ်ကြသော အပြင်ရုပ်၊ အတွင်းရုပ်တို့သည် (၁၈)ခုမြောက်စိတ်၏

www.burmeseclassic.com



ဌီခဏသို့ ရောက်ရှိလျှင် ပြိုင်တူ ချုပ်ပျက်ကြသည်။ အစဦး စိတ်၏ ဘင်ခဏ၌ ဖြစ်ပေါ်ကြသော အပြင်ရုပ်၊ အတွင်းရုပ်တို့သည် (၁၈)ခုမြောက် စိတ်၏ ဥပါဒ်ခဏသို့ ရောက်ရှိလျှင် ပြိုင်တူ ချုပ်ပျက်ကြသည်။ ထိုကဲ့သို့ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေကြသည့် ရုပ်တရားများအနက် အစဦးစိတ်၏ ဥပါဒ် ခဏ၌ပြိုင်တူ ဖြစ်ပေါ်ခဲ့ကြ၍ (၁၇) ချက်မြောက် စိတ်၏ ဘင်ခဏ၌ ပြိုင်တူ ချုပ်ပျက်ကြမည့် ပြင်ပအာရုံ (အတိုက်)ရုပ်သည် အတွင်းပသာဒရုပ်အကြည် များသို့ ထင်ဟပ် ထိခိုက်မှသာလျှင် ဘဝင်စိတ် လှုပ်ရှား၍ မနောတံခါး ပွင့်လာ နိုင်လေသည်။ မသိစိတ်အစဉ်များ ပြတ်တောက်သွား၍ သိစိတ်များ ဖြစ်ပေါ် လာနိုင်လေသည်။ ထိုသို့ ပြိုင်တူဖြစ်၍ ပြိုင်တူပျက်ကြမည့် အတိုက်ရုပ်နှင့် အခံရုပ်၊ အပြင်ရုပ်နှင့် အတွင်းရုပ်၊ အာရုံနှင့် ဒွါရထင်ဟပ် ရိုက်ခတ်လာပုံကို အောက်ဖော်ပြပါ ပုံဇယားတွင် လေ့လာနိုင်ပေ သည်။

ဖြစ် အာရုံရုပ်(အတိုက်) ချုပ်




ဖြစ် ပသာဒ(ဒွါရ)ရုပ် (အခံ) ချုပ်

အစက်သုံးစက်မှာ ခဏငယ် သုံးချက်ကို ဖော်ပြသည်၊ အမှတ်စဉ် ၁-စိတ်၏ ဥပါဒ်ခဏ၌ ပြိုင်၍ ဖြစ်သော အာရုံနှင့် ဒွါရတို့သာလျှင် အတူ ဖြစ်ကြ၍ အမှတ်စဉ် ၁၇- စိတ်၏ ဘင်ခဏ၌ အတူချုပ်ကြ၍ စိတ္တက္ခဏ ၁၇-ချက်ကွက်တိ ဖြစ်သည်။ ယင်းကဲ့သို့ သက်တမ်းတူသော အာရုံရုပ်နှင့် ပသာဒ(ဝတ္ထု)ရုပ်တို့ အချင်းချင်း အာရုံထင်ဟပ်နိုင်သည်။

## အာရုံအားဖြင့်ဝီထိ (၆)မျိုး

အာရုံထင်မှု၊ အာရုံအားကြီးမှု၊ အားနည်းမှုကို အကြောင်းပြု၍ ပဉ္စဒွါရ၌ ဝီထိ (၄)မျိုးဖြစ်ရသည်။ မနောဒွါရ၌မူ အာရုံထင်ရှားမှု၊ မထင်ရှားမှုကို အကြောင်းပြု၍ ဝီထိ (၂)မျိုးဖြစ်ရသည်။ ၎င်းတို့မှာ -

www.burmeseclassic.com

www.burmeseclassic.com



၁။ အတိမဟန္တာရုံ - အလွန်အင်အားကြီးသောအာရုံ။
၂။ မဟန္တာရုံ - အင်အားကြီးသောအာရုံ။
၃။ ပရိတ္တာရုံ - အင်အားနည်းသောအာရုံ။
၄။ အတိပရိတ္တာရုံ - အလွန်အားနည်းသောအာရုံ။
၅။ ဝိဘူတာရုံ - ထင်ရှားသောအာရုံ။
၆။ အဝိဘူတာရုံ - မထင်ရှားသောအာရုံ။

<u>ရှင်းလင်းချက်</u>

- အတီတဘဝင်တစ်ချက်လွန်ပြီးမှ အာရုံထင်လာလျှင် အတိမဟန္တာရုံ ဝီထိ။
- အတီဘဝင်နှစ်ချက်လွန်ပြီးမှ အာရုံထင်လာလျှင် မဟန္တာရုံဝီထိ။
- အတီတဘဝင်လေးချက်မှ ကိုးချက်ထိ လွန်ပြီးမှ အာရုံထင်လာလျှင် ပရိတ္တာရုံ ဝီထိ။
- အတီတဘဝင် (၁၀)မှ (၁၅)ချက်အထိ လွန်ပြီးမှ အာရုံထင်လာလျှင် အတိ ပရိတ္တာရုံဝီထိ။

ဤဝီထိလေးပါးကို ဒွါရငါးပါး၌ ဖြစ်သောကြောင့် ပဉ္စဒွါရဝီထိ သို့မဟုတ် ပဉ္စဝိညာဏဝီထိဟု ခေါ်ဆိုရသည်။ မနောဒွါရ၌ အာရုံထင်ရှားလျှင် ဝိဘူတာရုံဝီထိဖြစ်၍ အာရုံမထင်ရှားလျှင် အဝိဘူတာရုံဝီထိဟု ခေါ်ဆို ရသည်။ ဝိဘူတာရုံဝီထိနှင့် အဝိဘူတာရုံဝီထိ ဤနှစ်မျိုးတို့သည် မနောဒွါရ ဝီထိမည်ကုန်၏။

**အတိမဟန္တာရုံ စက္ခုဒွါရ ဝီထိဖြစ်ပုံ**

အင်အားကောင်းသော ရူပါရုံကို အတိမဟန္တအာရုံဟု ခေါ်ဆိုရသည်။ အင်အားကောင်းသော ရူပါရုံသည် စက္ခုဒွါရ (မျက်စိတံခါးပေါက်)သို့ ထင်ဟပ်လာသည့်အခါ ဘဝင်စိတ်တစ်ချက်လွန်သွားသည်ကို အတီတဘဝင် ဟုခေါ်သည်။။ ထို့နောက် လှုပ်ရှားသော ဘဝင်(စလန- လှုပ်ခြားခြင်း) ဘဝင်္ဂစလန- စိတ္တက္ခဏ တစ်ချက်ဖြစ်ပျက်သည်။ ထိုနောက် ဘဝင်အယဉ် (ဘဝင်စိတ်အစဉ်)ကို ဖြတ်တောက်သော(ဘဝင်္ဂုပစ္ဆေဒ- ဘဝင်္ဂဥပစ္ဆေဒ- ဘဝင်ဖြတ်တောက်ခြင်း)စိတ်ဖြစ်ပေါ်သည်။ ယင်းဘဝင်စိတ်ကို ဘဝင်္ဂုပစ္ဆေဒ

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၏။ အပူအနွေး အအေးသဘောကို တွေ့ခြင်းသည် တေဇောဓာတ်ကို တွေ့ခြင်းဖြစ်သည်။ လှုပ်ရှားမှု၊ ငြိမ်သက်မှု၊ ထောက်ကန်မှု၊ တွန်းကန်မှုတို့ကို တွေ့ခြင်းသည် ဝါယောဓာတ်ကို တွေ့ထိခြင်းဖြစ်သည်။ အာပေါဓာတ်မှာမူ ယိုစီးခြင်းသဘော၊ ဖွဲ့စည်းခြင်းသဘောကို ပညာဉာဏ်ဖြင့် ထောက်ဆ၍သာ သိနိုင်သည်။ ကာယပသာဒ၊ ကာယအကြည်ဓာတ်ဖြင့် ထိတွေ့၍ မသိနိုင်၊ ထိတွေ့၍ မရစကောင်းချေ။ ထို့ကြောင့် ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဤဓာတ်သုံးပါးကိုသာ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ အာရုံဟု မှတ်သားထားရမည်ဖြစ်သည်။

## ဖောဋ္ဌဗ္ဗာရုံဓာတ်ကြီးသုံးပါး ဓာတ်တစ်ပါးချင်းသိနိုင်

ဖောဋ္ဌဗ္ဗာရုံဟု ဆိုရာ၌ ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဟူသော ဓာတ်ကြီးသုံးပါး ပါဝင်ကြသည်။ ကာယအကြည်ဓာတ်သို့ ထိတွေ့သည့်အခါ ထိသိစိတ် (ကာယဝိညာဏ်စိတ်) ဖြစ်ပေါ်လာသည်။ ယင်းထိသိစိတ်သည် မိမိဦးတည်ရာ ဓာတ်ကြီးတစ်ပါးကိုသာလျှင် သိနိုင်သည်။ သိလေ့ရှိသည်။ ဓာတ်သုံးပါးလုံးကို သိလေ့မရှိ။ ဥပမာ- အုတ်ခဲတစ်ခဲကို (ပူသလား၊ အေးသလား) သိချင်စိတ်ဖြင့် ထိတို့ကိုင်တွယ် စမ်းသပ်ရာ၌ အုတ်ခဲ၏ ပူခြင်းသဘော၊ အေးခြင်းသဘော တေဇောဓာတ်၏ လက္ခဏာကိုသာလျှင် သိပေလိမ့်မည်။ အုတ်ခဲ၏ မာသော သဘော၊ ပျော့သောသဘော ပထဝီဓာတ် ၏ လက္ခဏာကို သိလိမ့်မည် မဟုတ်ချေ။ တစ်ဖန် ရွှံ့ခဲတစ်ခဲကို (မာသလား၊ ပျော့သလား) သိလိုစိတ်ဖြင့် ကိုင်တွယ် စမ်းသပ်ကြည့်ရာ ပထဝီဓာတ်၏ မာခြင်း ပျော့ခြင်းလက္ခဏာကိုသာလျှင် သိပေလိမ့်မည်၊ ထိုရွှံ့ခဲ၏ ပူခြင်း၊ အေးခြင်း သဘောကို အာရုံမစူးစိုက်သဖြင့် သိလိမ့်မည်မဟုတ်ချေ။ အလားတူပင် သံချောင်းတစ်ချောင်းကို (ငြိမ်သက်နေသလော လှုပ်ရှားနေသလော) သိလိုစိတ်ဖြင့် ထိတို့ ကိုင်တွယ် စမ်းသပ်ကြည့်ရာ၌ လှုပ်ရှားခြင်း၊ ငြိမ်သက်ခြင်း ဟုဆိုအပ်သော ဝါယောဓာတ်၏ လက္ခဏာကိုသာလျှင် သိနိုင်ပေလိမ့်မည်။ ထိုသံချောင်း၏ မာခြင်းသဘော ပထဝီနှင့် ပူခြင်းအေးခြင်းသဘော တေဇောဓာတ်လက္ခဏာတို့ကို သိလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ဖောဋ္ဌဗ္ဗာရုံ၌ ပါဝင်သော ဓာတ်ကြီးသုံးပါးတို့သည် ကာယပသာဒ (ကာယဒွါရ) သို့ ထိခိုက်

www.burmeseclassic.com

www.burmeseclassic.com



ထင်ဟပ်လာရာ၌ ဓာတ်ကြီးသုံးပါးလုံး တစ်ပေါင်းတည်း တစ်စည်းတည်း၊ တပြိုင်နက်တည်း ထင်ဟပ်လာသော်လည်း ထိသိစိတ် ကာယဝိညာဏ်စိတ်သည် ဓာတ်ကြီးသုံးပါးလုံးကို မသိနိုင်ဘဲ ဓာတ်ကြီးတစ်ပါးချင်းကိုသာလျှင် သိနိုင်ပေလိမ့်မည်။

ဂေါစရရုပ် ဝိသယရုပ်

ရုပါရုံအစရှိသော အာရုံငါးပါးတို့သည် စိတ်စေတသိတ်နာမ်တရားတို့၏ လှည့်လည်သွားလာ ကျက်စားရာ ဌာနဖြစ်သောကြောင့် ဂေါစရရုပ်မည်၏။ (ဂေါစရဆိုသည်မှာ စားကျက်) ဟုဆိုလိုသည်။ တိရစ္ဆာန်များသည် မိမိတို့ စားနေကျနေရာ၌သာလျှင် ကျင်လည်ကျက်စားသွားလာလေ့ရှိသည်။ ယင်းတို့ အမြဲကျင်လည် ကျက်စားသောနေရာကို "စားကျက်" ဟုခေါ်သည်။ စိတ်စေတသိတ်တည်းဟူသော နာမ်တရားတို့သည်လည်း မိမိကျင်လည်ကျက်စားနေကျဖြစ်သော အာရုံငါးပါးတို့အပေါ်၌သာလျှင် အာရုံပြုလေ့ရှိသည်။ ထို့ကြောင့် အာရုံငါးပါးတို့သည် စိတ်စေတသိတ်တို့၏ "စားကျက်" ဖြစ်သောကြောင့် ဂေါစရရုပ်မည်၏။ စိတ်စေတသိတ်တို့၏ ဝပ်ကျင်း၊ တည်ရာဌာနဖြစ်သောကြောင့် ဝိသယရုပ်လည်းမည်၏။

ဘာဝရုပ်နှစ်ပါး

ဘာဝရုပ်ဆိုသည်မှာ အဖို အမ၊ အထီးအမ၊ ခွဲခြားသိသာထင်ရှားစေရန် ဖေါ်ပြသောရုပ်ဖြစ်သည်။ ယင်းဘာဝရုပ်၏ စွမ်းအားဖြင့် အဖိုအမတို့မှာ သဏ္ဌာန်၊ နိမိတ်လက္ခဏာ လုပ်ကိုင်ဆောင်ရွက် ပုံနှင့် အမူအရာ၊ ဤလေးမျိုးတို့ တွဲပြားခြားနားစွာ ဖြစ်ပေါ်လာကြသည်။ အဖိုသတ္တဝါများမှာ -

(က) ပုရိသလိင်္ဂ - ယောကျ်ားအသွင်သဏ္ဌာန်၊
(ခ) ပုရိသနိမိတ္တ - ယောကျ်ား နိမိတ်လက္ခဏာ၊
(ဂ) ပုရိသကုတ္တ - ယောကျ်ား ဝါသနာနှင့်အလုပ်၊
(ဃ) ပုရိသအာကပ္ပ - ယောကျ်ား အမူအရာ၊

ဤလေးမျိုးတို့ကို ထူးခြားတွဲပြားစွာ ဖြစ်လာကြသည်၊

www.burmeseclassic.com

www.burmeseclassic.com


အမသတ္တဝါများမှာ -

(က) ဣတ္ထိလိင် - မိန်းမအသွင်သဏ္ဍာန်၊
(ခ) ဣတ္ထိနိမိတ္တ - မိန်းမ နိမိတ်လက္ခဏာ၊
(ဂ) ဣတ္ထိကုတ္တ - မိန်းမ ဝါသနာနှင့်အလုပ်၊
(ဃ) ဣတ္ထိအာကပ္ပ - မိန်းမအမူအရာ၊

ဤလေးမျိုးတို့ ထူးခြားကွဲပြားစွာ ဖြစ်လာကြသည်။

## လိင် - အသွင်သဏ္ဍာန်

ပုရိသ ဘာဝရုပ်ကြောင့် ပုရိသလိင်ဟုခေါ်သော ယောကျ်ားအသွင်သဏ္ဍာန်ဖြစ်ပေါ်လာရသည်၊ ဣတ္ထိဘာဝရုပ်ဖြင့် ဣတ္ထိလိင်ဟုခေါ်သော မိန်းမအသွင် သဏ္ဍာန်များ ပေါ်ပေါက်လာရသည်။ အဖိုသတ္တဝါများမှာ ပုရိသဘာဝရုပ်နှင့် အရပ်အမောင်းမြင့်၍ ခြေလက်အင်္ဂါကြီးခြင်း၊ ခန့်ညားခြင်း၊ အသွင်သဏ္ဍာန်များနှင့် အဖိုအင်္ဂါ ဖြစ်ပေါ်လာသည်။ အမသတ္တဝါများမှာ ဣတ္ထိဘာဝရုပ်နှင့် ခြေလက်အင်္ဂါ သေးသွယ်ခြင်း၊ အရပ်အမောင်း နိမ့်ခြင်းနှင့် ဣတ္ထိလိင်ဟု ဆိုအပ်သော အမအင်္ဂါဖြစ်ပေါ်လာရသည်။

## နိမိတ္တ - နိမိတ်လက္ခဏာ

ဘာဝရုပ်၏စွမ်းအားကြောင့် အဖိုသတ္တဝါမှာ မုတ်ဆိတ် ကျင်စွယ်ပါရှိ၍ အမသတ္တဝါမှာ မုတ်ဆိတ်ကျင်စွယ် မပါချေ၊ အဖိုသတ္တဝါမှာ ရင်သားနှင့် တင်ပါးတို့ သေးငယ်၍ အမသတ္တဝါမှာ ရင်သားနှင့် တင်ပါးတို့ ကြီးထွားသည်။ အဖိုသတ္တဝါမှာ အသံကျယ်ကျယ်လောင်လောင်ရှိ၍ အမသတ္တဝါမှာ အသံသေးငယ်သည်။ ထို့ပြင် အဖိုနှင့်အမ ပြုံးရယ်ပုံခြင်း မတူကြချေ။ အဖိုမှာ ကျယ်လောင်စွာ ရယ်မော၍ အမမှာ ဖြေးညှင်း သတ်သာစွာ ရယ်မောလေ့ရှိသည်။

## တုတ္တ - အလုပ် (ဝါသနာနှင့်အလုပ်)

အဖိုနှင့်အမတို့မှာ ဘာဝရုပ်မတူညီမှုကြောင့် ဝါသနာနှင့် အလုပ်အကိုင်များ ကွဲပြားမှုတို့ တွေ့မြင်နိုင်သည်။ အဖိုသတ္တဝါများသည် ကြမ်းကြမ်းတမ်းတမ်း ခွန်အား စိုက်ထုတ်ရသော ကစားနည်းများနှင့် အလုပ်အကိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ကို နှစ်သက်ကြသည်၊ လက်ပန်းလုံးခြင်း၊ လက်ဝှေ့ထိုးခြင်း၊ သစ်ပင်တက်ခြင်း၊ ပြေးခုန်ပစ် ကစားနည်းများကို ဝါသနာပါကြသည်၊ ပြုလုပ်ကြသည်၊ အရွယ်ရောက်သောအခါ၌လည်း လှေထိုးလှော်တိုက်၊ သစ်ခုတ်၊ တောင်ယာလုပ်၊ ယွန်းယက်စိုက်ပျိုးခြင်း၊ ပန်းရံ၊ ပန်း၊ လက်သမားစသော ခွန်အားစိုက်ထုတ်ရသည့် လုပ်ငန်းများကို ဆောင်ရွက်လေ့ရှိကြသည်။

အမျိုးသမီးများမှာ ငယ်စဉ်အခါကပင် ဘန်းငယ်၊ စကောငယ်ဖြင့် ဈေးရောင်းတန်း ကစားခြင်း၊ အိုးပုတ်၊ ချိုးရုပ်တို့ဖြင့် ကစားခြင်း ပြုလေ့ရှိကြ၍ အရွယ်ရောက်သောအခါ၌လည်း အချက်အပြုတ်၊ အချုပ်အလုပ်၊ ဈေးရောင်း၊ ဈေးဝယ်လုပ်ငန်းများကို လုပ်ကိုင်လေ့ရှိသည်။ ဤသို့ ကွဲပြားရခြင်းမှာ ပုရိသဘာဝရုပ်နှင့် ဣတ္ထိဘာဝရုပ်တို့ကြောင့် ဖြစ်ရသည်။

## အာကပ္ပ - အမူအရာ

အဖိုသတ္တဝါများသည် အမူအရာ ကြမ်းတမ်းသည်၊ အထိုင်အထ၊ သွားလာလှုပ်ရှားပုံများမှာ အင်အားပါ၍ လျင်မြန်သွက်လက်သည်၊ အမသတ္တဝါများမှာ အမူအရာသိမ်မွေ့သည်၊ ညိမ်ညိမ်သက်သက် ညင်ညင်သာသာ သွားလာလှုပ်ရှားမှု ပြုကြသည်။

မိန်းမများမှာ ဝတ်စားဆင်ယင်မှု၊ အလှပြင်ဆင်မှု၌ ရွှတ်ရွှတ်ထွေးထွေး ရှိ၍ အမျိုးအမည် များပြားသည်၊ ယောကျ်ားများမှာမူ ဝတ်စားဆင်ယင်မှု အလှပြင်ဆင်မှု ပြုလုပ်ရာ၌ ရှင်းလင်းလွယ်ကူသည်၊ အမျိုးအမည်နည်းသည်။

ထို့ကြောင့် ဣတ္ထိဘာဝရုပ်နှင့် ပုရိသဘာဝရုပ်တို့၏ မတူ ထူးခြားမှုကို အခြေခံ၍ ယောကျ်ားတို့ အသွင်အပြင် ပုံပန်းလက္ခဏာ၊ ဝါသနာ၊ အလုပ်အကိုင်၊ အမူအရာနှင့် မိန်းမတို့၏ အသွင်အပြင် ပုံပန်းလက္ခဏာ၊ ဝါသနာ အလုပ်အကိုင် အမူအရာတို့ မတူ ထူးခြား ကွဲပြားမှု ဖြစ်ပေါ်ရလေသည်။

## မိန်းမ ယောကျ်ားဖြစ်ရန် အကြောင်းတံ

ကုသိုလ်ကံ အားကြီးသော သူများမှာ ယောကျ်ားဖြစ်လာရသည်၊ ကုသိုလ်ကံ အားနည်းသော သူများမှာ မိန်းမဖြစ်ကြရသည်၊ တိရစ္ဆာန်များမှာလည်း အလားတူဖြစ်ကြရသည်။ အထူးအားဖြင့် အတိတ်ဘဝများက

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ပါး မယားကို ပြစ်မှား ဖျက်ဆီးတတ်သော၊ သူတစ်ပါး သမီးပျိုကို ပြစ်မှား ဖျက်ဆီးတတ်သော သူများသည် ဤဘဝ၌ မိန်းမဖြစ်ကြရသည်။

## လိင်ပြောင်းခြင်း

ဤလက်ရှိဘဝမှာပင် ဣတ္ထိလိင်မှ ပုရိသလိင်သို့လည်းကောင်း၊ ပုရိသလိင်မှ ဣတ္ထိလိင်သို့ လည်းကောင်း ပြောင်းလဲတတ်ကြသည်။ မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ရဟန်းတစ်ပါးသည် ဣတ္ထိလိင် ပြန်၍ မိန်းမဖြစ်သွားကြောင့် ညတွင်းချင်းပင် ဘိက္ခုနီမကျောင်းသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ အလားတူပင် ဘိက္ခုနီမ တစ်ဦးသည် ပုရိသလိင် ပြန်၍ ယောက်ျားဖြစ်သွားသောကြောင့် ညတွင်းချင်းပင် ရဟန်းတော်များ နေထိုင်သည့် ကျောင်းတိုက်သို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ ကုသိုလ်ကံ တစ်ရှိန်ထိုးမြင့်တက်လာမှုကြောင့် မိန်းမဘဝမှ ယောက်ျားဘဝသို့ ပြောင်းခြင်းဖြစ်သည်။ အကုသိုလ်ကံ တဟုန်ထိုး များပြား နှိပ်စက်မှုကြောင့် ယောက်ျားဘဝမှ မိန်းမဘဝသို့ ပြောင်းလဲ ရသည်။ ဤခေတ်မှာလည်း မိန်းမ ယောက်ျား လိင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို သတင်းစာများတွင် ဖတ်ရှုရပေသည်။

## ယောက်ျားဖြစ်လိုသော အမျိုးသမီးများ

အမျိုးသမီးများ ယောက်ျားဖြစ်နိုင်ရန် လိုက်နာပြုကျင့်ရမည့် အချက်နှစ်ချက်ကို ဓမ္မပဒပါဠိတော် သောရေယျသေဋ္ဌေးသားဝတ္ထု၌ အောက်ပါအတိုင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။

(၁) ယောက်ျား ဘဝ ရလိုသော အမျိုးသမီးသည် မိမိလင်ယောက်ျားကို မယားဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက် လုပ်ကျွေးရမည်။

(၂) မိန်းမ ဘဝကို ရွံရှာမုန်းတီးသောစိတ်ဖြင့် ကုသိုလ်ပြုတိုင်း ယောက်ျား ဖြစ်ရပါလို၏ဟု ဆုတောင်းရမည်။

အမျိုးသမီးတစ်ဦးသည် ရှေးရှေးဘဝက အပြဟ္မစရိယာသိက္ခာပုဒ်ကို စောင့်ထိမ်းခဲ့၍ ကာမေသုမိစ္ဆာစာရကံကို မလွန်ကျူးဘဲ ကုသိုလ်ပြုတိုင်း ယောက်ျားဘဝဆုတောင်းနေပါက ယောက်ျားဖြစ်စေနိုင်သည် ကုသိုလ်ကံ အားကောင်းမှုကြောင့် ဣတ္ထိဘဝရုပ် ဆက်လက် မဖြစ်တော့ဘဲ ပုရိသ

www.burmeseclassic.com

www.burmeseclassic.com



ဘာဝရုပ် ပြောင်းလဲဖြစ်ပေါ်လာ၍ ဤဘဝမှာပင် မိန်းမဘာဝမှ ယောကျ်ား စင်စစ် ဖြစ်လာနိုင်ပေသည်။

မြတ်စွာဘုရားရှင် လက်ထက်တော်က သောရေယျ သေဋ္ဌေးသား သည် ရှုပနိကာယ် လွန်စွာတင့်တယ် သပ္ပါယ် အရှင်မဟာကစ္စည်း ရဟန္တာ မထေရ်မြတ်ကြီးကို "ငါ၏ ဇနီးမယား ဖြစ်ပါမူကောင်းလေစွ" ဟု စိတ်ဆန္ဒ တောင်းတမှုကြောင့် ချက်ချင်းပင် ယောကျ်ားဘဝမှ မိန်းမ ဘဝသို့ ရောက်လေ သည်။ တစ်ဖန် ပြန်လည်တောင်းပန်ကန်တော့သောအခါ ယောကျ်ားဘဝကို ပြန်လည်ရရှိသွား၍ ရဟန်းပြုသွားပါသည်။

## ဥဘတောဗျည်း

ဥဘတောဟူသည် နှစ်ခုကို ဆိုလိုသည်၊ ဗျည်းဆိုသည်မှာ ယောကျ်ား အင်္ဂါဇာတ်၊ မိန်းမအင်္ဂါဇာတ်ကို ဆိုလိုသည်။ ယောကျ်ားအင်္ဂါနှင့် မိန်းမအင်္ဂါ နှစ်မျိုးလုံးပါရှိသောသူကို ဥဘတောဗျည်းဟု ခေါ်ဆိုရသည်။ ကာမေသု- မိစ္ဆာစာရကံ များစွာလွန်ကျူးခဲ့၍ ကိလေသာ ပူလောင်မှု ပြင်းပြသောကြောင့် ဤကဲ့သို့ အင်္ဂါနှစ်မျိုးပါရှိလာခြင်းဖြစ်သည်။

ဥဘတောဗျည်းမှာလည်း ယောကျ်ား ဥဘတောဗျည်းနှင့် မိန်းမ ဥဘတောဗျည်းဟု နှစ်မျိုးရှိသည်။ မုတ်ဆိတ်၊ ကျောင်းစွယ်၊ ခြေလက်အင်္ဂါ၊ ကိုယ်ခန္ဓာ အရပ်အမောင်းထွားကြိုင်း၍ ယောကျ်ားအင်္ဂါဓါတ်သည် ပိုမို ပေါ်လွင်ထင်ရှား၍ မိန်းမအင်္ဂါဓါတ်သည် သေးသိမ်မှေးမှိန်နေပါက ယောကျ်ား ဥဘတောဗျည်းဖြစ်သည်။ ယောကျ်ားဥဘတောဗျည်းသည် အခြားမိန်းမ တစ်ဦးအား ကိုယ်ဝန်သန္ဓေပေးစွမ်းနိုင်၍ မိမိသည် ကိုယ်ဝန်သန္ဓေ မယူနိုင် ချေ။ ယင်းသည် ယောကျ်ားစိတ်ပေါက်နေသည့်အခါ ယောကျ်ားအင်္ဂါ ထင်ရှား ထွားကြိုင်းလာသည်။ မိန်းမစိတ်ပေါက်၍ အခြားယောကျ်ားတစ်ဦးနှင့် ဆက်ဆံ လိုသည့်အခါ ယောကျ်ားအင်္ဂါသည် သေးငယ်သွား၍ မိန်းမအင်္ဂါကြီးထွား ထင်ရှားလာသည်။

မိန်းမဥဘတောဗျည်းမှာ ပုံပန်းသဏ္ဌာန် အသွင်အပြင် ဟန်အမူအရာ များသည် မိန်းမအသွင်အပြင် ဟန်အမူအရာများသာ ဖြစ်သည်။ ယင်းသည် မိမိကိုယ်တိုင် ကိုယ်ဝန်သန္ဓေကို ဆောင်နိုင်၍ အခြားမိန်းမအားလည်း ကိုယ် ဝန်သန္ဓေပေးနိုင်သည်။ မိန်းမစိတ် လွန်ကဲလာသည့်အခါ မိန်းမအင်္ဂါထွားကြိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်ထင်ရှားလာ၍ ယောကျ်ားတစ်ပါးနှင့် ဆက်ဆံနိုင်သည်။ ယောကျ်ား စိတ်ဖြစ်ပေါ်လာသည့်အခါ မိန်းမအင်္ဂါသည် သေးသိန် မှေးမှိန်သွား၍ ယောကျ်ားအင်္ဂါသည် ကြီးထွားပေါ်လွင် ထင်ရှားလာသည်။

## နပုံးပဋ္ဌာန်

နပုံးပဋ္ဌာန်များမှာ မူလအစ ပဋိသန္ဓေနေစဉ်ကပင် ဣတ္ထိဘာဝရုပ် ဖြစ်စေ၊ ပုရိသဘာဝရုပ်ဖြစ်စေ ဘာဝရုပ်တစ်ခုမျှ မပါရှိလာသောကြောင့် ယောကျ်ား လိင်အင်္ဂါ၊ မိန်းမလိင်အင်္ဂါ တစ်ခုခုမျှ မပါရှိတော့ချေ။ ယောကျ်ား အင်္ဂါ၊ မိန်းမအင်္ဂါဖြစ်ရမည်နေရာ၌ ပြင်ညီချပ်ပိတ်ဖြစ်နေ၍ ဆီးသွားရန် အပေါက်ငယ်တစ်ခုသေးသေးမျှသာ ပါရှိလေသည်။ တစ်ချို့ နပုံးပဋ္ဌာန်များ သည် ယောကျ်ားအသွင် ဆောင်ယူထား၍ အမျိုးသမီးနှင့် လက်ထပ်ပြီးနောက် တွင် အမျိုးသမီးသည် အဖြစ်မှန်ကို သိ၍ ကွာရှင်းပေးရသည်။ အချို့မှာ မိန်းမအသွင်ကို ယူထား၍ အကြောင်းမှန်မသိသော ယောကျ်ားက လက်ထပ် ယူပြီးနောက် အကြောင်းမှန်ကို သိပြီး ကွာရှင်းကြရသည်။

နပုံးပဋ္ဌာန်ဖြစ်ရခြင်းမှာ ကိလေသာစိတ်လွန်ကဲ၍ အတိတ်ဘဝများ က ကာမေသုမိစ္ဆာစာရကံများစွာ ကျူးလွန်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ယင်းသည် ကိလေသာပူလောင်မှုကို ဖြေဖျောက်ရန် အင်္ဂါအစိတ်အပိုင်း မပါရှိသော်လည်း သာမန်ယောကျ်ားမိန်းမတို့ထက် အဆ ရာ၊ ထောင် သာလွန်၍ကိလေသာ ပူလောင်တတ်သည်။ ယင်းနပုံးပဋ္ဌာန်သည် ရှင်သာမဏေပြုခွင့် ရဟန်းပြုခွင့် မရှိချေ။

## ပဋ္ဌာန်ငါးမျိုး

ဤနေရာ၌ နပုံးပဋ္ဌာန်နှင့် စပ်လျဉ်း၍ ပဋ္ဌာန်ငါးမျိုးကို ပြဆိုပါဦး မည်။ ၄င်းတို့မှာ အောက်ပါအတိုင်း ငါးမျိုးရှိသည်-

(က) နပုံးပဋ္ဌာန် -
(ခ) အာသိတ္တပဋ္ဌာန်-
(ဂ) ဥဿူယပဋ္ဌာန် -

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ဩပက္ကမိကပဏ္ဍုက်-
(င) ပက္ခပဏ္ဍုက် -

ယင်းငါးမျိုးတွင် နပုံးပဏ္ဍုက်အကြောင်းကို ရှင်းလင်းပြဆိုပြီး ဖြစ်သည်။ အာသိတ္တ၏ အဓိပ္ပါယ်မှာ သွန်းလောင်းခြင်းဖြစ်သည်။ အခြား အမျိုးသားတစ်ဦးထံမှ သုတ်ရည်ကို မြိုသောက်ရမှ ကိလေသာပူပန်မှု အာသာပြေငြိမ်းသည်။ ပန်းစုပ်သူကို အာသိတ္တပဏ္ဍုက်ဟု ခေါ်သည်။ ဥဿူယ၏ အဓိပ္ပါယ်မှာ ငြူစူခြင်းဟု ဆိုလိုသည်။ သူတစ်ပါးကို ဖိုမဆက်စပ်နေသည်ကို ချောင်းမြောင်းကြည့်ရမှ ကိလေသာ ပူလောင်မှု အာသာပြေငြိမ်းသည်။ ဩပက္ကမိက၏ အဓိပ္ပါယ်မှာ တစ်စုံတစ်ခုသော ပယောဂကြောင့် ဝှေးစေ့အထုတ်ခံရသော သူဖြစ်သည်။ ရှေးခေတ်က ရှင်ဘုရင်များသည် မိန်းမဆောင်၊ အနောက်ဆောင် မိဖုရား မောင်းမမိဿံများကို အုပ်ချုပ်ရန်အတွက် အသက်(၄၀)ခန့်ရှိ အမတ်တစ်ယောက်ကို လခရိက္ခာဖေ၍ သဘောတူညီချက်ရယူပြီး ဆေးဆရာဖြင့် ဝှေးစေ့ထုတ်ပြီးနောက် (မိန်းမစိုး) စာနောက်ဝန် အဖြစ် ခန့်ထားလေ့ရှိကြသည်။

ပက္ခဆိုသည် လဆန်း (၁၅)ရက်၊ လဆုတ် (၁၅)ရက်ကို ပက္ခဟုဆိုလိုသည်၊ အချို့သော ပဏ္ဍုက်များသည် ယောကျ်ားတစ်လှည့် နပုံးပဏ္ဍုက်တစ်လှည့် (၁၅)ရက် တစ်ကြိမ် အပြောင်းအလဲ ဖြစ်တတ်သည်။ ယင်းသို့ ပြောင်းလဲတတ်သောသူကို ပက္ခပဏ္ဍုက်ဟု ခေါ်ဆိုရသည်။

## ဟဒယ ဝတ္ထုရုပ်

ဟဒယသဒ္ဒါသည် စိတ်ကိုလည်းကောင်း၊ နှလုံးသားကို လည်းကောင်း ဟောသည်၊ နှလုံးသားသည် ပဒုမ္မာကြာငုံကို အောက်သို့စောက် ထိုးဆွဲထားသည့် ပုံသဏ္ဌာန်ဖြင့် တည်ရှိသည်၊ နှလုံးသားအတွင်းပိုင်းသည် သပွတ်ခါးသီးတဲ့သို့ အခန်းငယ်များ၊ အကန့်များပါရှိသည်။ နှလုံးသား၏ အပြင်ဘက်၌မူ ချောမွေ့နေသည်။ နှလုံးသား၏ အတွင်းပိုင်း၌ ပုံးညက်စေ့ သဏ္ဌာန် အတွင်းငယ်ရှိသည်။ ယင်းတွင်းငယ်၌ တလက်ဆွန့်ခန့် မျှရှိသော သွေးများတည်ရှိနေသည် ဤပမာဏမှာ ငယ်ရွယ်သူများ၏ နှလုံးသားကို ရည်ရွယ်ပြဆိုခြင်းဖြစ်သည်။ အသက်အရွယ် ကြီးရင့်လာသောအခါ နှလုံးသား၏ အရွယ်ပမာဏ

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြီးထွားလာ၍ ယင်းနှလုံးသား အိမ်အတွင်းရှိသွေးများသည်လည်း ပိုမိုများပြားလာဖွယ်ရှိသည်။ယင်းနှလုံးအိမ်အတွင်း၌ ဟဒယဝတ္ထုရုပ်တည်ရှိသည်။ ယင်း ဟဒယဝတ္ထုရုပ်ကို မနောဓါတ်နှင့် မနောဝိညာဏဓါတ်ဟု ဆိုအပ်သော ဝိညာဏဓါတ်နှစ်ပါးတို့ မှီတွယ်ကြရသည်။ ဝိညာဏဓါတ် (၇)ပါးရှိရာ အောက်ပါအစီအစဉ်အတိုင်း ဝတ္ထုရုပ်များကို အမှီပြုကြရသည်၊ မှီတွယ်ရသည်-

| ဝိညာဏဓါတ် | ဝတ္ထုရုပ် |
|---|---|
| (က) စက္ခုဝိညာဏဓါတ် | စက္ခုဝတ္ထုရုပ် |
| (ခ) သောတဝိညာဏဓါတ် | သောတဝတ္ထုရုပ် |
| (ဂ) ဃာနဝိညာဏဓါတ် | ဃာနဝတ္ထုရုပ် |
| (ဃ) ဇိဝှါဝိညာဏဓါတ် | ဇိဝှါဝတ္ထုရုပ် |
| (င) ကာယဝိညာဏဓါတ် | ကာယဝတ္ထုရုပ် |
| (စ) မနောဓါတ် | ဟဒယဝတ္ထုရုပ် |
| (ဆ) မနောဝိညာဏဓါတ် | ဟဒယဝတ္ထုရုပ် |

**စိတ်သည် ဟဒယဝတ္ထုရုပ်ကို မှီသည်**

လောဘဇော၊ ဒေါသဇော၊ မောဟဇောအစရှိသော အကုသိုလ်ဇောစိတ်များနှင့် အလောဘဇော၊ အဒေါသဇော၊ အမောဟဇော ကုသိုလ်ဇောစိတ်များ ဖြစ်ပေါ်သည့်အခါ၌ နှလုံးသား အတွင်းရှိ နှလုံးသွေးကို မှီတွယ်ဖြစ်ပေါ်နေသော ဟဒယဝတ္ထုရုပ်ကို အမှီပြုကြသည်။ ထို့ကြောင့် ကြမ်းတမ်းသော လောဘဇော၊ ဒေါသဇောများ ဖြစ်ပေါ်လာသည့်အခါ မှီရာ ဟဒယဝတ္ထုရုပ်မှ တစ်ဆင့် နှလုံးသွေးနှင့် နှလုံးသားတို့ကို ပြင်းထန်စွာ ရိုက်ခတ်လေသည်။ တုန်လှုပ်စေသည်။ ကြောက်ခြင်း၊ လန့်ခြင်း၊ ဒေါသထွက်ခြင်း၊ ပြင်းစွာ တပ်မက်ခြင်းတို့ ဖြစ်သောအခါ နှလုံးသားသည် ပြင်းထန်စွာ တုန်လှုပ်ရသည်။ နှလုံးခုန်သည်။ ရင်တုန်သည်ဟုလည်း ဆိုကြသည်။

ခန္ဓာကိုယ် ခွန်အားစိုက်ထုတ်ရသည့် အလေးအပင်မခြင်း၊ အမြင့်သို့ တက်ခြင်း၊ အရှိန်အဟုန်ဖြင့် ပြေးခြင်း ပြုလုပ်ရာ၌ သက်ဆိုင်ရာ ခြေလက် အင်္ဂါများ အင်အားပြည့်ဖြိုးစေရန် နှလုံးမှ သက်ဆိုင်ရာ အင်္ဂါများသို့ သွေးများအလျှင်အမြန် လုံလုံလောက်လောက်ပို့ပေးရသည်။ ထို့ကြောင့် လက်ဖြစ်စေ၊ ခြေဖြစ်စေ အင်အားစိုက်ထုတ်ရာ၌ နှလုံးသားသည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်စွာ အင်အားစိုက်ထုတ်ရသည်။ ခြေလက်နှင့် လက်များ ခြေကုန် လက်ပန်းကျသကဲ့သို့ နှလုံးသားသည်လည်း အင်အားကုန်ခမ်းရလေ သည်။ နှလုံးသားအင်အားကုန်ခမ်းပြီး ရပ်ဆိုင်းသွားသဖြင့် သေဆုံးရမှုများ ရှိသည်။

မခံချိမခံသာ ဒေါသဖြစ်စရာ အကြောင်းအရာများနှင့် တွေ့ကြုံ တိုက်ဆိုင်၍ ဒေါသစိတ်များ ပြင်းပြင်းထန်ထန် ငါးမိနစ် သို့မဟုတ် ဆယ်မိနစ်ခန့် ဖြစ်ပွားပြီးနောက် နှလုံးသားသည် မောရ၍ ကျန်ရစ်တတ်သည်။ အလားတူပင် ကာမရာဂတပ်မက်စိတ်များ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ပြီး နောက်တွင်လည်း နှလုံးသားသည် မောပန်းကျန်ရစ်တတ်သည်။ ခြေလက် အင်္ဂါကိုယ်ခန္ဓာ အစိတ်အပိုင်းများ အင်အားစိုက်ထုတ်လှုပ်ရှားခြင်း မပြုပါ ဘဲလျက် ပြင်းထန်သော ဒေါသစိတ် ပြင်းထန်သော ကာမရာဂစိတ်များ ကြောင့် နှလုံးသားသည် အင်အားကုန်ခမ်း ပင်ပန်း နွမ်းနယ်တတ်သည်။ ထို့ကြောင့် နှလုံးရောဂါရှိသူများ (နှလုံးကြွက်သား အားနည်းသူများ) သည် ဒေါသပြင်းထန်လျှင်လည်းကောင်း၊ လွန်စွာဝမ်းနည်းလျှင်လည်းကောင်း၊ လွန်စွာဝမ်းသာလျှင်လည်းကောင်း နှလုံးကြွက်သားများ အင်အားကုန်ခမ်း ရပ်ဆိုင်း၍ သေဆုံးတတ်သည်။

တစ်ဖန် ကြည်လင်သော ကုသိုလ်ဇောစိတ်နှင့် သဒ္ဓါတရားထက် သန်မှုများကြောင့် နှလုံးသွေးသည် ကြည်လင်တောက်ပလ၍ နှလုံးကြွက် သားများ အင်အားပြည့်ဖြိုးကာ မမောနိုင် မပန်းနိုင်လုပ်ငန်းဆောင်ရွက်နိုင် ကြသည်ကို တွေ့ရပေသည်။ ထို့ကြောင့် ကုသိုလ်ဇောစိတ်များသည် နှလုံး သားကို အင်အားပြည့်ဖြိုးစေ၍ အကုသိုလ်ဇောစိတ်များသည် နှလုံးသားကို အင်အားကုန်ခန်းစေသည်။ မနောဓါတ်နှင့် မနောဝိညာဏ ဓါတ်ဟု ဆိုအပ် သော စိတ်များသည် ဟဒယဝတ္ထုရုပ်ကို အမှီပြုရသည်။ ဟဒယဝတ္ထုရုပ်သည် လည်း နှလုံးအတွင်းရှိ သွေးကို အမှီပြုရသည်။ နှလုံး သွေးသည်လည်း နှလုံးသားကို အမှီပြုရသည်။ ထို့ကြောင့် စိတ်လှုပ်ရှား သည့်အခါ စိတ်ပူလောင် သည့်အခါ ယင်း၏မှီရာ တည်ရာ ဟဒယဝတ္ထုရုပ် သည်လည်း လှုပ်ရှားရ သည်။ ပူလောင်ရသည်။ ယင်းဟဒယဝတ္ထုရုပ်၏ လှုပ်ရှားမှု ပူလောင်မှုသည် နှလုံးသွေးနှင့် နှလုံးသားကို လှုပ်ရှားစေသည်။ ပူလောင်စေသည်။ ယင်း ပူလောင်မှုကြောင့် နှလုံးရောဂါ ဖြစ်တတ်သည်။ ယင်းအာမှုသည် အဆုပ်

www.burmeseclassic.com

www.burmeseclassic.com


အတွင်းသို့ ရောက်ရှိသည့်အခါ အဆုပ်ရောဂါဖြစ် တတ်သည်။ ယင်းအပူသည် ဦးခေါင်းအတွင်းသို့ ရောက်ရှိသည့်အခါ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း စသော ရောဂါအမျိုးမျိုးကို ဖြစ်စေတတ် သည်။ လူသတ္တဝါများ ဖြစ်ပေါ်ခံစားကြရသော အနာရောဂါများအနက် ထက်ဝက်ကျော်မှာ စိတ်ပူလောင်မှုကြောင့် စိတ်ဆင်းရဲမှုကြောင့် စိတ်အား ငယ်မှုကြောင့် ဖြစ်ကြရသည်။

## စိတ်သည် ဦးနှောက်ကို အမှီပြုသလော

သိပ္ပံပညာရှင်များသည် အသိဉာဏ်ကို ဦးနှောက်က ထုတ်လုပ်ပေးသည်။ အသိဉာဏ် စဉ်းစားဉာဏ်သည် ဦးနှောက်ကို အမှီပြုရသည်။ ခက်ခဲနက်နဲသော ပြဿနာများကို ဖြေရှင်းရန် အကြံဉာဏ်ထုတ် စဉ်းစားရာ၌ ခေါင်းကိုက်သည်။ ခေါင်းခဲသည်ကို တွေ့ကြုံခံစားရသဖြင့် ဦးနှောက်ကို အသုံးပြု၍ စဉ်းစားရသည်ဟု ဆိုကြသည်။ ထို့ကြောင့် အသိဉာဏ်သည် ဦးနှောက်အတွင်း၌ ဖြစ်၍ ဦးနှောက်ကို အမှီပြုသည်ဟု ယူဆကြသည်။

စဉ်းစားခန်းထုတ်ရာ၌ ခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်း၊ ခေါင်းမကြည်ခြင်း ဖြစ်ရသည်မှာ ကြံစည်စဉ်းစားသည့် အချိန်အခါတွင် အသက်ရှူမှု၊ မမှန်ကန်ဘဲ အသက်ရှူတလှည့် မရှူတလှည့် ဖြစ်နေတတ်သည်။ ရံခါ အသက်ရှူသွင်းပြီးနောက် ကြာရှည်စွာ အသက်အောင့်ထား၍ "ဟင်းကနဲ" သက်ပြင်းမှုတ်ထုတ်တတ်သည်။ ခက်ခက်ခဲခဲ၊ လေးလေး နက်နက်၊ စဉ်းစားမိတိုင်း ဤသို့ဖြစ်တတ်သည်။ ရံခါ ပြဿနာ၏ အဖြေကို ရှာမရနိုင်သဖြင့် ကြာရှည်စွာ အသက်အောင့်ထားလေ့ ရှိသည်။ ဥပမာ- ကားမောင်းသူ တစ်ဦးသည် လူသေလောက်အောင် ကားတိုက်မှု ဖြစ်ပွား၍ လျော်စရာ ပိုက်ဆံကလည်း မရှိ၊ အားကိုးစရာ ဆွေမျိုးသားချင်း၊ ဆရာသမား၊ မိတ်ဆွေလည်းမရှိ၊ ထိုပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကြံစည်စဉ်းစားသည့် အခါ အဖြေမတွေ့နိုင်သဖြင့် မကြာခဏ သက်ပြင်းချလျက် မအိပ်နိုင် မစားနိုင် ခံစားနေရသည်။ ထိုအခါ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်းတို့သာမက နှလုံးတုန် ရင်ခုန်မောပန်းခြင်းများ ခံစားရမည်ဖြစ်သည်။ သောကမီး ပူလောင်မှု၊ ဒေါသမီး ပူလောင်မှု၊ (အချို့) ရာဂမီး ပူလောင်မှုတို့ကြောင့် နှလုံးသွေးပူလောင်၍ ယင်းသွေးသည် ကိုယ်လုံးသို့ ပျံ့နှံ့သွားကာ ကိုယ်တွင်းရှိ ကလီစာ အစိတ်အပိုင်းများ အနာရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြရသည်။ အဆုတ်နာ၊ အဆုတ်တင်ဆာ၊ အသဲနာ၊ လည် ချောင်းနာ၊ ခေါင်းကိုက်ရောဂါ၊ သွေးတိုးရောဂါ စသည်တို့ ဖြစ်တတ်ကြသည်။ ထိုကြောင့် စိတ်ပူလောင်မှု၊ စိတ်ယောက်ယက်ခတ်မှုကြောင့် ခေါင်းနောက်၊ ခေါင်းရှုတ်၊ ခေါင်းမူးရုံ သာမက ဝမ်းတွင်းကလီစာအားလုံး ထိခိုက်နိုင်သဖြင့် စိတ်ပူလောင်ခြင်းကြောင့် နှလုံးသွေးပူလောင်သည်။ နှလုံးသွေးပူလောင်မှုကြောင့် တကိုယ်လုံးသို့ အပူကူးစက်သွားသည်ကို တွေ့နိုင်ပေသည်။

## ကိုယ်အင်္ဂါအစိတ်အပိုင်းများ အသုံးပြု၍ စဉ်းစားခြင်း

စိတ်သည် အတိတ်မှ အဖြစ်အပျက်များကို ပြန်လည်စဉ်းစားခြင်း၊ အနာဂါတ်တွင်ပြုလုပ်မည့် ကိစ္စများကို အကြံဉာဏ်ထုတ်ခြင်းပြုလုပ်ရာ၌ သက်ဆိုင်ရာ ကိုယ်ခန္ဓာ အစိတ်အပိုင်းနှင့် ဆက်စပ်၍ စဉ်းစားလေ့ရှိသည်။ ခြေထောက်ဖြင့် ပြုလုပ်ရမည့် ကိစ္စများကို စဉ်းစားသည့်အခါ ခြေထောက်၌ စိတ်ထည့်၍ စဉ်းစားလေ့ရှိသည်။ ဥပမာ-ဘောလုံးသမားတစ်ယောက်သည် ဘောလုံးကန်စဉ်က တွေ့ရှိခဲ့ရသော အတွေ့အကြုံများကို ပြန်လည် စဉ်းစားရာ၌ လည်းကောင်း၊ လာမည့် ဘောလုံးပွဲအကြောင်းကို ကြိုတင်စဉ်းစားရာ၌ လည်းကောင်း ခြေထောက်ထဲ၌ စိတ်ရောက် နေတတ်သည်။ တစ်ခါတစ်ရံ ခြေထောက်သည် ဘောလုံးကန်သကဲ့သို့ ဖြစ်သွားတတ်သည်။ ကားမောင်းတတ်သူတစ်ဦးသည် မိမိကိုယ်တိုင် မမောင်းပဲ ယာဉ်မောင်းဘေး၌ ထိုင်လိုက်ရသည့်အခါ ကားရှေ့တွင် လူတစ်ယောက် ဖြတ်ပြေးသည်ကို မြင်ရပါက ထိုသူ၏ ခြေထောက်သည် အလိုအလျောက် ဘရိတ်နင်းသကဲ့သို့ ဖြစ်ရတတ်သည်။ လက်ဝှေ့သမားတစ်ဦးသည်လည်း လက်ဝှေ့အကြောင်းကို စဉ်းစားသည့်အခါ သူ၏စိတ်သည် လက်သီးထဲသို့ ရောက်နေတတ်သည်။

အလားတူပင် အမြင်အာရုံနှင့် ပတ်သက်သောအကြောင်းအရာများကို စဉ်းစားသည့်အခါတွင်လည်း စိတ်သည် မျက်စိ၌လည်းကောင်း မျက်စိနှင့် ဆက်စပ်နေသော ဦးနှောက်အစိတ်အပိုင်း၌ လည်းကောင်း ဆက်စပ်ပျံ့နှံ့ ရောက်ရှိနေလိမ့်မည်။ အကြားအာရုံနှင့် ပတ်သက်သော အကြောင်းအရာများကို စဉ်းစားသည့်အခါ နား၌လည်းကောင်း၊ နားနှင့် ဆက်စပ်နေသော ဦးနှောက်အစိတ်အပိုင်း၌ လည်းကောင်း ဆက်စပ်ပျံ့နှံ့ ရောက်ရှိနေ ပေလိမ့်မည်။ အနံ့နှင့် ပတ်သက်စဉ်းစားသောအခါ နှာခေါင်း၌

www.burmeseclassic.com

www.burmeseclassic.com


လည်းကောင်း၊ နှာခေါင်းနှင့် ဆက်စပ်နေသော ဦးနှောက်အစိတ်အပိုင်း၌ လည်းကောင်း၊ စိတ်သည် ဆက်စပ်ပျံ့နှံ့နေလိမ့်မည်။ အရသာနှင့် ပတ်သက် စဉ်းစားသောအခါ လျှာ၌လည်းကောင်း၊ လျှာနှင့်ဆက်စပ်နေသော ဦးနှောက် အစိတ်အပိုင်း၌လည်းကောင်း စိတ်သည် ဆက်စပ်ပျံ့နှံ့ ရောက်ရှိနေပေ လိမ့်မည်။ အတွေ့အထိအာရုံနှင့် ပတ်သက်၍ စဉ်းစားသောအခါ သက်ဆိုင် ရာ ကိုယ်ကာယ အစိတ်အပိုင်း၌လည်းကောင်း၊ ကိုယ်ကာယနှင့် ဆက်စပ်နေ သော ဦးနှောက် အစိတ်အပိုင်း၌လည်းကောင်း စိတ်သည် ဆက်စပ်ပျံ့နှံ့ ရောက်ရှိနေပေလိမ့်မည်။ စိတ်ရောက်သွားသည့် ခန္ဓာကိုယ် အစိတ်အပိုင်းသို့ နှလုံးမှ သွေးများ အလုံအလောက် အထူးပို့ပေးနေရသည်။

ဆိုလိုသည်မှာ စိတ်သည် မြင်စရာအာရုံနှင့် ပတ်သက်၍ စဉ်းစား သည့်အခါတွင် မြင်မှုဆိုင်ရာ အင်္ဂါအစိတ် အပိုင်းများကို အသုံးပြု၍ စဉ်းစား ဆင်ခြင်လေသည်။ အိပ်မက်မက်နေသူ တစ်ဦး၏ မျက်စိကိုလေ့လာကြည့် ရာ၌ မျက်စိပိုင်းဆိုင်ရာ အာရုံကြောများသည် လှုပ်ရှား ထကြွနေသည်ကို တွေ့ရှိရသည် ဟုဆိုကြသည်။အလားတူပင် အသံအာရုံနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားသည့်အခါ နားနှင့်ဆိုင်ရာအင်္ဂါ အစိတ်အပိုင်း များကို အသုံးပြုလေသည်၊ အရသာနှင့် ဆိုင်သည့်အာရုံကို ဆင်ခြင်စဉ်းစားသည်အခါ လျှာနှင့်ဆိုင်ရာ အင်္ဂါအစိတ်အပိုင်များကို အသုံးပြု၍ စဉ်းစားလေသည်။ ထို့ကြောင့် သံပုရာသီး ရှောက်သီးစသော အချဉ်အရသာကို စဉ်းစားသည့်အခါ လျှာအကြော၊ ပါးအကြောများလှုပ်ရှားလာ၍ သွားရည်များထွက်လာသည် ကိုတွေ့ရပေသည်။ အထူးအားဖြင့် ဖိုမတို့၏ ကာမရာဂကိစ္စကို စဉ်းစားသည့် အခါတွင်လည်း သက်ဆိုင်ရာ အင်္ဂါအစိတ်အပိုင်းများ နိုးကြားထကြွ လှုပ်ရှား လာသည်ကို တွေ့နိုင်ပေသည်၊ စိတ်ရောက်သည့် ခန္ဓာကိုယ် အစိတ်အပိုင်း များသို့ နှလုံးမှ သွေးများ အထူးပြု ပို့လွှတ်နေရသည်၊

ထို့ကြောင့်စိတ်သည် တစ်နေရာတည်း၌ ရပ်တည်၍ အာရုံခံစားခြင်း စဉ်းစားဆင်ခြင်ခြင်းတို့ကို ပြုလုပ်သည် မဟုတ်ချေ၊ နှလုံးသားအတွင်းရှိ ဟဒယဝတ္ထုကို အမှီပြု၍ ဗဟိုချက်ပြု၍ သက်ဆိုင်ရာ အာရုံခံယူသည့် အစိတ်အပိုင်းသို့ ဆန့်ထုတ် ဖြန့်ထုတ်၍ ကိစ္စပြီးမြောက်အောင် ဆောင်ရွက် လေသည်၊ အကြောင်းမူ နှလုံးမှသွေးသည် တစ်ကိုယ်လုံးသို့ ပျံ့နှံ့လှည့်ပတ် လျက်ရှိသဖြင့် နှလုံးသွေးကိုမှီသော ဟဒယဝတ္ထုရုပ်သည်လည်း လိုအပ်သည့်

www.burmeseclassic.com

www.burmeseclassic.com



အခါ လိုအပ်သည့်နေရာသို့ ဖြန့်ထုတ် ဆက်သွယ်နိုင်သည့်သဘောရှိသည်။ ဝိထိစိတ်များကို လေ့လာရာ၌ စက္ခုပသာဒရုပ်ကို အမှီပြုသော စက္ခုဝိညာဏ်စိတ်သည် မျက်စိသူငယ်အိမ် အတွင်းစက္ခုပသာဒ၌ ဖြစ်ပေါ်သည်၊ ယင်း စက္ခုဝိညာဏ်စိတ်၏ ရှေ့၌ ဖြစ်ပေါ်ခဲ့သော ဘဝင်စိတ်နှင့် အာဝဇ္ဇန်း စိတ်တို့သည် ဟဒယဝတ္ထုကို အမှီပြုကြသည်။ ယင်း စက္ခုဝိညာဏ်စိတ်၏ နောက်၌ ဖြစ်သော သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောစသောနောက်စိတ်များသည် ဟဒယဝတ္ထုကိုအမှီပြုကြသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ တံခါးပေါက်ကို ဖွင့်ပေးတတ်သော စိတ်ဖြစ်သည်၊ မြင်စရာအာရုံတစ်ခုသည် မျက်စိသူငယ်အိမ်သို့ ထင်ဟပ်လာသည့်အခါ နှလုံးအိမ်အတွင်း၌ ကိန်းဝပ်ဖြစ်ပေါ်နေသော ဘဝင်စိတ်အစဉ်သည် ပြတ်တောက်သွား၍ ပဉ္စဒွါရာဝဇ္ဇန်းဟုခေါ်သော အာဝဇ္ဇန်းစိတ်သည် ဟဒယဝတ္ထုကိုမှီလျက် မျက်စိတံခါးပေါက်ဆီသို့ စိတ်ကိုဦးတည်ပေးလိုက်သည်၊ ဝါ၊ မျက်စိတံခါးကို ဖွင့်ပေးလိုက်သည်။ ထိုအချိန်မှာ နှလုံးအိမ်အတွင်းရှိ ဟဒယဝတ္ထုသည် မျက်စိတံခါးပေါက်သို့ ရောက်အောင် သွေးကြောမှတဆင့် ဆက်သွယ်ပေးရမည်၊ စက္ခုဝိညာဏ်စိတ်က မြင်လိုက်သော ရူပါရုံကို သမ္ပဋိစ္ဆိုင်းစိတ်သည် လက်ခံရယူ၍ နှလုံးအိမ်ဘက်ဆီသို့ ပြန်လည် ဦးတည်ရမည်၊ အလားတူပင် နားဖြင့်အသံကိုကြားခြင်း၊ နှာခေါင်းဖြင့် အနံ့ကိုသိခြင်း၊ လျှာဖြင့် အရသာကို သိခြင်းဟုဆိုအပ်သော သောတဝိညာဏ်စိတ်၊ ဃာနဝိညာဏ်စိတ်၊ ဇိဝှါဝိညာဏ်စိတ်တို့ ဖြစ်ပေါ်သည့်အခါ၌လည်း ဟဒယဝတ္ထုကို မှီသော အာဝဇ္ဇန်းစိတ်သည် သက်ဆိုင်ရာနေရာသို့ ဦးတည်ပြီး တံခါးကို ဖွင့်ပေးရပေလိမ့်မည်၊ ယင်းဝိညာဏ်စိတ်တို့က ရယူလိုက်သော သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ တို့ကို သမ္ပဋိစ္ဆိုင်းစိတ်သည် လက်ခံရယူ၍ ဟဒယဝတ္ထု၏ ဇာတိချက်ဖြစ်သော ဟဒယဝတ္ထု နှလုံးသားသို့ ပြန်လည် ရောက်ရှိလာရသည်။ ဤကဲ့သို့ ဟဒယဝတ္ထုသည် လိုအပ်သည့် ခန္ဓာကိုယ်အစိတ်အပိုင်း ဒွါရတံခါးပေါက်ဆီသို့ လိုအပ်သည့်အခါ သွေးလမ်းကြောင်းတစ်လျှောက် ဆန့်ထုတ်ဖြန့်ထုတ်ဆက်သွယ်၍ မလိုသည့်အခါ နှလုံးအိမ်အတွင်း၌ ကိန်းဝပ်တည်နေခြင်း ဖြစ်လေသည်၊ သို့ရာတွင် ဟဒယဝတ္ထုရုပ်နှင့် စက္ခုဝတ္ထုရုပ်၊ သောတဝတ္ထုရုပ် စသည်တို့ ဆက်စပ်ဆက်နွယ်မှုမှာ နေရာရွေ့လျားခရီးသွားလာသည့် သဘောမျိုး မဟုတ်

www.burmeseclassic.com


ချေ၊ သံလိုက်စက်ကွင်း၊ သံလိုက်နယ်ပယ် တစ်ခုကဲ့သို့ ဓာတ်ကူး ဓာတ်ဆက်ခြင်း သဘောဖြစ်သည်။ ဤအဓိပ္ပါယ်ကို ပင့်ကူဥပမာဖြင့် ပြလေ့ ရှိကြသည်။ ပင့်ကူတစ်ကောင်သည် ပိုက်ကွန်ယက်ကို ယက်လုပ် ဖြန့်ထား၍ အလယ်ဗဟိုတွင်ဝပ်နေသည်၊ ယင်ကောင်စသော ပိုးကောင်ငယ် တစ်ခုခုသည် ပင့်ကူပိုက်ကို အစွန်အဖျား တစ်နေရာ၌ တိုးမိတိုက်မိ၍ ငြိကပ်နေသောအခါ ပင့်ကူသည် ထိုယင်ကောင်ရှိရာသို့ သွားရောက်၍ အဆီအသားကို ဖေါက်စားပြီးနောက် အလယ်ဗဟိုချက်သို့ ပြန်လာပြီး ဝပ်နေလေ တော့သည်။ အလားတူပင် စိတ်ဝိညာဏ်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ စသော ဒွါရငါးခုသို့ ထင်ဟပ်လာသော အာရုံကို သွားရောက်ဖမ်းယူ၍ အရသာခံယူ စားသုံးပြီး သောအခါ နှလုံးအိမ်အတွင်းရှိ ဟဒယဝတ္ထုသို့ ပြန်လာ၍ ဘဝင်စိတ်အဖြစ်ဖြင့် ငြိမ်သက်စွာ ဝပ်နေလေတော့သည်။ ဤကဲ့သို့ ပင့်ကူမျှင်များ ကွန်ယက်သဖွယ် ဖြန့်ထားပုံနှင့် တံခါးပေါက် (ဒွါရ) ငါးခုနှင့် နှလုံးအိမ်ရှိ ဟဒယဝတ္ထုတို့ ဆက်စပ်မှု ဆက်နွယ်မှုရှိနေကြောင်း၊ ဤသို့ရှိ နေခြင်းကြောင့်သာလျှင် မျက်စိ၊ သို့မဟုတ် နားစသည်တို့ အာရုံထင်လာမှု ကြောင့် နှလုံးအိမ်အတွင်းရှိ ဘဝင်စိတ်သည် တုန်လှုပ်ရကြောင်းကို ပင့်ကူ ဥပမာဖြင့် ပြလေ့ရှိကြသည်။

## ဇီဝိတရုပ်

ဇီဝ=အသက်၊ ဇီဝိတ= အသက်ရှင်အောင် ထိန်းသိမ်း စောင့်ရှောက်ပေးသောရုပ်။

စက္ခုပသာဒ မျက်စိအကြည်ဓာတ်၊ သောတပသာဒ နားအကြည်ဓာတ်၊ ဃာနပသာဒ နှာခေါင်းအကြည်ဓာတ်၊ အစရှိသော ပသာဒရုပ်၅-ပါး၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝရုပ်၊ ဟဒယဝတ္ထုရုပ်တို့သည် ကံကြောင့်ဖြစ်သောရုပ်များ (ကမ္မဇရုပ်များ) ဖြစ်ကြသည်။ ယင်း ကမ္မဇရုပ်များကို သတ်မှတ်ထားသည့် သက်တမ်းကာလအတွင်း အသက်ရှင်နိုင်စေရန် ဤဇီဝိတရုပ်က ထိန်းသိမ်း စောင့်ရှောက်ပေးသည်။ ထို့ကြောင့် ဇီဝိတရုပ်သည် ကမ္မဇရုပ်တို့၏ အသက်ဖြစ်သည်။ ကမ္မဇရုပ်တို့ကို အသင်ရှင်အောင် ထိန်းသိမ်းစောင့်ရှောက်ရာ၌ ပိုင်နိုင်ခြင်း၊ ပိုင်စိုးခြင်းကြောင့် ဣန္ဒြိယရုပ်ဟု ခေါ်ဆိုရသည်။ ဇီဝိတနှင့် ဣန္ဒြေကို တွဲစပ်၍ ဇီဝိတိန္ဒြေရုပ်ဟု ခေါ်ဆိုရသည်၊ ရုပ်တို့၏ အသက်ကို ဇီဝိတိန္ဒြေရုပ်ဟု ခေါ်ဆိုရ၍ နာမ်တရားတို့၏ အသက်ကို ဇီဝိတိန္ဒြေစေတသိက်ဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ ကွာဝေးသော ရှေးဘဝများက ပြုလုပ်ခဲ့သော ကုသိုလ်ကံ၏ အစွမ်းကြောင့် မျက်စိ၊နား၊ နှာခေါင်း စသော ပသာဒရုပ်များ ကမ္မဇရုပ်များဖြစ်ပေါ်ကြရာ၌ အကြောင်းဖြစ်သော ကံတရားနှင့်အကျိုးဖြစ်သော ရုပ်တရားတို့သည် အလှမ်းကွာဝေးလျက်ရှိသောကြောင့် အကြောင်းကံတရားသည် ကမ္မဇရုပ်တို့ကို ဖြစ်ပေါ်ရုံမျှသာ တာဝန်ယူသည်၊ တာဝန်ခံသည်။ ယင်းကမ္မဇရုပ်တို့၏ အသက်ရှင်မှုကို ကံတရားက တာဝန်မယူနိုင်ချေ။ မိခင်ရင်း ကွယ်လွန်သွားသည့် မိတဆိုး ကလေး ငယ်ကို နို့ထိန်းက တာဝန်ယူ စောင့်ရှောက်ရသကဲ့သို့ ကမ္မဇရုပ်တို့၏ မူလ မိခင်ရင်းနှင့် တူသောကုသိုလ် ကံသည် အတိတ်ဘဝက ချုပ်ငြိမ်းခဲ့ပြီဖြစ်၍ ဤဇီဝိတရုပ်သည် နို့ထိန်းသဖွယ် ထိန်းသိမ်းစောင့်ရှောက်ပေးရမည်။ ဤ ဇီဝိတရုပ်သည်သာလျှင် ကမ္မဇရုပ် တို့ကို အသက်ရှင်စေရန် တာဝန်ယူ စောင့်ရှောက်ပေးသည်။

## တကိုယ်လုံး၌ ပျံ့နှံ့သော ရုပ်များ

ဘော၊ ပသာဒ၊ လောဟိတ၊ ဇီဝ၊ သည်းခြေ၊ သုက်

ဣတ္ထိဘာဝ၊ ပုမ္ဘာဝဟုခေါ်သော ဘာဝရုပ်၊ ကာယပသာဒရုပ်၊ လောဟိတ ဟုခေါ်သော သွေး၊ ဇီဝဟုခေါ်သော ဇီဝိတရုပ်၊ သည်းခြေရည်၊ သုက်သွေး၊ ဤရုပ်(၆)မျိုးတို့သည် အရေပြား အပြင်ဘက်သို့ ထွက်နေသော ခြေသည်း၊ လက်သည်း၊ ဆံပင်၊ အမွေးတို့မှအပ တကိုယ်လုံး၌ ပျံ့နှံ့တည်ရှိနေသည်။

## အာဟာရရုပ်

သတ္တဝါများ စားမျိုလိုက်သောအစာသည် ဝမ်းတွင်းသို့ ရောက်ရှိ၍ ခန္ဓာကိုယ်အား အထောက်အပံ့ ပြုနိုင်သော အဆီ အစေး ဩဇာဓာတ်ကို အာဟာရရုပ်ဟုခေါ်သည်။ သတ္တဝါတို့ စားမျိုလိုက်သော အစာသည် အရည်ဖြစ်၍ သွေးသားအတွင်းသို့ ရောက်ရှိပြီး သွေးသားကို ထောက်ပံ့သည့် ဩဇာကိုသာလျှင် အာဟာရရုပ်ဟု ခေါ်ဆိုရသည်။ ထိုကဲ့သို့ စားမျိုခြင်း မပြုရသော ပြင်ပဗဟိဒ္ဓရှိ ရုပ်ဝတ္ထု၊ ရုပ်ကလာပ်များအတွင်း၌ ဩဇာဟု ခေါ်ဆို

www.burmeseclassic.com

www.burmeseclassic.com


အပ်သော ရုပ်အဆီ အနှစ်ကို အာဟာရရုပ်ဟု မခေါ်ရ၊ ဩဇာရုပ်ဟုသာ ခေါ်ဆိုရသည်။ ယင်းဩဇာရုပ်သည် သက်ရှိသက်မဲ့ ရုပ်ကလာပ်စည်းတိုင်း၌ ပါဝင်ဖွဲ့စည်းထားသည်။ သဲမှုန်၊ဖုန်မှုန်၌လည်း ဩဇာရုပ်ပါရှိသည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ကောက်ပဲသီးနှံတို့၌လည်း ဩဇာရုပ် ပါရှိသည်။

## သစ်ပင်သည် အသက်ရှိသလော

သစ်ပင်၌ အသက်ရှိ၊ မရှိ ဟူသောပြဿနာကို တိတိကျကျ ရှင်းပြရန် လိုမည်ထင်ပါသည်။ ဤနေရာ၌ "အသက်"ဟူသော ဟောဝါဟာရ စကားလုံးကို အဓိပ္ပါယ် တိတိကျကျ သတ်မှတ်ရန်လိုပါသည်။ ကိုယ့်အဓိပ္ပါယ်နှင့် ကိုယ်ပြောကြလျှင် မှန်သည်ချည်းပင်ဖြစ်၏။

တည်ရှိခြင်း တည်တန့်နေနိုင်ခြင်း ဆိုသောအဓိပ္ပါယ်နှင့် ပြောသည်ဆိုလျှင် ကျောက်ခဲ၊ သလဲများသည်လည်း ကျောက်ခဲအဖြစ်၊ သဲအဖြစ် တည်ရှိနေနိုင်သောကြောင့် အသက်ရှိသည်ဟုပင် ဆိုရမည်ဖြစ်သည် ထိုကြောင့် ဤကျောက်ခဲများ၏သက်တမ်းကို ဘူမိဗေဒပညာရှင်များက တွက်ချက်သိနိုင်ကြခြင်း ဖြစ်သည်။ မီးသင့်ကျောက်၊ အနယ်ကျကျောက်၊ အသွင်ပြောင်းကျောက်တို့ကို နှစ်သန်းပေါင်း မည်မျှရှိပြီဟု ဘူမိဗေဒပညာရှင်များက သက်တမ်းကို တွက်ချက် ခန့်မှန်းနိုင်ကြသည်။ ဤနေရာ၌ ကျောက်ခဲသည် ကျောက်ခဲ၏အဖြစ်ဖြင့် ဆက်လက်တည်ရှိနေနိုင်ခြင်းဟူသော အချိန်ကာလအပိုင်းအခြားကို သက်တမ်းဟု၍ ခေါ်ခြင်းဖြစ်ပါသည်။

အခြားနည်းအားဖြင့် ရှင်သန်ကြီးထွားမှု၊ မျိုးပွားမှုစသော အချက်များကို ဖြည့်စွက်၍ သစ်ပင်၌ သက်ရှိသည်ဟု ဆိုကြသည်။ အပင်များ၏ ရုပ်ကလာပ်တို့သည် သတ္တဝါများ၏ ရုပ်ကလာပ်များကဲ့သို့ "ဆဲလ်"ဟု ခေါ်သော ကလာပ်စည်းများနှင့် ဖွဲ့စည်းထားသည်။ ဆဲလ်ဟူသော ရုပ်ကလာပ်ငယ်များသည် ပါးစည်ဖောင်းကဲ့သို့ အတွင်း၌ အခေါင်းဖြစ်နေပြီး ထိုအခေါင်းထဲ၌ အရည်များပြည့်နေသည်။ ဤစည်ဖောင်းလေးများသည် တဖြည်းဖြည်း ရှည်လာပြီး

www.burmeseclassic.com

www.burmeseclassic.com


လျှင် အလယ်၌ ခါးသိမ်ပြီးနောက် နှစ်ပိုင်းပြတ်ထွက် သွားတော့သည်။ ဤနည်းအားဖြင့် "ဆဲလ်"ဟူသော ရုပ်ကလာပ်များ နှစ်ဆနှစ်ဆ တိုးပွားသွားပြီးလျှင် အပင်များ သတ္တဝါများ ကြီးထွားပွားများလာကြသည်ဟု ဆိုသည်။

ထို "ဆဲလ်"ဟုခေါ်သော ရုပ်ကလာပ်များ စက္ကန့်တိုင်း၊ မိနစ်တိုင်း မရပ်မနား ကြီးထွားလာပြီး ဆက်ကာ ဆက်ကာ နှစ်ပိုင်းကွဲနေကြသည်။ ဤနည်းဖြင့် ဆက်လက်ကြီးထွားသွားသော ရုပ်ကလာပ်" ဆဲလ်"ကိုသာ ရုပ်ရှင် (ရုပ်အရှင်) ဟုခေါ်ဆိုပြီး ဆက်လက် မကြီးထွားနိုင်တော့သော ရုပ်ကလာပ် ဆဲလ်များကို ရုပ်သေ (ရုပ်အသေ)ဟု ခေါ်ကြ၏။ ရုပ်သေကို ရုပ်သစ်များက ဖယ်ထုတ်ပစ်ကြရသည်။ ရုပ်ကလာပ်အဟောင်း ရုပ်သေများသည် သစ်ပင် တစ်ခု၌ အခွန်အခေါက်ဖြစ်၍ ကွာထွက်သွားကြသည်။ သတ္တဝါ၏ ခန္ဓာကိုယ် ထဲ၌ ရုပ်သေ ရုပ်ဟောင်းများ အောင်းနေလျှင်မူ မြင်းဖု၊ အကျိတ်အခဲ၊ ကင်ဆာ စသော အနာရောဂါ များ ဖြစ်သည်ဟု ဆို၏။ ဤကဲ့သို့ ရုပ်ကလာပ်ဆဲလ်များ ရှင်သန်ကြီးထွားပုံချင်း တူညီနေသောကြောင့် အပင်နှင့်သတ္တဝါကို တူသည်ဟု သိပ္ပံဆရာများက ယူဆကြသည်။

အခြားတူညီသော အချက်တစ်ခုမှာ သစ်ပင်နှင့် သတ္တဝါများသည် မျိုးဆက်ပြန့်ပွားအောင် ဆောင်ရွက်သည့် နေရာ၌လည်း တူညီကြသည်ဟုဆို၏။ သစ်ပင်များသည် သီးချိန်တန်လျှင် သီး၍ ပွင့်ချိန်တန်လျှင် ပွင့်ကြသည်။ သတ္တဝါများလည်း မျိုးဆက်ပြန့်ပွားစေရန် ဖိုဓါတ်၊ မဓါတ်၊ ကူးလူး ဆက်ဆံမှု လိုအပ်သကဲ့သို့ အပင်များလည်း အသီး၊ အစေ့ အောင်မြင်စေ ရန်အတွက် ဝတ်ဆံဖို၊ ဝတ်ဆံမ ကူးလူး ဆက်ဆံမှု လိုအပ်သည်ဟု ဆိုသည်။ "ငှက်ပျောပင်စိုက် မိလိုက် ဖပါ" ဆိုသကဲ့သို့ မိဘများ၏ အရည်အချင်းတို့ကို သားသမီးများက အမွေခံရရှိကြသည်။ ထိုနည်းတူစွာပင် အပင်များ၌လည်း သရက်စေ့မှ သရက်ပင်ပေါက်ပြီး သရက်သီး သီးကြ၏။ သရက်ပင်က ပိန္နဲသီး မသီးနိုင်ချေ။ လူများလည်း မြန်မာမိဘမှ အင်္ဂလိပ်ကလေး မမွေးနိုင်၊ မြန်မာ ကလေးသာ မွေးနိုင်၏။ ဤကဲ့သို့ မျိုးရိုးလိုက်သည့်နေရာ၌လည်း သစ်ပင်နှင့် သတ္တဝါများ တူညီချက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တူညီချက်တစ်ခုမှာ သတ္တဝါများသည် လေကို ရှူရှိုက်ကြ ရသကဲ့သို့ သစ်ပင်များလည်း လေကို ရှူရှိုက်ကြသည်။ အရွက်များ၏ ကျော ဘက်၌ မွှေးညှင်းပေါက်ကဲ့သို့သော အပေါက်ကလေး များဖြင့် ပြည့်နေသည်။ ဤအပေါက်ကလေးများဖြင့် လေကို စုပ်ယူပြီး နေ့အခါမှာ ကာဗွန်ကို စုပ်ယူ၍ အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်သည်။ ညအခါ၌ ကာဗွန်ဒိုင်အောက် ဆိုဒ်ဓါတ်ကို ပြန်လည် ထုတ်လွှတ်သည် ဟုဆိုကြသည်။

အခြားတူညီချက်တစ်ခုမှာ အစာစားပြီး အစာကို ချက်လုပ်မှုပင်ဖြစ် သည်။ အပင်များသည် အမြစ်မှ ဓါတ်ဆားရည် ဟုခေါ်သော မြေဆီဩဇာနှင့် ရေများကို စုပ်ယူပြီး အရွက်ထဲသို့ ရောက်အောင်ပို့ပေးသည်။ အရွက်၌ ရှိသော ကလိုရိုဖီးလ် ခေါ် အစိမ်းရောက် (ဟရိတ)ဓာတ်က နေရောက်ခြည်၏ အကူ အညီကို ရယူပြီး မြေဆီမြေဩဇာများကို သစ်ပင်၏ အစာဖြစ်အောင် ချက်လုပ် ပေး၏။ လေထုအတွင်း၌ရှိသော ကာဗွန်ဓာတ်၊ နိုက်ထရိုဂျင်ဓာတ်၊ ဟိုက်ဒရို ဂျင်ဓာတ်များကိုလည်း အရွက်များက စုတ်ယူ၍ မြေဆီ မြေဩဇာနှင့် ရော နှောကာ အစာချက်လုပ်ကြသည်။ ရှေးဦးစွာ နေ့အခါ၌ "ကစီ" ဟုခေါ်သော ကော်ရည်တစ်မျိုးကို ချက်လုပ်ပြီး သစ်ကိုင်း၊ သစ်ခွများ၏ အတွင်းဝယ် သိုမှီး ထားသည်။ ညအချိန်ရောက်သောအခါ ထိုကစီရည် (သစ်ရည်) များကို သစ် ရွက်အတွင်းသို့ ပြန်ပို့ပြီးလျှင် ကာဗိုဟိုက်ဒရိတ်အဖြစ်သို့ ပြောင်းလဲစေ၏။ နောက်တစ်ဆင့် သကြားအဖြစ် ပြောင်းလဲပြန်၏။ ဤသကြားဓာတ်ကိုပင် သစ်ပင်တစ်ခုလုံးက ဝေမျှ သုံးစွဲကြရသည်ဟုဆိုသည်။

အားလုံးကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် သစ်ပင်များသည် ရှင်သန် ကြီးထွားတတ်သည်။ မျိုးဆက်ပွားစေတတ်သည်။ လေရှူတတ်သည်၊ အစာစား တတ်သည်။ ထို့ကြောင့် သစ်ပင်သည် သတ္တဝါကဲ့သို့ အသက်ရှိသည်ဟု ဆိုကြ သည်။

ဤယူဆချက်များ ရှေးခေတ်ကလည်း ရှိခဲ့ဘူးပါသည်။ အာဝိက တက္ကဒွန်းများ၊ ဂျိန်းရဟန်းများနှင့် ၎င်းတို့၏ တသည့်သာဝကတို့က ယူပ်မှန်များ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးသည် ဖာသက်ရှိသည်ဟု ယူဆ ယုံကြည်ထားကြ၏။ ဗုဒ္ဓဘာသာ ရဟန်းတော်များ သစ်ပင်ခုတ်မှု မြေကြီးတူးမှုများကို ထိုခေတ် အိန္ဒိယပြည်သား များက အသက်သတ်မှုဖြစ်သည်ဟု ကဲ့ရဲ့ရှုတ်ချကြသည်။ ထိုကဲ့ရဲ့ ရှုတ်ချမှု များမှ လွတ်ကင်းစေရန် ရဟန်းတော်များ သစ်ပင် သစ်ကိုင်း မချိုးရ မခုတ်ရ၊ မြေကို မတူးဆွရ ဟု မြတ်စွာဘုရားရှင်က သိက္ခာပုဒ် ပညတ်တော်မူခဲ့ရသည်။ ( ဘူတဂါမ သိက္ခာပုဒ်၊ ပထဝီခနန သိက္ခာပုဒ် )

သို့ရာတွင် ဗုဒ္ဓတရားတော်အရ သစ်ပင်၌ အသက်မရှိဟု ဆိုရမည်၊ ဗုဒ္ဓတရားတော်အရ အသက်သည် နာမ်တရား ကံတရားနှင့် ဆက်စပ်မှုရှိသည်၊ သစ်ပင်၌ နာမ်တရား၊ ကံတရား မရှိသောကြောင့် အသက်မရှိဟူ၍ ဆိုရမည်။ အသက်ကို ပါဠိ၌ ဇီဝိတဟုခေါ်၏။ နာမ်ဇီဝိတ (နာမ်သက်) ရုပ်ဇီဝိတ (ရုပ်သက်)ဟူ၍ အသက်ဇီဝိတနှစ်မျိုး ပိုင်းခြား၍ ဟောတော်မူထားသည်။ နာမ်ဇီဝိတသည် အတူတကွဖြစ်ပေါ် ဖြစ်ဖက် စိတ်စေတသိက်တရားများကို သတ်မှတ်ထားသော သက်တမ်းကာလအတွင်း အသက်ရှင်နေအောင် စောင့် ်တတ်သည်။ ရုပ်ဇီဝိတသည် အတူတကွ ဖြစ်ပေါ် ဖြစ်ဖက် ကမ္မဇရုပ် ကလာပ်များ အသက်ရှင်အောင် ထိန်းသိမ်းစောင့်ရှောက်ရုံမျှမက အနှစ် ၅၀၊ အနှစ်-၁၀၀ စသည်ဖြင့် သတ်မှတ်ထားသော သက်တမ်းကာလ အတွင်း၌ ကမ္မဇရုပ်များ အဆက်မပြတ် ဖြစ်ပေါ်နေစေရန် (ပဝတ္တ) စွမ်းဆောင် တတ်သည်။

ရုပ်ဇီဝိတဟု ခေါ်သော ရုပ်သက်ကို အာယု(အသက်)ဟုခေါ်သည်။ သက်တမ်းဆိုသည်မှာ ပဋိသန္ဓေ တည်နေစက ပထမဆုံးဖြစ်သော ရုပ်ဇီဝိတ ၏ စွမ်းအားသတ္တိကို သက်တမ်းဟု ခေါ်သည်။ သတ္တဝါများသည် ပဋိသန္ဓေ တည်စက ပါလာသော ရုပ်ဇီဝိတ၏ စွမ်းအားအလျောက် သက်တမ်းအတို အရှည် ကွာခြားကြသည်။ အချို့တွင် သေလောက်သော ရောဂါဒဏ်ရာရှိ သော်လည်း အသက်ပြင်း(ရုပ်ဇီဝိတအားကောင်း) သည့်အတွက် မသေနိုင်ဘဲ သေရွာပြန်ဖြစ်ခဲ့ရသည်။ ရုပ်ဇီဝိတသည်- မျက်စိအကြည်ဓါတ် (စက္ခုပသာဒ ရုပ်) နားအကြည်ဓါတ် (သောတပသာဒရုပ်) နှာခေါင်းအကြည်ဓါတ် (ဃာန-

www.burmeseclassic.com

www.burmeseclassic.com


ပသာဒရုပ်) လျှာအကြည်ဓါတ် (ဇိဝှါပသာဒရုပ်) ကိုယ်အကြည်ဓါတ် (ကာယ-ပသာဒရုပ်) နှလုံးသွေး (ဟဒယဝတ္ထုရုပ်) များကို ဆက်လက်ရှင်သန် ဖြစ်ပေါ်နေစေရန် စွမ်းဆောင်နိုင်သည်။ ဤမျက်စိအကြည်ဓါတ်စသော ရုပ်အကြည်ဓါတ်များ ရှိနေမှသာ မြင်စိတ်၊ကြားစိတ်၊ နံစိတ် စသည်တို့ ဖြစ်နိုင်ကြသည်။ အကယ်၍ မျက်စိအကြည်ဓါတ် ချို့တဲ့လျှင် (မျက်စိကွယ် နေလျှင်) မြင်စိတ် မဖြစ်နိုင်ချေ။ ထို့ကြောင့် မြင်စိတ် ဖြစ်ပေါ်နိုင်ရန် မျက်စိအကြည်ဓါတ် (စက္ခုပသာဒ) လိုအပ်သည်။ စက္ခုပသာဒ ရှင်သန်စေရန် ရုပ်ဇီဝိတ ဆောင်ရွက်ပေးရသည်။ ဇီဝိတရုပ်၊ မျက်စိအကြည်ဓါတ်၊ နားအကြည်ဓါတ် စသော ရုပ်တရားများသည် ကံတရားကို အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာခဲ့ကြသည်။ ဤကံတရားများသည်လည်း အတိတ်က ဖြစ်ခဲ့သော စိတ်၊ စေတသိက်၊ နာမ်တရားများက ဖန်တီးပေးလိုက်ခြင်းပင် ဖြစ်သည်။

အတိတ်က ဖြစ်ခဲ့သော နာမ်တရားများက စေတနာကံ (နာနာက္ခဏိ-ကကံ) ကို ဖန်တီးပေးသည်။ ထိုကံတရားက အကျိုးဝိပါက်စိတ်နှင့် ရုပ်အကြည်ဓါတ်များကို ဖန်တီးပေးသည်၊ ဤရုပ်အကြည်ဓါတ်နှင့် ဝိပါက်စိတ်ကြောင့် နောက်ဆက်တွဲ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်များ ဆက်လက်ဖြစ်ပေါ်ခဲ့ရပြန်သည်။ တဖန် ဤကုသိုလ်၊ အကုသိုလ်စိတ်များက (နာနာက္ခဏိကကံ) ကို ဖြစ်ပေါ်စေပြန်သည်။ ဤကဲ့သို့ ကံနှင့် ဘဝအပြန်ပြန် အလှန်လှန် ဆက်၍ ဆက်၍ သံသရာလည်မှု ဖြစ်ကြရသည်။ ထို့ကြောင့် သက်ရှိသတ္တဝါ မှန်ပါက သံသရာ ကျင်လည်မှု ရှိကြသည်။

သစ်ပင်နှင့် သတ္တဝါတို့၏ အဓိကခြားနားချက်မှာ စိတ်ဝိညာဏ်ဟုခေါ်သော နာမ်တရားပင် ဖြစ်သည်။ သတ္တဝါ၌ သိတတ်သော စိတ်ဝိညာဏ်ရှိ၏။ သစ်ပင်၌ သိတတ်သော စိတ်ဝိညာဏ်မရှိ။ စိတ်ဝိညာဏ် ဖြစ်ပေါ်ရာမှာလည်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ အစရှိသော ပသာဒရုပ် ( Sense organs) များရှိရန် လိုပါသည်၊ သစ်ပင်၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ စသော အင်္ဂါအစိတ်အပိုင်းများ မရှိသည့်အတွက် မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ အရသာ သိစိတ်များ မဖြစ်ပေါ်နိုင်ပေ။ သစ်ပင်သည် အရောင်အဆင်းတို့ ခွဲခြားသိမြင်

www.burmeseclassic.com



နိုင်စွမ်းလည်း မရှိပေ။ အသံကိုလည်း ခွဲခြားနားလည်နိုင်စွမ်း မရှိပေ။ အနံ့ကိုလည်း ခွဲခြားနားလည်နိုင်စွမ်း မရှိပေ။ အရသာကိုလည်း ခွဲခြား၍ မသိရှိမခံစားနိုင်ပေ။ သို့သော် အချို့သော သစ်ပင်များ အတွေ့အထိကို ခံစားတတ်သိတတ်သည်ဟု ထင်ဖွယ်ရာ ရှိ၏။ ဥပမာ- ထိကရုန်းပင်သည် အတွေ့အထိကြောင့် ညှိုးသွားရ၏။ သို့သော်လည်း ထိကရုန်းပင်၏ တုန့်ပြန်မှု၌ အသိဉာဏ် ပါ၊ မပါ စိစစ်ကြည့်သင့်သည်။ အသိဉာဏ်ပါသော တုန့်ပြန်မှုဆိုလျှင် ရန်သူ မိတ်ဆွေ အဆိုး အကောင်း ခွဲခြားတတ်ရမည် ဖြစ်သည်။ သို့သော် ထိကရုန်းပင်သည် လက်ဖြင့် ထိလျှင်သော်လည်းကောင်း တုတ်ဖြင့်ထိလျှင်သော် လည်းကောင်း၊ လေတိုက်လျှင်သော်လည်းကောင်း ပုံသေနည်းအတိုင်း အရွက်များ ကုတ်ကျသွားသည်ကို တွေ့ရမည်။ ထို့ကြောင့် ထိကရုန်းပင်၏တုန့်ပြန်မှုသည် အသိဉာဏ် လုံးဝမပါကြောင်း ထင်ရှားလှ၏။ ဤကဲ့သို့သော ပုံသေနည်းကျ တုန့်ပြန်မှု၊ လှုပ်ရှားမှုများကို စက်ရုပ်များ၊ စက်ယန္တရားများလည်း လုပ်တတ်ကြသည်။ ထိုသို့ စက်ရုပ် ယန္တရား ဆန်ဆန် တုန့်ပြန်လှုပ်ရှားမှုများ၌ အသိဉာဏ် ပါဝင်ဦးစီးမှု မရှိကြောင်း တွေ့ရှိနိုင်ပေသည်။

ဤအတူ အချို့သော သစ်ပင်များက ယင်ကောင်များ၊ ငှက်ငယ်များကို ဖမ်းယူစားတတ်ကြသည်ဟု ဆိုသည်။ ထိုသစ်ပင်များ၏ အရွက်နှင့် အပွင့်များသည် ကတော့ပုံ ရှိပြီးအထဲ၌ ကျိချွဲသော အရည်တစ်မျိုးရှိ၏။ အပင်၏အရွက်ပေါ် အပွင့်ပေါ်သို့ ယင်ကောင်များ၊ ပျားပိတုန်းများ၊ ငှက်ငယ်များ နားလာပါက နှုတ်ခမ်းသားများက အတွင်းဖက်သို့ ကုပ်၍ ပိတ်ဖမ်းသလိုဖြစ်သွားသည်။ ထိုအခါ အတွင်း၌ ရှိသော သတ္တဝါငယ်သည် အတွင်းရှိ ကျိချွဲချွဲအရည်ထဲသို့ နစ်မြုပ် ကျေမွပြီး အပင်၏အစာ အာဟာရ ဖြစ်သွားရတော့သည်။ ထို့ကြောင့် ဤသစ်ပင်မျိုးသည် ပျားပိတုန်းနှင့် ငှက်ငယ်များကို ဖမ်းယူစားသောက် တတ်သည်ဟု ဆိုကြလေသည်။ ဤသစ်ပင်၏ အပြုအမူကို အသိဉာဏ် ပါ၊မပါ စမ်းသပ်ကြည့်သင့်သည်။ ထိုအပင်မျိုး၏ အပွင့်ထဲ အရွက်ထဲသို့ ခဲလုံး (သို့မဟုတ်) တုတ်တို တုတ်စ များထည့်ကြည့်

www.burmeseclassic.com

www.burmeseclassic.com


သင့်သည်။ အကယ်၍ ထိုအပင်သည် အသိဉာဏ် ရှိသည် ဖြစ်ပါမူ အစာ အာဟာရကိုသာ ရွေးချယ်ဖမ်းစားပြီး အစာမဟုတ်သော ခဲလုံး၊ တုတ်တို တုတ်စများကို ပိတ်ဖမ်းမည် မဟုတ်တော့ပေ။ ကြာပွင့်များသည် နေထွက်လျှင် ပွင့်အာလာပြီး နေဝင်လျှင် ပြန်ငုံသွားလေ့ရှိသည်။ ပြန်ငုံသောအခါ ကြာဝတ်ရည် စုပ်ယူနေသော ပျား ပိတုန်းကို ပိတ်ဖမ်းသကဲ့သို့ ဖြစ်ပြီး နောက်တစ်ရက် နေထွက်မှ ကြာငုံပြန်ပွင့်ပြီး ပိတုန်း ပြန်ထွက်နိုင် လေသည်။ ကုက္ကိုရွက်များသည် နေဝင်လျှင် ကုတ်ကျသွားပြီး အိပ်တတ် သည်ဟု ဆိုကြ၏။ နေကြာပန်းသည်လည်း နေရှိရာဘက်သို့ လိုက်လှည့် နေတတ်သည်။ ဤအဖြစ်အပျက်များသည် သဘာဝတရား၏ ပုံသေနည်းကျ တုန့်ပြန်မှု များသာ ဖြစ်သည်။ အသိတရား စိတ် ဝိညာဏ်၏ ဆောင်ရွက်ချက်များ တုန့်ပြန်မှုများ မဟုတ်ကြောင်း ထင်ရှားသည်။ ရေသေသည် လူကို ရေနက်ပိုင်း ထဲသို့ ဆွဲတတ်သော သဘော၊ ကြာပင်ရုံများအကြားသို့ ရေကူး သူကို ကြာရိုး၊ ကြာနွယ်များက ရစ်ပတ် ဆွဲနစ်တတ်သောသဘော၊ ရေဝဲသည် ရေအောက်ပိုင်း သို့ ဆွဲစုပ်ယူတတ်သော သဘော၊ ဤသဘောတရားများကို နားမလည် သူတို့က "ဤရေကန်သည် လူစားတတ်သည်" "ဤချောင်းသည် လူစားသည်" ဟု ယုံကြည်စွဲလမ်းနေတတ်ကြသည်။

အားလုံးကို ခြုံ၍ကြည့်မည်ဆိုပါက သစ်ပင်များ၌ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ အရသာစိတ်၊ ထိသိစိတ်ခွဲခြားဝေဖန်သိမှုဟူသော စိတ်ဝိညာဏ်၏ လက္ခဏာတစ်ခုမျှ မတွေ့ရချေ။ ထို့ကြောင့် သစ်ပင်၌ ဝိညာဏ်နာမ်တရားမရှိ။ နာမ်တရားမရှိပါက စေတနာ(ကံ) တရားလည်းမရှိနိုင်ချေ။ ကံတရား မရှိလျှင်လည်း ကံကြောင့်ဖြစ်သော ကမ္မဇရုပ်များနှင့် ရုပ်ဇီဝိတ(ရုပ်သက်) မရှိနိုင်ချေ။ ကမ္မဇရုပ်နှင့် ရုပ်သက် မရှိလျှင် အပင်များကို သက်ရှိဟု မခေါ်ဆိုနိုင်ချေ။ သို့ရာတွင် ရှင်သန်မှု၊ ကြီးထွားမှု၊ မျိုးပွားမှု အစာစားမှုများမှာ ဗီဇ(မျိုးစေ့) ဓာတ်သဘောကြောင့်ဖြစ်သည်။ ယင်းဗီဇမျိုးစေ့ ဓာတ်သဘောသည် (ဟရိတ) အစိမ်းရောင်ဓာတ် ဟုခေါ်သော တေဇော(မီး) ဓာတ်ပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အပင်နှင့်သတ္တဝါ ထူးခြားချက်

သတ္တဝါ၌ အာယုဟုခေါ်သော ဇီဝိတရုပ်၊ ဥသ္မာတေဇော(ကိုယ်ငွေ့) နှင့် အသိစိတ်တို့ပါရှိ၍ အပင်၌ ယင်းတရားသုံးပါး မရှိချေ။ ဇီဝိတရုပ် မရှိပုံနှင့် စိတ်ဝိညာဏ် မရှိပုံကို ရှင်းလင်းပြဆိုခဲ့ပြီးဖြစ်သည်။

ဥသ္မာတေဇောမှာ( Normal Temperature ) ကိုခေါ်သည်။ လူ၏ပုံမှန်အပူချိန်မှာ ၉၈. ၄ ဖာရင်ဟိုက် ဒီဂရီရှိသည်။ ပတ်ဝန်းကျင် ပြင်ပရာသီဥတုက အလွန်အေးနေလျှင်လည်း ခန္ဓာကိုယ်အပူချိန်ကို နိမ့်ဆင်း မသွားစေရန် ထိန်းထားနိုင်သည်။ ပတ်ဝန်းကျင် ပြင်ပရာသီဥတုက ဖာရင်ဟိုက် ဒီဂရီ ၁၁၀ ကျော်နေလျှင်လည်း ခန္ဓာကိုယ်အပူချိန်ကို မြင့်တက် မသွားစေရန် ထိန်းထားတတ်သည်။ အပင်များမှာမူ ပြင်ပရာသီဥတုက အေးလျှင် တပြေးညီ လိုက်အေးတတ်၍ ပြင်ပရာသီဥတုက ပူလျှင်လည်း တပြေးညီ ပူတတ်သည်။ ယင်းကဲ့သို့ သက်ရှိသတ္တဝါများ ခန္ဓာကိုယ် အပူချိန် ပုံမှန်ဖြစ်နေအောင် ထိန်းထားသော တေဇောဓာတ်ကို ဥသ္မာတေဇောဟု ခေါ်သည်။ ယင်းဥသ္မာတေဇောကို ပါစကတေဇော ဟုခေါ်သော ဝမ်းမီးက ထောက်ပံ့ထားသည်။ အပင်များမှာ ပါစကဝမ်းမီး မရှိသဖြင့် ကလိုရိုဖီး ခေါ် အစိမ်းရောင်(ဟရိတ)ဓာတ်သည် နေရောင်ခြည် အကူအညီကို ရယူပြီး အစာကို ချက်လုပ်ရသည်။ သက်ရှိသတ္တဝါများမှာ ကလိုရိုဖီးလ် အစိမ်းရောင်(ဟရိတ)ဓာတ် ရှိလည်းမရှိ လိုလည်းမလိုချေ။ နေရောင်ခြည် (ပြင်ပအပူဓာတ်) အကူအညီလည်း မလိုချေ။ ပါစကတေဇော ခေါ် ဝမ်းမီး အစွမ်းဖြင့် အစာကိုချက်လုပ်နိုင်သည်။ ဤသို့ အပင်နှင့်သတ္တဝါတို့၏ မတူကွဲပြားမှုကို သုံးသပ်၍ အပင်သည် သတ္တဝါမဟုတ်၊ သတ္တဝါသည် အပင်မဟုတ်ကြောင်း ခွဲခြားနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိပ္ဖန္နရုပ် (၁၈)

ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပေါ်ရသောကြောင့် ယခုပြဆိုပြီးသော ရုပ်(၁၈)ပါးတို့သည် နိပ္ဖန္နရုပ် တို့မည်ကုန်၏။ ကြွင်းသော (၁၀)ပါးသောရုပ်တို့သည် အကြောင်းတရား လေးပါးကြောင့် ဖြစ်ခြင်းပျက်ခြင်း မရှိသဖြင့် အနိပ္ဖန္နရုပ်တို့ မည်ကုန်၏။ မှတ်သား၍ လွယ်ကူစေရန် နိပ္ဖန္နရုပ် (၁၈)ပါးကို အောက်ပါအတိုင်း ပြန်လည် စုပေါင်း ရေတွက်ပြအပ်ပါသည်။

| | |
|---|---|
| (၁) မဟာဘူတရုပ် | ၄-ပါး |
| (၂) ပသာဒရုပ် | ၅-ပါး |
| (၃) ဂေါစရရုပ် (အာရုံ) | ၄-ပါး |
| (၄) ဘာဝရုပ် | ၂-ပါး |
| (၅) ဟဒယဝတ္ထုရုပ် | ၁-ပါး |
| (၆) ဇီဝိတရုပ် | ၁-ပါး |
| (၇) အာဟာရရုပ် (ဩဇာရုပ်) | ၁-ပါး |
| ပေါင်း | ၁၈-ပါး |

ဤ(၁၈)ပါးသော ရုပ်တို့သည် အနိစ္စလက္ခဏာစသော လက္ခဏာ ရေးသုံးပါးတို့နှင့် အတူတကွဖြစ်သောကြောင့် သလက္ခဏရုပ်တို့ မည်ကုန်၏။ ဖောက်ပြန်တတ်သော သဘောရှိသောကြောင့်လည်း ရူပရုပ်တို့ မည်ကုန်၏။ ဝိပဿနာ ရှုရာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးချက်တင်၍ သုံးသပ် ရှုမှတ်အပ်သောကြောင့် သမ္မသနရုပ်တို့ မည်ကုန်၏။(သမ္မသန- သုံးသပ်ခြင်း)

## အနိပ္ဖန္နရုပ် (၁၀)

အောက်ဖော်ပြပါ (၁၀)ပါးသော ရုပ်တို့သည် ကံ၊စိတ်၊ဥတု၊အာဟာရ၊ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ခြင်းမဟုတ်၊ နိပ္ဖန္နရုပ် (၁၈) ခုတို့၏

www.burmeseclassic.com

www.burmeseclassic.com



အမူအရာ အထူးမျှသာဖြစ်သည်။ ကံစသော အကြောင်းတရားများသည် သီးခြားတိုက်ရိုက် ဖြစ်ပေါ်နိုင်စေခြင်း မရှိသောကြောင့် အနိပ္ဖန္နရုပ်တို့ မည်ကုန်၏။

| | | |
|---|---|---|
| (က) | ပရိစ္ဆေဒရုပ် (အာကာသဓာတ်) | ၁-ပါး |
| (ခ ) | ဝိညတ္တိရုပ် | ၂-ပါး |
| (ဂ ) | ဝိကာရရုပ် (၂+၃= ၅) | ၃-ပါး |
| (ဃ) | လက္ခဏရုပ် | ၄-ပါး |
| | | -------- |
| | ပေါင်း | ၁၀-ပါး |

၁။ အာကာသဓာတ် ဟုခေါ်ဆိုရသော ပရိစ္ဆေဒရုပ် အကြောင်းကို ရှင်းလင်းဖော်ပြပြီးဖြစ်သည်။

၂။ ကာယဝိညတ္တိရုပ်

အဓိပ္ပါယ် တစ်စုံတခုကို သိစေလိုသဖြင့် ကိုယ်ကာယအစိတ်အပိုင်းတစ်ခု၏ လှုပ်ရှားခြင်းသည် ကာယဝိညတ္တိ ရုပ်မည်၏။ မျက်စ ပစ်ခြင်း၊ မျက်စောင်း ထိုးခြင်း၊ မျက်မှောင် ကုပ်ခြင်း၊ ပြုံးခြင်း၊ ရယ်ခြင်း၊ မဲ့ခြင်း၊ လျှာထုတ်ခြင်း၊ ခေါင်းညိတ်ခြင်း၊ ခေါင်းရမ်းခြင်း၊ လက်လှုပ်ခြင်း၊ လက်ခါခြင်း၊ လက်မြှောက်ခြင်း၊ လက်ညှိုးထောင်ခြင်း၊ လက်ဝှေ့ယမ်းခြင်း၊ ခြေထောက်လှုပ်ရှားခြင်း၊ စသောကိုယ်အမူအရာကို ကာယဝိညတ္တိရုပ်ဟု ခေါ်ဆိုရသည်။ အခြားသော သူအား အဓိပ္ပါယ် တစုံတခုသိစေရန် ရည်ရွယ်ချက် မရှိပဲ လက်လှုပ် ခြေလှုပ်ခြင်းသည် ကာယဝိညတ္တိရုပ် မဟုတ်ချေ။

၃။ ဝစီဝိညတ္တိရုပ်

အနက်အဓိပ္ပါယ်ကို ဆောင်နိုင်သော ဖော်ပြနိုင်သော စကားသံများသည် ဝစီဝိညတ္တိရုပ်ခေါ်၏။ ရောဂါကြောင့် ဖြစ်သော ချောင်းဆိုးသံ၊

www.burmeseclassic.com

www.burmeseclassic.com



ကြို့ထိုးသံ၊ ခြေဆပ်သံများသည် ဝစီဝိညတ္တိရုပ်၌ အကျုံးမဝင်ချေ။ အခြားသူ တစုံတယောက်အား မိမိ၏ အလိုဆန္ဒသဘောထားကို သိစေရန် အသံဖြင့် ထုတ်ဖော်ပြသခြင်းသည် ဝစီဝိညတ္တိရုပ်မည်၏။ စကားသံမှာ ဝစီဝိညတ္တိရုပ် မည်၏။ ထို့ပြင် လေချွန်သံ၊ လက်ခေါက်မှုတ်သံ၊ အော်ဟစ်သံတို့သည်လည်း မိမိ၏ခံစားချက် အလိုဆန္ဒကို ဖော်ပြခြင်းဖြစ်၍ ဝစီဝိညတ္တိရုပ်မည်၏။

ဤကာယဝိညတ်နှင့် ဝစီဝိညတ်ရုပ် နှစ်ပါးကို မိမိအလိုဆန္ဒကို သိစေတတ်သောကြောင့် ဝိညတ္တိရုပ်ဟူ၍ ခေါ်ဆိုသည့်အပြင် ဝိကာရရုပ် ဟူ၍လည်းခေါ်ဆိုသည်။ (ဝိညတ္တိ - သိစေခြင်း)

၄။ လဟုတာရုပ်

နိပ္ဖန္နရုပ် (၁၈) ခုတို့၏ ပေါ့ပါးသော သဘောသည် လဟုတာရုပ် မည်၏။

၅။ မုဒုတာရုပ်

နိပ္ဖန္နရုပ် (၁၈)ခုတို့၏ နူးညံ့ပျော့ပြောင်းသော သဘောသည် မုဒုတာရုပ်မည်၏။ ကောင်းစွာကြိတ်နယ် ပြုပြင် ထားသော သားရေနယ်သည် ကြမ်းတမ်းခြင်းမရှိ ပျော့ပြောင်းနေသကဲ့သို့ ရုပ်တို့၏ နူးညံ့ပျော့ပြောင်းသော သဘောသည် မုဒုတာရုပ်မည်၏။

၆။ ကမ္မညတာရုပ်

ကောင်းစွာလျှော်ပြီး ဦးပြီးသော ရွှေသည် လက်ဝတ်တန်ဆာ ပြုလုပ် ရာ၌ လိုသလိုနန်းဆွဲ ပုံဖော်ခံနိုင်သကဲ့သို့ နိပ္ဖန္နရုပ် (၁၈)ခုတို့သည် လိုအပ်သည့် ကိုယ်အမူအရာကို ပြုလုပ်နိုင်ရန် လိုက်လျောညီထွေ ဖြစ်နေခြင်းသည် ကမ္မညတာ ရုပ်မည်၏။

ဓါတ်ကြီးလေးပါး မညီမျှမှုကြောင့် မကျန်းမမာဖျားနာသည့်အခါ ခန္ဓာကိုယ်လေးလံနေတတ်သည်၊ ခက်မာ တောင့်တင်းနေတတ်သည်၊ လိုအပ် သလို ကုန်း၊ ကော့၊ ကွေး၊ ကောက်၊ ဆန့်တန်းခြင်းပြု၍ မရဘဲ ရှိနေတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဓါတ်ကြီးလေးပါး ညီညွတ်မျှတနေသည့်အခါ ဤခန္ဓာကိုယ်ကြီးသည် ပေါ့ပါး သွက်လက်၊ ဖျတ်လတ် လျှက်လိုသလို ခုန်ပျံ ကွေးကော့ စသည် ပြုလုပ်နိုင်သည့် အမူအရာထူးကို လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်ဟု ခေါ်ဆိုရသည်။ ဤလဟုတာ၊ မုဒုတာ၊ ကမ္မညတာရုပ် သုံးပါးနှင့် ဝိညတ်ရုပ် ၂-ခု၊ စုစုပေါင်းရုပ် (၅)ခုတို့သည် နိပ္ဖန္နရုပ်(၁၈)ပါးတို့၏ အမူအရာ အထူး ဖြစ်သောကြောင့် ဝိကာရရုပ်ဟုခေါ်ဆိုရသည်။ (ဝိကာရ = ထူးခြားမှု)

လက္ခဏရုပ် လေးပါး

(၁) ဥပစယရုပ် - ပထမဦးဆုံးရုပ်တို့၏ ဖြစ်ခြင်း၊ ဥပါဒ်ခဏ

(၂) သန္တတိရုပ် - ပဋိသန္ဓေတည်နေပြီးနောက် ရုပ်တို့၏ ဆက်လက်ဖြစ်ခြင်း၊ ဥပါဒ်ခဏ

(၃) ဇရတာရုပ် - ရုပ်တို့၏ ဌီခဏ

(၄) အနိစ္စတာရုပ် - ရုပ်တို့၏ ဘင်ခဏ၊

ဤလက္ခဏရုပ်လေးပါးတို့သည် သီခြား အထည်ကိုယ်သဘာဝ မရှိချေ၊ နိပ္ဖန္နရုပ်(၁၈)ခုတို့၏ ဖြစ်ခြင်း ဥပါဒ်ခဏ၊ တည်ဆဲ- ဌီခဏ၊ ပျက်ခြင်း- ဘင်ခဏတို့ကိုသာလျှင် လက္ခဏရုပ်ဟု အမည်တပ်၍ ပြဆိုခြင်းဖြစ်သည်။

ရုပ်တို့၏ သက်တမ်း

စိတ်တစ်ခု၌ ဖြစ်ခြင်း ဥပါဒ်ခဏ၊ တည်ဆဲ ဌီခဏ၊ ပျက်ခြင်း ဘင်ခဏ ဟူ၍ ခဏငယ် သုံးချက်ရှိသည်၊ ယင်း ခဏငယ် သုံးချက်ကို စုပေါင်း၍ ခဏကြီးတစ်ချက်၊ စိတ္တက္ခဏ တစ်ချက်ဟု ခေါ်ဆိုရသည်။

ရုပ်တို့၏ သက်တမ်းမှာ သာမန်အားဖြင့် စိတ္တက္ခဏ- ၁၇-ချက် (သို့မဟုတ်) ခဏငယ် ၅၁-ချက် (၁၇×၃= ၅၁) ရှိသည်၊ ယင်း ၅၁-ချက် အနက် အစဦးဆုံးသော ဥပါဒ်ခဏသည် ရုပ်၏ ဥပါဒ်ခဏမည်၏၊ နောက်ဆုံးဖြစ်သော ဘင်ခဏသည် ရုပ်၏ ဘင်ခဏမည်၏။ ယင်းဥပါဒ်ခဏ နှင့် ဘင်ခဏကို ဖယ်ထား၍ ကြွင်းသော ခဏငယ် ၄၉-ချက် သည် ရုပ်၏

www.burmeseclassic.com

www.burmeseclassic.com



ဋ္ဌိခဏမည်၏။ ထို့ကြောင့် ရုပ်၏ဥပါဒ်ခဏနှင့် ဘင်ခဏတို့သည် စိတ်၏ ဥပါဒ်ခဏ၊ ဘင်ခဏတို့နှင့် အချိန်ကာလတူညီကြ၏။ ရုပ်၏ ဋ္ဌိခဏမှာမူ ခဏငယ် ၄၉-ချက်စာရှိ၍ စိတ်၏ ဋ္ဌိခဏထက် အဆပေါင်းများစွာ ရှည်ကြာလေသည်။

နိပ္ဖန္နရုပ် (၁၈)ခုတို့၏ သက်တမ်းသည် ခဏကြီး ၁၇-ချက်၊ ခဏငယ် ၅၁-ချက်ရှိသည်။ ထို နိပ္ဖန္နရုပ်(၁၈)ခုတို့၏ ဥပါဒ်ခဏကို ဥပစယရုပ်၊ သန္တတိရုပ်ဟုခေါ်ဆိုရသည်။ ဘင်ခဏကို အနိစ္စတာရုပ်ဟု ခေါ်ရသည်။ ထို့ကြောင့် ဥပစယရုပ်၊ သန္တတိရုပ်၊ အနိစ္စတာရုပ်တို့သည် ခဏငယ် တစ်ချက်စာမျှသာ သက်တမ်းရှိသည်။ ဇရတာရုပ်သည် နိပ္ဖန္နရုပ် (၁၈)ခုတို့၏ ဋ္ဌိခဏကို ခေါ်ဆိုခြင်းဖြစ်၍ ခဏငယ် ၄၉-ချက်စာ သက်တမ်းရှိသည်။

ဝိညတ်ရုပ် နှစ်ခုသည် စိတ္တက္ခဏတစ်ခုနှင့် သက်တမ်းတူ၏။ ထို့ကြောင့် ခဏငယ် သုံးချက်မျှသာ သက်တမ်း ရှိသည်။

အာကာသဓါတ်နှင့် လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ဤရုပ်လေးပါးတို့သည် နိပ္ဖန္နရုပ် (၁၈)ခုမှ တစ်သီး တစ်ခြားမဟုတ်သောကြောင့် နိပ္ဖန္နရုပ်တို့ကိုပင် အမှီပြုနေသောကြောင့် နိပ္ဖန္နရုပ်တို့နှင့် သက်တမ်းတူ၏။

## ရုပ်တို့ကို ခွဲခြမ်းဝေဖန်ခြင်း

အလုံးစုံသော ရုပ်တို့သည် ဟိတ်နှင့်မယှဉ်သောကြောင့် အဟိတ်သာ ဖြစ်ကုန်၏၊ အကြောင်းမဲ့မဟုတ်၊ (သပ္ပစ္စယ)အကြောင်းကြောင့် ဖြစ်ကြသည်၊ ပြုပြင် စီမံထားအပ်သော သင်္ခတတရားများဖြစ်သည်၊ လောကီတရား၊ ကာမာဝစရတရားတို့၌ အကျုံးဝင်ကုန်၏။ အာသဝေါတရားတို့၏ အာရုံဖြစ်ကုန်၏။ အာရုံကို သိတတ်သော သဘောမရှိ၊ ဝါ၊ အာရုံမယူတတ်၊ ပဟာန် လေးပါး၊ မဂ် လေးပါးတို့ဖြင့် ပယ်ရန်မလိုချေ။

www.burmeseclassic.com

www.burmeseclassic.com



အဗျွတ္တိကရုပ်နှင့် ဗာယိရရုပ်

ပသာဒရုပ် ငါးပါးတို့သည် စိတ်ဖြစ်ပေါ်စေရန် အရေးပါ အရာရောက်သော တံခါးပေါက်များ ဖြစ်ကြ၍အဇ္ဈတ္တိကရုပ်ဟု ခေါ်ဆိုရသည်၊ ကြွင်းသောရုပ် ၂၃-ပါးတို့သည် ပြင်ပရုပ် ၊ ဗာယိရရုပ် မည်တုန်၏။

ဝတ္ထုရုပ်နှင့် အဝတ္ထုရုပ်

ပသာဒရုပ် ၅-ခုနှင့် ဟဒယဝတ္ထုရုပ်တို့သည် စိတ်၏မှီရာဖြစ်၍ ဝတ္ထုရုပ်မည်တုန်၏။ ကြွင်းသောရုပ် ၂၂-ပါးတို့သည် စိတ်၏မှီရာ မဟုတ်သောကြောင့် အဝတ္ထုရုပ် မည်တုန်၏။

ဒွါရရုပ်နှင့် အဒွါရရုပ်

ပသာဒရုပ် ၅-ခုနှင့် ဝိညတ်ရုပ် ၂-ခုတို့သည် နာမ်တရားများ ဝင်ထွက်ရာ တံခါးပေါက်၊ ကံတရားတို့ တံခါးပေါက် ဖြစ်၍ ဒွါရရုပ်မည်တုန်၏။ ကြွင်းသောရုပ် ၂၁-ပါးတို့သည် အဒွါရရုပ် မည်တုန်၏။

ဣန္ဒြိယရုပ်နှင့် အနိန္ဒြိယရုပ်

ပသာဒရုပ် ၅-ခု၊ ဘာဝရုပ် ၂-ခု၊ ဇီဝိတရုပ်တို့သည် မိမိဆိုင်ရာ လုပ်ငန်းကိစ္စကို ပိုင်စိုးသောကြောင့် ဣန္ဒြိယရုပ်တို့ မည်တုန်၏။ ကြွင်းသောရုပ် ၂၀-တို့သည် ပိုင်စိုးမှုမရှိသောကြောင့် အနိန္ဒြိယရုပ်မည်တုန်၏။

စက္ခုပသာဒရုပ်သည် မြင်ခြင်းကိစ္စကို ပိုင်စိုး၏။ မျက်စိဖြင့် မမြင်ဘဲ နား၊ နှာခေါင်း၊ လက်၊ ခြေတို့ဖြင့် မြင်ချင်၍ မဖြစ်နိုင်ပေ။ မျက်စိကြည်လင်လျှင် ကြည်လင်သလောက် မြင်နိုင်စွမ်းအားကောင်းသည်၊ မျက်စိမှုန်လျှင် မှုန်သလောက် မြင်နိုင်စွမ်းအား လျော့နည်းသွားသည်၊ ထို့ကြောင့် စက္ခုပသာဒသည် မြင်ခြင်းကိစ္စကို ပိုင်စိုးသည်၊ အလားတူပင် သောတပသာဒသည် ကြားခြင်းကိစ္စကို ပိုင်စိုးသည်၊ ဃာနပသာဒသည် နမ်းရှုခြင်းကိစ္စကို ပိုင်စိုးသည်၊ ဇိဝှါပသာဒသည် အရသာခံယူခြင်းကိစ္စကို ပိုင်စိုးသည်၊ ကာယပသာဒသည် ထိတွေ့မှု ကိစ္စကို ပိုင်စိုးသည်၊ အခြား မည်သည့်ရုပ်က မျှ အစားထိုး နေရာယူနိုင်ခြင်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟူသော ဝိညာဏ် ငါးမျိုးတို့သည် ကုသလဝိပါတ် ကုသိုလ်၏ အကျိုးနှင့် အကုသလဝိပါက် အကုသိုလ်၏ အကျိုးဟူ၍ နှစ်မျိုးနှစ်စားစီရှိကြသဖြင့် သရုပ်ရေတွက်ရာ၌ ကုသိုလ်အကျိုး နှင့် အကုသိုလ်အကျိုး နှစ်မျိုးကိုပေါင်း၍ ရေတွက်သည့်အခါ စက္ခုဝိညာဏ် ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး ကာယ ဝိညာဏ်ဒွေး ဟူ၍ ဒွေး ငါးမျိုး(ဒွေ-၂ × ပဉ္စ - ၅ -၁၀) ဒွေပဉ္စဝိညာဏ် ၁၀-ဟု ခေါ်ဆိုရသည်။ အလားတူပင် သမ္ပဋိစ္ဆိုင်းသည်လည်း ကုသလဝိပါက် နှင့် အကုသလဝိပါက်နှစ်မျိုး ပူးတွဲ၍ သမ္ပဋိစ္ဆိုင်းဒွေဟုခေါ်ဆိုကြသည်။

သန္တီရဏမှာမူ အကုသိုလ်ဝိပါက်၌ ဥပေက္ခာသဟဂုတ်၊ သန္တီရဏ တစ်ခု၊ ကုသိုလ်ဝိပါက်၌ ဥပေက္ခာသဟဂုက်၊ သန္တီရဏနှင့် သောမနဿ သဟဂုတ် သန္တီရဏ ဟူ၍ သန္တီရဏသုံးခုရှိသည်။

အဟိတ်ကြိယာ၌ အာဝဇ္ဇန်းခေါ် အာရုံကို ရှေးဦးစွာ ယူပေးတတ်သော စိတ်သည် ပဉ္စဒွါရ၌တစ်ခု၊ မနောဒွါရ၌ တစ်ခုဟူ၍ နှစ်မျိုးရှိသည်။ (ပဉ္စဒွါရ - ပဉ္စ - ၅ - ဒွါရ - တံခါးငါးပေါက်၊ မနောဒွါရ - မနောတံခါး) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟု ဆိုအပ်သော ငါးဒွါရ (ပဉ္စဒွါရ)၌ ဖြစ်သော အာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းဟုခေါ်ဆိုရသည်။ မနောတံခါးပေါက်၌ ဖြစ်သော အာဝဇ္ဇန်းကို မနောဒွါရာဝဇ္ဇန်းဟုခေါ်ဆိုရသည်။ ယင်းအာဝဇ္ဇန်း ၂-ခုပေါင်း၍ အာဝဇ္ဇန်းဒွေးဟု ခေါ်ကြသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုင်းဒွေ ဤသုံးပါးကို မနောဓါတ် သုံးပါးဟု ခေါ်ဆိုရသည်။ မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရဝီထိ၌ ပါဝင်ဖြစ်ရသည့်အခါ သန္တီရဏစိတ်နှင့် ဇောစိတ်တို့၏ ကြား၌ဖြစ်ပေါ်၍ ဝေါဋ္ဌဗ္ဗန - ဝုဋ္ဌောဟုဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com


ခေါ်ဆိုရသည်။ ပသာဒရုပ်နှင့် ဂေါစရရုပ်တို့သည် သပ္ပဋိဃအမည်ရ၍ ကြွင်းသောရုပ် ၁၆-ပါးတို့သည် အပ္ပဋိဃရုပ်မည်ကုန်၏။

## ဥပါဒိန္နရုပ်နှင့် အနုပါဒိန္နရုပ်

(ဥပ+အာဒိန္န) ဥပ-ကပ်၍ + အာဒိန္န - အကျိုးအဖြစ်ဖြင့် ယူရခြင်း။ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သောကြောင့် ကမ္မဇရုပ်တို့ကို ဥပါဒိန္နရုပ်ဟု ခေါ်ဆိုရသည်။ ကေန် ကမ္မဇရုပ် ဖြစ်သော ဟဒယဝတ္ထုရုပ်နှင့် ဣန္ဒြိယရုပ် ၈-ပါး အနေကန် ကမ္မဇရုပ် ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ခုနှင့် အာကာသဓာတ်ပေါင်း ၁၈-ပါးတို့သည် ဥပါဒိန္နရုပ်မည်ကုန်၏။ ကြွင်းသောရုပ်၁၀-ပါးတို့သည် အနုပါဒိန္နရုပ် မည်ကုန်၏။ တဏှာဒိဋ္ဌိတို့သည် ကံကြောင့်ဖြစ်သော ဤရုပ် ၁၈-ပါးအပေါ်၌ အထူးစွဲလမ်းနှစ်သက်ကြသည်။ အသားအစစ်နှင့် တူအောင် ပြုပြင်ဖန်တီးထားသော အသားတုထက် အသားစစ်ကိုသာ ကြိုက်နှစ်သက်ကြသည်။ လူနှင့် တထပ်တည်း တူညီအောင် အတွေ့အထိန္နးညံ့လျက် လူကဲ့သို့ စကားပြောတတ်သော စက်ရုပ်ကို လူတစ်ယောက်ကဲ့သို့ စွဲလမ်းချစ်ခင်ခြင်း မပြုနိုင် ကြချေ။ လူအတုစက်ရုပ်ဖြင့် အာသာမပြေနိုင်ကြချေ။ ထို့ကြောင့် ကမ္မဇရုပ် ၁၈-ပါးတို့ကို တဏှာဒိဋ္ဌိတို့၏ စွဲလမ်းစရာ အာရုံရုပ်ဝတ္ထုအဖြစ် သတ်မှတ်ကြရသည်။ (ဥပါဒိန္န - တဏှာဒိဋ္ဌိဖြင့် စွဲလမ်းခြင်း)

## သနိဒဿနရုပ်နှင့် အနိဒဿနရုပ်

ရူပါရုံသည် မြင်၍ရစကောင်းသောကြောင့် သနိဒဿနရုပ်မည်၏။ ကြွင်းသောရုပ် ၂၇-ပါးတို့သည် မြင်၍ မရသောကြောင့် အနိဒဿနရုပ်မည်၏။ (နိဒဿန - မြင်ခြင်း)

## ဂေါစရဂ္ဂါဟိကရုပ်နှင့် အဂေါစရဂ္ဂါဟိကရုပ်

(ဂေါစရ+ဂါဟိက) ဂေါစရ-အာရုံ + ဂါဟိက - ယူတတ်ခြင်း။

ပသာဒရုပ်ငါးပါးတို့သည် အာရုံငါးပါးကို ရယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ်တို့ မည်ကုန်၏။ ကြွင်းသောရုပ် ၂၃-ပါးတို့သည် အဂေါစရဂ္ဂါဟိကရုပ်မည်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com


သမ္ပတ္တ၊ အသမ္ပတ္တ

ထိုဂေါစရဂ္ဂါဟိကရုပ်ဟု ဆိုအပ်သော ပသာဒရုပ်ငါးပါးတို့ကို သမ္ပတ္တနှင့် အသမ္ပတ္တဟု နှစ်မျိုးခွဲသည်။ စက္ခုပသာဒနှင့် သောတပသာဒ တို့သည် ရူပါရုံနှင့် သဒ္ဒါရုံတို့ မိမိပသာဒသို့ မရောက်မီ ၊မထိမီ အာရုံကို ရယူနိုင်သောကြောင့် အသမ္ပတ္တဂေါစရဂ္ဂဟိကမည်၏။ ဃာန၊ ဇိဝှါ၊ ကာယ ပသာဒရုပ်သုံးခုတို့သည် အနံ့အာရုံ အရသာအာရုံ အတွေ့အထိ အာရုံတို့ မိမိပသာဒသို့ရောက်ရှိမှ အာရုံရယူနိုင်သောကြောင့် သမ္ပတ္တဂေါစရဂ္ဂါဟိက ရုပ်တို့မည်ကုန်၏။ ဤနေရာ၌ အချို့က စက္ခုပသာဒသည် မိမိထံသို့ အဆင်း ရူပါရုံရောက်ရှိမှသာလျှင် အာရုံယူနိုင်စွမ်းရှိသည်ဟု ဆိုကြသည်။ ယင်းပုဂ္ဂိုလ် တို့အား လေးသမားဥပမာဖြင့် ဖြေဆိုရမည်။ လေးသမားသည် ရန်သူကို ချိန်ရွယ်ပစ်ခတ်ရာ၌ အကယ်၍သာ မျက်လုံးထဲ ရောက်လာသည့် ရုပ်အဆင်းကို မြင်ရသည်ဟုဆိုပါက မိမိမျက်စိကိုပင် မြားမှန်စရာရှိသည်။ အလားတူပင် နားထဲသို့ ရောက်ရှိသောအသံကို ကြားသိရသည်ဟုဆိုပါက ညဥ့်အမှောင်ထဲ၌ အသံကြားရာကို ပစ်ခတ်နိုင်သော သရဝေဓိ လေးသမားသည် ရန်သူကို မပစ်မိဘဲ မိမိနားကိုသာလျှင် ပစ်မိလေရာ၏။ ထို့ကြောင့် စက္ခုပသာဒနှင့် သောတပသာဒတို့သည် အာရုံကို မိမိထံမရောက်မီ ရယူနိုင် သိနိုင်သောကြောင့် အသမ္ပတ္တဂေါစရဂ္ဂါဟိကရုပ်ဟု မှတ်အပ်၏။

အဝိနိဗ္ဘောဂရုပ်နှင့် ဝိနိဗ္ဘောဂရုပ်
ခွဲစိပ်ရသောရုပ်နှင့် ခွဲစိပ်မရသောရုပ်

အောက်ပါရုပ် ၈-ပါးတို့သည် အမြဲတမ်းတွဲဖက်နေ၍ တစ်ခုစီခွဲစိတ်မရသောကြောင့် အဝိနိဗ္ဘောဂရုပ်တို့မည်ကုန်၏။

၁။ ဝဏ္ဏ - အဆင်း၊ အရောင်၊ ရူပါရုံ
၂။ ဂန္ဓ - အနံ့
၃။ ရသ - ရသာရုံ (အရသာ ၆-ပါးအနက် တစ်ခုခု)
၄။ ဩဇာ - အဆီအနှစ်အစေး

www.burmeseclassic.com

www.burmeseclassic.com



၅။ ပထဝီဓါတ် -

၆။ အာပေါဓါတ် -

၇။ တေဇောဓါတ်-

၈။ ဝါယောဓါတ် -

ကြွင်းသောရုပ် ၂၀-တို့သည် ခွဲစိတ်၍ ရစကောင်းသောကြောင့် ဝိနိဗ္ဘောဂရုပ်မည်ကုန်၏။

## ရုပ်၏ အကြောင်းတရားများ

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဤအကြောင်းတရားလေးပါးတို့သည် ရုပ်ကိုဖြစ်စေတတ်ကုန်၏။

ရုပ်ကိုဖြစ်စေနိုင်သော ကံ- ၂၅ ပါး

| | | |
|---|---|---|
| (က) | အကုသိုလ် စေတနာကံ | ၁၂-ပါး |
| (ခ ) | ကာမာဝစရကုသိုလ်စေတနာကံ | ၈-ပါး |
| (ဂ ) | ရူပါဝစရကုသိုလ် စေတနာကံ | ၅-ပါး |
| | ပေါင်း | ၂၅- ပါး |

ရုပ်နှင့် နာမ်ဥပါဒ်ပြိုင်

ကာမာဝစရ (၁၁)ဘုံ၊ အသညသတ်ကြဉ်သော ရူပ- ၁၅ ဘုံတို့၌ ပဋိသန္ဓေအခါ၌ ကုသိုလ်ကံ ၁၃-ပါး၊ အကုသိုလ်ကံ ၁၂-ပါးသည် ပဋိသန္ဓေ ဝိပါက် ဝိညာဏ်စိတ်ကိုလည်းကောင်း၊ ပဋိသန္ဓေကမ္မဇရုပ်ကိုလည်းကောင်း၊ အတူတကွ တပြိုင်နက် ဖြစ်ပေါ်စေသည်၊ ထိုသို့ တပြိုင်နက်ဖြစ်ခြင်းကြောင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာတို့က သဟဇာတ ပစ္စည်း၊ အညမညပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း၊ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုခြင်း ထောက်ပံ့ခြင်းကို ခံယူရရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နောက်ဆက်တွဲ ကမ္မဇရုပ်

ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ခဏတိုင်း ခဏတိုင်း ကမ္မဇရုပ်တို့ကို အကုသိုလ်ကံ ကုသိုလ်ကံတို့သည် ဆက်လက် ဖြစ်ပေါ်စေကြသည်။ ယင်း ဌီခဏမှစ၍ ခဏတိုင်း ခဏတိုင်း ဖြစ်ပေါ်ကြသော ကမ္မဇရုပ်တို့မှာ (နာမက္ခန္ဓာ) နာမ်တရားထံမှ သဟဇာတ ပစ္စယသတ္တိ၊ အညမညပစ္စယသတ္တိတို့ကို မရရှိ တော့ချေ၊ ယင်းကမ္မဇရုပ်တို့၏ အသက်ရှင်သန်ရေးအတွက် အတူတကွ ပါလာသော ဇီဝိတရုပ်ကသာလျှင် တာဝန်ယူစောင့်ရှောက်သွားလေသည်။

ဤကမ္မဇရုပ်တို့ကို စက္ခုဝိညာဏ်စသော စိတ်ဝိညာဏ်တို့သည် အမှီ ပြုကြရကုန်၏။ ကမ္မဇရုပ်၌ အကျုံးဝင်သော ပသာဒဝတ္ထုရုပ်ငါးပါး၊ ဟဒယဝတ္ထု တို့ကို မှီတွယ်၍ ဝိညာဏ်(၆)ပါး ဖြစ်ကြရသည်၊ ယင်း ဝတ္ထုရုပ် ၆-ပါး၊ အင်အား ကောင်းလျှင် ကောင်းသလို ဝိညာဏ်အင်အား ကောင်းသည်၊ သေခါ နီးအချိန် ၌ မှီခိုစရာ ဝတ္ထုရုပ်များ အားနည်းလာသောကြောင့် စိတ်ဓာတ် အင်အား လည်း လျော့နည်းသွား၍ ဇောခုနစ်ကြိမ် မစောနိုင်ဘဲ ငါးကြိမ်သာ စောရသည်။

## ရုပ်ကို ဖြစ်စေနိုင်သော စိတ် ၇၅-ပါး

အရူပဝိပါက် ၄-ပါး နှင့်ဒွေပဥ္စဝိညာဏ် ၁၀၊ ပေါင်း ၁၄ ပါးမှတစ်ပါး၊ ကြွင်းသောစိတ် ၇၅ -ပါးတို့သည် ပဋိသန္ဓေစိတ် နောင်ပထမ ဘဝင်စိတ်မှစ၍ စုတိစိတ်တိုင်အောင် တစ်ဘဝအတွင်း၌ စိတ်ဖြစ်တိုင်းဖြစ်တိုင်း စိတ္တဇရုပ်တို့ကို ဖြစ်စေနိုင်၏။ အကြောင်းဖြစ်သော စိတ်နှင့် အကျိုးဖြစ်သော စိတ္တဇရုပ်တို့ သည် ဥပါဒ်ချင်း ပြိုင်၍ တပြိုင်နက် ဖြစ်ကြသည်။ ဝါ- စိတ်သည် ဥပါဒ် ခဏ၌သာလျှင် ရုပ်တို့ကို ဖြစ်စေနိုင်သည်၊ စိတ်၏ဌီခဏ၊ ဘင်ခဏတို့၌ ရုပ်ကိုဖြစ်စေနိုင်ခြင်း မရှိချေ။

စိတ်ကြောင့်ဖြစ်သော ရုပ်များမှာ- ကာယဝိညတ်၊ ဝစီဝိညတ်နှင့် သဒ္ဒရုပ်၊ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ်၊ အဝိနိဗ္ဘောဂရုပ် ၈ပါး- အာကာသဓာတ်-စုစုပေါင်း၊ ၁၅ ပါးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟန်မပျက် ဆက်ထိန်းနိုင်ခြင်း

ရယ်ရွှင်ခြင်းသည် ဝစီဝိညတ်ရုပ်နှင့် သဒ္ဒရုပ်တို့ ပေါင်းစပ်ထားခြင်း ဖြစ်သည်။ လမ်းလျှောက်ခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ ဣရိယာပုထ်တို့သည် စိတ်ကြောင့်ဖြစ်သော ဝါယောဓါတ် အထူးဖြစ်ကြသည်။ ထို့ကြောင့် မဟာဂ္ဂုတ်, လောကုတ္တရာဇောများ ဖြစ်ကြသော အပ္ပနာဇော-(၂၆)ပါးတို့သည် ဣရိယာပုထ် အသစ်အသစ် ပြုပြင်ပြောင်းလဲခြင်း၊ မဖြစ်စေနိုင်သော်လည်း မူလရှိပြီးသား ဣရိယာပုထ်ကိုမူ အခြေမပျက် ဆက်လက်ထိမ်းသိမ်း ထားနိုင်ကြသည်။ ထို့ကြောင့် ဈာန်သမာပတ်၊ ဖလသမာပတ် ဝင်စားသော ပုဂ္ဂိုလ်သည် မူလ ရှိသော ထိုင်ခြင်းဣရိယာပုထ်၊ ရပ်ခြင်းဣရိယာပုထ်၊ လမ်းလျှောက်ခြင်း ဣရိယာပုထ် တို့ကို မပျက်စေဘဲ ဆက်လက်ထိန်းထား နိုင်ကြသည်။ ဥပမာ- အားဖြင့် အိပ်ပျော်သော ပုဂ္ဂိုလ်သည် များသောအားဖြင့် ထိုင်လျက်ရှိပါက ယိုင်လဲသွား တတ်သည်။ ဈာန်သမာပတ်၊ ဖလသမာပတ် ဝင်စားသော ပုဂ္ဂိုလ်များမှာမူ မူလအနေအထား မပျက်ပဲ မူလက ထိုင်လျက်ဖြစ်လျှင် ဆက်လက်၍ ယိုင်လျက်သာ ရှိပေလိမ့်မည်။ မူလက ရပ်လျက်ဖြစ်လျှင် ရပ်လျက်သာ ရှိပေလိမ့်မည်။ မူလက စင်္ကြံလျှောက်နေလျှင် ဈာန်သမာပတ်၊ ဖလသမာပတ် ဝင်စားသည့် အခိုက်၌လည်း ဆက်လက်၍ စင်္ကြံလျှောက်နေမည်သာ ဖြစ်သည်။

ဝုဋ္ဌောဟု ဆိုအပ်သော မနောဒွါရဝဇ္ဇန်း စိတ်နှင့်ကာမဇော-၂၉- အဘိညာဉ်စိတ်-၂ခု-ပေါင်း-၃၂ပါးသော စိတ်တို့သည် ကာယဝိညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ်တို့ကို ဖြစ်စေနိုင်ကုန်၏။ ထို့ကြောင့် ဈာန်သမာပတ်နှင့် ဖလသမာပတ် ဝင်စားသည့် အချိန်၌ ဈာန်၊ မဂ်၊ ဖိုလ် ဇောစောချိန်၌ စကားပြောခြင်း၊ ဝစီဝိညတ်၊ ကိုယ် အမူအရာ ပြုလုပ်ခြင်း၊ ကာယဝိညတ်တို့ မဖြစ်နိုင်ဟု သိအပ်၏။

ရယ်ရွှင်စိတ် ၁၃-ပါး

လောဘမူသောမနဿစိတ်-၄ပါး၊ ဟသိတုပ္ပါဒ်စိတ်-၁ပါး၊ မဟာ ကုသိုလ် သောမနဿစိတ်-၄ပါး၊ မဟာကြိယာ သောမနဿစိတ်-၄ပါး၊ စုစုပေါင်း-၁၃ပါးသော ကာမာဝစရ သောမနဿ ဇောစိတ်တို့သည် ရယ်ရွှင်မှု

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြစ်စေနိုင်ကုန်၏။ ထို့ကြောင့် အိပ်ပျော်ခိုက်၌လည်းကောင်း၊ စျာန်ဝင်စားခိုက်၌လည်းကောင်း၊ ဖလသမာပတ် ဝင်စားခိုက်၌လည်းကောင်း၊ ရယ်ရွှင်မှုကို မဖြစ်စေနိုင်ဟု မှတ်အပ်၏။ အိပ်မက်မက်နေသူမှာ အိပ်ပျော်တလှည့် နိုးတလှည့်၊ ဘဝင်စိတ် တလှည့်၊ ဝီထိစိတ် တလှည့် ဖြစ်နေ၍ အိပ်မက်အတွင်း၌မူ ရယ်ရွှင်ခြင်း၊ ယောင်ပြောဆိုခြင်းများ ဖြစ်နိုင်ပေသည်။

ဥတုကြောင့်ဖြစ်သောရုပ်များ-(၁၃)ပါး။

သီတဥတု အေးခြင်း၊ ဥဏှဥတု ပူခြင်းတို့သည် တေဇောဓါတ်၏ သဘာဝနှစ်မျိုးဖြစ်ကြသည်။ အေးသည်ဖြစ်စေ၊ ပူသည်ဖြစ်စေ၊ တေဇောဓါတ်ဟု ဆိုအပ်သော ဥတုသည် ဌီခဏသို့ ရောက်သောအခါ ဥတုဇရုပ်တို့ကို ဖြစ်စေနိုင် ကုန်၏။ အထက်၌ဖော်ပြအပ်ကုန်သော ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့သည် သက်ရှိသတ္တဝါတို့၏ အတွင်းသန္တာန်(အဇ္ဈတ္တ)၌သာ ဖြစ်ကြကုန်၏။ ပြင်ပဗဟိဒ္ဓ၌ ဖြစ်ခြင်းမရှိကြချေ။ ဤဥတုဇရုပ်တို့မှာမူ-သက်ရှိသတ္တဝါတို့၏ အတွင်းအဇ္ဈတ္တ သန္တာန်၌ လည်းကောင်း၊ ပြင်ပဗဟိဒ္ဓသန္တာန်၌လည်းကောင်း၊ ဖြစ်နိုင်ကြကုန်၏။

ဥပမာအားဖြင့်- ပဋိသန္ဓေအခါ၌ ရှေးဦးစွာဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်၌ တေဇောဓါတ် ပါဝင်လာခဲ့သည်။ ယင်းတေဇောဓါတ်သည် လဟုတာဒေကာဒသက ကလာပ်ရုပ်တို့ကို ဖြစ်စေနိုင်သည်။ အလားတူပင် ဆက်လက်ဖြစ်ပေါ်သော ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များ အတွင်း၌ ပါဝင်လာခဲ့သော တေဇောဓါတ်သည် ဤခန္ဓာကိုယ် အတွင်း မှာပင် လဟုတာဒေကာဒသကစသောရုပ်ကလာပ်များကို ဖြစ်စေနိုင်သည်။ ခန္ဓာကိုယ်၏ပြင်ပ သစ်ပင်၊ တော၊ တောင်၊ ရေ ၊မြေ၊သမုဒ္ဒရာတို့၌ ပါဝင်သော တေဇောဓါတ်သည် ဌီခဏသို့ ရောက်သောအခိုက် သုဒ္ဓဋ္ဌကကလာပ်၊ သဒ္ဒနဝကကလာပ် ဤနှစ်ပါးကိုသာ ဖြစ်စေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဇ္ဈတ္တဥတုကြောင့်ဖြစ်သော ရုပ်များမှာ-

(၁) သဒ္ဒ(အသံရုပ်) ၁ ပါး၊
(၂) လဟုတာရုပ် ၁ ပါး၊
(၃) မုဒုတာရုပ် ၁ ပါး၊
(၄) ကမ္မညတာရုပ် ၁ ပါး၊
(၅) အဝိနိဗ္ဘောဂရုပ် ၈ ပါး၊
(၆) အာကာသဓါတ် ၁ ပါး၊

---------

ပေါင်း-၁၃- ပါး

အာဟာရဇရုပ်- ၁၂ ပါး

သတ္တဝါတို့ စားမျိုလိုက်သော ဩဇာဟုခေါ်ဆိုအပ်သော အာဟာရသည် စားမျိုအပ်သော အချိန်၌ ဌီခဏသို့ ရောက်သောအခါ အာဟာရဇရုပ်တို့ကို ဖြစ်စေနိုင်ကုန်၏။ စားမျိုအပ်သော အစာအာဟာရသည် သွားရည်နှင့် လည်းကောင်း၊ အစာအိမ်အရည်နှင့်လည်းကောင်း၊ ရောစပ်ပေါင်းစပ်၍ ချေချက်ကြေညက်ပြီး ရသရည် အဖြစ်သို့ ရောက်သွားသည်၊ ယင်းရသရည်များသည် သတ္တဝါ၏ သွေးအတွင်းသို့ ရောက်ရှိ၍ သွေးနှင့်ပေါင်း စပ်ပြီး သက်ရှိရုပ်၏ ဖြစ်စဉ်အတွင်း လိုက်လျောညီထွေ ဖြစ်လာသောအခါ မှသာလျှင် အဟာရဇရုပ်ဟု ခေါ်ဆိုရသည်။ အစာအိမ်အတွင်း၌ ရောက်ရှိသော်လည်း အစာများချဉ်စုတ်၍ ပြန်အန်ထွက်လာခြင်းကို ကြည့်ပါက စားမျို၍ ဝမ်းဗိုက်ထဲသို့ ရောက်ရုံမျှဖြင့် အာဟာရဇရုပ်ဖြစ်သေးကြောင်း ထင်ရှားလေသည်။

အာဟာရဇရုပ် ၁၂ ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်-

၁။ လဟုတာရုပ်- ၁ပါး၊
၂။ မုဒုတာရုပ်- ၁ပါး၊
၃။ ကမ္မညတာရုပ်- ၁ပါး၊
၄။ အဝိနိဗ္ဘောဂရုပ်- ၈ပါး၊
၅။ အာကာသဓါတ်- ၁ပါး-

---------

ပေါင်း- ၁၂ ပါး

www.burmeseclassic.com

www.burmeseclassic.com


လက္ခဏာရုပ် လေးပါးတို့သည် သီးခြားရုပ်အစစ် မဟုတ်သောကြောင့် မည်သည့်အကြောင်းကြောင့်မျှ ဖြစ်ပေါ်ခြင်း မရှိချေ။ ကံ၊စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သည်ဟု မဆိုရချေ။

## ရုပ်ကလာပ်စည်း- ၂၁ စည်း

ရုပ်တို့သည် တစ်ခုချင်း တစ်သီးတစ်ခြားစီ ဖြစ်ပေါ်လေ့ မရှိချေ။ အနည်းဆုံးရုပ်- ၈ခု၊ အများဆုံးရုပ် ၁၃-ခု၊ ပူးတွဲပေါင်းစပ်၍ ဖြစ်လေ့ ဖြစ်ထ ရှိသည်။ ထိုကဲ့သို့ အတူတကွ တပြိုင်နက်ဖြစ်ခြင်း၊. တပြိုင်နက် ချုပ်ခြင်း၊ တူသောမှီရာရှိခြင်း သဘောတူရာအုပ်စု အဖွဲ့လိုက်ရှိခြင်း၊ ဤလေးချက်ကို ထောက်ရှု၍ ကလာပ်စည်းတစ်ခုအဖြစ် သတ်မှတ်ကြရသည်။ ယင်းကလာပ် စည်းများမှာ-

(က) ကမ္မဇကလာပ် ၉- စည်း
(ခ) စိတ္တဇကလာပ် ၆- စည်း
(ဂ) ဥတုဇကလာပ် ၄- စည်း
(ဃ) အာဟာရဇကလာပ် ၂- စည်း

------------

ပေါင်း- ၂၁- စည်း

### ကမ္မဇ ကလာပ်- ၉ စည်း

၁။ စက္ခုဒသက ကလာပ် • စက္ခုပါသောရုပ်-၁၀ ခုတွဲ
(စက္ခုပသာဒ + ဇီဝိတရုပ် + အဝိနိဗ္ဘောဂရုပ်- ၈)

၂။ သောတဒသက ကလာပ်• သောတပါသောရုပ် -၁၀ခုတွဲ
(သောတပသာဒ+ ဇီဝိတရုပ်၊ အဝိနိဗ္ဘောဂရုပ် - ၈)

၃။ ဃာနဒသကကလာပ် • ဃာနပါသောရုပ်-၁၀ခုတွဲ
(ဃာနပသာဒ+ ဇီဝိတရုပ်+ အဝိနိဗ္ဘောဂရုပ်- ၈)

၄။ ဇိဝှါဒသကကလာပ်• ဇိဝှါပါသောရုပ်-၁၀ ခုတွဲ
(ဇိဝှါပသာဒ+ ဇီဝိတရုပ်+ အဝိနိဗ္ဘောဂရုပ် -၈)

www.burmeseclassic.com

www.burmeseclassic.com



၅။ ကာယဒသက ကလာပ်- ကာယပါသောရုပ်- ၁၀ခုတွဲ
( ကာယပသာဒ + ဇီဝိတရုပ် + အဝိနိဗ္ဘောဂရုပ် ၈-ခု)

၆။ ဣတ္ထိဘာဝဒသက ကလာပ် - ဣတ္ထိဘာဝပါသောရုပ်-၁၀ ခုတွဲ
(ဣတ္ထိဘာဝရုပ်+ ဇီဝိတရုပ်+ အဝိနိဗ္ဘောရုပ်-၈)

၇။ ပုမ္ဘာဝဒသက ကလာပ် - ပုမ္ဘာဝပါသောရုပ် -၁၀ခုတွဲ
(ပုမ္ဘာဝရုပ်+ ဇီဝိတရုပ်+ အဝိနိဗ္ဘောဂရုပ် - ၈)

၈။ ဝတ္ထုဒသက ကလာပ်-ဝတ္ထုရုပ်ပါသောရုပ် - ၁၀ခုတွဲ
(ဟဒယဝတ္ထု+ ဇီဝိတရုပ် + အဝိနိဗ္ဘောဂရုပ်- ၈)

၉။ ဇီဝိတနဝက ကလာပ်- ဇီဝိတရုပ်ပါသောရုပ်- ၉ ခုတွဲ
(ဇီဝိတရုပ်+ အဝိနိဗ္ဘောဂရုပ်- ၈)

စိတ္တဇကလာပ်-၆ စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ် - အဋ္ဌကလာပ်ရုပ်သက်သက် ၈-ခုတွဲ
(အဝိနိဗ္ဘောဂရုပ် - ၈)

၂။ ကာယဝိညတ္တိနဝက ကလာပ် - ကာယဝိညတ်ပါသောရုပ်
၉-ခုတွဲ (ကာယဝိညတ် + အဝိနိဗ္ဘောဂရုပ်-၈)

၃။ ဝစီဝိညတ္တိဒသက ကလာပ် - ဝစီဝိညတ်ပါသောရုပ် ၁၀-ခုတွဲ
(ဝစီဝိညတ် + သဒ္ဒရုပ် + အဝိနိဗ္ဘောဂရုပ်-၈)

၄။ လဟုတာဒေကာဒသက ကလာပ် - လဟုတာပါသောရုပ် ၁၁-
ခုတွဲ (လဟုတာ+ မုဒုတာ+ ကမ္မညတာ + အဝိနိဗ္ဘောဂရုပ်-၈)

၅။ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ် - ကာယ
ဝိညတ် နှင့် လဟုတာစသည်ပါသော ရုပ် ၁၂-ခုတွဲ
(ကာယဝိညတ် + လဟုတာ + မုဒုတာ + ကမ္မညတာ +
အဝိနိဗ္ဘောဂရုပ်-၈)

၆။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသက ကလာပ် - ဝစီ ဝိညတ်
နှင့် သဒ္ဒလဟုတာ စသည်ပါသော ရုပ် ၁၃-ခုတွဲ
(ဝစီဝိညတ် + သဒ္ဒရုပ် + လဟုတာ+ မုဒုတာ + ကမ္မညတာ+
အဝိနိဗ္ဘောရုပ် ၈-ခု)

www.burmeseclassic.com

www.burmeseclassic.com



ဥတုဇကလာပ် ၄-စည်း

၁။ သုဒ္ဓဋ္ဌကကလာပ် - အဋ္ဌကလာပ်ရုပ် ၈-ခု
(အဝိနိဗ္ဘောဂရုပ် ၈-ခု)

၂။ သဒ္ဒနဝက ကလာပ် - သဒ္ဒရုပ်ပါသောရုပ် ၉-ခုတွဲ (သဒ္ဒရုပ် + အဝိနိဗ္ဘောဂရုပ် ၈-ခု)

၃။ လဟုတာဒေကာဒသက ကလာပ် - လဟုတာစသည်ပါသောရုပ် ၁၁-ခုတွဲ
(လဟုတာ + မုဒုတာ + ကမ္မညတာ + အဝိနိဗ္ဘောဂရုပ် ၈)

၄။ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ် - သဒ္ဒရုပ်နှင့် လဟုတာ စသည် ပါသောရုပ် ၁၂-ခုတွဲ
(သဒ္ဒရုပ် + လဟုတာ + မုဒုတာ + ကမ္မညတာ + အဝိနိဗ္ဘောဂရုပ် ၈-ခု)

အာဟာရဇကလာပ် ၂-စည်း

၁။ သုဒ္ဓဋ္ဌကလာပ် - အဋ္ဌကလာပ်ရုပ် ၈-ခုတွဲ (အဝိနိဗ္ဘောဂရုပ် ၈-ခု)

၂။ လဟုတာဒေကာဒသက ကလာပ် - လဟုတာ စသည်ပါသောရုပ် ၁၁-ခုတွဲ
(လဟုတာ + မုဒုတာ + ကမ္မညတာ + အဝိနိဗ္ဘောဂရုပ် ၈-ခု)

ထိုကလာပ်စည်း ၂၁-စည်းတို့တွင် ဥတုဇကလာပ်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်တို့သည် ပြင်ပ ဗဟိဒ္ဓ၌လည်းကောင်း၊ အတွင်း အဇ္ဈတ္တ၌လည်းကောင်း ဖြစ်နိုင်ကြကုန်၏။ ကြွင်းသော ကလာပ်စည်း ၁၉-စည်းတို့သည် အတွင်း အဇ္ဈတ္တသန္တာန်၌ သာလျှင် ဖြစ်ကြကုန်၏။

အာကာသဓါတ်သည် ရုပ်ကလာပ်တခုနှင့် တစ်ခု မရောယှက်စေရန် ပိုင်းခြားတတ်သော သဘောလက္ခဏာရှိခြင်းကြောင့် ကလာပ်စည်း ဖွဲ့စည်းရာ၌ ပါဝင်နိုင်ခွင့် မရှိချေ။ အလားတူ လက္ခဏာရုပ်လေးခုတို့သည်လည်း ကလာပ်စည်း ဖွဲ့ရာ၌ ပါဝင်နိုင်ခြင်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်တို့၏ ဖြစ်ပေါ်ပုံ အစီအစဉ်

### ဘုံ အားဖြင့် ခွဲခြားခြင်း

ကာမဘုံ၌ ရုပ်ကလာပ်စည်း ၂၁-စည်းလုံးဖြစ်ခွင့်ရှိသည်။

အသညသတ်ကြဉ်သော ရူပါဝစရ ၁၅-ဘုံ၌ ဃာန ဒသက ကလာပ်၊ ဇိဝှါဒသက ကလာပ်၊ ကာယဒသက ကလာပ်၊ ဣတ္ထိဘာဝဒသက ကလာပ်၊ ပုမ္ဘာဝဒသက ကလာပ်၊ အာဟာရဇ ကလာပ် ၂-စည်း စုစုပေါင်း ကလာပ်စည်း ၇-စည်း ဖြစ်ခွင့် မရှိချေ။ ကြွင်းသော ကလာပ်စည်း ၁၄-စည်းတို့ဖြစ်နိုင်ကြသည်။ ထို့ကြောင့် ဗြဟ္မာတို့သည် အပူအအေး စသည်ကို မသိချေ၊ အနံ့နှင့် အရသာကိုလည်း မသိချေ၊ အသညသတ်ဘုံ၌ ပဋိသန္ဓေအခါတွင် ဇီဝိတနဝက ကလာပ်စည်း (၁)စည်းသာလျှင် ရနိုင်သည်။ ကျန်သော ကမ္မဇကလာပ်စည်းများ ဖြစ်ခွင့်မရှိချေ။ ပဝတ္တိအခါ၌မူ ဥတုဇ ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်နှင့် လဟုတာ ဒေကာဒသကကလာပ်နှစ်ခုတို့သာလျှင် ဖြစ်ခွင့်ရှိကြသည်။

## ပဋိသန္ဓေ- ၃ မျိုး

၁။ သြပပါတိကပဋိသန္ဓေ - ကိုယ်အင်္ဂါပြည့်စုံစွာ ၁၆-နှစ်အရွယ် ဖြုန်းတနဲ ဖြစ်ပေါ်ခြင်း

၂။ သံသေဒဇပဋိသန္ဓေ - အကျိအချွဲ၊ အသွေး အသားတို့ စွဲမှီ၍ ဖြစ်ပေါ်ခြင်း

၃။ ဂဗ္ဘသေယျကပဋိသန္ဓေ - အမိဝမ်း၌ ဖြစ်ရခြင်း

(က) အဏ္ဍဇ - ဥမှပေါက်ဖွားခြင်း

(ခ) ဇလာဗုဇ - သားအိမ်မှ မွေးဖွားခြင်း

ဂဗ္ဘသေယျက ပဋိသန္ဓေသည် အဏ္ဍဇ၊ ဇလာဗုဇဟူ၍ နှစ်မျိုးရှိသည်။ ကြက်၊ ငှက်၊ ဖွတ်၊ ပုတတ်၊ ငါး၊ လိပ်တို့မှာ ဥမှ တစ်ဆင့် ပေါက်ဖွားရ၍ အဏ္ဍဇပဋိသန္ဓေဟုခေါ်သည်။ (အဏ္ဍ - ဥ) လူနှင့် နွား၊ မြင်း စသည်တို့မှာ အမိဝမ်းမှာ (ဝါ) သားအိမ်မှ သတ္တဝါအကောင်လိုက် မွေးဖွားရသောကြောင့် ဇလာဗုဇ ပဋိသန္ဓေဟုခေါ်သည်။ (ဇလာဗု - သားအိမ်)

www.burmeseclassic.com

www.burmeseclassic.com



နတ်၊ ပြဟ္မာတို့သည် လည်းကောင်း၊ အသူရကာယ်နှင့် ငရဲသားတို့သည်လည်းကောင်း၊ ဥပပါတ် ပဋိသန္ဓေ နေကြကုန်၏။ အင်္ဂါခြေလက် အစုံအလင် အရွယ်ရောက်ပြီး ပြုန်းကနဲ ဖြစ်ပေါ်လျက် ပဋိသန္ဓေနေကြသည်။ ၎င်းတို့မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် ပသာဒရုပ်များနှင့် ဘာဝရုပ်များ ရသင့်ရထိုက်ပါက တစ်ခါတည်းအပြီး အပြည့်အစုံရကြသည်။ အကယ်၍ မရထိုက်ပါကလည်း မျက်စိ၊ နားစသည် မပါဘဲ ဖြစ်ပေါ်လာကြသည်။ လူနှင့် တိရိစ္ဆာန်များကဲ့သို့ တဖြည်း ဖြည်းချင်း၊ တစ်ဆင့်ချင်း မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ့တို့ဖြစ်ပေါ်ရင့်ကျက် နေရခြင်း မရှိချေ။ မွေးကတည်းက အကုန်စုံလင်ပြီး ဖြစ်သည်။ တဖြေးဖြေးချင်း ဖြစ်ပေါ်နေရခြင်းမရှိချေ။

သံသေဒဇသတ္တဝါတို့မှာလည်း အလားတူပင် ရသင့်ရထိုက်သော စက္ခုသောတ စသည်တို့ ပဋိသန္ဓေအခါက ပင်လျှင် ရရှိခဲ့ကြပေသည်။

အချို့သောသတ္တဝါများမှာ မွေးကတည်းက စက္ခု၊ မျက်စိအကြည် မပါခဲ့ကြချေ။ အချို့မှာ သောတ နားအကြည် မပါခဲ့ကြချေ။ အချို့မှာ ဃာန၊ နှာခေါင်းအကြည်မပါခဲ့ကြချေ။

အရသာကိုသိသော ဇိဝှါလျှာနှင့် အတွေ့အထိကို သိသော ကာယပသာဒရုပ်တို့မှာမူ ကာမဘုံ ကာမသတ္တဝါ၌ မချို့တဲ့ကောင်းချေ။ အာဟာရမှီဝဲရမည်ဖြစ်၍ ဇိဝှါ (လျှာအကြည်ဓါတ်) မပါမဖြစ်ပါနေပေသည်။ အပူအအေး၊ မာမှု၊ ပျော့မှု၊ နာကျင်မှုကို သိရန်အတွက် ကာယပသာဒ (အကြည်ဓါတ်) မပါ၍ မဖြစ်ပေ။

ထိုပြင်ကာမဘုံ၌ ဩပပါတိကပဋိသန္ဓေနေရသော ဥပပါတ်သတ္တဝါများမှာ ဃာနပသာဒရုပ်မချို့တဲ့ကောင်းချေ။

## တလလရေကြည်

အမိဝမ်း၌ ပဋိသန္ဓေနေကြသော ဂဗ္ဘသေယျကသတ္တဝါတို့မှာ အမိအဘတို့၏ ပေါင်းစပ်ထားသော သုက်သွေး အတွင်း၌ ပဋိသန္ဓေစိတ်နှင့် အတူတကွ တပြိုင်နက် ပဋိသန္ဓေကမ္မဇရုပ်ကလာပ် သုံးစည်း ဖြစ်ပေါ်လာကြသည်။ ယင်း ရှေးဦးစွာဖြစ်သော ကမ္မဇရုပ်ကလာပ်စည်း သုံးစည်းကို

www.burmeseclassic.com

www.burmeseclassic.com



ကလလရေကြည်ဟု ခေါ်ဆိုရသည်။ ကလလရေကြည်၏ ပမာဏသည် နူးညံ့သော သိုးမွေးမျှင် တစ်မျှင်ကို ဆီကြည်၌ နှစ်မြှုပ်၍ မ, ယူ ခါထုတ်လိုက်သေအခါ သိုးမွေးအဖျား၌ တွယ်ကပ်နေသော ဆီစက်ပမာဏမျှရှိသည်။ ယင်းကလလရေကြည်၌ အောက်ပါကလာပ်စည်း သုံးခု (ရုပ်အမျိုးအစား ပေါင်း -၃၀) ပါဝင်ကြသည်။

(က) ကာယဒသက ကလာပ် = ရုပ် ၁၀-ခု
(ခ) ဝတ္ထုဒသက ကလာပ် = ရုပ် ၁၀-ခု
(ဂ) ဘာဝဒသက ကလာပ် = ရုပ် ၁၀-ခု

----------

ပေါင်း ၃၀

ကလလရေကြည်၌ ကလာပ်စည်းအားဖြင့် သုံးစည်း၊ ရုပ်အရေအတွက်အားဖြင့် သုံးဆယ်ပါဝင်သည်။ ဘာဝဒသက ကလာပ်မှာ ယောကျ်ားဖြစ်လျှင် ပုမ္ဘာဝဒသက ကလာပ်ပါရှိသည်။ မိန်းမဖြစ်လျှင် ဣတ္ထိဘာဝဒသက ကလာပ်ပါရှိသည်။ ကျား မဟုတ်၊ မ မဟုတ် နပုံးပဏ္ဍုက်ဖြစ်လျှင် ဘာဝဒသက ကလာပ်မရနိုင်သောကြောင့် နပုံးပဏ္ဍုက်မှာ ပဋိသန္ဓေအခါ၌ ကလာပ်စည်း နှစ်စည်း၊ ရုပ်အားဖြင့် နှစ်ဆယ်သာ ရရှိသည်၊

မျက်စိ၊ နား၊ နှာ၊ လျှာ ဖြစ်ပေါ်ခြင်း

လူသားတို့ ပဋိသန္ဓေဖြစ်စဉ်ကို ခုနစ်ရက်စီ၊ခုနစ်ရက်စီပိုင်းခြား၍ ပြဆိုကြသည်။

| | | | |
|---|---|---|---|
| ၁။ | ကလလရေကြည် | ပဌမသတ္တာဟ | ၇-ရက် |
| ၂။ | အမြှုပ် | ဒုတိယသတ္တာဟ | ၇-ရက် |
| ၃။ | အခဲ၊ သွေးခဲ | တတိယသတ္တာဟ | ၇-ရက် |
| ၄။ | သားတစ် | စတုတ္ထသတ္တာဟ | ၇-ရက် |
| ၅။ | ခက်မငါးဖြာ | ပဉ္စမသတ္တာဟ | ၇-ရက် |

www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ၆။ | ခပ်မငါးဖြာကြီးထွားချိန် | သတ္တာဟ ၅-ခု | ၃၅-ရက် |
| ၇။ | စက္ခုဒသကကလာပ် | ဧကာဒသမသတ္တာဟ | ၇-ရက် |
| ၈။ | သောတဒသကကလာပ် | ဒွါဒသမသတ္တာဟ | ၇-ရက် |
| ၉။ | ဃာနဒသကကလာပ် | တေရသမသတ္တာဟ | ၇-ရက် |
| ၁၀။ | ဇိဝှါဒသကကလာပ် | စုဒ္ဒသမသတ္တာဟ | ၇-ရက် |
| | | ပေါင်း | ၉၈-ရက် |

စိတ္တဇရုပ်စတင်ဖြစ်ပေါ်ခြင်း

ပဋိသန္ဓေစိတ်သည် အစကနဦးဖြစ်ပေါ်ရခြင်းဖြစ်၍ အားနည်းသောကြောင့် စိတ္တဇရုပ်ကို ဖြစ်စေနိုင်စွမ်းမရှိချေ။ စိတ္တဇရုပ်သည် ပဋိသန္ဓေစိတ်နောင်ဖြစ်ပေါ်လာသည့် ပဌမဘဝင် စိတ်၏ဥပါဒ်ခဏနှင့် ပြိုင်၍ ဖြစ်ပေါ်ကြသည်။ ပဌမဘဝင် စိတ်သည် စိတ္တဇရုပ်များကို ဖြစ်ပေါ်စေရာ၌ မိမိနှင့် ဥပါဒ်ပြိုင်၍ ဖြစ်ပေါ်စေသည်။ ထို့နောက် ဘဝတစ်ခု၏ နောက်ဆုံးအချိန် စုတိစိတ်အထိ စိတ်ဖြစ်တိုင်းဖြစ်တိုင်း စိတ္တဇရုပ်များကို ဥပါဒ်ခြင်းပြိုင်၍ ဖြစ်စေကြသည်။ အသညသတ် ပြဟ္မာတို့အား စိတ္တဇရုပ်မရှိချေ။

ဥတုဇရုပ်စတင်ဖြစ်ပေါ်ခြင်း

ပဋိသန္ဓေကမ္မဇရုပ်ကလာပ်စည်းသုံးစည်းအတွင်း၌ တေဇောဓါတ်ဟုဆိုအပ်သော ဥတုပါဝင်သည်။ ယင်းဥတုသည် ဌီခဏသို့ရောက်သည့်အခါ ဥတုဇရုပ်ကလာပ်တို့ကို ဖြစ်ပေါ်စေသည်။

အာဟာရဇရုပ် စတင်ဖြစ်ပေါ်ခြင်း

မိခင်ဖြစ်သူစားသုံးသော အာဟာရဓါတ်များ ပျံ့နှံ့ဝင်ရောက်သည့်အခါ စတင်ဖြစ်ပေါ်ရသည်။ များသောအားဖြင့် ဒုတိယသတ္တာဟ သို့မဟုတ် တတိယသတ္တာဟ၌ စတင်ဖြစ်ပေါ်ကြသည်။ သံသေဒဇနှင့် ဥပပါတ်သတ္တဝါများမှာမူ မိမိတံတွေးကို မျိုခြင်းသို့မဟုတ် အစာအာဟာရတစ်ခုခုကို

www.burmeseclassic.com

www.burmeseclassic.com



မျိုခြင်းရှိသော အခါမှစ၍ စတင်ဖြစ်ပေါ်ကြသည်။ ရူပပြဟ္မာတို့၌ အာဟာရ စားမျိုခြင်းမရှိသဖြင့် အာဟာရဇရုပ်မရှိချေ။ ထို့ကြောင့် ရူပပြဟ္မာတို့မှာ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ် သုံးမျိုးသာ ရနိုင်ကြသည်။

## ပဋိသန္ဓေအခါ မဖြစ်နိုင်သောရုပ်များ

ပဋိသန္ဓေအခါ၌ အောက်ပါရုပ်များ မဖြစ်နိုင်ချေ။

| | | |
|---|---|---|
| (၁) | သဒ္ဒရုပ် - အသံရုပ် | ၁-ပါး |
| (၂) | ဝိကာရရုပ်- | ၃-ပါး |
| (၃) | ဇရတာရုပ် - | ၁-ပါး |
| (၄) | အနိစ္စတာရုပ် (မရဏရုပ်) | ၁-ပါး |
| | ----- | |
| | ပေါင်း | ၆-ပါး |

## ရုပ်တို့၏ ချုပ်ဆုံးခြင်း

ကမ္မဇရုပ်တို့သည် စုတိစိတ်၏ ဘင်ခဏနှင့်ပြိုင်၍ တပြိုင်နက် ချုပ်ဆုံးကြသည်။ ရုပ်၏ သက်တမ်းမှာ စိတ္တက္ခဏ ၁၇-ချက် အတိုင်းအတာရှိသောကြောင့် စုတိစိတ်၏ ဘင်ခဏနှင့် တပြိုင်နက် ချုပ်နိုင်ရန်အတွက် စုတိစိတ်မှ အထက် ၁၇-ချက်မြောက်ဖြစ်သော စိတ်၏ ဥပါဒ်ခဏနှင့် ပြိုင်၍ ဖြစ်သော ကမ္မဇရုပ်များသည် နောက်ဆုံးကမ္မဇရုပ်များ ဖြစ်ကြသည်၊ ထို ၁၇-ချက် မြောက်စိတ်မှ နောက်ဖြစ်သော ၁၆-ချက်မြောက်စိတ်၊ ၁၅-ချက်မြောက် စိတ်စသော နောက်နောက်သော စိတ္တက္ခဏတို့၌ ကမ္မဇရုပ်များ လုံးဝဖြစ်ပေါ် ခြင်း မရှိတော့ချေ။ အကယ်၍ဖြစ်ပေါ်သည် ဆိုပါက စုတိစိတ်၏ နောက်၌ ကမ္မဇရုပ်များ ကြွင်းကျန် နေရစ်ရလိမ့်မည်။ ထိုသို့ မဖြစ်ကောင်းချေ။ နောက်ဆုံး နာမ်သက်နှင့် ရုပ်သက်သည် အတူတကွ ချုပ်ငြိမ်းရမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်မြှောင်အမြီးပြတ်

စိတ္တဇရုပ်များမှာမူ စုတိစိတ်ချုပ်ပြီးနောက်တွင်လည်း သက်တမ်း ကျန်ရှိရစ်ကြသည်။ နောက်ဆုံးဖြစ်သော စုတိစိတ်နှင့်ယှဉ်ပြိုင်၍ ဖြစ်ပေါ်ခဲ့သော စိတ္တဇရုပ်များသည် စုတိစိတ်ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆-ချက်စာ သက်တမ်း ကျန်ရှိရစ်သည်။ ထိုသို့ စိတ္တဇရုပ် ကျန်ရစ်သောကြောင့် အိမ်မြှောင်အမြီး ပြတ်သည် လှုပ်ရှားနေခြင်းဖြစ်သည်။

အာဟာရဇရုပ်များမှာလည်း သေပြီးနောက် နာရီအနည်းငယ်ခန့် ဆက်လက် ကျန်ရစ်လိမ့်ဦးမည်ဖြစ်သည်။

ဥတုဇရုပ်များမှာမူ အလောင်းကောင် ပျက်စီးသွားသည်အထိ ဆက်လက်ဖြစ်ပေါ်နေရစ်ကြသည်။ ထို့ကြောင့် လူနှင့်တိရစ္ဆာန်များ သေဆုံးပြီး နောက် ဥတုဇရုပ်ကလာပ် အလောင်းကောင် ကျန်ရှိနေရစ်ခြင်းဖြစ်သည်။

အထက်နတ်များနှင့် ပြဟ္မာများမှာ သိမ်မွေ့သော ရုပ်ကလာပ်တို့ဖြင့် ခန္ဓာကိုယ်ဖွဲ့စည်းထားခြင်းဖြစ်ရကား သေဆုံးပြီးနောက် အလောင်းကောင် မကျန်ရစ်တော့ချေ ။ ဥပမာ ထောပတ်ဆီကြည်ကို မီးလောင်းရာ၌ မီးတောက် ငြိမ်းသွားသောအခါ မီးသွေး သို့မဟုတ် ပြာ ကြွင်းကျန်ခြင်း မရှိသကဲ့သို့တည်း၊

-------------

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗာန်အကြောင်း

နိဗ္ဗာန - ဟူသောပါဠိကို မြန်မာမှုပြု၍ "နိဗ္ဗာန်" ဟုခေါ်ဆိုကြသည်၊ အဓိပ္ပါယ်မှာ တဏှာမှ ထွက်မြောက်ခြင်း၊ တဏှာမှ လွတ်မြောက်ရာဟု ဆိုလိုသည်။

နိဗ္ဗာန - (နိ + ဝါန) နိ- ထွက်မြောက်ခြင်း၊ လွတ်မြောက်ခြင်း + ဝါန - ချုပ်စပ်ပေးတတ်သောတဏှာ။

ဘဝသံသရာ အဆက်ဆက်ကို အဆက်မပြတ် တလစပ်ဖြစ်ပေါ်နေစေရန် "ဝါန" ဟုဆိုအပ်သော တဏှာသည် ဆက်စပ် ပေးတတ်သည်၊ ချုပ်စပ်ပေးတတ်သည်။ ယင်းတဏှာမရှိပါက သံသရာ ဘဝဆက်တို့သည် ချုပ်စပ်မှုမရှိတော့ပဲ ချုပ်ငြိမ်း ကုန်ဆုံးသွားကြသည်။ ထိုကြောင့်နိဗ္ဗာန - နိဝါန- တဏှာမရှိပါက သံသရာဝဋ်ဒုက္ခ ကုန်ဆုံးသွားလေသည်ကို ကုန်ဆုံးသွားလေပြီဟု မှတ်ယူရပေမည်။ ထိုနိဗ္ဗာန်သည် ပူလောင်မှုများ အေးငြိမ်းရာဖြစ်၍ "သီဝ"ဟု ခေါ်ဆိုရသည်။ ဘေးရန်ခပ်သိမ်း ငြိမ်းအေးရာဖြစ်၍ "သန္တိ"ဟုလည်းခေါ်ဆိုကြလေသည်။

### နိဗ္ဗာန် နှစ်မျိုး

နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်နှင့် အနုပါဒိသေသနိဗ္ဗာန်ဟူ၍ နှစ်မျိုးရှိသည်။

(ဥပါဒိ+သေသ) ဥပါဒိ- ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ + သေသ - ကြွင်းကျန်ခြင်း၊

တဏှာဒိဋ္ဌိတို့သည် စွဲလမ်းအပ်သော ကံတရား၏ အကျိုးဖြစ်သောကြောင့် ဝိပါက်နာမက္ခန္ဓာနှင့် ကမ္မဇရုပ်တို့ကို ဥပါဒိဟူ၍ ခေါ်ဆိုရသည်။

ရဟန္တာပုဂ္ဂိုလ်များသည် အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ကိုရသည်နှင့် တပြိုင်နက် ကိလေသာတရားများ ချုပ်ငြိမ်းသွားလေသည်၊ ဒစ်ဖန်မဖြစ်ခြင်းသဘောသို့ ရောက်ရှိသွားသည်၊ နိဗ္ဗာန်ကို အာရုံပြု၍ မနှိုင်းယှဉ်အပ်သော ချမ်းသာသုခကို ရရှိလေပြီ၊ သို့ရာတွင် ထိုရဟန္တာပုဂ္ဂိုလ်များမှာ

www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန်မစံမီ ကာလအတောအတွင်း၌ ဥပါဒိဟု ခေါ်ဆိုရသော ဝိပါက် နာမက္ခန္ဓာနှင့် ကမ္မဇရုပ်များ ကြွင်းကျန်နေသေးသည်။ ထို့ကြောင့် ထိုရဟန္တာ ပုဂ္ဂိုလ်များ ရရှိခံစားအပ်သော နိဗ္ဗာန်သည် သဥပါဒိသေသ နိဗ္ဗာန်မည်၏။

ရဟန္တာပုဂ္ဂိုလ်များသည် ဝိပါက် နာမက္ခန္ဓာတမ္မဇရုပ်များ အကြွင်းမဲ့ ချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်စံဝင်သွားသည့်အခါ ဥပါဒိများ မကြွင်းကျန်တော့၍ ယင်းနိဗ္ဗာန်ကို အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်ဆိုရသည်။

## နိဗ္ဗာန်သည် အစ္စုတတရားဖြစ်သည်

နိဗ္ဗာန်သည် ဖြစ်ခြင်း၊ ပျက်ခြင်းမရှိ၊ ကံ, စိတ်, ဉတု, အာဟာရ အစ ရှိသော အကြောင်းတရားတို့သည် ပြုပြင် စီမံထားခြင်း မဟုတ်သောကြောင့် "အသခ်တ"မည်၏။ နိဗ္ဗာန်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် အာရုံပြု၍ အမှန် တကယ်ရှိ ကြောင်း မျက်မှောက်ပြုနိုင်သောကြောင့် ပရမတ္ထတရားမည်၏။ ရွေ့လျော ခြင်း၊ ပြောင်းရွေ့ခြင်းမရှိသောကြောင့် "အစ္စုတ"မည်၏။

## နိဗ္ဗာန်သို့ စံဝင်ခြင်း

ဘုရား ရဟန္တာများသည် နိဗ္ဗာန်စံဝင်သည်၊ နိဗ္ဗာန်သို့ရောက်သည်ဟု ဆိုကြရာ၌ ဤပစ္စုပ္ပန်ဘဝ၌ရှိသော ရုပ်နာမ်များနှင့်တကွ ရောက်ရှိသွား သလော

(သို့မဟုတ်) ဤဘဝ ဤရုပ်နာမ်များကို စွန့်ပစ်ခဲ့၍ ရုပ်အထူး နာမ် အထူးဖြင့် နိဗ္ဗာန်စံနေတော်မူကြသလော-

ဘဝဇာတ်သိမ်း ချုပ်ငြိမ်း၍ ဘာမှမဖြစ်တော့ပဲ ဘဝပြတ်စဲသွားခြင်း၊ ရပ်စဲသွားခြင်းသာ ဖြစ်ပါသလော၊

ပရိနိဗ္ဗာန်စံပြီးနောက် ဘုရား ရဟန္တာများ ဆက်လက်ရှိသေးသလော၊ မရှိတော့ပြီလော၊

ထူးခြားသော အသွင်တစ်မျိုးနှင့် ရှိနေသေးသလော စသည်ဖြင့် တွေးခေါ်ကြံဆမှုများ ဖြစ်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် ဤဘဝရုပ်နာမ်များသည် ချုပ်ဆုံးခဲ့ပြီဖြစ်၍ ဤရုပ်နာမ်ဖြင့် နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ထို့ပြင် နိဗ္ဗာန်၌ ရုပ်အထူး နာမ်အထူးဖြင့် ဆက်လက်တည်ရှိနေသည်ဟု ယူဆပါက သဿတဒိဋ္ဌိသို့ ပြေးဝင်ခြင်း ဖြစ်သည်။ ချုပ်ငြိမ်း ပြတ်စဲသွားပြီဟူ၍ လည်းကောင်း၊ ဤဘဝ ရုပ်နာမ်များ ချုပ်ငြိမ်းပြီးပါက နောက်ဘဝ၌ တစ်စုံတစ်ခုမျှ ဖြစ်ခြင်းမရှိ ဘဝပြတ်စဲသွားသည်ဟူ၍လည်းကောင်း ယူဆပါက ဥစ္ဆေဒဒိဋ္ဌိသို့ သက်ဝင်လေတော့သည်။

နိဗ္ဗာန်ဟူသည် အကြောင်းတရားကင်းသောကြောင့် "အပစ္စယ"မည်၏။ အကြောင်းတရားတို့က ပြုပြင် စီမံ ဖန်တီးထားခြင်း မဟုတ်သောကြောင့် "အသင်္ခတ"မည်၏။ အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ပါးတို့တွင် ဗဟိဒ္ဓမည်၏။ ဝိပဿနာ ကျင့်ကြံ အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့အား အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ ဉပနိဿယ ပစ္စည်း တည်းဟူသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုတတ်သည်။

မဂ်ဉာဏ်သည် ထိုနိဗ္ဗာန်ကို အာရုံပြုလိုက်သောအခါ ထိုနိဗ္ဗာန်၏ အလွန်အေးမြခြင်း "သန္တိ"သဘော တန်ခိုးအရှိန်သည် ထိုမဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏ အဇ္ဈတ္တခန္ဓာသို့ အရှိန်အဝါ ပြန့်နှံ့ရောက်ရှိသွား၍ ထိုပုဂ္ဂိုလ်၏ နာမ်ခန္ဓာအစဉ်၌ ကိလေသာမီး အကြွင်းမဲ့ငြိမ်းလေသည်။ ဥပမာ- အရှိန်ပြင်းစွာလောင်ကျွမ်းလာသော တောမီးသည် စမ်းရေအိုင်ကြီးပေါ်သို့ ရောက်ရှိသွားသောအခါ အလိုအလျောက် ငြိမ်းသွားလေတော့သည်။

အရဟတ္တမဂ်ဉာဏ်၊ အရဟတ္တဖိုလ်ဉာဏ်ဖြစ်ပေါ်သော ရဟန္တာပုဂ္ဂိုလ်၏ နာမ်ခန္ဓာအစဉ် ရုပ်ခန္ဓာအစဉ်များသည် အခြေခံဓါတ်သဘာဝ ပြောင်းလဲသွားလေသည်။ ယင်းသို့ ခန္ဓာအစဉ် ဓါတ်ပြောင်းလဲသွားခြင်းကြောင့် ယင်းခန္ဓာအစဉ်၌ ကိလေသာတရားများ၊ သံယောဇဉ်တရားများ မဖြစ်နိုင်တော့ချေ။ ယင်းကဲ့သို့ မဖြစ်နိုင်တော့ခြင်းကိုပင် ကိလေသာကို အကြွင်းမဲ့ ငြိမ်းသည်ဟု ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

# ဗုဒ္ဓဘာသာလက်စွဲကျမ်း

## (တတိယတွဲ)

## ဒုတိယပိုင်း

## ရုပ်ပိုင်းအဘိဓမ္မာ

မောင်အုံ့ (မဟာဝိဇ္ဇာ - ဘုံဘေ)

သာသနာ-၂၅၄၈ ကောဇာ-၁၃၆၆ ခရစ်-၂၀၀၄

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# ရုပ်ပိုင်းအဘိဓမ္မာ

## မာတိကာ

## အခန်း(၁)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ရုပ်နှင့် နာမ် | ၁ |
| ၂။ | ရုပ်သက်သက် သတ္တဝါနှင့်နာမ်သက်သက်သတ္တဝါ | ၂ |
| ၃။ | အသညသတ်နှင့် အရူပ ဗြဟ္မာ | ၂ |
| ၄။ | ရုပ် နာမ်နှစ်ပါးရှိ သတ္တဝါများ | ၃ |
| ၅။ | ဖေါက်ပြန်တတ်သောကြောင့် ရုပ် | ၄ |
| ၆။ | ဆန့်ကျင်ဘက် အကြောင်းတရားကြောင့်ဖေါက်ပြန် | ၄ |
| ၇။ | ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖေါက်ပြန်ခြင်း | ၅ |
| ၈။ | အမာခံရုပ်နှင့်မှီခိုရုပ်များ | ၆ |
| ၉။ | မဟာဘုတ် ကင်းလွတ်သည့်နေရာ | ၈ |
| ၁၀။ | ဖုတ်၊ တစ္ဆေ၊ မျက်လှည့်ဆရာ | ၉ |
| ၁၁။ | ဓါတ်ကြီးလေးပါး၏ သဘောလက္ခဏာ | ၁၀ |
| ၁၂။ | ပထဝီနှစ်မျိုး | ၁၁ |
| ၁၃။ | အရှုတ္တိက ပထဝီဓာတ် နှစ်ဆယ် | ၁၃ |
| ၁၄။ | အာပေါဓာတ် လက္ခဏာ နှစ်ပါး | ၁၄ |
| ၁၅။ | အာပေါဓာတ် နှစ်မျိုး | ၁၅ |
| ၁၆။ | တေဇောဓာတ်၏ လက္ခဏာ နှစ်မျိုး | ၁၆ |
| ၁၇။ | အရှုတ္တိက ဗဟိဒ္ဓ တေဇောဓာတ် | ၁၈ |


www.burmeseclassic.com

www.burmeseclassic.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | ဓါယော စွမ်းအားဓာတ် | ၂၁ |
| ၁၉။ | အဗျတ္တိက ဝါယောနှင့် ဗဟိဒ္ဓဝါယော | ၂၂ |
| ၂၀။ | အာကာသဓာတ် | ၂၃ |
| ၂၁။ | အာကာသ လေးမျိုး | ၂၅ |
| ၂၂။ | ဓာတ်ကြီး ငါးပါးတို့ မိတ်ဘက်ရန်ဘက် | ၂၆ |
| ၂၃။ | ဖြစ်မှု ပျက်မှု တေဇောပြု | ၂၇ |
| ၂၄။ | အပူစွမ်းအင်နှင့် အရွေ့စွမ်းအင် | ၂၈ |
| ၂၅။ | လေးလံခြင်းနှင့် ပေါ့ပါးခြင်း | ၂၉ |
| ၂၆။ | ပူ၊ ပွ၊ ပေါ့၊ ပျံတက်၊ အေး၊ မာ၊ လေးသက်ဆင်း | ၃၀ |
| ၂၇။ | အဘိဓမ္မာ အခြေခံဆေးပညာ | ၃၁ |
| ၂၈။ | အကြည်ရုပ်ငါးပါး | ၃၃ |
| ၂၉။ | စက္ခုနှစ်မျိုး၊ ပညာစက္ခုငါးပါး | ၃၄ |
| ၃၀။ | သောတပသာဒ၊ နား၊ အကြည်ဓာတ် | ၃၅ |
| ၃၁။ | အာရုံငါးပါး | ၃၇ |
| ၃၂။ | သဒ္ဒါရုံ၊ အသံအာရုံ | ၄၁ |
| ၃၃။ | ဖောဋ္ဌဗ္ဗာရုံ | ၄၄ |
| ၃၄။ | ဂေါစရရုပ်၊ ဝိသယရုပ် | ၄၆ |
| ၃၅။ | ဘာဝရုပ်နှစ်ပါး၊ ကျားမအသွင်၊ နိမိတ်၊ ဟန်ပန် | ၄၇ |
| ၃၆။ | မိန်းမ၊ ယောကျ်ားဖြစ်ရန် အကြောင်းကံ | ၄၈ |
| ၃၇။ | လိင်ပြောင်းခြင်း | ၄၉ |


www.burmeseclassic.com

www.burmeseclassic.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၈။ | ယောက်ျားဖြစ်လိုသော အမျိုးသမီးများ | ၄၉ |
| ၃၉။ | ဥဘာတောဇျည်း | ၅၀ |
| ၄၀။ | ပဏ္ဍုက် ငါးမျိုး | ၅၁ |
| ၄၁။ | ဟာဒယဝတ္ထုရုပ် | ၅၂ |
| ၄၂။ | စိတ်သည်ဟာဒယဝတ္ထုကိုမှီသည် | ၅၃ |
| ၄၃။ | စိတ်သည် ဦးနှောက်ကို အမှီပြုသလော | ၅၅ |
| ၄၄။ | ကိုယ်အင်္ဂါ အသုံးပြုစဉ်းစား | ၅၆ |
| ၄၅။ | ဇီဝိတရုပ် | ၅၉ |
| ၄၆။ | တစ်ကိုယ်လုံး ပျံ့နှံ့ရုပ်များ | ၆၀ |
| ၄၇။ | အာဟာရရုပ် | ၆၀ |
| ၄၈။ | သစ်ပင်သည် အသက်ရှိသလော | ၆၁ |
| ၄၉။ | သစ်ပင်သည် အသက်ရှူ အစာစား | ၆၃ |
| ၅၀။ | သစ်ပင်၌စိတ်ဝိညာဏ် မရှိ | ၆၅ |
| ၅၁။ | အပင်နှင့် သတ္တဝါ ထူးခြားချက် | ၆၈ |
| ၅၂။ | နိပ္ဖန္န ရုပ်နှင့် အနိပ္ဖန္နရုပ် | ၆၉ |
| ၅၃။ | ဝိညတ်ရုပ်နှစ်မျိုး | ၇၀ |
| ၅၄။ | ဝိကာရရုပ်များ | ၇၁ |
| ၅၅။ | ရုပ်တို့၏ သက်တမ်း | ၇၂ |
| ၅၆။ | ရုပ်တို့ကို ခွဲခြမ်းဝေဖန်ခြင်း | ၇၃ |
| ၅၇။ | ကြမ်း၊ နူ၊ နီး၊ ဝေးစသောရုပ်များ | ၇၅ |

www.burmeseclassic.com

www.burmeseclassic.com

(ဃ)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၈။ | တဏှာဒိဋ္ဌိဖြင့် စွဲလမ်းစရာဥပါဒိန္နရုပ် | ၇၆ |
| ၅၉။ | ခွဲစိပ်ရရုပ်နှင့် ခွဲစိပ်မရရုပ် | ၇၇ |
| ၆၀။ | ရုပ်နှင့် နာမ် ဥပါဒ်ပြိုင် | ၇၈ |
| ၆၁။ | ရုပ်ကိုဖြစ်စေနိုင်သောစိတ်များ | ၇၉ |
| ၆၂။ | ဟန်မပျက်ဆက်ထိန်းနိုင်ခြင်း | ၈၀ |
| ၆၃။ | ဥတုကြောင့် ဖြစ်သောရုပ် (၁၃)ပါး | ၈၁ |
| ၆၄။ | အာဟာရဇရုပ်(၁၂)ပါး | ၈၂ |
| ၆၅။ | ရုပ်ကလာပ်စည်း (၂၁)စည်း | ၈၃ |
| ၆၆။ | ရုပ်တို့၏ ဖြစ်ပေါ်ပုံ အစီအစဉ် | ၈၆ |
| ၆၇။ | ကလလရေကြည် | ၈၇ |
| ၆၈။ | မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဖြစ်ပေါ်ခြင်း | ၈၈ |
| ၆၉။ | စိတ္တဇ၊ ဥတုဇ ရုပ်များ စတင်ဖြစ်ပေါ်ချိန် | ၈၉ |
| ၇၀။ | ရုပ်တို့၏ ချုပ်ဆုံးခြင်း | ၉၀ |
| ၇၁။ | အိမ်မြှောင်အမြီးပြတ် | ၉၁ |
| ၇၂။ | နိဗ္ဗာန် အကြောင်း | ၉၂ |
| ၇၃။ | နိဗ္ဗာန်သို့ စံဝင်ခြင်း | ၉၃ |


--------------------

www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဘာသာလက်စွဲကျမ်း

## (တတိယတွဲ)

## ဒုတိယပိုင်း

# ရုပ်ပိုင်းအဘိဓမ္မာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

## အခန်း (၁)

### ရုပ်နှင့်နာမ်

ရုပ်သည် အာရုံကို သိတတ်သော သဘောမရှိချေ၊ နာမ်သည် အာရုံကို သိတတ်သည်၊ ခံစားတတ်သည်၊ မှတ်သားတတ်သည်၊ လှုံ့ဆော်တတ်သည်၊ နာမ်သည် ရုပ်တရားကို ဦးစီးချုပ်ကိုင်၍ ခိုင်းစေတတ်သည်၊ နာမ်တရားက စေခိုင်း ညွှန်ကြားသည့်အတိုင်း ရုပ်ခန္ဓာသည် သွားလာလှုပ်ရှားရသည်။ ပြုလုပ်ရသည်။ ရုပ်၏ တုန့်ပြန်မှုသည် တရားသေ ပုံသေနည်းကျဖြစ်၍ နာမ်၏ တုန့်ပြန်မှုသည် တရားသေ ပုံသေမရှိချေ၊ ပုဂ္ဂိုလ်အရ၊ အခြေအနေအချိန်အခါ အရ ပြောင်းလဲမှုမတူ ထူးခြားမှုရှိသည်။

ရုပ်နှင့် နာမ်ကို သူကျိုးနှင့် သူကန်းနှစ်ယောက်ပေါင်းစပ်ထားပုံ ဥပမာဖြင့် ရှင်းလင်းပြလေ့ရှိသည်။ သူကန်းသည် မျက်စိမမြင်ရသဖြင့် အရှေ့ အနောက် တောင်မြောက်ကိုလည်းမသိ၊ အတက်အဆင်း၊ ခလုတ် ကန်သင်း တွင်း၊ ကျင်းကိုလည်း မသိသောကြောင့် မသွားနိုင် မလှုပ်ရှားနိုင်ဖြစ် နေသည်။ သူကျိုးသည်လည်း မျက်စိကောင်းနေသဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုနိုင်သော် လည်း ခြေထောက်ကျိုးနေ၍ ရွေ့လျားသွားလာခြင်း မပြုနိုင်ချေ။ ယင်းတို့နှစ်ဦး သဘောတူပူးပေါင်းပြီး သူကန်းသည် သူကျိုးကို ပခုံးဖြင့်ထမ်း၍ ပခုံးပေါ်မှ သူကျိုးက ညွှန်ကြားသည့်အတိုင်း ရွေ့လျားသွားလာသည်။ ဤနည်း အားဖြင့် နှစ်ယောက်ပူးပေါင်း၍ လိုရာခရီးကို သွားလာနိုင်ကြသည်။ ဤဥပမာ၌ သူကျိုးသည် နာမ်တရားနှင့်တူ၍ သူကန်းသည် ရုပ်တရားနှင့်တူလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိတတ်သော နာမ်တရားက ဦးစီးဦးဆောင် စေခိုင်းသည့်အတိုင်း မသိတတ်သော ရုပ်တရားသည် လှုပ်ရှားဆောင်ရွက်ပြုမူနေတော့သည်။

## ရုပ်သက်သက် သတ္တဝါနှင့် နာမ်သက်သက် သတ္တဝါ

အသိစိတ်(နာမ်)တရားဟူ၍ လုံးဝမပါဘဲ ရုပ်ချည်းသက်သက် ဖြစ်ပေါ်တည်ရှိနေသော သတ္တဝါတစ်မျိုးရှိသည်။ အသညသတ်ပြဟ္မာ ဟုခေါ်သည်။ (အ + သညာ + သတ္တ) ။ အ။ မရှိ+သညာ။ အသိစိတ်နာမ်တရား+ သတ္တ။ သတ္တဝါ။ (သညာမရှိသော သတ္တဝါ ။ အသိစိတ်နာမ်တရားမရှိသော သတ္တဝါ။ ရုပ်ချည်း သက်သက်ရှိသော သတ္တဝါ) ဟုဆိုလိုသည်။

ဤအသညသတ်ပြဟ္မာ ဖြစ်လာရခြင်း၏ အကြောင်းကား။ လူ့ပြည်တွင် ကသိုဏ်းစျာန်ပွားများ၍ ပဉ္စမစျာန်ကို ရရှိပြီးနောက် နာမ်တရားကို ရွံမုန်းဖွယ်ရာဖြစ်သည်ဟု ပွါးများအားထုတ်ခြင်းကြောင့် ထိုပုဂ္ဂိုလ် သေလွန်သည့်အခါ အသညသတ်ဘုံသို့ ရောက်ရှိပါသည်။ ထိုအသညသတ် ပြဟ္မာ၏ ခန္ဓာကိုယ်သည် ရွှေလျှားလှုပ်ရှားခြင်း မရှိဘဲ ရွှေတုံးရွှေခဲကြီးသဖွယ် တည်ရှိနေလေသည်။ ကမ္ဘာငါးရာတိုင်အောင် အသက်ရှည်သည်။ ထိုပုဂ္ဂိုလ်၏ အမြင်အယူအဆမှာ သတ္တဝါအားလုံးတို့သည် အရာရာကို သိတတ်သော နာမ်တရားကြောင့် လိုချင်တပ်မက်ခြင်း၊ မုန်းတီးခြင်း၊ အကုသိုလ်အမှုများ ဖြစ်ပေါ်ရ၏။ ဘာကိုမျှ မသိဘဲနေလျှင် အကောင်းဆုံးဖြစ်သည်။ သိခြင်းကြောင့် ဆင်းရဲရသည်၊ မသိလျှင် ဆင်းရဲမည်မဟုတ်ဟု ထင်မြင်ယူဆ၍ နာမ်တရားကို စက်ဆုပ်ရွံရှာသည့် ဘာဝနာကို ပွားများအားထုတ်ခဲ့လေသည်။

## အသညသတ်နှင့် အရူပပြဟ္မာ

ယင်း အသညသတ်ဘုံကို ရူပက္ခန္ဓာဟူသော ရုပ်ခန္ဓာတစ်မျိုးတည်းသာရှိသော ကြောင့် "ဧကဝေါကာရဘုံ"ဟုခေါ်သည်။ (ဧက+ဝေါကာရ) ။ ဧက။ တစ် + ဝေါကာရ ။ ခန္ဓာ ။ (ခန္ဓာတစ်ပါးသာရှိသော ဘုံ) ဟုဆိုလိုသည်။

အခြားသတ္တဝါတစ်မျိုးမှာ။ ရုပ်လုံးဝမရှိဘဲ နာမ်တရားသက်သက်သာ ရှိသည်၊ အရူပပြဟ္မာဟုခေါ်ကြသည်။ ရူပ။ ရုပ်+အ။ မရှိ။ (ရုပ်မရှိသော နာမ်ခန္ဓာလေးပါးသာရှိသော အရူပပြဟ္မာ)ဟု ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤအရူပဗြဟ္မာဖြစ်လာရခြင်း အကြောင်းကား- ရုပ်သည် စိတ်ကို နှောင်ဖွဲ့ထားသည်၊ ရုပ်အနှောင်အဖွဲ့ကြောင့် စိတ်ထင်တိုင်း မပေါက်နိုင်၊ အကယ်၍ ရုပ်မရှိဘဲ နာမ်တရားသက်သက်သာရှိပါက စိတ်ကူးလိုက်ရုံမျှဖြင့် သွားချင်ရာ သွားနိုင်သည်။ လွတ်လွတ်လပ်လပ် အချုပ်အနှောင်ကင်းမဲ့စွာ နေနိုင်သည်။ ဤသို့ ရုပ်၏အပြစ်များကို ရှု၍ ရုပ်ကို ရွံမုန်းပြီး ရုပ်နှင့်လွတ်ကင်းအောင် ဝိညာဏကမ္မဋ္ဌာန်း၊ သုညကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းကြောင့် သေလွန်သည့်အခါ ရုပ်ကင်းမဲ့သည့် အရူပဘုံသို့ ရောက်ရှိသွားလေသည်။ အရူပဗြဟ္မာသည် မျက်စိရုပ် မရှိသောကြောင့် ဘုရားရဟန္တာတို့ကို ဖူးမြင်ရခြင်း မရှိချေ။ နား၊ သောတရုပ်မရှိသောကြောင့် ဘုရားရဟန္တာတို့၏ တရားစကားကို နာယူ နိုင်ခြင်း မရှိချေ၊ ထို့ကြောင့် အရူပဗြဟ္မာဘုံနှင့် အသညသတ်ဗြဟ္မာဘုံတို့ကို ရပ်ပြစ်ရှစ်ပါး၌ ထည့်သွင်းရေတွက်ရလေသည်။

အရူပဗြဟ္မာဘုံ၌ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော နာမ်ခန္ဓာလေးပါးရှိသောကြောင့် စတုဝေါကာရဘုံဟု ခေါ်ရသည်။ စတု= လေး + ဝေါကာရ= ခန္ဓာ (ခန္ဓာလေးပါးရှိသောဘုံ)ဟု ဆိုလိုသည်။

## ရုပ်နာမ်နှစ်ပါးရှိသော သတ္တဝါများ

သတ္တဝါတို့တည်ရှိရာ ဘုံဌာန (၃၁)ဘုံရှိသည့်အနက် ယခုဖော်ပြ ပြီးသော အသညသတ်ဘုံနှင့် အရူပလေးဘုံကို ဖယ်ထားလျှင် ကျန်သော (၂၆)ဘုံရှိ လူ၊ နတ်၊ ဗြဟ္မာသတ္တဝါများသည် ရုပ်နှင့်နာမ်နှစ်ပါးပူးတွဲ တည်ရှိနေကြသည်။ ဘဝတစ်ခု၏ အစကနဦးဖြစ်သော ပဋိသန္ဓေတည်နေချိန်၌ ရုပ်နှင့်နာမ်နှစ်ပါးတို့သည် အတိတ်ဘဝမှ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် စတင်ဖြစ်ပေါ်လာရခြင်းဖြစ်၍ တပြိုင်နက် အတူတကွ ဖြစ်ပေါ်လာကြသည်။ ယင်းအစကနဦးဖြစ်သော ရုပ်သည် ကံကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်၍ ကမ္မဇရုပ် ဟု ခေါ်ရသည်။ ကံကုန်သဖြင့် စုတေမနေ ကွယ်လွန်သေဆုံးရသည့်အခါ၌လည်း ကံကြောင့်ဖြစ်သောရုပ် (ကမ္မဇရုပ်)တို့သည် နောက်ဆုံးဖြစ်သော စုတိစိတ်နှင့် အတူ တကွ တပြိုင်နက် ချုပ်ငြိမ်း ချုပ်ပျက်ကြလေသည်။

ဤသို့ ရုပ်နှင့်နာမ်တွဲလျက် ရုပ်ခန္ဓာတစ်ပါး၊ နာမ်ခန္ဓာလေးပါးစုစုပေါင်း ခန္ဓာငါးပါးရှိသော (၂၆)ဘုံကို ပဉ္စဝေါကာရဘုံဟု ခေါ်ဆိုရသည်။ (ပဉ္စ = ငါး + ဝေါကာရ= ခန္ဓာ= ခန္ဓာငါးပါးရှိသောဘုံ) ဟုဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖေါက်ပြန်တတ်သောကြောင့်ရုပ်

ရုပ်သည် ကံကြောင့်လည်းကောင်း၊ စိတ်ကြောင့်လည်းကောင်း၊ ဥတုကြောင့်လည်းကောင်း၊ အာဟာရကြောင့်လည်းကောင်း၊ ဖေါက်ပြန်တတ်သောသဘောရှိ၏။ ဖေါက်ပြန်သည်ဟု ဆိုခြင်းမှာ ရှေ့ရုပ်ဖြစ်စဉ်နှင့် နောက်ရုပ်ဖြစ်စဉ် မတူကွဲပြားခြားနားခြင်းကို ဆိုလိုသည်။ ရှေ့ရုပ်သည် ပူ၍ နောက်ရုပ်သည် အေးသွားခြင်း၊ ရှေ့ရုပ်သည် အေးနေ၍ နောက်ရုပ်သည် ပူလာခြင်း၊ ရှေ့ရုပ်သည် ဝနေ၍ နောက်ရုပ်သည် ပိန်သွားခြင်း၊ ရှေ့ရုပ်သည် ပိန်နေ၍ နောက်ရုပ်သည် ဝလာခြင်း၊ ရှေ့ရုပ်သည်နေထိုင်ကောင်း၍ နောက်ရုပ်သည် နေထိုင်မကောင်းဖြစ်လာခြင်း၊ နေထိုင်မကောင်းဖြစ်နေရာမှ နာလန်ထ၍ ကျန်းမာနေကောင်းလာခြင်း၊ ကျန်းမာနေရာမှ ဖျားနာ နာကျင်ကိုက်ခဲလာခြင်း၊ နာကျင်ကိုက်ခဲမှုများ ပျောက်သွား၍ နေထိုင်ကောင်း လာခြင်း စသည်တို့သည် ရုပ်တို့၏ ရှေ့နောက်ဖြစ်စဉ် မတူထူးခြားစွာ ဖေါက်ပြန်နေခြင်းဖြစ်သည်။ ထိုကဲ့သို့ သိသိသာသာ ထင်ထင်ရှားရှား ဖေါက်ပြန်တတ်သောကြောင့် ရုပ်ဟုခေါ် ဆိုရသည်။

## ဆန့်ကျင်ဘက်အကြောင်းတရားများကြောင့်ဖေါက်ပြန်ခြင်း

ရုပ်၏အဓိပ္ပါယ်ကို ဖွင့်ဆိုရှင်းလင်းရာ၌ "သီတုဏှာဒိဝိရောဓိပစ္စယေဟိ ရုပ္ပတီတိရုပံ = အအေးအပူစသော ဆန့်ကျင်ဘက် အကြောင်းတရားတို့ကြောင့် ဖေါက်ပြန်တတ်သောကြောင့် ရုပ်ခေါ် ဆိုရသည်ဟု ဖွင့်ဆိုကြသည်။ အအေးဓါတ်ကြောင့် ရေသည် အရည်ဘဝမှ ခဲသွား၍ ရေခဲဖြစ်လာသည်။ ထို့ထက်ပို လွန်၍ အေးလာသောအခါ ရေခဲများသည် ကွဲအက်သွားကြသည်။ ပူလာသော အခါ ရေခဲသည် အရည်ပျော်၍ အရည်သည် အခိုးအငွေ့ဖြစ်သွားသည်။ သံတုံးသည် သံရည်ပူဖြစ်သွားသည်။ သစ်တုံးများနှင့်မီးသွေးခဲများသည် အပူလွန် လောင်ကျွမ်းပြီး မီးခိုးဖြစ်၊ ပြာဖြစ်သွားသည်။ အပူဓါတ်ကြောင့် သစ်ရွက်စိမ်းများ ရင့်ရော်ဝါ၍ ကြွေကြ၊ ခြောက်သွေ့သွားသည်။ ရွက်နုများ ထွက်ပေါ်လာသည်။ အလားတူသတ္တဝါများသည် ပူအိုက်သောအခါ ချွေးပြန်၍ မောပန်းနွမ်းနယ် သည်၊ ချမ်းသောအခါ ကြက်သီးထ၍ အေးသောအခါ ခိုက်ခိုက်တုန်လာသည်။ ဆောင်းရာသီ၌ လျှာကွဲ၊ နှုတ်ခမ်းကွဲဖြစ်လာရသည်၊ မိုးအုံ့သောအခါ ဒူလာပါဒရက်သမားများ ကိုက်ခဲ ညောင်းညာလာသည်။

www.burmeseclassic.com

www.burmeseclassic.com


အပူအအေးကြောင့် သက်ရှိရုပ် သက်မဲ့ရုပ်များ ဖေါက်ပြန်ပြောင်းလဲနေပုံကို မတွေ့မြင်နိုင်ပါသည်။

## အာဟာရကြောင့်ဖေါက်ပြန်ခြင်း

ခန္ဓာကိုယ်နှင့် မသင့်မြတ်သော မတည့်သော အစာများကို စားမျိုပြီးသောအခါ ခေါင်းမူးခြင်း၊ အော့အန်ခြင်း၊ ဝမ်းလျှောခြင်း ဖြစ်ကြရသည်။ သင့်မြတ်သော အစာအဟာရကို မှီဝဲရသည့်အခါ ခွန်အားပြည့်ဖြိုး အားအင်ပြည့်ဖြိုး အလှတိုးလာသည်။ အာဟာရချို့တဲ့သည့်အခါ ကြုံလှီ ဖျော့တော့၍ အစာအာဟာရ ပေါကြွယ်ဝသည့်အခါ ဝဖြိုးလာသည်။ အဆီ အအိမ့်နှင့် တက်စာများ စားရသည့်အခါ ပိုက်မျဉ်း၍ သွေးတိုးတတ်သည်။ ဤကဲ့သို့ အာဟာရကို အကြောင်းပြု၍ ရှေ့ရုပ်နှင့် နောက်ရုပ် မတူ ထူးခြားစွာ ဖြစ်ပေါ်နေခြင်းကို ဖေါက်ပြန်သည်ဟု ခေါ်ဆိုရသည်။

## စိတ်ကြောင့် ဖေါက်ပြန်ခြင်း

လူများသည် စိတ်ဆိုးသောအခါ မျက်နှာနီရဲလာ၍ အသံတုန် အသားတုန်လာသည်။ ကြောက်ရွံ့သောအခါ ဒူးတုန်လာသည်။ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ကျားအနံ့ သစ်အနံ့ရသော ခွေးများမှာ ခါးကျိုး၍ ဖင်ဒရွတ် ဆွဲနေသည်။ လူများသည် ဝမ်းသာပျော်ရွှင်သည့်အခါ မျက်နှာကြည်လင် တောက်ပနေ၍ စိတ်ညစ်သည့် အခါ မျက်နှာသုန်မှုန်နေတတ်သည်၊ ဤကား စိတ်ကြောင့် ရုပ်တရားများ မတူ ထူးခြားစွာ ဖြစ်ပေါ်ပြောင်းလဲဖေါက်ပြန်နေခြင်းဖြစ်သည်။

## ကံကြောင့် ဖေါက်ပြန်ခြင်း

ကုသိုလ်ကံ အရှိန်အဟုန် အကျိုးပေးခွင့်ရသည့် အချိန်၌ ထိုပုဂ္ဂိုလ်၏ ခန္ဓာကိုယ်သည် ကြည်လင်တောက်ပခြင်း၊ အားအင်ပြည့်ဖြိုးခြင်း၊ တင့်တယ်လှပသည့် အသွင်ကို ဆောင်နိုင်ခြင်းတို့ ဖြစ်ပေါ်နေသည်။ ကံဇာတာညှိုးမှိန်သည့်အခါ ကိုယ်ရောင်ကိုယ်ဝါ မထွက်နိုင်ဘဲ ညှိုးမှိန်နေတတ်သည်။ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ဝါဝါ၊ ကြွားကြွားရွားရွား မနေနိုင်ရှာဘဲ ကုပ်ချောင်းကုပ်ချောင်းဖြင့် ချောင်ကပ်နေရသည်။ လူသိမခံရဲဘဲ ဇာတ်မြှုပ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com


သောရေယျ သူဌေးသားသည် လွန်စွာ တင့်တယ်ချောမောလှပသည့် အရှင်ကစ္စည်း ရဟန္တာမထေရ်ကြီးကို "မိမိဇနီးမယား ဖြစ်ပါမူ ကောင်းလေစွ"ဟု စိတ်ကူးယဉ်ပြစ်မှား မိသောကြောင့် ချက်ခြင်း ယောကျ်ားအသွင်ပျောက်၍ မိန်းမအသွင်၊ မိန်းမအဂါအစိတ်အပိုင်းများ ပြောင်းလဲဖြစ်ပေါ်လာလေသည်၊ ထိုအခါ သောရေယျ သူဌေးသားသည် မိမိအိမ်သို့ မပြန်ဝံ့တော့သဖြင့် ယူဇနာ တစ်ရာဝေးကွာသည့် တစ်နယ်တစ်ကျေးသို့ သွားရောက်ကာ မိမိဘဝမှန်ကို ဖာတ်မြှုပ်၍ သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျကာ ကလေးနှစ်ယောက် မွေးဖွားခဲ့ရသည်၊ နောက်တစ်ဖန် မိတ်ဆွေကောင်း၏ ကူညီမှုဖြင့် အရှင်ကစ္စည်း မထေရ်ကြီးအား တောင်းပန်သော ကုသိုလ်ကံကြောင့် မိန်းမအဂါ အစိတ် အပိုင်းများ ကွယ်ပျောက်ပြီး ယောကျ်ားအဂါအစိတ်အပိုင်းများ ဖြစ်ပေါ်လာ၍ ယောကျ်ားအဖြစ်သို့ ပြန်လည် ရောက်ရှိခဲ့ရသည်။ ဤကား ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ရုပ်၏ဖေါက်ပြန်ပြောင်းလဲပုံကို ပြဆိုခြင်းဖြစ်သည်။

**အမာခံရုပ်နှင့် မှီခိုရုပ်များ**

ရုပ်တရားများကို အမာခံရုပ်နှင့် မှီခိုရုပ်ဟူ၍ နှစ်မျိုးခွဲခြားလေ့လာရ၏၊ သတ္တဝါများနှင့် အပင်များသည် ဤမဟာပထဝီမြေကြီးပေါ်၌တည်နေရသည်၊ မဟာပထဝီမြေကြီးကို မှီခိုနေရသည်။ ဤမြေကြီးကို အမှီပြု၍ ကြီးပွါးတိုးတက်ခြင်း၊ အမှုကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ခြင်းပြုကြရသည်၊ လေထဲ၌ တိုက်အိမ်ဆောက်၍မရ ပထဝီမြေကြီးပေါ်၌သာ တိုက်အိမ် ဆောက်နိုင်သည်၊ လေယာဉ်ပျံနှင့် ဒုံးပျံတို့သည် ဤမဟာပထဝီမြေကြီးကို အမှီပြု၍ စွမ်းအား စိုက်ထုတ်၍ တွန်းကန်၍ ကောင်းကင်ယံသို့ တက်ကြရသည်။ ထို့ကြောင့် ပထဝီမြေကြီးသည် အမာခံရုပ်၊ အမှီခံရုပ်ဖြစ်သည်။

တစ်ဖန် ဖြူ၊ နီ ၊ ညို၊ ပြာ အစရှိသော အရောင်များသည် ရေ၊ ဆီ အစရှိသော အရည်ဓါတ် အာပေါဓာတ်ကို အမှီပြု၍ မိမိ၏ အရောင်သဘာဝကို ဖေါ်ပြနိုင်ကြသည်။ အရောင်အဆင်း စသည့်ရုပ်များသည် မီးဓါတ်၊ ရေဓါတ် စသည်တို့ကို မှီခို၍ တည်ကြရသည်။

ရုပ်တရားများသည် ပူခြင်း၊ အေးခြင်း ဟူသော တေဇောဓာတ်၏ အရှိန်အဝါကို အမှီပြု၍ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း ဖြစ်ကြရသည်။ တေဇော

www.burmeseclassic.com

www.burmeseclassic.com


အပူဓာတ်ကို လုံလောက်စွာမရရှိသော သစ်ပင်များသည် နှစ်ပေါင်းတစ်ရာခန့် ကြာမှ ခြေသလုံးခန့်သာ လုံးပတ်ရှိနိုင်ကြသည်။

တစ်ဖန် ထောက်ကန်မှု၊ တွန်းကန်မှု ဝါယောဓါတ်ကို အမှီပြု၍ သက်ရှိသက်မဲ့ရုပ်များ တိုးတက်မှု၊ ကြီးပွားမှု၊ ဆုတ်ယုတ်မှု ဖြစ်ကြရသည်။ ဤသို့ကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော ဓါတ်ကြီးလေးပါး တို့သည် အမာခံရုပ်၊အထည်ကိုယ်ရုပ်များ ဖြစ်ကြသည်။ ယင်းဓါတ်ကြီးလေးပါး ကို အမှီပြု၍ အဆင်း၊ အသံ၊ အနံ့၊ အရသာများ တည်ရှိ ဖြစ်ပေါ်ကြရသည်။ ထို့ကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ စသော အပေါ်ယံ အမွှန်းတင် ရုပ် (ဥပါဒါရုပ်)များကို မှီခိုရုပ်များဟုခေါ်ဆိုရသည်။

ဘူတရုပ်နှင့် ဥပါဒါရုပ်

အမာခံရုပ်များကို ဘူတရုပ်ဟုခေါ်ဆိုရ၍ မှီခိုရုပ်များ အပေါ်ယံ အမွှန်းတင်ရုပ်များကို ဥပါဒါရုပ်ဟု ခေါ်ဆိုရသည်။

မဟာဘူတရုပ် = မဟာဘုတ်လေးပါး

ကြီးကျယ်ထင်ရှားသည့် သဘောကို မဟာဘူတ = မဟာဘုတ်ဟု ခေါ်ဆိုရသည်။ မဟာ= ကြီးကျယ်သော + ဘူတ = ထင်ရှားသောရုပ်ဟုဆိုလို သည်။ ဟိမဝန္တာတောင်ကြီးသည်လည်းကောင်း၊ ဤမဟာပထဝီမြေကြီးသည် လည်းကောင်း၊ ဂြိုဟ်နက္ခတ်များသည်လည်းကောင်း၊ အလွန်ကြီးမားထင်ရှား သော ပထဝီဓါတ်၊ အစုအဝေးများဖြစ်ကြသည်။ မြစ်ချောင်း အင်းအိုင်များနှင့် မဟာသမုဒ္ဒရာအတွင်းရှိရေများသည် အလွန်ကြီး ကျယ်ထင်ရှားသော အာပေါ ဓာတ်လွှမ်းကဲသော ရုပ်ဝတ္ထုများဖြစ်ကြသည်။ ဤကမ္ဘာကိုပတ်၍ တည်ရှိ နေသော လေထုကြီးနှင့် လေမုန်တိုင်းများသည် အလွန် ထင်ရှားကြီးကျယ်သည့် ဝါယောဓါတ် မဟာဘုတ်ရုပ်ဖြစ်သည်။ လူတို့ပြုလုပ်သော မီးတောက် မီးလျှံများ၊ သဘာဝအလျောက်ဖြစ်ပေါ်လာသော မီးတောက်မီးလျှံများ၊ နေဗိမာန်၌ ဖြစ်ပေါ်နေသော မီးတောက်မီးလျှံများသည် အလွန်ထင်ရှားကြီးကျယ်သော တေဇောဓါတ်မဟာဘုတ်ရုပ်ဖြစ်သည်။ ကမ္ဘာပျက်သည့်အခါ စကြာဝဠာတစ်ထောင် တစ်သိန်းကို အရည်ပျော်စေသော အာပေါဓါတ်များ၊ စကြာဝဠာတစ်သိန်းကို

www.burmeseclassic.com

www.burmeseclassic.com



မှုန်မှုန်ညက်ညက် ကြေမွသွားအောင် တိုက်ခိုက် ခြေဖျက်နိုင်သော ဝါယောဓါတ်တို့၏ ထုထည် အရွယ်ပမာဏ ကြီးကျယ်ထင်ရှားပုံကို လေ့လာသုံးသပ်နိုင်ပါသည်။

သက်ရှိသတ္တဝါများ၌ အလွန်ကြီးမားသော မြွေကြီးများ၊ ဆင်ကြီးများ၊ ဝေလငါးစသော ငါးကြီးများသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်ကြီးလေးပါး စုပေါင်းတည်နေပုံကို ဖေါ်ပြသည်။

## မဟာဘုတ်လေးပါးနှင့် ကင်းလွတ်သည့်နေရာ

ဤစကြာဝဠာအသီးသီးကို မဟာဘုတ်လေးပါးဖြင့် တည်ဆောက်ထားသည်၊ အဆုံးမရှိသော အာကာသကောင်းကင်အတွင်း၌ မရေမတွက်နိုင်သော စကြာဝဠာလောကဓါတ်များ တည်ရှိနေသည်။ စကြာဝဠာအနန္တ တည်ရှိသဖြင့် စကြာဝဠာများ၏ အဆုံး လောကဓါတ်အဆုံးကို တန်ခိုးရှင်များအနေဖြင့် တန်ခိုးဣဒ္ဓိပါဒ်ကို အသုံးပြု၍ အရှိန်အဟုန် ပြင်းစွာ ပြေးသွားခဲ့သော်လည်း အဆုံးသို့ မရောက်နိုင်ခဲ့ချေ။

ဤသို့ မရောက်နိုင်ကြောင်းကို ရောဟိတဿ နတ်သားသည် မြတ်စွာဘုရားရှင်ထံလာ၍ ဤသို့လျှောက်ထားခဲ့သည်။

"အရှင်ဘုရား ဤသို့ ဖြစ်ဘူးသည်ကားအကျွန်ုပ်သည် တန်ခိုးနှင့်ပြည့်စုံ၍ ကောင်းကင်သို့ပျံတက် သွားလာနိုင်သော မုဆိုး၏သား ရောဟိတဿ မည်သော ရသေ့ဖြစ်ခဲ့ဘူးပါသည် အရှင်ဘုရားတပည့်တော်၏ လျင်မြန်ပုံမှာ ဤသို့သဘောရှိခဲ့ပါသည်။ (လေးအတတ်ကို) သင်ကြားပြီး၍ လေးအတတ်၌ လေ့ကျင့်ရပြီးသော မင်းအိမ်၌ လေးအတတ်ကိုပြပြီးသော မြဲမြံခိုင်ခံ့သောလေးရှိသော လေးဆရာသည် ခဲယဉ်းမှုမရှိသော ပေါ့ပါးသော မြားဖြင့်ထန်းပင်ရိပ်ကို ဖီလာကန့်လန့်လွန်စေသည့် ကာလနှင့်အမျှ တစ်ခုသော စကြာဝဠာကို လွန်စေနိုင်သည့် သဘောရှိသော လျင်မြန်ခြင်းရှိခဲ့ပါသည်။ ဤသို့ သဘောရှိသော ခြေလှမ်းဖြစ်ခဲ့ဘူးပါသည်။ အရှေ့သမုဒ္ဒရာမှ အနောက်သမုဒ္ဒရာကို လွန်စေနိုင်သော သဘောရှိသော ဝေးကွာသော သဘောရှိသော ခြေလှမ်းရှိခဲ့ဘူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား ဤသို့ သဘောရှိသော လျင်မြန်ခြင်းနှင့် ပြည့်စုံသော ဤသို့ သဘောရှိသော ခြေလှမ်းနှင့်ပြည့်စုံသော ထိုအကျွန်ုပ်အား "ငါသည် (ခြေဖြင့်) သွားခြင်းဖြင့် လောက၏ အဆုံးကိုရောက်ရမည်ဟု ဤသို့ သဘောရှိသော စိတ်အလို ဖြစ်ခဲ့ဘူးပါ၏။ အရှင်ဘုရား အနှစ်တစ်ရာ အသက်ရှင်လျက် စားချိန် သောက်ချိန် ခဲချိန် လျက်ချိန် မှ တစ်ပါး ကျင်ကြီး ကျင်ငယ် စွန့်မှု အိပ်စက်မှု အပန်းဖြေနားနေမှု မှတစ်ပါး အနှစ်တစ်ရာ ပတ်လုံးကို သွားခဲ့ရာ လောကအဆုံးကို မရောက်ဘဲ စကြာဝဠာအကြား၌သာလျှင် သေခဲ့ရပါသည်။

(အင်္ဂုတ္တိုရ် ပါဠိတော် မြန်မာပြန်၊ စာ- ၃၇၁၊ ရောဟိတဿသုတ်)

ထိုကြောင့် အဆုံးပိုင်းအခြားမရှိသော အာကာသကောင်းကင် အတွင်း၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော မဟာဘုတ်ဓါတ်ကြီးလေးပါးတို့နှင့် ကင်းလွတ်သော နေရာဟု မရှိ မဟာဘုတ် ဓါတ်ကြီးလေးပါးတို့သည် အနန္တ အာကာသ ကောင်းကင်အတွင်း၌ ပျံ့နှံ့တည်ရှိနေကြသည်။ မဟာဘုတ်လေးပါး တို့ အကြွင်းမဲ့ ချုပ်ငြိမ်းရာကား နိဗ္ဗာန်သာလျှင် ဖြစ်သည်။

## မျက်လှည့်နှင့် တူသော မဟာဘုတ်

မျက်လှည့်ဆရာသည် ပတ္တမြားမဟုတ်သော ရေကို ပတ္တမြားပြုလုပ်၍ ပြသည်၊ ရွှေမဟုတ်သော မြေကြီးခဲကို ရွှေပြုလုပ်၍ပြသည်။ မျက်လှည့် ဆရာသည်၊ မိမိကိုယ်ကို ဘီလူးကြီးတစ်ကောင် ထင်ရအောင် လှည့်စားပြသည်၊ ၎က်ကဲ့သို့ပျံသန်းပြသည် အလားတူပင် ဤမဟာဘုတ် ဓါတ်ကြီးလေးပါး တို့သည်လည်း ‘မိမိကိုယ်တိုင် မညိုဘဲလျက် အညိုရောင်ကို လှည့်စားပြသည် မဝါဘဲလျက် အဝါရောင်ထင်စေရန် လှည့်စားပြသည်၊ မနီဘဲလျက် အနီရောင် လှည့်စား ပြသည်၊ မဖြူဘဲလျက် အဖြူရောင်လှည့်စား ပြသည်။

တစ်ဖန်နတ်ဘီလူးတို့သည် လူတစ်ဦးတစ်ယောက်ကို ပူးကပ်ရာ၌ ထိုလူ၏ ကိုယ်တွင်း၌ လည်းကောင်း၊ ကိုယ်ပြင်ပ၌ လည်းကောင်း၊ တည်ရှိ နေခြင်းမဟုတ်၊ သို့ရာတွင် ထိုလူကို အမှီပြုနေသည်ကား မှန်၏၊ အလား တူပင် ဤမဟာဘုတ်ဓါတ်ကြီးလေးပါးတို့သည် အချင်းချင်းအတွင်း၌လည်း ကောင်း၊ ပြင်ပ၌လည်းကောင်း၊ တည်ရှိနေခြင်းမဟုတ်၊ သို့ရာတွင် အပြန်အလှန် အမှီသဟဲ ပြုနေကြသည် မှန်၏။ ဤကဲ့သို့ မျက်လှည့်ဆရာ၊ နတ်ဘီလူးတို့နှင့်

www.burmeseclassic.com

www.burmeseclassic.com


တူသောကြောင့် ဓါတ်ကြီးလေးပါးကို မဟာဘူတဟုခေါ်ကြရသည်။ တစ်နည်းအားဖြင့် ဘီလူးမကို (မဟာဘူတ) ဖုတ် တစ္ဆေ ဟုခေါ်ကြသည်။ ဘီလူးမသည် တောအုပ်တွင်း၌ မိမိကိုယ်ကို ချောမောလှပအောင် ပြုပြင်ဖန်ဆင်းထား၍ ခရီးသွားယောကျ်ားတို့ကို လှည့်ပတ် ဖျားယောင်း ဖမ်းစားတတ်၏၊ အလားတူပင် ပထဝီစသော ဤဓါတ်ကြီးလေးပါးတို့သည် ချစ်ခင်နှစ်သက်ဖွယ်ရာ အရောင်အဆင်း၊ ကိုယ်လက်အင်္ဂါ နှင့် ပြည့်စုံသော၊ မျက်လုံး၊ မျက်ခုံး လှပတင့်တယ်သော မိန်းမယောကျ်ား အသွင်ကိုဆောင်၍ အသိဉာဏ်နည်းသူတို့ကို လှည့်စားတတ်ကုန်၏၊ ပထဝီဓါတ်သည် ခက်မာခြင်း၊ ကြမ်းထမ်းခြင်း လက္ခဏာကို ဖုန်းဖိ၍ လည်းကောင်း၊ တေဇောဓါတ်သည် လောင်ကျွမ်းတတ်သည့် လက္ခဏာကို ဖုန်းဖိ၍လည်းကောင်း၊ အာပေါဓါတ်သည် ယိုစီးခြင်းလက္ခဏာကို ဖုံးဖိ၍လည်းကောင်း၊ ဝါယောဓါတ်သည် ထောက်ကန်ခြင်း လက္ခဏာကို ဖုံးဖိ၍ လည်းကောင်း၊ ချစ်ဖွယ်ရာ မိန်းမယောကျ်ား အသွင်သဏ္ဍာန်ကို ဆောင်၍ လှည့်စားတတ်သည်၊ ဤသို့လှည့်စားတတ်သော ဘီလူးမနှင့်တူသောကြောင့် ဤဓါတ်ကြီးလေးပါးတို့ကို မဟာဘူတဟု ခေါ်ရသည်။

ဤနည်းအားဖြင့် မဟာဘူတဟူသော ပါဠိဝေါဟာရသည် မျက်လှည့်ဆရာဟူသောအနက်၊ နတ်ဘီလူးကြီးဟူသော အနက်၊ ဖုတ်တစ္ဆေ ဘီလူးမဟူသော အနက် တို့ကို ဟောနိုင်ကြောင်း ထင်ရှားအောင် ရှင်းပြခြင်းဖြစ်သည်။

## ဓါတ်ကြီးလေးပါး၏ သဘောလက္ခဏာ

၁။ ပထဝီ= မြေ = ခက်မာခြင်း လက္ခဏါ= ထောက်တည်ရာသဘော၊

၂။ အာပေါ= ရေ= ယိုစည်းခြင်းလက္ခဏါ= ပွဲစည်းခြင်း သဘော၊

၃။ တေဇော= မီး= ပူလောင်ခြင်းလက္ခဏါ= ရင့်ကျက်ခြင်း သဘော၊

၄။ ဝါယော=လေ= ထောက်ကန်ခြင်းလက္ခဏါ= ပင့်မြှောက်ခြင်းသဘော၊

### ပထဝီဓါတ်

ပထဝီဓါတ်သည် ပထဝီကို သာမန်အားဖြင့် မြေဟု ဘာသာပြန်ဆိုကြသည်၊ ပထဝီဓါတ်၏ လက္ခဏာသဘာဝမှာ ကြမ်းတမ်းခက်မာမှုဖြစ်သည်၊ မြေကြီးမှာ ခက်မာသော လက္ခဏာ ပထဝီလွန်ကဲသောကြောင့် မြေကြီးကို ပထဝီဓါတ်ဟု ခေါ်ဆိုရသည် အမှန်စင်စစ် မြေကြီး၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓါတ်ကြီးလေးပါး အားလုံးပါဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပထဝီနှစ်မျိုး

ပထဝီဟု ခေါ်ဆိုရသော မြေဓါတ်သည် လက္ခဏပထဝီနှင့် သသမ္ဘာရ ပထဝီဟု နှစ်မျိုးရှိသည်။ ပထဝီဓါတ်၏ ကြမ်းတမ်းခက်မာခြင်း လက္ခဏာကို လက္ခဏပထဝီဟု ခေါ်ဆိုရသည်။ ယင်း လက္ခဏပထဝီဓါတ်ပေါင်း သိန်းသန်းကုဋေ ပေါင်းစုမိသောအခါ အစိုင်အခဲ အထည်ကိုယ်ဖြစ်အသွင်ကိုဆောင်ထားသော မြေဆိုင်၊ မြေခဲ၊ ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်ခဲစသည်ဖြင့် တွေ့ထိကိုင်တွယ်၍ ရနိုင်သော၊ မျက်စိဖြင့် မြင်နိုင်သော ပထဝီကို သသမ္ဘာရ ပထဝီဟု ခေါ်ဆိုရသည်။

## လက္ခဏပထဝီနှစ်မျိုး

ပထဝီဓါတ်၏ လက္ခဏာကို ကြမ်းတမ်းခက်မာမှုဟူ၍ ပြဆိုထားရာ ယင်းကြမ်းတမ်း ခက်မာမှုသဘော အယုတ်အလွန်နှင့် အတိုးအလျော့ကို အကြောင်းပြု၍ လက္ခဏပထဝီနှစ်မျိုးကွဲပြားသည်။ အမာသဘော မာခြင်း အစွမ်းသတ္တိလျော့နည်းယုတ်လျော့သွားသည့်အခါ ပျော့ခြင်းသဘော ဖြစ်ပေါ်လာသည်။ ကြမ်းတမ်းသောသတ္တိ လျော့နည်းယုတ်လျော့လာသောအခါ နူးညံ့မှုသဘောဖြစ်ပေါ်လာရသည်။ မာခြင်းနှင့် ပျော့ခြင်းသည် နှစ်မျိုးမဟုတ် တစ်မျိုးတည်းသာဖြစ်သည်။ အမာဓါတ် ယုတ်လျော့သောအခါ ပျော့သည်ဟု ခေါ်ဆိုရသည်။ အပျော့ဓါတ် ယုတ်လျော့သွားသောအခါ မာခြင်းသဘောသို့ ရောက်ရှိသွားသည်။ ကြမ်းတမ်းမှု လျော့နည်းသွားသောအခါ နူးညံ့မှုဖြစ်ပေါ်လာသည်။ နူးညံ့မှု လျော့နည်းသွားသောအခါ ကြမ်းတမ်းမှု ဖြစ်ပေါ်လာသည်။ မူလသဘာဝမှာ ပထဝီဓါတ်သာလျှင် ဖြစ်သည်။ ရွှံ့မာနှင့် ရွှံ့ပျော့၊ ထမင်းမာနှင့် ထမင်းပျော့၊ ကျောက်ကြမ်းနှင့် ကျောက်နု၊ အပတ်ကြမ်းနှင့် အဝတ်နုတို့ကို ထောက်ရှုပါက ရွှံ့တစ်မျိုးတည်းကိုပင် မာသည် ပျော့သည် နှစ်မျိုးခွဲခြား၍ ပြောကြသည်။ ထမင်းတစ်မျိုးတည်းကိုပင် မာသည်ပျော့သည် ပြောကြသည်။ အဝတ်အထည်တစ်မျိုးတည်းကိုပင် ကြမ်းသည် နုသည် ပြောကြသည်။ ကျောက်သားတစ်မျိုးတည်းကိုပင် ကြမ်းသည် နုသည် ပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့အားဖြင့် ပထဝီဓါတ်၏ လွန်ကဲမှု၊ လျော့နည်းမှုကို ထောက်ဆ၍ ကြမ်းတမ်း ခက်မာမှု၊ နူးညံ့ပျော့ပြောင်းမှု နှစ်မျိုးခွဲခြား၍ ပြောဆိုရခြင်းဖြစ်သည်။ ထို့ကြောင့် ပထဝီကို နူးညံ့ပထဝီ၊ ခက်မာပထဝီဟု နှစ်မျိုးနှစ်စားခွဲခြားရသည်။

နူးညံ့ပထဝီများ စုပေါင်းမိသောအခါ အစိုင်အခဲများ ဖြစ်လာ၍ ခက်မာပထဝီသဘောသို့ ရောက်ရှိရသည်။ ဥပမာ- ရွှံ့ပျော့သည် နူးညံ့ပျော့ပြောင်းလျက်ရှိသည်။ တဖြေးဖြေး ရေခန်းခြောက်သွားသောအခါ ရွှံ့ခဲသည် မာကျစ်လာ၍ ကြမ်းတမ်းသော အတွေ့အထိကိုဆောင်လျက် ခက်မာပထဝီ ဖြစ်လာသည်။ ယင်းရွှံ့ခြောက်ကို ရေစိမ်လိုက်ပါက နူးညံ့ပထဝီ ဖြစ်သွားသည်။ ဆီ၊ရေ၊ လေ၊ ဝါဂွမ်းတို့၌ ပထဝီဓါတ်သည် အားနည်း၍ နူးညံ့ပထဝီအဖြစ် တည်ရှိသည်။

လေနှင့်အခိုးအငွေ့များကို ထိတို့ စမ်းသပ်ကြည့်ပါက အလွန်နူးညံ့သိမ်မွေ့သည်ကို တွေ့ရသည်။ တစ်ဖန် ဆီနှင့်ရေတို့ကို ထိတို့ ကြည့်ပါက နူးညံ့သိမ်မွေ့သော်လည်း လေထက်ပိုမို ကြမ်းတမ်းလာသည်။ ဆီနှင့်ရေထက် ဝါဂွမ်းသည် ပိုမိုကြမ်းတမ်းခက်မာသည်။ ဝါဂွမ်းထက် အဝတ်အထည်သည် ပို၍ ကြမ်းလာသည်။ အဝတ်အထည်ထက် သစ်သားသည် ပို၍ ကြမ်းတမ်းခက်မာသည်။ သစ်သားထက် သသည်ပို၍ ကြမ်းတမ်းခက်မာသည် စသည်ဖြင့် အဆင့်ဆင့် ပထဝီဓါတ် လွန်ကဲမှု ယုတ်လျော့မှုတို့ကို လေ့လာသုံးသပ် သိရှိနိုင်ပေသည်။ယင်း နူးညံ့မှု ခက်မာမှုသဘောလက္ခဏာသည် ပရမတ္ထပထဝီ ဖြစ်သည်။

## သသမ္ဘာရ ပထဝီမှစ်မျိုး

သမ္ဘာရဆိုသည်မှာ အဆောက်အဦးအထည်ကိုယ်ဖြစ်သဘောကို ဆိုလိုသည်။ ဥပမာ အိမ်တစ်ဆောင် ဆောက်လုပ်ရာ၌ အုတ်၊ ကျောက်၊ ထုံး၊ သဲ၊ သစ်သား စသော ဆောက်လုပ်ရေး ပစ္စည်းများသည် သမ္ဘာရ - အဆောက်အဦများဟု ခေါ်ဆိုရသည်။ ယင်းအဆောက်အဦ (သမ္ဘာရ) များ စနစ်တကျ စုပေါင်းဖွဲ့စည်းလိုက်သောအခါ အိမ်တစ်ဆောင်ဖြစ်ပေါ်လာသည်။ ဤသို့ ရုပ်လုံးပီသစွာဖော်ဆောင်လာသော အထည်ဝတ္ထုပစ္စည်းဖြစ်ကို သသမ္ဘာရ (ပုံဆောင်ဖြစ်ဝတ္ထု) ဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်း သသမ္ဘာရ (ပုံဆောင်ဖြပ်ဝတ္ထု) ပထဝီများမှာ ကိုယ်တွင်း အဇ္ဈတ္တိကပထဝီနှင့် ပြင်ပဗဟိဒ္ဓပထဝီဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

**အဇ္ဈတ္တိက ပထဝီဓါတ် နှစ်ဆယ်**

အောက်ဖော်ပြပါ ပထဝီဓါတ်နှစ်ဆယ်တို့သည် ခန္ဓာကိုယ်အတွင်း၌ ရှိသောကြောင့် အဇ္ဈတ္တိက ပထဝီဟု ခေါ်ဆိုရသည်-

၁။ ကေသာ = ဆံပင်
၂။ လောမာ = အမွေး
၃။ နခါ = ခြေသည်းလက်သည်း
၄။ ဒန္တာ = သွား
၅။ တစော = အရေထူ အရေပါး
၆။ မံသံ = အသား
၇။ နှာရု = အကြော
၈။ အဋ္ဌိ = အရိုး
၉။ အဋ္ဌိမိဉ္ဇ = ရိုးတွင်းချဉ်ဆီ
၁၀။ ဝက္ကံ = အညို့
၁၁။ ဟဒယံ = နှလုံး
၁၂။ ယကနံ = အသဲ
၁၃။ ကိလောမကံ = အမြှေး
၁၄။ ပိဟကံ = အဖျဉ်း
၁၅။ ပပ္ဖါသံ = အဆုပ်
၁၆။ အန္တံ = အူမ
၁၇။ အန္တဂုဏံ = အူသိမ်
၁၈။ ဥဒရိယံ = အစာသစ်
၁၉။ ကရီသံ = အစာဟောင်း
၂၀။ မတ္တလုင်္ဂ = ဦးနှောက်

ပြင်ပဗဟိဒ္ဓ ပထဝီများမှာ - စိန်၊ ရွှေ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား မြေကြီးစသည်တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အာပေါဓါတ်

အာပေါဓါတ်သည် တိုးပွားစေခြင်း၊ ဖွံ့နှံ့စေခြင်း သဘောရှိသည်။ ရေ၌ အာပေါဓါတ်လွန်ကဲသည်၊ ရေသည် မြူမှုန်များကို ဖွဲ့စည်းပေးသည်။ သတ္တဝါများကို ကြီးထွားလာအောင် အကူအညီ ထောက်ပံ့သည်။ အပင်များကိုလည်း ကြီးထွားလာအောင် ကူညီထောက်ပံ့ဖွဲ့စည်းပေးသည်။

ရှေးဦးစွာ ရေထဲ၌ ရေညှိများ ဖြစ်ပေါ်လာသည်။ ထိုနောက် ရေမှော်များ ဖြစ်ပေါ်လာ သည်။ ယင်းမှ ရေညှိပင်များနှင့် မြက်ပင်၊ ပေါင်းပင်ငယ်များ ပေါက်ပွားလာသည်။ ယင်းမှ ချုံပုတ်များနှင့် အပင်ငယ်များ ဖြစ်ပေါ်လာသည်။ ယင်းမှ အပင်ကြီးများ ဖြစ်ပေါ်လာသည်။ သက်ရှိသတ္တဝါများမှာလည်း ရေညှိကို စားသုံးသည့် ရေပိုး ရေမွှားများ စတင်ဖြစ်ပေါ်လာသည်။ ယင်းရေပိုးရေမွှားများကို စားသည့် ဖါးငယ် ငါးငယ်များ ဖြစ်လာသည်။ ယင်းတို့ကို စားသည့် ရေသတ္တဝါအကောင်ကြီးများ ဖြစ်ပေါ်လာကြသည်။ ထို့ကြောင့် အာပေါဓါတ် = ရေကို အမှီပြု၍ အပင်များနှင့် သတ္တဝါများ ကြီးပွားကြီးထွားလာကြသည်။ ထို့ပြင် လေထုအတွင်း လွင့်ပါနေသော မြူမှုန်များ မြေမှုန်များကို ရေဓါတ်ဖြင့် တွဲစပ်ပေါင်းစည်း စုစည်း၍ အစိုင်အခဲ ထုထည်များ ဖြစ်ပေါ်လာကြသည်။

## အာပေါဓါတ်၏ လက္ခဏာနှစ်ပါး

အာပေါဓါတ်မှာ ဖွဲ့စည်းခြင်း လက္ခဏာနှင့် ယိုစီးခြင်း လက္ခဏာ ဟူ၍ နှစ်မျိုးရှိသည်။ ဖွဲ့စည်းခြင်း သတ္တိယုတ်လျော့သွားသောအခါ ပျက်စီးသွားသောအခါ ယိုစီးခြင်းသဘော လွန်ကဲလာလေသည်။ ယိုစီးခြင်းသဘော ယုတ်လျော့နည်းပါးသွားသောအခါ ဖွဲ့စည်းခြင်းသဘော ဖြစ်ပေါ်လာလေသည်။ ဖွဲ့စည်းမှုနည်းလျှင် ယိုစီးမှုလွန်ကဲ၍ ယိုစီးမှု နည်းလျှင် ဖွဲ့စည်းမှု လွန်ကဲလာလေသည်။ ဥပမာ = ဆားခဲ သကြားခဲများ၌ ဖွဲ့စည်းမှု လျော့နည်းသောအခါ ဆားရည်၊ သကြားရည် ဖြစ်သွား၏၊ ဖွဲ့စည်းမှု လွန်ကဲသောအခါ ဆားခဲ၊ သကြားခဲ၊ အတုံးအခဲ အသွင်သဏ္ဌာန်ဖြစ်ပေါ်လာသည်။ သံစသော ဓါတ်သတ္တုများကို မီးပြင်းတိုက်သောအခါ ဖွဲ့စည်းမှု ပျက်ပြယ်၍ ယိုစီးမှု ဖြစ်သွားသည်။ သံတုံး သံခဲမှ သံရည်ဖြစ်၍ ယိုစီးလေသည်။ ဆန်မှုန့်၊ ဂျုံမှုန့်၊ မြေမှုန့်စသည်တို့ကို ရေသင့်လျော်ရုံ ထည့်၍ မွှေပေးလျှင် အလုံးအခဲဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ပြိုကွဲနေသော အမှုန်များကို ရေက စုစည်း၊ ပေါင်းစည်း ဖွဲ့စည်းပေးခြင်းဖြစ်သည်။ ဤဥပမာ၌ အမှုန့်များသည် ပထဝီဓါတ် လွန်ကဲသော ရုပ်ဝတ္ထုများဖြစ်၍ ရေသည် ဖွဲ့စည်းမှု အာပေါဓါတ် လွန်ကဲသော ရုပ်ဝတ္ထုဖြစ်သည်။ အာပေါဓါတ်သည် အခြားသော ပထဝီဓါတ်၊ တေဇောဓါတ်၊ ဝါယောဓါတ်ဟူသော မဟာဘုတ်သုံးပါးကို စုစည်း ဖွဲ့စည်းပေးတတ်သည်။

### လက္ခဏာအာပေါနှင့် သသမ္ဘာရအာပေါ

ယခု ပြဆိုခဲ့ပြီးသော ဖွဲ့စည်းခြင်းသဘော ယိုစီးခြင်း သဘော လက္ခဏာအာပေါ ပရမတ္ထအာပေါဓါတ်ဖြစ်သည်။ အထည်ကိုယ်ဒြပ်ဝတ္ထုမရှိချေ။ အထည်ကိုယ်ဒြပ်ဝတ္ထုအသွင်ဆောင်နိုင်သော ရေ၊ ဆားရည်၊ သကြားရည်၊ ကြံရည်စသော အာပေါဓါတ် လွန်ကဲသည့် ဒြပ်ဝတ္ထုများသည် သသမ္ဘာရ အာပေါဓါတ်မည်၏။

### သသမ္ဘာရ အာပေါဓါတ်နှစ်မျိုး

ဒြပ်ဝတ္ထုအသွင်ဆောင်ထားသော သသမ္ဘာရ အာပေါဓါတ်သည် ကိုယ်တွင်း (အဇ္ဈတ္တ) အာပေါဓါတ်နှင့် ပြင်ပ (ဗဟိဒ္ဓ) အာပေါဓါတ်ဟူ၍ နှစ်မျိုးရှိသည်။ ကိုယ်တွင်း အဇ္ဈတ္တိကအာပေါဓါတ်တို့မှာ အောက်ပါအတိုင်း ၁၂ မျိုး ရှိသည်-

၁။ ပိတ္တံ - သည်းခြေ
၂။ သေမှံ - သလိပ်
၃။ ပုဗ္ဗော - ပြည်
၄။ လောဟိတံ - သွေး
၅။ သေဒေါ - ချွေး
၆။ မေဒေါ - အဆီခဲ
၇။ အဿု - မျက်ရည်
၈။ ဝသာ - အဆီကြည်
၉။ ခေဠော - တံတွေး
၁၀။ သဃ်ာနိကာ - နှပ်
၁၁။ လသိကာ - အစေး
၁၂။ မုတ္တံ - ကျင်ငယ်

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပ (ဗဟိဒ္ဓ)အာပေါဓါတ်များမှာ- ပကာကိရေ၊ နို့ရည်၊ ထန်းရည်၊ ကြံရည်၊ ဆားရည်၊ ကော်ရည် စသည်တို့ဖြစ်ကြသည်။ ထို့ပြင် သစ်သားတုံး၊ သံတုံး၊ သံခဲ၊ မြေဆိုင်ခဲ စသော အတုံးအခဲများမှာလည်း အာပေါဓါတ် ပါဝင်လျက်ရှိသည်၊ ဖွဲ့စည်းအာပေါဓါတ် လွန်ကဲသော ရုပ်ဝတ္ထုများဖြစ်သည်။

## တေဇောဓါတ်

တေဇော၏ အဓိပ္ပါယ်မှာ- ထက်မြက်ခြင်း၊ ရင့်ကျက်ခြင်းဟုဆိုလိုသည်၊ မှတ်၍ လွယ်ကူစေရန် ရှင်းပြရပါမူ တေဇော ဓါတ်သည် မီးဓါတ်ဖြစ်သည်။ နွေးစေခြင်း၊ ပူစေခြင်း၊ ရင့်ရော်ခြင်း၊ ကျက်ခြင်း၊ လောင်ကျွမ်းခြင်း သဘောလက္ခဏာကို ဆောင်သည်။

## တေဇောဓါတ်၏ လက္ခဏာနှစ်မျိုး

အပူသည် တေဇောဓါတ်ဖြစ်သကဲ့သို့ အအေးသည်လည်း တေဇောဓါတ်ဖြစ်သည်၊ အပူလျော့နည်းသွားသည်ကို အေးသည်ဟုဆိုကြသည်၊ အအေးဓါတ်လျော့နည်းသွားသည်ကို ပူသည်ဟု ပြောကြသည်။ အပူနည်းလျှင် အအေးဖြစ်၍ အအေးနည်းလျှင် အပူဖြစ်သည်၊ အပူလွန်လျှင် အအေးပျောက်၍ အအေးလွန်လျှင် အပူပျောက်သည်၊ ထို့ကြောင့် တစ်ခုတည်းသော တေဇောဓါတ် (မီးဓါတ်)ကိုပင် ပူသည် အေးသည် (ဥဏှတေဇောနှင့် သီတတေဇော) ဟု နှစ်မျိုးခွဲခြား၍ ပြောဆိုနေကြခြင်း ဖြစ်သည်။

အပူလွန်သောအခါ သံတုံး သံခဲများသည် အရည်ဖြစ်သွားသည်၊ ထို့ထက် ပူလောင်သောအခါ အငွေ့ဖြစ်သွားသည်၊ ပူသောအခါ ရေခဲသည် အရည်ပျော်၍ ထို့ထက် ပူသောအခါ ရေငွေ့အဖြစ် ပြောင်းလဲသွားသည်။ အအေးဓါတ်နှင့် ထိတွေ့သောအခါ ရေငွေ့များသည် ရေမှုန် ရေမွှား ဖြစ်လာကြသည်။ ဆောင်းရာသီ၌ ကျွန်ုပ်တို့ နှာခေါင်းမှ အသက်ရှူထုတ်လိုက်သောလေတွင် ရေခိုးရေငွေ့များ ပါရှိလာသည်၊ ယင်းရေခိုးရေငွေ့များသည် ပြင်ပပတ်ဝန်းကျင်ရှိ အအေးဓါတ်နှင့်တွေ့ထိ သောအခါ ရေမှုန်ရေမွှားများအဖြစ်စုစည်းဖွဲ့စည်း သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ဆောင်းရာသီတွင် အသက်ရှူထုတ်လိုက်သောအခါ နှာပေါက်ဝ၏ ရှေ့တစ်ပေခန့်အကွာအထိ ရေမှုန် ရေမွှားများ တွေ့မြင်ရခြင်းဖြစ်သည်၊ မိုးရေထဲ၌ မော်တော်ကားကို မှန်တံခါးပိတ်၍ မောင်းသွားသောအခါ ကားထဲရှိ လူများ ရှူထုတ်လိုက်သော ထွက်သက်လေနှင့် ကိုယ်ငွေ့တွင် ရေခိုးရေငွေ့များ ပါရှိလာသည်။ ယင်း ရေခိုး ရေငွေ့များသည် မော်တော်ကားမှန်ကို ထိသည့်အခါ အအေးဓါတ်ကြောင့် ရေမှုန်ရေမွှားများ ဖြစ်လာ၍ မှန်တွင် တွယ်ကပ်နေသည်၊ သို့ရာတွင် ကားအတွင်း၌ လေအေးစက်ဖွင့်ထားပါက ယင်းရေမှုန်ရေမွှားများသည် မှန်သို့ သွားရောက် တွယ်ကပ်ခြင်း မရှိတော့ဘဲ အောက်ခြေသို့ နိမ့်ဆင်းသွားလေတော့သည်။

မိုးရာသီ၌ ပင်လယ်မှ တက်လာသော ရေခိုး ရေငွေ့များသည် ကောင်းကင်ယံ၌ တိမ်တောင် တိမ်တိုက်များအဖြစ် တည်ရှိနေတတ်သည်။ ယင်းမိုးတိမ်များသည် ကောင်းကင်ယံ၌ အအေးဓါတ်နှင့်ထိတွေ့သောအခါ ရေမှုန်ရေမွှားအဖြစ် ဖွဲ့စည်း၍ ယင်း ရေမှုန်ရေမွှားများ ပေါင်းစပ်ကာ မိုးရေပေါက်ဖြစ်လာသည်။ အအေးဓါတ်ကြောင့် ရေမြူမှုန်များ စုပေါင်းဖွဲ့စည်းလာသောအခါ ရေ မြူမှုန်များသည် ကျစ်လစ် သိပ်‌ ည်း၍ လေးလံလာသဖြင့် ကောင်းကင်ယံမှ မြေပြင်သို့ လျောကျလာသည်ကို မိုးရွာသည်ဟု ခေါ်ဆိုကြသည်။ ဥဏှတေဇော အပူဓါတ်ကြောင့် ပင်လယ်ရေသည် အခိုးအငွေ့ဖြစ်၍ အမြင့်သို့တက်လာသည်။ ကောင်းကင်အမြင့်တွင် သီတတေဇော အအေးဓါတ်နှင့် ထိတွေ့သောအခါ ရေမြူမှုန် (မိုးတိမ်)များသည် ကျစ်လစ်သိပ်သည်းစွာ ပေါင်းစပ်၍ မိုးရေပေါက်များ ဖြစ်လာကြသည်။ ယင်းမိုးတိမ်များနှင့် မိုးရေမိုးပေါက်များကို ဥဏှတေဇော သီတတေဇောတို့က ဖန်တီးနေခြင်းဖြစ်သည်။

## သ သမ္ဘာရ တေဇော

ပူခြင်း၊ အေးခြင်း ဓါတ်သဘောမျှကို လက္ခဏာတေဇောဟု ခေါ်ဆို၍ ရုပ်ဝတ္ထု အကောင်အထည်ရှိသော တေဇောဓါတ်ကို သသမ္ဘာရ တေဇောဓါတ်ဟုခေါ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အဇ္ဈတ္တိကနှင့် ဗဟိဒ္ဓတေဇော

ခန္ဓာကိုယ်အတွင်းရှိ တေဇောဓါတ်သည် အဇ္ဈတ္တိကတေဇောဖြစ်၍ ခန္ဓာကိုယ်ပြင်ပ၌ ရှိသောတေဇောဓါတ်များသည် ဗဟိဒ္ဓတေဇောဖြစ် သည်။

## အဇ္ဈတ္တိကတေဇော

ခန္ဓာကိုယ်အတွင်း၌ ရှိသော အဇ္ဈတ္တိကတေဇောဓါတ်သည် အောက်ပါ အတိုင်း ငါးမျိုးရှိသည်။

| | | |
|---|---|---|
| ၁။ ဥသ္မာတေဇော | - | ပကတိ ကိုယ်ငွေ့၊ |
| ၂။ ပါစကတေဇော | - | ဝမ်းမီး - ကမ္မဇတေဇော၊ |
| ၃။ သန္တပ္ပနတေဇော | - | တရက်ခြားဖျား - ငွေ့ငွေ့ပူခြင်း |
| ၄။ ဒါဟတေဇော | - | အပူလွန် ဖျားခြင်း၊ |
| ၅။ ဇီရဏတေဇော | - | အိုမင်း ရင့်ရော်စေခြင်း။ |

သတ္တဝါများ ကျန်းမာနေချိန်တွင် ခန္ဓာကိုယ်မှာရှိသော ပကတိကိုယ်ငွေ့ သည် ဥသ္မာတေဇောမည်၏၊ ပြဒါးတိုင်ဖြင့် တိုင်းကြည့်ပါက ( ၉၈. ၅ ) ဒီဂရီ ဖါရင်ဟိုက် ရှိသည်၊ ကံကြောင့်ဖြစ်သော မီးဓာတ်ဖြစ်၍ ကမ္မဇတေဇော ဟု ခေါ်ရသည်။ သွေးနှင့်အတူ ရောနှောပြန့်နှံ့နေသော သည်းခြေ ဖြစ်သည် ။

ပါစက ဆိုသည်မှာ ချက်ပြုတ်ခြင်း ဆိုသည်၊ ကျွန်ုပ်တို့ စားသောက် လိုက်သော အစာအာဟာရ များကို ကျေညက်အောင် ချက်တတ်သော ဝမ်းမီး ကို ပါစကတေဇောဟု ဆိုရသည်၊ ယင်း ဝမ်းမီးသည် မွေးကတည်းက ပါလာသော တေဇောဓါတ်ဖြစ်၍ ကမ္မဇတေဇောဓါတ်ဟု ခေါ်ဆိုရသည်။ အစာသစ်အိမ်ရှိ အပူဓါတ် အချဉ်ဓါတ်ကို ပါစက ဝမ်းမီးဓါတ် ဟုခေါ်ဆိုရသည်။ ယင်း ဝမ်းမီးသည် စားမြိုလိုက်သော အစာအာဟာရများကို လောင်ကျွမ်း၍ အပူဓါတ် ကို ထုတ်လုပ်ဖြန့်ချိပေးသည်၊ ပါစက ဝမ်းမီးမှ တစ်ကိုယ်လုံးသို့ အပူငွေ့ဖြန့် ထုတ်ပေးသည်။ ပါစကမီး လွန်ကဲခြင်း၊ ယုတ်လျော့အားနည်းခြင်း၊ နေရာရွေ့ ပြောင်းခြင်း တို့ကြောင့် ခန္ဓာကိုယ်သည် အပူချိန် လွန်ကဲမှု ယုတ်လျော့မှုများ ဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



သန္တပ္ပနတေဇောမှာ- အပူဒီဂရီ (၉၉ - မှ - ၁၀၁)ခန့်ထိ ရှိတတ်သည်၊ အပြင်းဖျားခြင်း မဟုတ်ဘဲ ငွေ့ငွေ့ပူ၍ အနည်းငယ်ဖျားခြင်း၊ တရက်ခြား နှစ်ရက်ခြား ဖျားခြင်းမျိုးဖြစ်သည်။

ဒါဟတေဇောမှာ အပူဒီဂရီ (၁၀၃- မှ -၁၀၅) အထက် အပူလွန်ခြင်း ဖြစ်သည်။ အပူအားကြီးသဖြင့် ကယောင် ကတမ်း ပြောတတ်သည်။

ပါကစတေဇော ဓါတ်သည် လွန်ကဲလာ၍ မူလနေရာ၌ မနေတော့ဘဲ အစာအိမ်လမ်းကြောင်းတလျှောက် အူသိမ်အူမတစ်လျှောက် လောင်ကျွမ်း၍ အူရောင်ငန်းဖျား ဖြစ်တတ်သည်၊ အစာလမ်းကြောင်း တစ်လျှောက်၌ အဖု အပိန့်များဖြစ်လာ၍ အူများလောင် ကျွမ်းခံရခြင်းဖြစ်သည်။

ဥသ္မာတေဇောဖြစ်သော သည်းခြေဓါတ် ဖေါက်ပြန် လွန်ကဲသောအခါ တစ်ကိုယ်လုံး ချစ်ချစ်တောက် ပူလောင်၍ ကျောက်ဝက်သက်၊ ပေါက်သကဲ့သို့ အရေပြားပေါ်၌ အဖုအပိန့်များ ထွက်တတ်သည်။

ပါစက ဝမ်းမီးအားနည်းသောအခါ နှံ့သောအခါ မစားချင်၊ မသောက်ချင် ဖြစ်တတ်သည်၊ အစာမကြေဖြစ်တတ်သည်၊ အစာသစ်အိမ်တွင် အချဉ်ပေါက်၍ ပျို့အန်တတ်သည်၊ လေချဉ်တက်တတ်သည်။

ဇီရဏတေဇောမှာ- မွေးသည်မှ အိုမင်းရင့်ရော် သေဆုံးသည်အထိ တစ်ဖြေးဖြေး အရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်း၊ သွားကျိုးခြင်း၊ ခါးကိုင်းခြင်း၊ နားထိုင်ခြင်း၊ မျက်စိမှုန်ခြင်း၊ တို့ကိုဖြစ်စေတတ်သော တေဇောဓါတ်ဖြစ်သည်။

သတ္တဝါ အားလုံးတို့၌ ဥသ္မာတေဇော၊ ပါစကတေဇောနှင့် ဇီရဏ တေဇောတို့သည် ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကြတိုင်း ပုံမှန် တည်ရှိနေကြသည်၊ သန္တပ္ပနတေဇောနှင့် ဒါဟတေဇောတို့မှာ ပုံမှန်မဟုတ်ဘဲ ပါစကတေဇော နှင့် ဥသ္မာတေဇောတို့ ဖေါက်ပြန်ခြင်း၊ လွန်ကဲခြင်း ဖြစ်၍ ဖျားနာသည့်အခါ တို့၌သာ ရှိကြသည်။ အနာပေါက်ခြင်းမှာ ဒါဟတေဇော လွန်ကဲ၍ တစ်နေရာ တစ်ဌာနတည်း ကွက်၍ လောင်ကျွမ်းခြင်းကြောင့်ဖြစ်သည်။

ဗဟိဒ္ဓတေဇော

ခန္ဓာကိုယ်၏ ပြင်ပ၌တည်ရှိသော မီးတောက်မီးလျှံ မီးကျီးခဲများနှင့် နေရောင်ခြည် စသည်တို့ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဝါယောဓါတ်**

တစ်နေရာမှ တစ်နေရာသို့ရောက်ရှိအောင် ရွေ့လျားခြင်း၊ သို့မဟုတ် ရွေ့လျားမှု မရှိစေရန် အရပ်ဆယ်မျက်နှာမှ ဟန်ချက်ညီစွာ ထောက်ကန်ထားခြင်းဖြင့် တည်ငြိမ်နေခြင်းသဘောသည် ဝါယောဓါတ်၏ လက္ခဏာဖြစ်သည်။ တွန်းထိုးခြင်းနှင့် ထောက်ကန်ခြင်း၊ ဆွဲငင်ခြင်းနှင့် ရုံးကန်ခြင်း ရွေ့လျားခြင်းနှင့် တည်ငြိမ်ခြင်း၊ ပင့်မြှောက်ခြင်းနှင့် ဖိနှိပ်ခြင်း သဘောလက္ခဏာများသည် ဝါယောဓါတ်၏ အမူအရာများဖြစ်ကြသည်။

ဘောလုံးတစ်လုံးကို တွန်းကန်လိုက်သောအခါ ဘောလုံးသည် ရွေ့လျားပြေးသွားသည်။ အခြားတစ်ဖက်မှ အင်အားတူညီစွာ ပြန်လည်ထောက်ကန်ထားလျှင် တွန်းကန်ခြင်းနှင့် ထောက်ကန်ခြင်း အင်အားမျှတနေ၍ဘောလုံးသည် မရွေ့တော့ဘဲ ရပ်တည်နေပေလိမ့်မည်။

ဒုံးပျံတစ်ခုသည် ကမ္ဘာမြေဆွဲအားမှ ရုံးကန်ထွက်ခွါလိုသောအခါ ရုံးကန်အားသည် ဆွဲအားထက် အဆများစွာ သာလွန်မှသာလျှင် ကမ္ဘာမြေမှ ထွက်ခွါနိုင်မည်ဖြစ်သည်။ ကမ္ဘာမြေမှ မိုင် ၂၀၀/ ၃၀၀ ကွာသောအခါ ဒုံးပျံ၏ ရုံးကန်အားနှင့် ကမ္ဘာမြေ၏ ဆွဲငင်အားသည် ညီမျှနေ၍ အထက်သို့လည်း မတက်၊ အောက်သို့လည်း မကျဘဲ အလယ်မှာပင် တည်ရှိနေပေလိမ့်မည်။ ဂြိုဟ်တုများ တည်နေပုံကို ဥပမာအဖြစ် လေ့လာနိုင်ပါသည်။ ဒြပ်ဝတ္ထုတခုပေါ်သို့ အရပ်ဆယ်မျက်နှာမှလာသော ဆွဲငင်အားများ ညီမျှနေပါက ယင်းဒြပ်ဝတ္ထုသည် ရွေ့လျားမှုမရှိဘဲ တည်ငြိမ်နေပေလိမ့်မည်။ ဥပမာ လွန်ဆွဲသည့်အခါ နှစ်ဖက်ဆွဲအား တူညီနေပါက တစ်ဖက်ဖက်သို့ ရွေ့လျားခြင်း၊ မရှိဘဲ မူလပကတိအတိုင်း တည်နေပေလိမ့်မည်။ အလားတူပင် ဒြပ်ဝတ္ထုတစ်ခုပေါ်အရပ်ဆယ်မျက်နှာမှ ကျရောက်လာသော တွန်းကန်အားများသည် တူညီနေပါက ရွေ့လျားခြင်း မရှိဘဲ မူလနေရာမှာပင် တည်ငြိမ်နေပေလိမ့်မည်။ ဖြစ်ချောင်းများအတွင်းရှိ ရေများသည် ကမ္ဘာမြေ တစ်ဘက်သက်ဆွဲမှုကြောင့် တစ်ဘက်သတ်စီးဆင်းနေရသည်။ လေတိုက်ခြင်းနှင့် ပင်လယ်ရေစီးခြင်းတို့မှာ ပူသောလေနှင့် ရေပူတို့သည် ပွ၍ ပေါ့လာသည်။ အပေါ်သို့ တက်သွားသည်။ ထိုနေရာ၌ ရေနှင့်လေတို့၏ တွန်းကန်အား ထောက်ကန်အား နည်းပါးမှုကြောင့် တွန်းကန်အား ထောက်ကန်အား များပြားသော ပတ်ဝန်းကျင်မှ ရေနှင့်

www.burmeseclassic.com


လေတို့သည် ဝင်ရောက်လာခြင်းဖြစ်သည်။ တွန်းကန်အား ထောက်ကန်အား မညီမျှမှုကြောင့် ပင်လယ်ရေ စီးခြင်း၊ လေတိုက်ခြင်းတို့ ဖြစ်ပေါ်လာရလေသည်။

ကလေးကစားသော ပူစီဖေါင်း (ပူပေါင်း) ၌ ပြင်ပ ပတ်ဝန်းကျင် လေထု၏ ဖိညှပ်အားသည် အတွင်းရှိ လေများ ပြန်လည်တွန်းကန်မှု၊ ထောက်ကန်မှုနှင့် ညီမျှနေသည့်အခါ ပကတိအတိုင်း တည်ရှိနိုင်ပေသည်။ ပြင်ပ လေဖိအား လျော့နည်းလာသည့်အခါ အတွင်းမှ ထောက်ကန်အား များပြားလာပြီး ပူစီဖေါင်း အဆမတန် ကြီးထွား၍ ပေါက်ကွဲသွားပေလိမ့်မည်။

## ဝါယောစွမ်းအားဓါတ်

ဝါယောဓါတ်ကို ဗလဓါတ်၊ စွမ်းအားဓါတ်ဟု ခေါ်ရသည်။ ဝါယော ဓါတ်အားကောင်းမှသာ စွမ်းအားကောင်းသည်၊ ချီပိုးနိုင်သည်၊ မနိုင်သည်၊ မြှောက်နိုင်သည်၊ ထမ်းနိုင်သည်၊ တွန်းနိုင်သည်၊ ဆွဲနိုင်သည်၊ ရုန်းနိုင်သည်၊ ကန်နိုင်သည်၊ ထောက်နိုင်သည်၊ ထိမ်းနိုင်သည်။ ထိုဝါယောဓါတ်ကို အသုံးချ နိုင်ရန်အတွက် ဖွဲ့စည်းမှု အာပေါဓါတ်ဖြင့် နှောင်ဖွဲ့ချုပ်ကိုင် သိုလှောင်ထား ရမည်။ ထို့ပြင် အမာခံဖြစ်သော ပထဝီဓါတ်ကို မှီခိုရမှသာလျှင် ဝါယော၏ စွမ်းအားကို အသုံးချနိုင်သည်။ လူများသည် အင်အားတစ်ခု စိုက်ထုတ်လို သည့်အခါ အသက်ဝအောင်ရှူ၍ အသက်အောင့်ထားပြီး ပထဝီမြေကြီးကို ခြေကန်လျက် တွန်းကန်ခြင်း၊ ရုန်းကန်ခြင်း၊ ဆွဲငင်ခြင်း၊ ထမ်းပိုးချီမခြင်း ပြုလုပ် ကြသည်။

အင်ဂျင်စက်တစ်ခု၌ လောင်စာဆီကို မီးလောင်ပေါက်ကွဲသည့်အခါ ဝါယောဓါတ် တွန်းကန်အား ဖြစ်ပေါ်လာသည်။ ယင်းတွန်းကန်အားကို ယိုစိမ့်ပေါက်ထွက်ခြင်း မရှိစေရန် ပြုပြင်စီမံလိုက်သောအခါ ( အာပေါ ဖွဲ့စည်းမှု ပြုပြီးလျှင်)လိုအပ်သည့် တွန်းကန်အားကို ရရှိသည်။ ယင်း တွန်းကန်အားကို ပယ်ဖျက်လိုသည့်အခါ အာကာသ ဟင်းလင်း အပေါက်ဖွင့်လှစ်ပေးခြင်း (ဝါ- အာပေါဖွဲ့စည်းမှုကို ယုတ်လျော့စေခြင်း)ဖြင့် တွန်းကန်အားသည် ပျက်ပြယ် သွားလေသည်။ အလားတူပင် လေဘရိတ်နှင့် လေထိုးတာယာများ လေဖိ အားသုံး ကရိန်းစက်များကို ကြည့်၍ ဝါယောဓါတ်၏ ပင့်တင်အား၊ တွန်းကန်

www.burmeseclassic.com

www.burmeseclassic.com


အားကို သိနိုင်ပေသည်။ အလားတူပင် လေယာဉ်ပျံနှင့် ဒုံးပျံတို့၌ လောင်စာကို မီးလောင်ပေါက်ကွဲစေခြင်းဖြင့် အလို ရှိသော တွန်းကန်အားများ ရရှိနိုင်ပုံကို တွေ့နိုင်ပေသည်။

လူသည် စကားပြောလိုသည့်အခါ လေကို ရှူသွင်းပြီး ထိန်းချုပ်၍ တစ်ဖြေးဖြေးချင်း ထုတ်လွှတ်လျက် စကားအသံကို ဖန်တီးယူရသည်။ အဆုတ် အတွင်းရှိ လေများကို အကုန်အစင် ထုတ်ပြီးမှ လေမရှိဘဲ စကားပြောချင်၍ မဖြစ်နိုင်ပေ။

## အဇ္ဈတ္တိက ဝါယောနှင့် ဗဟိဒ္ဓ ဝါယော

ထောက်ကန်ရွေ့လျားခြင်းသဘောသည် ဝါယောလက္ခဏာဖြစ်၍ လုပ်ငန်းကိစ္စပြီးမြောက်အောင် ဆောင်ရွက်နိုင်သော လေထုကို သသမ္ဘာရ ဝါယောဟု ခေါ်ဆိုရသည်။ သသမ္ဘာရဝါယောမှာ ကိုယ်တွင်း အဇ္ဈတ္တိက ဝါယောနှင့် ကိုယ်ပ ဗဟိဒ္ဓဝါယောဟူ၍ နှစ်မျိုးရှိသည်။ ကိုယ်တွင်း အဇ္ဈတ္တိက ဝါယောမှာလည်း အောက်ပါအတိုင်း ခြောက်မျိုးရှိသည်-

- (က) ဥဒ္ဓင်္ဂမ ဝါယော = အထက်ဆန်သောလေ
- (ခ) အဓောဂမ ဝါယော = အောက်သို့စုန်သောလေ
- (ဂ) ကောဋ္ဌာသယ ဝါယော = အူတွင်း၌ရှိသောလေ
- (ဃ) ကုစ္ဆိသယ ဝါယော = အူပြင်ပ ဝမ်းတွင်းရှိလေ
- (င) အင်္ဂမင်္ဂါနုသာရီ ဝါယော = အင်္ဂါကြီးငယ်အတွင်းရှိလေ
- (စ) အဿာသ ပဿာသ ဝါယော = ထွက်သက်ဝင်သက်လေ

အထက်သို့ ပြို့အန်သောလေ၊ ကြို့ထိုးသောလေ၊ လေချဉ်တက်သော လေတို့သည် ဥဒ္ဓင်္ဂမ ဝါယောမည်၏။ ကျင်ကြီးကျင်ငယ် သွားနိုင်အောင် အောက်သို့ တွန်းကန်ဖယ်ထုတ်သော လေ၊ လေလည်သော လေ၊ စုန်လေ တို့သည် အဓောဂမဝါယောမည်၏။ အူအတွင်း၌ ရေနှင့်အစာကို လှုပ်ရှား သွားလာအောင် ပြုလုပ်ပေးသော လေသည် ကောဋ္ဌာသယဝါယောမည်၏။ အူအပြင်ပ ဝမ်းဗိုက်အတွင်း၌ ကြွက်သားများ အူခွေများ ရွေ့လျားလှုပ်ရှား နိုင်အောင် ပြုလုပ်သောလေသည် ကုစ္ဆိသယဝါယောမည်၏။ ခြေလက်အင်္ဂါတို့

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနိုင်အောင် ပြုလုပ်ပေးသော လေသည် အင်္ဂမင်္ဂနုသာရီ ဝါယော မည်၏။ ရှူသွင်းရှူထုတ်နေသော ဝင်သက် ထွက်သက် လေတို့သည် အဿာသ ပဿာသ ဝါယောမည်၏။

**ဗဟိဒ္ဓဝါယော**

ခန္ဓာကိုယ်ပြင်ပ၌ ရှိသောလေများ ဥပမာ-အရပ်လေးမျက်နှာမှ တိုက်ခတ်သော လေ၊ လေပြေ၊ လေညှင်း၊ လေဆင်နှာမောင်း၊ လေပွေ၊ လေမုန်တိုင်း၊ ယပ်လေ၊ ပန်ကာလေစသည်တို့သည် ဗဟိဒ္ဓဝါယောမည်ကုန်၏။

ဝါယောဓါတ်သည် သက်ရှိသက်မဲ့ အရာဝတ္ထုများကို လှုပ်ရှားသွားလာနိုင်အောင်ပြုသည်။ လိမ့်မကျအောင် ၊ လဲမကျအောင် ထိန်းခြင်း၊ မြှောက်တက်အောင် မြှောက်ပင့်ထားခြင်း၊ ပိန်မသွားအောင် ဖေါင်းပွနေအောင် ထောက်ကန် တွန်းကန်ထားခြင်းသည် ဝါယောဓါတ်၏ အစွမ်းသတ္တိဖြစ်သည်။

**အာကာသဓါတ်**

အာကာသဆိုသည်မှာ ဟင်းလင်းပြင် သို့မဟုတ် အပေါက်၊ အကြား၊ အခေါင်းအဖြစ် တည်ရှိခြင်း သဘောကိုဆိုသည်။ မဟာဘုတ်ဓါတ်ကြီး လေးပါးတို့သည် အတူတကွ ပေါင်းစည်း၍ ကလာပ်စည်းများအဖြစ် တည်ရှိနေကြသည်၊ ယင်းကလာပ်စည်းများ တစ်ခုနှင့်တစ်ခု တွဲစပ် ထိစပ်ခြင်းမရှိပဲ အကြားတစ်ခု သို့မဟုတ် အပိုင်းအခြားတစ်ခု ရှိနေတတ်သည်။ ရုပ်ဝတ္ထုများ တစ်ခုနှင့်တစ်ခု ဆက်စပ် ပူးတွဲခြင်းမရှိဘဲ ပိုင်းခြားထားသည့်သဘော (ဝါ) ကြားနေရာလွတ်ရှိနေတတ်သည်၊ အလွန်ကြီးမားသည့် ရုပ်ဒြပ်များ ဖြစ်ကြသော ကြယ်၊ နက္ခတ်တာရာများ၊ တနင်္ဂနွေ၊ တနင်္လာ စသောဂြိုဟ်များသည် တစ်ခုနှင့်တစ်ခု ထိစပ်မှုမရှိဘဲ အကြားနေရာလွတ်များ ရှိနေသောကြောင့် လွတ်လပ်စွာ ရွေ့လျား လှုပ်ရှားသွားလာနိုင်ကြသည်။ အလားတူပင် ပွဲလမ်းတစ်ခုအတွင်း၌ လူများ ပြည့်ကြပ်နေသည် ဆိုသော်လည်း တစ်ယောက်နှင့် တစ်ယောက်အကြား နေရာလွတ် (အာကာသ) ရှိနေသည်သာ ဖြစ်သည်။ ထို့ကြောင့်သာ လူအများ လှုပ်ရှားသွားလာနိုင်ခြင်းဖြစ်သည်။ အလားတူပင် သေးငယ်သော မြူမှုန်များ၊ ကလာပ်စည်းများ ပေါင်းစပ်ဖွဲ့စည်းထားသော

www.burmeseclassic.com

www.burmeseclassic.com



သစ်သား၊ သံ၊ ကျောက်၊ မြေကြီး၊ ရေ စသော ရုပ်ဝတ္ထုများ၌ မြူမှုန်တစ်ခုနှင့် တစ်ခုအကြား ရှိနေသည်သာ ဖြစ်သည်။ အပိုင်းအခြားတစ်ခု နေရာလွတ် တစ်ခု ရှိနေသည်သာဖြစ်သည်။ ထိုကဲ့သို့ မြူမှုန်ငယ်များ၊ ရုပ်ကလာပ်စည်းများ အကြား၌ အပိုင်းအခြား နေရာလွတ် ရှိနေသောကြောင့်သာလျှင် သစ်သား အတွင်းသို့ သံရိုက်သောအခါ သံချောင်း ဝင်သွားနိုင်ခြင်းဖြစ်သည်။ အပိုင်း အခြားအကြားရှိသောကြောင့်သာ ကျောက်တုံးသည် ကွဲအက်နိုင်ခြင်း ဖြစ်သည်။ သံချောင်းကို ဖြတ်တောက်ဖောက်ထွင်းနိုင်ခြင်းဖြစ်သည်။

ရုပ်ဒြပ်များ စုပေါင်းဖွဲ့စည်းရာ၌ အာကာသ ( ကြားနေရာလွတ် ) နည်းပါးလျှင် သိပ်သည်းကျစ်လျစ်ခိုင်မာသည်။ ပို၍လေးလံသည်၊ အာကာသ များပြားနေလျှင် (ကြားနေရာလွတ် များလျှင်) သိပ်သည်းကျစ်လျစ်မှု လျော့ နည်း၍ ခိုင်မာမှုလည်း လျော့နည်းသည်။ အလေးချိန်လည်း လျော့နည်းသည်။

လေထဲ၌ သေးငယ်သော မြူမှုန်များ အပြည့်အဝ ရှိနေကြသည်။ သို့ရာတွင် မြူမှုန်တစ်ခုနှင့်တစ်ခု အကြားနေရာလွတ်များ ကျယ်ဝန်းစွာ ရှိနေ ခြင်းကြောင့် အလင်းရောင် အလင်းတန်းများ အနှောက်အယှက်မရှိ ဖြတ်သန်း သွားနိုင်ကြသည်။ အလင်းရောင်၏ အကူအညီကြောင့် လေထုအတွင်းရှိ မြူမှုန်များကို ဖြတ်သန်းလျက် အဝေးရှိ ရုပ်အဆင်းများကို မြင်နိုင်ခြင်းဖြစ်သည်။ ယင်းမြူမှုန်များ အကြားနေရာလွတ်များ ကျဉ်းမြောင်း၍ မြူမှုန်အချင်းချင်း ယှက်စွာနီးကပ်လာသည့်အခါ ပိုမိုသိပ်သည်းလာသဖြင့် မြင်ကွင်းသည် တိုသွား သည်။ ထို့ကြောင့် မြူများ ဆိုင်းနေသည့်အခါ အဝေးသို့ မမြင်နိုင်ခြင်းဖြစ်သည်။ နေအပူရှိန်ကြောင့် မြူများကဲွသွားသည့်အခါ အဝေးသို့မြင်နိုင်သည်။ လေထု အတွင်းရှိ မြူများထက် ဝါဂွမ်းဆိုင်သည် ပိုမိုသိပ်သည်းလာသည်၊ ယင်းထက် လက်ပံသားက ပိုမိုသိပ်သည်းလာသည်။ ယင်းထက် ကျွန်းသား၊ ယင်းထက် ပျဉ်းကတိုး သစ်မာများ၊ ယင်းထက် ကျောက်တုံး ကျောက်ခဲများနှင့် သံတုံး သံခဲများ ဖွဲ့စည်းမှု ပိုမို သိပ်သည်းလာ၍ အကြားအပေါက်များ ကျဉ်းမြောင်း သွားသဖြင့် ကျစ်လျစ်ခိုင်မာသည်၊ ပို၍လေးလံလာသည်။

www.burmeseclassic.com

www.burmeseclassic.com



**အာကာသလေးမျိုး**

ရုပ်ဝတ္ထု နှစ်ခုတို့၏အကြား၊ အပိုင်းအခြား၊ ကြားခံနယ်၊ ဟင်းလင်းပြင်၊ အပေါက်သည် အာကာသ၏ သဘောလက္ခဏာဖြစ်သည်။ ရုပ်ဝတ္ထုနှစ်ခုတို့ တစ်ခုတည်းအဖြစ် ပူးတွဲပေါင်းစပ် မသွားစေရန် ပိုင်းခြားထားခြင်း သဘော ရှိသည်၊ ထို့ကြောင့် လက်နှစ်ချောင်းကို မည်သို့ပင် ပူးကပ်ထားသော်လည်း တစ်ခုတည်းအဖြစ် ပေါင်းစပ်ပူးတွဲနိုင်ခြင်းမရှိသဖြင့် လက်နှစ်ချောင်း၏ အကြား၌ ပိုင်ခြားထားမှု (အာကာသ) ရှိနေသောကြောင့် ပူးကပ်ထားသော လက် နှစ်ချောင်းကို ပြန်၍ခွဲထုတ်နိုင်သည်၊ ချဲထုတ်နိုင်သည်။ ယင်းအာကာသ ဓါတ်ကို တည်နေပုံ အခြင်းအရာအားဖြင့် လေးမျိုးခွဲခြားနိုင်သည်။

**(၁) ပရိစ္ဆေဒ အာကာသ - ကြားခံနယ်၊ အပိုင်းအခြား၊**

ရုပ်ကလာပ်နှစ်ခုတို့ တစ်ခုနှင့်တစ်ခု ရောယှက်မသွားစေရန်၊ ပေါင်းစပ် မသွားစေရန်၊ ပိုင်ခြားထားသော ကြားခံနယ်၊

**(၂) ပရိစ္ဆိန္နအာကာသ - အပေါက်အခေါင်း**

နယ်နိမိတ် အနားရေးဖြင့် ပိုင်းခြားကန့်သတ်ထားသော အခေါင်း အပေါက်၊ ဥပမာ- ဝါးလုံးခေါင်း၊ အိုးပေါက်၊ တံခါးပေါက်၊ မြေတွင်း၊ မြေကျင်းစသည်။

**(၃) အဇဋာကာသ - မိုးကောင်းကင်**

အဆုံးအပိုင်းအခြားမရှိသော အာကာသ မိုးကောင်းကင်ကြီးကို အဇဋာ ကာသဟု ခေါ်သည် (ဇဋာ - ရှုပ်ထွေးခြင်း၊ ငြိတွယ်ခြင်း) အဇဋာ - ရှုပ်ထွေးမှု မရှိ၊ ငြိတွယ်မှု မရှိခြင်း၊ အာကာသ မိုးကောင်းကင်ကြီးသည် အဆုံးအပိုင်း အခြားမရှိ၊ ပြန့်ပြောကျယ်ဝန်း၍ ငြိတွယ်ရှုပ်ထွေးမှု မရှိဘဲ ဒြပ်ဝတ္ထုများ ရွေ့လျားသွားလာ နိုင်ကြသည်။

**(၄) ကသိဏုဂ္ဃာဋိမာကာသ - ကသိုဏ်းရုပ်ကိုပယ်ခွာ၍ စိတ်အာရုံ၌ပေါ်လာ သော ကောင်းကင်**

ပထဝီကသိုဏ်း၊ နီလကသိုဏ်း၊ ပီတကသိုဏ်း စသော ကသိုဏ်း ရုပ်ကို အာရုံပြု၍ စတုတ္ထဈာန်အထိ ရရှိပြီးသော ပုဂ္ဂိုလ်သည် အရူပဈာန်သို့

www.burmeseclassic.com

www.burmeseclassic.com



ဟာက်ရောက်လိုသည့်အခါ ယင်း ကသိုဏ်းရုပ် အာရုံကို ဖယ်ထုတ်နိုင်ရန် အနန္တ အာကာသ ကောင်းကင်အဖြစ် အကြိမ်ကြိမ် ပရိကံပြုရသည်၊ အချိန်ရလာသောအခါ စိတ်အာရုံအတွင်းရှိ ကသိုဏ်းရုပ်သည် ပျောက်ကွယ်သွား၍ ယင်းကသိုဏ်းရုပ်နေရာ၌ ဗလာဟင်းလင်းပြင်၊ ကောင်းကင်အာရုံ အစားထိုးပေါ်လာသည်၊ ဤအာရုံသည် အစစ်အမှန် ပရမတ္ထတရားမဟုတ်၊ စိတ်ထဲ၌ ထင်လာသော ပညတ်တရားဖြစ်၍ ကောင်းကင်ပညတ်ဟု ခေါ်ဆိုရသည်။

အထက်ဖော်ပြပါ အာကာသ (ကောင်းကင်) လေးမျိုးတို့အနက် အမှတ်စဉ် (၁) ပရိစ္ဆေဒ အာကာသ တစ်ခုတည်းသည်သာလျှင် ပရမတ္ထတရား ဖြစ်သည်။ ယင်းအာကာသဓါတ်ကို ပရိစ္ဆေဒရုပ်ဟုခေါ်ရသည်။ ကလာပ်စည်းတစ်ခုနှင့် တစ်ခုအကြား ပိုင်းခြားထားသောအကြားကို ပရိစ္ဆေဒ အာကာသဟုခေါ်ရသည်။

ဓါတ်ကြီးငါးပါးတို့ မိတ်ဘက် ရန်ဘက်

ပထဝီမြေဓါတ်သည် အာပေါရေဓါတ်နှင့် မိတ်ဖက် ဖြစ်သည်၊ တေဇောမီးဓါတ်သည် ဝါယော လေဓါတ်နှင့် လည်းကောင်း၊ အာကာသ အပွင့်ဓါတ်နှင့်လည်းကောင်း မိတ်ဖက်ဖြစ်သည်။

အာပေါရေဓါတ်သည် တေဇောမီးဓါတ်နှင့် လည်းကောင်း၊အာကာသ အပွင့်ဓါတ်နှင့်လည်းကောင်း ရန်ဘက်ဖြစ်သည်။

ပထဝီမြေဓါတ်သည် ဝါယော လေဓါတ်နှင့် ရန်ဘက်ဖြစ်သည်။

ထို့ကြောင့် မြေနှင့်ရေတို့သည် ပူးတွဲတည်ရှိနိုင်၍ မီးနှင့်လေတို့သည် ပူးတွဲတည်ရှိနိုင်သည်၊ မီးလောင်ရာ လေပင့်ဆိုသည့်အတိုင်း မီးလောင်လျှင် လေပူများ အပေါ်သို့ တက်သွား၍ ပတ်ဝန်းကျင်မှ လေအေးများ တိုက်ခတ်ဝင်ရောက်လာသည်။

မီးလောင်လျှင် ရေဖြင့် ငြိမ်းသတ်ရသည်၊ ရေကို မီးနှင့် ကြိုချက်လျှင် ရေခန်းခြောက်သွားသည်၊ လေမုန်တိုင်းလာလျှင် တောင်တန်းများကို အကာအကွယ် ယူရသည်၊ ထို့ကြောင့် ရှေးလူကြီးများက (လေလာကျောက်ခို) ဟု ဆိုကြသည်။ မီးလောင်လျှင် မြေဖြင့် ဖိသတ်ရခြင်းမှာ မီး၏ မိတ်ဆွေဖြစ်သော ဝါယောလေကို တာဆီးပိတ်ဆို့ပေးခြင်းဖြင့် မီးကိုငြိမ်းစေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဖြစ်မှုပျက်မှု တေဇောပြု

ရုပ်ဝတ္ထု၊ ဒြပ်ဝတ္ထုများသည် တေဇောဓါတ်၊ မီးဓါတ်ကြောင့် ဖြစ်ပေါ်လာကြ၍ တေဇောဓါတ် မီးဓါတ်ကြောင့်ပင် ပျက်စီးကြရသည်။ ထိုကြောင့် တေဇောဓါတ်သည် ဖြစ်မှု ပျက်မှုနှစ်ခုစလုံးကို ဖန်တီးနိုင်သည်။ အပြု တေဇောနှင့် အဖျက်တေဇော နှစ်မျိုးခွဲရသည်။ ပတ်ဝန်းကျင် သဘာဝတောတောင် ရေမြေ ရာသီဥတုကို လေ့လာကြည့်ပါက နေ၏အပူရှိန် (တေဇောဓာတ်)ကြောင့်ပင်လယ်မှ ရေခိုးရေငွေ့များ၊ မိုးတိမ်များဖြစ်ပေါ်လာ၍ မြေပြင်ပေါ်၌ မိုးရွာချသည်။ မိုးရေကြောင့် မြက်ပင်များ၊ ခြုံနွယ်များ၊ သစ်ပင်ကြီးများ ပေါက်ရောက်ကြီးထွား သီးပွင့်လာကြသည်။ တစ်ဖန် နေ၏အပူရှိန် (တေဇောဓာတ်) ကြောင့်ပင် သစ်ရွက်များ ကြွေကျ၍၊ မြက်ပင်များနှင့် အပင်ငယ်များ ခြောက်သွေ့သေဆုံးသွားကြသည်။ မြောက်ဝန်ရိုးစွန်း ရေခဲပြင်အရပ်၌ လုံလောက်သော အပူဓာတ် (တေဇောဓာတ်) မရရှိသဖြင့် သစ်ပင်များ မပေါက်ရောက်နိုင်ကြချေ၊ ပေါက်လာသော အချို့သစ်ပင်များမှာလည်း တေဇောဓါတ် မလုံလောက်သဖြင့် နှစ်ပေါင်းတရာခန့်ရှိမှ လုံးပတ်ထွာဆိုင်မျှသာ ကြီးထွားနိုင်ကြသည်။ အပင်များသည် နေရောင်ခြည်စွမ်းအား (တေဇောဓါတ်)ကို အသုံးပြု၍ မြေဆီမြေသြဇာများကို အစာဖြစ်အောင် ချက်လုပ်လျှက် ရှင်သန် ကြီးထွားကြရသည်။ သက်ရှိသတ္တဝါများမှာမူ ကံကြောင့် ဖြစ်ပေါ်လာသော ပါစကတေဇောဝမ်းမီး၏ အစွမ်းဖြင့် အစာကို ချက်လုပ်၍ ခွန်အားသစ် ရုပ်သစ်များ တိုးပွားဖြစ်ထွန်းစေရသည်။ တစ်ဖန် ဤတေဇောဓါတ် မီးဓာတ်သည်ပင်လျှင် ခန္ဓာကိုယ်တွင်းရှိ ရုပ်ကလာပ်များကို လောင်ကျွမ်း၍ အိုမင်းရင့် ရော်စေခဲ့သည်။ အသက်အရွယ် ကြီးလာသောအခါ ခန္ဓာကိုယ် အရေပြားပေါ်၌လည်းကောင်း၊ မျက်နှာပေါ်၌ လည်းကောင်း၊ မှဲ့မည်း၊ မှဲ့ခြောက်များ၊ တင်းတိပ် များ၊ ညှင်းများ ဖြစ်ပေါ်စေခဲ့သည်။ သွားကျိုး၊ ဆံဖြူ၊ အရေတွန့်ခြင်း၊ ချဉ်ဆီ ခန်း၍ အရိုးခေါင်းပွ ဖြစ်လာခြင်းတို့သည် ဇီရဏတေဇော (မီး)ဓာတ်ကြောင့် ရုပ်များ ပျက်စီးရခြင်းဖြစ်သည်။

သီးနှံများစိုက်ပျိုးရာ၌ မြေကို ခြောက်သွေ့သွားအောင် နေပူခံ အပူဓာတ် သွင်းပေးရသည်။ ထို့ပြင် လယ်ကွက် ယာကွက်ထဲ၌ ကောက်ရိုးခြောက်၊ မြက်ခြောက်၊ သစ်ရွက်ခြောက်များ ဖြန့်ခင်း၍ မီးတိုက်ရ၏။ တေဇောဓာတ်မီး

www.burmeseclassic.com

www.burmeseclassic.com



အပူဓာတ်ဝင်နေသော မြေကြီးကို ရေသွင်းရေလောင်း စိုက်ပျိုးသည့်အခါ အားကောင်းသန်မာသောအပင်များ၊ အညွန့်အဖူးများ၊ အသီးအပွင့်များ ရရှိနိုင်ကြသည်။ မြန်မာနိုင်ငံ အောက်ပိုင်း ခြံစိုက်ပျိုးသူများသည် နွေရာသီတွင် မြေစိုင်မြေခဲများကို စုပုံ မီးဖုတ်၍ မိုးမစွတ်အောင် သိမ်းဆည်းသိုလှောင်ထားပြီး မိုးရာသီတွင် အဆက်မပြတ် မိုးရွာနေမှုကြောင့် အမြစ်များ စိမ့်ကိုင်မသွားစေရန် ယခင် သိမ်းဆည်းထားသော မြေကျက်များကို သစ်ပင်အရင်းသို့ အုံပေးရသည်။ မြေကျက်ကျွေးရသည်။ အညာဒေသတွင် ဇီးပင် ဇီးချုံကို မီးရှို့လိုက်သောအခါ ထွက်ပေါ်လာသော အညွန့်အတက်များသည် လွန်စွာ သန်မာထွားကြိုင်းလေသည်။ တေဇောဓာတ် (မီးဓာတ်)ကြောင့် ရုပ်တရားများ သန်မာထွားကြိုင်းလာပုံကို တွေ့ရှိနိုင်ပေသည်။

### အပူစွမ်းအင်နှင့် အရွေ့စွမ်းအင်

တေဇောဓာတ်သည် အပူစွမ်းအင်ဖြစ်၍ ဝါယောဓာတ်သည် အရွေ့စွမ်းအင် ဖြစ်သည်။ အပူဓာတ်ကြောင့် ရွေ့လျားမှု(ဝါယော)ဖြစ်သကဲ့သို့ ရွေ့လျားမှုကြောင့် အပူဓာတ် တေဇောဓာတ် ဖြစ်ပေါ်လာနိုင်သည်။ လက်ဝါး နှစ်ဘက်ကို အပ်၍ ထက်အောက် လျင်မြန်စွာ အကြိမ်များစွာ ရွေ့လျား ပွတ်တိုက်ပေးလျှင် အပူဓာတ် ဖြစ်ပေါ်လာသည်။ ခြောက်သွေ့သော သစ်တုံး နှစ်ခုကို ကြာရှည်စွာ ပွတ်တိုက်ပေးပါက မီး(တေဇော)ပေါ်ထွက်လာသည်။ ဤကား ရွေ့လျားဝါယောကြောင့် တေဇောဓါတ် ဖြစ်ပေါ်လာပုံတည်း။ အလား တူပင် ဖိအားဟု ခေါ်သော ထောက်ကန် ဝါယော၊ တွန်းကန် ဝါယောကြောင့် လည်း အပူဓာတ် ဖြစ်ပေါ်လာသည်။ သံမဏိလေဖူးအတွင်းသို့ လေထိုးစက်ဖြင့် လေထိုးသွင်းရာ လေဖိအားသည်ပေါင်ချိန် တစ်ရာ၊ နှစ်ရာ၊ တစ်ထောင်၊ နှစ်ထောင်စသည်ဖြင့် ဖိအား တိုးမြှင့်လာသလောက် အပူဒီဂရီ အပူချိန်မြင့် တက်လာလေသည်။ စက်ဘီး လေထိုးတံ တစ်ခုကို လေထွက်ပေါက်တွင် လက်ညှိုးဖြင့် ပိတ်လျက် လေထိုးကြည့်ပါက လေဖိအားများပြားမှုကြောင့် လေထိုးတံသည် ပူလာသည်။ ပိတ်ထားသော လက်ညှိုးမှာလည်း လေများ တိုးထွက်သည့်အခါ ပူကျက်သွားသည်။ ဤကား ထောက်ကန်ဝါယော၊ တွန်းကန်ဝါယောကြောင့် တေဇောဓာတ်ဖြစ်ပေါ်လာပုံတည်း။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် တေဇောမီးအပူဓာတ်ကြောင့် ရွေ့လျားခြင်း၊ တွန်းကန်ခြင်း ဝါယောဓာတ်တို့ဖြစ်ပေါ်လာသည်။ အင်ဂျင်စက်အတွင်း၌ လောင်စာဆီကို မီးလောင်ကျွမ်းသည့်အခါ တွန်းကန်မှု ဝါယောဓာတ် ဖြစ်ပေါ်လာသည်။ ယင်း တွန်းကန်မှုကို အသုံးပြု၍ အင်ဂျင်စက်လည်ခြင်း၊ ယာဉ်၊ ရထား၊ လေယာဉ်များ လှုပ်ရှားသွားလာခြင်း ဖြစ်ပေါ်ရသည်။ ကျည်ဆံအတွင်းရှိ ယမ်းကို မီးစွဲလောင်သောအခါ တွန်းကန်ဝါယောများဖြစ်ပေါ်လာ၍ သေနတ်ကျည်ဆံ၊ အမြောက်ကျည်ဆံတို့ကို တွန်းဟန် ထုတ်လိုက်သည်။ ဤကား တေဇောဓာတ် အပူစွမ်းအင်ကြောင့် အရွေ့စွမ်းအင် (ဝါယောဓာတ်) ဖြစ်ပုံကို ပြခြင်းတည်း။

လျှပ်စစ်၊ ဒိုင်နမို (ဂျင်နရေတာ)တစ်ခုကို အရှိန်အဟုန်ဖြင့် အပတ်ရေများစွာ လည်ပတ်စေသည့်အခါ ကြေးနန်းကြိုးတလျှောက်ရှိ အီလက်ထရွန်မြူမှုန်တို့သည် အရှိန်ပြင်းစွာ ရွေ့လျားကြသည်၊ ယင်းရွေ့လျားမှု (အရွေ့စွမ်းအင်)ကို မီးလုံး မီးချောင်းအတွင်း၌ အပူစွမ်းအင်ဖြစ်ပြီးနောက် အလင်းရောင်ဖြစ်လာသည်။ တဖန် နေရောင်နှင့် မီးအပူတို့ကို ဝါယောဓာတ် အရွေ့စွမ်းအင် (လျှပ်စစ်)အဖြစ်သို့လည်း ပြောင်းလဲပေးနိုင်ကြသည်။

## လေးလံခြင်းနှင့်ပေါ့ပါးခြင်း

ပထဝီနှင့် အာပေါဓာတ်တို့သည် လေးလံသည်။ တည်တံ့ခိုင်မာသည်။ စုစည်းတတ်သည်။ တေဇောဓါတ်နှင့် ဝါယောဓာတ်တို့သည် ပေါ့ပါးသည်။ ပြန့်ကားစေသည်၊ ကျယ်ပြန့်စေသည်၊ ပြိုကွဲစေတတ်သည်။ ယမ်းမှုံ့၊ ယမ်းခဲကို မီးလောင်သည့်အခါ အခိုးဖြစ်သွား၍ အဆမတန် ပြန့်ကားသွားပြီး တွန်းကန်မှုဖြစ်ပေါ်လာကာ ပတ်ဝန်းကျင်ရုပ်ဝတ္ထုများကို ပြိုကွဲစေသည်။ အပူဓာတ်ကြောင့် ယမ်းမှုံ့ ယမ်းခဲ၌ရှိသော ကလာပ်စည်းများသည် အချင်းချင်းတွန်းကန်မှု ဖြစ်ပေါ်လာ၍ ကျယ်ပြန့်စွာ နေရာယူကြသည်။ ယင်း ယမ်းခိုး ယမ်းငွေ့များသည် အနီးပတ်ဝန်းကျင်ရှိ လေထုကို တွန်းဖယ်ကြသည်။ တွန်းကန်အား အပြင်းအပျော့ကိုလိုက်၍ ပတ်ဝန်းကျင် ရုပ်ဝတ္ထုများ ပျက်စီးမှု အနည်းနှင့် အများဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးအကြီးအကျယ် လောင်သည့်အခါ မီးတောက် မီးလျှံကြောင့် ပတ်ဝန်းကျင် လေများ အပူချိန်မြင့်လာသည်။ ပူသောလေများသည် ပြန့်ကား လာသည်။ ပွလာသည်။ ထိုအခါ လေပူသည် ပေါ့ပါးလာသဖြင့် အပေါ်သို့ ပျံတက်လေသည်။ လေပူများ ပျံတက်သွားသောအခါ အောက်ခြေတွင် လေကင်းမဲ့မှု၊ လေအင်အား နည်းပါးမှု၊ လေဟာနယ်တစ်ခု ဖြစ်ပေါ်လာသည်။ ထိုအခါ ပတ်ဝန်းကျင်ရှိ လေအေးများသည် ဝင်ရောက်လာ၍ လေတိုက်ခတ်မှု ဖြစ်ပေါ်လာရသည်။ မိုးရာသီတွင် နေသည် မြောက်ယာဉ်စွန်းတန်းပေါ်၌ သွားနေရာ ယင်းနေပူရှိန်ကြောင့် မြောက်ယာဉ်စွန်းတန်း လမ်းကြောင်းပေါ်ရှိ လေထုသည် ပူလာသည်၊ ပွလာသည်၊ ပေါ့လာသည်။ အထက်သို့ တက်သွား သည်။ ထိုအခါ အီကွေတာတောင်ဘက်ရှိ ပင်လယ်ပြင်ပေါ်မှ ရေငွေ့ပါသော လေများသည် မြောက်ဘက်သို့ ရွေ့လျားတိုက်ခတ်ကာ မိုးရွာသွန်းစေသည်။ ဤကား တေဇော အပူဓာတ်ကြောင့် လှုပ်ရှားမှု ဝါယောဓါတ် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ အလားတူပင် တောင်ယာဉ်စွန်းတန်းပေါ်၌ နေသွားလမ်း ကျရောက် သည့်အခါ ကမ္ဘာ့မြောက်ဖျားမှ လေအေးများသည် အီကွေတာဘက်သို့ တိုက်ခတ် ဝင်ရောက်လာ၍ ခိုက်ခိုက်တုန် ချမ်းအေးမှုကို ဖြစ်ပေါ်စေသည်။

## ပူ၊ ပွ၊ ပေါ့၊ ပျံတက်

လေသည် ပူလျှင် ကျယ်ပြန့်လာသည်၊ ပွလာသည်၊ ပေါ့လာသည်။ ထို့နောက် အပေါ်သို့ ပျံတက်သည်။ ထို့ကြောင့် ပူ၊ ပွ၊ ပေါ့၊ ပျံတက် ဖြစ်စဉ်များ တဆက်တည်း ဖြစ်တတ်သည်။ ဉဏှတေဇောကြောင့် ဖြစ်တတ်သည့် ဖြစ်စဉ် တည်း။

## အေး၊ မာ၊ လေး၊ သက်ဆင်း

သီတတေဇော (အအေး)ဓာတ်ကြောင့် ရေခိုးရေငွေ့ (မိုးတိမ်)များ သည် အမြင့်မှ အနိမ့်သို့ ဆင်းလာကြသည်။ အအေးဓာတ်ကြောင့် လေးလံမှု ဖြစ်လာသည်။ မိုးရေအဖြစ်ဖြင့် မြေပြင်သို့ ဆင်းသက်လာသည်။ ထို့ထက် အေးပါက ရေသည် အခဲဖြစ်သွား၍ မာကျောလာသည်။ ရေခဲလောက်အောင် အေးသော အရပ်ဒေသများ၌ ထမင်းကို လေတိုက်ထဲ ထားပါက ကျောက်ခဲ တမျှ မာကျော၍ ဝါးမရတော့ချေ။ ပြန်လည်၍ အပူပေးမှသာ ဝါးရအောင်

www.burmeseclassic.com

www.burmeseclassic.com



ပျော့ပျောင်းလာမည်။ ဖယောင်းနှင့် ချိတ်တို့သည် မီးပူထိလျှင် အရည်ပျော်၍ အေးသောအခါ မာကျောလာသည်။ သံ စသောသတ္တုများသည် မီးပြင်း တိုက်လျှင် အရည်ပျော်၍ အေးသောအခါ မာကျောလာသည်။

## အဘိဓမ္မာ အခြေခံဆေးပညာ

ဖော်ပြခဲ့ပြီးသော ဓါတ်ကြီးငါးပါးကို အခြေခံထား၍ မြန်မာ့ဆေးပညာ၌ အဘိဓမ္မာနည်းဖြင့် ဆေးကုသခြင်း ပြုကြသည်။ ဖျားနာခြင်းနှင့် အနာပေါက်ခြင်းမှာ တေဇောဓါတ်ကို အာပေါဓါတ်က ဖွဲ့စည်းပိတ်ဆို့ထားခြင်း ကြောင့်ဖြစ်သည်။ အာပေါဓါတ်ကို အာကာသဟင်းလင်းအပေါက်ဖြစ်အောင် ပြုပြင်လိုက်ပါက တေဇောဓါတ်သည် အပြင်သို့ ထွက်ပေါက်ရရှိသဖြင့် တေဇော အကျဉ်းအကြပ်ဖြစ်နေမှုကို ပပျောက်စေသည်၊ ဥပမာ- ရေနွေးအိုးကို မီးပြင်းထိုး၍ ဖုံးပိတ်ထားသောအခါ အိုးအတွင်း၌ ရေများပွက်ပွက်ဆူလျက် ရေနွေးငွေ့များ တွန်းကန်နေပေသည်၊ အောက်မှမီးကို လျှော့ပေး၍ အပေါ်မှ အဖုံးကို ဖွင့်ပေးသောအခါ အာကာသရရှိ၍ အပူချိန်ကျသွားမည်ဖြစ်သည်။ ထို့ အတူ ခန္ဓာကိုယ်အတွင်း၌ ပူပြင်းစွာ ပူလောင်နေသော တေဇောဓာတ်ကို လျှော့နည်းစေရန် ချိုး၊ ဆိမ့်၊ အေး၊ ဆေးတိုက်ကျွေး၍ ခန္ဓာကိုယ် အရေပြားပေါ်ရှိ ချွေးပေါက်များ ပွင့်သွားအောင် ချွေးအောင်းပေးခြင်း၊ ဆေးလိမ်းခြင်းပြုကြရသည်။ အတွင်းမီးကို လျှော့၍ အပြင်မှ အာကာသဖွင့်ပေးခြင်းဖြစ်သည်။

အခြားတစ်နည်းမှာ ကိုယ်တွင်းရှိ တေဇော အပူဓါတ်များကို ဆန့်ကျင်ဘက်ဖြစ်သော အအေးဓါတ်နှင့် ထိတွေ့ပေး၍ အပူငြိမ်း စေခြင်းဖြစ်သည်၊ ထို့ကြောင့် ကိုယ်အလွန်ပူနေသူအား ရေခဲတင်ပေးခြင်း ၊ ရေခဲရေချိုးပေးခြင်း၊ လေအေးစက်ရှိသော အအေးခန်းအတွင်း၌ ထားပေးခြင်းဖြင့် အပူကို လျှော့နည်းအောင် ပြုလုပ်ကြရသည်။ သတိပြုရန်မှာ ဤနည်းဖြင့်ကုသရာ၌ အပြင်မှ အအေးဓာတ် ဖြင့် လွှမ်းခြုံပတ်ဖွဲ့ထားသဖြင့် ကိုယ်တွင်း၌ရှိသော အပူဓါတ်သည် အကျဉ်းအကြပ် ကျနေ၍ ဦးတည်မိရာလောင်တတ်သည်၊ အသဲနှင့် အဆုတ်တို့ကို အပူလောင်လျှင် အသဲနာ အဆုတ်နာဖြစ်မည်၊ နှလုံးကိုလောင်လျှင် နှလုံးအားနည်းခြင်း ဖြစ်စေနိုင်သည်။ ထို့ကြောင့် အတွင်း မီးကို အားနည်းအောင်ပြု ၍ ပတ်ဖွဲ့ထားသော အာပေါဓါတ်ကို အာကာသ ဓာတ်ဖြင့် ပယ်ဖျက်၍ ဖွင့်ထုတ်ကုသနည်းသည် ပို၍အန္တရာယ်ကင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အနာပေါက် ကုသရာ၌လည်း ကိုယ်တွင်းရှိအပူဓာတ် တေဇောဓာတ်သည် ခြေဖျား လက်ဖျားမကျန် တစ်ကိုယ်လုံးသို့ ပျံ့နှံ့၍ အပူခိုးအပူချိန်များ တစ်ရှိန်ရှိန်ထွက်နေရမည်၊ ကျန်းမာနေသူများမှာ လက်ဖဝါး ခြေဖဝါးများ နွေးထွေးနေရုံမျှမက နှစ်လကျွ၊ သုံးလကွ အကွာအဝေးတိုင်အောင် အပူရှိန် ဟပ်နေတတ်သည်၊ ယင်းအပူရှိန်သည် တစ်နေရာ၌အာကာသပိတ်၍ ထွက်ပေါက် မရရှိပါက ခန္ဓာကိုယ်အတွင်း တစ်နေရာတည်းသို့ ဦးတည်၍ အပူမီးလောင်တတ်သည်၊ မျက်စိသို့ အပူထိုးပါက မျက်စိနာသည်၊ သွားသို့ အပူထိုးပါက သွားနာသည်၊လည်ချောင်းသို့ အပူထိုးပါက လည်ချောင်း နာသည်၊ ယင်းအပူကို ထွက်ပေါက်ရအောင်၊ ပိတ်နေသည်ကို ပွင့်သွားအောင် ပြုလုပ်ပေးပါက သက်သာပျောက်ကင်းမည်ဖြစ်သည်၊ အပူများထွက်ပေါက်ရစေရန် ရေနွေး ကြပ်ထုပ်ထိုးခြင်း၊ ရေနွေးဖပ်အုပ်ခြင်း၊ ချွေးအောင်းခြင်း၊ လိမ်းဆေးများ လိမ်းပေးခြင်း ပြု၍ အပူဓာတ်ကို အပြင်သို့ ထွက်ပေါက်ရအောင် ပြုပြင်ပေးကြသည်။

ကိုယ်တွင်း၌`မီးအပူဓါတ်လောင်ကျွမ်းမှုကြောင့် သလိပ်များ၊ အရည်ပျော်၊ အရည်ကျဲလာပြီး အပေါ်သို့ မှုတ်တင်သည်၊ အသက်ရှူလမ်းကြောင်း တစ်လျှောက် အကျိအချွဲများ ရောက်ရှိသွား၍ နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကြပ်ခြင်း ဖြစ်တတ် သည်။ ထိုအခါ အတွင်း၌ လွန်ကဲသော မီးဓါတ်ကို လျှော့နည်းစေ၍ ခန္ဓာကိုယ် အရေပြား ချွေးပေါက်များ ကျဲလာအောင် ပြုလုပ်ပေးရသည်။ အာကာသ လွန်၍ ချွေးထွက်လွန်လျှင် အားယုတ်ပြီး မောတတ်သည်။

တေဇောဓါတ်၊ ဝါယောဓါတ်လွန်ကဲသော သတ္တဝါများမှာ ပေါ့ပါးသည်၊ အပေါ်သို့ ပျံတက်နိုင်သည်၊ ခုံပေါက်နိုင်သည်၊ အသံကျယ်သည်။ ဥပမာ- ငှက်များ၊ ကြက်များ၊ နွား၊ ဆိတ်၊ သမင်စသည်။ ပထဝီဓါတ်နှင့် အာပေါဓါတ်လွန်ကဲသောသတ္တဝါများမှာ လေးလံ ထိုင်းမှိုင်းသည်၊ အသံကျယ်လောင်ခြင်း မရှိ။ ဥပမာ- ရေသတ္တဝါများ၊ တွင်းအောင်း သတ္တဝါများ၊ ကျွဲ၊ နွား စသည်-

လူများမှာလည်း တေဇော၊ ဝါယော လွန်ကဲသော သူများသည် ပိန်သည်၊ ခုန်ပျံကျော်လွှားနိုင်သည်၊ ပေါ့ပါးသည်၊ အသံကျယ်သည်၊ ပထဝီ အာပေါ လွန်ကဲသော လူများသည် လေးလံ ထိုင်းမှိုင်းသည်၊ ဝဖြိုးသည်၊ အသံကျယ်လောင်ခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com


## ပသာဒရုပ် အကြည်ရုပ်ငါးပါး

သက်ဆိုင်ရာအာရုံများ ထင်ဟပ်လာနိုင်သော ပေါ်လာနိုင်သော ရုပ်များကို အကြည်ရုပ်ဟုခေါ်ရသည်။ ပါဠိလို "ပသာဒ" မြန်မာလို အကြည်ဟု အဓိပ္ပါယ်ရသည်၊ ဥပမာ- ကြည့်မှန် တစ်ချပ်၏ ရှေ့၌ရှိသော ရုပ်ပုံသဏ္ဍာန်များသည် ကြည့်မှန်အတွင်း၌ ပုံရိပ်ပေါ်လာသည်၊ မှန်ကြည်လျှင် ကြည်သလောက် ပုံရိပ်သည် ကြည်လင်ပြတ်သားသည်၊ မျက်စိ အကြည်ဓါတ်သို့ အရောင်အဆင်း ရုပ်ပုံများ ထင်လာသည်၊ နားအကြည်ဓါတ်သို့ အသံများ ထင်လာသည်၊ နှာခေါင်းအကြည်ဓါတ်သို့ အနံ့များ ထင်လာသည်၊ လျှာအကြည်ဓါတ်သို့ အရသာ ခြောက်ပါးထင်လာသည်။ ကိုယ်ကာယ အကြည်ဓါတ်သို့ အတွေ့အထိများ ထင်လာတတ်သည်။ ထို့ကြောင့် အာရုံငါးပါးတို ထင်ဟပ်လာသည်ကို အသီးသီး ဖမ်းယူနိုင်သော အကြည်ရုပ် ငါးပါး (ပသာဒရုပ် ငါးပါး)တို့ မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

(၁) စက္ခု ပသာဒ = မျက်စိအကြည်ဓာတ်
(၂) သောတပသာဒ = နား အကြည်ဓာတ်၊
(၃) ဃာန ပသာဒ = နှာခေါင်း အကြည်ဓာတ်၊
(၄) ဇိဝှါ ပသာဒ = လျှာ အကြည်ဓာတ်၊
(၅) ကာယပသာဒ = ကိုယ်ကာယ အကြည်ဓာတ်။

## စက္ခုပသာဒ မျက်စိအကြည်ဓာတ်

ရူပါရုံဟုခေါ်သော အဆင်းအရောင် ရုပ်ပုံသဏ္ဍာန်သည် စက္ခုပသာဒခေါ် မျက်စိပသာဒ အကြည်ဓာတ်၌ ထင်ဟပ်လာသည်။ ထိုသို့ ထင်ဟပ်လာသော ရူပါရုံကို မြင်သိစိတ် (စက္ခု ဝိညာဏ်စိတ်)က သိမြင် လေတော့သည်၊ မြင်သိစိတ် သည် စက္ခုပသာဒရုပ် မျက်စိ အကြည်ဓာတ်အတွင်း၌ ဖြစ်ပေါ်လေသည်။

ထို့ကြောင့် မျက်စိ အကြည်ဓာတ် (စက္ခုပသာဒရုပ်)သည် မြင်သိစိတ် စက္ခုဝိညာဏ်စိတ်၏ မှီရာ တည်ရာရုပ်၊ ဝတ္ထုရုပ်ဖြစ်သည်။ စက္ခုပသာဒ မျက်စိ အကြည်ဓာတ်ကို အမှီပြု၍ မြင်သိစိတ် ဖြစ်ပေါ်ရသည်။ ယင်း စက္ခုပသာဒ

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သည် မျက်လုံး အလယ်ဗဟို သူငယ်အိမ်အတွင်း၌ မျက်လွှာ ခုနစ်လွှာကို ပြန့်နှံ့လျက်တည်ရှိသည်။ ယင်းစက္ခုဝတ္ထုသည် မြင်ခြင်းကိစ္စကို ပိုင်စိုးသောကြောင့် စက္ခု + ဣန္ဒြေ = (စက္ခုန္ဒြေ)ဟု ခေါ်ဆိုရသည်။ မြင်ခြင်းကိစ္စကို လက်ခြေ စသော အင်္ဂါများက လုပ်မပေးနိုင်၊ စက္ခုပသာဒ (မျက်စိအကြည်ဓာတ်) ကသာ ဆောင်ရွက်ပေးနိုင်၏။ စက္ခုဝိညာဏ်စိတ်၏ ဝင်ရာထွက်ရာ တံခါးပေါက်သဖွယ် ဖြစ်၍လည်း မျက်စိတံခါးပေါက် (စက္ခုဒွါရရုပ်) ဟုလည်း ခေါ်ဆိုရသည်။

### စက္ခု- နှစ်မျိုး

စက္ခုဟုခေါ်သော မျက်စိသည် ပသာဒစက္ခု၊ မံသစက္ခုဟုနှစ်မျိုးရှိသည်၊ ပသာဒစက္ခုအကြောင်းကို ရှင်းခဲ့ပြီး ဖြစ်သည်။ အသားအသွေးတို့ဖြင့် ဖွဲ့စည်းထားသော မျက်လုံးတစ်ခုလုံးကို မံသ စက္ခုဟု ခေါ်ဆိုရသည်။ ယင်း မံသစက္ခုကိုပင် သသမ္ဘာရစက္ခုဟုလည်း ခေါ်ဆို ရသည်၊ (သမ္ဘာရ = အဆောက်အအုံ၊ အထည်ကိုယ်ဒြပ်ဝတ္ထု) သသမ္ဘာရစက္ခု= အသားအသွေးတို့ဖြင့် ဖွဲ့စည်းထားသော အဆောက်အအုံနှင့်တကွသော မျက်စိဟုဆိုလိုသည်။ တနည်းအားဖြင့် မံသစက္ခု၊ ပညာစက္ခုဟူ၍ နှစ်မျိုးရှိ သည်၊ ရူပါရုံ ရုပ်အဆင်း ကို မြင်နိုင်သော သတ္တဝါတို့၏ ရိုးရိုးမျက်စိကို မံသ စက္ခုဟု ခေါ်ဆိုရသည်၊ တွေးခေါ်မြော်မြင်မှု ဉာဏ်ပညာဖြင့် ဆင်ခြင် ထောက်ဆ၍ သိမြင်ခြင်းကို ပညာစက္ခုဟု ခေါ်ဆိုရသည်။

### ပညာစက္ခု ငါးပါး

ပညာဉာဏ်ဖြင့် သိမြင်ခြင်းကို ပညာစက္ခုဟုခေါ်သည်၊ ယင်း ပညာ စက္ခုသည် အောက်ပါအတိုင်း ငါးမျိုးရှိသည် -

(၁) ဒိဗ္ဗစက္ခု = နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုအဘိညာဉ်၊
(၂) ပညာစက္ခု = အာသဝက္ခယဉာဏ်တော်၊
(၃) ဓမ္မစက္ခု = မဂ်ဉာဏ်တော်၊
(၄) ဗုဒ္ဓစက္ခု = ဣန္ဒြိယပရောပရိယတ္တိ နှင့် အာသယာနုသယ ဉာဏ်တော်၊
(၅) သမန္တစက္ခု = သဗ္ဗညုတဉာဏ်တော်။

www.burmeseclassic.com

www.burmeseclassic.com



## သောတပသာဒရုပ် နားအကြည်ဓာတ်

အသံအာရုံသည် (သောတပသာဒရုပ်)နားအကြည်ဓာတ်၌ ထင်လာမြင်လာ ထိခိုက်လာ၍ ကြားသိစိတ် (သောတဝိညာဏ်) ဖြစ်ပေါ်လာသည်၊ ကြားသိစိတ်သည် (သောတပသာဒ) နားအကြည်ဓာတ်ကို အမှီပြု၍ နားအကြည်ဓာတ်အတွင်း၌သာလျှင် ဖြစ်ပေါ် ချုပ်ပျက်လေသည်၊ ထိုသို့ ကြားသိစိတ် သောတဝိညာဏ်စိတ်၏ မှီရာတည်ရာ ဖြစ်သောကြောင့် သောတပသာဒကို သောတဝတ္ထုရုပ်ဟုခေါ် ဆိုရသည်။ အသံကို ကြားခြင်းကိစ္စမှာ သောတပသာဒ နားအကြည်ဓာတ်ကသာလျှင် ဆောင်ရွက်ပေးနိုင်သည်။ အခြားသောကိုယ်ခန္ဓာ အစိတ်အပိုင်းများက ဆောင်ရွက်မပေးနိုင်ချေ၊ လက်ဖြင့် အသံကို ကြားချင်၍ မဖြစ်နိုင်၊ ခြေထောက်ဖြင့် အသံကို ကြားချင်၍ မဖြစ်နိုင်။ နားရွက်၊ နားတွင်းရှိနားအကြည်ဓာတ်ကသာလျှင် ကြားခြင်းကိစ္စကို ဆောင်ရွက်ပေးနိုင်သည်။ ထိုကဲ့သို့ အသံကို ကြားခြင်းကိစ္စကို ပိုင်စိုးသောကြောင့် ဣန္ဒြိယရုပ် (ဣန္ဒြေ)ဟု ခေါ်ဆိုရသည်။ အသံကြားခြင်းကိစ္စ ပိုင်ဆိုင်မှုကို အကြောင်းပြု၍ သောတ + ဣန္ဒြေ = သောတိန္ဒြေ ဟုခေါ်ဆိုရသည်။

ယင်းသောတပသာဒ နားအကြည်ဓာတ်သည် နားအတွင်း၌ လက်စွပ်ကွင်းသဏ္ဌာန် အဝိုင်းပုံရှိ၍ အနီရောင် အမွေးနုများ ပေါက်ရောက် နေသည်၊ ပြင်ပမှ အသံလှိုင်းများ ဝင်ရောက်လာသည့်အခါ ယင်းအမွေးနုများ သည် တုန်ခါ ၍ နားစည်ပေါ်၌ အသံတုန်ခါမှု ဖြစ်စေခြင်းဖြင့် ကြားသိစိတ်ကို ဖြစ်ပေါ်စေသည်၊ ကြားသိစိတ်၊ သောတဝိညာဏ်စိတ်၏ ဝင်ထွက်ရာ တံခါးပေါက်သဖွယ် ဖြစ်၍ ဤသောတပသာဒရုပ်ကို (သောတဒွါရရုပ်) နားတံခါးပေါက်ဟုလည်း ခေါ်ဆိုရသည်။

## ဃာနပသာဒ နှာခေါင်းအကြည်ဓာတ်

မွှေးကြိုင်ခြင်း၊ နံစော်ခြင်းဟူသော အနံ့အာရုံ (ဂန္ဓာရုံ)သည် နှာခေါင်းအတွင်းရှိ ပသာဒရုပ်ကို ထင်ဟပ်ထိခိုက်လာသည်။ ထိုအခါ အနံ့သိစိတ် (ဃာနဝိညာဏ်စိတ်) ဖြစ်ပေါ်လာသည်။ အနံ့သိစိတ်သည် ဃာနပသာဒ နှာခေါင်းအကြည်ဓာတ် အတွင်း၌ ဖြစ်ပေါ်ချုပ်ပျက်ရသည်။ အနံ့ သိစိတ်၏ မှီရာ တည်ရာဖြစ်သောကြောင့် နှာခေါင်း အကြည်ဓာတ်ကို ဃာန ဝတ္ထုဟု

www.burmeseclassic.com

www.burmeseclassic.com



လည်းခေါ်ဆိုရသည်။ အနံ့သိမှုကိစ္စကို ဃာနပသာဒမှတစ်ပါး အခြား ရုပ်ခန္ဓာ အစိတ်အပိုင်းများက ဆောင်ရွက်မပေးနိုင်ချေ၊ အနံ့သိမှုကိစ္စကို ဃာနပသာဒကသာလျှင် ပိုင်စိုးသည်။ ထို့ကြောင့် ဃာနပသာဒကို ဃာန+ ဣန္ဒြေ = ဃာနိန္ဒြေဟုလည်း ခေါ်ဆိုရသည်။

ဃာနပသာဒ နှာခေါင်းအကြည်ဓာတ်၏ တည်နေဟန်ကား နှာခေါင်း အတွင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိသော အသားနု၌ ပျံ့နှံ့တည်ရှိနေသည်။ ယင်း အသားနုကို နှာရည်များ၊ ဖုံးအုပ်နေသည့်အခါ ဂန္ဓာရုံ အနံ့ရုပ်သည် ဃာနပသာဒနှင့်တွေ့ထိမှု မရှိသောကြောင့် အနံ့သိစိတ် ဃာနဝိညာဏ်စိတ် မဖြစ်နိုင်ချေ။ (ဝါ) နံမှန်း၊ မွှေးမှန်း မသိချေ၊ အလားတူပင် နှာခေါင်းကို ပိတ်၍ ပါးစပ်ပေါက်ဖြင့် အသက်ရှူရာ၌လည်း ဂန္ဓာရုံအနံ့ရုပ်သည် နှာခေါင်း အတွင်းရှိ ဃာနပသာဒအကြည်ဓာတ်သို့ ထိခိုက်မှု ရောက်ရှိမှု မရှိသော ကြောင့် အနံ့သိစိတ်မဖြစ်နိုင်ချေ၊ အနံ့သိစိတ်၏ ဝင်ရာထွက်ရာ တံခါးပေါက် သဖွယ်ဖြစ်၍ ဃာနပသာဒရုပ်ကို ဃာနဒွါရဟုလည်း ခေါ်ဆိုရသည်။

## ဇိဝှါပသာဒ လျှာအကြည်ဓာတ်

ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငန်ဟူသော အရသာများ (ရသာရုံ)သည် ခံတွင်းအတွင်းရှိ လျှာပေါ်သို့ ရောက်ရှိသည့်အခါ အရသာ သိစိတ် ဖြစ်ပေါ် လာသည်။ ဇိဝှါပသာဒရုပ်သည် လျှာ၏အလယ်၌ ကြာပွင့်ဖတ် အဖျား ပုံ သဏ္ဌာန် ရှိသောနေရာ၌ ပျံ့နှံ့တည်ရှိနေသည်။ အရသာ သိစိတ် (ဇိဝှါဝိညာ စိတ်)သည် လျှာပေါ်၌ ဖြစ်၏။ ဇိဝှါပသာဒ လျှာအကြည်ဓာတ်ကို အမှီပြု၍ လျှာအကြည်ဓာတ်ပေါ်၌ တည်လျက် ဖြစ်ပျက်ရသည်။ ထို့ကြောင့် ဇိဝှါ ပသာဒရုပ်ကို ဇိဝှါဝိညာဏ်စိတ်၏ မှီရာဖြစ်သောကြောင့် ဇိဝှါဝတ္ထုရုပ်ဟု ခေါ်ဆို ရသည်။ ဇိဝှါဝိညာဏ်စိတ်၏ ဝင်ထွက်ရာ တံခါးပေါက်နှင့် တူသောကြောင့် ဇိဝှါဒွါရ (လျှာတံခါးပေါက်) ဟုလည်း ခေါ်ဆိုရသည်။ အရသာ ခြောက်ပါးကို အခြားသော ခြေလက်စသော အင်္ဂါအစိတ်အပိုင်းများက သိနိုင်ခြင်းမရှိ၊ ဇိဝှါပသာဒရုပ်ကသာလျှင် ပိုင်ပိုင်နိုင်နိုင် အစိုးတရ သိနိုင်သည်။ ထို့ကြောင့် ဇိဝှါပသာဒရုပ်ကို ဇိဝှါ+ဣန္ဒြေ= ဇိဝှိန္ဒြေဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကာယပသာဒ ကိုယ်ကာယအကြည်ဓာတ်

ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးသည် ထိလျှင် ထိမှန်းသိသည်။ ပူလျှင် ပူမှန်းသိသည်။ အေးလျှင် အေးမှန်းသိသည်။ လှုပ်လျှင် လှုပ်မှန်းသိသည်။ တွန်းကန်ဖိနှိပ်မှု နာကြင်မှုကိုလည်း သိသည်။ ဤသို့ အတွေ့အထိအာရုံ (ဖေါဋ္ဌဗ္ဗာရုံ) ကို ခံယူနိုင်စွမ်း ရှိကြသည်။ သို့ရာတွင် မာခြောက်နေသော အသားမာများ၊ အနာရွတ်များ၊ အရေပြား အပြင်သို့ထွက်ပေါ်နေသော ဆံပင်မွှေးညှင်း၊ ခြေသည်း၊ လက်သည်းနှင့် ပါစက ဝမ်းမီးတို့မှာ အတွေ့အထိကို ခံစားနိုင်သော ကာယပသာဒရုပ် ကာယ အကြည်ဓာတ် မရှိချေ။ ထို့ကြောင့် ယင်းအစိတ်အပိုင်းများကို လှီးဖြတ်ပစ်ရာ၌ နာကျင်မှု မခံစားရချေ။ ယင်းအစိတ်အပိုင်းများ၌ ကာယပသာဒ ကာယအကြည်ဓာတ် ပျံ့နှံ့တည်နေခြင်းမရှိကြောင်း သိသာထင်ရှားပေသည်။ အတွေ့အထိအာရုံ (ဖေါဋ္ဌဗ္ဗာရုံ)ကို သိနိုင်သော ထိသိစိတ် ကာယဝိညာဏ်စိတ်သည် ကာယပသာဒ (ကာယအကြည်ဓာတ်)ကို အမှီပြု၍ ကာယပသာဒရုပ်ပေါ်၌ တည်၍ ဖြစ်ပေါ် ချုပ်ပျက်ရသည်။ ထိုသို့ ကာယဝိညာဏ်စိတ်၏ တည်ရာမှီရာဖြစ်သောကြောင့် ကာယပသာဒရုပ်ကို ကာယဝတ္ထုရုပ်ဟု ခေါ်ဆိုသည်။ ထိသိစိတ် ဖြစ်ပေါ်ခြင်းကို ကာယပသာဒရုပ်ကသာလျှင် ပိုင်စိုးသောကြောင့် ကာယ + ဣန္ဒြေ= ကာယိန္ဒြေရုပ်ဟုလည်း ခေါ်ဆိုရသည်။ ထိသိစိတ် (ကာယဝိညာဏ်စိတ်)၏ ဝင်ရာထွက်ရာတံခါးပေါက်သဖွယ်ဖြစ်၍ ယင်းကာယပသာဒရုပ်ကို ကာယဒွါရဟုလည်း ခေါ်ဆိုရသည်။

ကာယပသာဒရုပ်၌ ပထဝီ၊ တေဇော၊ ဝါယော ဓာတ်ကြီးသုံးပါး (ဖောဋ္ဌဗ္ဗာရုံ)ထိခိုက်ရာ၌ အင်အားပြင်းထန်သဖြင့် ချမ်းသာမှု၊ ဆင်းရဲမှု (သုခဝေဒနာနှင့် ဒုက္ခဝေဒနာ)ကို ချက်ခြင်း ခံစားကြရသည်။

### အာရုံငါးပါး

ပါဠိဘာသာ အာရမ္မဏပုဒ်ကို အာရုံဟု မြန်မာမှု ပြုထားခြင်းဖြစ်သည်။ အာရမ္မဏ၏ အဓိပ္ပါယ်မှာ ပျော်မွေ့စရာဌာန၊ မွေ့လျော်ဖွယ်ရာဌာန ဟုဆိုလိုသည်။ စိတ်စေတသိက် နာမ်တရားများသည် အာရုံငါးပါးအပေါ်သို့ လာရောက်၍ စုဝေး ပျော်မြူးကြသည်။ အရသာခံစားကြသည်။ စက္ခု

www.burmeseclassic.com



ဝိညာဏ်စိတ်၊ မြင်သိစိတ်သည် စိမ်းလန်းစိုပြေသော ရှုမျှော်ခင်းအလှအပများ၊ ပန်းချီကားများ၊ လှပသော တိရိစ္ဆာန်များ၊ လှပသော ယောက်ျားမိန်းမများ အပေါ်သို့ ကျရောက်၍ ပျော်မွေ့နေတတ်သည်။ အလားတူပင် သောတ ဝိညာဏ်စိတ်၊ ကြားသိစိတ်သည် တူရိယာ ဂီတ တီးမှုတ်သံများ၊ သီဆိုသံများ၊ ဟောပြောသံများကို အာရုံစိုက်လျက် ပျော်မွေ့နေတော့သည်။ ဃာနဝိညာဏ် စိတ်၊ အနံ့သိစိတ်သည်လည်း ပန်းရနံ့များ၊ ရေမွှေးရနံ့များ၊ နံ့သာမျိုးစုံ အနံ့များအပေါ်၌ ကျင်လည်ကျက်စား ပျော်မွေ့နေတော့သည်။ ဇိဝှါဝိညာဏ် စိတ်၊ အရသာသိစိတ်သည်လည်း အသားမျိုးစုံ ငါးမျိုးစုံ အမဲဟင်းလျာ၊ မုန့်ပဲ သွားရေစာ၊ ခဲဖွယ်ဘောဇဉ်ဟူသော ရသာရုံများအပေါ်၌ ကျရောက်၍ ကျင်လည်ကျက်စား မွေ့လျော်နေတော့သည်။ ထိသိစိတ်၊ ကာယဝိညာဏ်စိတ် သည်လည်း ပိုးဖဲကတ္တီပါ၊ မွေ့ယာ၊ မှီအုန်း၊ ခေါင်းအုံး အတွေ့အထိများနှင့် ယောက်ျား မိန်းမတို့ အတွေ့အထိအာရုံ (ဖေါဋ္ဌဗ္ဗာရုံ)သို့ ကျရောက်၍ ကျင်လည်ကျက်စား ပျော်မွေ့နေတော့သည်။ ထိုကဲ့သို့ ဝိညာဏ်စိတ်များ၏ ပျော်မွေ့ရာဌာနဖြစ်၍ ဤအာရုံများကို အာရမ္မဏ- အာရုံ (ပျော်မွေ့ရာဌာန) ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် အာလမ္ဗဏဟူသော ပါဠိပုဒ်၌ "လ"ကို "ရ" ပြောင်း ၍ အာရမ္မဏ- အာရုံဟု ခေါ်ဆိုခြင်းဖြစ်သည်။ အာလမ္ဗဏ၏ အဓိပ္ပါယ်မှာ ကိုင်စွဲစရာ၊ အားထားမှီခိုစရာဟု ဆိုလိုသည်။ စိတ်စေတသိက်တို့သည် အာရုံ ကို ကိုင်စွဲ၍ အမှီပြု၍ ဖြစ်ပေါ်ကြရသည်။ အားနည်းသော လူအို လူနာသည် ကြိုးတန်း၊ ကြိမ်တန်းကို ကိုင်စွဲ၍ လည်းကောင်း၊ တောင်ဝှေးဖြင့် ထောက်၍ လည်းကောင်း သွားလာလှုပ်ရှားကြရသကဲ့သို့ စိတ် စေတသိက် တို့သည်လည်း အာရုံကို ကိုင်စွဲ၍ အမှီပြု၍ သွားကြရသောကြောင့် စိတ် စေတသိက်တို့၏ မှီခိုအားထားကိုင်စွဲရာ အာရုံကို အာလမ္ဗဏ- အာရမ္မဏဟု ခေါ်ဆိုရခြင်း ဖြစ်သည်။

**ရူပါရုံ အဆင်းအာရုံ**

ရူပ သဒ္ဒါသည် သာမညအားဖြင့် ဖေါက်ပြန်ခြင်း သဘောလက္ခဏာ ရှိသော ရုပ် -၂၈ပါးလုံးကို ရည်ညွှန်းသည်၊ သို့ရာတွင် ဤနေရာ၌ "ရူပယတိ ပကာသေတိ" ထင်ရှားပြတတ်၏- ဟူသော အနက်အဓိပ္ပါယ်အရ အရောင်

www.burmeseclassic.com

www.burmeseclassic.com



အဆင်း၊ ပုံပန်း သဏ္ဌာန်တို့ကို ရူပါရုံဟုဆိုလိုသည်။ မုချဖြစ်သော ရူပါရုံမှာ ဖြူ၊ နီ၊ ပြာ၊ ဝါ အစရှိသော အရောင်အဆင်းများ ဖြစ်ကြသည်။ ယင်း အရောင် အဆင်းမှ ဆင့်ပွားဖြစ်သော အရှည်၊ အတို၊ အလုံးအဝိုင်း စသောပုံပန်း သဏ္ဌာန်များကိုလည်း ရူပါရုံဟု ခေါ်ဆိုနိုင်သည်။ အကျဉ်းချုပ်အားဖြင့် မျက်စိဖြင့် မြင်ရသမျှသည် ရူပါရုံဖြစ်သည်။ ဤရူပါရုံသည် မဟာဘုတ်လေးပါးကို အမှီပြု ဖြစ်ပေါ်နေရ၍ ဉပါဒါရုပ်ဟု ခေါ်ဆိုရသည်။

စက္ခုပသာဒကို အမှီပြု၍ ဖြစ်ပေါ်ရသော မြင်သိစိတ်သည် ရှေးဦးစွာ အလင်းအမှောင်ကို သိသည်။ မူလ အလင်းရောင်သည် ရုပ်ဝတ္ထုတစ်စုံ တစ်ခု အပေါ်သို့ ကျရောက်သွားသည့်အခါ ပြန်လည်ထွက်ပေါ်လာသော ရောင်ပြန် များသည် မျက်စိ အကြည်ဓာတ်သို့ ရိုက်ခတ် ထင်ဟပ်လာသဖြင့် မျက်စိ အကြည်ဓာတ် အတွင်းရှိ စက္ခုဝိညာဏ်စိတ်က အဖြူဘဲ၊ အဝါဘဲ၊ အနီဘဲ၊ အပြာဘဲ၊ စသည်ဖြင့် သိရှိခြင်းဖြစ်သည်။ အလင်းရောင် အလင်းတန်း၌ နီ၊ ပြာ၊ စိမ်း၊ ဝါ၊ ခရမ်းရောင် စသော အရောင်များအားလုံး ပါဝင်နေကြလျက် ရုပ်ဝတ္ထုတစ်ခု သည် ယင်းအရောင်အားလုံးကို လက်ခံရယူထားလျှင် ယင်းရုပ် ဝတ္ထုကို အမဲရောင်ဟုသတ်မှတ်ကြသည်။ အဝါရောင်ကို လက်မခံဘဲ ပြန်ကန် ထုတ် လိုက်သော အရာဝတ္ထုကို အဝါရောင်ဟု သတ်မှတ်ကြသည်။ အပြာ ရောင်ကို လက်မခံဘဲ ပြန်ကန်ထုတ်လိုက်သော အရာဝတ္ထုကို အပြာဟု သတ်မှတ်ကြသည်။ အရောင်အားလုံးကို လက်မခံဘဲ ပြန်ကန်ထုတ်လိုက် သည့်အရာဝတ္ထုကို အဖြူဟု သတ်မှတ်ကြသည်။ ထို့ကြောင့် အစိမ်းရောင် လက်မခံသော ပုဆိုးကို ပုဆိုးစိမ်းဟု လည်းကောင်း၊ အပြာရောင်လက်မခံသော ထဘီကို ထဘီပြာဟု ခေါ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မစိမ်းသော အရာဝတ္ထုကို အစိမ်းဟု မြင်ကြရ၍ မပြာသောအရာဝတ္ထုကို အပြာဟု မြင်ကြ သည်။ အလင်းတန်း ရောင်ခြည်အားလုံးကို လက်မခံဘဲ ပြန်ကန်ထုတ်တတ် သော ပိတ်ဖြူ အဝတ်ဖြူသည် လူသားတို့အား အပူလှိုင်းဒဏ်မှ ကာကွယ် ပေးသည့်အပြင် အဝတ်ဖြူသည် ကြာရှည်ခံသည်။ လွယ်လွယ်ဖြင့် ဆွေးမြေ့ ခြင်းမရှိ။ အရောင် အားလုံးကို စုပ်ယူထားသော အမဲရောင်အဝတ် အထည် သည် အပူလှိုင်း ဒဏ်ကို အကာအကွယ် မပေးနိုင်သည့်အပြင် လွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com



လျင်မြန်စွာ ဟောင်းနွမ်း ဆွေးမြေ့တတ်သည်။ ထို့ကြောင့် ချည်ပင်အဖြူနှင့် အနက်ရောနှော ယှက်လုပ်ရာ၌ အနက်ရောင်ချည်မျှင်များသည် အချိန်စောစွာ ဆွေးမြေ့ပျက်စီးသွားသည်ကို တွေ့ရှိနိုင်သည်။

မြင်သိစိတ် စက္ခုဝိညာဏ်စိတ်သည် ရှေးဦးစွာ အလင်းအမှောင်နှင့် အဆင်းအရောင်ကို သိမြင်၍ ထို့နောက် ထိုအဆင်းအရောင်များ၏ တည်ရှိမှု အဆုံးအပိုင်းအခြား၊ နယ်နိမိတ်ကို ဆက်လက်၍ ဆင့်ပွားသိမြင်လေသည်။ တိုက်ရိုက်သိခြင်းမဟုတ်ဘဲ ဆင်ခြင်စဉ်းစားမှုကြောင့် ရရှိသော ဆင့်ပွား အသိ ဉာဏ်ဖြစ်သည်။ အနီရောင်ရှိသော ရုပ်ဝတ္ထုတစ်ခု၏ နခမ်းသတ်၊ နယ်နိမိတ်၊ လေးဘက်၊ ပတ်လည်ကို ကြည့်ရှုသိမြင်ပြီးမှသာလျှင် လေးဒေါင့် ဖြစ်သည်။ သုံးဒေါင့်ဖြစ် သည်။ အဝိုင်းဖြစ်သည်။ အလုံးဖြစ်သည် စသည်ဖြင့် ပုံပန်း သဏ္ဌာန်ကို သိခြင်းဖြစ်သည်၊ ထို့ကြောင့် ပုံပန်းသဏ္ဌာန်ကို သိခြင်းသည် ထပ်ဆင့်စဉ်းစား ဆင်ခြင်မှုကြောင့် ဖြစ်ပေါ် ရရှိသော ဆင့်ပွားအသိဉာဏ်ဖြစ် သည်၊ ဆိုလိုသည်မှာ အလင်းအမှောင်နှင့် အဆင်း အရောင်ကို မြင်ခြင်းသည် ပရမတ္ထရုပ်အစစ်ကို မြင်ခြင်းဖြစ်သည်။ ပုံပန်းသဏ္ဌာန်ကို သိခြင်းသည် တိုက်ရိုက်သိမဟုတ်၊ ဆင့်ပွားသိဖြစ်၍ ပညတ်သိ ဖြစ်သည်။ ယင်းပုံပန်း သဏ္ဌာန်အသိကို အခြေခံ၍ ထပ်ဆင့်စဉ်းစား ဆင်ခြင် သည့် အခါမှ ရရှိသော သစ်ပင်၊ တိရစ္ဆာန်၊ လူ ဟူသော အသိ၊ ယောကျ်ား၊ မိန်းမဟူသော အသိ၊ မောင်ဖြူ မောင်ညိုဟူသောအသိ တို့သည်လည်း တိုက်ရိုက်သိမဟုတ်၊ နှစ်ဆင့် သုံးဆင့် စဉ်းစား၍ ဖြစ်ပေါ်လာသော အသိများ ဖြစ်၍ ပညတ်သိ ကေန် စင်စစ်ဖြစ်သည်။ ပရမတ္ထတရား အစစ်အမှန် တရားကို သိခြင်းမဟုတ်ချေ။ ထို့ကြောင့် ညဉ့်အခါ လရောင် ဝိုးတဝါးအောက်၌ တွန့်လိမ် နေသော ကြိုးတစ် ချောင်းကို မြွေဟု ဆုံးဖြတ်ချက်ချ၍ ထိန့်လန့်ခြင်းဖြစ်တတ်သည်။ မီးလောင် ထားသော သစ်ငုတ်တိုကို လရောင်အောက်၌ အဝေးမှ တွေ့မြင်ရသည့် အခါ တစ္ဆေ၊ သရဲဟု ထင်မှတ်၍ ကြောက်လန့်တတ်ကြသည်။ ဤကား ပညတ်သိမှာ မှန်ကန်မှုမရှိကြောင်း ပရမတ္ထရုပ်အစစ်ကို မြင်သော စိတ်မှာ အစစ်အမှန်ကို သိခြင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**သဒ္ဒါရုံ အသံအာရုံ**

နားဖြင့်ကြားရသော အသံအားလုံးကို သဒ္ဒါရုံ (အသံအာရုံ) ဟုခေါ်ဆို ရသည်။ သို့ရာတွင် နားဖြင့် မကြားရသော အသံများကိုလည်း သဒ္ဒါရုံဟူ၍ ခေါ်ဆိုရသည်။ လူတို့၏ နားဖြင့် မကြားရသော ပုရွက်ဆိတ်မြည်သံ၊ ပိုးမွှား ငယ်များမြည်သံကဲ့သို့ အလွန်နူးညံ့ သိမ်မွေ့သော အသံများရှိကြသည်။ ထို့ပြင် အလွန်ဝေးလံသော အရပ်၌ ဖြစ်ပေါ်သော မိုးချုန်းသံ၊ တော်လဲသံ၊ ပေါက်ကွဲသံ များသည်လည်း မိမိနားဖြင့် မကြားရသော်လည်း သဒ္ဒါရုံ (အသံအာရုံ)ဟု ခေါ်ဆိုရသည်။ သဒ္ဒ အသံသည် ပထဝီဓာတ် (အမာဓာတ်)ကို အခြေခံ၍ ဖြစ်ပေါ်ရသည်။ ပထဝီဓာတ်လွန်ကဲသော ရုပ်ဝတ္ထုအချင်းချင်း ရိုက်ခတ်စေရန် အတွက် သက်ရှိ အင်အား၊ သက်မဲ့ အင်အား စိုက်ထုတ်၍ တွန်းကန် ရွေ့လျား ပေးရသည်။ သံပြား၊ သံချောင်းတစ်ခုကို အခြားသံချောင်းတစ်ခုဖြင့် ရိုက်ခတ် ခြင်း၊ တုံးတစ်ခုကို ရိုက်တံတစ်ခုဖြင့် ရိုက်ခတ်ခြင်း၊ စည်ကို လက်ခတ်ဖြင့် ရိုက်ခတ်ခြင်းတို့ကြောင့် အသံများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပေသည်။ ကြိုးတပ်တူရိယာများ၌ ကြိုးကို တင်းမာအောင် ပြုလုပ်ထားမှသာလျှင် တီးခတ် ၍ အသံမြည်နိုင်သည်။ မာကျောမှု အဆင့်အတန်းကို လိုက်၍ အသံမာကျော ခြင်း ဖြစ်ပေါ်လာသည်။ စိုက်ထုတ်သော စွမ်းအား၏ ကြီးမားမှုကြောင့် ဖြစ် ပေါ်လာသော အသံသည်လည်း လွန်စွာကြီးမား မြည်ဟိန်းလေသည်။

ရေထဲ၌ ပထဝီဓါတ် (ခက်မာမှု) ပါရှိသောကြောင့် ရေအချင်းချင်း ရိုက်ခက်သည့်အခါ၌ အသံများ ထွက်ပေါ်လာခြင်းဖြစ်သည်။ မိုးတိမ်များ အတွင်း၌ ပထဝီဓါတ် (ခက်မာမှု) ပါရှိနေသောကြောင့် တိမ်တိုက်ခြင်း ပွတ် တိုက်မှု၊ ဆွဲငင်မှု၊ လျှပ်စီးအားများဖြစ်ပေါ်လာကာ မိုးချုန်းသံ မိုးခြိမ်းသံများ ဖြစ်ပေါ်လာရသည်။ လက်ဝါးနှစ်ဖက်ကို ရိုက်ခတ်ပေးသည့်အခါ လက်ခုပ်သံ ဖြစ်ပေါ်လာသည်။ လူ၊ တိရိစ္ဆာန်တို့၏ ဟစ်အော်ခြင်းကြောင့် အသံများ ဖြစ်ပေါ်လာရခြင်းမှာ ရင်တွင်း၊ ဝမ်းခေါင်းတွင်းရှိ လေများကို လည်ချောင်း အတွင်း ဇလုပ်ခေါ် အသံအိုးဆီသို့ ဦးတည်လျက် အရှိန်ဖြင့် တွန်းကန် ထုတ်လိုက်သောအခါ အသံဖြစ်ပေါ်လာရသည်။ ယင်းအသံကို လျှာအနေ အထား၊ နှုတ်ခမ်းအနေအထား ပြုပြင်စီမံဖန်တီး၍ အသံအမျိုးမျိုး အနိမ့်အမြင့် အသံစုံ၊ ဒွာန်စုံပြုလုပ် တတ်သောကြောင့် လူသားတို့သည် စကားပြောခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လာရသည်။ တိရိစ္ဆာန်များမှာမူ အသံစုံ၊ ဌာန်စုံအောင် မလုပ်တတ်သဖြင့် လူသားများကဲ့သို့ စကားပရိယာယ် ကြွယ်ဝစုံလင်စွာ ပြောဆိုနိုင်ခြင်း မရှိကြချေ။ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်း၊ ချစ်ခင်နှစ်သက်ခြင်းစသော စိတ်၏ သဘာဝအလိုဆန္ဒ အနည်းငယ်မျှကိုသာလျှင် အသံဖြင့် ဖော်ပြနိုင်စွမ်း ရှိကြလေသည်။

သဒ္ဒရုပ်အသံသည် အဓိကအားဖြင့် ပထဝီ(အမာဓါတ်) ကို အခြေခံပြုသော်လည်း တေဇောဓါတ်၊ ဝါယောဓါတ်များ၏ ကူညီဖေးမမှုကိုလည်း လိုအပ်ပေသည်။ ခက်မာပထဝီဖြစ်သော သံချောင်းနှစ်ခုကို အရွေ့စွမ်းအင် (ဝါယောဓါတ်) မကူညီပါက သံချောင်းချင်း ရိုက်ခတ်မှု မဖြစ်နိုင်သဖြင့် သဒ္ဒအသံရုပ်လည်း မဖြစ်နိုင်ချေ။ အလားတူပင် တေဇောဓါတ်၏ အကူအညီ အထောက်အပံ့ကို ရရှိမှသာလျှင် ပထဝီဓါတ်သည် အားကောင်းလာ၍ အရွေ့စွမ်းအင် ဝါယောဓါတ်လည်း အားကောင်းလာသည်။ မီးဖုတ်ထားသော မြေအိုး နှစ်လုံးရှိရာ မီးကျက်သော အိုးမှာ "တောင်တောင်" မည်၍ မီးမကျက်သော အိုးမှာ "ဗတ်ဗတ်၊ ဂွပ်ဂွပ်" အသံထွက်လာပေလိမ့်မည်။ ဥဏှတေဇောဓါတ်လွန်ကဲသည့်ကြက်၊ ချိုး၊ ခါတို့မှာ အသံကျယ်လောင်သည်။ ဥဏှတေဇောဓါတ်လွန်ကဲသော နွားနှင့်ဆိတ်တို့မှာ အသံကျယ်လောင်၍ သီတတေဇော အာပေါဓါတ် လွန်ကဲသော ကျွဲ၊ ကြံ့၊ ရေမြင်းတို့မှာ အကောင်ကြီးသလောက် အသံသေးငယ်ကြသည်။

## ဂန္ဓာရုံ အနံ့အာရုံ

ပန်းရနံ့၊ ရေမွှေးနံ့၊ နံ့သာနံ့၊ အပုတ်နံ့၊ အညှော်နံ့စသော ဂန္ဓာရုံအနံ့ရုပ်တို့ကို ဝါယောဓာတ် (လေဓာတ်)တိုက်ခတ်ပေး၍ နှာခေါင်းအတွင်းသို့ ရောက်အောင် ပို့ဆောင်ပေးရသည်။ ထိုအခါ နှာခေါင်းအတွင်းရှိ ဃာနပသာဒရုပ် (နှာခေါင်းအကြည်ဓာတ်) ရုပ်သည် အနံ့အာရုံကို ခံယူ၍ အနံ့သိစိတ် ဃာန ဝိညာဏ်စိတ်သည် နှာခေါင်းအကြည်ဓာတ်အတွင်း၌ ဖြစ်ပေါ်လေသည်။ မွှေးသည်၊ နံသည်၊ ညှော်သည်ဟူသော အနံ့သိစိတ်များသည် ဃာနပသာဒရုပ် အတွင်း၌ ဖြစ်ပေါ်လာလေသည်။ အချို့သောရုပ်ဝတ္ထုများမှာ မွှေးကြိုင်၍ အချို့သော ရုပ်ဝတ္ထုများမှာ ပုပ်ဟောင်သည်။ ပုပ်သိုးသည်။ သီတတေဇော

www.burmeseclassic.com

www.burmeseclassic.com



အအေးခေတ်လွန်ကဲပါက ပုပ်ခြင်း၊ သိုးခြင်းမရှိ၊ လူသေကောင်များကို ရေခဲတိုက်အတွင်းလနှင့်ချီ၍ကြာအောင် ထားသော်လည်း ပုပ်ခြင်းမရှိ၊ ငါးများကို ရေခဲရိုက်ထားပါက ရေခဲမကုန်မခြင်း ပုပ်သိုးမှုမရှိ မြောက်ဝန်ရိုးစွန်း ရေခဲပြင်အောက်၌ တွေ့ရှိရသော တိရစ္ဆာန် အသေကောင်များမှာ နှစ်ပေါင်း ထောင်သောင်းချီ၍ ကြာခဲ့ပြီဖြစ်သော်လည်း ပုပ်သိုးခြင်းမရှိ လတ်ဆတ်စွာ တွေ့ရှိ ရလေသည်။ ထို့ကြောင့် ဟင်းလျာများ သစ်သီးများ ပုပ်သိုးခြင်းမရှိစေရန် ရေခဲသေတ္တာဖြင့် ထားကြသည်။ တစ်ဖန် ဥဏှတေဇော အပူခေတ်လွန်ကဲပါက လည်း ပုပ်သိုးခြင်း မရှိချေ။ ဟင်းလျာများကို ချက်ပြုတ်ပြီးနောက် ဆက်လက်၍ အပူခေတ်ပေးထားပါက ပုပ်သိုးခြင်းမရှိချေ။ ငါးအသေများကို နေပူပြင်းပြင်း တပါတ်ခန့် နေလှမ်းပေးသောအခါ ပုပ်သိုးခြင်းမရှိ၊ ငါးခြောက်များ ရရှိနိုင်လေသည်။ ထို့ကြောင့် ပုပ်သိုးမှုသည် မပူလွန်း မအေးလွန်းသော အခြေအနေ၌ ဖြစ်ပေါ်တတ်သည်။

လူ၏ခန္ဓာကိုယ်၌ အစာသစ်အိမ်တွင် သလိပ်များသည် ထူထဲစွာ ဖုံးအုပ်လျက် ရှိနေကြသည်။ အစားအစာများ မျိုချလိုက်သောအခါ ရေမှော်အတွင်း ခဲကျသကဲ့သို့ သလိပ်ပြင်နှစ်ခြမ်းကွဲလျက် အစားအစာသည် အစာအိမ်အောက်ခြေသို့ ရောက်သွားသည်။ သလိပ်ပြင်သည် ပြန်လည် ဖုံးအုပ်မြဲ ဖုံးအုပ်ထားသည်။ ထို့ကြောင့် အစားအစာများကို ဝမ်းမီးက ချက်သည့်အခါ ဖြစ်ပေါ်လာသော အနံ့အသက်များသည် သလိပ်ပြင်၏ ဖုံးအုပ်ထားမှုကြောင့် အာခံတွင်းသို့ ဝင်ရောက်လာခြင်းမရှိသဖြင့် ထိုသူမှာ အာပုပ်စော်မနံချေ။ ဓာတ်လေးပါး မညီမျှမှုကြောင့် သလိပ်များသည် ကျဲ၍၊ ပါး၍ နေသည့်အခါ စားလိုက်သော အစာများကို ဖုံးအုပ်ထားနိုင်ခြင်းမရှိသဖြင့် အနံ့အသက်များသည် အပေါ်သို့ တက်လာ၍ အာပုပ်စော်နံလေတော့သည်။

မွှေးသောအနံ့ကိုဖြစ်စေ၊ နံသောအနံ့ကိုဖြစ်စေ အကြိမ်များစွာ ကြာရှည်စွာ ရှူရှိုက်ရပါက ခန္ဓာကိုယ်အတွက် အဆိပ်ဖြစ်လေသည်။ ကြားရဘူးသည်မှာ- အမျိုးသမီးတစ်ယောက် မွေးနေ့ပွဲကျင်းပသည်ကို သူငယ်ချင်းများက ဂုဏ်ပြုသောအားဖြင့် အိပ်ယာပေါ်၌ နှင်းဆီ၊ စံပယ်၊ ကြက်ရုံးစသော ပန်းများကို ခင်းပေးကြသည်။ မွေးနေ့ရှင်သည် ပန်းခင်းသော အိပ်ရာပေါ်၌ အိပ်စက်ခဲ့ရာ မိုးလင်းသောအခါ အသက်ပျောက်နေသည်ကို တွေ့ကြရသည်။ ဓာတုဗေဒ

www.burmeseclassic.com

www.burmeseclassic.com



နည်းအားဖြင့် စာတ်ခွဲသည့်အခါ မွှေးသောအနံ့သည် လည်းကောင်း၊ နံသော အနံ့သည် လည်းကောင်း၊ နိုက်ထရိုဂျင်ဓာတ် လွန်ကဲ၍ အောက်စီဂျင် ဓာတ်နည်းပါးသည် ဆိုသည်။ နိုက်ထရိုဂျင်ဓာတ်ငွေ့ကို ကြာရှည်စွာ ရှူရှိုက်မှု ကြောင့် သေဆုံးရခြင်းဖြစ်သည်။ ထို့ကြောင့် အနံ့အသက် နည်းပါးလတ်ဆတ် သော လေကောင်းလေသန့်ကိုသာ ရှူရှိုက်ကြရမည်။ ယခုခေတ်တွင် ဓာတုဗေဒ နည်းအားဖြင့် ပြုလုပ်ထားသော ပေါင်ဒါ၊ ရေမွှေးများသည် နိုက်ထရိုဂျင် ဓာတ်ပေါင်းများဖြစ်၍ အမြတ်တနိုး သုံးစွဲခြင်း မပြုသင့် ကြပေ။

## ရသာရုံ- အရသာအာရုံ

ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ငန်ဟူသော ရသာခြောက်ပါးသည် လျှာပေါ်သို့ ရောက်ရှိသည့်အခါ အရသာသိစိတ် (ဇိဝှါဝိညာဏ်စိတ်) ဖြစ်ပေါ်လာသည်။ ဇိဝှါပသာဒ၊ လျှာအကြည်ဓာတ်နှင့် သိနိုင်သော ရသာရုပ်များကို ရသာရုံဟု ခေါ်ဆိုရသည်။ ယင်းအရသာ ခြောက်ပါးကို မဟာဘုတ်ဓာတ်ကြီးလေးပါး လွန်ကဲမှု ယုတ်လျော့မှုဖြင့် အဘိဓမ္မာဆေးပညာ၌ ခွဲခြားလေ့ရှိကြသည်။

| | | |
|---|---|---|
| ပထဝီဓာတ် | = | အချို၊ အဆိမ့်၊ အဖန် အရသာ |
| အာပေါဓာတ် | = | အငန်အရသာနှင့် အဖန်အရသာ |
| တေဇောဓာတ် | = | အချဉ်၊ အစပ်အရသာ |
| ဝါယောဓာတ် | = | အခါးအရသာ |

အငန်အရသာမှာ ယိုစီးအာပေါဖြစ်၍ အဖန်အရသာမှာ ဖွဲ့စည်း အာပေါဖြစ်သည်။ အဖန်အရသာမှာ ပထဝီနှင့် ဖွဲ့စည်းအာပေါတို့ ပေါင်းစပ် ထားသည်။ အစပ်အရသာမှာ တေဇောဓာတ်အပြင် အာကာသဓာတ် အပွင့် ဓာတ်လည်း ပါရှိသည်။

## ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိအာရုံ

တွေ့ထိခြင်းဆိုသည်မှာ ပထဝီဓာတ်၊ တေဇောဓာတ်နှင့် ဝါယောဓာတ် တို့ကို တွေ့ထိခြင်းဖြစ်သည်။ အာပေါဓာတ်ကိုမူ တွေ့ထိ၍ မရစကောင်းချေ။ ခက်မာခြင်း၊ နူးညံ့ခြင်း၊ ပျော့အိခြင်းကို တွေ့ခြင်းသည် ပထဝီဓာတ်ကို တွေ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဟုခေါ်ရသည်။ ထို့နောက် မည်သည့်အာရုံ ထင်လာသနည်း၊ မည်သည့် အရပ်မှ အာရုံထင်လာသနည်းဟု နှလုံးသွင်းသော စိတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာသည်။ထို့နောက် စက္ခုဒွါရ-စက္ခုပသာဒ ဝတ္ထုကိုအမှီပြုသော စက္ခုဝိညာဏ်စိတ်သည် ရူပါရုံကို အာရုံပြုလျှက် မြင်စိတ်တစ်ချက်ဖြစ်ပေါ်သည်။

ထို့နောက် သမ္ပဋိစ္ဆိုင်းစိတ်သည် စက္ခုဝိညာဏ်စိတ်ထံမှ ရူပါရုံကို လွှဲပြောင်းရယူလျှက် ဖြစ်ပေါ်သည်၊ ထို့နောက် သန္တီရဏစိတ်သည် သမ္ပဋိစ္ဆိုင်းစိတ်ထံမှ ဆက်လက်ရရှိသော ရူပါရုံကို စုံစမ်းဆင်ခြင်သည်၊ ထို့နောက် ထိုရူပါရုံကိုကောင်းဆိုးနှစ်တန် ဝေဘန် သတ်မှတ်ဆုံးဖြတ်သော (ဝုဋ္ဌော-မနောဒွါရာဝဇ္ဇန်း)စိတ်သည် ဖြစ်ပေါ်သည်၊ ထို့နောက် ဝုဋ္ဌော၏ ဆုံးဖြတ်ချက်ကို အမှီပြု၍ ကုသိုလ်စိတ် အကုသိုလ်စိတ် တစ်ခုခုသည် ဇောစိတ်အဖြစ်ဖြင့် ၇-ကြိမ်စောလေသည်။ ထို့နောက် တဒါရုံစိတ် နှစ်ကြိမ် ဖြစ်၍ ဒုတိယတဒါရုံ၏ ဘင်ခဏ၌ ရူပါရုံသည်လည်းကောင်း၊ မှီရာ စက္ခုပသာဒ ရုပ်သည်လည်းကောင်း တပြိုင်နက်ချုပ်ဆုံး၍ ဘဝင်စိတ် ဆက်လက်ဖြစ်ပေါ်လေတော့သည်။

**သင်္ကေတများ**

ဘဝင်စိတ်ကို သင်္ကေတအားဖြင့် " ဘွင် "ဟူ၍ လည်းကောင်း
အတီတဘဝင်ကို သင်္ကေတအားဖြင့် " တီ "ဟူ၍ လည်းကောင်း
ဘဝင်စလနကို သင်္ကေတအားဖြင့် " န "ဟူ၍ လည်းကောင်း
ဘဝင်ုပစ္ဆေဒကို သင်္ကေတအားဖြင့် " ဒ "ဟူ၍ လည်းကောင်း
ပဉ္စဒွါရာဝဇ္ဇန်းကို သင်္ကေတအားဖြင့် " ပဉ် "ဟူ၍ လည်းကောင်း
စက္ခုဝိညာဏ်ကို သင်္ကေတအားဖြင့် " စက် "ဟူ၍ လည်းကောင်း
သမ္ပဋိစ္ဆိုင်းကို သင်္ကေတအားဖြင့် "သံ"ဟူ၍ လည်းကောင်း
သန္တီရဏကို သင်္ကေတအားဖြင့် " သန်" ဟူ၍ လည်းကောင်း
ဝုဋ္ဌောကို သင်္ကေတအားဖြင့် " ဝု"ဟူ၍လည်းကောင်း
ဇောကို သင်္ကေတအားဖြင့် "ဇ"ဟူ၍ လည်းကောင်း
တဒါရုံကို သင်္ကေတအားဖြင့် "ရုံ"ဟူ၍ လည်းကောင်း
အတိုအကောက် ရေးမှတ်၍ ဝီထိချပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## အတိမဟန္တာရုံ စက္ခုဒွါရဝီထိ

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄ ၁၅ ၁၆ ၁၇
တီ၊ န၊ ဒ၊ ပဉ်၊ စက်၊သံ၊ သန်၊ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ၊ ရုံ

ထင်
ဥပါဒ် ဘင်
စက္ခုပသာဒနှင့်ရူပါရုံဥပါဒ်ပြိုင် ပြိုင်ချုပ်

## မဟန္တာရုံ ၂- ဝီထိ
## (အတီတဘွင် ၂-ချက်လွန်မှ ၃-ချက်လွန်အထိ)

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄ ၁၅ ၁၆ ၁၇
တီ၊ တီ၊ န၊ ဒ၊ ပဉ်၊ စက်၊ သံ၊ သန်၊ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

ထင်
ဥပါဒ် ချုပ်

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄ ၁၅ ၁၆ ၁၇
တီ၊တီ၊ တီ၊ န၊ ဒ၊ ပဉ်၊ စက်၊ သံ၊ သန်၊ ဝု၊ ဇ ဇ ဇ ဇ ဇ ဇ ဇ

ဥပါဒ် ထင် ချုပ်

## ပရိတ္တာရုံ ၆-ဝီထိ (ဝုဋ္ဌောဝါရ)
## (အတီတဘွင် ၄-ချက်လွန်မှ ၉-ချက်လွန်အထိ)

၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀ ၁၁ ၁၂ ၁၃ ၁၄ ၁၅ ၁၆ ၁၇
တီ၊ တီ၊တီ၊ တီ၊ န၊ ဒ၊ ပဉ်၊ စက်၊ သံ၊ သန်၊ ဝု၊ ဝု၊ ဘွင်၊ ဘွင်၊ ဘွင်၊ဘွင်၊ဘွင်

ဥပါဒ် ထင် ချုပ်

www.burmeseclassic.com

www.burmeseclassic.com



| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | န၊ | ဒ၊ | ပဥ်၊ | စက်၊ | သံ၊ | သန်၊ | ဝု၊ | ဝု၊ |

ဥပါဒ်　　　ထင်　　　ချုပ်

## အတိပရိတ္တာရုံ ၆-ဝီထိ (မောဃဝါရ)
## (အတီတဘွင် ၁၀-ချက်လွန်မှ ၁၅-ချက်လွန်အထိ)

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ | တီ၊ | န၊ | န၊ | ဘွင်၊ | ဘွင်၊ | ဘွင်၊ | ဘွင်၊ | ဘွင်၊ |

ဥပါဒ်　　　ထင်　　　ချုပ်

အတိမဟန္တာရုံဝီထိ၌ တဒါရုံနှစ်ကြိမ် အဆုံးသတ် ဖြစ်ခွင့်ရသောကြောင့် တဒါရမ္မဏဝါရ ဟုခေါ်သည်။

မဟန္တာရုံ နှစ်ဝီထိ၌ အဆုံးသတ်တွင် ဇောစိတ်သာ ဖြစ်ခွင့်ရသောကြောင့် ဇောဝါရ (ဇဝနဝါရ) ဟုခေါ်ဆိုရသည်။

ပရိတ္တာရုံ ခြောက်ဝီထိ၌ အာရုံနှင့် ပသာဒရုပ် တို့သည် ဇော(၇)ကြိမ်ဆုံးသည်တိုင်အောင် သက်တမ်းမကျန်တော့သဖြင့် ဇောစိတ်များ လုံးဝဖြစ်ခွင့်မရပဲ ဝုဋ္ဌောစိတ်သာလျှင် ဖြစ်ခွင့်ရသောကြောင့် ဝုဋ္ဌောဝါရ (ဝေါဋ္ဌဗ္ဗနဝါရ) ဟုခေါ်သည်။

အတိပရိတ္တာရုံဝီထိ၌ အတီတဘဝင် ဆယ်ကြိမ်လွန်ပြီးမှ အာရုံသည် ပသာဒသို့ ထင်လာရကား အာရုံနှင့် ပသာဒရုပ်တို့သည် စိတ္တက္ခဏ ခုနစ်ချက်စာမျှသာ ကျန်ရှိပေ့ာ၍ ဝုဋ္ဌောစိတ်ဖြစ်ရန် အသက်ကြွင်း မလေ့ာက် မင

www.burmeseclassic.com



ဖြစ်နေသောကြောင့် ဝီထိစိတ်လုံး၀မဖြစ်တော့ပဲ (ဘဝင်စလန နှစ်ကြိမ်) ဘဝင်နှစ်ကြိမ် လှုပ်ပြီးနောက် ဆက်လက်၍ ရိုးရိုးဘဝင်များသာ ဖြစ်ပေါ်လေတော့သည်။ ဤကဲ့သို့ ဝီထိစိတ်ဖြစ်ပေါ်ခွင့်မရသောကြောင့် ဤအတိပရိတ္တာရုံဝီထိကို မောဃဝါရ(အချည်းအနှီးသောဝါရ)ဟု ခေါ်ဆိုရသည်။

ဤသို့လျှင် စက္ခုဒွါရ၌-

| | | |
|---|---|---|
| အတိမဟန္တာရုံ | - | ၂-ဝီထိ |
| မဟန္တာရုံ | - | ၂-ဝီထိ |
| ပရိတ္တာရုံ | - | ၆-ဝီထိ |
| အတိပရိတ္တာရုံ | - | ၆-ဝီထိ |
| | | --------- |
| ပေါင်း | | ၁၆-ဝီထိ |

သောတဒွါရ စသည်တို့၌လည်း ၁၆-ဝီထိစီ ရှိကြသောကြောင့် (ပဥ္စဒွါရ) ငါးဒွါရ၌ ဝီထိ ၈၀-ရှိသည်။

## မနောဒွါရဝီထိ

မနောဒွါရဝီထိ၌ အာရုံထင်ရှားလျှင် ဝိဘူတာရုံ ဝီထိဟု ခေါ်ဆိုရ၍ တဒါရုံ သို့မဟုတ် ဇောဖြင့် အဆုံးသတ်သည်။ အာရုံ မထင်ရှားလျှင် အဝိဘူတာရုံဝီထိ ဟု ခေါ်၍ မနောဒွါရာဝဇ္ဇန်း၌သာလျှင် အဆုံးသတ်သည်။ ထို့ထက် အာရုံထင်လာမှုအားနည်းပါက ဘဝင်လှုပ်ရုံမျှလှုပ်၍ ဝီထိစိတ်မဖြစ်တော့ချေ။

(က) အတိဝိဘူတာရုံဝီထိ( တဒါရုမ္မဏဝါရ)

ဘွင် ဘွင် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ ရုံ ဘွင် ဘွင်

( ခ) ဝိဘူတာရုံဝီထိ(ဇဝနဝါရ)

ဘွင် ဘွင် န ဒ မ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင် ဘွင် ဘွင်

www.burmeseclassic.com

www.burmeseclassic.com



( ဂ) အဝိဘူတာရုံဝီထိ (အာဝဇ္ဇနဝါရ)

ဘွင် ဘွင် န ဒ မ မ မ ဘွင် ဘွင် ဘွင် ဘွင် ဘွင်

(ဃ) အတိအဝိဘူတာရုံဝီထိ (မောဃဝါရ)

ဘွင် ဘွင် ဘွင် န ဘွင် ဘွင် ဘွင် ဘွင်

**ဝီထိစိတ်များကိုရှင်းလင်းပြဆိုခြင်း**

**အာဝဇ္ဇန်းဒွေး-၂**

ဒွါရင်းပါး၌ ထင်လာသော အာရုံကို ရှေးဦးစွာ ဆက်သွယ်ရယူသော စိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်၏။ မနောစိတ်၌ထင်လာသော အာရုံကို ရှေးဦးစွာ ဆက်သွယ်ရယူသောစိတ်ကို မနောဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်သည်။

**ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ခု**

ပဉ္စဒွါရ၌ဖြစ်သော အာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်ဆိုရသည်။ တံခါးပိတ်ထားသော အိမ်တအိမ်သို့ ဧည့်သည်တစ်ယောက်ယောက် လာရောက်၍ တံခါးခေါက်လျှင် တံခါးစောင့်သည် တံခါးဖွင့်ပေး၍ ဧည့်သည်ကို ကြည့်ရှု စုံစမ်းမေးမြန်းပြီး ဝင်ခွင့်ပေးရသည်။ ဤခန္ဓာကိုယ်ကြီး၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟူသော တံခါးငါးပေါက်ရှိသည်။ ခန္ဓာကိုယ်ထဲ၌ ရှိသော စိတ်ဝိညာဏ်သည် ယင်းတံခါးပေါက်မှတဆင့် ပြင်ပရှိ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဟူသော အာရုံငါးပါးကို ရယူလေသည်။ တစ်နည်းအားဖြင့် ပြင်ပမှ အာရုံငါးပါးတို့သည် ဖော်ပြပါ တံခါးငါးပေါက်မှ တဆင့် ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်၍ စိတ်ဝိညာဉ်နှင့် ဆက်စပ်ထိတွေ့ကြရသည်။ ထို့ကြောင့် အတွင်းအဇ္ဈတ္တနှင့် ပြင်ပဗဟိဒ္ဓဆက်သွယ်ရန် တံခါးပေါက် ပြုလုပ်ထားရလေသည်။ ပြူတင်းပေါက် ငါးပေါက်ရှိသော အိမ်ကြီးတစ်လုံးအတွင်း၌ နေသော လူတစ်ယောက်သည် တံခါးပေါက်ကို ဖွင့်၍ ကြည့်စရာ မြင်စရာများကို ကြည့်ရှုသည်။ အခြားတံခါးတစ်ပေါက်ကို ဖွင့်၍ ကြားစရာအသံများကို နားထောင်သည်။ အခြားတံခါးတစ်ပေါက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်၍ အမွေးအကြိုင်၊ နံ့စော်သော အနံ့များကို နမ်းရှူသည်။ အခြားတံခါး တစ်ပေါက်ကို ဖွင့်၍ အစားအသောက်များအထဲ သွင်းသည်။ အရသာခံသည်။ အခြားတံခါး တစ်ပေါက်မှ တွေ့ထိစရာ ပစ္စည်းဝတ္ထုများကို ထိတွေ့ခံစားသည်။ အလားတူ ဤခန္ဓာကိုယ်တွင်း၌ရှိသောစိတ် ဝိညာဏ်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တံခါးပေါက်များသို့ တစ်လှည့်စီ ချဉ်းကပ်၍ တံခါးကို ဖွင့်ကာ ဖွင့်ကာ ပြင်ပ အာရုံကို ရယူသည်။ ဤတံခါးငါးပေါက်ကို ပဉ္စဒွါရဟု ခေါ်၍ တံခါးငါးပေါက်သို့ ရှေးရှုရောက်ရှိ ထင်ဟပ်လာသော အာရုံများကို ပထမဦးဆုံး ဆက်သွယ်သော စိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဟု ခေါ်ဆိုရသည်။ (ပဉ္စ = ငါးခု + ဒွါရ = တံခါးပေါက် + အာဝဇ္ဇန်း = ဆင်ခြင်ခြင်း = တံခါးဖွင့်ပေးခြင်း)။

မနောဒွါရာဝဇ္ဇန်းစိတ် ၁-ခု

အတိတ်ဘဝက ရယူခဲ့သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အာရုံ တစ်ခုခုကို အာရုံပြုလျက် အေးဆေးငြိမ်သက်စွာ အနားယူနေသောစိတ်ကို ဘဝင်စိတ်ဟုခေါ်ဆိုရသည်။ ယင်းဘဝင်စိတ်ကိုပင် မနောဒွါရ = မနော တံခါးပေါက်ဟု ခေါ်ဆိုရသည်။ အာရုံနှင့်ဆက်သွယ်ရန် မနောတံခါးပေါက်ကို ဖွင့်ပေးသောစိတ်သည် မနောဒွါရာဝဇ္ဇန်းမည်၏။ မနောဒွါရ မနောတံခါး ပေါက်ကို အာရုံခြောက်ပါးတို့တွင် အာရုံတစ်ခုခု ရှေးရှုထင်လာလျှင် ဘဝင် လှုပ်ခြင်း (စလနဘဝင်) ဖြစ်ပေါ်လာသည်။ ထို့နောက် ဘဝင် အစဉ်ပြတ်စဲခြင်း (ဥပစ္ဆေဒဘဝင်)၊ ပြတ်စဲဘွင် ဖြစ်ပေါ်ရသည်။ ဘဝင်အစဉ်ပြတ်ပြီးနောက် မနောတံခါးကို ဖွင့်လှစ်ခြင်း (မနောဒွါရာဝဇ္ဇန်း) ဖြစ်ပေါ်လာသည်။ မနောဒွါရ သို့ ရှေ့ရှုထင်ဟပ်လာသောအာရုံကို မနောဒွါရာဝဇ္ဇန်းစိတ်သည် ရှေးဦးစွာ ရယူ၍ နောက်၌ရှိသော ဝီထိစိတ်သို့ လက်ဆင့်ကမ်းလွှဲပြောင်း ပေးပြီးနောက် မနောဒွါရာဝဇ္ဇန်းစိတ် ချုပ်ပျောက်သွားလေသည်။

ဒွေပဉ္စဝိညာဏ် ၁၀-ခု

စက္ခုဝိညာဏ်စိတ် ၂-ခု၊ သောတဝိညာဏ်စိတ် ၂-ခု၊ ဃာနဝိညာဏ် စိတ် ၂-ခု၊ ဇိဝှါဝိညာဏ်စိတ် ၂-ခု၊ ကာယဝိညာဏ်စိတ် ၂-ခု ဟူသော

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏ်ငါးမျိုးကို ပဉ္စဝိညာဏ် ဟုခေါ်သည်။ ဝိညာဏ်တစ်မျိုးလျှင် စိတ်နှစ်ခုစီ ရှိကြ၍ ပဉ္စဝိညာဏ်စိတ် ၁၀-ပါး ရှိသည်။ ရူပါရုံသည် စက္ခုဒွါရသို့ ရှေးရှု ထင်လာသည့်အခါ ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် အာရုံကို ဆက်သွယ်ရယူ၍ နောက်၌ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်သို့ လွှဲပေးခဲ့သည်။ ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် နှလုံးသွေး ဟဒယဝတ္ထု၌ မှီလျှက်တည်လျှက် (စက္ခုပသာဒ) မျက်စိ အတွင်း၌ ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်စိတ်သို့ ရူပါရုံကို လွှဲပြောင်း ပေးလိုက်သည်။

သောတဒွါရနား၌ အသံအာရုံထင်လာသည့်အခါ နှလုံးသွေးဟဒယ ဝတ္ထု၌ မှီနေတည်နေသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အသံအာရုံကို ဆက်သွယ် ရယူ၍ (သောတပသာဒ)နားအကြည်ဓာတ်အတွင်းရှိ သောတဝိညာဏ်စိတ်သို့ အာရုံကို လွှဲပြောင်း ပေးလိုက်သည်။

အနံ့အာရုံသည် ဃာနဒွါရသို့ ရှေးရှုထင်လာသည့်အခါ ဟဒယဝတ္ထု ၌တည်နေသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အနံ့အာရုံကို ဆက်သွယ်ရယူ၍ မိမိနောက်ဖြစ်ပေါ်လာသော (ဃာနပသာဒ)နှာခေါင်းအတွင်းရှိ ဃာနဝိညာဏ် စိတ်သို့ အာရုံကို လွှဲပြောင်းပေးလေသည်။

ရသာရုံသည် ဇိဝှါဒွါရသို့ ရှေးရှုထင်လာသည့်အခါ ဟဒယဝတ္ထု၌ တည်သော ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေးဦးစွာ ရသာရုံကို ဆက်သွယ်ရယူ၍ မိမိနောက်၌ ဖြစ်လာသော (ဇိဝှါပသာဒ)လျှာပေါ်ရှိ ဇိဝှါဝိညာဏ်စိတ်သို့ လွှဲပြောင်းပေးလေသည်။

အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံသည် ကာယဒွါရသို့ ရှေးရှု ထိခိုက်ထင်ဟပ် သည့်အခါ ဟဒယဝတ္ထုအတွင်းရှိ ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေးဦးစွာ ဖောဋ္ဌဗ္ဗာရုံကို ထိစပ်ရယူ၍ နောက်၌ရှိသော (ကာယပသာဒ)ကိုယ်တွင်းရှိ ကာယဝိညာဏ်စိတ်သို့ လွှဲပြောင်း ပေးခဲ့သည်။ ဤနည်းအားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း စိတ်သည် ဒွါရငါးခုတံခါးငါးပေါက်၌ သက်ဆိုင်ရာ အာရုံများ ရှေးရှုထင်ဟပ် လာသည့်အခါ တံခါးများကို ဖွင့်လှစ်၍ အာရုံကို ရှေးဦးစွာ ဆက်စပ်ထိစပ်လျှက် ကြိုဆိုလက်ခံပြီး နောက်၌ ရှိသော ဝိညာဏ်ငါးပါးသို့

www.burmeseclassic.com



အာရုံကို လွှဲပြောင်းပေးခဲ့သည်။ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ လုပ်ငန်းကိစ္စမှာ ပြင်ပ အာရုံနှင့် အတွင်းစိတ်ကို ဆက်စပ်ပေးခြင်းမျှသာ ဖြစ်သည်။ ယင်းနောက်၌ ဖြစ်သော ဝိညာဏ်ငါးပါးတို့ကသာလျှင် မြင်ခြင်းကိစ္စ၊ ကြားခြင်းကိစ္စ၊ နံခြင်းကိစ္စ၊ စားခြင်းကိစ္စ၊ ထိတွေ့ခြင်းကိစ္စ အသီးသီးတို့ကို ဆောင်ရွက်ကြသည်။ ထို့ကြောင့်-

စက္ခုဝိညာဏ်ဒွေးသည် မြင်ခြင်း (ဒဿန)ကိစ္စ။

သောတဝိညာဏ်ဒွေးသည် ကြားခြင်း (သဝန)ကိစ္စ။

ဃာနဝိညာဏ်ဒွေးသည် နံခြင်း (ဃာယန)ကိစ္စ။

ဇိဝှါဝိညာဏ်ဒွေးသည် စားခြင်း (သာယန)ကိစ္စ။

ကာယဝိညာဏ်ဒွေးသည် ထိတွေ့ခြင်း (ဖုသန)ကိစ္စတို့ကို အသီးသီး ဆောင်ရွက်ကြသည်။

ဤဝိညာဏ်ငါးမျိုးတို့သည် ဝီထိစိတ်အစဉ်ဖြစ်ပေါ်ရာ၌ ပဉ္စဒွါရာဝဇ္ဇန်း စိတ်နှင့် သမ္ပဋိစ္ဆိုင်းစိတ်တို့၏အကြား ဌာနတစ်ခု၌သာဖြစ်ပေါ်ကြသည်။ ထို့ကြောင့် ပဉ္စဝိညာဏ်ငါးမျိုးတို့သည် ကိစ္စအားဖြင့် ငါးမျိုးရှိသော်လည်း ဌာန အားဖြင့် တစ်ခုသာရှိသည်။ ငါးကိစ္စ၊ တစ်ဌာနဖြစ်သည်။

### သမ္ပဋိစ္ဆိုင်းစိတ် (၂)ခု

သမ္ပဋိစ္ဆန-သမ္ပဋိစ္ဆိုင်း၏ အဓိပ္ပါယ်မှာ ခံယူခြင်း၊ လက်ခံခြင်းဖြစ်သည်။ ကုသိုလ်ကံ ၏အကျိုးဝိပါက်၊ အကုသိုလ်ကံ၏အကျိုးဝိပါက်ဟူ၍ နှစ်မျိုး ရှိသည်။ ထို့ကြောင့် သမ္ပဋိစ္ဆိုင်းစိတ်သည် မိမိ၏ရှေ့၌ရှိသော ဝိညာဏ် ငါးခုရယူ လွှဲပြောင်းပေးသော အာရုံငါးခုကို ခေတ္တ၊ ခဏာယာယီလက်ခံရုံမျှသာ လက်ခံ၍ နောက်၌ရှိသော သန္တီရဏစိတ်သို့ ထပ်ဆင့်လွှဲပြောင်းပေးလိုက်သည်။

### သန္တီရဏစိတ် (၃)ခု

သန္တီရဏ၏အဓိပ္ပါယ်မှာ စုံစမ်းခြင်းဖြစ်သည်။ ရရှိလာသောအာရုံကို ကောင်း၊ မကောင်း စုံစမ်းသည်။ ထိုသို့ စုံစမ်းပြီးနောက် မိမိနောက်ရှိ ဝုဋ္ဌောစိတ်သို့ အာရုံကိုလွှဲပြောင်းပေးလိုက်သည်။ အကုသိုလ်ကံ၏ အကျိုး ဖြစ်သော သန္တီရဏစိတ် ၁-ခု၊ ကုသိုလ်ကံ၏အကျိုးဖြစ်သော သန္တီရဏစိတ် ၂-ခုဟူ၍ စုစုပေါင်း သန္တီရဏစိတ် ၃-ခုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဝုဋ္ဌောစိတ် (မနောဒွါရာဝဇ္ဇန်း)**

ဝုဋ္ဌော = ဝေါဋ္ဌပ္ပနစိတ်သည် အာရုံကို နှစ်သက်စရာ ဣဋ္ဌာရုံ၊ မနှစ်သက်စရာ အနိဋ္ဌာရုံ၊ နှစ်သက်ဖွယ်လည်းမဟုတ်၊ မနှစ်သက်ဖွယ်လည်း မှဟုတ်သော မဇ္ဈတ္တအာရုံဖြစ်ကြောင်း ဆုံးဖြတ်ချက်၊ သတ်မှတ်ချက် ပြုလုပ်ပေးသည်။ မနောဒွါရဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရ၌ဖြစ်သောအခါ ဝုဋ္ဌောအမည်ရရှိသည်။ ယင်းဝုဋ္ဌောစိတ်၏ သတ်မှတ်ချက် ဆုံးဖြတ်ချက်အရ နောက်၌ဖြစ်သော ဇောစိတ်များသည် ကုသိုလ်ဇော၊ အကုသိုလ်ဇောဖြစ်ကြ ရသည်။ လောဘဇော၊ ဒေါသဇောများ ဖြစ်ကြရသည်။ သောမနဿ၊ ဒေါမနဿများ ဖြစ်ကြရသည်။ လျစ်လျူရှုခြင်းသဘော ဥပေက္ခာဇောများဖြစ် ကြရသည်။

**ဇောစိတ်များ**

ဇဝနဟူသောပါဠိကို ဇောဟု မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ လျင်မြန်ခြင်း၊ အရှိန်အဟုန်ရှိခြင်း၊ စွမ်းအားရှိခြင်းသဘောကို ဆိုလိုသည်။ ဇောစိတ်သည် စွမ်းအားအပြည့်အဝရှိသဖြင့် သက်ဆိုင်ရာလုပ်ငန်းကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။ လူသတ်မှုကျူးလွန်ရာ၌ အကုသိုလ်ဇောများသည် သတ်ခြင်းကိစ္စပြီးမြောက်အောင် စွမ်းဆောင်ကြသည်။ အလားတူ ခိုးမှု၊ လိမ်လည်မှု၊ မတရားမှုများ ပြုလုပ်ကျူးလွန်ရာ၌ အကုသိုလ်ဇောစိတ်များက ပြီးမြောက်အောင်ဆောင်ရွက်ကြသည်။

အလားတူပင် ကုသိုလ်ဇောစိတ်များသည် ကုသိုလ် အလုပ်များကို ပြီးမြောက်အောင် ဆောင်ရွက်ကြသည်။ ဒါန၊ ကုသိုလ်၊ စေတနာ၊ ဝေယျာဝစ္စ ကုသိုလ်စေတနာ၊ သီလဆောက်တည်မှုကုသိုလ်စေတနာနှင့် ယှဉ်သောဇောစိတ်များသည် ယင်းကုသိုလ်အမှုများကို ပြီးမြောက်အောင် ဆောင်ရွက်ကြသည်။ ယင်းဇောစိတ်နှင့် ယှဉ်တွဲနေသော စေတနာကို (ရည်ရွယ်ချက်ဖြင့် အားထုတ်မှုဖြစ်၍)ကံဟု ခေါ်ဆိုရသည်။

များသောအားဖြင့် ဇောစိတ်သည် အနည်းဆုံး ၄-ကြိမ်၊ ၅-ကြိမ် အများဆုံး ၇-ကြိမ်ဖြစ်လေ့ရှိကြသည်။ မဂ်ဇောနှင့် အဘိဉာဏ်ဇောမှာမူ တစ်ကြိမ်သာ စောလေ့ရှိသည်၊ သေခါနီးအခါနှင့် မေ့မြောနေသောအခါများ၌ ဇောစိတ်သည် ငါးကြိမ်သာ ဖြစ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇောစိတ်ကို အကုသိုလ်ဇော၊ ကုသိုလ်ဇော၊ ဝိပါက်ဇော၊ ကြိယာဇော ဟူ၍ လေးမျိုးခွဲနိုင်သည်။ တစ်နည်းအားဖြင့် ကာမဇော၊ မဟဂ္ဂုတ်ဇော၊ လောကုတ္တရာဇောဟူ၍ သုံးမျိုးခွဲနိုင်သည်။

ဇော- ၅၅

| | | |
|---|---|---|
| (က) | ကာမဇော | ၂၉- ပါး (၁၂+၁+၁၆) |
| (ခ) | မဟဂ္ဂုတ်ဇော | ၁၈- ပါး (၁၀+၈) |
| (ဂ) | လောကုတ္တရာဇော | ၈- ပါး (၄+၄) |
| | | --------- |
| | ပေါင်း | ၅၅- ပါး |

တစ်နည်း ဇော -၅၅

| | | |
|---|---|---|
| (က) | အကုသိုလ်ဇော | ၁၂- ပါး |
| (ခ) | ကုသိုလ်ဇော | ၂၁- ပါး (၈+၉+၄) |
| (ဂ) | ဝိပါက်ဇော(ဖိုလ်ဇော) | ၄- ပါး |
| (ဃ) | ကြိယာဇော | ၁၈- ပါး (၁+၈+၉) |
| | | --------- |
| | ပေါင်း | ၅၅- ပါး |

တဒါရုံ- ၁၁-ခု

တဒါရုံဟူသော ပုဒ်ကို- တံအာရုံ-ဟု ပုဒ်ဖြတ်၍ ထိုအာရုံဟု ဆိုလိုသည်၊ မိမိရှေ့၌ရှိသော ဇောစိတ်၏ အာရုံကိုပင် ဆက်လက်ရယူ၍ အရှိန်ပြင်းသော ဇော၏နောက်၌ လိုက်ပါသွားရခြင်းဖြစ်သည်။ ရေစီးသန်သော မြစ်ချောင်း၌ လှေငယ်သည် မိမိရပ်လိုသော်လည်း မရပ်နိုင်ဘဲ ရေအဟုန်နောက်သို့ အနည်းငယ်လိုက်ပါသွားရသကဲ့သို့ဖြစ်သည်၊ တနည်းအားဖြင့် အရှိန်အဟုန်ဖြင့် ပြေးလာသူတစ်ဦးသည် ပန်းတိုင်ကို ဝင်ပြီး ချက်ချင်းရပ်လိုသော်လည်း မရပ်နိုင်ဘဲ ခြေတစ်လှမ်းနှစ်လှမ်း အရှိန်အဟုန်နောက် လိုက်ပါသွားသကဲ့သို့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကာမဘုံသား သတ္တဝါများသည် ကာမအာရုံ၊ ရုပ်အာရုံများကို အာရုံပြု၍ ကာမကုသိုလ် အကုသိုလ်ဇောများစောသည့်အခါ အာရုံရုပ်နှင့် မှီရာ ဝတ္ထုရုပ်တို့သည် သက်တမ်းမကုန်သေးဘဲ သက်တမ်း ကျန်ရှိနေသောကြောင့် ဇောနောက်၌ တဒါရုံများဖြစ်ကြရသည်။ ထို့ကြောင့် ကာမဇော၊ ကာမသတ္တဝါ၊ ကာမအာရုံသုံးချက်စုံလျှင် တဒါရုံဖြစ်နိုင်သည်ဟု ဆိုကြသည်။ ယင်းတဒါရုံစိတ် (၁၁) ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည် -

(က) သန္တီရဏစိတ် ၃-ပါး
(ခ) မဟာဝိပါက်စိတ် ၈-ပါး

----------

ပေါင်း ၁၁-ပါး

စိတ်တို့၏ ဖြစ်ရာဌာနမှာ ၁၀ -ဌာနရှိ၍ ကိစ္စအားဖြင့် ၁၄-ခု ရှိသည်-

| | ဌာန | | ကိစ္စ | စိတ်အရေအတွက် |
|---|---|---|---|---|
| (က) | ပဋိသန္ဓေဌာန | (၁) | ပဋိသန္ဓေကိစ္စ | ၁၉- ပါး |
| (ခ) | ဘဝင်ဌာန | (၂) | ဘဝင်ကိစ္စ | ၁၉- ပါး |
| (ဂ) | စုတိဌာန | (၃) | စုတိကိစ္စ | ၁၉- ပါး |
| (ဃ) | အာဝဇ္ဇန်းဌာန | (၄) | အာဝဇ္ဇန်းကိစ္စ | ၂- ပါး |
| | | (၅) | ဒဿနကိစ္စ | ၂- ပါး |
| | | (၆) | သဝနကိစ္စ | ၂- ပါး |
| (င) | ပဉ္စဝိညာဏဌာန | (၇) | ဃာယနကိစ္စ | ၂- ပါး |
| | | (၈) | သာယနကိစ္စ | ၂- ပါး |
| | | (၉) | ဖုသနကိစ္စ | ၂- ပါး |
| (စ) | သမ္ပဋိစ္ဆန်းဌာန | (၁၀) | သမ္ပဋိစ္ဆန်းကိစ္စ | ၂- ပါး |
| (ဆ) | သန္တီရဏဌာန | (၁၁) | သန္တီရဏကိစ္စ | ၃- ပါး |
| (ဇ) | ဝုဋ္ဌောဌာန | (၁၂) | ဝုဋ္ဌောကိစ္စ | ၁- ပါး |
| (ဈ) | ဇောဌာန | (၁၃) | ဇောကိစ္စ | ၅၅- ပါး |
| (ည) | တဒါရုံဌာန | (၁၄) | တဒါရုံကိစ္စ | ၁၁- ပါး |

www.burmeseclassic.com

www.burmeseclassic.com



ဤဝီထိစိတ်များရှေ့နောက် အစီအစဉ်တကျ ဖြစ်နေပုံကို မှတ်သားမိမှသာလျှင် ပဋ္ဌာန်းဒေသနာတော်၌ အနန္တရမျိုးပစ္စည်းများကို ဟောနိုင်မည် ဖြစ်သည်။

ဝိပါက်စိတ်နှင့် ကြိယာစိတ်တို့ကို အဗျာကတဟုခေါ်ဆို၍ ကုသိုလ်၊ အကုသိုလ်အဗျာကတဟူ၍ အုပ်စု၃-စုခွဲခြားရသည်၊ ဝီထိစိတ်ဖြစ်ပုံကို လေ့လာကြည့်ပါက ဘဝင်စိတ်၊ ပဥ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌောစိတ်တို့သည် အဗျာကတအမျိုးအစားများ ဖြစ်ကြ၍ ရှေ့ရှေ့သော အဗျာကတစိတ်တို့သည် နောက်နောက်သော အဗျာကတစိတ်တို့အား အနန္တရပစ္စယသတ္တိ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ပစ္စယသတ္တိလေးမျိုးတို့ဖြင့် ကျေးဇူးပြုကြသည်။ တစ်ဖန် ဝုဋ္ဌောနှင့် မနောဒွါရာဝဇ္ဇန်း၏ နောက်၌ ကုသိုလ်ဇော၊ အကုသိုလ်ဇော၊ အဗျာကတဇောများ ဖြစ်နိုင်ကြသည်ကို ကြည့်၍ ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း ဟူသော အဗျာကတစိတ်သည် ကုသိုလ်ဇောစိတ်အား လည်းကောင်း၊ အကုသိုလ်ဇောစိတ်အား လည်းကောင်း၊ အဗျာကတဇောစိတ်အား လည်းကောင်း၊ အနန္တရ အစရှိသော ပစ္စယသတ္တိလေးမျိုးဖြင့် ကျေးဇူးပြုနိုင်ကြသည်။ တစ်ဖန်ဇော ၇-ကြိမ် ရှိသည့်အနက် ရှေ့ရှေ့သော ဇောစိတ်များသည် နောက်နောက်ဇောစိတ်အား အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတပစ္စယသတ္တိငါးမျိုးဖြင့် ကျေးဇူးပြုနိုင်ကြသည်။ ဆက်လက်၍ နောက်ဆုံးဇောသည် ယင်း၏ နောက်၌ ရှိသော တဒါရုံသို့မဟုတ် ဘဝင်ဟုဆိုအပ်သော အဗျာကတတရားတို့အား အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတပစ္စယ သတ္တိလေးမျိုးဖြင့် ကျေးဇူးပြုနိုင်ကြသည်။ ဤကား ဝီထိစိတ်ဖြစ်ပုံကို သိရှိ နားလည်မှတ်သားနိုင်မှသာလျှင် အနန္တရပစ္စည်းမျိုး ပဋ္ဌာန်းနည်း ဟောနိုင်ပုံကို အမြွက်မျှ ပြဆိုခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အပ္ပနာဝီထိ

အပ္ပနာဇောစောသည့် အပ္ပနာဇောဝါရဝီထိ၌ ဝိဘူတာရုံ အဝိဘူတာရုံ ဟူ၍ ကွဲပြားမှုမရှိ၊ ကမ္မဋ္ဌာန်းအာရုံ ထင်ရှားပြတ်သားသောကြောင့် အာရုံ အားလုံးသည် ဝိဘူတာရုံဖြစ်သည်။

ဤအပ္ပနာဇောဝါရ၌ ဇောစိတ်သည် ကာမဇောနှင့် မဟဂ္ဂုတ် လောကုတ္တရာဇောဟူ၍ မတူညီသော ဇောနှစ်မျိုးသည် ရှေ့နောက်ဆက်စပ် ဖြစ်ပေါ်ကြသည်။ ရှေ့ပိုင်းကဖြစ်သော ကာမာဝစရဇောစိတ်များကို ဥပစာရ သမာဓိဇောဟု ခေါ်ရသည်။ နောက်ပိုင်း၌ ဖြစ်သော မဟဂ္ဂုတ် လောကုတ္တရာ ဇောကို အပ္ပနာဇောဟုခေါ်ရသည်။ ဉာဏ်ထက်မြက်သော တိက္ခ ပညာ ပုဂ္ဂိုလ် တို့အား ပရိကမ်ဇော မပါတော့ပဲ ဥပစာဇောမှစ၍ (ဥပစာ၊ အနုလုံ၊ ဂေါတြဘူ) ဟူ၍ ဥပစာရ သမာဓိဇော သုံးကြိမ်စောသည်။ ထို့နောက် အပ္ပနာဇောစော သည်။ မန္ဒပညာပုဂ္ဂိုလ်၌ ပရိကမ်မှစ၍ (ပ=ပရိကံ၊ ဥ=ဥပစာ၊ နု=အနုလုံ၊ ဂေါ=ဂေါတြဘူ) ဥပစာရသမာဓိဇော လေးကြိမ်စောပြီးနောက် အပ္ပနာဇော စောသည်။

ပရိကမ်= လေ့ကျင့်ခြင်း၊ ဥပစာ=အနီးကပ်ဖြစ်လာခြင်း၊ အနုလုံ= ဆီ လျော်ခြင်း၊ ဂေါတြဘူ=သာမည လူသားဘဝကို ကျော်လွန်ခြင်း။

### အာဒိကမ္မိကဈာနဝီထိ ပုံစံ

အပ္ပနာဇော ဈာနဝီထိ၌ ပထမဦးဆုံး ဈာန်ရသည့်ဝီထိ (အာဒိကမ္မိက ဈာနဝီထိ) ဖြစ်ပါမူ အပ္ပနာဈာန်ဇော တစ်ကြိမ်သာ ဖြစ်ခွင့်ရှိသည်။

(မန္ဒပညာ) ဘင်၊ ဘင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်၊ ဘင်၊ ဘင်

(တိက္ခပညာ) ဘင်၊ ဘင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဈာန်၊ ဘင်၊ ဘင်

### ဈာနသမာပတ္တိဝီထိ

ဈာန်ဝင်စားသော ဈာနသမာပတ္တိဝီထိ၌ အပ္ပနာဈာန်ဇောများသည် အရေအတွက် အကန့်အသတ်မရှိ အကြိမ်များစွာ ဖြစ်ခွင့်ရှိကြသည်။

(မန္ဒ) ဘင်၊ ဘင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်များ၊ ဘင်၊ ဘင်

(တိက္ခ) ဘင်၊ ဘင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်များ၊ ဘင်၊ ဘင်

www.burmeseclassic.com

www.burmeseclassic.com



**အဘိညာဝီထိ**

အဘိညာဝီထိ၌ ဂေါတြဘူနောင် အဘိညာဉ်ကိစ္စတပ်သော ပဉ္စမ ဈာန်ဇော တစ်ကြိမ်သာလျှင် ဇောသည်။

ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ အဘိညာဉ်၊ ဘွင်၊ ဘွင်

**မဂ္ဂဝီထိ**

မဂ္ဂဝီထိ၌ မန္ဒပညာပုဂ္ဂိုလ်အား ဂေါတြဘူနောင် မဂ်ဇောတစ်ကြိမ် ဖိုလ်ဇောနှစ်ကြိမ်ဇောသည်။

(မန္ဒ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဘွင်

တိက္ခပညာပုဂ္ဂိုလ်အား ပရိကမ်ဇော မဖြစ်ခဲ့သဖြင့် ဂေါတြဘူနောင် မဂ်ဇောတစ်ကြိမ် ဖိုလ်ဇောသုံးကြိမ် ဇောသည်။

(တိက္ခ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဖိုလ်၊ ဘွင်၊ ဘွင်

သောတာပတ္တိမဂ်ကို ရပြီးနောက် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဝီထိများ၌ ဂေါတြဘူဇော၏ အမည်ကို ဝေါဒါန၊ ဝေါဒန်ဟု ပြောင်းလဲခေါ်ဝေါ်ရသည်။ (ဝေါဒါန= ဖြူစင်ခြင်း)

**သကဒါဂါမိမဂ္ဂဝီထိ**

ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဝေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဘွင်

**ဖလသမာပတ္တိဝီထိ**

ဖိုလ်ဝင်စားသော ဝီထိ၌ ဥပစာရသာမာဓိဇောတို့ကို ပရိကံ၊ ဥပစာ၊ ဂေါတြဘူ သို့မဟုတ် ဝေါဒါန်ဟူသော အမည်များကို အသုံးမပြုတော့ဘဲ အနုလုံဟူ၍သာ သုံးနှုန်းသည်။ မန္ဒပညာပုဂ္ဂိုလ်၌ အနုလုံလေးကြိမ်၊ တိက္ခ ပညာပုဂ္ဂိုလ်၌ အနုလုံ သုံးကြိမ်ဖြစ်၍ ဖိုလ်ဇောများ အကြိမ်များစွာ ဖြစ်ပေါ်ကြသည်။

(မန္ဒ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ နု၊ နု၊ နု၊ နု၊ ဖိုလ်ဇောများ၊ ဘွင်

(တိက္ခ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ နု၊ နု၊ နု၊ ဖိုလ်ဇောများ၊ ဘွင်

www.burmeseclassic.com

www.burmeseclassic.com



**နိရောဓသမာပတ္တိဝိထိ**

နိရောဓသမာပတ်ကို ကာမဘုံ၊ ရူပဘုံတို့၌ လောကီစျာန်သမာပတ်၊ ၈-ပါးရရှိကြသည့် အနာဂါမ်နှင့်ရဟန္တာပုဂ္ဂိုလ်တို့သာ ဝင်စားနိုင်ကြသည်။ ရှေးဦးစွာ ရူပါဝစရ ပထမစျာန်ကိုဝင်စားရ၏။ ထိုစျာန်မှထပြီးနောက် ထိုစျာန်အတွင်းရှိ ရုပ်နာမ်တရားတို့ကို ဝိပဿနာရှုရသည်။ ထို့နောက် ဒုတိယစျာန်ဝင်စား၍ ဒုတိယစျာန်ကို ဝိပဿနာရှုရသည်။ တတိယစျာန်ဝင်စား၍ တတိယစျာန်ကိုဝိပဿနာရှုရသည်။ ထို့နောက် စတုတ္ထစျာန်ကိုဝင်စား၍ စတုတ္ထစျာန်ကိုဝိပဿနာရှုရသည်။ ထို့နောက် ပဥ္စမစျာန်ကိုဝင်စား၍ ယင်းပဥ္စမစျာန်ကို ဝိပဿနာရှုရသည်။ ဆက်လက်၍ အာကာသာနဉ္စာယတနစျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်တို့ကို ဝင်စား၍ ယင်းစျာန်အသီးသီးကိုဝိပဿနာရှုရသည်။

ထို့နောက် နေဝသညာနာသညာယတနစျာန်ကို ဆက်လက်မဝင်စားမီအောက်ပါအဓိဋ္ဌာန်လေးချက်ကို ဆောက်တည်ရမည်။

၁။ မိမိ သမာပတ် ဝင်စားနေခိုက် ရန်သူမျိုးငါးပါးတို့သည် ကိုယ်နှင့်ကင်းကွာနေသော ပရိက္ခရာတို့ကို မဖျက်ဆီးနိုင်ပါစေသား။

၂။ မြတ်စွာဘုရားခေါ်တော်မူလျှင် သမာပတ်မှထရပါလို၏။

၃။ သံဃာတော်ကခေါ်လျှင် သမာပတ်မှ ထရပါလို၏။

၄။ မိမိအသက်ကို (၇)ရက်တိုင်အောင် အသက်ရှည်/မရှည် ပိုင်းခြားကြည့်ရှု၍ (၇)ရက်အထက် အာယုသင်္ခါရပိုမှသာလျှင် "ငါသည်(၇)ရက်ပတ်လုံး နိရောဓသမာပတ်ကိုဝင်စားအံ့" ဟုဆောက်တည်ရသည်။

ဤကိစ္စလေးပါးကိုပြုပြီးမှ နေဝသညာ နသညာယတနစျာန်ကို ဆက်၍ဝင်စားရ၏။ ထိုစျာန်ဇောနှစ်ကြိမ်စောပြီးလျှင် နိရောဓသို့ ဆိုက်ရောက်သွားသည်။ (စိတ်၊ စေတသိတ်၊ စိတ္တဇရုပ်တို့မဖြစ်ဘဲ၊ ရပ်စဲနေခြင်းသို့ ရောက်ရှိ၏)။ (၇)ရက် စေ့သောအခါ၊ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇောတစ်ကြိမ်၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇောတစ်ကြိမ်စောပြီးနောက် ဘဝင်စိတ်များဆက်လက်ဖြစ်ပေါ်ကြသည်။ ဤကဲ့သို့ဖိုလ်စိတ်ပြန်လည် ဖြစ်ပေါ်ခြင်းကိုနိရောဓသမာပတ်မှ ထသည်ဟုခေါ်ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com



## နိရောဓသမာပတ်ဝင်စားပုံနှင့် ထပုံ

(မန္ဒ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ နေ၊ နေ၊ (နိရောဓ)၊ ဖိုလ်၊ ဘွင်၊ ဘွင်။

(တိက္ခ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ နေ၊ နေ၊ (နိရောဓ)၊ ဖိုလ်၊ ဘွင်၊ ဘွင်။

အပ္ပနာဇောအကျဉ်း - ၂၆-ပါး (မဟဂ္ဂုတ်-၁၈+ လောကုတ်-၈)
အကျယ် - ၅၈-ပါး (မဟဂ္ဂုတ်-၁၈+ လောကုတ်-၄၀)

| ဥပစာရသမာဓိဇောနောင်၌ | | အပ္ပနာဇောများသဘောတူရာစောပုံ | |
|---|---|---|---|
| မဟာကုသိုလ်သောမနဿ | | မဟဂ္ဂုတ်ကုသိုလ်သောမနဿ- | ၄ |
| ဉာဏသမ္ပယုတ်ဇော | -၂ | လောကုတ္တရာကုသိုလ် ။ | -၁၆ |
| | | အောက်ဖိုလ်၃-ပါး ။ | -၁၂ |
| မဟာကုသိုလ်ဥပေက္ခာ | | မဟဂ္ဂုတ်ကုသိုလ်ဥပေက္ခာ | - ၅ |
| ဉာဏသမ္ပယုတ်ဇော | - ၂ | လောကုတ္တရာ ။ | -၄ |
| | | အောက်ဖိုလ် ၃-ပါး ။ | -၃ |
| မဟာကြိယာ သောမနဿ | | မဟဂ္ဂုတ်ကြိယာသောမနဿ | -၄ |
| ဉာဏသမ္ပယုတ်ဇော | -၂ | အရဟတ္တဖိုလ် ။ | -၄ |
| မဟာကြိယာဥပေက္ခာ | | မဟဂ္ဂုတ်ကြိယာဥပေက္ခာ | -၅ |
| ဉာဏသမ္ပယုတ်ဇော | -၂ | အရဟတ္တဖိုလ် ။ | -၁ |
| ပေါင်း | ၈ | ပေါင်း | ၅၈-ပါး |

www.burmeseclassic.com

www.burmeseclassic.com



**အာရုံသုံးမျိုးခွဲခြား၍ တဒါရုံဖြစ်ခွင့်**

(က) အနိဋ္ဌာရုံ - အလိုမရှိအပ်၊ မနှစ်သက်အပ်သောအာရုံ၊ ရွံရှာစက်ဆုပ်ဖွယ်၊ ကြောက်လန့်ဘွယ်အာရုံ။

(ခ) ဣဋ္ဌာရုံ - ဣဋ္ဌမဇ္ဈတ္တာရုံ၊ အလိုရှိအပ်သောအာရုံ၊ အသင့်အတင့် အလယ်အလတ် အလိုရှိအပ် သောအာရုံ။

(ဂ) အတိဣဋ္ဌာရုံ - လွန်စွာနှစ်သက်အပ် ကောင်းမြတ်သော အာရုံ။

အနိဋ္ဌာရုံ၌ အကုသလဝိပါက်စိတ်များ ဖြစ်ကြသော ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတဒါရုံတို့သာဖြစ်ကြသည်။

ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏတဒါရုံတို့သာ ဖြစ်ကြသည်။

အတိဣဋ္ဌာရုံ၌ သောမနဿသဟဂုတ် သန္တီရဏတဒါရုံနှင့် မဟာဝိပါက်သောမနဿတဒါရုံ (၄)ခုသာ ဖြစ်ခွင့်ရှိသည်။ ရှေ့မှဇောသည် ကြိယာသောမနဿဇော ဖြစ်ပါက တဒါရုံသည်လည်း ဖော်ပြပါ သောမနဿ တဒါရုံ(၅)ပါးသာ ဖြစ်ရမည်။ ရှေ့မှဇောသည် ကြိယာဥပေက္ခာဇောဖြစ်ပါက ဥပေက္ခာတဒါရုံ (၆)ပါးဖြစ်ခွင့်ရှိသည်။ (ဥပေက္ခာသန္တီရဏ-၂၊ မဟာဝိပါက် ဥပေက္ခာ-၄ )။

**အာဂန္တုကဘဝင်**

ဒေါသဇော၏ နောက်တွင်မူ တဒါရုံနှင့်ဘဝင်စိတ်တို့သည် ဥပေက္ခာသဟဂုတ်စိတ်သာ ဖြစ်ရပေမည်။ သို့ရာတွင် သောမနဿစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူမှာ ဘဝင်သည်လည်း သောမနဿဘဝင်ဖြစ်နေ၍ ဒေါသဇော၏ နောက်၌ မူလဘဝင်သောမနဿဖြစ်ရန် မသင့်လျော်ချေ။ ထို့ကြောင့် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ဒေါသဇော၏ နောက်၌ အာဂန္တုက ဘဝင်အဖြစ်ဖြင့် ဝင်ရောက်ဖြစ်ပေးရသည်။ ထိုအာဂန္တုကဘဝင်စိတ်သည် မိမိ အလေ့အကျင့်များသည့် ကာမအာရုံတစ်ခု ခုကို အာရုံပြုရသည်။ ထိုအာဂန္တုက ဘဝင်နောက်၌ မူလဘဝင်(သောမနဿဘဝင် များ) ဆက်လက်ဖြစ်နိုင်သည်။

**ဝိပါက်အမှန်၊ ဇောအပြန်**

ဝိပါက်စိတ်များသည် သတ်မှတ်ထားသည့်အာရုံအတိုင်း ပုံမှန်ဖြစ်လေ့ ဖြစ်ထရှိသည်။ အနိဋ္ဌာရုံ၌ အကုသလဝိပါက်ဖြစ်၍ ဣဋ္ဌာရုံနှင့်အတိဣဋ္ဌာရုံ

www.burmeseclassic.com

www.burmeseclassic.com



တို့၌ ကုသလဝိပါက်သာဖြစ်ကြသည်။ သို့ရာတွင် ဇောစိတ်မှာမူ မူလခေတ်ခံ စိတ်နေစိတ်ထားအရ အနိဋ္ဌာရုံ၌ ကုသိုလ်ဇော၊ သောမနဿဇော စောနိုင်၍ ဣဋ္ဌာရုံ၌ အကုသိုလ်ဇော၊ ဒေါသဇောများ၊ ဥပေက္ခာဇောများ စောနိုင်သည်။ ဥပမာ- အနိဋ္ဌာရုံ ချေးသေကောင်ပုပ်ကိုမြင်သော လင်းတအား အကုသလ ဝိပါက်စက္ခုဝိညာဏ်ဖြစ်သော်လည်း နှစ်သက်မှု၊ သာယာမှု သောမနဿဇော များစောနိုင်သည်။ အလွန်မြတ်နိုးဘွယ်ရာ ဘုရားစသော အတိဣဋ္ဌာရုံ၌ မိစ္ဆာ ဒိဋ္ဌိအယူရှိသူများမှာ ကုသလဝိပါက်စက္ခုဝိညာဏ် ဖြစ်သော်လည်း မနှစ်သက်မှု ပြစ်မှားဖျက်ဆီးလိုမှု၊ အကုသိုလ်ဒေါသဇောများ ဥပေက္ခာဇောများ စောလေ သည်။ ထို့ကြောင့် " ဝိပါက်အမှန် ဇောအပြန်" ဟုဆိုရိုးစကားထားခဲ့ကြသည်။

### ပရိကပ္ပဣဋ္ဌာရုံ၊ ပရိကပ္ပအနိဋ္ဌာရုံ

ပရိကပ္ပကြံစည်တွေးတောမှုအရ ကပြောင်းကပြန် ဖောက်ပြန်စွာ ထင်မြင်ယူဆတတ်ကြသည်။ မစင်သည် ရွာဝက်များအတွက်၊ ချေးသေကောင် ပုပ်သည်လင်းတများအတွက် ပရိကပ္ပဣဋ္ဌာရုံဖြစ်သည်။ မြတ်စွာဘုရားရှင် သည်မိစ္ဆာဒိဋ္ဌိများအတွက် ပရိကပ္ပအနိဋ္ဌာရုံဖြစ်သည်။ သဘာဝဣဋ္ဌာရုံ၊ အနိဋ္ဌာရုံတို့ကို မဇ္ဈိမ(အလယ်အလတ်) လူတန်းစားဖြင့် ခွဲခြားသတ်မှတ်ရသည်။

### ဇောဖြစ်ခွင့်သတ်မှတ်ခြင်း

ကာမဝစရစိတ် ၅၄-ခုတို့၌ ပါဝင်သော ကာမဇော ၂၉-ပါးတို့သည် ဝီထိတစ်ခုအတွင်း ဖြစ်ပေါ်ရာ၌ ဇော- ခုနစ်ကြိမ်၊ (သို့မဟုတ်) ခြောက်ကြိမ် စောလေ့ရှိသည်။ မေ့မြောနေသောအခါ သေခါနီးအခါ စသည်တို့၌မှီရာ ဟဒယဝတ္ထုရုပ်အားနည်းသောကြောင့် ငါးကြိမ်သာလျှင်စောသည်။

အဘိညာဉ်တန်ခိုးတစ်ခုကို ဖန်ဆင်းရာ ဈာန်ငါးပါးကို တစ်ကြိမ်စီ ဝင်စား၍ ယင်းဈာန်တို့၌ ပါရှိသော ဈာန်အင်္ဂါတစ်ခုစီကို အာရုံပြု၍ ပစ္စဝေက္ခဏာဝီထိဖြစ်ရသည်။ ယင်းပစ္စဝေက္ခဏာဇောသည် မဟာကုသိုလ် နှင့်မဟာကြိယာစိတ်များသာ ဖြစ်ကြသည်။မြတ်စွာဘုရားရှင်သည် ရေ၊ မီး၊ အစုံစုံ တန်ခိုးပြာဋိဟာကို ဖန်ဆင်းရာ၌ မီးကသိုဏ်း ဝန်းနိမိတ်ကို အာရုံပြု၍ ဈာန်ငါးပါးအစဉ်အတိုင်း ဝင်စားခြင်း၊ ဈာန်မှထပြီးနောက် ထိုဈာန်အင်္ဂါတို့ကို

www.burmeseclassic.com



ဆင်ခြင်မှုပစ္စဝေက္ခဏာဝီထိ ဖြစ်ရသည်။ တဖန်ရေကိုဖန်ဆင်းလိုရာ၌ ရေကသိုဏ်းနိမိတ်ကို အာရုံပြု၍ ဈာန်ငါးဆင့်ကို အစဉ်အတိုင်း ဝင်စားခြင်း၊ ဈာန်အင်္ဂါတို့ကို ပစ္စဝေက္ခဏာဆင်ခြင်မှု ဝီထိများဖြစ်ပေါ်ရသည်။ ကြည့်ရှုသူပရိသတ်များ၏အမြင်၌ မြတ်စွာဘုရားကိုယ်တော်မှ ထွက်ပေါ်နေသော မီးအလျှံနှင့် ရေအယဉ်တို့သည် တပြိုင်နက်ထွက်ပေါ်နေသည်ဟု ထင်ရသည်။ ထိုသို့ဖြစ်စေရန် ကသိုဏ်းဈာန်ဝင်စားခြင်းနှင့် ပစ္စဝေက္ခဏာဆင်ခြင်ခြင်းတို့ကိုအလျင်အမြန် တလှည့်စီ ပြောင်းလဲပြုလုပ်ရန် လိုအပ်ပေသည်။ ထို့ကြောင့် ဈာန်အင်္ဂါတို့ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဇောသည် မြတ်စွာဘုရားရှင်အား လေးကြိမ်၊ ရှင်မောဂ္ဂလာန်စသည်တို့အား ငါးကြိမ်သာစောရသည်။

ပထမဦးဆုံးရရှိသည့် ဈာန်ငါးပါးသည် ဇောတစ်ကြိမ်သာဖြစ်ရသည်။ အလားတူ အဘိညာဉ်ဇောသည်လည်း တစ်ကြိမ်သာဖြစ်သည်။ ဇောနောင်ဘွင်ကျသည်။

မဂ္ဂဝီထိ၌ မဂ်လေးပါးလုံး မဂ်ဇောတစ်ကြိမ်သာစောသည်။ မဂ်ဇောနောက်၌မှုဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်ဖြစ်၍ ဘွင်ကျသည်။

နိရောဓသမာပတ်ဝင်စားသည့်အခါ စတုတ္ထအာရုပ္ပဇော(နေဝသညာနာသညာယတနဇောစိတ်)သည် နှစ်ကြိမ်ဖြစ်ပြီးနောက် ချုပ်ငြိမ်းမှု နိရောဓသို့ဆိုက်ရောက်၏။ ထိုနိရောဓသမာပတ်မှ ပြန်လည်ထသည့်အခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်ဇောတစ်ကြိမ်ဖြစ်၍ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ်ဇောတစ်ကြိမ်ဖြစ်ပြီးနောက် ဘွင်ကျသည်။

ဈာန်ဝင်စားသည့် ဈာနသမာပတ္တိဝီထိ၌ ဈာန်ဇောများသည် အပိုင်းအခြားအကန့်အသတ်မရှိ အကြိမ်များစွာစောနိုင်သည်။ ဖိုလ်ဝင်စားသည့် ဖလသမာပတ္တိဝီထိ၌လည်း အလားတူဖိုလ်ဇောများ အကြိမ်များစွာစောနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ပိုင်း

### စိတ်ကိုခွဲခြမ်းစိတ်ဖြာခြင်း

စိတ်သည်ပင်ကိုယ် သဘာဝအားဖြင့် ကြည်လင်သည်၊ တောက်ပသည်၊ ဖြူစင်သန့်ရှင်းသည်။ အာဂန္တုကဖြစ်သော ကိလေသာအညစ် အကြေးများဝင်ရောက်ယှဉ်တွဲပေါင်းစပ်မှုကြောင့် စိတ်သည် နောက်ကျိသွားသည် ညစ်နွမ်းသွားသည် ဤကဲ့သို့ စိတ်ကို မှီတွယ်၍ ချယ်လှယ်သော စေတသိက်များကို အကြောင်းပြု၍ စိတ်သည် အမျိုးမျိုးကွဲပြားလာရသည်။

### ဝေဒနာနှင့် ယှဉ်တွဲမှု

ခံစားမှုကို ဝေဒနာဟုဆိုလိုသည်။ သာယာဖွယ်ခံစားမှုကို သုခဝေဒနာ၊ ပျော်ရွှင်ဖွယ်ရာ ခံစားမှုကို သောမနဿဝေဒနာ၊ နာကျင်ခံစားမှုကို ဒုက္ခဝေဒနာ၊ စိတ်နှလုံး မသာမယာခံစားမှုကို ဒေါမနဿဝေဒနာ၊ လျစ်လျူမှုကို ဥပေက္ခာဝေဒနာဟု- ဝေဒနာငါးမျိုးရှိသည်။

### သဟဂတ-သဟဂုတ်

ယင်းဝေဒနာ အသီးသီးနှင့် စိတ်သည် တစ်လှည့်စီယှဉ်တွဲသည်၊ အတူတကွဖြစ်သည်။ ယင်းကဲ့သို့ အတူဖြစ်ခြင်းကို သဟဂတ- သဟဂုတ်ဟု သုံးနှုန်းရသည်။ ထို့ကြောင့် ---

(က) သုခသဟဂတစိတ္တ - သုခသဟဂုတ်စိတ် - သုခဝေဒနာနှင့်တကွ ဖြစ်သောစိတ်။

(ခ) သောမနဿသဟဂတစိတ္တ - သောနမသဟဂုတ်စိတ် - သောမနဿဝေဒနာနှင့်တကွ ဖြစ်သောစိတ်။

(ဂ) ဒုက္ခသဟဂတစိတ္တ - ဒုက္ခသဟဂုတ်စိတ် - ဒုက္ခဝေဒနာနှင့်တကွဖြစ်သောစိတ်။

(ဃ) ဒေါမနဿသဟဂတစိတ္တ- ဒေါမနဿ သဟဂုတ်- ဒေါမနဿဝေဒနာနှင့်တကွဖြစ်သောစိတ်။

(င) ဥပေက္ခာသဟဂတစိတ္တ - ဥပေက္ခာသဟဂုတ်စိတ်- ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သောစိတ်။

www.burmeseclassic.com

www.burmeseclassic.com



(စ) လောဘသဟဂတစိတ္တ- လောဘသဟဂုတ်စိတ်- လောဘနှင့်တကွဖြစ်သော စိတ်။

သမ္ပယုတ္တ - သမ္ပယုတ်၊

ဝိပ္ပယုတ္တ - ဝိပ္ပယုတ်

ဒိဋ္ဌိစေတသိက်၊ ဒေါသစေတသိက်၊ ဥဒ္ဓစ္စစေတသိက်၊ ဝိစိကိစ္ဆာစေတသိက်၊ ပညာစေတသိက် တို့နှင့် ယှဉ်လျှင် သမ္ပယုတ္တ- သမ္ပယုတ်ဖြစ်၍ မယှဉ်လျှင် ဝိပ္ပယုတ္တ - ဝိပ္ပယုတ်ဖြစ်သည်။

(က) ဒိဋ္ဌိဂတသမ္ပယုတ္တ - ဒိဋ္ဌိဂတသမ္ပယုတ် - ဒိဋ္ဌိနှင့်ယှဉ်သောစိတ်။

(ခ) ဒိဋ္ဌိဂတဝိပ္ပယုတ္တ - ဒိဋ္ဌိဂတဝိပ္ပယုတ်- ဒိဋ္ဌိနှင့်မယှဉ်သောစိတ်။

(ဂ) ပဋိဃသမ္ပယုတ္တ- ပဋိဃသမ္ပယုတ်- ဒေါသနှင့်ယှဉ်သောစိတ်။

(ဃ) ဝိစိကိစ္ဆာသမ္ပယုတ္တ- ဝိစိကိစ္ဆာသမ္ပယုတ်- ဝိစိကိစ္ဆာနှင့်ယှဉ်သောစိတ်။

(င) ဥဒ္ဓစ္စသမ္ပယုတ္တ- ဥဒ္ဓစ္စသမ္ပယုတ် - ဥဒ္ဓစ္စနှင့်ယှဉ်သောစိတ်။

(စ) ဉာဏသမ္ပယုတ္တ-ဉာဏသမ္ပယုတ်-ဉာဏ်(ပညာ)နှင့် ယှဉ်သောစိတ်။

(ဆ) ဉာဏဝိပ္ပယုတ္တ- ဉာဏဝိပ္ပယုတ်- ဉာဏ်(ပညာ)နှင့် မယှဉ် သောစိတ်။

**အသင်္ခါရိ သသင်္ခါရိက**

ကြိုတင်၍ ပြုပြင်စီမံမှုရှိသောစိတ်ကို သသင်္ခါရိကစိတ်ဟုခေါ် ဆိုရသည်။ ကြိုတင်၍ပြုပြင်စီမံမှု၊ တိုက်တွန်းမှုမရှိပဲ အလိုအလျောက် ပြုလုပ်လိုသော ထက်မြက်သောစိတ်ကို အသင်္ခါရိကစိတ်ဟု ခေါ်ဆိုရသည်။ သူတစ်ပါး၏တိုက်တွန်းမှု စေခိုင်းမှု မိမိစိတ်ကို မိမိဘာသာ ပြုပြင်တိုက်တွန်းမှု ရှိနေလျှင် သသင်္ခါရိကစိတ် ဖြစ်သည်။

နံနက်စောစောအိပ်ရာထ၊ ဘုရားရှိခိုးရာ၌ ဆရာမိဘ၏ တိုက်တွန်းမှု၊ သို့မဟုတ် မိမိစိတ်ကို မိမိ ဘာသာ ဆင်ခြင်စဉ်းစား ဆုံးမပဲ့ပြင်မှုကြောင့် ဘုရားရှိခိုးလျှင် သသင်္ခါရိက ကုသိုလ်စိတ်ဖြစ်သည်။ ထိုကဲ့သို့ ပြုပြင်စီမံခြင်း၊ တိုက်တွန်းခြင်း မပြုလုပ်ရပဲ အလေ့အကျင့် အရှိန်အဟုန်ရ၍ အလိုအလျောက် သွက်သွက်လက်လက် အိပ်ရာထ၍ ဘုရားရှိခိုးလျှင် အသင်္ခါရိက ကုသိုလ်စိတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိအား သူတစ်ပါးပုတ်ခတ်စော်ကားပြောသံကြား၍ ချက်ခြင်းဒေါသဖြစ်လျှင် အသင်္ခါရိက ဒေါသမူစိတ်ဖြစ်သည်။ ထိုသို့မဟုတ်ပဲ မိမိကြားလိုက်သည့်စကား အဓိပ္ပါယ်ကို အပြန်ပြန်အလှန်လှန်စဉ်းစား၍ ကာလအတန်ကြာမှ ဒေါသဖြစ်လျှင် သသင်္ခါရိက ဒေါသမူစိတ်ဖြစ်သည်။ သို့မဟုတ် မိမိဘက်သားတစ်ဦးက မခံနှင့်၊ ပြန်ပြော။ ပြန်လုပ်စသည်ဖြင့် အားပေးအားမြှောက်ပြုသည့်အခါမှ စိတ်ဆိုးလာလျှင် သသင်္ခါရိက ဒေါသမူစိတ်ဖြစ်သည်။

လိုချင်ဖွယ်ရာ ပစ္စည်းဝတ္ထုတစ်ခုကို တွေ့မြင်ရ၍ မြင်မြင်ချင်း လိုလားတပ်မက်မှုဖြစ်လျှင် အသင်္ခါရိက လောဘမူစိတ်ဖြစ်၏။ မြင်မြင်ချင်း လိုလားတပ်မက်စိတ် မဖြစ်ပဲ သူတစ်ပါးလှုံ့ဆော်တိုက်တွန်းမှု ပယောဂတစ်ခုခုကြောင့် လိုချင်တပ်မက်မှုဖြစ်လျှင် သသင်္ခါရိက လောဘမူစိတ်ဖြစ်သည်။

## ကုသိုလ်နှင့် အကုသိုလ်

အပြစ်ကင်းမဲ့၍ ချမ်းသာသုခကောင်းကျိုးကို ဖြစ်စေတတ်သောစိတ်သည် ကုသလ= ကုသိုလ်စိတ်မည်၏။ ပညာရှိတို့ ကဲ့ရဲ့ဖွယ်အပြစ်နှင့် တကွဖြစ်၍ ဆင်းရဲသော မကောင်းကျိုးကို ဖြစ်စေတတ်သောစိတ်သည် အကုသလ= အကုသိုလ်စိတ်မည်၏။

## ဝိပါက်နှင့် ကြိယာ

ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့သည် အကြောင်းတရားတို့မည်ကုန်၏။ ယင်းအကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ရသော အကျိုးစိတ်များကို ဝိပါက= ဝိပါက်စိတ်များဟုခေါ်ဆိုရသည်။ ကုသိုလ် အကုသိုလ် ဟူသော အကြောင်းစိတ်လည်းမဟုတ်၊ ယင်းအကြောင်း၏ အကျိုးစိတ်လည်း မဟုတ်သော စိတ်ကို ကြိယာစိတ်ဟုခေါ်ဆိုရသည်။ ကြိယာစိတ်သည် အမှန်စင်စစ် ဘုရား ရဟန္တာတို့၏ သန္တာန်၌ဖြစ်သော ကုသိုလ်စိတ်နှင့် အလားတူသော စိတ်များပင် ဖြစ်သည်။ ဘုရား၊ ရဟန္တာတို့၌ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသော်လည်း အကျိုးပေးခြင်း မရှိတော့သဖြင့် ပြုကာမတ္တမျှသာဖြစ်သောကြောင့် ကြိယာစိတ်ဟုခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



## စိတ်တစ်ခုယုတ် ကိုးဆယ် (၈၉)ရေတွက်ပုံ

**ဇာတိအားဖြင့် ရေတွက်ပုံ**

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂ |
| ကုသိုလ်စိတ် | ၂၁ |
| ဝိပါက်စိတ် | ၃၆ |
| ကြိယာစိတ် | ၂၀ |

-----------

ပေါင်း ၈၉- ပါး

**ဘုံအားဖြင့် ရေတွက်ပုံ**

| | |
|---|---|
| ကာမာဝစရစိတ် | ၅၄ |
| ရူပါဝစရစိတ် | ၁၅ |
| အရူပါဝစရစိတ် | ၁၂ |
| လောကုတ္တရာစိတ် | ၈ |

----------

ပေါင်း ၈၉- ပါး

ပါဠိဘာသာ၌ ဆယ်ပြည့်ဂဏန်း၏ရှေ့၌ရှိသော (၁၉၊ ၂၉) စသောဂဏန်းများကို ဆယ့်ကိုး၊ နှစ်ဆယ့်ကိုး စသည်ဖြင့် ကိုးအဆုံးသတ်သော ဂဏန်းအရေအတွက်ဖြင့် အသုံးပြုလေ့မရှိကြချေ၊ တစ်ခုယုတ်လျော့ခြင်း (ဧကူန) ကို သုံးနှုန်းလေ့ရှိကြ သည်။ (ဧက- တစ်+ ဦန- ယုတ်လျော့ခြင်း) ဥပမာ- ဧကူနဝီသတိ- တစ်ခု ယုတ်နှစ်ဆယ်(၁၉)၊ ဧကူနနဝုတိ- တစ်ခုယုတ် ကိုးဆယ်(၈၉)စသည်ဖြင့် သုံးနှုန်းကြသည်။ ထို့ကြောင့် စိတ်တစ်ခုယုတ် ကိုးဆယ်ဟုဆိုရာ၌ ကိုးဆယ်ပြည့်ရန် တစ်ခုလိုနေသည်ဟု ဆိုလိုသည်။ စိတ်တစ်ခု၊ ရုပ်ကိုးဆယ်ဟု အဓိပ္ပါယ် ကောက်ယူခြင်းမပြုရ။

စိတ် ၈၉ ပါးတို့တွင် ရှေးဦးစွာ အကုသိုလ်စိတ် (၁၂ ) ပါးကို အသေးစိတ်ရေတွက်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



### အကုသိုလ်စိတ်- ၁၂ ပါး

| | |
|---|---|
| လောဘစိတ် | ၈- ပါး |
| ဒေါသမူစိတ် | ၂- ပါး |
| မောဟမူစိတ် | ၂- ပါး |

**လောဘမူစိတ် (၈) ပါး**

| | | | | |
|---|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ်- | ၁- ပါး |
| ၂။ | ။ | ။ | သသင်္ခါရိကစိတ်- | ၁- ပါး |
| ၃။ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ်- | ၁- ပါး |
| ၄။ | ။ | ။ | သသင်္ခါရိကစိတ်- | ၁- ပါး |
| ၅။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ်- | ၁- ပါး |
| ၆။ | ။ | ။ | သသင်္ခါရိကစိတ် | ၁- ပါး |
| ၇။ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ်- | ၁- ပါး |
| ၈။ | ။ | ။ | သသင်္ခါရိကစိတ် | ၁- ပါး |

**ဒေါသမူစိတ်(၂)ပါး**

| | | | | |
|---|---|---|---|---|
| ၁။ | ဒေါမနဿသဟဂုတ် | ပဋိဃသမ္ပယုတ် | အသင်္ခါရိကစိတ်- | ၁- ပါး |
| ၂။ | ။ | | သသင်္ခါရိကစိတ်- | ၁- ပါး |

**မောဟမူစိတ်(၂)ပါး**

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | ၁- ပါး |
| ၂။ | ။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁- ပါး |

www.burmeseclassic.com

www.burmeseclassic.com



**ဝေဒနာအားဖြင့်ခွဲပုံ**

| | |
|---|---|
| သောမနဿသဟဂုတ်စိတ် | ၄- ပါး |
| ဥပေက္ခာသဟဂုတ်စိတ် | ၆- ပါး |
| ဒေါမနဿသဟဂုတ်စိတ် | ၂- ပါး |
| ပေါင်း | ၁၂- ပါး |

**သမ္ပယုတ်ဝိပ္ပယုတ်အားဖြင့်ခွဲပုံ**

| | |
|---|---|
| ဒိဋ္ဌိဂတသမ္ပယုတ်စိတ် | ၄- ပါး |
| ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် | ၄- ပါး |
| ပဋိဃသမ္ပယုတ်စိတ် | ၂- ပါး |
| ဝိစိကိစ္ဆာသမ္ပယုတ်စိတ် | ၁- ပါး |
| ဥဒ္ဓစ္စသမ္ပယုတ်စိတ် | ၁- ပါး |
| ပေါင်း | ၁၂-ပါး |

**အသင်္ခါရိက သသင်္ခါရိကခွဲပုံ**

| | |
|---|---|
| အသင်္ခါရိကစိတ် | ၅- ပါး |
| သသင်္ခါရိကစိတ် | ၅- ပါး |
| အသင်္ခါရိက သသင်္ခါရိကမဟုတ်သောစိတ် | ၂- ပါး (မောဟမူဒွေ) |
| ပေါင်း | ၁၂ - ပါး |

**လောဘမူစိတ်(၈)ပါးဖြစ်ပေါ်ပုံ**

(က) လိုချင်တပ်မက်သောစိတ်ဖြင့် သူတစ်ပါးပစ္စည်းကို ဝမ်းမြောက်ဝမ်းသာတိုက်တွန်းမှုမပါပဲ ခိုးယူ၏၊ အပြစ်မရှိဟု ယူဆ၏၊ ဤခိုးမှု၌ လောဘမူ ပထမစိတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



( ခ) အထက်ပါနည်းအတိုင်း ခိုးယူရာ၌ အဖော်ကောင်း၍ အဖော်က သွေးဆောင်တိုက်တွန်း၍ ခိုးလျှင်လောဘမူ ဒုတိယစိတ်ဖြစ်၏။

( ဂ) သူတစ်ပါးပစ္စည်းကို ဝမ်းမြောက်ဝမ်းသာ မိမိစိတ်လိုလက်ရ ခိုးယူရာ၌အပြစ်ရှိသည်ဟုယူဆ၏၊ သို့ရာတွင် သူများနည်းတူ ပစ္စည်းပိုင်ဆိုင်လိုမှု၊ အောက်ကျမခံလိုမှု၊ မာနကို ရှေ့တန်းတင် ခိုးလျှင် တတိယလောဘမူစိတ်ဖြစ်၏။

(ဃ) ယင်းနည်းအတိုင်း ခိုးယူရာ၌ သူတစ်ပါးသွေးဆောင် တိုက်တွန်း ခြင်းကြောင့် ခိုးလျှင် စတုတ္ထ လောဘမူစိတ်ဖြစ်၏။

( င) သူတစ်ပါးပစ္စည်းကို ခိုးရာ၌ အပြစ်မရှိဟုယုံကြည်၏၊ တိုက်တွန်း ခြင်းမရှိပဲ မိမိဆန္ဒအတိုင်းခိုး၏၊ သို့ရာတွင် ခိုးရာပါပစ္စည်းမှာ မိမိအကြိုက်နှင့်မကိုက်ညီသဖြင့် ဝမ်းမြောက်ဝမ်းသာမရှိချေ၊ တစ်နေရာ၌ လိုအပ်သည့် အခါသုံးစွဲရန်သဘောထား၍ ယူထားလိုက်သည်။ ထိုအခါ ပဉ္စမလောဘမူစိတ်ဖြစ်၏။

( စ) ယင်းသို့ခိုးယူရာ၌ တိုက်တွန်းခြင်း သူတစ်ပါး၏ ပယောဂ ပါလျှင် ဆဋ္ဌလောဘမူစိတ်ဖြစ်သည်။

(ဆ) တစ်ဖန် ခိုးမှုကို အပြစ်ရှိသည်ဟု ယူဆငြားသော်လည်း မခံချင် စိတ်ဖြင့် အများနည်းတူ ပိုင်ဆိုင်လိုသည်၊ တိုက်တွန်းမှုမရှိပဲ မိမိဆန္ဒဖြင့်ခိုးသည်။ ခိုးရသည့်ပစ္စည်းကိုမူ နှစ်နှစ်ခြိုက်ခြိုက် မရှိပါက သတ္တမလောဘမူစိတ်ဖြစ်သည်။

( ဇ) အလားတူခိုးမှုပြုရာ၌ သူတစ်ပါးတိုက်တွန်းမှုပါလျှင် အဋ္ဌမ လောဘမူစိတ် ဖြစ်သည်။

မိမိကိုယ်ပိုင် ပစ္စည်းကို တပ်မက်တွယ်တာရာ၌လည်း လောဘမူ စိတ်များဖြစ်ကြသည်၊ တဏှာရာဂစိတ်များသည် လောဘမူစိတ်များ ဖြစ်ကြသည်။

**ဒေါသမူစိတ်(၂)ပါးဖြစ်ပုံ**

တစ်စုံတစ်ဦးကို ရိုက်နှက်ညှင်းဆဲသတ်ဖြတ်ရာ၌ မုန်းတီးစိတ် ဖျက်ဆီးလိုစိတ်ရှိ၍ တိုက်တွန်းမှုမရှိပဲ မိမိအလိုအလျောက် လွန်ကျူး၏။ ထိုအခါ ဒေါသမူ ပဌမစိတ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ပြုမူရာတွင် သူတစ်ပါးတိုက်တွန်းခြင်းကြောင့် ဖြစ်လျှင် ဒုတိယဒေါသမူစိတ်ဖြစ်သည်။

**မောဟမူစိတ်(၂)ပါးဖြစ်ပုံ**

ဘုရား တရား သံဃာ ရတနာသုံးပါး၌ ယုံမှားသံသယ ဖြစ်ခြင်း၊ ကံ၊ ကံ၏အကျိုး၌ ယုံမှား သံသယဖြစ်ခြင်း၊ အတိတ်ဘဝ၊ အနာဂတ်ဘဝ၊ ရှိ မရှိ ယုံမှား သံသယဖြစ်ခြင်းတို့သည် ဝိစိကိစ္ဆာမည်၏။

ကုသိုလ်အာရုံ၊ ကောင်းသောအာရုံများ၌ တည်ငြိမ်စွာ တည်ကြည်စူးစိုက်စွာ အာရုံမပြုနိုင်ပဲ တောရောက် တောင်ရောက် ပေါက်ကရလေးဆယ် အာရုံပြန့်လွင့်နေခြင်းသည် ဥဒ္ဓစ္စနှင့် ယှဉ်သော မောဟမူစိတ်ဖြစ်သည်။

**အဟိတ်စိတ်-၁၈-ပါး**

ဟေတု = အကြောင်းတရား။

ဟေတု- အရ= လောဘ၊ ဒေါသ၊ မောဟ၊ အကုသိုလ်ဟိတ်-၃-ပါး၊

အလောဘ၊ အဒေါသ၊ အမောဟကုသိုလ်ဟိတ်- ၃-ပါး၊ ပေါင်း ဟိတ်-၆-ပါးရှိသည်။ ယင်းဟိတ်တို့နှင့် မယှဉ်သောစိတ်ကို အဟေတုက အဟိတ်စိတ် ဟုခေါ်သည်။

ဟေတု- ဟိတ်အကြောင်းတရားသည် ရေသောက်မြစ်နှင့် ဥပမာတူကြသည်၊ ရေသောက်မြစ် မရှိသော သစ်ပင်သည် ခိုင်မြဲခြင်းမရှိ။

**အကုသိုလ်ကံ၏ အကျိုးများ**

အကုသိုလ်စိတ် ၁၂-ပါးရှိသည့်အနက် ဥဒ္ဓစ္စနှင့်ယှဉ်သော အကုသိုလ်စေတနာကံသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ ပဝတ္တိအကျိုးကိုသာပေးနိုင်သည်။ ထို့ကြောင့် ဥဒ္ဓစ္စသမ္ပယုတ်စိတ်ကြဉ်သော အကုသိုလ်စိတ် ၁၁-ပါးနှင့် ယှဉ်သော အကုသိုလ်စေတနာကံသည် အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုးကို ပေးသည်၊ ကြီးလေးသော အကုသိုလ်ကံသည် ငရဲပြည်၌ ပဋိသန္ဓေအကျိုးကို ပေးသည်။ ထို့ထက် အပြစ်အနည်းငယ်ပေါ့ပါက အသူရကာယ်ဘုံ၌ အကျိုးပေးသည်။ ထို့ထက် အပြစ်ပေါ့ပါက ပြိတ္တာဘုံ၌ အကျိုးပေးသည်။ ထို့ထက်

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ပေါ်ပါက တိရစ္ဆာန်ဘုံ၌ အကျိုးပေးသည်။ ပဋိသန္ဓေစိတ်မှာမူ အဟိတ် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်တစ်မျိုးသာဖြစ်သည်။ ထို့ကြောင့် ယင်းပဋိသန္ဓေအမျိုးအစားကို နာနတ္တကာယ ဧကတ္တသညီဟု ခေါ်သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူ၍ ကိုယ်ကာယအားဖြင့် အမျိုးမျိုးကွဲပြားသော်လည်း ပဋိသန္ဓေဝိညာဏ်စိတ်မှာ တစ်မျိုးတည်းသာ ဖြစ်သည်။ အကုသိုလ် စိတ် ၁၂-ပါးနှင့် ယှဉ်သော အကုသိုလ်စေတနာကံသည် ပဝတ္တိအခါ၌ အဟိတ်အကုသလဝိပါက်စိတ် ၇-ပါးတို့ကို ဖြစ်စေသည်။ အနိဋ္ဌာရုံများကို မြင်ရ ကြားရ တွေ့ရသည့်အခါ အကုသိုလ်၏အကျိုးဖြစ်သော စက္ခုဝိညာဏ်စသော ဝိညာဏ်(၅)ပါးတို့ ဖြစ်ကြသည်။ ဘုံအားဖြင့်မူ ကာမ ၁၁-ဘုံနှင့် ရူပါဝစရဘုံတို့၌ ဖြစ်နိုင်ကြသည်။ ဥပမာ -အားဖြင့် လူနတ် ရူပဗြဟ္မာတို့အား လှပြည်၌ရှိသော ခွေးကောင်ပုပ်၊ လူကောင်ပုပ် စသော ယုတ်ညံ့သည့် အဆင်းရူပါရုံတို့ကို မြင်ရသည့်အခါ အကုသလဝိပါက် စက္ခုဝိညာဏ်စိတ်ဖြစ်သည်။

**ကုသိုလ်ကံ၏ အကျိုးများ**

လူနတ်ဗြဟ္မာ သတ္တဝါတို့အား ကောင်းသောနှစ်သက်ဖွယ်ရှိသော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိအာရုံများကို မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့ရသောအခါ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်စိတ်များ ဖြစ်ကြရသည်။

ယခုအခါ အဟိတ် ၁၈-ပါးကို ပြဆိုပါမည် -

**အဟိတ် ၁၈-ပါး**

(က) အကုသလဝိပါက်စိတ် ၇- ပါး
(ခ) ကုသလဝိပါက်စိတ် ၈- ပါး
(ဂ) ကြိယာစိတ် ၃- ပါး

www.burmeseclassic.com

www.burmeseclassic.com



(က) အကုသလဝိပါက်စိတ် ၇-ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် - ၁-ခု
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် - ၁-ခု
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် - ၁-ခု
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် - ၁-ခု
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် - ၁-ခု
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် - ၁-ခု
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် - ၁-ခု

( ခ) ကုသဝိပါက်စိတ် - ၈-ပါး

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် - ၁-ခု
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် - ၁-ခု
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် - ၁-ခု
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် - ၁-ခု
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် - ၁-ခု
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုင်းစိတ် - ၁-ခု
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် - ၁-ခု
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် - ၁-ခု

( ဂ) အဟိတ်ကြိယာစိတ် - ၃-ပါး

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် - ၁-ခု
၂။ ဥပက္ခောသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် - ၁-ခု
၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ် စိတ် - ၁-ခု

ဝေဒနာအားဖြင့်အဟိတ်စိတ်သရုပ်ခွဲပုံ

(၁) ဥပေက္ခာသဟဂုတ် ၁၄-ပါး
(၂) သောမနဿသဟဂုတ် ၂-ပါး
(၃) သုခသဟဂုတ် ၁-ပါး
(၄) ဒုက္ခသဟဂုတ် ၁-ပါး

--------

ပေါင်း ၁၈-ပါး

www.burmeseclassic.com

www.burmeseclassic.com



တနည်းအဟိတ်စိတ် (၁၈)ပါး သရုပ်ခွဲပုံ

| | | |
|---|---|---|
| စက္ခုဝိညာဏ်ဒွေး<br>သောတဝိညာဏ်ဒွေး<br>ဃာနဝိညာဏ်ဒွေး<br>ဇိဝှါဝိညာဏ်ဒွေး<br>ကာယဝိညာဏ်ဒွေး | ဒွေပဉ္စဝိညာဏ် | ၁၀-ပါး |
| ပဉ္စဒွါရာဝဇ္ဇန်း ၁- ပါး<br>သမ္ပဋိစ္ဆိုင်းဒွေ ၂- ပါး | မနောဓာတ် | ၃- ပါး |
| သန္တီရဏ | | ၃- ပါး |
| မနောဒွါရာဝဇ္ဇန်း (ဝုဋ္ဌော) | | ၁- ပါး |
| ဟသိတုပ္ပါဒ်စိတ် | | ၁- ပါး |

လုပ်ငန်းကိစ္စအားဖြင့် ခွဲခြားပုံ ကိစ္စ- ၁၄- ပါး

| | | | |
|---|---|---|---|
| စက္ခုဝိညာဏ် ဒွေး | -၂ ■ | ဒဿန ကိစ္စ | ■ မြင်ခြင်း |
| သောတဝိညာဏ် ဒွေး | -၂ ■ | သဝန ကိစ္စ | ■ ကြားခြင်း |
| ဃနဝိညာဏ် ဒွေး | -၂ ■ | ဃာယန ကိစ္စ | ■ နံခြင်း |
| ဇိဝှါဝိညာဏ် ဒွေး | -၂ ■ | သာယန ကိစ္စ | ■ လျက်ခြင်း |
| ကာယဝိညာဏ် ဒွေး | -၂ ■ | ဖုသန ကိစ္စ | ■ ထိတွေ့ခြင်း |
| သမ္ပဋိစ္ဆိုင်းဒွေး | -၂ ■ | သမ္ပဋိစ္ဆိုင်းကိစ္စ | ■ ခံယူခြင်း |
| သန္တီရဏ | -၃ | | |
| | | (က) သန္တီရဏ ကိစ္စ | ■ စူးစမ်းခြင်း |
| | | (ခ) တဒါရုံကိစ္စ | ■ ရှေ့စိတ်အာရုံကိုဆက်ခံခြင်း။ |
| * ဥပေက္ခာသန္တီရဏ | -၂ ■ | ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ | |
| ပဉ္စဒွါရာဝဇ္ဇန်း | -၁ ■ | အာဝဇ္ဇန်းကိစ္စ | ■ ဆင်ခြင်ခြင်း |
| မနောဒွါရာဝဇ္ဇန်း | -၁ ■ | အာဝဇ္ဇန်း ကိစ္စ၊ ဝုဋ္ဌောကိစ္စ | |
| ဟသိတုပ္ပါဒ် | -၁ ■ | ဇောကိစ္စ | ■ အရှိန်အဟုန်ဖြစ်ခြင်း။ |

www.burmeseclassic.com

www.burmeseclassic.com



စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဟူသော ဝိညာဏ် ငါးမျိုးတို့သည် ကုသလဝိပါတ် ကုသိုလ်၏ အကျိုးနှင့် အကုသလဝိပါက် အကုသိုလ်၏ အကျိုးဟူ၍ နှစ်မျိုးနှစ်စားစီရှိကြသဖြင့် သရုပ်ရေတွက်ရာ၌ ကုသိုလ်အကျိုး နှင့် အကုသိုလ်အကျိုး နှစ်မျိုးကိုပေါင်း၍ ရေတွက်သည့်အခါ စက္ခုဝိညာဏ် ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး ကာယ ဝိညာဏ်ဒွေး ဟူ၍ ဒွေး ငါးမျိုး(ဒွေ-၂ × ပဉ္စ = ၅ =၁၀) ဒွေပဉ္စဝိညာဏ် ၁၀-ဟု ခေါ်ဆိုရသည်။ အလားတူပင် သမ္ပဋိစ္ဆိုင်းသည်လည်း ကုသလဝိပါက် နှင့် အကုသလဝိပါက်နှစ်မျိုး ပူးတွဲ၍ သမ္ပဋိစ္ဆိုင်းဒွေဟုခေါ်ဆိုကြသည်။

သန္တီရဏ မှာမူ အကုသိုလ်ဝိပါက်၌ ဥပေက္ခာသဟဂုတ်၊ သန္တီရဏ တစ်ခု၊ ကုသိုလ်ဝိပါက်၌ ဥပေက္ခာသဟဂုက်၊ သန္တီရဏနှင့် သောမနဿ သဟဂုတ် သန္တီရဏ ဟူ၍ သန္တီရဏသုံးခုရှိသည်။

အဟိတ်ကြိယာ၌ အာဝဇ္ဇန်းခေါ် အာရုံကို ရှေ့ဦးစွာ ယူပေးတတ်သော စိတ်သည် ပဉ္စဒွါရ၌တစ်ခု၊ မနောဒွါရ၌ တစ်ခုဟူ၍ နှစ်မျိုးရှိသည်။ (ပဉ္စဒွါရ = ပဉ္စ = ၅ - ဒွါရ = တံခါးငါးပေါက်၊ မနောဒွါရ = မနောတံခါး) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဟု ဆိုအပ်သော ငါးဒွါရ (ပဉ္စဒွါရ)၌ ဖြစ်သော အာဝဇ္ဇန်းစိတ်ကို ပဉ္စဒွါရာဝဇ္ဇန်းဟုခေါ်ဆိုရသည်။ မနောတံခါးပေါက်၌ ဖြစ်သော အာဝဇ္ဇန်းကို မနောဒွါရာဝဇ္ဇန်းဟုခေါ်ဆိုရသည်။ ယင်းအာဝဇ္ဇန်း ၂-ခုပေါင်း၍ အာဝဇ္ဇန်းဒွေးဟု ခေါ်ကြသည်။

ပဉ္စဒွါရာဝဇ္ဇန်းစိတ်နှင့် သမ္ပဋိစ္ဆိုင်းဒွေ ဤသုံးပါးကို မနောဓါတ် သုံးပါးဟု ခေါ်ဆိုရသည်။ မနောဒွါရာဝဇ္ဇန်းစိတ်သည် ပဉ္စဒွါရဝီထိ၌ ပါဝင်ဖြစ်ရသည့်အခါ သန္တီရဏစိတ်နှင့် ဇောစိတ်တို့၏ ကြား၌ဖြစ်ပေါ်၍ ဝေါဋ္ဌပ္ပန = ဝုဋ္ဌောဟုဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟသိတုပ္ပါဒ်စိတ်မှာ ဘုရားရဟန္တာတို့ ရယ်ရွှင်ပြုံးရွှင်သည့်အခါ ဖြစ်ပေါ်ရသည်၊ ဟသိတုပ္ပါဒ = ဟသိတ + ဥပ္ပါဒဟုပုဒ်ဖြတ်၍ ဟသိတံ-ရယ်ရွှင် ခြင်းကို၊ ဥပ္ပါဒေတိ = ဖြစ်စေတတ်၏၊ ဟူသော အဓိပ္ပါယ်အရ ရယ်ရွှင်သည့်အခါ၌သာ ဖြစ်ပေါ်ရသည်။ အဟိတ်စိတ် (၁၈) ပါးရှိသည့်အနက် ဤဟသိတုပ္ပါဒ်စိတ် တစ်ခုသာလျှင် ဇောကိစ္စတပ်နိုင်သည်။ ကျန်သော အဟိတ်စိတ် - ၁၇-ပါး တို့သည် ဇောမထိုက်ချေ။

**အာရုံအမျိုးမျိုး**

(က) အနိဋ္ဌာရုံ = အလိုမရှိအပ်၊ မနှစ်သက်အပ်သောအာရုံ၊ ရွံရှာစက်ဆုပ်ဘွယ်၊ ကြောက်လန့်ဘွယ် အာရုံ

( ခ) ဣဋ္ဌာရုံ = ဣဋ္ဌမဇ္ဈတ္တာရုံ၊ အလိုရှိအပ် နှစ်သက်အပ်သော အာရုံ အသင့်အတင့် အလယ် အလတ် အလိုရှိအပ်သော အာရုံ၊

( ဂ) အတိဣဋ္ဌာရုံ- လွန်စွာနှစ်သက်အပ် ကောင်းမြတ်သော အာရုံ၊

အနိဋ္ဌာရုံ၌ အကုသလဝိပါက် စိတ်များ ဖြစ်သောကြောင့် ပဥ္စဝိညာဏ် - ၅-ပါး သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့သာဖြစ်ကြသည်။

ဣဋ္ဌာရုံနှင့် ဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလဝိပါက်ဖြစ်သော ပဥ္စဝိညာဏ်-၅-ပါး၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့ဖြစ်ကြသည်။

အတိဣဋ္ဌာရုံ၌ သောမနဿသန္တီရဏ ဖြစ်နိုင်၍သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတပ်သည်။

**အဟိတ်စိတ်နှင့် ဝေဒနာ - ၄-မျိုး**

စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ ဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး ဤရှစ်ပါးတို့သည် ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏၊ အကြောင်းမှု အာရုံနှင့် ဒွါရထင်ဟပ်ရာ၌ အာရုံရုပ်များသည် ညင်သာသိမ်မွေ့သော ဥပါဒါအမှီရုပ်များဖြစ်ကြ၍ အခံရုပ်ဒွါရရုပ်တို့မှာလည်း သိမ်မွေ့သော

www.burmeseclassic.com

www.burmeseclassic.com



ဥပါဒါရုပ်များဖြစ်ကြသောကြောင့် ယင်းတို့ အချင်း ချင်းထိခိုက်မှုသည် ညင်သာ သိမ်မွေ့နူးညံ့သည်၊ ထိုကြောင့် သုခဝေဒနာ ချမ်းသာခြင်းဟူ၍လည်းကောင်း၊ ဒုက္ခဝေဒနာ ဆင်းရဲခြင်းဟူ၍ လည်းကောင်း ပေါ်လွင်ထင်ရှားစွာ မဖြစ်နိုင်သဖြင့် ဥပေက္ခာဝေဒနာ ဖြစ်ရလေသည်၊ ကာယဒွါရ၌ ဖောဋ္ဌဗ္ဗအာရုံ ထင်ဟပ်လာပုံမှာ ပြင်းထန် သိသာ ထင်ရှားလှ သည်၊ အကြောင်းမူ ပထဝီ၊ တေဇော၊ ဝါယောဟူသော ဖောဋ္ဌဗ္ဗအာရုံသည် မဟာဘူတအမာခံရုပ်ကြီးများ ဖြစ်ကြ၍ အလွန်အားကောင်းသည်။ ထိုဖောဋ္ဌဗ္ဗအာရုံသည် ဥပါဒါရုပ် ဖြစ်သော ကာယပသာဒကို ထိခိုက်လာရာ၌ အင်အားကြီးမားသောကြောင့် ကာယပသာဒရုပ်၌ ရပ်တန့်မနေတော့ဘဲ ယင်းကာယပသာဒရုပ်၏မှီရာ မဟာဘူတ အမာခံရုပ်ခေတ်များတိုင်အောင် ထိခိုက်လေတော့သည်။ ယင်းကဲ့သို့ အတိုက်ခေတ်နှင့် အခံခေတ်တို့သည် မဟာဘူတအမာခံခေတ်ကြီးများ ဖြစ်ကြ၍ အာရုံထင်ဟပ်မှု ပြင်းထန်သောကြောင့် မခံမရပ်နိုင်အောင် ပြင်းထန်ပါက ဒုက္ခဝေဒနာနှင့်ယှဉ်သော ဒုက္ခ သဟဂုတ်ကာယဝိညာဏ်စိတ် ဖြစ်ပေါ်လေသည်။ ညင်သာ ခံသာစွာ အာရုံထိခိုက်မှုဖြစ်ပါက သုခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ်ရလေသည်၊ ကုသိုလ်၏ အကျိုးဆက်အာရုံကို ရရှိသဖြင့် သုခသဟဂုတ် ကာယဝိညာဏ် ဖြစ်ရသည်။ အာရုံသည် အကုသိုလ် အကျိုးဆက်ဖြစ်ပါက ဒုက္ခသဟဂုတ် ကာယဝိညာဏ်ဖြစ်လေသည်။ သမ္ပဋိစ္ဆိုင်းခွေးမှာ ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်၊ သန္တိရဏသုံးခုအနက် အကုသိုလ်အကျိုးဖြစ်သော သန္တိရဏမှာ ဥပေက္ခာ ဝေဒနာနှင့်ယှဉ်၍ ကုသိုလ်၏အကျိုးဆက်ဖြစ်သော သန္တိရဏမှာ ဥပေက္ခာ ဝေဒနာနှင့် လည်းကောင်း၊ သောမနဿ ဝေဒနာနှင့် လည်းကောင်း၊ ယှဉ်ရသည်။

အာဝဇ္ဇန်းခွေးမှာလည်း ဝီထိစိတ်ဖြစ်စဉ်တစ်ခု၌ ရှေ့ဆုံးမှ ထွက်ပေါ်လာရာ၌ အာရုံ၏အကောင်းအဆိုးအရသာကို ကောင်းစွာမခံစားနိုင်သဖြင့် ဥပေက္ခာဝေဒနာနှင့်ယှဉ်ရလေသည်။

ဟသိတုပ္ပါဒ်စိတ်မှာမူ ရယ်ရွှင်ခြင်းမျှသာဖြစ်၍ သောမနဿဝေဒနာနှင့်ယှဉ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်အဟိတ်စိတ် ၁၈-ပါးကိုဝေဒနာဖြင့် ခွဲခြမ်းသည်ရှိသော်-

| | |
|---|---|
| သောမနဿဝေဒနာ(သန္တီရဏ၊ ဟသိတုပ္ပါဒ်) | ၂-ပါး |
| သုခဝေဒနာ(ကာယဝိညာဏ်) | ၁-ပါး |
| ဒုက္ခဝေဒနာ(ကာယဝိညာဏ်) | ၁-ပါး |
| ဥပေက္ခာဝေဒနာ (စက္ခု၊ သောတ၊ ဃာန၊ဇိဝှါ၊ သမ္ပဋိစ္ဆိုင်း သန္တီရဏ အာဝဇ္ဇန်း - ၂ပါးစီ) | ၁၄-ပါး |
| ပေါင်း | ၁၈-ပါး |

**အသောဘဏစိတ်နှင့်သောဘဏစိတ်**

သောဘဏ-တင့်တယ်ခြင်း၊ အသောဘဏ-မတင့်တယ်ခြင်း၊ အကုသိုလ်စိတ်-၁၂ပါးနှင့်၊ အဟိတ်စိတ်-၁၈-ပါး၊ ပေါင်း ၃၀-ပါးကို မတင့်တယ်သောကြောင့် အသောဘဏစိတ်ဟုခေါ်ဆိုရ၏။ ကြွင်းသောစိတ် ၈၉ - ၃၀ = ၅၉-ပါး(တစ်ခုယုတ်ခြောက်ဆယ်)တို့ကို သောဘဏစိတ် ဟုခေါ်ဆိုရသည်။

**အသောဘဏစိတ် ၃၀-ပါးကို ဝေဒနာအားဖြင့်ခွဲခြင်း**

| ဝေဒနာ | အကုသိုလ်စိတ် | အဟိတ်စိတ် | ပေါင်း |
|---|---|---|---|
| ၁။ ဥပေက္ခာ | ၆ | ၁၄ | ၂၀ |
| ၂။ သောမနဿ | ၄ | ၂ | ၆ |
| ၃။ ဒေါမနဿ | ၂ | - | ၂ |
| ၄။ သုခ | - | ၁ | ၁ |
| ၅။ ဒုက္ခ | - | ၁ | ၁ |
| | ၁၂- ပါး | ၁၈- ပါး | ၃၀-ပါး |

www.burmeseclassic.com

www.burmeseclassic.com



သောဘဏစိတ်(၅၉)ပါး

ပါဠိဘာသာ၌ (၅၉)သည် ခြောက်ဆယ်ပြည့်ရန် တစ်ခုလိုနေသောကြောင့် (၅၉)ဂဏန်းကို တစ်ခုယုတ် ခြောက်ဆယ်ဟု သုံးနှုန်းကြသည်။

ဇာတိအနွယ်အားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| (က) | ကုသိုလ်စိတ်- | ၂၁-ပါး |
| (ခ) | ဝိပါက်စိတ်- | ၂၁-ပါး |
| (ဂ) | ကြိယာစိတ်- | ၁၇-ပါး |
| | ပေါင်း | ၅၉-ပါး |

ဘုံအားဖြင့်ရေတွက်ပုံ

| | | |
|---|---|---|
| (က) | ကာမာဝစရသောဘဏစိတ် | ၂၄-ပါး |
| (ခ) | ရူပါဝစရစိတ် | ၁၅-ပါး |
| (ဂ) | အရူပါဝစရစိတ် | ၁၂-ပါး |
| (ဃ) | လောကုတ္တရာစိတ် | ၈ပါး |
| | ပေါင်း | ၅၉-ပါး |

ယင်းသောဘဏစိတ် ၅၉-ပါးတို့တွင် ရှေးဦးစွာ ကာမာဝစရ သောဘဏစိတ် (၂၄)ပါးကိုပြဆိုပါမည်။

ကာမာဝစရသောဘဏစိတ်၌ ကုသိုလ်စိတ်၊ ဝိပါက်စိတ်၊ ကြိယာစိတ်ဟူ၍သုံးမျိုး ကွဲပြားသည်။ ယင်းသုံးမျိုးမှာလည်း ထပ်မံ၍ သောမနဿသဟဂုတ်၊ ဥပေက္ခာသဟဂုတ်အားဖြင့် နှစ်မျိုးထပ်မံပြားသည်။ ထပ်ဆင့်၍ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်ဟူ၍လည်း နှစ်မျိုးကွဲပြား၍ သသင်္ခါရိက၊ အသင်္ခါရိက ထပ်မံ ခွဲစိတ်လိုက်သောအခါ၊ စုစုပေါင်း နှစ်ဆယ့်လေးပါး ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



| ဇာတိ | ဝေဒနာ | ဉာဏ် | သင်္ခါရ | |
|---|---|---|---|---|
| ကုသိုလ်၊ဝိပါက် | သောမနဿ | ဉာဏသမ္ပယုတ် | အသင်္ခါရိက | |
| ကြိယာ | ဥပေက္ခာ | ဉာဏဝိပ္ပယုတ် | သသင်္ခါရိက | ပေါင်း |
| ၃ × | ၂ × | ၂ | × ၂ | = ၂၄ |

**ကာမစဝရကုသိုလ်စိတ်(၈)ပါး**

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်- ၁-ခု
(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်- ၁-ခု
(၃) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်- ၁-ခု
(၄) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်- ၁-ခု
(၅) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်- ၁-ခု
(၆) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်- ၁-ခု
(၇) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်- ၁-ခု
(၈) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်- ၁-ခု

ယင်းကာမာဝစရကုသိုလ်စိတ် ရှစ်ပါး၏အကျိုးဖြစ်သော ဝိပါက်စိတ်သည်လည်း ရှစ်ပါးပင် ရှိသည်။ တစ်ဖန် ယင်းကုသိုလ်စိတ်နှင့်အလားတူသော စိတ်ကောင်းစိတ်မြတ်များသည် ဘုရား၊ ရဟန္တာတို့၏ သန္တာန်၌ဖြစ်သောအခါ တစ်စုံတစ်ရာအကျိုးပေးခြင်း မရှိသဖြင့် ကြိယာစိတ်ဟုခေါ်ဆိုရသည်။ ထို့ကြောင့် ကာမာဝစရကုသိုလ်စိတ် ရှစ်ပါးရှိသကဲ့သို့ ကာမာဝစရ ဝိပါက်စိတ်နှင့် ကာမာဝစရကြိယာစိတ်တို့သည်လည်း အသီးသီးရှစ်ပါးစီရှိကြသည်။ ထို့ကြောင့် ကာမာဝစရသောဘဏစိတ်ရှစ်ပါး သုံးလီ-၂၄-ပါးရှိသည်။

ယင်း ကာမာဝစရ သောဘဏစိတ်ကိုပင် မဟာကုသိုလ်စိတ်၊ မဟာဝိပါက်စိတ်၊ မဟာကြိယာစိတ်ဟု ခေါ်ဆိုကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## မဟာကုသိုလ်စိတ် (၈)ပါးအသီးသီးဖြစ်ပုံ

၁။ အလှူဒါနပြုခြင်း၊ သီလ ဆောက်တည်ခြင်း၊ ဂုဏ်တော် ရွတ်ပွားခြင်း၊ မေတ္တာပွားခြင်းတို့ကို ပြုလုပ်ရာ၌ တစ်စုံတစ်ရာ တိုက်တွန်းမှုမရှိပဲ၊ ကောင်းမှုပြုလျှင် ကောင်းကျိုးရနိုင်သည်ဟု အသိဉာဏ်ပညာဖြင့် ဝမ်းမြောက် ဝမ်းသာစွာပြုလုပ်သောအခါ မဟာကုသိုလ်ပဌမစောစိတ်များဖြစ်ပေါ်ရသည်။

၂။ ယင်းဒါန၊ သီလ၊ ဘာဝနာမှုများကို ဉာဏ်ဖြင့်ယှဉ်လျက် ဝမ်းမြောက်ဝမ်းသာစွာ ပြုလုပ်သော်လည်း သူတစ်ပါး တိုက်တွန်း နှိုးဆော်မှုကြောင့်ဖြစ်လျှင် မဟာကုသိုလ်ဒုတိယစိတ် ဖြစ်ပေါ်သည်။

၃။ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်မှုများကို ပြုလုပ်ရာ၌ ဉာဏ်ပညာနှင့် မယှဉ်ဘဲ သူတစ်ပါး တိုက်တွန်းမှုမရှိဘဲ ဝမ်းမြောက် ဝမ်းသာ ပြုလုပ်လျှင် တတိယမဟာကုသိုလ်စိတ်ဖြစ်သည်။

၄။ တိုက်တွန်းမှုကြောင့် ယင်းနည်းအတိုင်းပြုလုပ်လျှင် စတုတ္ထ မဟာကုသိုလ်စိတ်ဖြစ်သည်။

၅။ တစ်ဖန်သူတစ်ပါး တိုက်တွန်းမှုမရှိပဲ မိမိအလိုလို စိတ်အား ထက်သန်စွာဖြင့် ဉာဏ်ပညာနှင့်ယှဉ်လျက် ကုသိုလ်အမှုကို ပြု လုပ်၏။ သို့ရာတွင် ဝမ်းမြောက်ဝမ်းသာခြင်းမရှိဘဲ အလယ်အလတ် လျစ်လျူရှုလျက်ပြုလုပ်ပါက ပဥ္စမ မဟာကုသိုလ်စိတ်ဖြစ်သည်။

၆။ ယင်းနည်းအတိုင်း ကုသိုလ်အမှုပြုရာ၌ သူတစ်ပါး၊ တိုက်တွန်းမှု ကြောင့်ဖြစ်လျှင်၊ ဆဋ္ဌ မဟာကုသိုလ်စိတ် ဖြစ်သည်။

၇။ တစ်ဖန် အသိဉာဏ်မပါဘဲ လျစ်လျူရှုဥပေက္ခာပြုလျက် သူတစ်ပါးမတိုက်တွန်းပဲ ပြုလုပ်လျှင် သတ္တမ မဟာကုသိုလ်စိတ် ဖြစ်သည်။

၈။ ထို့ပြင် ဝမ်းမြောက် ဝမ်းသာခြင်းမရှိပဲ ဥပေက္ခာလျစ်လျူ သဘောဖြင့် အသိဉာဏ်မပါဘဲ သူတစ်ပါးတိုက်တွန်းမှုကြောင့် ကုသိုလ်အမှုကို ပြုရသည့်အခါ အဋ္ဌမ မဟာကုသိုလ်စိတ် ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သောမနဿနှင့် ဥပေက္ခာဖြစ်ပုံ

ကုသိုလ်ဆန္ဒ ပြင်းပြသူတစ်ဦးသည် လှူဖွယ်ပစ္စည်းများကို ခမ်းခမ်းနားနားပြင်ဆင်၍ ဆွေမျိုး၊ မိတ်သင်္ဂဟ စုံစုံလင်လင် အလှူဒါနပြုရာ၌ ဝမ်းမြောက်ဝမ်းသာ သောမနဿသဟဂုတ်ကုသိုလ်စိတ်များ ဖြစ်သည်။

ကုသိုလ်ဆန္ဒ နည်းပါးလျက် ဆရာမိဘတို့ ခိုင်းစေချက်ကြောင့် ဆွမ်းတော်ကပ်ခြင်း၊ ဆွမ်းလောင်းခြင်း ပြုလုပ်ရာ၌ ဥပေက္ခာသဟဂုတ်ကုသိုလ်စိတ်များဖြစ်ကြသည်။ သူတစ်ပါး စေခိုင်းတိုက်တွန်း၍ ပြုလုပ်ရလျှင် သသင်္ခါရိက ကုသိုလ်စိတ်ဖြစ်သည်။ ရံခါ မိမိကိုယ်တိုင် အိပ်ချင်စိတ်ဖြစ်နေ၍ ဘုရားရှိခိုးချင်စိတ်မရှိ၊ သို့မဟုတ် နံနက်စောစော အိပ်ယာမှ မထချင်၊ အိပ်ယာထဲမှိန်းနေချင်သည်။ ထိုအခါ မိမိကိုယ်ကို တိုက်တွန်းရသည်။ နေ့စဉ်လုပ်နေကျ ဝတ္တရားတစ်ခု မပျက်သင့်ကြောင်း၊ နှိုးဆော်တိုက်တွန်း၍ ဘုရားရှိခိုးခြင်းကို ပြုလုပ်ရသည်။ ထိုအခါ သသင်္ခါရိက ကုသိုလ်စိတ်ဖြစ်သည်။

မြတ်စွာဘုရားလက်ထက်တော်အခါက အနာထပိဏ်သူဌေး၏ သားကာဠသတို့သားသည်၊ ဥပုသ်စောင့်လျှင် အသပြာ(၁၀၀၀)ပေးမည်ဟု ဖခင်၏ပြောစကားကြောင့် ဘုရားကျောင်းတော်သို့သွား၍ ဥပုသ်စောင့်ခဲ့သည်။ ထိုအခါ ကာဠသတို့သားမှာ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကကုသိုလ်စိတ်ဖြစ်လေသည်။ တစ်ဖန် မြတ်စွာဘုရားထံမှ တရားတစ်ပုဒ်ကို မှတ်မိအောင် သင်ယူခဲ့ပါက အသပြာ(၁၀၀၀)ပေးမည်ဟု ဖခင်ကဆို၏။ ထို့ကြောင့်သူဌေးသားသည် မြတ်စွာဘုရားထံ၌ တရားတစ်ပုဒ်ကို အလွတ်ရသည်အထိ အကြိမ်ကြိမ်သင်ယူမှတ်သားလေသည်။ နောက်ဆုံး၌ တရားတော်ကို ထိုးထွင်းသိမြင်၍ သောတာပန်ဖြစ်လေသည်။ ယင်းသူဌေးသား တရားနာခြင်း ပြုရာ၌ ရှေ့ပိုင်းတွင် သသင်္ခါရိက ဉာဏဝိပ္ပယုတ် ဥပေက္ခာကုသိုလ်များဖြစ်လေသည်။ နောက်ပိုင်းတွင် တရားတော်၏အနက်အဓိပ္ပါယ်ကို ထိုးထွင်းသိမြင်လာသောအခါ ဝမ်းမြောက်ဝမ်းသာ စိတ်အားထက်သန်မှု ရှိသဖြင့် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်များ ဖြစ်ပေါ်လာသည့်အပြင် လောကုတ္တရာမဂ်စိတ် ဖိုလ်စိတ်များတိုင်အောင် ဖြစ်ပေါ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မဟာကုသိုလ်စိတ်၏ အကျိုးဝိပါက်စိတ်များမှာ အဟိတ်ကုသလဝိပါက်စိတ် ရှစ်ပါးနှင့် မဟာဝိပါက်စိတ်ရှစ်ပါး တို့ဖြစ်ကြသည်။

ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္ပယုတ်စိတ်တို့ကို တိဟိတ်စိတ်ဟုခေါ်ရသည်။ ဉာဏ်နှင့်မယှဉ်သော ဉာဏဝိပ္ပယုတ်စိတ်တို့ကို ဒွိဟိတ်စိတ်ဟု ခေါ်ရသည်။ တိဟိတ်စိတ်နှင့်ယှဉ်တွဲ၍ဖြစ်သော စေတနာကို တိဟိတ်ကုသိုလ်ကံဟုခေါ်ဆို၍ ဒွိဟိတ်စိတ်နှင့်ယှဉ်တွဲ၍ ဖြစ်သောကံကို ဒွိဟိတ် ကုသိုလ်ကံဟုခေါ်ဆိုရသည်။ ယင်းကံနှစ်မျိုးကို ဥက္ကဋ္ဌဩမကအမြတ်နှင့်အယုတ် ထပ်မံခွဲခြားပါက တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊ တိဟိတ်ဩမကကုသိုလ်ကံ၊ ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံ၊ ဒွိဟိတ်ဩမကကုသိုလ်ကံဟူ၍ လေးမျိုးလေးစား ကွဲပြားသည်။

တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံသည် မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်လေးခုဟု ဆိုအပ်သောတိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးနိုင်သည်၊ ပဝတ္တိအခါ၌မူ မဟာဝိပါက်စိတ်-၈-ခု၊ အဟိတ်ကုသလဝိပါလ်စိတ်၈-ခု တို့ကို အကျိုးပေးနိုင်သည်။

တိဟိတ်ဩမကကံနှင့် ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံတို့သည် မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်- ၄-ခုဟုဆိုအပ်သော ဒွိဟိတ်ပဋိသန္ဓေ အကျိုးကို ပေးနိုင်သည်၊ ပဝတ္တိအခါ၌မူ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် ၄-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၁၂-ပါးသော အကျိုးကို ဖြစ်စေသည်။

ဒွိဟိတ်ဩမကကုသိုလ်ကံသည် အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏဟုဆိုအပ်သော အဟိတ်ပဋိသန္ဓေကို ဖြစ်စေသည်၊ ပဝတ္တိအခါ၌မူ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးကို ဖြစ်စေသည်။

**ဒုဂ္ဂတိဘုံနှင့် သုဂတိဘုံ**

ငရဲ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟူသော ဘုံလေးခုကို အပါယ်လေးဘုံဟုခေါ်၍ ဒုဂ္ဂတိဘုံဟုလည်းခေါ်ဆိုရသည်။
( ဒု॰ မကောင်းသဖြင့်+ ဂတိ॰ လားရောက်ရာဌာန)

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ၊ တို့သည် ကုသိုလ်ကံကြောင့် လားရောက်ရာဌာနဖြစ်၍ စည်းစိမ် ချမ်းသာခံစားရသောကြောင့် သုဂတိဘုံမည်၏ (သု=ကောင်းမွန်စွာ+ဂတိ= လားရောက်ရာဌာန)

ယင်းသုဂတိဘုံတို့၌ လူ့ပြည်နှင့် စတုမဟာရာဇ်နတ်ပြည်တွင် အဟိတ်ကုသလဝိပါက် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေ နေနိုင်သည်၊ ၎င်းတို့မှာ လူဟူ၍ ဖြစ်လာရသော် လည်း အမိဝမ်းအတွင်းကပင် မျက်စိကွယ်ခြင်း၊ နားပင်းခြင်း၊ ဆွံ့အခြင်းဖြင့် မွေးဖွားလာခဲ့သော လူများသည် အဟိတ်ကုသလဝိပါတ် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေခဲ့သောကြောင့် အဟိတ်သုဂတိပဋိသန္ဓေဟု ခေါ်ဆိုရသည်။ အလားတူပင် စတုမဟာရာဇ်နတ်၌ အကျုံးဝင်သော ဆင်းရဲချို့ငဲ့သော ဘုမ္မစိုရ်နတ်၊ ဝိနိပါတိက အသူရာတို့မှာ ယခင်ပြဆိုခဲ့သော အဟိတ်ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ (သုဂတိအဟိတ်ပဋိသန္ဓေ) စိတ်ဖြင့် ပဋိသန္ဓေနေကြရသည်။

## ကာမစိတ်(၅၄)ပါး သရုပ်ခွဲခြင်း

သောဘဏ အသောဘဏ ရေတွက်ပုံ

| | | |
|---|---|---|
| အကုသိုလ်စိတ် | - ၁၂ | } အသောဘဏစိတ်-၃၀ |
| အဟိတ်စိတ် | - ၁၈ | |
| ကာမာဝစရသောဘနစိတ် | - ၂၄ | |
| | --------- | |
| ပေါင်း | ၅၄ ပါး | |

## ဇာတိအားဖြင့် ရေတွက်ပုံ

| | |
|---|---|
| (၁) အကုသိုလ်စိတ်- | ၁၂-ပါး |
| (၂) ကာမကုသိုလ်စိတ်- | ၈-ပါး |
| (၃) ကာမဝိပါက်စိတ်= (မဟာဝိပါက်+ အဟိတ်ဝိပါက်) | ၂၃-ပါး |
| (၄) ကာမကြိယာစိတ်( မဟာကြိယာ+ အဟိတ်ကြိယာ) | ၁၁-ပါး |
| | --------- |
| ပေါင်း - | ၅၄-ပါး |

www.burmeseclassic.com

www.burmeseclassic.com



## ဝေဒနာအားဖြင့်ရေတွက်ပုံ

| ဝေဒနာ | အကုသိုလ် | အဟိတ် | ကာမသောဘဏ | ပေါင်း |
|---|---|---|---|---|
| သောမနဿ | ၄ | ၂ | ၁၂ | ၁၈ |
| ဥပေက္ခာ | ၆ | ၁၄ | ၁၂ | ၃၂ |
| ဒေါမနဿ | ၂ | - | - | ၂ |
| သုခ | - | ၁ | - | ၁ |
| ဒုက္ခ | - | ၁ | - | ၁ |
| ပေါင်း | ၁၂ | ၁၈ | ၂၄ | ၅၄ |

ယခုအခါ ရှုပါဝစရစိတ်များကို ပြဆိုပါသည် -

**ရှုပါဝစရစိတ်(၁၅)ပါး**

| | | |
|---|---|---|
| ၁။ ရှုပကုသိုလ်စိတ် | ၅- ပါး | ပေါင်း(၁၅)ပါး |
| ၂။ ရှုပဝိပါတ်စိတ် | ၅- ပါး | |
| ၃။ ရှုပကြိယာစိတ် | ၅- ပါး | |

**ရှုပါဝစရကုသိုလ်စိတ် (၅)ပါးရေတွက်ပုံ**

၁။ (ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ဈာန်အင်္ဂါငါးပါးရှိသော ပထမဈာန် ကုသိုလ်စိတ်- ၁-ခု

၂။ (ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ဈာန်အင်္ဂါလေးပါးရှိသော ဒုတိယဈာန် ကုသိုလ်စိတ်- ၁-ခု

၃။ (ပီတိ၊ သုခ၊ ဧကဂ္ဂတာ) ဈာန်အင်္ဂါသုံးပါးရှိသော တတိယဈာန် ကုသိုလ်စိတ်- ၁-ခု

၄။ (သုခ၊ ဧကဂ္ဂတာ) ဈာန်အင်္ဂါနှစ်ပါးရှိသော စတုတ္ထဈာန် ကုသိုလ်စိတ်- ၁-ခု

www.burmeseclassic.com

www.burmeseclassic.com



၅။ (ဥပေက္ခာ၊ ဧကဂ္ဂတာ) ဈာန်အင်္ဂါနှစ်ပါးရှိသော ပဉ္စမဈာန် ကုသိုလ်စိတ်- ၁ -ခု

ရူပါဝစရဝိပါက်စိတ်(၅)ပါးနှင့် ရူပါဝစရကြိယာစိတ်(၅)ပါးတို့ကိုလည်း ဤနည်းကိုမှီ၍ ရေတွက်ရမည်။

**ဈာန်စိတ်**

ဈာနဟူသော ပါဠိမှ မြန်မာဘာသာဈာန်ဟု ဖြစ်ပေါ်လာသည်။ ဈာန်၏အဓိပ္ပါယ်မှာ စိတ်ဖြင့်စူးစိုက်၍ ရှုမှတ်ခြင်းဖြစ်သည်။ အာရုံတစ်ခုကို စွဲစွဲမြဲမြဲစူးစိုက်ရှုမှတ်နေခြင်းကို ဈာန်ဟုခေါ်သည်။ ပထမဦးစွာ မျက်စိဖြင့် စူးစိုက်ကြည့်ရှုနေ၍ အရှိန်ရလာသောအခါ ယင်းမြင်ကွင်းသည် ပျောက်ကွယ်မသွားတော့ဘဲ မျက်စိမှိတ်ထားသော်လည်း လွယ်လွယ်ဖြင့် ပျောက်မသွားနိုင်တော့ဘဲ စွဲမြဲနေတတ်သည်။ ဥပမာ- မြေကသိုဏ်းဝန်း၊ ရေကသိုဏ်းဝန်း၊ မီးကသိုဏ်းဝန်း၊ တစ်ခုခုကို နာရီပေါင်းများစွာ၊ ရက်ပေါင်း များစွာ စူးစိုက်ကြည့်ရှု၍ မှတ်နေပါက အရှိန်ရလာသည့်အခါ ယင်းကသိုဏ်း နိမိတ်ရုပ်ပုံသည် စိတ်ထဲ၌ ကွင်းကွင်းကွက်ကွက် ပေါ်နေသည်၊ အချိန်မရွေး အာရုံပြုလိုက်တိုင်း စဉ်းစားလိုက်တိုင်း ယင်းကသိုဏ်းနိမိတ်ရုပ်ပုံလွှာသည် စိတ်ထဲ ခိုင်မြဲစွာပေါ်လာတတ်သည်။

မျက်စိဖွင့်၍ ကသိုဏ်းဝန်းကို ကြည့်ရှုနေစဉ် မြင်ရသော ရုပ်ပုံနိမိတ်သည် ပရိကမ္မနိမိတ်မည်၏။ ဘာဝနာသည်လည်း၊ ပရိကမ္မဘာဝနာမည်၏။

တဖန် မျက်စိမှိတ်ထားပြီးနောက် စိတ်ထဲ၌ စွဲထင်နေသော ကသိုဏ်းဝန်း နိမိတ်အာရုံသည် ဥဂ္ဂဟနိမိတ်မည်၏။ ဘာဝနာမှာ ပရိကမ္မဘာဝနာဖြစ်သည်။

ယင်းဥဂ္ဂဟနိမိတ် ကသိုဏ်းဝန်းအာရုံကို ပရိကမ္မဘာဝနာဖြင့် အကြိမ်ကြိမ် စူးစိုက်ပွားများသည့်အခါ ကသိုဏ်းဝန်းနိမိတ်အာရုံသည် အပြစ်အနာအဆာ အက်ကြောင်း ကွဲကြောင်းများ ကင်းစင်လာလျက် ဖန်သားပြင်ကဲ့သို့ ကြည်လင်လာ၏၊ ထိုနိမိတ်ကို ပဋိဘာဂနိမိတ်ဟုခေါ်ဆို၍ ပွားများသော ဘာဝနာကို ဥပစာရဘာဝနာဟုခေါ်ဆိုရသည်။

ယင်းပဋိဘာဂနိမိတ်အာရုံကို ဆက်လက်၍စူးစိုက်ပွားများသည့်အခါ ဧကဂ္ဂတာဟုခေါ်သော ဈာန်စိတ်ဖြစ်ပေါ် လာလေသည်၊ ယင်းဈာန်စိတ်သည်

www.burmeseclassic.com

www.burmeseclassic.com



ပဋိဘာဂနိမိတ်အာရုံတွင်းသို့ ထိုးဖေါက်ဝင်ရောက်သွားသကဲ့သို့ ဖြစ်သွားသည်၊ ယင်းကဲ့သို့ အာရုံတွင်းသို့ ဧကဂ္ဂတာဈာန်စိတ် ထိုးဖေါက်ဝင်ရောက်သွားခြင်းကို ဈာန်ရသည်၊ ဈာန်ဇောစောသည်၊ အပ္ပနာဇောစောသည်ဟု ခေါ်ဆိုရသည်။ ထိုအချိန်၌အာရုံဖြစ်သော နိမိတ်နှင့် အာရုံပြုသော ဈာန်စိတ်တို့သည် တစ်သားတည်း တစ်ခုတည်းအဖြစ် ရောနှောပေါင်းစပ်သွားသကဲ့သို့ ဖြစ်လေသည်။

အသိတရားစိတ်နှင့် အသိခံအာရုံတို့သည် နှစ်ခုမပြား တစ်သားတည်း ဖြစ်သွားသည်၊ သာမညအားဖြင့် အာရုံတစ်ခုကိုမြင်ရာ၌ အမြင်ခံရသော အာရုံနှင့် မြင်တတ်သောငါဟူ၍ နှစ်ခုဖြစ်နေတတ်သည်။ ပန်းချီကားချပ်တခုကို ကြည့်ရာ၌ ပန်းချီကားချပ်နှင့် ကြည့်သူတို့သည် တစ်ခုစီကွဲပြားနေကြောင်း သိနေသည်၊ ပန်းချီကားကို ကြည့်နေစဉ်မှာပင် မိမိ၏ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့၏ ပုံသဏ္ဍာန်ကိုလည်း တွေးခေါ်မျှော်မြင်နိုင်သည်။

ကသိုဏ်းဝန်းနိမိတ်အာရုံသို့ ဧကဂ္ဂတာဈာန်စိတ် စူးစိုက် ဝင်ရောက်သွားသည့်အခါတွင်မူ ကသိုဏ်းနိမိတ် အာရုံတစ်ခုတည်းကိုသာလျှင် သိနေသည်၊ အခြားအာရုံများ လုံးဝပျောက်ကွယ်သွားသည်၊ မိမိ၏ ဦးခေါင်း၊ ခြေ၊ လက်တို့ ရှိနေကြောင်းကို စဉ်းစား၍ပင်မရတော့ချေ၊ ထိုပုဂ္ဂိုလ်၏အသိမှာ ကသိုဏ်းဝန်း အာရုံနိမိတ် တစ်ခုတည်းကိုသာ သိနေ၍ အခြားသိစရာဘာကိုမှ ရှာမတွေ့ တော့ချေ၊ ထိုကဲ့သို့ တလောကလုံး ဆိတ်သုံးပျောက်ကွယ်လျက် ကသိုဏ်းဝန်း နိမိတ်တစ်ခုတည်းကိုသာ သိနေ၍ သိတတ်သော ငါဟူ၍ သီးခြားမရှိ၊ လောကရော၊ ငါပါ၊ ပျောက်ကွယ်နေသော အဖြစ်ကို ဈာန်ဝင်သည် အပ္ပနာဇောစောသည်ဟု ခေါ်ဆိုရသည်။

**ဈာန်အင်္ဂါ ငါးပါး လုပ်ငန်း**

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဤငါးပါးတို့သည် ဈာန်၏ အစိတ်အပိုင်းများဖြစ်ကြ၍ ဈာန်အင်္ဂါမည်၏။

ဝိတက်သည် စိတ်ကို ကသိုဏ်းဝန်းနိမိတ်အာရုံသို့ ရောက်အောင်ဆွဲတင်သည်၊ တွန်းတင်သည်၊ တွန်းပို့သည်။ ဝိစာရသည် ထိုကသိုဏ်းဝန်း နိမိတ်အာရုံမှ မခွဲမခွာဘဲ ထိုအာရုံပေါ်၌ တဝဲလည်လည် တရစ်ဝဲဝဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ပြုလုပ်ပေးခြင်း ဖြစ်သည်။ အလွန်နှစ်သက်ဖွယ်ကောင်းသော သို့မဟုတ် အလွန်ရွံရှာစက်ဆုတ် မုန်းတီးဖွယ်ကောင်းသော အာရုံများ၌ စိတ်သည် အလိုအလျောက် အာရုံပြုနိုင်သည်။ လှပသော မင်းသမီးကို ကြည့်ရှုရန် စိတ်ကို တမင်တကာ တွန်းပို့ရန် မလိုချေ၊ ကြည့်ပြီးနောက် မင်းသမီးအာရုံမှ ခွဲခွါမသွားစေရန်၊ တရစ်ဝဲဝဲ ဖြစ်နေစေရန် လုံ့လ အားထုတ် ကြိုးပမ်းရန် မလိုချေ၊ အလားတူပင် မုန်းတီးစက်ဆုတ်သော အာရုံများကို ပထမအကြိမ်ကြည့်ခြင်း၊ ဆက်လက်၍ ထိုအာရုံ မပျောက်ကွယ်ဘဲ နေခြင်း ဖြစ်နေစေရန် စိတ်အားစိုက်ထုတ်ဖို့ မလိုချေ၊ သဘာဝအလျောက် အလိုလို ဖြစ်နေတတ်သည်။ ချစ်သူ၊ မုန်းသူတို့ကို အာရုံမှ ကွယ်ပျောက်အောင် လုပ်ရန် ပင် မလွယ်ကူချေ။ ထို့ကြောင့် ကာမဂုဏ်အာရုံငါးပါးကို စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယဝိညာဏ်တို့ဖြင့် အာရုံပြုရာ၌ ဝိတက်၊ ဝိစာရ၊ စေတသိက် တို့၏ အကူအညီ မလိုအပ်ချေ။

ပထဝီကသိုဏ်းစသော အာရုံများမှာမူ ချစ်စရာ မုန်းစရာ မဟုတ်၍ စိတ်ကို ဆွဲထားနိုင်ခြင်း မရှိ၊ စိတ်ကို ကမ္မဋ္ဌာန်းအာရုံသို့ ရောက်အောင် ဝိတက်ဖြင့် တွန်းထိုးဆွဲငင်ပို့ပေးနေရသည်။ အာရုံပေါ်သို့ ရောက်ပြီး နောက်လည်း ဘေးဖဲ့ထွက်မပြေးစေရန် ဝိစာရစေတသိက်က ထိန်းကျောင်း ပေးနေရပြန်သည်။ ဝိတက်၊ ဝိစာရတို့၏ အကူအညီကို လိုအပ်သည်။

ဝိတက်သည် ပန်းပွင့်ဆီသို့ ပျားတစ်ကောင်ထိုးစိုက်ဆင်းသက်လာ ပုံနှင့် တူ၏။ ဝိစာရသည် ပန်းဝတ်ရည်ကို စုပ်ယူနိုင်ရန် ပန်းပွင့်ပေါ်၌ ရစ်ဝဲနေသော ပျားကောင်နှင့်တူ၏။ တစ်နည်းအားဖြင့် ငှက်ကြီးတစ်ကောင် မြေပြင်မှ ကောင်းကင်သို့ စတင်ပျံသန်းရန် အားထုတ်နေခြင်းသည် ဝိတက်နှင့် တူ၏။ ငှက်ကြီးသည် ကောင်းကင် လေမိ၍ အတောင်ဖြန့်ကာ ဝဲနေပုံမှာ ဝိစာရနှင့်တူ၏။

ပီတိဟူသော ဈာန်အင်္ဂါသည် ကမ္မဋ္ဌာန်းအာရုံ၌ နှစ်သက်မှု ရှိလာခြင်း ဖြစ်သည်။ ထိုကဲ့သို့ ကမ္မဋ္ဌာန်းအာရုံပေါ်၌ နှစ်သက်မှု ပီတိစွမ်းအားရှိ လာသောအခါ ဝိတက်၊ ဝိစာရတို့က ကြောင့်ကြစိုက်၍ စိတ်ကို ကမ္မဋ္ဌာန်းအာရုံ

www.burmeseclassic.com

www.burmeseclassic.com



သို့ ပို့ဆောင်ပေးရန်၊ ဆွဲဆောင်ထားရန်မလိုတော့ချေ။ ဥပမာအားဖြင့်- ကလေးငယ်တစ်ယောက်ကို မူလတန်းကျောင်းသို့ အပ်နှံရာ၌ ကျောင်းထွက် မပြေးစေရန်၊ မိဘအုပ်ထိန်းသူများက ကြောင့်ကြစိုက်နေရသော်လည်း အနေကြာလာသောအခါ ကျောင်းနေဘက်များနှင့်အတူ ကစားရခြင်း၊ အတူစာသင်ရခြင်း၊ ဉာဏ်ရည်ပြိုင်ခြင်းဖြင့် ကလေးငယ်သည် ကျောင်းပျော် သွားသောအခါ မိဘအုပ်ထိန်းသူက ကြောင့်ကြစိုက်ရန် မလိုတော့ချေ။ ထို့ကြောင့် ကသိုဏ်း နိမိတ်အာရုံပေါ်၌ နှစ်သက်မှု ပီတိဖြစ်လာသောအခါ ဝိတက် ဝိစာရတို့ အစွမ်းပြရန် မလိုတော့ချေ။

တစ်ဖန် ကမ္မဋ္ဌာန်းနိမိတ်အာရုံ၌ နှစ်သက်မှုပီတိကြောင့် တည်ငြိမ်မှု သမာဓိအားကောင်းလာသောအခါ သုခဝေဒနာ ချမ်းသာမှု ခံစားရခြင်း ဖြစ်ပေါ်လာလေသည်။ ခန္ဓာကိုယ်တစ်ခုလုံး တဖိန်းဖိန်း တရှိန်းရှိန်း၊ တအိမ့် အိမ့်၊ တငြိမ့်ငြိမ့်ချမ်းသာမှု သုခဝေဒနာများ ဖြစ်နေလေတော့သည်။ ထို့နောက် ဆက်လက်၍ ဧကဂ္ဂတာနှင့်ယှဉ်သော စျာန်စိတ် ဖြစ်ပေါ်လေတော့သည်။ (ဧက= တစ်ခု+အဂ္ဂ= အာရုံ+တာ=အဖြစ်)အာရုံတစ်ခုတည်းသာရှိသောအဖြစ် သိစရာ အာရုံ နှစ်ခု၊ သုံးခု စသည်မရှိပဲ အာရုံတစ်ခုတည်းသာ ရှိနေသည့် သဘောကို စျာန်ဟု ဆိုလိုသည်။

ဤကား ရူပါဝစရ ပထမစျာန်စိတ်ဖြစ်ပေါ်နေပုံကို ရှင်းလင်း တင်ပြ ခြင်း ဖြစ်ပါသည်။ ဒုတိယစျာန်စိတ်ဖြစ်သည့် အခါ ဝိတက်မပါတော့ဘဲ ဝိစာရ စသော စျာန်အင်္ဂါ၄-ပါးသာလျှင် ပါဝင်တော့သည်။ ကလေး တစ်ယောက်ကို သူငယ်တန်း၌ ကျောင်းအပ်နှံသည့်အခါ နေ့စဉ် ကျောင်းတက်စေရန် လူကြီး မိဘများက လိုက်ပို့ပေးရသည်။ သုံးတန်း၊ လေးတန်းရောက်သောအခါ လိုက်ပို့ရန် မလိုတော့ဘဲ သူ့အလိုလို ကျောင်းတက်လေတော့သည်။ ထို့အတူ စျာန်စိတ်သည် ကသိုဏ်းဝန်းအာရုံ၌ အကျွမ်းတဝင် ရှိနေပြီးဖြစ်၍ ဝိတက်၏ အကူအညီမလိုတော့ဘဲ ကသိုဏ်းဝန်းအာရုံနိမိတ်ကို မိမိဘာသာ ရယူနိုင်သည်။

တစ်ဖန်တတိယစျာန်စိတ်၌ ဝိတက်၊ ဝိစာရမပါဘဲ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါသုံးပါးနှင့် ယှဉ်တွဲလေသည်။ ကသိုဏ်းဝန်း၊ နိမိတ်အာရုံကို နှစ်သက်မှု ပီတိရှိနေပြီဖြစ်၍ ဝိစာရ၏အစွမ်းဖြင့် နိမိတ်အာရုံမှ စျာန်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲခွာ မသွားစေရန် ဆွဲဆောင်ထားရန် မလိုတော့ချေ။ ထို့ကြောင့် တတိယဈာန်စိတ်သည် ပီတိအားကောင်းလာသဖြင့် ဝိစာရနှင့်မယှဉ်ပဲ နိမိတ် အာရုံ၌ ငြိမ်ဝပ်စွာ စွဲမြဲရပ်တည်နိုင်သည်။

စတုတ္ထဈာန်စိတ်၌ ဝိတက်၊ ဝိစာရ၊ ပီတိတို့ မယှဉ်တော့ဘဲ သုခနှင့် ဧကဂ္ဂတာ နှစ်ပါးသာလျှင် ယှဉ်လေတော့သည်။ နှစ်သက်မှုပီတိသည် လှုပ်ရှားမှု၊ ချောက်ခြားမှုသဘောရှိသည်။ ဧကဂ္ဂတာ၏ တည်ငြိမ်မှုသဘာဝနှင့် အနည်းငယ်ဆန့်ကျင် နေသည်။ ထို့ကြောင့် ဧကဂ္ဂတာသမာဓိအား ကောင်းလိုသောအခါ ပီတိကိုဖယ်ရှားပစ်ခဲ့၍ (သုခနှင့်ဧကဂ္ဂတာ) ဈာန်အင်္ဂါ နှစ်ပါးသာ ကျန်ရှိတော့သည်။

တဖန် ပဉ္စမဈာန်စိတ်၌မူ သုခဝေဒနာ ချမ်းသာခံစားမှုသည် တုန်လှုပ်သည့်သဘောကို ဆောင်သည်။ ဧကဂ္ဂတာ သမာဓိနှင့်သဘောချင်း မကိုက်ညီချေ။ ထို့ကြောင့် ဧကဂ္ဂတာ သမာဓိအားကောင်းလာသောအခါ ချမ်းသာခံစားမှုသုခကို ဖယ်ရှားလိုက်သည်။ ထိုအခါ ဆင်းရဲချမ်းသာနှစ်မျိုးကို လျစ်လျူရှုနိုင်သော ထက်အောက်ဝဲယာ ယိမ်းယိုင်မှုမရှိသော လွန်စွာ ငြိမ်သက်သော ဥပေက္ခာသဒ္ဒါ ထင်ရှားစွာ ဖြစ်ပေါ်လာသည်။ ယင်း ဥပေက္ခာနှင့် ယှဉ်တွဲသော သမာဓိသည် အမြင့်ဆုံး၊ အမြတ်ဆုံးဖြစ်သည်။ လောကီချမ်းသာတို့တွင် အမြင့်ဆုံးဟု ချီးမွမ်းကြသည်။

## "ကာမဂုဏ်ချမ်းသာနှင့်ကွာခြားခြင်း"

လောကီကာမဂုဏ် စည်းစိမ်ချမ်းသာ ခံစားမှုမှန်သမျှသည် ခံစားစရာ အာရုံကလည်း၊ မငြိမ်မသက် လှုပ်ရှားနေရသည်။ ခံစားသည့် ပုဂ္ဂိုလ်နှင့် စိတ်တို့ကလည်း မငြိမ်မသက်လှုပ်ရှားနေရသည်။ ဥပမာ- အငြိမ့်ဇာတ်ပွဲ ရုပ်ရှင်ကြည့်ရှု ခံစားရာ၌ ကပြ အသုံးတော်ခံသူများကလည်း မငြိမ်မသက် ရွေ့ရှားနေရမည်၊ ကြည့်သူ၏စိတ်ကလည်း အငြိမ်မနေ ရွေ့ရှားနေရမည်၊ မင်းသမီး၏ မျက်လုံး မျက်ဖန်၊ နှာတံ၊ နှုတ်ခမ်း၊ ဆံပင်ထုံးဖွဲ့မှု၊ ခေါင်း၊ ခါး၊ ခြေ၊ လက်၊ လှုပ်ရှားမှု၊ ပတ်ဝန်းကျင်ဇာတ်ရံများ၏ လှုပ်ရှားမှု၊ နောက်ခံကား၏

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှု၊ စကားပြောသံ၊ သီချင်းဆိုသံများ၊ ပြောင်းလဲမှု၊ တီးလုံး တီးကွက် ပြောင်းလဲမှုတို့ကို ကြည့်ရှုသူစိတ်က အပြေးအလွှား လိုက်လံလှုပ်ရှားလျက် အရသာခံစားလေသည်။ ငြိမ်သက်နေသည့် ပန်းချီကားတစ်ချပ်ကိုပင် ကြည့်ရှုခံစားရာ၌ စိတ်သည် ပန်းချီကားအတွင်း မြင်ကွင်းကို ထက်အောက် ဝဲယာ ဝေ့ကာဝိုက်ကာ လှုပ်ရှား၊ ရွေ့ရှားကြည့်ရှုခံစားရသည်။ အလားတူပင် လျှာဖြင့်အရသာအာရုံကို ခံစားရာ၌၊ ကြိတ်ဝါးခြင်း၊ လျှာကိုလှုပ်ရှားခြင်း၊ မှိုချခြင်း၊ စသည်ဖြင့် မငြိမ်မသက် လှုပ်ရှားနေမှသာလျှင် အရသာပေါ် လေသည်။ ဖောဋ္ဌဗ္ဗအတွေ့အထိအာရုံကို ခံစားရာ၌လည်း ဆံဖျားမှခြေဖျား တိုင်အောင် ထိတွေ့ရွေ့ရှားပွတ်သပ်နေမှသာလျှင် အရသာပေါ်လေသည်။ မလှုပ်မယှက်ငြိမ်သက်နေပါက အရသာပေါ် လိမ့်မည် မဟုတ်ချေ။

စျာန်ချမ်းသာမှာ ကာမဂုဏ်ချမ်းသာနှင့် ဆန့်ကျင်ဘက်ဖြစ်၍ မလှုပ်မယှက်ငြိမ်သက်စွာ တည်ငြိမ်နေမှသာလျှင် ချမ်းသာကို ခံစားနိုင်သည်။ တည်ငြိမ်မှုအဆင့် မြင့်လေ, မြင့်လေ ချမ်းသာမှုကြီးမားလေလေဖြစ်သည်။

## ရူပဝိပါက်စိတ်

ရူပဝစရကုသိုလ်စျာန် ငါးပါး၌ယှဉ်သော စေတနာကံကြောင့် ရူပါဝစရ ၁၆-ဘုံ၌ ပဋိသန္ဓေနေရသည်။ ရူပကုသိုလ်၏ အကျိုးဖြစ်သော ရူပဝိပါက်စိတ်ငါးခုတို့သည် ပဋိသန္ဓေစိတ်အဖြစ်ဖြင့်လည်းကောင်း၊ ပဝတ္တိ အခါ၌ ဘဝင်စိတ်အဖြစ်ဖြင့် လည်းကောင်း၊ စုတေသည့်အခါ၌ စုတိစိတ် အဖြစ်ဖြင့် လည်းကောင်း ဖြစ်ကြလေသည်။ ကုသိုလ်စိတ် ၅-ပါးနှင့် ဝိပါက် စိတ် ၅-ပါးကို အစဉ်အတိုင်းယှဉ်တွဲရမည်။ ပထမစျာန် ကုသိုလ် စေတနာ ကံကြောင့် ပထမစျာန်ဝိပါက် စိတ်ဖြစ်ရသည်။ ဒုတိယစျာန်ကုသိုလ် စေတနာ ကံကြောင့် ဒုတိယစျာန်ဝိပါက် စိတ်ဖြစ်ရသည်ဟု အစဉ်အတိုင်း ယှဉ်စပ်လေ။

## ရူပါဝစရစျာန်လေးပါး(စတုက္ကစျာန်)

ယခုပြဆိုအံ့သောနည်းမှာ အစကနဦး ဟျှင့်ကြံအားထုတ်သော ပုဂ္ဂိုလ်အတွက် စျာန်အင်္ဂါ ၅-ပါးကို တစ်ခုချင်း၊ ဖယ်ရှားခြင်း၊ လျှော့ခြင်းဖြင့်၍ စျာန်ငါးပါးဖြစ်ရသည်။ စျာန်ရပြီးနောက် အစဉ်တစိုက် လေ့ကျင့်ဖန်များ

www.burmeseclassic.com

www.burmeseclassic.com



လာသောအခါ ဝိတက်နှင့် ဝိစာရစျာန်အင်္ဂါနှစ်ပါးကို တစ်ကြိမ်စီ၊ သီးခြားစီ မပယ်တော့ဘဲ ဝိတက်ဝိစာရနှစ်ခုပေါင်း တစ်ကြိမ်တည်း ပယ်နိုင်လာသည်၊ ဝိတက်နှင့် ဝိစာရကို တစ်ကြိမ်တည်း ကျော်လွှားနိုင်သည်။ ထို့ကြောင့်-

| | | | |
|---|---|---|---|
| ပထမစျာန် | = | ဝိတက်၊ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ | ၅-ပါး |
| ဒုတိယစျာန် | = | ပီတိ၊ သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ | ၃-ပါး |
| တတိယစျာန် | = | သုခ၊ ဧကဂ္ဂတာစျာန်အင်္ဂါ | ၂-ပါး |
| စတုတ္ထစျာန် | = | ဥပေက္ခာ၊ ဧကဂ္ဂတာစျာန်အင်္ဂါ | ၂-ပါး |

ဟူ၍ ရူပါဝစရစျာန်ကို စတုက္ကနည်းဖြင့် ၄-ပါး၊ ၄-မျိုးခွဲကြသည်။

ဆိုလိုသည်မှာ ဒုတိယစျာန်နှင့် တတိယစျာန်ကို ပေါင်း၍ ဒုတိယစျာန် ဟု ရေတွက်ကြသည်။

ရူပစျာန်အကျိုးပေးပုံ

| | |
|---|---|
| ပထမစျာန်သုံးဘုံ = | ဗြဟ္မပါရိသဇ္ဇာဘုံ၊ ဗြဟ္မပုရောဟိတာဘုံ၊ မဟာဗြဟ္မာဘုံ ဤ ၃-ဘုံတို့၌ ပထမစျာန်ဝိပါက်စိတ် အကျိုးပေးသည်။ |
| ဒုတိယစျာန်သုံးဘုံ = | ပရိတ္တာဘာဘုံ၊ အပ္ပမာဏာဘာဘုံ၊ အာဘဿရာဘုံ ဤသုံးဘုံတို့၌ ဒုတိယစျာန် ဝိပါက်စိတ်နှင့် တတိယ စျာန်ဝိပါက်စိတ်တို့အကျိုးပေးသည်။ |
| တတိယစျာန်သုံးဘုံ= | ပရိတ္တသုဘာဘုံ၊ အပ္ပမာဏသုဘာဘုံ၊ သုဘကိဏှာဘုံ ဤသုံးဘုံတို့၌ စတုတ္ထစျာန် ဝိပါက်အကျိုးပေးသည်။ |
| စတုတ္ထစျာန် ၇-ဘုံ= | ဝေဟပ္ဖိုလ်ဘုံ၊ အသညသတ်ဘုံ၊ သုဒ္ဓါဝါသ ၅-ဘုံ၊ ဤ(၇)ဘုံတို့၌ ပဉ္စမစျာန် ဝိပါက်စိတ် အကျိုးပေးသည်။ |

သုဒ္ဓါဝါသ ၅-ဘုံမှာ ပဉ္စမစျာန်ရသော အနာဂါမ်ပုဂ္ဂိုလ်များ ပဋိသန္ဓေ နေကြသည်။ အသညတ်သတ်ဘုံမှာ ပဉ္စမစျာန်ကို စျာန်ဝင်စားသည့်အခါ၌ ရှေးဦးစွာ နာမ်တရား၊ (သညာတရား)၏ အပြစ်ကို ရှုမှတ်ဆင်ခြင်ပွားများ၍

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စမစျာန်ကို ဝင်စားခြင်းကြောင့် (အသိစိတ်)သညာကို မုန်းတီးခြင်း၊ မလိုလားခြင်း ကင်းကွာခြင်းတို့ကြောင့် အသညဟ်ဘုံ၌ ဖြစ်ကြရသည်။ ပဉ္စမစျာန်၏ အကျိုးဖြစ်သော်လည်း နာမ်တရားမပါဘဲ ကမ္မဇရုပ် သက်သက်သာ တည်နေသည်။ ဇီဝိတနဝကလာပ်ရုပ်ဟု ဆိုအပ်သော ရုပ်သက်သက် ဖြင့်သာ ပဋိသန္ဓေတည်နေလေတော့သည်။

**အပ္ပနာဝီထိ**

ရူပါဝစရ ကုသိုလ်ဇော ဝီထိ၊ အရူပါဝစရ ကုသိုလ်ဇောဝီထိ၊ လောကုတ္တရာ မဂ်ဇော၊ ဖိုလ်ဇောဝီထိများကို အပ္ပနာဝီထိဟု ခေါ်ဆိုရသည်။ အပ္ပနာဝီထိ၌ ဝိဘူတာရုံ၊ အဝိဘူတာရုံဟူ၍ ကွဲပြားမှုမရှိဘဲ ကသိုဏ်းနိမိတ် အာရုံထင်ရှား ပြတ်သားသောကြောင့် ဝိဘူတာရုံ တစ်မျိုးသာရှိသည်။

အပ္ပနာဇောဝီထိ၌ ဇောစိတ်များသည် ကာမကုသိုလ်ကြိယာဇောနှင့် မဟဂ္ဂုတ်၊ လောကုတ္တရာဇောဟူ၍ မတူညီသော ဇောနှစ်မျိုးသည် ရှေ့နောက်ဆက်စပ် ဖြစ်ပေါ်ကြသည်။ ဂေါတြဘူဇောတိုင်အောင် ကာမာဝစရ ကုသိုလ်၊ ဇောများ ဖြစ်ကြ၍ ဂေါတြဘူ၏ နောက်၌မူ မဟဂ္ဂုတ် လောကုတ္တရာဇောများ စောကြသည်။

**ပရိကံဇော (ကာမာဝစရဇော)**

ဈာန်မရမီ၊ မဂ်ဖိုလ်မရမီ ကသိုဏ်းအာရုံ ကမ္မဋ္ဌာန်းအာရုံကို အကြိမ်ကြိမ်ရှုမှတ်နေခြင်းသည် ပရိကံမည်၏။ ဈာန်ဇော၊ မဂ်ဖိုလ်ဇော စောသည့် ဝီထိစိတ်ဖြစ်စဉ်၌ ပထမဦးဆုံးဖြစ်သော ကာမာဝစရဇောစိတ်ကို ပရိကံဇောဟု ခေါ်ရသည်။

**ဥပစာဇော (ကာမာဝစရဇော)**

ယင်းပရိကံနောက်၌ ကပ်လျက်ဖြစ်ပေါ်သော ကာမာဝစရကုသိုလ် ဇောကို ဥပစာရဇော၊ ဥပစာဇောဟု ခေါ်ရသည်။ (ဥပ= အနီး + စာရ= ဖြစ်ခြင်း = ဈာန်မဂ်ဖိုလ်၏ အနီး၌ ဖြစ်ခြင်း)။

**အနုလုံဇော (ကာမာဝစရဇော)**

ပါဠိဘာသာ အနုလောမကို အနုလုံဟု မြန်မာမှုပြုထားသည်။ အနုလောမ= ဆီလျော်ခြင်း၊ အနုလုံဇောသည် ကာမာဝစရကုသိုလ်ဇော

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဖြစ်သော်လည်း စင်ကြယ်၊ ဖြူစင်ငြိမ်သက်နေပြီ ဖြစ်၍ ဈာန်မဂ်ဖိုလ်နှင့် ဆီလျော်မှုရှိလာသည်။ ထို့ကြောင့် ယင်းဇောကို အနုလုံဇောဟု ခေါ်ရသည်။

**ဂေါတြဘူဇော(ကာမာဝစရဇော)**

ဈာန်ရသောအခါ သာမညလူများထက် ထူးခြားမြင့်မြတ်သွားသည်။ အလားတူပင် မဂ်ဖိုလ်ရသည့်အခါ ပုထုဇဉ်လူများထက် ထူးခြားမြင့်မြတ်သွားသည်။ ဈာန်ရသူသည် သာမာန်လူ့ အဆင့်အတန်းကို ကျော်လွန်သွားသည်၊ မဂ်ဖိုလ်ရသူသည် ပုထုဇဉ်အနွယ်ဇာတိကို ကျော်လွန်သွားသည်။ လူသစ် စိတ်သစ် ဘဝသစ် ပြောင်းလဲသွားခြင်းဖြစ်သည်။ ထို့ကြောင့် ဈာန်စိတ်၊ မဂ်စိတ်တို့၏ ရှေ့၌ကပ်လျက်ဖြစ်ပေါ်ရသောကာမဝစရ ကုသိုလ်ဇောစိတ်ကို ဂေါတြဘူဇော ဟုခေါ်သည်။ (ဂေါတြ= အနွယ်ဇာတိ= သာမန်လူသား + ဘူ= ကျော်လွန်သည်) သာမန်လူသားအဆင့်ကို ကျော်လွန်သော ဇောစိတ်ကို ဂေါတြဘူဇောဟုခေါ်ရသည်။ ဈာန်ဇော မဂ်ဇောသို့ မရောက်မီ နောက်ဆုံးဖြစ်ခွင့်ရှိသော ကာမဝစရ ကုသိုလ်ဇောဖြစ်သည်။

**ဝေါဒါန်ဇော( ကာမဝစရဇော)**

သောတာပတ္တိမဂ်ရပြီး နောက် အထက်မဂ်များကို ရသည့်အခါ ယင်းမဂ် ရှေ့၌ရှိသော ကာမာဝစရကုသိုလ် ဇောစိတ်ကို ဂေါတြဘူဟု မခေါ်တော့ဘဲ ဝေါဒါန + ဝေါဒါန်ဟူ၍ ခေါ်ဆိုရသည်။

**အာဒိကမ္မိကဈာန်နှင့် သမာပတ်ဈာန်ဝင်စားခြင်း**

ပထမဦးဆုံးဈာန်ရသည့် ဝီထိကို အာဒိကမ္မိကဈာနဝီထိဟုခေါ်သည်။ ယင်းအာဒိကမ္မိကဈာနဝီထိ၌ ဈာန်ဇောတစ်ကြိမ်သာ ဖြစ်ခွင့်ရှိသည်။ ယင်း ရရှိပြီးသောဈာန်ကို ထပ်မံ၍ ဖြစ်ပေါ်စေရန် အားထုတ်ခြင်းကို ဈာန်ဝင်စား သည်ဟု ခေါ်ဆိုရသည်။ (သမာပတ္တိ= သမာပတ်= ဝင်စားခြင်း)

**အာဒိကမ္မိကဈာနဝီထိပုံစံ**

(မန္ဒပညာ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်၊ ဘွင်၊ ဘွင်၊
(တိက္ခပညာ) ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဈာန်၊ ဘွင်၊ ဘွင်၊

www.burmeseclassic.com

www.burmeseclassic.com



**ဈာနသမာပတ္တိဝီထိ**

ဈာန်ဝင်စားသော ဈာနသမာပတ္တိဝီထိ၌ အပ္ပနာဈာန်ဇောများသည် အရေအတွက်အကန့်အသတ်မရှိ၊ အကြိမ်များစွာ ဖြစ်ခွင့်ရှိကြသည်။

(မန္ဒ) ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ ဈာန်များ၊ ဘွင်၊ ဘွင်၊

(တိက္ခ) ဘွင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ ဈာန်များ၊ ဘွင်၊ ဘွင်၊

**အတိုကောက်သင်္ကေတများ**

ပ = ပရိကံ။

ဥ = ဥပစာ။

နု = အနုလုံ။

ဂေါ = ဂေါတြဘူ။

ဝေါ = ဝေါဒါန်။

န = ဘဝင်္ဂစလန။

ဒ = ဘဝင်္ဂုပစ္ဆေဒ။

မ = မနောဒွါရာဝဇ္ဇန်း

**အဘိညာဝီထိ**

မြေလျှိုး၊ မိုးပျံ၊ ရုပ်ပြောင်း၊ ရုပ်လဲ၊ ရုပ်ပွါးစသော တန်ခိုး ဣဒ္ဓိပါဒ်များကို ဖန်ဆင်းခြင်းသည် အဘိညာဉ်မည်၏။ အဘိညာဉ်တန်ခိုး ဖန်ဆင်းမှုကို ပြုလိုသူသည် ရူပါဝစရဈာန်လေးပါး၊ အရူပါဝစရဈာန်လေးပါးဟူသော သမာပတ်ရှစ်ပါးကို ကျွမ်းကျင်နိုင်နင်းအောင် ဝသီဘော် ငါးပါးဖြင့် လေ့ကျင့်ရသည်။ တန်ခိုးဖန်ဆင်းရာ၌ အဘိညာဉ်၏ အခြေခံပဉ္စမဈာန်ကို ဝင်စား၍ ထိုဈာန်မှ ထပြီးနောက် မိမိဖြစ်စေလိုသည့် တန်ခိုးကို အဓိဋ္ဌာန်ပြုရသည်။ ထို့နောက် တဖန် စတုတ္ထဈာန်ကိုဝင်စားရသည်။ ထိုနောက် မိမိရလိုသည့် တန်ခိုးကို အာရုံပြု၍ ပဉ္စမဈာန်ဇောတစ်ကြိမ်သာလျှင်ဖြစ်သည့် အဘိညာဉ်ဝီထိဖြစ်လေသည်။ အဘိညာဉ်ကိစ္စတပ်သော ပဉ္စမဈာန်ဇောသည် ဂေါတြဘူနောင် တစ်ကြိမ်သာလျှင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



**အဘိညာဝီထိပုံစံ**

ဘွင်၊ ဘွင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ အဘိညာဉ်၊ ဘွင်၊ ဘွင်၊

**အရူပစိတ်(၁၂)ပါး**

| | |
|---|---|
| အရူပကုသိုလ်စိတ်- | ၄ -ပါး |
| အရူပဝိပါက်စိတ်- | ၄ -ပါး |
| အရူပကြိယာစိတ်- | ၄ -ပါး |
| | --------- |
| | ပေါင်း- ၁၂-ပါး |

အရူပဈာန်စိတ်တို့သည် ပဉ္စမဈာန်၌ အကျုံးဝင်သည်။ ထို့ကြောင့် အရူပစိတ်(၁၂)ပါးတို့သည် ဥပေက္ခာဝေဒနာနှင့်သာယှဉ်ကြသည်၊ အရူပဈာန်သည် ပဉ္စမဈာန်ဖြစ်သော်လည်း ရူပ ပဉ္စမဈာန်နှင့် အာရုံချင်း မတူကြချေ၊ ရူပဈာန်စိတ်၌ ဈာန်အင်္ဂါများကို တစ်ဆင့်ခြင်း ဖယ်ရှားခြင်း၊ ဈာန်အင်္ဂါကို ကျော်လွန်ခြင်းဖြင့် ရူပဈာန်(၅)ပါး သို့မဟုတ် (၄)ပါး ကွဲပြားရသည်။ အရူပဈာန်၌မူ ဈာန်အင်္ဂါမှာ ဥပေက္ခာနှင့် ဧကဂ္ဂတာ ဈာန်အင်္ဂါ(၂)ပါး အပြောင်းအလဲမရှိ တူညီကြသည်။ သို့ရာတွင် အာရုံကို တစ်ဆင့်နှင့် တစ်ဆင့် ပြောင်းလဲမြှင့်တင်ရသည်။ ရူပဈာန်၌ ဈာန်ငါးပါးလုံး အာရုံတစ်မျိုးတည်း တောက်လျှောက်ဖြစ်နိုင်သော်လည်း အရူပဈာန်၌မူ အာရုံတစ်မျိုးစီ ဖြစ်ကြရသည်။

ကသိုဏ်း(၁၀) ပါးရှိသည့်အနက် အာကာသ ကသိုဏ်းကို ချန်ထား၍ ကျန်ကသိုဏ်း (၉)ပါး၏ ပဋိဘာဂနိမိတ်ကို ခွါလှန်ဖယ်ရှား၍ ဖြစ်ပေါ်ရရှိလာသော ဟင်းလင်းပြင်ကို အာရုံပြုလျှက် ပွားများအားထုတ်မှသာလျှင် အရူပပထမဈာန်ကို ရရှိလေသည်။ (ရူပ- ရုပ်+အ-မရှိခြင်း၊ ကင်းလွတ်ခြင်း) ရုပ်မရှိသော အာရုံ၊ ရုပ်မပါသောအာရုံကို အာရုံပြု၍ ပွားများရသည်။

**အာကာသကောင်းကင်(၃)မျိုး**

(က) ပရိစ္ဆိန္နာကာသ - တစ်စုံတစ်ခုဖြင့် ပိုင်းခြား သတ်မှတ်ထားသော ကောင်းကင်၊ တံခါးပေါက်၊ ဂူပေါက်၊ အိုးနှုတ်ခမ်းဝစသည်။

www.burmeseclassic.com

www.burmeseclassic.com



( ခ) အဇ္ဈောကာသ ။ နေ၊ လ၊ နက္ခတ်တာရာများ ငြိတွယ်မှု မရှိပဲ လွတ်လပ်စွာ ရွေ့လျားခနသော ကောင်းကင်။

( ဂ)ကသိဏုဂ္ဃါဋိမာကာသ။ (ကသိဏ။ ကသိုဏ်းနိမိတ်+ ဥဂ္ဃါဋိမ။ ဖယ်ရှားခွါလှန်ထားသောကောင်းကင်)

**ပထမအရူပဈာန်**

ပထဝီကသိုဏ်းဖြင့် ပဉ္စမဈာန်တိုင်အောင် ရရှိထားသူသည် ယင်း ပထဝီ ကသိုဏ်းဝန်း၏ ပဋိဘာဂနိမိတ် ပုံတူရိပ်ကို စကြဝဠာအနန္တ အဆုံး အပိုင်း အခြားမရှိ ကြီးမားကျယ်ဝန်းလာအောင် ဖြန့်ထုတ်ဆန့်ထုတ်ရမည်။ အရပ်(၁၀)မျက်နှာလုံး ကသိုဏ်းဝန်း နိမိတ်ရုပ် အပြည့်ဖုံးလွှမ်းသွားရမည်။ ယောဂီပုဂ္ဂိုလ်အတွက် မိမိအပါ အဝင် လောကကြီးတစ်ခုလုံးမရှိတော့ပဲ ကသိုဏ်းဝန်းနိမိတ်ကြီး တစ်ခုတည်းသာလျှင် ရှိနေတော့သည်။ တဖန်ယင်း မြေကသိုဏ်းဝန်းနိမိတ်ကို ပယ်ခွါဖွင့်လှစ်၍ ဟင်းလင်းပြင် ကောင်းကင်ပြင် အဖြစ် ရှုမှတ်ရမည်။ " အာကာသော အနန္တော " ကောင်းကင်သည် အဆုံးမရှိ ဟူ၍ ကြိမ်ဖန် များစွာပွားများသောအခါ မြေကသိုဏ်းဝန်းနိမိတ်သည် လုံးဝ ပျောက်ကွယ် သွား၍ ယင်းအစားဟင်းလင်းပြင်အာကာသကိုသာ သိမြင် နေရတော့သည်။ ထိုအခါ အာကာသနဉ္စာယတနဟု ခေါ်သော အရူပ ပထမ ဈာန်ကိုရလေတော့သည်။

**ဒုတိယအရူပဈာန်**

ပထမ အရူပဈာန်ကို ကြိမ်ဖန်များစွာ ဝင်စားပြီးသောအခါ ဒုတိယ အရူပဈာန်ကို ရလိုသူသည် ပထမ အရူပဈာန်စိတ် (အာကာသာနဉ္စာယတန) ဝိညာဏ်ကို အာရုံပြု၍ (ဝိညာဏံ အနန္တံ။ ပထမအရူပ ဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ)ဟု ပွားများအားထုတ်ရသည်။ ထိုအခါ ဝိညာဏဉ္စာယတနအမည်ရသော ဒုတိယအရူပဈာန်စိတ် ဖြစ်ပေါ်လေသည်။

**တတိယအရူပဈာန်**

ယောဂီပုဂ္ဂိုလ်သည် ဖော်ပြခဲ့ပြီးသော ပထမအရူပဈာန်စိတ် ဝိညာဏ်၏ မရှိခြင်းသဘောကို အာရုံပြု၍ ထိုဝိညာဏ်သည် ဘာမျှ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါတကား၊ နတ္ထိကိဉ္စိ- ဘာမျှမရှိဟု နတ္ထိဘောပညတ်ကို အာရုံပြု၍ ပွားများရသည်။ ထိုအခါ အာကိဉ္စညာယတန ဟု ဆိုအပ်သော တတိယ အရူပဈာန်စိတ်ဖြစ်ပေါ်လေတော့သည်။

**စတုတ္ထအရူပဈာန်**

ယောဂီပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဈာန်ဟု ဆိုအပ်သော တတိယ အရူပဈာန်စိတ် ဝိညာဏ်ကို အာရုံပြုလျှက် ဤဝိညာဏ်သည် လွန်စွာငြိမ်သက်၏၊ လွန်စွာမွန်မြတ်၏ဟု ပွားများအားထုတ်သောအခါ နေဝသညာ နာသညာယတန ဈာန်ဟုဆိုအပ်သော စတုတ္ထအရူပဈာန် ဖြစ်ပေါ်လာ၏။

**အရူပကုသိုလ်စိတ်လေးပါး**

၁။ အာကာသာနဉ္စာယတနဈာန်- ကသိုဏ်း ပညတ်အာရုံကို ဖယ်ရှား၍ ရရှိသော ကောင်းကင် ပညတ်အာရုံကိုသာ အာရုံပြုသောစိတ်။

၂။ ဝိညာဏဉ္စာယတနဈာန်- ပထမအရူပဈာန်ဝိညာဏ်ကိုသာ အာရုံပြုသောစိတ်။

၃။ အာကိဉ္စညာယတနဈာန်- တစ်စုံတစ်ခုမျှ မရှိခြင်း နတ္ထိဘော ပညတ်ကိုသာ အာရုံပြုသောစိတ်။

၄။ နေဝသညာ နာသညာယတနဈာန်- တတိယ အရူပဈာန် ဝိညာဏ်ကို အာရုံပြုလျှက် သိမ်မွေ့သော သညာဖြစ်ခြင်း။

( နေဝသညာ - ထင်ရှားပေါ်လွင်သော သညာကား မရှိ+ နအသညာ- သညာလုံးဝမရှိသည်မဟုတ်)

ကုသိုလ်ဈာန်လေးပါးကိုနည်းမှီ၍ ဝိပါက်ဈာန် (၄)ပါးနှင့် ကြိယာဈာန် (၄)ပါး ကိုရေတွက်ရမည်။

အရူပကုသိုလ်ဈာန်(၄)ပါး၏ အကျိုးပေးရာဌာနအဖြစ်ဖြင့် အရူပ ဗြဟ္မာဘုံ(၄)ဘုံ ရှိသည်။ အရူပဝိပါတ်စိတ်(၄) ခုတို့သည် အရူပ (၄)ဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စလုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြ ရသည်။ ပထမအရူပဈာန်ကုသိုလ်သည် အာကာသာနဉ္စာယတနဘုံ၌ ပထမ အရူပဝိပါတ်စိတ်ကို ဖြစ်စေသည်။ ဒုတိယ အရူပဈာန်ကုသိုလ်သည်

www.burmeseclassic.com

www.burmeseclassic.com



ဝိညာဏဉ္စာယတနာဘုံ၌ ဒုတိယအရူပဝိပါက် စိတ်ကိုဖြစ်စေသည်။ တတိယအရူပစျာန်ကုသိုလ်သည် အာကိဉ္စညာယတနဘုံ၌ တတိယအရူပဝိပါက်ကိုဖြစ်ပေါ်စေသည်။ စတုတ္ထအရူပကုသိုလ်သည် နေဝသညာ နာသညာယတနဘုံ၌ စတုတ္ထအရူပဝိပါတ်စိတ်ကိုဖြစ်ပေါ်စေသည်။

အရူပကြိယာစျာန်စိတ်(၄)ပါး တို့သည် ဘုရားရဟန္တာတို့၏ သန္တာန်၌သာဖြစ်ကြသည်။

## မဟဂ္ဂုတ်စိတ်(၂၇)ပါး

(မဟဂ္ဂတ= မဟာ= မြင့်မြတ်ခြင်းသို့= ဂတ+ရောက်သောစိတ်)

ရူပစျာန်စိတ် အရူပစျာန်စိတ်တို့ကို မြင့်မြတ်သောကြောင့် လည်းကောင်း၊ စွမ်းအားကြီးမားသောကြောင့် လည်းကောင်း မဟဂ္ဂတ= မဟဂ္ဂုတ်ဟုခေါ်ရသည်။

**ဘုံအားဖြင့် ရေတွက်ပုံ**

(က) ရူပစိတ် - ၁၅- ပါး
( ခ) အရူပစိတ်- ၁၂- ပါး
---------
ပေါင်း- ၂၇- ပါး

**ဇာတိအားဖြင့်ရေတွက်ပုံ**

၁။ ကုသိုလ်စိတ်(၅+၄)- ၉-ပါး
၂။ ဝိပါတ်စိတ်(၅+၄) - ၉- ပါး
၃။ ကြိယာစိတ်(၅+၄) - ၉- ပါး
----------
ပေါင်း- ၂၇- ပါး

www.burmeseclassic.com

www.burmeseclassic.com



**ဝေဒနာအားဖြင့် ရေတွက်ပုံ**

| | | |
|---|---|---|
| ၁။ သောမနဿဝေဒနာ | ပထမစျာန် | -၃ |
| | ဒုတိယစျာန် | -၃ |
| | တတိယစျာန် | -၃ |
| | စတုတ္ထစျာန် | -၃ ---- ၁၂-ပါး |
| ၂။ ဥပေက္ခာဝေဒနာ | ရူပပဉ္စမစျာန် | -၃-ပါး |
| | အရူပစိတ် | ၁၂ ---- ၁၅ပါး |
| | ပေါင်း | ၂၇- ပါး |

**လောကုတ္တရာစိတ်(၈)ပါး**

မဂ်စိတ်ကို ကုသိုလ်စိတ်ဟုခေါ်၍ ဖိုလ်စိတ်ကို ဝိပါက်စိတ် ဟုခေါ်ရသည်။ ထို့ကြောင့် ကုသိုလ်စိတ်(၄)ပါးနှင့် ဝိပါက်စိတ်(၄)ပါးပေါင်း(၈)ပါးဟုရေတွက်ရသည်။ တစ်နည်း မဂ်စိတ်(၄)ပါး ဖိုလ်စိတ်(၄)ပါး ပေါင်း(၈)ပါးဟုရေတွက်ရသည်။

**မဂ်ကုသိုလ်(၄)ပါး**

| | |
|---|---|
| (က) သောတာပတ္တိမဂ်ကုသိုလ်စိတ်- | ၁ -ပါး |
| ( ခ) သကဒါဂါမိမဂ်ကုသိုလ်စိတ် - | ၁-ပါး |
| ( ဂ) အနာဂါမိမဂ်ကုသိုလ်စိတ်- | ၁- ပါး |
| (ဃ) အရဟတ္တမဂ်ကုသိုလ်စိတ်- | ၁ -ပါး |
| ပေါင်း- | ၄- ပါး |

**ဖိုလ်ဝိပါက်စိတ်(၄)ပါး**

| | |
|---|---|
| (က) သောတာပတ္တိဖိုလ်စိတ်- | ၁-ပါး |
| ( ခ) သကဒါဂါမိဖိုလ်စိတ်- | ၁-ပါး |
| ( ဂ) အနာဂါမိဖိုလ်စိတ်- | ၁-ပါး |
| (ဃ) အရဟတ္တဖိုလ်စိတ်- | ၁-ပါး |
| ပေါင်း- | ၄-ပါး |

www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းချက်

၁။ (သောတ+အာပတ္တိ+မဂ္ဂ)သောတ= ရေအလျဉ်၊ ရေစီးကြောင်း+ အာပတ္တိ=ရောက်ခြင်း+မဂ္ဂ=လမ်းကြောင်း= မဂ်ကုသိုလ်စိတ်။ နိဗ္ဗာန်တည်းဟူသော ပင်လယ်သမုဒ္ဒရာသို့ စီးဝင်သည့် မြစ်ရေ အလျဉ်၊ မြစ်ရေစီးကြောင်းပေါ်သို့ ရောက်သောစိတ်၊ ရေစီးကြောင်းသို့ ရောက်သွားသူသည် နောက်ကြောင်းပြန် ရေဆန်၍ မရနိုင်တော့ချေ၊ သေချာပေါက် ပင်လယ်သို့ ဝင်ရောက် ရမည်။ အလားတူ ဤသောတာပတ္တိမဂ်စိတ်သို့ ရောက်ရှိပြီး သူသည် နိဗ္ဗာန်သို့ **အနှေးအမြန် ဧကန်ဝင်ရောက်ရပေတော့မည်။**

၂။ သကဒါဂါမိမဂ်= **သကိ+အာဂါမီ=** သကိ= တစ်ကြိမ်+အာဂါမီ= ပြန်လာမည်။ **ဤလူ့ပြည်**သို့ တစ်ကြိမ်သာ လာရောက်ခွင့်ရှိသူ။

၃။ အနာဂါမိမဂ် = **န+အာဂါမီ=** န= မရှိ+အာဂါမီ= လာရောက်ခြင်း၊ ကာမဘုံသို့လာရောက်ခြင်းမရှိသူ၊ ဤကာမဘုံသို့ ပြန်မလာ တော့ဘဲ ရူပဘုံ **အရူပဘုံတို့၌** ကျင်လည်ရတော့သည်။

၄။ အရဟတ္တမဂ်= **အရဟ+တ္တ=** အရဟ=ပူဇော်အထူးကို **ခံထိုက်**သော ကိလေသာရန်သူတို့ကို ပယ်သတ်ပြီးသော+တ္တ= ဖြစ်ခြင်း(သဘာဝ)၊ ကိလေသာအားလုံးကို ပယ်ပြီးသူဖြစ်ခြင်း။

အပ္ပနာဇော ၂၆-ပါး (ဆင္ခိသ)

| | | | |
|---|---|---|---|
| ရူပကုသိုလ်ဇော - | ၅- ပါး | } ကုသိုလ် - ၁၃ | |
| အရူပကုသိုလ်ဇော | ၄- ပါး | | |
| လောကုတ္တရာကုသိုလ်ဇော | ၄ -ပါး | | |
| လောကုတ္တရာဝိပါက်ဇော | ၄- ပါး | --- ဝိပါက် - | ၄ |
| ရူပကြိယာဇော | ၅- ပါး | } ကြိယာ - | ၉ |
| အရူပကြိယာဇော | ၄- ပါး | | |

-----------

ပေါင်း ၂၆- ပါး

လောကုတ္တရာ မဂ္ဂဝီထိ ဖလဝီထိများ ဖြစ်ပုံကို ဖော်ပြပါဦးမည်-

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဝီထိ-

မဂ္ဂဝီထိ၌ မန္ဒပညာပုဂ္ဂိုလ်အား ဂေါတြဘူနောင် မဂ်ဇောတစ်ကြိမ် ဖိုလ်ဇော နှစ်ကြိမ်စောသည်။

(မန္ဒ) ဘဝင်၊ ဘဝင်၊ န၊ ဒ၊ မ၊ ပ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဘဝင်

တိက္ခပညာပုဂ္ဂိုလ်အား ပရိကမ်ဇောမဖြစ်ခဲ့သဖြင့် ဂေါတြဘူနောင် မဂ်ဇောတစ်ကြိမ်၊ ဖိုလ်ဇော သုံးကြိမ်စောသည်။

(တိက္ခ) ဘဝင်၊ ဘဝင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဖိုလ်၊ ဘဝင်၊ ဘဝင်

သောတာပတ္တိမဂ်ကို ရပြီးနောက် သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်၊ ဝီထိများ၌ ဂေါတြဘူဇော၏ အမည်ကို ဝေါဒါန၊ ဝေါဒါန်ဟု ပြောင်းလဲခေါ်ဝေါ်ရသည်။ (ဝေါဒါန- ဖြူစင်ခြင်း)

သကဒါဂါမိမဂ္ဂဝီထိ

ဘဝင်၊ ဘဝင်၊ န၊ ဒ၊ မ၊ ဥ၊ နု၊ ဂေါ၊ မဂ်၊ ဖိုလ်၊ ဖိုလ်၊ ဘဝင်

ဖလသမာပတ္တိဝီထိ

ဖိုလ်ဝင်စားသော ဝီထိ၌ ဥပစာရ သမာဓိဇောတို့ကို ပရိကံ၊ ဥပစာ၊ ဂေါတြဘူသို့မဟုတ် ဝေါဒါန်ဟူသော အမည်များကို အသုံးမပြုတော့ဘဲ အနုလုံဟူ၍သာလျှင် သုံးနှုန်းသည်။ မန္ဒပညာပုဂ္ဂိုလ်၌ အနုလုံလေးကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်၌ အနုလုံ သုံးကြိမ်ဖြစ်၍ ဖိုလ်ဇောများ အကြိမ်များစွာ ဖြစ်ပေါ်ကြသည်။

(မန္ဒ) ဘဝင်၊ ဘဝင်၊ န၊ ဒ၊ မ၊ နု၊ နု၊ နု၊ နု၊ ဖိုလ်ဇောများ၊ ဘဝင်

(တိက္ခ) ဘဝင်၊ ဘဝင်၊ န၊ ဒ၊ မ၊ နု၊ နု၊ နု၊ ဖိုလ်ဇောများ၊ ဘဝင်

www.burmeseclassic.com

www.burmeseclassic.com



အပ္ပနာဇော အကျယ်- ၅၈ ဘုံ အားဖြင့် ခွဲပုံ

| | |
|---|---|
| ရူပဇော (ကု + ကြိ) | ၁၀ |
| အရူပဇော (ကု + ကြိ) | ၈ |
| လောကုတ္တရာဇော | ၄၀ |
| ---------- | |
| ပေါင်း | ၅၈- ပါး |

ဈာန်အားဖြင့် ခွဲပုံ

| | | |
|---|---|---|
| ပထမဈာန် (ရူပ-၂+လောကုတ္တရာ-၈) | = | ၁၀ |
| ဒုတိယဈာန် (ရူပ-၂+လောကုတ္တရာ-၈) | = | ၁၀ |
| တတိယဈာန်(ရူပ-၂+လောကုတ္တရာ-၈) | = | ၁၀ |
| စတုတ္ထဈာန်(ရူပ-၂+လောကုတ္တရာ-၈) | = | ၁၀ |
| ပဉ္စမဈာန် (ရူပ-၂+အရူပ-၈+လောကုတ္တရာ-၈) | = | ၁၈ |
| | | ---------- |
| ပေါင်း | | ၅၈-ပါး |

အပ္ပနာဇော ၅၈-ကို ဝေဒနာအားဖြင့် ခွဲခြင်း

အထက်ဖော်ပြပါ ဇယား၌ ပထမဈာန်မှ စတုတ္ထဈာန်အထိဇော - ၄၀တို့သည် သောမနဿဇောများ ဖြစ်ကြ၍ ပဉ္စမဈာန်ဇော ၁၈-ပါးသည် ဥပေက္ခာဇောများဖြစ်ကြသည်။

မဟာကုသိုလ်ကြိယာဇောနှင့် အပ္ပနာဇောတွဲစပ်ပုံ

အပ္ပနာဇောဝီထိ၌ မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးနှင့် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ပါးတို့သည် ပရိကံဇော၊ ဥပစာဇော၊ အနုလုံဇော၊ ဂေါတြဘူဇော၊ ဝေါဒါန်ဇောဟူသော အမည်ဖြင့် ရှိကြသည်။ ဂေါတြဘူ ဝေါဒါန်၏ နောက်၌ ဈာန်ဇော၊ မဂ်ဇော၊ ဖိုလ်ဇောများ စောနိုင်ကြသည်။ ထို့ကြောင့် ဂေါတြဘူဝေါဒါန်အမည်ဖြင့် ဖြစ်သော မဟာကုသိုလ်၊ မဟာကြိယာဇော နောက်၌ အပ္ပနာဇောများ သောမနဿ ဥပေက္ခာကုသိုလ် ဝိပါက် ကြိယာဇောများ စောပုံကို အောက်ပါဇယားအတိုင်း မှတ်သားနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



| ဝေါ်ကြဘူ ဝေါဒါန်ဇောနှောင် | အပ္ပနာဇောများ | | သဘောတူရာစောပုံ |
|---|---|---|---|
| မဟာကုသိုလ် သောမနဿ ဉာဏသမ္ပယုတ်ဇော-၂ | မဟဂ္ဂုတ်ကုသိုလ် သောမနဿ | - ၄ | ၃၂ |
| | မဂ်ကုသိုလ် သောမနဿ | - ၁၆ | |
| | အောက်ဖိုလ် သုံးပါး သောမနဿ | - ၁၂ | |
| မဟာကုသိုလ် ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော -၂ | မဟဂ္ဂုတ်ကုသိုလ် ဥပေက္ခာ | - ၅ | ၁၂ |
| | မဂ်ကုသိုလ် ဥပေက္ခာ | - ၄ | |
| | အောက်ဖိုလ် သုံးပါး ဥပေက္ခာ | - ၃ | |
| မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်ဇော-၂ | မဟဂ္ဂုတ်ကြိယာ သောမနဿ | - ၄ | ၈ |
| | အရဟတ္တဖိုလ် သောမနဿ | - ၄ | |
| မဟာကြိယာ ဥပေက္ခာ ဉာဏသမ္ပယုတ်ဇော-၂ | မဟဂ္ဂုတ် ကြိယာ ဥပေက္ခာ | - ၅ | ၆ |
| | အရဟတ္တဖိုလ် ဥပေက္ခာ | ၁ | |
| ပေါင်း- ၈ | | ပေါင်း | ၅၈ |

## စိတ်အကျယ် ၁၂၁-ပါးကို ဝေဒနာအားဖြင့်ခွဲပုံ

| ဝေဒနာ | အကုသိုလ် | ကုသိုလ် | ဝိပါက် | ကြိယာ | ပေါင်း |
|---|---|---|---|---|---|
| သောမနဿ | ၄ | ၂၄ | ၂၅ | ၉ | ၆၂ |
| ဥပေက္ခာ | ၆ | ၁၃ | ၂၅ | ၁၁ | ၅၅ |
| ဒေါမနဿ | ၂ | × | × | × | ၂ |
| သုခ | × | × | ၁ | × | ၁ |
| ဒုက္ခ | × | × | ၁ | × | ၁ |
| ပေါင်း | ၁၂ | ၃၇ | ၅၂ | ၂၀ | ၁၂၁ |

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းခွဲခြားပုံ

| ဝေဒနာ | ကာမာဝစရစိတ် | မဟဂ္ဂုတ် | လောကုတ္တရာ | ပေါင်း |
|---|---|---|---|---|
| သောမနဿ | ၁၈ | ၁၂ | ၃၂ | ၆၂ |
| ဥပေက္ခာ | ၃၂ | ၁၅ | ၈ | ၅၅ |
| ဒေါမနဿ | ၂ | - | - | ၂ |
| သုခ | ၁ | - | - | ၁ |
| ဒုက္ခ | ၁ | - | - | ၁ |
| ပေါင်း | ၅၄ | ၂၇ | ၄၀ | ၁၂၁ |

စိတ်ဖြစ်ပုံ ဝီထိစိတ်အစဉ်နှင့် စိတ်တို့၏ ဇာတိမျိုးနွယ် လုပ်ငန်းကိစ္စတို့ကို ဆက်စပ်နားလည်နိုင်စေရန် ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်း၊ စိတ်ပိုင်းနှင့် ပကိဏ်းပိုင်းတို့ကို ရောနှောပြဆိုလိုက်ပါသည်။

ဟိတ်ဖြင့်ခွဲခြားရေတွက်ခြင်း (ဟေတုသင်္ဂဟ)

ပါဠိဘာသာအားဖြင့် ဟေတုကို မြန်မာမှုပြု၍ ဟိတ်ဟုခေါ်သည်။ အဓိပ္ပါယ်မှာ အကြောင်းတရား၊ အရင်းမူလ၊ ရေသောက်မြစ်ဟုဆိုလိုသည်။ ရေသောက်မြစ်မရှိသော သစ်ပင်တို့သည် သေလွယ်ပျောက်လွယ်ကြ၍ ခိုင်မြဲခြင်းမရှိ၊ ရေသောက်မြစ်ရှိသော သစ်ပင်တို့သည် ခိုင်မြဲသည်။ ကြီးထွားဖွံ့ဖြိုးကြသည်။ ထို့အတူ ဟိတ်နှင့်မယှဉ်သော အဟိတ်စိတ် တို့သည် သက်ဆိုင်ရာအာရုံပေါ်၌ ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်းမရှိ၊ ထို့ကြောင့် အင်အား စွမ်းအားမရှိကြချေ။ ဟိတ်နှင့်ယှဉ်သော သဟိတ်စိတ်များမှာမူ မိမိအာရုံပေါ်၌ ခိုင်မြဲစွာ ရပ်တည်နိုင်ကြ၍ သက်ဆိုင်ရာလုပ်ငန်းကိစ္စ ပြီးမြောက်စေရန် အင်အားစိုက်ထုတ်နိုင်ကြသည်။

ဟိတ်(၆)ပါး

လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ် = အကုသိုလ်ဟိတ်(၃)ပါး
အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် = ကုသိုလ်ဟိတ်(၃)ပါး

ပေါင်း ၆-ပါး

www.burmeseclassic.com

www.burmeseclassic.com



**တစ်နည်းဟိတ်(၉)ပါး**

ယခုပြဆိုခဲ့သော ကုသိုလ်ဟိတ်သုံးပါးသည် ဝိပါက်စိတ်၊ ကြိယာစိတ်တို့၌ ယှဉ်သောအခါ အဗျာကတဟိတ်ဟု ခေါ်ဆိုရမည်။ ထို့ကြောင့် ယခင်ပြဆိုပြီး ဟိတ်(၆)ပါးတွင် အဗျာကတဟိတ်(၃)ပါး ပေါင်းထည့်ပါက ဟိတ်(၉)ပါးဖြစ်သည်။

**အဟိတ်စိတ်နှင့်သဟိတ်စိတ်**

ပြဆိုခဲ့သော ဟိတ်(၉)ပါးအနက် တစ်စုံတစ်ခုသော ဟိတ်နှင့်မျှ မယှဉ်သော စိတ်ကိုအဟိတ်စိတ်ဟုခေါ်ရသည်။ ပြဆိုခဲ့ပြီးသော ဟိတ်(၉)ပါးအနက် ဟိတ်တစ်ပါးနှင့်ဖြစ်စေ၊ ဟိတ်နှစ်ပါးနှင့်ဖြစ်စေ၊ ဟိတ်သုံးပါးနှင့်ဖြစ်စေ၊ ယှဉ်သော စိတ်တို့ကို သဟိတ်စိတ်ဟုခေါ်ဆိုရသည်။

| | | |
|---|---|---|
| (က) | အဟိတ်စိတ် | ၁၈-ပါး |
| (ခ) | သဟိတ်စိတ်(၈၉-၁၈) | ၇၁-ပါး |

သဟိတ်စိတ် ၇၁-ပါးကို ဧကဟိတ်၊ ဒွိဟိတ်၊ တိဟိတ် ဟူ၍ ထပ်မံခွဲခြားနိုင်သည်။

**ဧကဟိတ်စိတ်(၂)ပါး**

မောဟမူစိတ်(၂)ပါးသည် မောဟဟိတ်(၁)ပါးနှင့်သာ ယှဉ်သောကြောင့် ဧကဟိတ်စိတ်မည်၏။

**ဒွိဟိတ်စိတ် ၂၂-ပါး**

လောဘမူစိတ်(၈)ပါးသည် လောဘဟိတ်၊ မောဟဟိတ်(၂)ပါးနှင့် ယှဉ်၏။ ဒေါသမူစိတ်(၂)ပါးသည် ဒေါသဟိတ်၊ မောဟဟိတ်(၂)ပါးနှင့် ယှဉ်ကြသည်။ ကာမာဝစရသောဘဏ ဉာဏဝိပ္ပယုတ်စိတ်(၁၂)ပါးတို့သည် အလောဘ၊ အဒေါသ၊ ဟိတ်(၂)ပါးနှင့် ယှဉ်သည်။

| | | |
|---|---|---|
| (က) | လောဘ၊မောဟ၊ ယှဉ်လောဘမူစိတ် | ၈-ပါး |
| (ခ) | ဒေါသ၊ မောဟယှဉ်သော ဒေါသမူစိတ် | ၂-ပါး |
| (ဂ) | အလောဘ၊ အဒေါသယှဉ်သော ကာမာဝစရဉာဏဝိပ္ပယုတ်စိတ် | ၁၂-ပါး |
| | ပေါင်း | ၂၂-ပါး |

www.burmeseclassic.com

www.burmeseclassic.com



**တိဟိတ်စိတ်(၄၇)ပါး**

| | |
|---|---|
| (က)ကာမာဝစရဉာဏသမ္ပယုတ်စိတ်(ကု+ဝိ+ကြိ) | ၁၂-ပါး |
| ( ခ) မဟဂ္ဂုတ်စိတ်နှင့်လောကုတ္တရာစိတ်(၂၇+၈) | ၃၅-ပါး |
| | -------- |
| ပေါင်း | ၄၇-ပါး |

ဤစိတ်တို့၌ အလောဘ၊အဒေါသ၊ အမောဟ ဟိတ်သုံးပါးလုံး ယှဉ်ကြသည်။

**အကျဉ်းရေတွက်ပုံ**

| | |
|---|---|
| (က) အဟိတ်စိတ်- | ၁၈-ပါး |
| ( ခ) ဧကဟိတ်စိတ်- | ၂-ပါး |
| ( ဂ) ဒွိဟိတ်စိတ်- | ၂၂-ပါး |
| (ဃ) တိဟိတ်စိတ်- | ၄၇-ပါး |
| | -------- |
| ပေါင်း | ၈၉-ပါး |

**ဒွါရဖြင့်ခွဲခြမ်းစိတ်ဖြာပုံ (ဒွါရသင်္ဂဟ)**

ဒွါရဆိုသည်မှာ တံခါးပေါက်ဖြစ်သည်။ အိမ်တစ်ခု၌ ဝင်လိုထွက်လိုလျှင် တံခါးပေါက်ကိုအသုံးပြုရမည်။ အလားတူပင် ခန္ဓာကိုယ်အတွင်း အဇ္ဈတ္တရှိ ဝိထိစိတ်တို့သည် ပြင်ပအာရုံကို ရလိုသဖြင့် မျက်စိတံခါးပေါက်စသည်မှ ထွက်ကြရသည်။ ထို့အတူ အဆင်းရူပါရုံစသည်တို့သည် အဇ္ဈတ္တမနောစိတ်သို့ ဝင်ရောက်လိုသည့်အခါ ယင်းတံခါးပေါက် များမှဝင်ကြရသည်။

**ဒွါရ(၆)ပါး-တံခါးခြောက်ပေါက်**

၁။ စက္ခုဒွါရ - မျက်စိတံခါးပေါက်။
၂။ သောတဒွါရ - နားတံခါးပေါက်။
၃။ ဃာနဒွါရ - နှာခေါင်းတံခါးပေါက်။
၄။ ဇိဝှါဒွါရ - လျှာတံခါးပေါက်။
၅။ ကာယဒွါရ - ကာယတံခါးပေါက်။
၆။ မနောဒွါရ - မနောတံခါးပေါက်။

www.burmeseclassic.com

www.burmeseclassic.com



အာရုံထင်ဟပ်မှုကို ခံယူပေးနိုင်သော အောက်ဖော်ပြပါ ရုပ်အကြည်ဓာတ်များကို ပသာဒရုပ်ဟုခေါ်ဆိုရမည်။

၁။ စက္ခုပသာဒ - မျက်စိ အကြည်ဓာတ်
၂။ သောတပသာဒ - နား အကြည်ဓာတ်
၃။ ဃာနပသာဒ - နှာခေါင်း အကြည်ဓာတ်
၄။ ဇိဝှါပသာဒ - လျှာ အကြည်ဓာတ်။
၅။ ကာယပသာဒ - ကိုယ် အကြည်ဓာတ်။

စက္ခုဒွါရိကစိတ် ၄၆-ပါး (စက္ခုဒွါရ၌ဖြစ်သောစိတ်)

| | |
|---|---|
| ၁။ ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| ၂။ စက္ခုဝိညာဏ်ဒွေး | ၂ |
| ၃။ သမ္ပဋိစ္ဆိုင်း | ၂ |
| ၄။ သန္တီရဏ | ၃ |
| ၅။ ဝုဋ္ဌော | ၁ |
| ၆။ ကာမာဝစရဇော | ၂၉ |
| ၇။ တဒါရုံ | ၈ |
| ပေါင်း | ၄၆ |

သောတဒွါရိကစိတ် ၄၆-ပါး

ယခင် ၄၆-ပါး၌ စက္ခုဝိညာဏ်ဒွေးကိုဖယ်၍ သောတဝိညာဏ်ဒွေး ထည့်သွင်းရေတွက်ရမည်။ အလားတူ ဃာနဒွါရိကစိတ်၊ ဇိဝှါဒွါရိကစိတ်၊ ကာယဒွါရိကစိတ်တို့၌လည်း သက်ဆိုင်ရာဃာနဝိညာဏ်ဒွေး၊ ဇိဝှါဝိညာဏ်ဒွေး၊ ကာယဝိညာဏ်ဒွေတို့ကို ထည့်သွင်းရေတွက်၍ ၄၆-ပါးစီရှိကြသည်။

မနောဒွါရိကစိတ် ၆၇-ပါး

| | | |
|---|---|---|
| ၁။ | မနောဒွါရာဝဇ္ဇန်း | ၁ |
| ၂။ | ဇော | ၅၅ |
| ၃။ | တဒါရုံ | ၁၁ |
| | ပေါင်း | ၆၇-ပါး |

www.burmeseclassic.com

www.burmeseclassic.com



**ဒွါရဝိမုတ်စိတ် ၁၉-ပါး (ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်)**

| | |
|---|---|
| ဥပေက္ခာသန္တီရဏ | ၂-ပါး |
| မဟာဝိပါက်စိတ် | ၈-ပါး |
| မဟဂ္ဂုတ်ဝိပါက် | ၉-ပါး |
| ပေါင်း | ၁၉-ပါး |

ယင်း၁၉-ပါးတို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သည့် အခိုက်၌ ဒွါရ၆-ပါးတို့မှလွတ်ကုန်၏။

**တစ်ဒွါရ၌ဖြစ်သောစိတ် ၃၆-ပါး**

| | |
|---|---|
| ဒွေးပဉ္စဝိညာဏ် | ၁၀ |
| မဟဂ္ဂုတ်လောကုတ္တရာဇော(အပ္ပနာဇော) | ၂၆ |
| ပေါင်း | ၃၆-ပါး |

**၅-ဒွါရ၌ဖြစ်သောစိတ် ၃-ပါး**

မနောဓာတ် ၃-ပါး= (ပဉ္စဒွါရာဝဇ္ဇန်း+သမ္ပဋိစ္ဆိုင်းဒွေး)

**၆-ဒွါရ၌ဖြစ်သောစိတ်**

| | |
|---|---|
| သောမနဿသန္တီရဏ | ၁-ပါး |
| ဝုဋ္ဌော | ၁-ပါး |
| ကာမဇော | ၂၉-ပါး |
| ပေါင်း | ၃၁-ပါး |

**ဒွါရ ၆-ပါးတစ်လှည့် ဒွါရဝိမုတ်တလှည့်ဖြစ်သောစိတ်များ**

ဥပေက္ခာသန္တီရဏ ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း (၁၀)ပါး။

**ဒွါရဝိမုတ်သက်သက် ၉-ပါး**

မဟဂ္ဂုတ်ဝိပါက် ၉-ပါး (ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စသာတပ်သည်၊)

www.burmeseclassic.com

www.burmeseclassic.com



## အာရမ္မဏ သင်္ဂဟ
## (စိတ်စေတသိက်တို့ကို အာရုံဖြင့် ရေတွက်ပြခြင်း)

စိတ် စေတသိက်တို့သည် အာရုံတစ်ခုခုကို အမှီပြု၍ ဖြစ်ကြရသည်။ အာရုံမရှိသော စိတ်ဟူ၍မရှိ၊ အာရုံမရှိ၊ စိတ်မရှိ အာရုံပူလျှင် စိတ်ပူသည်၊ အာရုံအေးလျှင် စိတ်အေးသည်၊ အင်အားနည်းသူသည် လမ်းလျှောက်သည့်အခါ ကြိုးတန်းကြိမ်တန်း(သို့) တောင်ဝှေးတစ်ခုခုကို အမှီပြု၍ လမ်းလျှောက်ရသည်။ ထို့အတူ စိတ်သည်အာရုံကို မှီတွယ်၍ ဖြစ်ပေါ်ရသည်။

**အာရုံခြောက်ပါး**

၁။ ရူပါရုံ = ရုပ်အဆင်း၊ အရောင်အဆင်း= ပုံပန်းသဏ္ဍာန်

၂။ သဒ္ဒါရုံ = အသံ = စိတ္တဇအသံ၊ ဥတုဇအသံ

၃။ ဂန္ဓာရုံ = အနံ့အာရုံ= မွှေးခြင်း၊နံခြင်း။

၄။ ရသာရုံ = အရသာအာရုံ = ချို၊ချဉ်၊ဖန်၊ခါး၊ငံ၊စပ်၊အရသာ ၆-ပါး

၅။ ဖောဋ္ဌဗ္ဗာရုံ = အတွေ့အထိအာရုံ = နူးညံ့၊ခက်မာ၊ပူခြင်း၊အေးခြင်း၊ လှုပ်ခြင်း၊ငြိမ်ခြင်း။

၆။ ဓမ္မာရုံ = သဘောတရားအာရုံ = ပသာဒရုပ်၊ သုခုမရုပ်၊ နိဗ္ဗာန်၊ ပညတ်၊ စိတ်၊ စေတသိက်၊ ဟူသောအာရုံ ၆-မျိုး။

**ရူပါရုံအာရုံပြုသောစိတ် ၄၆-ပါး**

စက္ခုဒွါရ၌ဖြစ်သော စိတ်၄၆-ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြသည်။

**သဒ္ဒါရုံကို အာရုံပြုသောစိတ် ၄၆-ပါး**

သောတဒွါရ၌ဖြစ်သော စိတ်၄၆-ပါးတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြုကြသည်။

**ဂန္ဓာရုံကိုအာရုံပြုသောစိတ် ၄၆-ပါး**

ဃာနဒွါရ၌ဖြစ်သော စိတ်၄၆-ပါးတို့သည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရသာရုံကို အာရုံပြုသောစိတ် ၄၆-ပါး**

ဇိဝှါဒွါရ၌ဖြစ်သော စိတ်၄၆-ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြုကြသည်။

**ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသောစိတ် ၄၆-ပါး**

ကာယဒွါရ၌ဖြစ်သော စိတ်၄၆-ပါးတို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုကြသည်။

**ဓမ္မာရုံကိုအာရုံပြုသောစိတ်**

မနောဒွါရိကစိတ် ၆၇-ပါးတို့သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလသုံးပါး၌ရှိသော (သို့မဟုတ်) ကာလ၃-ပါးမှ အလွတ်ဖြစ်သောဓမ္မာရုံ (သဘောတရား)အာရုံ ၆-မျိုးကိုလည်း လည်းကောင်း၊ အဘိတ်၊ အနာဂတ် အာရုံ ၅-ပါးကို လည်းကောင်း၊ အာရုံပြုကြသည်။

ဒွါရဝိမုတ်စိတ် ၁၉-ပါးတို့သည် ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံ သုံးမျိုးတို့အနက် တစ်ခုခုကို အာရုံပြုတတ်၏။ ထိုအာရုံ ၃-ပါးဖြစ်ပေါ်လာပုံမှာ လွန်ခဲ့သည့် အတိတ်ဘဝသေခါနီးအချိန်ကာလတွင် ပစ္စုပ္ပန်အာရုံ သို့မဟုတ် အတိတ်အာရုံ သို့မဟုတ် ပညတ်အာရုံတို့ကို ဒွါရ ၆-ပါးဖြင့် ရယူထားသော သို့မဟုတ် ဒွါရ ၆-ပါး၌ထင်လာသော အာရုံနိမိတ်များဖြစ်သည်။ ယင်းအာရုံနိမိတ်များကို သေခါနီးအခါဖြစ်ပေါ်လာသောဇော (မရဏာသန္နဇော)က အာရုံပြုသည်။ ယင်းအတိတ်ဘဝ မရဏာသန္နာဇော စိတ်သည် အာရုံအဖြစ် ရယူထားခဲ့သော ကံအာရုံ၊ ကမ္မနိမိတ်အာရုံ၊ ဂတိနိမိတ်အာရုံ တို့ကို ယခုပစ္စုပ္ပန်ဘဝ၏ ပဋိသန္ဓေစိတ်နှင့် ဘဝင်စိတ် စုတိစိတ်တို့သည် ဆက်လက်၍ အာရုံပြုကြရသည်။

**အာရုံတစ်ခုကိုသာ ယူနိုင်သောစိတ်(၁၀)ပါး**

၁။ ဒွေးပဉ္စဝိညာဉ် ၁၀- မိမိသက်ဆိုင်ရာ ရူပါရုံစသည် တစ်ပါးစီသာ အာရုံပြုနိုင်သည်။

၂။ **အာရုံငါးပါး ယူနိုင်သောစိတ်(၃)ပါး**

မနောဓာတ်၃-ပါးသည် ရူပါရုံစသော အာရုံငါးပါးတို့ကို အာရုံပြု နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



**ကာမအာရုံပြုသောစိတ်(၁၂)ပါး**

| | |
|---|---|
| သန္တီရဏ | ၃-ခု |
| ဟသိတုပ္ပါဒ် | ၁-ခု |
| မဟာဝိပါက် | ၈-ခု |
| | ----- |
| ပေါင်း | ၁၂-ပါး |

ကာမအာရုံဆိုသည်မှာ ကာမစိတ်(၅၄)ခုနှင့် ယှဉ်ဖော် ယှဉ်ဘက် စေတသိက်များ၊ ရုပ် ၂၈-ပါးတို့ကို ဆိုလိုသည်။

**ကာ့မစေန်အာ့ရုံပြုစိတ် ၂၅-ပါး**

| | | | |
|---|---|---|---|
| ဒွေပဥ္စဝိညာဏ် | - ၁၀ | အဟိတ်စိတ်-၁၇-ပါး | |
| မနောဓာတ် | - ၃ | | |
| သန္တီရဏ | - ၃ | | |
| ဟသိတုပ္ပါဒ် | - ၁ | | |
| မဟာဝိပါက်စိတ် | | | -၈-ပါး |
| | | | ---------- |
| | ပေါင်း | | ၂၅-ပါး |

**လောကီအာရုံပြုသောစိတ်(၂၀)**

| | |
|---|---|
| အကုသိုလ်စိတ် | - ၁၂-ပါး |
| မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ် | - ၄-ပါး |
| မဟာကြိယာဉာဏဝိပ္ပယုတ်စိတ် | - ၄-ပါး |
| | -------- |
| ပေါင်း | - ၂၀-ပါး |

လောကီအာရုံဆိုသည်မှာ လောကီစိတ်၈၁-ပါး၊ ယင်း၌ယှဉ်သော စေတသိက် ၅၂-ပါး၊ ရုပ်၂၈-ပါးတို့ကို ဆိုလိုသည်။

www.burmeseclassic.com

www.burmeseclassic.com



**အရဟတ္တမဂ် အရဟတ္တဖိုလ်မှတပါးအလုံးစုံ အာရုံပြုနိုင်သောစိတ်၅-ပါး**

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးနှင့် ပဉ္စမဈာန်ကုသိုလ် အဘိညာဉ် ၁-ပါး၊ ပေါင်း ၅-ပါးတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်မှတပါး အလုံးစုံကို အာရုံပြုနိုင်သည်။

**အလုံးစုံကို အာရုံပြုနိုင်သောစိတ် ၆-ပါး**

မဟာကြိယာဉာဏသမ္ပယုတ်စိတ်၄-ပါး၊ ပဉ္စမဈာန် ကြိယာအဘိညာဉ် ၁-ပါး၊ မနောဒွါရာဝဇ္ဇန်း ၁-ပါး၊ ပေါင်း ၆-ပါးတို့သည် အလုံးစုံကို အာရုံပြုနိုင်သည်။

**မဟဂ္ဂုတ်ကေန်အာရုံပြုနိုင်သောစိတ် ၆-ပါး**

ဒုတိယအရူပစိတ် ၃-ပါးနှင့် စတုတ္ထအရူပစိတ် ၃-ပါး၊ ပေါင်း ၆ပါးတို့သည် မဟဂ္ဂုတ်အာရုံကို ကေန်အာရုံပြုကြကုန်၏။ (မဟဂ္ဂုတ်အာရုံ ဆိုသည်မှာ-ပဌမအရူပဝိညာဏ်စိတ်နှင့် တတိယအရူပဝိညာဏ်စိတ်ကို ဆိုလိုသည်)

**ပညတ်ကေန်အာရုံပြုနိုင်သောစိတ် ၂၁-ပါး**

မဟဂ္ဂုတ်စိတ် ၂၇-ပါးရှိသည့်အနက် ဒုတိယအရူပစိတ် ၃-ပါး၊ စတုတ္ထအရူပစိတ် ၃-ပါး၊ ပေါင်း ၆-ပါးတို့ကို ကြဉ်ဖယ်ထား၍ ကြွင်းသောမဟဂ္ဂုတ်စိတ် ၂၁-ပါးတို့သည် ပညတ်ကိုကေန်အာရုံပြုကုန်၏။

**နိဗ္ဗာန်ကေန်အာရုံပြုသောစိတ် ၈-ပါး**

လောကုတ္တရာစိတ် ၈-ပါးတို့သည် နိဗ္ဗာန်ကိုကေန်အာရုံပြုကုန်၏။

## ဝတ္ထုသင်္ဂဟ

စိတ်စေတသိက်တို့၏ အမှီပြုရာရုပ်ကို ဝတ္ထုရုပ်ဟုခေါ်သည်။

**ဝတ္ထုရုပ် ၆-ပါး**

၁။ စက္ခုဝတ္ထုရုပ် - စက္ခုပသာဒရုပ်။ စက္ခုဒွါရ
၂။ သောတဝတ္ထုရုပ် - သောတပသာဒရုပ်။ သောတဒွါရ
၃။ ဃာနဝတ္ထုရုပ် - ဃာနပသာဒရုပ်။ ဃာနဒွါရ
၄။ ဇိဝှါဝတ္ထုရုပ် - ဇိဝှါပသာဒရုပ်။ ဇိဝှါဒွါရ

www.burmeseclassic.com

www.burmeseclassic.com



၅။ ကာယဝတ္ထုရုပ်=ကာယပသာဒရုပ်=ကာယဒွါရ

၆။ ဟဒယဝတ္ထုရုပ်=နှလုံးသွေးအတွင်းရှိ ရုပ်အကြည်ဓါတ်၊ မနောဒွါရ၊

(က) ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးရနိုင်သည်။

(ခ) ရူပဗြဟ္မာဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယ၊ ဝတ္ထုရုပ် ၃-ပါး မရနိုင်၊ စက္ခု၊ သောတ၊ ဟဒယဝတ္ထုရုပ်သုံးပါးသာ ရနိုင်သည်။

(ဂ) အရူပဘုံ၌ ဝတ္ထုရုပ်များ လုံးဝမရနိုင်ချေ။

၁။ ပဉ္စဝိညာဏစိတ် ၅-ပါးတို့သည် ပသာဒဝတ္ထုရုပ် ၅-ပါးတို့ကို အစဉ်အတိုင်းမှီကုန်၏။

ဆိုလိုသည်မှာ-

စက္ခုဝိညာဏ်ခွေးသည် စက္ခုပသာဒ ဝတ္ထုရုပ် ကိုမှီ၏။

| | | | | |
|---|---|---|---|---|
| သောတ | ။ | သောတ ။ | ။ | ။ |
| ဃာန | ။ | ဃာန ။ | ။ | ။ |
| ဇိဝှါ | ။ | ဇိဝှါ ။ | ။ | ။ |
| ကာယ | ။ | ကာယ ။ | ။ | ။ |

ဟဒယဝတ္ထုရုပ်ကို အမြဲမှီသောစိတ် ၃၃-ပါး

| | | |
|---|---|---|
| မနောဓာတ် | - | ၃-ပါး |
| သန္တီရဏ | - | ၃-ပါး |
| မဟာဝိပါက်စိတ် | - | ၈-ပါး |
| ဒေါသမူခွေး | - | ၂-ပါး |
| သောတာပတ္တိမဂ် | - | ၁-ပါး |
| ဟသိတုပ္ပါဒ် | - | ၁-ပါး |
| ရူပါဝစရစိတ် | - | ၁၅-ပါး |
| | | --------- |
| | ပေါင်း | ၃၃-ပါး |

www.burmeseclassic.com

www.burmeseclassic.com



ဟဒယရုပ်ကို ရံခါမှီ၍ ရံခါမမှီသော စိတ် ၄၂-ပါး

| | |
|---|---|
| လောဘမူစိတ် | - ၈-ပါး |
| မောဟမူစိတ် | - ၂-ပါး |
| မနောဒွါရာဝဇ္ဇန်း | - ၁-ပါး |
| မဟာကုသိုလ်စိတ် | - ၈-ပါး |
| မဟာကြိယာစိတ် | - ၈-ပါး |
| အရူပကုသိုလ်စိတ် | - ၄-ပါး |
| အရူပကြိယာစိတ် | - ၄-ပါး |
| သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် | - ၇-ပါး |
| ပေါင်း | ၄၂-ပါး |

ဤ ၄၂-ပါးသော စိတ်တို့သည် ကာမဘုံကာမသတ္တဝါနှင့် ရူပဘုံရူပသတ္တဝါတို့၌ဖြစ်သောအခါ ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ အရူပဘုံ၌ဖြစ်သောအခါ မည်သည့်ဝတ္ထုရုပ်ကိုမျှ မှီတွယ်ခြင်းမရှိချေ။

မည်သည့်ဝတ္ထုရုပ်ကိုမျှမမှီသည့်စိတ် ၄-ပါး

အရူပဝိပါက်စိတ် ၄-ပါးတို့သည် အရူပဘုံ၌သာဖြစ်သောကြောင့် မည်သည့်ဝတ္ထုရုပ်ကိုမျှ အမှီမပြုချေ။

ဝတ္ထုရုပ်ကို ဧကန်မှီသော စိတ် ၄၃-ပါး

| | |
|---|---|
| ဒေါသမူစိတ် | - ၂-ပါး |
| မနောဒွါရဝဇ္ဇန်း ကြဉ်သောအဟိတ်စိတ် | - ၁၇-ပါး |
| မဟာဝိပါက်စိတ် | - ၈-ပါး |
| ရူပါဝစရစိတ် | - ၁၅-ပါး |
| သောတာပတ္တိမဂ်စိတ် | - ၁-ပါး |
| ပေါင်း | - ၄၃ -ပါး |

ဤ ၄၃-ပါးတို့သည် သက်ဆိုင်ရာဝတ္ထုရုပ်ကို ဧကန်မှီကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## စေတသိက်ပိုင်း

**စေတသိက်လက္ခဏာ (၄)ပါး**

၁။ စိတ်နှင့်အတူတကွ ဖြစ်ခြင်း။

၂။ စိတ်နှင့် အတူတကွ ချုပ်ခြင်း။

၃။ စိတ်နှင့် အာရုံ တူခြင်း။

၄။ စိတ်နှင့် မှီရာဝတ္ထုရုပ် တူခြင်း။

ဤ လက္ခဏာလေးပါးကို သမ္ပယုတ္တလက္ခဏာလေးပါး၊ စေတောယုတ္တလက္ခဏာ လေးပါး၊ သမ္ပယောဂလက္ခဏာလေးပါး ဟူ၍လည်းခေါ်သည်။

မှတ်ချက်။ ။ စေတသိက် = စေတသိ+က

စေတသိ = စိတ်ကိုမှီတွယ်၍ + က = ဖြစ်တတ်သောတရား။

စိတ်ကို မှီတွယ်၍ စိတ်ကို ချယ်လှယ်တတ်သောတရားများကို စေတသိက်ဟု ခေါ်ဆိုရသည်။ စိတ်သည် သူတစ်ခုတည်း စိတ်သက်သက်ရှိနေပါက ဖြူးဖြူးဖြက် အရောင်ထွက်အောင် ကြည်လင်တောက်ပလျက်ရှိသည်။ လောဘစေတသိက်နှင့် ယှဉ်တွဲလိုက်သော အခါ လောဘမူစိတ်၊ ဒေါသစေတသိက်နှင့် ယှဉ်တွဲလိုက်သောအခါ ဒေါသမူစိတ် စသည်ဖြင့် အညစ်အကြေးများ ရောယှက်၍ စိတ်သည် နောက်ကျူသွားသည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ အလောဘ၊ အဒေါသ အစရှိသော တရားများသည် စိတ်ကို မှီတွယ်၍ စိတ်ကို ချယ်လှယ်တတ်ကြသောကြောင့် စေတသိက် မည်ကုန်၏။

### စေတသိက် (၅၂) ပါး

| | | |
|---|---|---|
| ၁။ | သဗ္ဗစိတ္တသာဓာရဏစေတသိက် | ၇- ပါး |
| ၂။ | ပကိဏ်းစေတသိက် | ၆- ပါး |
| ၃။ | အကုသိုလ်စေတသိက် | ၁၄ - ပါး |
| ၄။ | သောဘဏစေတသိက် | ၂၅- ပါး |
| | ပေါင်း | ၅၂ -ပါး |

www.burmeseclassic.com

www.burmeseclassic.com



## သဗ္ဗစိတ္တသာဓာရဏစေတသိက် (၇)ပါး

### (သဗ္ဗ- အလုံးစုံ+စိတ္တ- စိတ်+သာဓာရဏ- ဆက်ဆံခြင်း၊ စိတ်အားလုံးနှင့်ယှဉ်သော စေတသိက်များ)

(၁) ဖဿ - အာရုံကိုထိတွေ့ခြင်း၊ (ဥပမာ- ချဉ်သီးစားသူကို မြင်ရသူမှာ သွားရည်ယိုခြင်း)

(၂) ဝေဒနာ- အာရုံကိုထိတွေ့ခြင်း၊ (ဥပမာ- ပွဲတော်တည်သော ဘုရင်ကြီး)

(၃) သညာ - အာရုံကို မှတ်သားခြင်း၊ နောက်တစ်ကြိမ် ပြန်သိရန် သင်္ကေတ ပြုခြင်း၊ (ဥပမာ- မှတ်တမ်းတင် စာရေး)

(၄) စေတနာ - စေ့ဆော်၊ လှုံ့ဆော်၊ တိုက်တွန်းအားထုတ်ခြင်း၊(ဥပမာ- တပည့်ကြီး၊ ဆိုင်းဆရာကြီး၊ လှေသူကြီး)

(၅) ဧကဂ္ဂတာ - အာရုံတစ်ခုတည်းရှိခြင်း၊ တည်ငြိမ်ခြင်း၊ (ဥပမာ-လေငြိမ်ရာ၌ ဆီမီးတောက်)

(၆) ဇီဝိတိန္ဒြေ - အသက်ရှင်မှုကို စောင့်ရှောက်ခြင်း၊ (ဥပမာ-ကြာရိုးအတွင်းရှိရေ၊ ဇီဝိတ-အသက်ရှင်မှု+ဣန္ဒြေ-ပိုင်စိုးခြင်း)

(၇) မနသိကာရ- နှလုံးသွင်းခြင်း၊ စိတ်ကိုအာရုံသို့ ရှေ့ရှုဆောင်ခြင်း၊ (ဥပမာ-ရထားထိန်း)

## ပကိဏ်ဏကစေတသိက်(၆)ပါး

ပကိဏ္ဏက - ရောယှက်ရောပြွမ်းခြင်း၊ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်၊ ဝိပါက်စိတ် စသည်တို့၌ မယှဉ်တချို့၊ ယှဉ်တချို့ ရောယှက်ရှုပ်ထွေးသည့် စေတသိက်များ။

(၁) ဝိတက် - ဝိတက္က-အာရုံကို ကြံစည်ခြင်း၊ ယှဉ်ဘက်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးခြင်း၊ (ဥပမာ-တောသားကို နန်းတော်ဝင်တတ်ရန် နန်းတွင်းသားက ဦးဆောင်လမ်းပြ)

(၂) ဝိစာရ - အာရုံကို အဖန်ဖန် သုံးသပ်ခြင်း၊ (ဥပမာ-ပတ္တမြားခေါင်းလောင်းထိုးသံသည် ဝိတက်၊ နောက်ဆက်တွဲ မြည်ဟီးသံ၊ ကြေးညည်းသံသည် ဝိစာရနှင့်တူ၏။ ငှက်ကြီးသည်

www.burmeseclassic.com



ပျံတက်ရန် အားစိုက်အတောင်ခတ်နေစဉ်- ဂိတက်။ အရှိန်ရ၍ အတောင်မခတ်ဘဲ ပျံဝဲနေစဉ် ဝိစာရနှင့်တူ၏။

(၃) အဓိမောက္ခ = ဆုံးဖြတ်ခြင်း၊ တံခါးတိုင်ကဲ့သို့ အာရုံ၌ မတုန်လှုပ်ခြင်း။

(၄) ဝီရိယ = အားထုတ်မှု၊ လုံ့လပြုမှု၊ သဟဇာတတရားတို့ကို အားပေး အားမြှောက်ပြုပေးသည်။

(၅) ပီတိ = နှစ်သက်ခြင်း၊ ကိုယ်စိတ်နှစ်ပါး ဆာလောင်မှုမရှိပြည့်ဝနေခြင်း။

(၆) ဆန္ဒ = တောင့်တခြင်း၊ ပြုလိုကာမတ္တဖြစ်ခြင်း။

## အညသမာန်း စေတသိက် (၁၃)ပါး

| | |
|---|---|
| သဗ္ဗစိတ္တသာဓာရဏ စေတသိက် | ၇- ပါး |
| ပကိဏ်း စေတသိက် | ၆- ပါး |
| | ---------- |
| ပေါင်း | ၁၃- ပါး |

**အညသမာန်း = အည = သမာန**

(အည=အခြားသောတရား + သမာန= တူညီသော။ ကုသိုလ်ဘက်မှ ကြည့်လျှင် အခြားသော အကုသိုလ်နှင့်တူသည်။ အကုသိုလ်ဘက်မှ ကြည့်လျှင် အခြားသော ကုသိုလ်နှင့်တူသည်။)

## အကုသိုလ် စေတသိက် (၁၄)ပါး

၁။ မောဟ = အာရုံ၌တွေဝေခြင်း၊ အာရုံ၏ သဘောအမှန်ကို ဖုံးလွှမ်းခြင်း။

၂။ အဟိရိက = မရှက်ခြင်း၊ မကောင်းမှုပြုရမည်ကို မရှက်ခြင်း၊ ဥပမာ- မစင်ကျိုက်သော ရွာဝက်။

၃။ အနောတ္တပ္ပ = န+ဩတ္တပ္ပ။ ဩတ္တပ္ပ=ကြောက်လန့်ခြင်း၊ အနောတ္တပ္ပ= မကောင်းမှုပြုရမည်ကို မကြောက်လန့်ခြင်း၊ ဥပမာ- ပိုးဖလံမျိုး မီးကိုတိုး။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဥဒ္ဒစ္စ = စိတ်ပျံ့လွင့်ခြင်း၊ မငြိမ်းချမ်းခြင်း၊ ဥပမာ- ခဲကျသော ပြာပုံ။
၅။ လောဘ = တပ်မက်ခြင်း၊ အာရုံကို ကပ်ငြိခြင်း။ ဥပမာ- မျောက်နှဲစေး။
၆။ ဒိဋ္ဌိ = မှားယွင်းစွာ နှလုံးသွင်းခြင်း၊ အမှန်ကို ပယ်၍ အမှားကိုယူခြင်း။
၇။ မာန = မိမိကိုယ်ကို အထင်ကြီးခြင်း၊ မောက်ကြွားခြင်း၊ ဥပမာ- အလံတံခွန်၊ မှန်ကင်း။
၈။ ဒေါသ = ပြစ်မှားတတ်၊ ဖျက်ဆီးတတ်ခြင်း၊ ကြမ်းတမ်းခြင်း၊ ဥပမာ- မြွေဟောက်၊ မီး။
၉။ ဣဿာ = ငြူစူခြင်း၊ မနာလိုခြင်း၊ သူတစ်ပါးချမ်းသာသည်ကို မရှုစိမ့်ခြင်း။
၁၀။ မစ္ဆရိယ = ဝန်တိုခြင်း၊ နှမြောခြင်း၊ မိမိစည်းစိမ်ဥစ္စာကို လျှို့ဝှက်ခြင်း။
၁၁။ ကုက္ကုစ္စ = နောင်တပူပန်ခြင်း၊ ပြုလုပ်မိသော အကုသိုလ်၊ မပြုလုပ်ခဲ့သော ကုသိုလ်အတွက် နောင်တရခြင်း။
၁၂။ ထိန = ထိုင်းခြင်း၊ ပျင်းရိခြင်း၊ ဆုတ်နစ်ခြင်း၊ တွန့်ဆုတ်ခြင်း။
၁၃။ မိဒ္ဓ = ထိုင်းမှိုင်းလေးလံခြင်း၊ အစွမ်းသတ္တိကင်းမဲ့ခြင်း။
၁၄။ ဝိစိကိစ္ဆာ = ယုံမှားသံသယဖြစ်ခြင်း။ မဆုံးဖြတ်နိုင်ခြင်း။

## သောဘနသာဓာရဏ စေတသိက် (၁၉)ပါး

၁။ သဒ္ဓါ - ယုံကြည်ခြင်း၊ ဘုရားအစရှိသည်တို့၌ ကြည်ညိုခြင်း၊ စကြာမင်း၏ ပတ္တမြားရတနာသည် ရေကို ကြည်စေသကဲ့သို့ ယှဉ်ဖော်ယှဉ်ဖက် စိတ်စေတသိက်တို့ကို ကြည်လင်စေတတ်၏။
၂။ သတိ - အောက်မေ့ခြင်း၊ မမေ့မလျော့ခြင်း၊ သမ္မာယုတ်တရားတို့ကို အောက်မေ့စေတတ်ခြင်း။
၃။ ဟိရီ - မကောင်းမှုမှ ရှက်တတ်ခြင်း၊ အမျိုးကောင်း သမီးသည် မိမိဂုဏ်သိက္ခာကို ငဲ့ကွက်၍ လူမှုရေး ဖောက်ပြန်မှု မပြုခြင်း၊ ကိုယ့်သိက္ခာ ကိုယ်ထိန်းခြင်း။
၄။ ဩတ္တပ္ပ - မကောင်းမှုမှ ကြောက်လန့်ခြင်း၊ ပြည့်တန်ဆာမသည် မိမိ ချေးသည် စသော သူတစ်ပါးတို့ကို ငဲ့ကွက်သော အားဖြင့် ကတိသစ္စာ ဖျက်ကွက်ရန် မဝံ့ခြင်း၊ ဟော်ဝန်းကျင်ကို အလေးထား၍ စောင့်ထိန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ အလောဘ = အာရုံ၌ မငြိတွယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ ဥပမာ- ရဟန္တာ ပုဂ္ဂိုလ်ကဲ့သို့။

၆။ အဒေါသ = မကြမ်းတမ်းခြင်း၊ ချစ်ခင်ခြင်း၊ အကျိုးကိုလိုလားခြင်း၊ ဥပမာ- မိတ်ဆွေကောင်း။

၇။ တတြမဇ္ဈတ္တတာ = လျစ်လျူရှုခြင်း၊ ဘက်မလိုက်ပဲ အလယ်အလတ် သဘောထားခြင်း။ ဥပမာ- လမ်းကြောင်းအမှန် သွားနေသော ရထားဆွဲမြင်းများကို အလိုက်သင့်ကြည့်နေသော ရထားထိန်း။ (တတြ= ထိုထိုတရားတို့၌ + မဇ္ဈတ္တတာ အလယ်အလတ်ဖြစ်ခြင်း)

၈။ ကာယပဿဒ္ဓိ - စေတသိက်တို့၏ ငြိမ်းချမ်းခြင်း၊ (ကာယ= စေတသိက်များ+ ပဿဒ္ဓိ= ငြိမ်းချမ်းခြင်း)

၉။ စိတ္တပဿဒ္ဓိ - စိတ်၏ ငြိမ်းချမ်းခြင်း။ ဤစေတသိက်နှစ်ပါးသည် စိတ်စေတသိက်တို့၏ ပူလောင်မှုကို ငြိမ်းစေခြင်း သဘောရှိ၏။

၁၀။ ကာယလဟုတာ= စေတသိက်တို့၏ ပေါ့ပါးခြင်း

၁၁။ စိတ္တလဟုတာ - စိတ်၏ ပေါ့ပါးခြင်း။ ဤစေတသိက်နှစ်ပါးသည် စိတ်စေတသိက်တို့၏ လေးလံမှုကိုကင်းပျောက်စေ၏။

၁၂။ ကာယမုဒုတာ - စေတသိက်တို့၏ နူးညံ့မှု ပျော့ပြောင်းမှု။

၁၃။ စိတ္တမုဒုတာ - စိတ်တို့၏ နူးညံ့မှုပျော့ပြောင်းမှု။ ဤစေတသိက်နှစ်ပါးသည် စိတ်စေတသိက်တို့၏ ကြမ်းတမ်းသော သဘောကိုငြိမ်းစေ၏။

၁၄။ ကာယကမ္မညတာ - စေတသိက်တို့၏အမှု၌ ခန့်ညားခြင်း၊ ဆောင်ရွက် ရမည့် အမှုကိစ္စနှင့် လိုက်လျောညီထွေ အဆင်ပြေ ခြင်း၊ အသင့်အနေအထားရှိခြင်း။

၁၅။ စိတ္တကမ္မညတာ - စိက်တို့၏ အမှုကိစ္စ၌ ခန့်ညားခြင်း၊ဆောင်ရွက်ရ မည့် အမှုကိစ္စနှင့် လိုက်လျောညီထွေ အဆင်ပြေ ခြင်း၊ အသင့်အနေအထားရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၁၆။ ကာယပါဂုညတာ = စေတသိက်တို့၏ အမှုကိစ္စ၌ ကျွမ်းကျင်ခြင်း၊ လေ့လာပွန်းတီးခြင်း။

၁၇။ စိတ္တပါဂုညတာ = စိတ်တို့၏ အမှုကိစ္စ၌ ကျွမ်းကျင်ခြင်း၊ လေ့လာပွန်းတီးခြင်း။

ဤစေတသိက်နှစ်ပါးတို့သည် စိတ်စေတသိက်တို့၏ လူမမာကဲ့သို့ ချိနဲ့မှုကို ပယ်ပျောက်၍ ကျွမ်းကျွမ်းကျင်ကျင် ဖြတ်ဖြတ်လတ်လတ် ဆောင်ရွက်တတ်သည်။

၁၈။ ကာယုဇုကတာ = စေတသိက်တို့၏ ဖြောင့်မတ်ခြင်း။

၁၉။ စိတ္တုဇုကတာ = စိတ်တို့၏ဖြောင့်မတ်ခြင်း။

ဤစေတသိက်နှစ်ပါးတို့သည် လိုရာပန်းတိုင်သို့ ဖြောင့်ဖြောင့်မတ်မတ် ( မကွေ့မကောက်ဘဲ) ဦးတည်ဆောင်ရွက်တတ်သည်။

ဤ(၁၉)ပါးသော စေတသိက်တို့သည် သောဘဏစိတ် (၅၉)ပါး (တစ်ခုယုတ်ခြောက်ဆယ်) တို့၌ အမြဲယှဉ်တွဲသောကြောင့် သောဘဏသာဓာရဏ စေတသိက်တို့ မည်ကုန်။

## ဝိရတီစေတသိက်(၃)ပါး

၁။ သမ္မာဝါစာ = ကောင်းမွန်သောစကား=ဝစီဒုစရိုက် ၄-ပါးမှ ကင်းလွတ်သောစကား။

၂။ သမ္မာကမ္မန္တ = ကောင်းသောကာယကံအလုပ်= ကာယဒုစရိုက် သုံးပါးမှ ရှောင်ကြဉ်ခြင်း။

၃။ သမ္မာအာဇီဝ = ကောင်းသောအသက်မွေးခြင်း= အသက်မွေးမှုနှင့် စပ်လျဉ်း၍ ကာယဒုစရိုက်၊ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ခြင်း။

(ဝိရတီ = ရှောင်ကြဉ်ခြင်း = ဒုစရိုက်တရားမှ ရှောင်ကြဉ်ခြင်း။)

www.burmeseclassic.com

www.burmeseclassic.com



**ဝိရတီအဆင့် သုံးဆင့်**

၁။ သမ္ပတ္တဝိရတီ = ကြိုတင်ဆောက်တည်ထားမှု ရည်ရွယ်ထားမှု မရှိဘဲလျက် ပက်ပင်းတွေ့ကြုံလာသည်ကို ရှောင်ကြဉ်ခြင်း။

၂။ သမာဒါနဝိရတီ = ငါးပါးသီလ၊ ရှစ်ပါးသီလ စသည်တို့ကို ကြိုတင်ခံယူဆောက်တည်ထား၍ ဒုစရိုက်မှုကို မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်း။

၃။ သမုစ္ဆေဒဝိရတီ = အပြီးအပြတ် အမြစ်ပြတ်ရှောင်ကြဉ်ခြင်း၊ သက်ဆိုင်ရာ အကုသိုလ်အမှု တို့ကို မလွန်ကျူးတော့ဘဲ မဂ်ဉာဏ် လေးပါးဖြင့် အမြစ်အရင်းကို ပယ်သတ်လိုက်ခြင်း။

## အပ္ပမညာစေတသိက်နှစ်ပါး

၁။ ကရုဏာ = သူတစ်ပါးဆင်းရဲကို ပယ်ရှားလိုခြင်း၊ ဒုက္ခိတသတ္တဝါများကို ဒုက္ခမှ ကယ်တင်လိုခြင်း၊ ဒုက္ခိတ သတ္တဝါကို တွေ့မြင်ရသည့်အခါ ကိုယ်ခြင်းစာနာစိတ်ဖြင့် စိတ်နှလုံးပင်ပန်းခြင်း။

၂။ မုဒိတာ = သူတစ်ပါးပြည့်စုံမှု ချမ်းသာမှုကို ဝမ်းမြောက်ခြင်း၊ ဤကရုဏာနှင့် မုဒိတာတရားတို့သည် အတိုင်းအရှည် မရှိ သတ္တဝါ အနန္တကို အာရုံပြု၍ ဖြစ်တတ်သောကြောင့် အပ္ပမာဏ + ယ = အပ္ပမာဏျ = အပ္ပမညာဟူသော အမည်ကိုရကုန်၏။

**အပ္ပမညာတရားလေးပါး**

ယခုပြဆိုရာ၌ အပ္ပမညာတရားကိုကရုဏာနှင့် မုဒိတာနှစ်ပါးသာ ပြသည်၊ အမှန်မှာ သောဘဏသာဓာရဏ စေတသိက် (၁၉) ခုတို့တွင် အဒေါသဟူသော မေတ္တာစေတသိက်နှင့် တတြမဇ္ဈတ္တတာဟူသော ဥပေက္ခာ စေတသိက်တို့ကို ထည့်ပေးရမည်၊ ထိုကြောင့် အပ္ပမညာတရားလေးပါး (ဗြဟ္မဝိဟာရခေါ် ဗြဟ္မာ့စိုရ်တရား) တို့ကို အောက်ပါအတိုင်း ရေတွက်ရမည်-

www.burmeseclassic.com

www.burmeseclassic.com



၁။ မေတ္တာ - အဒေါသစေတသိက်
၂။ ကရုဏာ - ကရုဏာစေတသိက်
၃။ မုဒိတာ - မုဒိတာစေတသိက်
၄။ ဥပေက္ခာ - တတြမဇ္ဈတ္တတာစေတသိက်

မေတ္တာနှင့် ဥပေက္ခာတို့သည် ရန်သူမိတ်ဆွေ မခွဲခြားဘဲ သတ္တဝါအားလုံးတို့ အပေါ်၌ ဖြိုင့်၍ အာရုံပြုနိုင်ကြသည်၊ မေတ္တာသည် သတ္တဝါအားလုံးတို့၏ ကောင်းကျိုးလိုလားသည်၊ ဥပေက္ခာသည် စိတ်၏ ကြမ်းတမ်းသောသဘာဝကို ငြိမ်းအေးစေတတ်သည်။ ကရုဏာနှင့် မုဒိတာမှာမူ သတ္တဝါအားလုံးတို့ကို ဖြိုင့်နိုင်ခြင်းမရှိ၊ ဆင်းရဲချမ်းသာခွဲခြားမှု၊ ကန့်သတ်မှုရှိသည်၊ ကရုဏာသည် ဒုက္ခိတ သတ္တဝါ၊ ဆင်းရဲ ဒုက္ခရောက်နေသော သတ္တဝါကိုသာ အာရုံပြုတတ်သည်၊ မုဒိတာသည် ချမ်းသာသော ပြည့်စုံသော သုခိတသတ္တဝါကိုသာ အာရုံပြုတတ်သည်၊ ထို့ကြောင့် မေတ္တာ (အဒေါသ)နှင့် ဥပေက္ခာ (တတြမဇ္ဈတ္တတာ)တို့သည် ကုသိုလ်စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ယှဉ်တွဲပါဝင်နိုင်ကြသည်။ ထို့ကြောင့် သောဘဏသာဓာရဏ စေတသိက် (၁၉)ပါး၌ ထည့်သွင်းရေတွက်ထားသည်၊ ကရုဏာနှင့် မုဒိတာတို့သည် ကုသိုလ်စိတ်ဖြစ်တိုင်း ပါဝင်နိုင်ခြင်းမရှိ၊ ဒုက္ခိတ သတ္တဝါကို သနားသည့် အချိန်အခါ၌သာလျှင် ကရုဏာစေတသိက် ပါဝင်နိုင်သည်၊ မုဒိတာစေတသိက်သည်လည်း ကုသိုလ်စိတ်ဖြစ်တိုင်း ဖြစ်တိုင်း ပါဝင်နိုင်ခွင့်မရှိ၊ သုခိတ သတ္တဝါတို့ကို အာရုံပြု၍ ဝမ်းမြောက်သော အချိန်အခါ၌သာလျှင် ပါဝင်နိုင်ခွင့်ရှိသည်။

ဤသို့ အာရုံကန့်သတ်ချက် အာရုံမတူညီမှုရှိနေသောကြောင့် ကရုဏာနှင့် မုဒိတာတို့ကို အပ္ပမညာစေတသိက်နှစ်ပါးအဖြစ် သီးခြားထုတ်ပြရသည်။

## ပညာစေတသိက်

အနိစ္စလက္ခဏာစသည်၏ အစွမ်းဖြင့် သဘာဝတရားတို့ကို ဟုတ်တိုင်းမှန်စွာ ခွဲခြမ်းစိတ်ဖြာ၍ ထိုးထွင်းသိမြင်တတ်သောကြောင့် ပညာ ဟူသော အမည်ကိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



**သညာသိ၊ ဝိညာဏ်သိ၊ ပညာသိ**

အညိုရောင်၊ အဖြူရောင်စသည် ခွဲခြားသိကာမျှသည် သညာသိမည်၏။ လက္ခဏာရေးသုံးချက်ဖြင့် ထိုးထွင်း၍ မသိနိုင်ချေ၊ ဝိညာဏ်သည် လက္ခဏာရေးသုံးပါးကို ထိုးထွင်း၍ သိနိုင်၏။ သို့ရာတွင် မဂ်ဖိုလ်ဆိုက်အောင် မစွမ်းဆောင်နိုင်ချေ၊ ပညာသည်မူကား လက္ခဏာရေး သုံးချက်ကိုလည်း ထိုးထွင်း၍ သိနိုင်သည့်အပြင် မဂ်တရား ဖိုလ်တရားကို ရောက်အောင် စွမ်းဆောင်နိုင်၏။ ဥပမာ- ရွှေဒင်္ဂါးတစ်ပြားကို တောသား ကလေးငယ် ကောက်ရသည့်အခါ ရွှေမှန်းမသိချေ၊ အဝါရောင် အပြားငယ် ဟူ၍သာ သိ၏၊ တောရွာသား လူကြီးတစ်ယောက်က တွေ့ရှိသောအခါ ရွှေဒင်္ဂါးပြားဟု သိသော်လည်း၊ တန်ဖိုးအနည်းအများကို မသိချေ၊ ရွှေပန်းထိမ် ဆရာထံသို့ ရောက်သောအခါ ရွှေ၏ ၁၅-ပဲရည်၊ ၁၄-ပဲရည် ရွှေရည်နှင့်တကွ ရွှေတန်ဖိုး အနည်းအများကို သိလေသည်။

**လောဘနှင့် ဆန္ဒအထူး**

လောဘသည် လိုချင်သည်၊ ဆန္ဒသည်လည်း လိုချင်သည်၊ ဤသို့ လိုချင်မှု နှစ်မျိုး ဆင်တူရိုးမှားဖြစ်နေသည်ကို အောက်ပါအတိုင်း ခွဲခြားမှတ်သားရမည်၊ လောဘ လိုချင်မှုသည် ငြိကပ်တွယ်တာမှုရှိ၏၊ ဆန္ဒလိုချင်မှုသည် ငြိကပ်မှုမရှိ၊ ရလို ကာမတ္တ၊ ဖြစ်လို ကာမတ္တသာဖြစ်သည်၊ ဥပမာ- လေးသည်တော်တစ်ဦးသည် မြားကို ယူရာ၌ သိမ်းပိုက်ထားရန် မဟုတ်၊ ပစ်လွှတ်ရန် အတွက်သာ ဖြစ်သည်။

## သမ္ပယောဂနည်း

**စေတသိက်တစ်ခုစီ၌ စိတ်မည်မျှ ယှဉ်နိုင်ပုံကို ပြဆိုခြင်း**

၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးသည် စိတ်တစ်ခုယုတ် ၉၀၊ အကျယ် ၁၂၁-ပါး၌ ယှဉ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပကိဏ်းစေတသိက် ၆-ပါး စိတ်ယှဉ်ပုံဇယား

| စေတသိက် | ကြဉ် | ယှဉ် | |
|---|---|---|---|
| ဝိတက် | ဒွေပဉ္စဝိညာဏ်- ၁၀ | ကာမစိတ် -၄၄<br>ပထမဈာန်-၁၁ | သဝိတက္ကစိတ်<br>၅၅- ပါး |
| ဝိစာရ | | သဝိတက္ကစိတ်-၅၅<br>ဒုတိယဈာန်-၁၁ | သဝိစာရစိတ်<br>၆၆- ပါး |
| အဓိမောက္ခ | ဒွေပဉ္စဝိညာဏ်- ၁၀<br>ဝိစိကိစ္ဆာ - ၁ | ၈၉ - ၁၁= ၇၈<br>၁၂၁ - ၁၁= ၁၁၀ | ၇၈- ပါး<br>၁၁၀- ပါး |
| ဝီရိယ | ဒွေပဉ္စဝိညာဏ်- ၁၀<br>သမ္ပဋိစ္ဆိုင်း - ၂<br>သန္တီရဏ- ၃<br>ပဉ္စဒွါရာဝဇ္ဇန်း- ၁ | ၈၉ - ၁၆= ၇၃<br>၁၂၁ - ၁၆= ၁၀၅ | ၇၃- ပါး<br>၁၀၅- ပါး |
| ပီတိ | ဒေါသမူ- ၂<br>ဥပေက္ခာ- ၅၅<br>ကာယဝိညာဏ်- ၂<br>စတုတ္ထဈာန် - ၁၁ | ၁၂၁ - ၇၀= ၅၁ | သပ္ပီတိကစိတ်<br>၅၁-ပါး |
| ဆန္ဒ | မောဟမူ- ၂<br>အဟိတ်စိတ်- ၁၈ | ၈၉ - ၂၀ = ၆၉<br>၁၂၁ -၂၀ = ၁၀၁ | ၆၉- ပါး<br>၁၀၁-ပါး |

www.burmeseclassic.com

www.burmeseclassic.com



## ပကိဏ်းစေတသိက် ၆-ပါးယှဉ် သမ္ပယောဂနည်း

| | စိတ်အရေအတွက် | ဝိတက် | ဝိစာရ | ပီတိ | ဝီရိယ | အဓိမောက္ခ | ဆန္ဒ |
|---|---|---|---|---|---|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀ | - | - | - | - | - | - |
| သမ္ပဋိစ္ဆိုင်း ၂ | ၂ | ၂ | ၂ | - | - | ၂ | - |
| ဥပေက္ခာသန္တီရဏ | ၂ | ၂ | ၂ | - | - | ၂ | - |
| သုခသန္တီရဏ | ၁ | ၁ | ၁ | ၁ | - | ၁ | - |
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ | ၁ | ၁ | - | - | ၁ | - |
| မနောဒွါရာဝဇ္ဇန်း | ၁ | ၁ | ၁ | - | ၁ | ၁ | - |
| ဟသိတုပ္ပါဒ် | ၁ | ၁ | ၁ | ၁ | ၁ | ၁ | - |
| လောဘမူ-သောမနဿ | ၄ | ၄ | ၄ | ၄ | ၄ | ၄ | ၄ |
| လောဘမူ ဥပေက္ခာ | ၄ | ၄ | ၄ | - | ၄ | ၄ | ၄ |
| ဒေါသမူ | ၂ | ၂ | ၂ | - | ၂ | ၂ | ၂ |
| ဝိစိကိစ္ဆာသမ္ပယုတ် | ၁ | ၁ | ၁ | - | ၁ | - | - |
| ဥဒ္ဓစ္စသမ္ပယုတ် | ၁ | ၁ | ၁ | - | ၁ | ၁ | - |
| ကာမသောဘဏသောမနဿ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ | ၁၂ |
| ကာမသောဘဏဥပေက္ခာ | ၁၂ | ၁၂ | ၁၂ | - | ၁၂ | ၁၂ | ၁၂ |
| ပဌမဈာန် | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| ဒုတိယဈာန် | ၁၁ | - | ၁၁ | ၁၁ | ၁၁ | ၁၁ | ၁၁ |
| တတိယဈာန် | ၁၁ | - | - | ၁၁ | ၁၁ | ၁၁ | ၁၁ |
| စတုတ္ထဈာန် | ၁၁ | - | - | - | ၁၁ | ၁၁ | ၁၁ |
| ပဉ္စမဈာန် | ၂၃ | - | - | - | ၂၃ | ၂၃ | ၂၃ |
| ပေါင်း | ၁၂၀ | ၅၅ | ၆၆ | ၅၁ | ၁၀၅ | ၁၁၀ | ၁၀၁ |

www.burmeseclassic.com

www.burmeseclassic.com



## အကုသိုလ်စေတသိက်များနှင့် စိတ်ယှဉ်ပုံ

၁။ သဗ္ဗာကုသလသာဓာရဏ စေတသိက် ၄- ပါး မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ဤလေးပါးတို့သည် အကုသိုလ်စိတ် ၁၂-ပါးတို့နှင့် ယှဉ်ကုန်၏။

၂။ လောဘသည် လောဘမူစိတ် ၈-ခု၌ယှဉ်၏။

၃။ ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု၌ယှဉ်၏။

၄။ မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ခု၌ယှဉ်၏။

၅။ ဒေါစတုက် ၄-ပါး ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄-ပါးတို့သည် ဒေါသမူစိတ်၌ ယှဉ်ကုန်၏။

၆။ ထိန၊ မိဒ္ဓ စေတသိက်နှစ်ပါးတို့သည် သသင်္ခါရိက စိတ် ၅-ခု တို့၌ယှဉ်ကုန်၏။

၇။ ဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆစိတ်တစ်ခုတည်း၌သာယှဉ်၏။

| စဉ် | အကုသိုလ် စိတ် ၁၂-ပါး | သဗ္ဗာကုသလ ၄ပါး | လောဘ | ဒိဋ္ဌိ | မာန | ဒေါ စတုက် ၄ | ထိနမိဒ္ဓ | ဝိစိကိစ္ဆာ |
|---|---|---|---|---|---|---|---|---|
| ၁ | သော၊ ဒိ၊ သံ၊ အသင်္ခါရိက | ၁ | ၁ | ၁ | - | - | - | - |
| ၂ | သော၊ ဒိ၊ သံ၊ သသင်္ခါရိက | ၁ | ၁ | ၁ | - | - | ၁ | - |
| ၃ | သော၊ ဒိ၊ ဝိ၊ အသင်္ခါရိက | ၁ | ၁ | - | ၁ | - | - | - |
| ၄ | သော၊ ဒိ၊ ဝိ၊ သသင်္ခါရိက | ၁ | ၁ | - | ၁ | - | ၁ | - |
| ၅ | ဥ၊ ဒိ၊ သံ၊ အသင်္ခါရိက | ၁ | ၁ | ၁ | - | - | - | - |
| ၆ | ဥ၊ ဒိ၊ သံ၊ သသင်္ခါရိက | ၁ | ၁ | ၁ | - | - | ၁ | - |
| ၇ | ဥ၊ ဒိ၊ ဝိ၊ အသင်္ခါရိက | ၁ | ၁ | - | ၁ | - | - | - |
| ၈ | ဥ၊ ဒိ၊ ဝိ၊ သသင်္ခါရိက | ၁ | ၁ | - | ၁ | - | ၁ | - |
| ၉ | ဒေါ-ပဋိဃသံ၊ အသင်္ခါရိက | ၁ | - | - | - | ၁ | - | - |
| ၁၀ | ဒေါ-ပဋိဃသံ၊ သသင်္ခါရိက | ၁ | - | - | - | ၁ | ၁ | - |
| ၁၁ | ဥ၊ ဝိစိကိစ္ဆာ သမ္ပယုတ် | ၁ | - | - | - | - | - | ၁ |
| ၁၂ | ဥ၊ ဥဒ္ဓစ္စ သမ္ပယုတ် | ၁ | - | - | - | - | - | - |
| | ပေါင်း | ၁၂ | ၈ | ၄ | ၄ | ၂ | ၅ | ၁ |

www.burmeseclassic.com

www.burmeseclassic.com



သောဘဏစေတသိက်များနှင့် စိတ်ယှဉ်ပုံ

၁။ သောဘဏသာဓာရဏစေတသိက် ၁၉-ပါးတို့သည် သောဘဏစိတ် ၅၉-ပါးတို့၌ယှဉ်ကုန်၏။

၂။ ဝိရတိ ၃-ပါးတို့သည် လောကုတ္တရာစိတ်တို့၌ အမြဲတပြိုင်နက် တပေါင်းတည်း ယှဉ်ကုန်၏။ လောကီကာမာဝစရ ကုသိုလ်စိတ် ၈-ခု တို့၌ ရံခါယှဉ်ကြကုန်၏။

၃။ အပ္ပမညာစေတသိက်တို့သည် ပဉ္စမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ် ၁၂-ပါး၊ ကာမာဝစရကုသိုလ် ၈-ပါး၊ သဟိတ်ကာမာဝစရကြိယာ ၈-ပါး၊ ပေါင်း ၂၈-ပါး တို့၌ ရံခါ၊ သီးခြားစီ ယှဉ်ကြကုန်၏၊ ကေစိဆရာတို့ အလိုအားဖြင့် ကာမာဝစရ ကုသိုလ်ကြိယာ ဥပေက္ခာသဟဂုတ်စိတ် တို့၌ ကရုဏာ၊ မုဒိတာ မယှဉ်နိုင်ဟုဆိုကုန်၏။

၄။ ပညာစေတသိက်သည် ကာမာဝစရ ဉာဏသမ္ပယုတ်စိတ် ၁၂-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါး တို့၌ယှဉ်ကုန်၏။

သင်္ဂဟနည်း (လောကုတ္တရာစိတ် သင်္ဂဟနည်း)

၁။ လောကုတ္တရာ ပထမဈာန်စိတ် (၈)ပါး၌ -

| | |
|---|---|
| အညသမာန်း စေတသိက် | ၁၃- ပါး |
| အပ္ပမညာကြဉ် သောဘဏ စေတသိက် | ၂၃- ပါး |
| ပေါင်း | ၃၆- ပါး ယှဉ်၏။ |

| | | |
|---|---|---|
| ၂။ | ဒုတိယဈာန်၌ယင်း၃၆-ပါးမှဝိတက်ကိုလျော့၍ | ၃၅- ပါး |
| ၃။ | တတိယဈာန်၌ ဝိတက်၊ ဝိစာရလျော့၍ | ၃၄- ပါး |
| ၄။ | စတုတ္ထဈာန်၌ ဝိတက်၊ ဝိစာရ၊ ပီတိကိုလျော့၍ | ၃၃- ပါး |
| ၅။ | ပဉ္စမဈာန်၌ ဝိတက်၊ ဝိစာရ၊ ပီတိနှင့် သုခဝေဒနာကို လျော့ပြီးနောက် ဥပေက္ခာဝေဒနာကိုပြန်ပေါင်းထည့်၍ | ၃၃-ပါးယှဉ်၏။ |

www.burmeseclassic.com

www.burmeseclassic.com



**မဟဂ္ဂုတ်စိတ် သင်္ဂြိုဟ်နည်း**

၁။ မဟဂ္ဂုတ် ပထမစျာန် ၃-ပါး၌
အညသမာန်းစေသတိက် ၁၃- ပါး
ဝိရတီ ၃-ပါး ကြဉ်သော သောဘဏ
စေတသိက် ၂၂- ပါး

-----------

ပေါင်း ၃၅- ပါး ယှဉ်ကြသည်

ထိုသို့ယှဉ်ရာ၌ ကရုဏာနှင့် မုဒိတာတို့သည် တစ်သီးတစ်ခြား စီယှဉ်ကြသည်။

၂။ ဒုတိယစျာန်စိတ် ၃-ပါး၌
ယင်း ၃၅-ပါးမှ ဝိတက်ကြဉ်သော စေတသိက် ၃၄-ပါး

၃။ တတိယစျာန်စိတ် ၃-ပါး၌
ယင်း ၃၅-ပါးမှ ဝိတက်၊ ဝိစာရကြဉ်သော
စေတသိက် ၃၃-ပါး

၄။ စတုတ္ထစျာန်စိတ် ၃-ပါး၌ ယင်း ၃၅-ပါးမှ
ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သောစေတသိက် ၃၂-ပါး

၅။ ပဉ္စမစျာန်စိတ် ၁၅-ပါး၌ ယင်း ၃၂-ပါးမှ အပ္ပမညာ
စေတသိက် ၂- ပါး ဖယ်ထား၍ စေတသိက် ၃၀-ပါး
ယှဉ်ထားသည်။

**ကာမသောဘဏစိတ်သင်္ဂြိုဟ်နည်း**

၁။ မဟာကုသိုလ် ပထမဒွေး၌
အညသမာန်းစေတသိက် ၁၃- ပါး
သောဘဏစေတသိက် ၂၅- ပါး

----------

ပေါင်း ၃၈- ပါး

ယှဉ်ကြသည်။ သို့ရာတွင် ဝိရတီ ၃-ပါး၊ အပ္ပမညာ ၂-ပါး၊ ဤ (၅)ပါးတို့သည် သီးခြားစီ ယှဉ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ မဟာကုသိုလ် ဒုတိယဈာန်၌
ယင်း ၃၈-ပါးမှ ပညာစေတသိက်ကိုလျော့၍
စေတသိက် ၃၇- ပါး ယှဉ်ကုန်၏၊
၃။ မဟာကုသိုလ် တတိယဈာန်၌
ပီတိကိုကြဉ်ဖယ်၍ ပညာစေတသိက်
ပြန်ပေါင်းထည့်လျှင် ၃၇- ပါး ယှဉ်ကုန်၏၊
၄။ မဟာကုသိုလ် စတုတ္ထဈာန်၌
ပညာနှင့်ပီတိစေတသိက်ကြဉ်၍ စေတသိက်၃၆- ပါး ယှဉ်ကုန်၏၊

မဟာကြိယာစိတ်တို့၌ ယင်း ၃၈-ပါးမှ ဝိရတီ ၃-ပါးကြဉ်ရမည်။
၁။ မဟာကြိယာပထမဈာန်၌ (၃၈-၃) ၃၅- ပါး
၂။ ဒုတိယဈာန်၌ ယင်းမှ ပညာကိုကြဉ်၍ ၃၄- ပါး
၃။ တတိယဈာန်၌ ယင်းမှ ပီတိကိုကြဉ်၍
ပညာကို ပြန်ထည့်လျှင် ၃၄- ပါး
၄။ စတုတ္ထဈာန်၌ ယင်း ၃၅-ပါးမှ ပညာနှင့်
ပီတိကို ကြဉ်၍ ၃၃- ပါးတို့ ယှဉ်ကုန်၏၊

မဟာဝိပါက် ပထမဈာန်၌-

ယခင်ပြဆိုထားသည့် ၃၈- ပါးမှ အပ္ပမညာနှင့် ဝိရတီပေါင်း ၅-ပါးကို ကြဉ်ဖယ်လျှင် ကျန် စေတသိက် ၃၃-ပါး ယှဉ်ကုန်၏။
ဒုတိယဈာန်၌ ပညာကိုကြဉ်ဖယ်၍ ၃၂- ပါး
တတိယဈာန်၌ ပီတိကြဉ်၍ ပညာပေါင်းထည့်ပြီး ၃၂- ပါး
စတုတ္ထဈာန်၌ ပညာနှင့် ပီတိ ၂-ပါးစုံကြဉ်ဖယ်၍ ၃၁- ပါး ယှဉ်ကုန်၏။
အကုသိုလ်စိတ် သင်္ဂဟနည်း
၁။ လောဘမူ ပထမ အသင်္ခါရိကစိတ်၌
အညသမာန်းစေတသိက် ၁၃- ပါး
အကုသလသာဓာရဏစေတသိက် ၄- ပါး

---------

ပေါင်း ၁၇ -ပါး
ယင်း ၁၇-ပါး၌ လောဘဒိဋ္ဌိနှင့်ပေါင်း၍စေတသိက် ၁၉ -ပါးတို့ ယှဉ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



၂။ **ဒုတိယအသင်္ခါရိကစိတ်၌ -**

ဒိဋ္ဌိနေရာတွင် မာနကို အစားထိုး၍ စေတသိက် ၁၉-ပါးယှဉ်၏။

၃။ **တတိယ** အသင်္ခါရိကစိတ်၌ ပထမအသင်္ခါရိကစိတ်၌ ယှဉ်သော စေတသိက် ၁၉-ပါးမှ ပီတိကို ကြဉ်ဖယ်၍ စေတသိက် ၁၈-ပါး ယှဉ်ကြ၏။

၄။ **စတုတ္ထ** အသင်္ခါရိကစိတ်၌- ယင်းစေတသိက် ၁၈-ပါးအနက် ဒိဋ္ဌိကို ကြဉ်ဖယ်၍ မာနကို ပေါင်းထည့်ပြီးလျှင် စေတသိက် ၁၈-ပါးတို့ ယှဉ်ကုန်၏။

၅။ ပဥ္စမ အသင်္ခါရိကစိတ်၌မူ ပီတိကြဉ်သော

| | |
|---|---|
| အညသမာန်းစေတသိက် | ၁၂- ပါး |
| အကုသလသာဓာရဏစေတသိက် | ၄- ပါး |
| ဒေါသစတုက် | ၄- ပါး |
| ပေါင်း | ၂၀- ပါး |

အများဆုံး ယှဉ်နိုင်သော်လည်း၊ အမှန်တကယ်ယှဉ်ရာ၌ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၃-ပါးတို့သည် တစ်ပါးချင်းသာ ယှဉ်ခွင့်ရှိသည်။ ထို့ကြောင့် ပဥ္စမ အသင်္ခါရိက စိတ်၌ စေတသိက် ၁၇- ပါးသာလျှင် တပြိုင်နက် ယှဉ်ကြသည်။

သသင်္ခါရိကစိတ် (၅)ခုတို့၌ ထိန မိဒ္ဓ(၂)ပါး ပေါင်းထည့်၍ ယှဉ်ကြသည်၊ မိမိဆိုင်ရာ အသင်္ခါရိကစိတ်၌ ယှဉ်နိုင်သော စေတသိက်များထဲသို့ ထိန- မိဒ္ဓ ၂-ပါးပေါင်းထည့်ရာတွင် ၂၁-ပါး၊ ၂၀-ပါး၊ ၂၂-ပါးတို့ ယှဉ်ကြကုန်၏။

ဥဒ္ဓစ္စသဟဂုတ်စိတ်၌ ဆန္ဒပီတိ ကြဉ်သော

| | |
|---|---|
| အညသမာန်း စေတသိက် | ၁၁- ပါး |
| အကုသလသာဓာရဏ စေတသိက် | ၄- ပါး |
| ပေါင်း | ၁၅- ပါး |

www.burmeseclassic.com

www.burmeseclassic.com



ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ ဆန္ဒ ပီတိ အဓိမောက္ခကြဉ်သော

| | |
|---|---|
| အညသမာန်း စေတသိက် | ၁၀- ပါး |
| အကုသလသာဓာရဏစေတသိက် | ၄- ပါး |
| ဝိစိကိစ္ဆာစေတသိက် | ၁- ပါး |
| ပေါင်း | ၁၅- ပါး |

တို့ယှဉ်ကုန်၏။

အဟိတ်စိတ် သင်္ဂဟနည်း

ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂-ပါးတို့ယှဉ်၏။

မနောဒွါရာဝဇ္ဇန်း(ဝုဋ္ဌော)စိတ်၌ ဆန္ဒ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၁-ပါး ယှဉ်ကုန်၏။

သောမနဿသန္တီရဏစိတ်၌ ဆန္ဒ ဝီရိယကြဉ်သော အညသမာန်းစေတသိက် ၁၁-ပါး ယှဉ်သည်။

မနောဓာတ် ၃-ပါးနှင့် အဟိတ် ပဋိသန္ဓေအစုံ (ဥပေက္ခာသန္တီရဏ ၂-ပါး)၌ ဆန္ဒ ပီတိ ဝီရိယ ကြဉ်သော အညသမာန်းစေတသိက် ၁၀-ပါးယှဉ်၏။

ဒွေပဉ္စဝိညာဏ်စိတ်တို့၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇ ပါး သာ ယှဉ်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



# အဟိတ်စိတ် သင်္ဂဟနည်း

| စဉ် | | သဗ္ဗစိတ္တသာဓာရဏ | ဝိတက္က | ဝိစာရ | အဓိမောက္ခ | ဝီရိယ | ပီတိ | ဆန္ဒ | ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| (၁) | ဟသိတုပ္ပါဒ် | ၇ | ၁ | ၁ | ၁ | ၁ | ၁ | - | ၁၂ |
| (၁) | (ဝုဋ္ဌော)မနောဒွါရာဝဇ္ဇန်း | ၇ | ၁ | ၁ | ၁ | ၁ | - | - | ၁၁ |
| (၁) | သောမနဿသန္တီရဏ | ၇ | ၁ | ၁ | ၁ | - | ၁ | - | ၁၁ |
| (၅) | မနောဓာတ် ၃-ပါး (ပဉ္စဒွါရာဝဇ္ဇန်း + သမ္ပဋိစ္ဆိုင်း - ၂) အဟိတ်ဝိပါကဥပေက္ခာသန္တီရဏ (ဥပေက္ခာသန္တီရဏ-၂) | ၇ | ၁ | ၁ | ၁ | - | - | - | ၁၀ |
| (၁၀) | ‌ဒွေ ပဉ္စဝိညာဏ် - ၁၀ | ၇ | - | - | - | - | - | - | ၇ |

www.burmeseclassic.com

www.burmeseclassic.com



## ပစ္စည်းပိုင်း

### ပဋိစ္စသမုပ္ပါဒ်= အကြောင်း အကျိုး ဆက်စပ်ရှင်းပြခြင်း
### (ပဋိစ္စ= အကြောင်းကိုစွဲ၍+ သမုပ္ပါဒ= အကျိုးဖြစ်ခြင်း)

၁။ အဝိဇ္ဇာ = အသိဉာဏ်ကင်းမဲ့မှု=မောဟ၊ အမှန်ကို မသိခြင်း၊ အမှားကိုသိခြင်း၊ အကုသိုလ်စိတ် ၁၂-ခု၌ယှဉ်သော မောဟစေတသိက်၊

၂။ သင်္ခါရ = ပြုပြင်စီမံခြင်း စေတနာကံ၊ ကောင်းမှု၊ မကောင်းမှုများကို ပြုလုပ်ခြင်း၊ အကုသိုလ်စေတနာ ၁၂၊ လောကီကုသိုလ် စေတနာ ၁၇၊ ပေါင်း စေတနာကံ- ၂၉၊

(က) ပုညာဘိသင်္ခါရ = မဟာကုသိုလ်စေတနာ- ၈
ရူပကုသိုလ် စေတနာ - ၅

( ခ) အပုညာဘိသင်္ခါရ = အကုသိုလ်စေတနာ ၁၂-ခု၊

( ဂ) အာနေဉ္ဇာဘိသင်္ခါရ= အရူပကုသိုလ်စေတနာ ၄-ခု၊

၃။ ဝိညာဏ် = ပဋိသန္ဓေဝိပါက်စိတ် ၁၉၊ ပဝတ္တိအခါလောကီဝိပါက်စိတ် ၃၂ (ဝိပါက် ဝိညာဏ်များ)

၄။ နာမ်ရုပ် - ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ၌ ဖြစ်သောနာမ်ရုပ်၊
နာမ် = ဝိပါက်ဝိညာဏ်၏ ယှဉ်ဘက်စေတသိက်များ၊
ရုပ် = ထိုဝိပါက်စိတ် စေတသိက်နှင့် အတူဖြစ်သောကမ္မဇရုပ်၊

၅။ သဠာယတန= သ+အာယတန= အတွင်းအာယတန ခြောက်ပါး၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ (ပသာဒရုပ်-၅ပါး)နှင့် မနာယတန = ပဋိသန္ဓေဝိပါက်၊ ပဝတ္တိဝိပါက်၊

၆။ ဖဿ = အာရုံကိုတွေ့ထိခြင်း၊ ဖဿ-၆ပါး၊ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ၊

၇။ ဝေဒနာ = အာရုံ၏ အရသာကို ခံစားခြင်း၊ ဝေဒနာ ၆-ပါး၊ စက္ခုသမ္ဖဿဇာဝေဒနာ (လ) ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ၊

www.burmeseclassic.com

www.burmeseclassic.com



၈။ တဏှာ = သာယာတပ်မက်မှု= စုံမက်ခြင်း၊ နှစ်သက်ခြင်း၊ ရူပတဏှာ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မတဏှာ၊

၉။ ဥပါဒါန် = ပြင်းထန်စွာ စွဲလမ်းမှု ဥပါဒါန်၄-ပါး၊ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ (လောဘ၊ ဒိဋ္ဌိ)

၁၀။ ဘဝ = ကမ္မဘဝ + ဥပပတ္တိဘဝ၊

ကမ္မဘဝ = ပဋိသန္ဓေကျိုးပွားအကြောင်းတရား (သင်္ခါရ)

ဥပပတ္တိဘဝ = ဇာတိဇရာမရဏ= ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အနာဂတ် အကျိုးတရား ငါးပါး၊

ဥပပတ္တိဘဝ - ဘုံအားဖြင့် သုံးမျိုး

(က) ကာမဘဝ - ကာမဝိပါက်စိတ် ၂၃ + ဝိရတီအပ္ပမညာ ကြဉ်သော စေတသိက် ၃၃+ကမ္မဇရုပ် ၂၀၊

(ခ) ရူပဘဝ = ရူပဝိပါက် ၅ + စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆိုင်းဒွေး၊ သန္တီရဏ ၃-ပါး၊ ဝိရတီကြဉ် စေတသိက် ၃၅-ပါး၊ကမ္မဇရုပ် ၁၅၊

(ဂ) အရူပဘဝ = အရူပဝိပါက် ၄-ပါး၊ စေတသိက် ၃၀၊ (ဝိရတီ အပ္ပမညာနှင့် ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်)

သညာအားဖြင့် သုံးမျိုး

(က) သညီဘဝ - နေဝသညာနာသညာယတန စိတ်ကြဉ်သော လောကီဝိပါက် ၃၁-ပါး၊ ဝိရတီကြဉ် စေတသိက် ၃၅-ပါး၊

(ခ) အသညီဘဝ= အသညသတ်ဘုံ၌ဖြစ်သော ဇီဝိတနဝကကလာပ်ရုပ်

(ဂ) နေဝသညီနာသညီဘဝ - နေဝသညာနာသညာယတန ဝိပါက်စိတ် ၁-ပါး၊ စေတသိက် ၃၀၊

ခန္ဓာအားဖြင့်သုံးမျိုး

(က) ဧကဝေါကာရဘဝ - အသညသတ်ဘုံ၌ဖြစ်သော ဇီဝိတ နဝကကလာပ်ရုပ် (ရူပက္ခန္ဓာ)

www.burmeseclassic.com

www.burmeseclassic.com



( ခ) စတုဝေါကာရဘဝ - အရူပဘဝ။ အရူပဘုံ၌ အရူပ ဝိပါက် ၄-ပါး၊ စေတသိက် ၃၀ ။(နာမက္ခန္ဓာ-၄ပါး)

( ဂ) ပဥ္စဝေါကာရဘဝ - ခန္ဓာငါးပါးရှိသော ဘဝ၊ ကာမ ဝိပါက်နှင့် ရူပဝိပါက် ၂၈-ပါး၊ ဝိရတီနှင့် အပ္ပမညာကြဉ် စေတသိက် ၃၃-ပါး။ (ကာမဘုံနှင့်ရူပဘုံ)

၁၁။ ဇာတိ - ပဋိသန္ဓေနေခြင်း၊ ဥပပတ္တိဘဝဖြစ်ခြင်း၊ ဥပါဒ်ခဏ၊

၁၂။ ဇရာမရဏ - အိုခြင်း၊ သေခြင်း - ဥပပတ္တိဘဝ၏ ဋ္ဌီခဏနှင့် ဘင်ခဏ။

**အကျိုးဆက်များ**

သောက - စိုးရိမ်ခြင်း၊

ပရိဒေဝ - ငိုကြွေးခြင်း၊

ဒုက္ခ - ကိုယ်၏ ဆင်းရဲခြင်း

ဒေါမနဿ - စိတ်၏ ဆင်းရဲခြင်း

ဥပါယာသ - ပြင်းစွာ ပင်ပန်းခြင်း၊ အတွင်းကြိတ် ပူပန်ခြင်း။

ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အင်္ဂါ ၁၂-ပါး ကာလသုံးပါး၊ အစပ်သုံးပါး၊ အလွှာလေးပါး၊ ခြင်းရာ -၂၀၊ ဝဋ်သုံးပါး၊ မူလနှစ်ပါး-ဟု ခွဲခြမ်းဝေဘန် လေ့လာရမည်။

**အင်္ဂါ ၁၂-ပါး (ကာလ သုံးပါး)**

| | |
|---|---|
| ( ၁) အဝိဇ္ဇာ<br>( ၂) သင်္ခါရ | အတိတ်အစွန်း<br>အတိတ်ကာလ |
| ( ၃) ဝိညာဏ်<br>( ၄) နာမ်ရုပ်<br>( ၅) သဠာယတန<br>( ၆) ဖဿ<br>( ၇) ဝေဒနာ<br>( ၈) တဏှာ<br>( ၉) ဥပါဒါန်<br>(၁၀) ကမ္မဘဝ | ပစ္စုပ္ပန်အစွန်း<br>ပစ္စုပ္ပန်ကာလ |
| (၁၁) ဇာတိ (ဥပပတ္တိဘဝ)<br>(၁၂) ဇရာမရဏ | အနာဂတ်အစွန်း<br>အနာဂတ်ကာလ |

www.burmeseclassic.com

www.burmeseclassic.com



# အလ္လာ လေးပါး (ခြင်းရာ- ၂၀) အစပ်သုံးပါး

| | |
|---|---|
| ၁။ အဝိဇ္ဇာ<br>၂။ သင်္ခါရ<br>၃။ တဏှာ<br>၄။ ဥပါဒါန်<br>၅။ ကမ္မဘဝ | အတိတ်အကြောင်း ၅-ပါး၊ တစ်လွှာ |

တစ်စပ်(သင်္ခါရ၊ ကမ္မဘဝနှင့်ဝိညာဏ်အကြား)

| | |
|---|---|
| ၆။ ဝိညာဏ်<br>၇။ နာမ်ရုပ်<br>၈။ သဠာယတန<br>၉။ ဖဿ<br>၁၀။ ဝေဒနာ | ပစ္စုပ္ပန်အကျိုး ၅-ပါး၊ တစ်လွှာ |

တစ်စပ် (ဝေဒနာနှင့် တဏှာအကြား)

| | |
|---|---|
| ၁၁။ တဏှာ<br>၁၂။ ဥပါဒါန်<br>၁၃။ ကမ္မဘဝ<br>၁၄။ အဝိဇ္ဇာ<br>၁၅။ သင်္ခါရ | ပစ္စုပ္ပန်အကြောင်း ၅-ပါး၊ တစ်လွှာ |

တစ်စပ်(သင်္ခါရ၊ ကမ္မဘဝနှင့်ဝိညာဏ်အကြား)

| | |
|---|---|
| ၁၆။ ဝိညာဏ်<br>၁၇။ နာမ်ရုပ်<br>၁၈။ သဠာယတန<br>၁၉။ ဖဿ<br>၂၀။ ဝေဒနာ | အနာဂတ်အကျိုး ၅-ပါး၊ တစ်လွှာ<br>(ဇာတိ + ဇရာမရဏ) |

ဤအလ္လာလေးလွှာ၌ ပါဝင်သောတရားများ (၄ × ၅ = ၂၀)ကို ခြင်းရာ (၂၀)ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့၏ အကြား၌ အစပ်တစ်စပ်၊ (၂) ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတို့၏ အကြား၌ အစပ်တစ်စပ်၊ (၃) ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏ အကြား၌ အစပ်တစ်စပ် ဟူ၍ အစပ်သုံးပါးပါရှိသည်။

## ဝဋ် သုံးပါး

၁။ ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊
၂။ ကမ္မဝဋ် = ကမ္မဘဝနှင့် သင်္ခါရ၊
၃။ ဝိပါကဝဋ် = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဥပပတ္တိဘဝ။ (ဇာတိ၊ ဇရာမရဏ)

## မူလ နှစ်ပါး၊ ဝဋ် မြစ် ၂-ပါး

အဝိဇ္ဇာ နှင့် တဏှာ

## ပဋိစ္စသမုပ္ပါဒ်အင်္ဂါ (၁၂)ပါး

### အင်္ဂါပုဒ်ပွါယ် ရှင်းလင်းချက်

၁။ အဝိဇ္ဇာ- အ + ဝိဇ္ဇာ၊ ဝိဇ္ဇာဉာဏ်ကင်းမဲ့ခြင်း၊

ဝိဇ္ဇာဆိုသည်မှာ- အသိဉာဏ်ဖြစ်သည်။ သာမည အသိဉာဏ်ကို မဆိုလို၊ သစ္စာလေးပါးကို ထိုးထွင်းသိမြင်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ဝိဇ္ဇာဉာဏ်ဟုဆိုလိုသည်။ ဝိဇ္ဇာသည် အမှန်ကိုသိခြင်းဖြစ်၍ အဝိဇ္ဇာသည် အမှန်ကို မသိခြင်း အမှားကိုသိခြင်းဖြစ်သည်။ ဝိဇ္ဇာသည် ပညာဉာဏ်ဖြစ်၍ အဝိဇ္ဇာသည် မောဟဖြစ်သည်။ ဝိဇ္ဇာသည် အလင်းရောင်ဖြစ်၍ အဝိဇ္ဇာသည် အမှောင်ထုဖြစ်သည်၊ အမိုက်မှောင်ဖြစ်သည်။ အမှောင်ထုက ဖုံးလွှမ်းထားသဖြင့် အရှိကို အရှိတိုင်း၊ အမှန်ကို အမှန်အတိုင်း မမြင်နိုင်သဖြင့် သာယာမှု၊ တပ်မက်မှု ဖြစ်ကြရသည်။ အကောင်းထင်ကြရသည်၊ ရွံရှာစက်ဆုပ်ဖွယ် အရာကို အဝိဇ္ဇာဖုံးလွှမ်းပေးသဖြင့် နှစ်သက်မြတ်နိုးသာယာတပ်မက်ခြင်း ဖြစ်ကြရသည်။ ကြောက်လန့်ဖွယ် အာရုံကို မကြောက်မလန့်နိုင်ဘဲ ချစ်ခင်မြတ်နိုးစွာ

www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်ကြသည်။ အချိန်မရွေးပေါက်ကွဲ မီးလောင်နိုင်သော ယမ်းထုပ်ကြီးနှင့်တူသော ခန္ဓာငါးပါးကို ရတနာထုပ် မှတ်၍ အမြတ်တနိုး သိမ်းပိုက်ကြသည်၊ ပလပ်စတစ်ရစ်ပတ်ဖုံးအုပ်၍ နံ့သာ လိမ်းကျံထားသော မစင်ဘင်ပုပ်အိုးကြီးကို နံ့သာဆီအိုးမှတ်၍ ပွေ့ပိုက်ယူဆောင်လာသူကဲ့သို့ ခန္ဓာငါးပါး အပုပ်အသိုးများကို အမြတ်တနိုး သိမ်းပိုက်ကြသည်။

၂။ သင်္ခါရ = ပြုပြင်စီမံအားထုတ်ခြင်း

အဝိဇ္ဇာဖုံးလွှမ်းမှုကြောင့် လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့ကို အကောင်းထင်ကြသည်။ သူဌေးဘဝ၊ မင်းစိုးရာဇာဘဝကို အကောင်းထင်ကြသည်၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းဘဝကို အကောင်းထင်ကြသည်။ လူ့ဘဝ လူ့စည်းစိမ်ကို ရရှိခံစားနိုင်ရန်အတွက် လုယက် ခိုးဆိုးတိုက်ခိုက်မည်၊ အနိုင်ကျင့်သတ်ဖြတ်ညှင်းဆဲမည်၊ မကောင်းမှု ဒုစရိုက်များကို ကျူးလွန်မည်၊ ယင်းအကုသိုလ်ဒုစရိုက်များကို အပုညာဘိသင်္ခါရဟုခေါ် ရသည်။ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် ရရှိရန်အတွက် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ ဈာန်သမာပတ်ကုသိုလ်များကို ကြိုးစားအားထုတ်ကြသည်။ ထိုကုသိုလ်များကို ပုညာဘိသင်္ခါရဟု ခေါ်ဆိုရသည်။ ထို့ထက်သာလွန်၍ မတုန်မလှုပ် ငြိမ်သက်စွာ ချမ်းသာသုခ ခံစားနိုင်သော အရူပကုသိုလ်ဈာန်ကို ရအောင် အားထုတ်ကြသည်၊ ထိုကုသိုလ်ကို အာနေဥ္စာဘိသင်္ခါရဟု ခေါ်ဆိုရသည်။

ဤပြဆိုခဲ့သော အကုသိုလ်ကံနှင့် ကုသိုလ်ကံများကို ကြိုးပမ်းအားထုတ်ခြင်းကို သင်္ခါရဟု ခေါ်ဆိုရသည်၊ ထို့ကြောင့် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်ဟု ပြဆိုရာ၌ အမှန်ကို မသိမှု၊ မိုက်မဲတွေဝေမှု၊ အမှောင်ဖုံးလွှမ်းမှုကြောင့် လူ့ဘဝ၊ နတ်ဘဝတို့၌ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ကာမဂုဏ်စည်းစိမ်တို့ကို ရရှိခံစားနိုင်ရန် အကုသိုလ်သင်္ခါရဟု ခေါ်ဆိုသော အကုသိုလ်ကံများကို ကြိုးပမ်းအားထုတ်ကျူးလွန်ကြသည်။ အပုညာဘိသင်္ခါရကို အားထုတ်ပြုလုပ်သည်ဟု ဆိုလိုသည်၊ တစ်ဖန် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် ရရှိရေးအတွက် ပုညာဘိသင်္ခါရဟု ခေါ်ဆိုအပ်သော ဒါန၊ သီလ၊ ဘာဝနာ၊ ဈာန်သမာပတ် ကုသိုလ်များကို အားထုတ်ကြသည်။ အရူပဗြဟ္မာဘဝကို ရရှိရန်အတွက် အာနေဉ္စာဘိသင်္ခါရကို အားထုတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဝိညာဏ = ဝိညာဏ် = ပဋိသန္ဓေ ဝိညာဏ်နှင့် ပဝတ္တိဝိပါက် ဝိညာဏ်

ဝိညာဏ်သည် နှစ်မျိုးရှိသည်၊ ကုသိုလ် အကုသိုလ်စိတ်များ ကြိယာစိတ်များကိုလည်း ဝိညာဏ်ဟုခေါ် ဆိုနိုင်သည်၊ သို့ရာတွင် ဤနေရာ၌ သင်္ခါရဟုဆိုအပ်သော ကုသိုလ် အကုသိုလ်ကံကြောင့် ဝိညာဏ်ဖြစ်ရသည်ဟု ဆိုထားရကား အကြောင်းဝိညာဏ်ကို မယူရ အကျိုးဝိညာဏ်ကိုသာ ယူရမည်၊ ယင်းအကျိုးဝိညာဏ်မှာလည်း ဘဝတစ်ခု၌ အစဦးစွာဖြစ်သော ပဋိသန္ဓေ ဝိညာဏ်( ပဋိသန္ဓေစိတ်-၁၉-ပါးကိုယူရမည်) တစ်ဖန် ပဝတ္တိအခါ၌ ဖြစ်သော လောကီဝိပါက်စိတ် -၃၂-ပါးကိုလည်း ဝိညာဏ်ဟု ယူရမည်။

ကုသိုလ်ကံနှင့် အကုသိုလ်ကံသည် ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေရာ၌ မရဏာသန္နဝီထိစိတ် ဖြစ်စဉ်ကို ကြည့်ရမည်။ ရူပကုသိုလ်ကံနှင့် အရူပ ကုသိုလ်ကံတို့သည် အလွန်ကြီးသော ဂရုကံများဖြစ်ကြ၍ သေခါနီးအခါ မရဏာသန္နဇောစောသည့်အခါ ရူပဈာန်ကုသိုလ်ဇောနှင့် အရူပဈာန်ကုသိုလ် ဇောများ စောကြသည်။ ယင်းဈာန်ဇောများ၌ ယှဉ်တွဲပါလာသော စေတနာသည် အလွန်အားအစွမ်းထက်သော ဂရုကံဖြစ်၍ ထိုဇော၏ နောက်၌ရှိသော ဘဝင်စုတိတို့ကို ကျော်လွှား၍ စုတိစိတ်၏နောက်၌ တစ်ဆက်တည်း ရူပ အရူပ ဝိပါက်ဝိညာဏ်ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေသည်။

အလားတူပင် ကာမာဝစရကုသိုလ်ကံ စေတနာကြောင့် မရဏာသန္န ဝီထိစိတ်ဖြစ်စဉ်၌ ကုသိုလ်ဇောများ ဖြစ်ပေါ်လာ၍ ယင်းကုသိုလ်ဇောများ အတွင်း၌ ပါရှိလာသော စေတနာကံသည် စုတိ၏ နောက်၌ကပ်လျက် ဘဝသစ်ပဋိသန္ဓေဝိညာဏ်ကို ဖြစ်စေသည်။ မဟာဝိပါက် စိတ်(၈)ခုနှင့် အဟိတ်ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ဟုဆိုအပ်သော ပဋိသန္ဓေဝိပါက် ဝိညာဏ် (၉)ပါးတို့ကို ဆိုလိုသည်။

အကုသိုလ်ကံ အားကြီးသူများမှာ သေခါနီးအခါ၌ မရဏာသန္နဇော အဖြစ် အကုသိုလ်ဇောများ စောလာကြသည်။ ယင်းအကုသိုလ် ဇောအတွင်း၌ ပါလာသော စေတနာကံသည် စုတိစိတ်၏ နောက်၌ အပါယ်လေးဘုံ၌ အပါယ်ပဋိသန္ဓေဝိညာဏ်ကို (အဟိတ်အကုသလဝိပါက ဥပေက္ခာ သန္တီရဏကို) ဖြစ်ပေါ်စေသည်။ ဤကား သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံတည်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ နာမရူပ = နာမ်ရုပ်

နာမအရ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဟူသော စေတသိက်ခန္ဓာသုံးပါးတို့ကို ယူရမည်။ ရူပအရ ရုပ် ၂၈-ပါး လုံးကို မယူရ၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေဝိညာဏ်နှင့်အတူတကွ ဖြစ်ပေါ်ဥပါဒ်နိုင်သော ရုပ်ကလာပ်စည်းများကိုသာ ယူရမည်။ ကာမဘုံ၌ သံသေဒဇသတ္တဝါ၊ ဥပပါတ်သတ္တဝါတို့ ပဋိသန္ဓေအခါ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဘာဝ၊ ဝတ္ထုဒသက ဟုဆိုအပ်သော ဒသက ကလာပ်(၇)စည်း အများဆုံး ဖြစ်ခွင့်ရှိသည်။ အနည်းဆုံးအားဖြင့်မူ စက္ခု၊ သောတ၊ ဃာန၊ ဘာဝ၊ ချို့တဲ့နိုင်၍ ကျန်ဒသက ကလာပ်စည်း(၃)ခုသာလျှင် ဖြစ်နိုင်သည်။

အမိဝမ်းတွင်း၌ ကိန်းအောင်းရသော ဂဗ္ဘသေယျက သတ္တဝါတို့မှာ ကာယ၊ ဘာဝ၊ ဝတ္ထု ဒသက ကလာပ်စည်း(၃)ခု (ဝါ) ရုပ်အမျိုးပေါင်း (၃၀) ဖြစ်နိုင်သည်။

ရူပဗြဟ္မာတို့မှာမူ စက္ခု၊ သောတ၊ ဝတ္ထုဒသက ကလာပ်စည်း(၃)ခုနှင့် ဇီဝိတနဝကကလာပ်စုစုပေါင်း ကလာပ်စည်း(၄)ခု ဖြစ်ခွင့်ရှိသည်။ အသညသတ်ဘုံ၌မူ ဇီဝိတနဝကကလာပ်တစ်ခုတည်းသာလျှင် ဖြစ်ခွင့်ရှိသည်။ ဤကား ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံတည်း။

၅။ သဠာယတန = ဆ+အာယတန = အာယတန ၆-ပါး၊ နာမ်ရုပ်နှ ်ပါး အကြောင်းခံ၍ အာယတန ၆-ပါးတို့ ဖြစ်ပေ် လာရသည်။ ယင်းအာယတန ၆-ပါးတို့မှာ -

| | | | |
|---|---|---|---|
| (က) | စက္ခွာယတန | - | စက္ခုပသာဒရုပ် |
| (ခ) | သောတာယတန | - | သောတပသာဒရုပ် |
| (ဂ) | ဃာနာယတန | - | ဃာနပသာဒရုပ် |
| (ဃ) | ဇိဝှါယတန | - | ဇိဝှါပသာဒရုပ် |
| (င) | ကာယာယတန | - | ကာယပသာဒရုပ် |
| (စ) | မနာယတန | - | စိတ် ၈၉-ပါး |

ဤအာယတန ၆-ပါးတို့ ပြည့်ဝစုံလင်လာသည့်အခါ လူ၊ နတ်၊ တိရိစ္ဆာန်၊ အပါယ်ဘုံသား၊ ယောက်ျား၊ မိန်းမ ပီပြင်စွာ ဖြစ်ပေါ်လာ လေတော့သည်။ ဤအာယတန ၆-ပါး ဖြစ်ပေါ်လာရခြင်းသည်လည်း သင်္ခါရဟု ခေါ်ရသော အတိတ်ကံအကြောင်း တရားကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဖဿ = တွေ့ထိမှု၊ ထိခိုက်မှု၊

ရူပါရုံဟုဆိုအပ်သော ဖြူ နီ၊ ပြာ၊ ဝါ အရောင်အဆင်းပုံပန်း သဏ္ဍာန်များသည် မျက်စိအကြည်ဓာတ်သို့ ထင်ဟပ်လာသည်၊ ထိတွေ့လာသည်၊ ထိုအခါ စက္ခု သမ္ဖဿမျက်စိအတွေ့ ဖြစ်ပေါ်လာသည်။ အလားတူ အသံကသောတပသာဒ နားအကြည်ဓါတ်သို့ ထင်ဟပ် ရိုက်ခတ်လာသည့်အခါ သောတ သံမ္ဖဿ နားအတွေ့ ဖြစ်ပေါ်လာသည်။ အနံ့ ဂန္ဓာရုံသည် နှာခေါင်းအကြည်ဓါတ် ဃာနပသာဒသို့ ထိခိုက်လာသည့်အခါ ဃာနသမ္ဖဿ = နှာခေါင်းအတွေ့ဖြစ်ပေါ်လာသည်။ ထို့အတူ လျှာပေါ်၌ စားသောက်ဖွယ်ရာရသာရုံများ တင်ပေးလိုက်သည့်အခါ ဇိဝှါသမ္ဖဿ = လျှာအတွေ့ဖြစ်ပေါ်လာသည်။ အလားတူ ဖောဋ္ဌဗ္ဗာရုံသည် ကာယပသာဒအား ထိတွေ့လာသည့်အခါ ကာယသမ္ဖဿ = ကိုယ်အတွေ့ ဖြစ်ပေါ်လာရသည်။ ထို့အတူ စိတ်ကူးအာရုံဖြစ်သော ဓမ္မာရုံသည် မနောဒွါရသို့ ထင်ဟပ်လာသည့်အခါ မနောသမ္ဖဿ = မနောအတွေ့ ဖြစ်ပေါ်လာရသည်။ ဆိုလိုသည်မှာ အတွင်းအာယတန ၆-ပါး ရှိနေခြင်းကြောင့် အပြင်အာယတန ၆-ပါး ဟုခေါ်ဆိုအပ်သော ဗဟိဒ္ဓ အာရုံများ တွေ့ထိ ထိခိုက်လာမှု ဖဿ ၆-မျိုး၊ မလွဲမသွေဖြစ်ရခြင်းကို သဠာယတန ပစ္စယာ ဖဿော ဟု ဆိုလိုသည်။

၇။ ဝေဒနာ = ခံစားခြင်း၊

ဝေဒနာမှာ ချမ်းသာမှု သုခဝေဒနာ၊ ဆင်းရဲမှု ဒုက္ခဝေဒနာ၊ အလယ်အလတ်သဘော ဥပေက္ခာဝေဒနာဟူ၍ သုံးမျိုးရှိသည်။ ကြိုက်လျှင် သုခဝေဒနာ၊ မကြိုက်လျှင် ဒုက္ခဝေဒနာ၊ ကြိုက်သည်လည်းမဟုတ်၊ မကြိုက်သည်လည်းမဟုတ်၊ ဥပေက္ခာဝေဒနာတို့ ဖြစ်ကြသည်။ သဘောကျလျှင် သုခဝေဒနာ၊ သဘောမကျလျှင် ဒုက္ခဝေဒနာ၊ ခံသာလျှင် သုခဝေဒနာ၊ မခံသာလျှင် ဒုက္ခဝေဒနာ၊ ယင်းနှစ်ခုတို့၏ အကြားအလယ်အလတ်သဘောကို ဥပေက္ခာဝေဒနာဟုခေါ်ဆိုရသည်။ အတွင်း အာယတန-၆ပါးကို အပြင် အာယတန ၆-ပါးတို့က လာရောက်ထိခိုက်မှု (ဖဿ)၆-မျိုးကြောင့် ခံစားမှု ဝေဒနာ(၆)မျိုး မလွဲမသွေဖြစ်ပေါ်ရသည်ကို ဖဿပစ္စယာဝေဒနာဟု ဟောတော်မူခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ တဏှာ - သာယာခြင်း၊တွယ်တာတပ်မက်ခြင်း၊ ငြီကပ်ခြင်း။

သုခဝေဒနာ ချမ်းသာခံစားမှု ဖြစ်သောအခါ ထိုချမ်းသာကို တွယ်တာသည်၊ တပ်မက်သည်၊ သာယာသည်၊ ဒုက္ခဝေဒနာဖြစ်သောအခါ ဆင်းရဲခြင်းကို အပြင်းအထန် ကြောက်လန့်သည်၊ ယင်းဒုက္ခဝေဒနာကို တွန်းကန် ဖယ်ရှား၍ သုခဝေဒနာ ဖြစ်ခြင်းကို အလိုရှိသည်၊ ဒုက္ခဖြစ်ချိန်၌ သုခကို ပိုမို၍ တမ်းတသည်၊ လိုချင်သည်၊ ဆာလောင်သည်၊ ဆာလောင်မှု ဒုက္ခကိုခံစား နေရချိန်၌ စားချင်သည့် ရသတဏှာ ပိုမိုပြင်းထန်သည်၊ ပူလောင်သည့်ဒုက္ခ ခံစားရချိန်၌ အေးမြသည့် သုခကို ပိုမိုတမ်းတသည်။ ခိုက်ခိုက်တုန် ချမ်း၍ အအေးဒုက္ခခံစားရချိန်၌ အပူဓါတ်အနွေးဓါတ်၊ အနွေး သုခကို ပြင်းထန်စွာ အလိုရှိတတ်သည်၊ ထို့ကြောင့် ဒုက္ခဝေဒနာ ခံစားနေရ သည့်အချိန်၌လည်း သုခဝေဒနာကို ပြင်းထန်စွာ တပ်မက်မှု၊ တဏှာဖြစ်ရ လေသည်၊ ဤကဲ့သို့ သုခဝေဒနာ၊ ဒုက္ခဝေဒနာကို တွေ့ထိခံစားရာ၌ သာယာ တပ်မက်မှု၊ တဏှာ ဖြစ်ပေါ်ပုံကို ရည်ရွယ်၍ ဝေဒနာပစ္စယာ တဏှာ - ဝေဒနာကြောင့် တဏှာ ဖြစ်ရသည်ဟု မြတ်စွာဘုရား ဟောတော်မူခဲ့သည်။

၉။ ဥပါဒါန် - ပြင်းစွာ စွဲလမ်းခြင်း၊ ခွါမရအောင် စွဲကပ်ခြင်း၊

သုခဝေဒနာကို လိုချင်တပ်မက်မှု၊ သာယာမှု၊ အကြိမ်များစွာ ဖြစ်ပေါ် လာသည့်အခါ စွဲလမ်းမှု၊ တပ်မက်မှုသည် ပြင်းထန်စွာ ဖြစ်ပေါ် လာတော့သည်။ ခွါမရအောင် စွဲကပ်သွားလေသည်။

ရူပါရုံအချောအလှ ကညာပျိုတစ်ဦးကို တွေ့မြင်ရခြင်း၊ (စက္ခုသမ္ဖဿ) ကြောင့် ကြည့်လို့ကောင်းခြင်း၊ (သုခ) ထိုသို့ ကြည့်လို့ကောင်းခြင်းကို အကြိမ်ကြိမ်သာယာမှု၊ တပ်မက်မှု (တဏှာ) ဖြစ်လာသောအခါ ထိုရူပါရုံကို မခွဲနိုင်မခွါရက် အပိုင်သိမ်းပိုက်လိုခြင်း တရစ်ဝဲဝဲ စွဲလမ်းနေခြင်း (ကာမုပါဒါန်) ဖြစ်လေတော့သည်။

အလားတူပင် သီချင်းဆိုသံ၊ စကားပြောသံများကို ကြိမ်ဖန်များစွာ သာယာတပ်မက်မှု၊ တဏှာဖြစ်လျှင်လည်း မခွဲနိုင်အောင် စွဲလမ်းတပ်မက်မှု ကာမုပါဒါန်ဖြစ်ရလေသည်။ အလားတူ မွှေးကြိုင်သောရနံ့၊ ချိုမြိန်သော အရသာ၊ အိစက်ညက်ညောသော အတွေ့အထိတို့ကို ကြိမ်ဖန်များစွာ

www.burmeseclassic.com

www.burmeseclassic.com



သာယာတပ်မက်မှုကြောင့် ထိုအာရုံများကို မခွဲနိုင်မခွာရက် အပိုင်း သိမ်းပိုက်လိုမှု ကာမုပါဒါန်ဖြစ်ရလေသည်။

ထိုအာရုံငါးပါးနှင့် စပ်လျဉ်း၍ ပုဂ္ဂိုလ်၊ သတ္တဝါအဖြစ် စွဲလမ်းမှု (ဒိဋ္ဌုပါဒါန်)လည်းဖြစ်လေတော့သည်၊ ထိုအာရုံငါးပါးကိုပင် ပုဂ္ဂိုလ်သတ္တဝါ၊ အသက်၊ ဝိညာဉ်ရှိသည်ဟု ယူဆစွဲလမ်းခြင်း၊ (အတ္တဝါဒုပါဒါန်) ဖြစ်လေသည်၊ ထို့ပြင် မှားယွင်းသော အကျင့်သီလများကို ဒုက္ခမှ လွတ်မြောက်ကြောင်း အကျင့်ကောင်း အကျင့်မှန်အဖြစ် ယုံကြည်စွဲလမ်းမှု (သီလဗ္ဗတုပါဒါန်)လည်း ဖြစ်ပေါ်လေတော့သည်။ ဤကဲ့သို့ တဏှာအရင်းခံ၍ ဥပါဒါန်လေးပါး ဖြစ်ပေါ်ရခြင်းကို တဏှာပစ္စယာ ဥပါဒါန် "တဏှာကြောင့် အပြင်းအထန် စွဲလမ်းမှု ဥပါဒါန် ဖြစ်လေသည်"ဟု ဟောတော်မူခဲ့ခြင်းဖြစ်သည်။

### ၁၀။ ဘဝ = အကြောင်းဘဝနှင့် အကျိုးဘဝ၊ ကမ္မဘဝနှင့် ဥပပတ္တိဘဝ၊

ဘဝ၏ဆိုလိုရင်း အဓိပ္ပါယ်မှာ ဖြစ်ခြင်း။ အကြောင်းနှင့် အကျိုးတို့၏ ဖြစ်ခြင်းဟု ဆိုလိုသည်။

အကြောင်းဘဝကို ကမ္မဘဝဟု ခေါ်ဆို၍ အကျိုးဘဝကို ဥပပတ္တိ ဘဝဟု ခေါ်ရသည်၊ တစ်နည်းအားဖြင့် ကမ္မဘဝဆိုသည်မှာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၌ ပြဆိုခဲ့သော ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ တို့ပင် ဖြစ်သည်။ ဆိုလိုသည်မှာ-အကြောင်းကံတရားများကို ကမ္မဘဝဟု ခေါ်သည်။ ဥပပတ္တိဘဝမှာလည်း "သင်္ခါရပစ္စယာဝိညာဏံ"အရ ဖော်ပြခဲ့သော ပဋိသန္ဓေဝိညာဏ်တို့ကို ဆိုလိုသည်။ တနည်းအားဖြင့် ကာမာဝစရ ပဋိသန္ဓေ ဝိညာဏ်ကို ကာမဘဝ၊ ရူပါဝစရပဋိသန္ဓေဝိညာဏ်ကို ရူပဘဝ၊ အရူပါဝစရ ပဋိသန္ဓေဝိညာဏ်ကို အရူပဘဝဟူ၍ ဥပပတ္တိဘဝ-သုံးမျိုး ခွဲခြားပြသည်။

တစ်နည်းအားဖြင့် အသညသတ်ဘုံ၌ဖြစ်သော ရုပ်ပဋိသန္ဓေကို အသညီဘဝ၊ အရူပါဝစရ စတုတ္ထဘုံ၌ဖြစ်သော ပဋိသန္ဓေကို နေဝသညီ နာသညီဘဝ၊ ကြွင်းသောကာမ ရူပ အရူပ၊ ပဋိသန္ဓေများကို သညီဘဝဟု ခွဲခြားပြဆိုထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် အသညသတ်ဘုံ၌ဖြစ်သော ရုပ်ပဋိသန္ဓေကို (ရုပ်ခန္ဓာတပါးသာရှိ၍)ဧကဝေါကာရဘဝ၊ အရူပလေးဘုံ၌ဖြစ်သော နာမ်သက်သက်ပဋိသန္ဓေကို နာမ်ခန္ဓာလေးပါးရှိသောကြောင့် စတုဝေါကာရဘဝ၊ ကာမဘုံနှင့် ရူပဘုံတို့၌ ပဋိသန္ဓေကို ရုပ်နာမ်နှစ်ပါးစုံလင်၍ ခန္ဓာငါးပါးရှိသောကြောင့် ပဥ္စဝေါကာရ ဘဝဟု ခေါ်ဆိုရသည်။(ပဥ္စ = ငါး+ဝေါကာရ = ခန္ဓာ)

ဤနည်းအားဖြင့် ဥပပတ္တိဘဝ-အကျိုးဘဝကို ထပ်မံခွဲစိပ်လိုက်သော အခါ-ဘဝကြီးကိုးပါးဖြစ်လာသည်။

၁၁။ ဇာတိ -= ပဋိသန္ဓေနေရခြင်း။

"သင်္ခါရ ပစ္စယာဝိညာဏံ"ဟူသော စာပိုဒ်၌ ဝိညာဏံအရ ပြဆိုထား သောပဋိသမ္ဓဝိညာဏ်များ ဖြစ်ပေါ်ရခြင်းကို ဇာတိဟူ၍ တစ်ပတ်ပြန်လှည့် ပြောကြားထားခြင်းဖြစ်သည်။ ဥပပတ္တိဘဝဟုခေါ်ဆိုအပ်သော ဘဝကြီးကိုးပါး သည်လည်း ဤဇာတိ၌ အကျုံးဝင်သည်။ "သင်္ခါရပစ္စယာဝိညာဏံ" ၌ အတိတ်ကံသင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေဝိညာဏ်ဖြစ်ပုံကိုပြသည်။ "ဘဝ ပစ္စယာ ဇာတိ"၌ ပစ္စုပ္ပန်ဘဝပြုလုပ် ဆည်းပူးထားသော ကမ္မဘဝ၊ (သင်္ခါရ) ကြောင့်အနာဂတ်ဘဝ ပဋိသန္ဓေအကျိုးဖြစ်ပေါ်ပုံကို ပြသည်။ ထို့ကြောင့် သင်္ခါရ ပစ္စယာဝိညာဏံ၌ အတိတ်ကံအကြောင်းတရားနှင့် ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေ အကျိုးဆက်စပ်မှုကို ပြသည်။ ဘဝပစ္စယာဇာတိ၌ ဤပစ္စုပ္ပန်ဘဝ ကံအကြောင်း တရားကြောင့် အနာဂတ်ဘဝ ဇာတိ ပဋိသန္ဓေအကျိုး ဆက်စပ်ဖြစ်ပေါ်ပုံကို ပြသည်။ အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတစ်စပ်၊ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ် အကျိုးတစ်စပ်ဖြစ်ပေါ်ပုံကို ပြသည်။

၁၂။ ဇရာ၊ မရဏ = အိုခြင်း၊ သေခြင်း၊

ဇာတိ၊ ပဋိသန္ဓေဖြစ်လာတိုင်း၊ ဇရာ မရဏ၊ အိုခြင်း, သေခြင်း ဧလွဲမသွေမုချ ဧကန်၊ အမှန်ဖြစ်ရမည်ကို ပြဆိုခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတိ၏ဆင့်ပွား အကျိုးဆက်များ။

(က) ဗျာဓိ = နာဖျားခြင်း

နတ်ပြဟ္မာများမှာ အိုခြင်း၊ သေခြင်းရှိသော်လည်း နာဖျားခြင်းမရှိကြ၊ အချို့သော အထက်နတ်များနှင့် ပြဟ္မာများမှာ- သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ၊ ဥပါယာသဟုဆိုအပ်သော ဆင်းရဲဒုက္ခများမခံစားရချေ။ ကာမဘုံသား သတ္တဝါများမှာ နာဖျားခြင်း၊ ဗျာဓိ ဆင်းရဲကို ခံစားကြရသည်။

( ခ) သောက = စိုးရိမ်ခြင်း

ပုထုဇဉ်များမှာ သောက စိုးရိမ်ခြင်းကို ခံစားကြရသည်။ သားမယား အတွက် စိုးရိမ်ခြင်း၊ စည်းစိမ်ဥစ္စာအတွက်စိုးရိမ်ခြင်း၊ မိဘဆွေမျိုးအတွက် စိုးရိမ်ခြင်း၊ မိမိ၏ရာထူး ဂုဏ်သိမ်၊ အသက်စည်းစိမ်အတွက် စိုးရိမ်မှုများ ဖြစ်ပေါ်ခံစားကြရသည်။

( ဂ) ပရိဒေဝ = ငိုကြွေးခြင်း

သောကစိုးရိမ်မှု၊ လွန်ကဲလာသောအခါ ဟန်ဆောင်ထိန်းချုပ်၍ မနိုင်တော့သဖြင့် အသံထုတ်၍ ငိုကြွေးကြသည်၊ ဖွဲ့နွဲ့ပြောဆိုမြည်တမ်းငိုကြွေး ကြသည်။

(ဃ) ဒုက္ခ = ကိုယ်၏ဆင်းရဲခြင်း

ဘဝတစ်ခုရရှိလာသောအခါ စား၊ ဝတ်၊ နေရေးပြည့်စုံစေရန် ကြိုးပမ်း အားထုတ်မှု လုပ်ကိုင်ဆောင်ရွက်ရမှုတို့ကြောင့် ကိုယ်၏ပင်ပန်းဆင်းရဲခြင်း ဖြစ်ကြရသည်။ အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်း၊ အလုပ်ပင်ပန်းခြင်း၊ ကိုယ်ကာယ မအီမသာဖြစ်ခြင်း၊ ထိခိုက်ဒဏ်ရာရ၍ နာကြင်မှု ဆင်းရဲဒုက္ခများ ခံစားကြရသည်။

(င ) ဒေါမနဿ = စိတ်ဆင်းရဲခြင်း

မိမိမျှော်လင့်ထားသလို ဖြစ်မလာသည့်အခါ စိတ်နှလုံးမသာမယာ ဖြစ်ကြရသည်။ ကျန်းမာရေးချို့ယွင်းခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ မိဘဆွေမျိုး တို့ပျက်စီးခြင်းစသော ပျက်စီးခြင်း တစ်စုံတစ်ခုနှင့် တွေ့ကြုံရသောအခါ ဒေါမနဿ စိတ်နှလုံးမသာယာမှု၊ စိတ်ဆင်းရဲမှုဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ( စ) ဥပါယာသ = ပြင်းစွာပူပန်ခြင်း

စိုးရိမ်သောကသည် သာမာန်အားဖြင့် ငိုကြွေးလိုက်လျှင် သက်သာလျော့နည်းနိုင်သည်၊ သို့ရာတွင် စိုးရိမ်သောကလွန်စွာပြင်းထန်သည့်အခါ၌ ငို၍မရအောင် အသံနစ်ဝင်သွားသည်။ အသံလုံးဝမထွက်နိုင်ဘဲ တစ်ကိုယ်လုံးတောင့်တင်းမေ့မျော၍ အကြောများတက်သွားသည်၊ စိုးရိမ်သောက ပူလောင်မှုပြင်းပြသဖြင့် ပရိဒေဝအဆင့်ကို ကျော်လွန်၍ ဒုက္ခ ဒေါမနဿ အဆင့်ကို ကျော်လွန်၍ ဥပါယာသအဆင့်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ဤဥပါယာသအဆင့်၌ စိုးရိမ်ပူပန်မှုအားကြီးသဖြင့် နှလုံးမခုန်ဘဲ နှလုံးရပ်ဆိုင်း သွားတတ်သည်။ သို့မဟုတ် နှလုံးသားအတွင်း၌ ပြင်းစွာပူလောင်သဖြင့် သွေးများပွက်ပွက်ဆူကာ သွေးလျှံ သွေးအန်၍သေသွားနိုင်သည်။ ထို့ကြောင့် သောကပြင်းထန်၍ မေ့မြောသွားသူ တစ်ဦးအား သက်သာစေရန် ဘေးပရိတ်သတ်က "ဟဲ့ ငိုလိုက်၊ ဟဲ့ ငိုလိုက်" ဟူ၍ တိုက်တွန်းလေ့ရှိသည်၊ အသံထုတ်ပြီး ငိုလိုက်ပါက အသင့်အတင့် သက်သာမှု ရသွားနိုင်သည်။

ပရိဒေဝနှင့် ဥပါယာသကို ဥပမာပြုရာ၌- ဒယ်အိုးပူပူတွင် အသားစိမ်းကိုပစ်ချလိုက်သည့်အခါ ရှေးဦးစွာ ရှဲရှဲအသံဖြစ်ပေါ်လာသည်၊ ထို့ကြောင့်ကြာလာသောအခါ အသံမထွက်တော့ဘဲ အသားစိမ်းသည် ဒယ်အိုး၌ ခွါမရအောင်တူးကပ်သွားလေသည်။ ဤဥပမာ၌ ရှဲရှဲအသံထွက်ချိန်မှာ သောကအဆင့်ဖြစ်၍ ခွာမရအောင် တူးကပ်သွားခြင်းသည် ဥပါယာသအဆင့် ဖြစ်သည်။

## (ဆ) ကာလသုံးပါး = အခွန့်သုံးပါး

အဝိဇ္ဇာနှင့်သင်္ခါရသည် ရှေးဘဝများက ဖြစ်ပေါ်ခဲ့သဖြင့် အတိတ်ကာလ အတိတ်အခွန့်မည်၏။ ဝိညာဏ်မှ ဘဝအထိပဋိစ္စသမုပ္ပါဒ် အင်္ဂါရှစ်ပါးသည် ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သောကြောင့် ပစ္စုပ္ပန်ကာလ၊ ပစ္စုပ္ပန်အခွန့်မည်၏။ ဇာတိနှင့် ဇရာ မရဏ၊တို့သည် အနာဂတ်ဘဝ၌ဖြစ်၍ အနာဂတ်ကာလ၊ အနာဂတ်အခွန့်မည်၏။

## (ဇ ) တစ်ဆယ့်တစ်သီးမီး = မီး (၁၁)ပါး

သတ္တဝါတို့အား ပူလောင်စေတတ်သောကြောင့် အောက်ဖော်ပြပါ (၁၁)ပါးတို့ကို တစ်ဆယ့်တစ်သီးသော မီးအဖြစ် သတ်မှတ်ဖော်ပြအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(၁) ရာဂမီး၊ (၂) ဒေါသမီး၊ (၃) မောဟမီး၊ (၄) ဇာတိမီး၊ (၅) ဇရာမီး၊ (၆) မရဏမီး၊ (၇) သောကမီး၊ (၈) ပရိဒေဝမီး၊ (၉) ဒုက္ခမီး၊ (၁၀) ဒေါမနဿမီး၊ (၁၁) ဥပါယာသမီး။

## အခြင်းအရာနှစ်ဆယ်နှင့် အလွှာလေးပါး

**အတိတ်အကြောင်းတရားငါးပါး**

အတိတ်အကြောင်းတရားငါးပါးမှာ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်ကမ္မဘဝတို့ဖြစ်ကြသည်။ တဏှာ ဥပါဒါန်နှင့် ကမ္မဘဝတို့သည် အဝိဇ္ဇာသင်္ခါရတို့၌ အကျုံးဝင်သည်၊ ထို့ကြောင့် ဤအတိတ်အကြောင်းတရားငါးပါး သို့မဟုတ် အခြင်းအရာငါးပါးကို အလွှာတစ်လွှာအဖြစ် သတ်မှတ်ရသည်။

တစ်ဖန် ယင်းအကြောင်းတရားများကြောင့် ပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူ၍ အကျိုးတရားငါးပါးဖြစ်ပေါ်ရသည်။ ယင်းအကျိုးတရားငါးပါးကို အခြင်းအရာငါးပါးအဖြစ်သတ်မှတ်၍ ပစ္စုပ္ပန်အလွှာတစ်လွှာဟု ခေါ်ရသည်။

တစ်ဖန် ယင်းပစ္စုပ္ပန်အကျိုးတရားငါပါးမှ ပစ္စုပ္ပန်အကြောင်းတရားငါးပါးဖြစ်ပေါ်လာရသည်၊ ၎င်းတို့မှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရတို့ ဖြစ်ကြသည်။ ယင်းငါးပါးသည် အလွှာတစ်လွှာဖြစ်သည်။ ယင်းအလွှာအတွင်း၌ ပြဆိုအပ်သော တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အတွင်း၌ အဝိဇ္ဇာနှင့် သင်္ခါရတို့ အကျုံးဝင်လျက်ရှိသည်။

တစ်ဖန် ယင်းပစ္စုပ္ပန် အကြောင်းတရား ငါးပါးကြောင့် အနာဂတ်အကျိုးဖြစ်သော ဇာတိနှင့်ဇရာ မရဏတို့ ဖြစ်ပေါ်လာ ရသည်။ ဇာတိနှင့်ဇရာမရဏကို အဘိဓမ္မာသရုပ် ထပ်မံ ခွဲစိပ်လိုက်ပါက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဤငါးပါးတို့ပင်ဖြစ်သည်။ ယင်းပါးငါးကို အနာဂတ်အကျိုးငါးပါးဟု သတ်မှတ်၍ အလွှာတစ်လွှာဟုခေါ် ဆိုရသည်။

ထို့ကြောင့် အတိတ်အကြောင်းတစ်လွှာ၌ အခြင်းအရာငါးပါး၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ၌ အချင်းအရာငါးပါး၊ ပစ္စုပ္ပန် အကြောင်းတစ်လွှာ၌ အခြင်းအရာငါးပါး၊ အနာဂါတ်အကျိုး တစ်လွှာ၌ အခြင်းအရာငါးပါးတို့ကို တွေ့ရှိနိုင်သည်။ ဤသို့အားဖြင့် အလွှာ လေးပါးနှင့် အခြင်းအရာနှစ်ဆယ်ကို ရေတွက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝဋ်သုံးပါး

အဝိဇ္ဇာ၊ တဏှာနှင့်ဥပါဒါန်တို့ကို ကိလေသာဝဋ်ဟု ခေါ်ဆိုရသည်။ ကမ္မဘဝနှင့်သင်္ခါရတို့ကို ကမ္မဝဋ်ဟု ခေါ်ဆိုရသည်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ၊ မရဏတို့ကို အကျိုးတရားများဖြစ်ကြ၍ ဝိပါကဝဋ်ဟုခေါ်ဆိုရသည်။


ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်ဖြစ်ရသည်။ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဆက်လက်ဖြစ်ပေါ်ရသည်။ ထို့ကြောင့်ဝဋ်သုံးပါး၌ အဓိကအရေးကြီးသော အမြစ်သဖွယ်ဖြစ်သော အဝိဇ္ဇာနှင့်တဏှာကို ဝဋ်မြစ်နှစ်ပါး ဝဋ္ဋမူလဟုခေါ်ဆိုရသည်။ ဝဋ္ဋ မူလဝဋ်မြစ်နှစ်ပါးကို အခြေခံ၍ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဝဋ်သုံးပါး အကြောင်းအကျိုးဆက်စပ်မှု အစပ်သုံးပါး၊ အလွှာလေးပါး၊ အခြင်းအရာနှစ်ဆယ်တို့ဖြစ်ပုံကို ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဖြင့် ဖေါ်ပြလေ့ရှိကြသည်။

## သံသရာပြတ်ခြင်းနှင့် သံသရာလည်ခြင်း

မရဏ၊ သေခြင်းတရားနှင့် ရင်ဆိုင်ချိန်၌ မောဟတွေးဝေမှု၊ အဝိဇ္ဇာ အမှောင်ကျမှုများဖြစ်ပါက ယင်းအဝိဇ္ဇာ၏နောက်၌ သင်္ခါရနှင့် ကမ္မဘဝဖြစ်၍ သံသရာစက်လည်မည်၊ မရဏသေခြင်းနှင့် ရင်ဆိုင်ရာ၌ မောဟအဝိဇ္ဇာ ကင်းရှင်း၍ ဝိဇ္ဇာဉာဏ်ဖြစ်နေပါက သင်္ခါရကမ္မဘဝဟု ခေါ်ဆိုအပ်သော ကံကို အားထုတ်မှု၊ ကံအကျိုးပေးမှုမရှိတော့၍ သံသရာပြတ်ပြီး၊ တဖန် ဝေဒနာနောက်၌ တဏှာမဖြစ်ပါကဘဲ သံသရာပြတ်၍ ဝေဒနာနောက်၌ တဏှာလိုက်နေပါက သံသရာလည်ရလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာနှင့်တဏှာ မဖြစ်ပါက သံသရာပြတ်၊ သံသရာရပ်၍ အဝိဇ္ဇာနှင့် တဏှာဖြစ်ပါက သံသရာ ဆက်လက် လည်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ပဋ္ဌာန်း-၂၄-ပစ္စည်း

## ပစ္စည်းနှင့်ပစ္စယုပ္ပန်

အကြောင်းတရားကို ပစ္စည်း(ပစ္စယ)ဟုခေါ်ဆို၍ အကျိုးတရားကို ပစ္စယုပ္ပန်(ပစ္စယုပ္ပန္န)ဟုခေါ်ဆိုရသည်။ ပဋ္ဌာန်းတရားတော်၌ အကြောင်းတရားနှင့်အကျိုးတရားဟူ၍ မသုံးနှုန်းတော့ဘဲ ပစ္စည်းနှင့်ပစ္စယုပ္ပန်ဟူ၍ သုံးနှုန်းပါမည်။

၂၄-ပစ္စည်းဆိုသည်မှာ-အကြောင်းတရား ၂၄-မျိုးဟုဆိုလိုပါသည်။ ၎င်းအကြောင်းတရားများကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများကို ပစ္စယုပ္ပန် ၂၄-မျိုးဟုခေါ်ဆိုရသည်။

ဥပမာအားဖြင့် ဟေတုပစ္စည်းနှင့် ဟေတုပစ္စည်း၏ ပစ္စယုပ္ပန်ဟူ၍ နှစ်မျိုးခွဲခြားရသည်။ ထို့ကြောင့် ပစ္စည်း ၂၄-မျိုးရှိသည့်အတွက် ပစ္စယုပ္ပန်လည်း၂၄-မျိုးရှိရသည်။

## ဇနကအကြောင်းနှင့်ဥပထမ္ဘကအကြောင်း

အကျိုးတရားတစ်ခုကို အစကနဦးဖြစ်ပေါ်စေနိုင်သောအကြောင်းတရားသည် ဇနကအကြောင်းမည်၏၊ ယင်းအကျိုးတရားကို ဆက်လက်တည်တံ့နိုင်အောင် အထောက်အကူပြုသော အကြောင်းတရားသည် ဥပ-ထမ္ဘကအကြောင်းမည်၏၊ အမိအဘနှစ်ပါးကို အစွဲပြု၍ သားသမီးသည် စတင်ဖြစ်ပေါ်ရသောကြောင့် မိဘနှစ်ပါးသည် ဇနကအကြောင်းမည်၏။ ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး စသောသူများသည် ထိုကလေးကို ဝိုင်းဝန်းစောင့်ရှောက်ထောက်ပံ့သောကြောင့် ဥပထမ္ဘကအကြောင်းမည်၏။

မျိုးစေ့တစ်ခုမှ အပင်ဖြစ်ပေါ်ရာ၌ မျိုးစေ့သည် အပင်ကို အစကနဦးဖြစ်ပေါ်စေသောကြောင့် ဇနကအကြောင်းမည်၏၊ ပတ်ဝန်းကျင်မှ မြေ၊ရေ၊လေ၊အပူ၊အအေးတို့သည် အပင်ဖြစ်ပေါ်ရန် ကူညီထောက်ပံ့သောကြောင့် ဥပထမ္ဘကအကြောင်းမည်၏။

www.burmeseclassic.com

www.burmeseclassic.com



လူတို့စားသောက်သည့် ထမင်းဟင်းလျာဆေးဝါးတို့၌ ပါရှိသော ဩဇာဓာတ်၊ အာဟာရဓာတ်သည် ခန္ဓာကိုယ်အတွင်း၌ ရုပ်အသစ်များ ခွန်အားများကို ဖြစ်စေနိုင်သောကြောင့် ဇနကအကြောင်းမည်၏။ ထိုဩဇာဓာတ်နှင့် အစာအာဟာရများကို အရည်ဖျော်၍ ခန္ဓာကိုယ်အနှံ့ ပို့ဆောင်ပေးတတ်သော အရည်ဓာတ်(အာပေါဓာတ်)သည် အထောက်အကူပြုတတ်သောကြောင့် ဥပထမ္ဘကအကြောင်းမည်၏။

လောင်စာကို မီးလောင်ရာ၌ လောင်စာသည် မီးတောက်မီးလျှံကို ဖြစ်ပေါ်စေတတ်သောကြောင့် ဇနကအကြောင်းမည်၏။ မီးလောင်ရာလေပင့်ဆိုသကဲ့သို့ လောင်ကျွမ်းမှုအားကောင်းစေရန် အကူအညီပေးတတ်သော လေသည် ဥပထမ္ဘကအကြောင်းမည်၏။

ဤသို့လျှင် မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်များကို ဆင်ခြင်သုံးသပ်နိုင်ရမည်။

## အကြောင်းကား ရှေ့၊ အကျိုးကား နောက်

ယေဘုယျအားဖြင့် အကြောင်းတရားသည် ရှေ့ကဖြစ်နှင့်၍ အကျိုးတရားသည် နောက်မှဖြစ်ခြင်းကို အမြဲတန်းလိုလို တွေ့မြင်နေရပေသည်။ ထိုကဲ့သို့ အကြောင်းအကျိုး ရှေ့နှင့်နောက် ဆက်စပ်ရာ၌လည်း အကြောင်းတရား မပျက်စီး မပျောက်ကွယ်မီ အကျိုးတရား ဖြစ်ပေါ်နိုင်သည်၊ ရံခါ အကြောင်းတရား ပျက်စီးပျောက်ကွယ်ပြီးမှ အကျိုးတရား ဖြစ်ပေါ်လာတတ်သည်။ မိဘမှ သားသမီးမွေးဖွားရာ၌ အကြောင်းဖြစ်သော မိဘ မပျက်စီး မပျောက်ကွယ်မီ အကျိုးဖြစ်သော သားသမီးပေါ်ထွန်းနိုင်သည်။ အလားတူ သစ်စေ့မှ အစို့၊ အညှောက်၊ ထွက်ရာ၌အကြောင်း မပျက်စီးမီ အကျိုးဖြစ်ပေါ်လာသည်။

သို့ရာတွင် ဓာတ်ငွေ့ကို မီးလောင်ရာ၌ ဓာတ်ငွေ့သဘာဝ ပျက်စီးပြီးမှ မီးတောက်မီးလျှံဖြစ်ပေါ်ရသည်။ အကြောင်းတရား ပျက်စီးပျောက်ကွယ်ပြီးမှ အကျိုးတရားဖြစ်ပေါ်ရသည်။ အလားတူပင် ထင်းမီးသွေးကို မီးလောင်၍ ပြာဖြစ်သွားရာ၌ ပြာအဖြစ်သို့ရောက်သောအခါ မီးမရှိတော့ချေ။ မီးသေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ပြာအဖြစ်သို့ ရောက်လာသည်၊ ထို့ကြောင့် အကြောင်းတရား ကွယ်ပျောက်ပြီးမှ အကျိုးတရားဖြစ်ပေါ်လာသည်။ အထူးအားဖြင့် ဆန့်ကျင်ဘက်အကြောင်း အကျိုးဆက်စပ်ရာ၌ ပိုမိုထင်ရှားသည်။ ဥပမာ-အလင်းရောက်က၊ အမှောင်ပျောက်သည်၊ အမှောင်ရောက်က အလင်းပျောက်သည်၊ အပူပျောက်က၊ အအေးရောက်သည်၊ အအေးပျောက်က၊ အပူရောက်လာသည်။ ဤကဲ့သို့ ဆန့်ကျင်ဘက်အကြောင်း အကျိုးဆက်စပ်ရာ၌ အကြောင်းတရား၏ ချုပ်ငြိမ်းခြင်း၊ ပျောက်ကွယ်ခြင်းကြောင့် အကျိုးတရား ပေါ်ထွန်းလာရသည်။ ဤသဘောကို နတ္ထိ ပစ္စည်း(မရှိခြင်းသည် အကြောင်း)၊ ဝိဂတပစ္စည်း (ကင်းကွာခြင်းသည် အကြောင်း) ဟု ဆိုလိုသည်။

မိဘမှသားသမီးမွေးဖွားခြင်း၊ သစ်စေ့မှ အစို့ အညှောက်ပေါက်ခြင်းသည်အကြောင်းတရားများ ထင်ရှားရှိနေချိန်တွင် အကျိုးတရားပေါ်ပေါက်ခြင်းကြောင့် အတ္ထိပစ္စည်း(ထင်ရှားရှိသော အကြောင်း) အဝိဂတပစ္စည်း (မကင်းကွာသောအကြောင်း)ဟု ဆိုလိုသည်။

ဤသို့လျှင် အကြောင်းရှေ့ အကျိုးနောက် ဆက်စပ်ရာ၌ အတ္ထိ၊ အဝိဂတ သဘောနှင့် နတ္ထိ၊ ဝိဂတ သဘောကို ရှေးဦးစွာ ဆင်ခြင်သုံးသပ်သင့်ပါသည်။

## သဟဇာတ အကြောင်းအကျိုးပြိုင်တူ

အချို့သော ပုဂ္ဂိုလ်များမှာ မွေးအတူ သေအတူ တပြိုင်နက်ဖြစ်ပျက်လေ့ရှိကြသည်။ ဘုရားအလောင်းတော်မှာ မဟာသမာဘဝတွင် ဖွားဘက်တော်တစ်ထောင်ရှိခဲ့သည်။ ဤကဲ့သို့ အတူမွေး၊ အတူကြီး၊ အတူသေပုဂ္ဂိုလ်များမှာ အပေါင်းအဖော် များပြားသည့်အတွက် အလိုအလျောက် အင်အားရှိလာသည်။ စစ်တပ်တစ်ခုအတွင်း၌ ရဲဘော်များသည် အတူနေ၊အတူသေ၊ အတူအိပ်၊ အတူစား၊ သေဖော်ရှင်ဖက်ဖြစ်ကြ၍ ရဲဘော်များသည် အချင်းချင်း အပြန်အလှန်အင်အားဖြည့်ပေးလျက်ရှိသည်။ အလားတူပင် ဆွေမျိုးသားချင်းများပြားသူမှာ အလိုအလျောက် စိတ်ဓါတ်အင်အားပြည့်ဖြိုးနေသည်။ ဆွေမျိုးမရှိသူတို့မှာ တကောင်ကြွက်ပမာ မျက်နှာငယ်၊ စိတ်အားငယ်ကြရသည်၊

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အတူတကွ ဖြစ်ပေါ်ဖြစ်ဖက်များ ရှိခြင်းသည် အင်အားတိုး ပွားခြင်း အကျိုးတရားကို ခံစားရသည်။ စိတ် စေတသိက်၊ ရုပ်တရား၊ နာမ်တရား၊ သဘာဝတရားများမှာလည်း ဖြစ်ဖော် ဖြစ်ဖက် များများရှိလာလေလေ အင်အားပြည့်ဖြိုးလေလေဖြစ်သည်။ မာနသည် လောဘနှင့် မောဟတို့က အတူယှဉ်တွဲဖြစ်ပေါ်ကြသောကြောင့် အပြန်အလှန် အထောက်အကူပြု၍ အင်အားကြီးလာကြသည်။ မောဟကြောင့် လောဘကြီး ၍ လောဘကြောင့် မာနကြီးလာသည်။ လောဘနှင့် မာနကြောင့် မောဟ ပိုကြီးလာသည်။ ဤသို့ ဖြစ်အတူပျက်အတူ အပြန်အလှန် အကြောင်းအကျိုးပြု၍ အထောက်အကူ ပြုခြင်းသည် သဟဇာတသဘော၊ အကြောင်း နှင့် အကျိုး တပြိုင်နက်ဖြစ်ခြင်း သဘောကို ဆောင်သည်၊ အကြောင်းနှင့် အကျိုးသည် အပြန်အလှန် အထောက်အကူပြုကြ၍ တပြိုင်နက် ဖြစ်ခြင်း ပျက်ခြင်းကို သဟဇာတပစ္စည်း ဟု သတ်မှတ်ရသည်။

## အကျိုးကား ရှေ့၊ အကြောင်းကား နောက်

## ပစ္ဆာဇာတပစ္စည်း

အကြောင်းအကျိုး ဆက်စပ်ရာ၌ သာမန်အားဖြင့် လက်ခံနိုင်ဖွယ် မရှိသော အကြောင်းအကျိုး ဆက်စပ်နည်းမှာ အကျိုးကား ရှေ့၊ အကြောင်း ကား နောက် ဖြစ်ပေါ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့်- မိဘတို့သည် သားသမီး အလျင်ဦးစွာ ဖြစ်ပေါ် နှင့်ကြသည်၊ သားသမီးများသည် မိဘနောက်မှ ဖြစ်ပေါ် လာကြသည်။ ယင်းမိဘများ အိုမင်းမစွမ်းဖြစ်လာသောအခါ သားသမီးများက ကျွေးမွေးထောက်ပံ့ပြုစုကြသည်။ ဤဥပမာ၌ နောက်မှ ဖြစ်ပေါ်သော သားသမီးများက ရှေးဦးကြိုတင်ဖြစ်နှင့်သော မိဘများကို ကျွေးမွေးပြုတတ်၊ ထောက်ပံ့တတ်သည်။ နောက်မှ ဖြစ်ပေါ်လာသော သားသမီးများသည် အကြောင်းတရား၊ ပစ္စည်းတရားဖြစ်ကြသည်၊ အလားတူပင် ရုပ်၏ သက်တမ်း သည် စိတ္တက္ခဏ ၁၇-ချက်စာ သက်တမ်း ရှည်ကြာသည်။ ခဏငယ်အားဖြင့် ၅၁-ချက်စာ သက်တမ်းရှည်ကြာသည်။ စိတ် စေတသိက်များ (နာမက္ခန္ဓာ- ၄-ပါး)မှာ သက်တမ်းအားဖြင့် ခဏငယ် ၃-ချက်စာမျှ သက်တမ်းရှည်သည်။ စိတ်၊ စေတသိက်တို့သည် မိမိတို့၏ ရှေ့၌ အလျင် စောစွာဖြစ်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တို့အား အထောက်အပံ့ပြု (ကျေးဇူးပြု)ပေးကြသည်။ ရှေးဖြစ်သော ရုပ်များကို နောက်ဖြစ်သောစိတ်၊ စေတသိက်တို့က ထောက်ပံ့ ကူညီခြင်းသည် အကြောင်းကား နောက်၊ အကျိုးကား ရှေ့ ပစ္ဆာဇာတပစ္စည်း သဘော ဖြစ်သည်။

## ရှေ့နောက် ခွဲခြားရန် မလိုသော အကြောင်းအကျိုး ဆက်စပ်နည်း

အချို့သော အကြောင်းတရား(ပစ္စည်းတရား)တို့သည် ဖြစ်ခြင်း၊ ပျက်ခြင်း မရှိသောတရားများဖြစ်၍ အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလအားဖြင့် ခွဲခြားရန် မလိုအပ်ချေ၊ နိဗ္ဗာန်နှင့် ပညတ်သည် စိတ်စေတသိက်တို့အား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုရာ၌ အကြောင်းအကျိုး ရှေ့ဖြစ်နောက်ဖြစ် ခွဲခြားရန် မလိုချေ။

ဖြစ်တတ် ပျက်တတ်သော ရုပ်တရား နာမ်တရားတို့မှာသာ မဖြစ်မီ အချိန် (ပုရေဇာတ)၊ ဖြစ်နေဆဲအချိန် ပစ္စုပ္ပန်ကာလ (အတ္ထိ၊ အဝိဂတ သဟဇာတ) ဖြစ်ပြီးအချိန် (အတိတ်ကာလ) (အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ)၊ နောက်ကျ၍ ဖြစ်ခြင်း (ပစ္ဆာဇာတ)ဟူ၍ ခွဲခြားသတ်မှတ်ရသည်။ နိဗ္ဗာန်နှင့် ပညတ်မှာမူ ဖြစ်ခြင်း၊ ပျက်ခြင်း မရှိသောကြောင့် ဖော်ပြပါ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလနှင့် ဆက်စပ်၍ ခွဲခြားခြင်းမပြုနိုင်ချေ၊ ကာလသုံးပါးမှ လွတ်၍ ကာလဝိမုတ် သတ်မှတ်ရသော နိဗ္ဗာန်နှင့် ပညတ်တို့သည် စိတ်၊ စေတသိက် နာမ်တရားတို့၏ အာရုံဖြစ်၍ အာရမ္မဏပစ္စယသတ္တိဖြင့် နာမ်တရားတို့အား ကျေးဇူးပြုလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပဋ္ဌာန်း (၂၄)ပစ္စည်း အဓိပ္ပါယ်
## အကျဉ်းချုပ်

### ၁။ ဟေတုပစ္စည်း

ဟေတု = အကြောင်းတရား + ပစ္စယ = ပစ္စည်း= ထောက်ပံ့တတ်၊ ဖြစ်စေတတ်ခြင်း၊

ရေသောက်မြစ်သည် သစ်ပင်ကို ကြီးထွားဖွံ့ဖြိုးရှင်သန်အောင် ထောက်ပံ့တတ်သည်။ သစ်ပင်မှန်လျှင် အမြစ်ရှိရမည်။ အမြစ်ရှိမှ သစ်ပင် အသက်ရှင်နိုင်သည်၊ ခိုင်မြဲစွာရပ်တည်နိုင်သည်။ ထို့အတူ စိတ်-စေတသိက် တရားတို့သည် လောဘဟိတ်၊ ဒေါသဟိတ်၊ မောဟဟိတ်(သို့မဟုတ်) အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် တစ်ခုခုပါရှိနေမှသာလျှင် စိတ် စေတသိက်တို့ စွမ်းအား ပီပီပြင်ပြင် ရှိနိုင်သည်။ ရပ်တည်နိုင်သည်။ ထောက်တည်နိုင်သည်။ အဟိတ်စိတ် ၁၈-ပါးတို့သည် ဖော်ပြပါ ဟိတ် ခြောက်ပါးအနက် ဟိတ်တစ်ပါး မျှ မယှဉ်တွဲနိုင်သောကြောင့် အမြစ်မရှိသော သစ်ပင်ကဲ့သို့ အစွမ်းသတ္တိ တုံးနေကြသည်။ တစ်စုံ ◌ စ်ခုသော ကောင်းကျိုး ဆိုးကျိုးကို ဖန်တီးနိုင်စွမ်း မရှိကြချေ။ ဖြစ်ပြီးနောက် ပျက်စီးပျောက်ကွယ်သွား၍ တစ်စုံတစ်ခုသော စွမ်းအားသတ္တိ မကျန်ရစ်ချေ။

ဟိတ်ခြောက်ပါး ပစ္စည်းတရားတစ်ခုခုနှင့်ယှဉ်တွဲသော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့သည် တစ်စုံတစ်ခုသော အကျိုးဆက်များကို ဖန်တီးနိုင်စွမ်းရှိကြသည်။ ဝါ-အာရုံ၏အရသာကို ထိထိမိမိ ခံစားနိုင်ကြသည်။ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ်တို့နှင့် ယှဉ်တွဲသော ဝိပါက်စိတ်နှင့်ကြိယာစိတ်တို့သည် အကျိုးတရားတစ်ခုကို ဖန်တီးနိုင်စွမ်း မရှိကြသော်လည်း အာရုံ၏ အရသာနှင့်သဘော သဘာဝကို ထိထိမိမိ ခိုင်ခိုင်မြဲမြဲ ရယူသိရှိနိုင်ကြသည်။

ဟေတုပစ္စည်း၌ အကြောင်းပစ္စည်းတရားနှင့် အကျိုးပစ္စယုပ္ပန်တရားတို့သည် အတူတကွဖြစ်၍ အတူတကွပျက်ကြသည်။ ဤသို့ဖြစ်အတူ ပျက်

www.burmeseclassic.com

www.burmeseclassic.com



အတူတပြိုင်နက် တည်ရှိခြင်းကြောင့် သဟဇာတ ပစ္စည်းအမျိုးအစား၌ အကျုံးဝင်သည်။ အကြောင်းပစ္စည်းတရား ထင်ရှားရှိနေစဉ် အကျိုးပစ္စယုပ္ပန် တရားဖြစ်ပေါ်နေခြင်းကြောင့် အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းအမျိုးအစား၌ အကျုံးဝင်သည်။

ဟေတုပစ္စည်း ဇယား

| (အကြောင်း)ပစ္စည်းတရား | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| ဟေတု (ဟိတ် ၆-ပါး)<br>လောဘဟိတ်၊ ဒေါသဟိတ်၊<br>မောဟဟိတ်၊<br>အလောဘဟိတ်၊<br>အဒေါသဟိတ်၊အမောဟဟိတ် | ဟေတုသမ္ပယုတ္တကာနံဓမ္မာနံ၊ တံသမုဋ္ဌာနာနဥ္စရူပါနံ၊<br>အကုသိုလ်စိတ် ၁၂ စေတသိက် ၂၇၊<br>ကုသိုလ်စိတ် ၂၁၊ သဟိတ်ဝိပါက်<br>စိတ် ၂၁၊ သဟိတ်ကြိယာစိတ်၁၇၊ စေတသိက်<br>၃၈-ပါး၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊<br>သဟိတ်စိတ္တဇရုပ်၊ |

၂။ အာရမ္မဏပစ္စည်း

အာရမ္မ = အာရုံ= အာ + ရမ=

အာ=ရှေ့ရှုလာရောက်၍ + ရမ=မွေ့လျော်ခြင်း= စိတ်စေသိက်တရားတို့သည် အာရုံခြောက်ပါးသို့ လာရောက်၍ မွေ့လျော်ကြသည်။ မျက်စိမှ မြင်စိတ်သည် အဆင်းရူပါရုံအပေါ်၌ ကျရောက်၍ ပျော်မွေ့သည်။ နားမှ ကြားစိတ်သည် အသံသဒ္ဒါရုံအပေါ်၌ ကျရောက်၍ ပျော်မွေ့သည်။ နှာခေါင်းမှ နံစိတ်သည် အနံ့ဂန္ဓာရုံအပေါ်၌ ကျရောက်၍ ပျော်မွေ့သည်။ လျှာမှ လျက်သိစိတ်သည် အရသာ ရသာရုံပေါ်၌ ကျရောက်၍ ပျော်မွေ့သည်။ ကိုယ်ကာယမှ ထိသိစိတ်သည် အတွေ့အထိ ဖောဋ္ဌဗ္ဗာရုံပေါ်၌ ကျရောက်၍ ပျော်မွေ့သည်။ မနောဓါတ်၊ မနောဝိညာဏဓါတ်တို့သည် အာရုံခြောက်ပါးပေါ်သို့ ကျရောက်၍ အရသာခံယူပျော်မွေ့တတ်သည်။

အာရမ္မဏပစ္စည်းတရားတို့သည် အကျိုးတရား မဖြစ်ပေါ်မီ ကြိုတင်၍ ရှိနှင့်သောကြောင့် ပုရေဇာတမျိုး၌အကျုံးဝင်ကုန်၏။ အကျိုးတရားတို့ ဖြစ်ပေါ်နေစဉ် အကြောင်းတရား ထင်ရှားရှိနေသေးသောကြောင့် အတ္ထိ၊ အဝိဂတပစ္စည်းမျိုး၌လည်း အကျုံးဝင်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



## အာရမ္မဏပစ္စည်းဇယား

| (အကြောင်း)ပစ္စည်းတရား | (အကျိုး)ပစ္စယုပ္ပန်တရား |
|---|---|
| ရူပါယတနံ-ရူပါရုံအဆင်း | စက္ခုဝိညာဏဓါတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>စက္ခုဝိညာဏ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး။ |
| သဒ္ဒါယတနံ-သဒ္ဒါရုံအသံ | သောတဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>သောတဝိညာဏ်ဒွေ၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး။ |
| ဂန္ဓာယတနံ-ဂန္ဓာရုံအနံ့ | ဃာနဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>ဃာန ဝိညာဏ် ဒွေ၊ စေတသိက် ၇-ပါး။ |
| ရသာယတနံ-ရသာရုံအရသာ | ဇိဝှါဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>ဇိဝှါ ဝိညာဏ်ဒွေ၊ စေတသိက် ၇-ပါး။ |
| ဖောဋ္ဌဗ္ဗာယတနံ- ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိသည် | ကာယဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>ကာယဝိညာဏ်ဒွေ၊ စေတသိက် ၇-ပါး |
| ရူပါယတနံ၊ သဒ္ဒါယတနံ<br>ဂန္ဓာယတနံ၊ ရသာယတနံ<br>ဖောဋ္ဌဗ္ဗာယတနံ<br>အာရုံ (၅)ပါးတို့သည် | မနောဓာတုယာ<br>တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ<br>= မနောဓါတ် ၃-ပါး<br>ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ် အညသမာန်း စေတသိက် ၁၀။ |
| သဗ္ဗေဓမ္မာ<br><br><br>အာရုံ(၆)ပါးတို့သည် | မနောဝိညာဏဓာတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ<br>= မနောဝိညာဏဓာတ် ၇၆-ပါး၊<br>စေတသိက် -၅၂-ပါး။ |

www.burmeseclassic.com

www.burmeseclassic.com



၃။ အဓိပတိပစ္စည်း

အဓိပတိ၏ အဓိပ္ပါယ်မှာ-

အကြီးအမှူးဖြစ်ခြင်း၊ လွှမ်းမိုးအုပ်စိုးနိုင်ခြင်းဖြစ်သည်။ စကြာမင်းကဲ့သို့ ပြိုင်ဘက်မရှိ၊ တစ်ဦးတည်း အကြီးအမှူးဖြစ်ခြင်း သဘောရှိ၏။

သဟဇာတ အဓိပတိနှင့် အာရမ္မဏာဓိပတိ

အတူတကွ ဖြစ်ပေါ်၍ အချင်းချင်း အပေါ်၌ လွှမ်းမိုးကြီးကဲသည့် သဘောသည် သဟဇာတာဓိပတိမည်၏။

သက်ဆိုင်ရာ စိတ်၊ စေတသိက်များကို လွှမ်းမိုးအုပ်စိုးနိုင်လောက်အောင် အလေးအမြတ်ပြုအပ်သော အာရုံသည် အာရမ္မဏာဓိပတိမည်၏။

မဟောသဓာသည် ဘွားဘက်တော်တစ်ထောင် အပေါ်၌ ကြီးကဲ လွှမ်းမိုးနိုင်ခြင်းသည် သဟဇာတာဓိပတိသဘောဖြစ်၏။ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသတို့သည် အတူတကွ ဖြစ်ပေါ်ဖြစ်ဘက် တရားတို့ အပေါ်၌ လွန်ကဲ လွှမ်းမိုးခြင်းသည် သဟဇာတာဓိပတိမည်၏။

လွန်စွာချောမောလှပသော သတို့သမီးပျိုသည် ယောက်ျားတို့၏ စိတ်ကို သိမ်းကျုံးလွှမ်းမိုး ဆွဲဆောင်နိုင်၏။ အလားတူ ပျိုမြစ်နုနယ် ခန့်ညားသော သတို့သားပျိုသည် အမျိုးသမီးတို့၏ စိတ်ကို သိမ်းကျုံးလွှမ်းမိုး ဆွဲဆောင်နိုင်၏။ ကုသိုလ်အရာ၌ မြတ်စွာဘုရားရှင်သည် လူအပေါင်းတို့၏ ကုသိုလ်သဒ္ဓါစိတ်ကို သိမ်းကျုံးလွှမ်းမိုး ဆွဲဆောင်နိုင်၏။ ဤကဲ့သို့ စွမ်းအားကြီးမားသော အာရုံကို အာရမ္မဏာဓိပတိပစ္စည်းတပ်သည်ဟု ဆိုရသည်။

သဟဇာတာဓိပတိ ပစ္စည်းမျိုး၌ သဟဇာတပစ္စည်းနှင့် အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတို့လည်း ရနိုင်သည်။ အာရမ္မဏာဓိပတိပစ္စည်း၌ အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်း၊ ပုရေဇာတပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်းတို့ ရနိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## (က) သဟဇာတာဓိပတိဇယား

| (အကြောင်း)ပစ္စည်းတရား | (အကျိုး)ပစ္စယုပ္ပန်တရား |
|---|---|
| ဆန္ဒာဓိပတိ<br>သာဓိပတိဇော ၅၂ ခု၌ယှဉ်<br>သော ဆန္ဒစေတသိက် | ဆန္ဒသမ္ပယုတ္တကာန်ဓမ္မာန်<br>တံသမုဋ္ဌာနာနဥ္စ ရူပါနံ<br>သာဓိပတိဇော ၅၂-ပါး၊ ဆန္ဒ၊ ဝိစိကိစ္ဆာကြဉ်<br>စေတသိက် ၅၀၊<br>သာဓိပတိစိတ္တဇရုပ်အား |
| ဝီရိယာဓိပတိ<br>သာဓိပတိဇော၅၂-ခု၌ယှဉ်သော<br>ဝီရိယစေတသိက်သည် | ဝီရိယသမ္ပယုတ္တကာန် ဓမ္မာန်<br>တံသမုဋ္ဌာနာနဥ္စ ရူပါနံ<br>သာဓိပတိဇော ၅၂-ပါး၊ ဝီရိယ၊ ဝိစိကိစ္ဆာ<br>ကြဉ်စေတသိက် ၅၀၊<br>သာဓိပတိစိတ္တဇရုပ်အား |
| စိတ္တာဓိပတိ<br>သာဓိပတိဇော ၅၂-ခုသည် | စိတ္တသမ္ပယုတ္တကာန် ဓမ္မာန်<br>တံသမုဋ္ဌာနာနဥ္စရူပါနံ၊<br>ဝိစိကိစ္ဆာကြဉ် စေတသိက် ၅၁၊<br>သာဓိပတိစိတ္တဇရုပ်အား |
| ဝီမံသာဓိပတိ<br>တိဟိတ်ဇော ၃၄-ခု၌ရှိသော<br>ပညာစေတသိက်သည် | ဝီမံသသမ္ပယုတ္တကာန်ဓမ္မာန်<br>တံသမုဋ္ဌာနာနဥ္စ ရူပါနံ၊<br>ကိဟိတ်ဇော၃၄-ခု၊ ဝီမံသကြဉ် စေတသိက်<br>၃၇၊ သာဓိပတိစိတ္တဇရုပ်အား |

www.burmeseclassic.com

www.burmeseclassic.com



## (ခ)အာရမ္မဏာဓိပတိဇယား

| (အကြောင်း) ပစ္စည်းတရား | (အကျိုး)ပစ္စယုပ္ပန်တရား |
|---|---|
| ယံယံဓမ္မံ ဂရုံကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ၊ တေတေ ဓမ္မာ | တေသံ တေသံ ဓမ္မာနံ |
| အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သောနိပ္ဖန္နရုပ် ၁၈၊ ဒေါသမူဒွေ၊မောဟမူဒွေ၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ် ကြဉ်စိတ် ၈၄၊ နိဗ္ဗာန်တို့သည် | အလေးအမြတ်ပြုတတ်သော လောဘမူ ၈<br>မဟာကုသိုလ်စိတ် ၈<br>မဟာကြိယာဉာဏသမ္ပယုတ် ၄<br>လောကုတ္တရာစိတ် ၈<br>ပေါင်း ၂၈<br><br>ဒေါစတုက် ၄-ပါး၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄၇-ပါးအား |

၄။ အနန္တရပစ္စည်း

အနန္တရ = န+အန္တရ = န-မရှိ၊ အန္တရ = အကြား
အနန္တရ = အကြားမရှိ၊ တဆက်တည်း။

ရှေးရှေးသော စိတ္တုပ္ပါဒ်များ ချုပ်ငြိမ်းပျောက်ကွယ်သွားပြီးနောက် နောက်နောက်သော စိတ္တုပ္ပါဒ်တို့သည် အကြားမရှိ၊ တဆက်တစပ်တည်း ဖြစ်ပေါ်လာကြသည်။ ရှေ့စိတ်နှင့်နောက်စိတ် အချိန်ကာလအားဖြင့် ကွက်လပ်ဖြစ်နေခြင်း၊ ကြားကာလ ရှိနေခြင်း လုံးဝမရှိဘဲ ချုပ်ငြိမ်းပျက်စီးသွားသော ရှေးရှေးသော စိတ္တုပ္ပါဒ်များသည် အချိန်ကာလ မခြားဘဲ နောက်နောက် စိတ္တုပ္ပါဒ်များကို တဆက်တည်း မွေးထုတ်ဂိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာအားဖြင့် စက္ခုဝိညာဏဝီထိ ဖြစ်စဉ်ကို ကြည့်ပါက ဘဝင်ပစ္ဆေဒနောက်၌ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ၎င်း၏ နောက်၌ စက္ခုဝိညာဏ်စိတ်၊ ၎င်းနောက်၌ သမ္ပဋိစ္ဆိုင်းစိတ်စသည်ဖြင့် နောက်နောက်သော စိတ္တုပ္ပါဒ်များကို ရှေးရှေးသော စိတ္တုပ္ပါဒ်များက တဆက်တစပ်တည်း မွေးထုတ်ပေးခဲ့ကြသည်။ ထိုကဲ့သို့ အကြားမရှိခြင်းသဘော၊ ကြားကာလမရှိ၊ တဆက်တစပ်တည်း ဖြစ်ပေါ်စေရန် ထောက်ပံ့ကူညီအားပေးသော သဘောသတ္တိကို အနန္တရ ပစ္စည်းဟု ခေါ်ဆိုရသည်။

ဥပမာအားဖြင့် နွားနို့မှ နို့ခမ်း၊ နို့ခမ်းမှ ဆီဦး၊ ဆီးဦးမှ ထောပတ်၊ ဆင့်ကဲဆင့်ကဲ ပြောင်းလဲဖြစ်ပေါ်ရာ၌ ကြားကာလမရှိ၊ တဆက်တစပ်တည်း ဖြစ်သကဲ့သို့တည်း။

ပဉ္စဒွါရဝီထိ၌ စက္ခုဝိညာဏ်၏နောက်တွင် မနောဓါတ်ဟုခေါ်ဆိုအပ်သော သမ္ပဋိစ္ဆိုင်းဖြစ်ပေါ်သည်။ ဤသို့ဖြစ်ခြင်းကို

စက္ခုဝိညာဏဓါတု (စက္ခုဝိညာဏ်စိတ်နှင့်)

တံ သမ္ပယုတ္တကာစ ဓမ္မာ (ယှဉ်ဘက်စေတသိက် ၇-ပါး) တို့သည်

မနောဓာတုယာ (မနောဓါတ်ဟူသော သမ္ပဋိစ္ဆိုင်းအား)

တံသမ္ပ ယုတ္တကာနဉ္စ ဓမ္မာနံ (ယှဉ်ဘက်စေတသိက် ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ် အညသမာန်း စေတသိက် ၁၀-ပါးအား)

အနန္တရပစ္စယေန ပစ္စယော၊ အနန္တရပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။

တဖန် မနောဓါတ်ဟူသော သမ္ပဋိစ္ဆိုင်းသည် ယင်း၏ နောက်၌ ဖြစ်သော မနောဝိညာဏဓါတ်ဟု ဆိုအပ်သော သန္တီရဏစိတ်အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ပါဠိအားဖြင့်

မနောဓာတု (မနောဓါတ် သမ္ပဋိစ္ဆိုင်း) သည်၊ တံ သမ္ပယုတ္တကာစ ဓမ္မာ (ယှဉ်ဘက် စေတသိက် ၁၀-ပါးတို့သည်)

မနော ဝိညာဏဓာတုယာ (သန္တီရဏစိတ်နှင့်)

တံသမ္ပယုတ္တကာ နဉ္စ ဓမ္မာနံ (ယှဉ်ဘက် စေတသိက် ၁၀-ပါးတို့)အား

အနန္တရပစ္စယေန ပစ္စယော၊ အနန္တရ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အနန္တရပစ္စည်း၏ ရှေ့ပိုင်း ပါဠိစာကြောင်း ၁၀-ကြောင်းကို အဓိပ္ပါယ်ရှင်းလင်းစွာ သိနိုင်ရန်အတွက် အောက်ဖော်ပြပါ ဝီထိစိတ်ဖြစ်စဉ်ကို လေ့လာရပါမည်။

## ပဉ္စဒွါရဝီထိ

တီ၊ န၊ ဒ၊ ပဉ္စ၊ စက်၊ သံ၊ တီ၊ ဝု၊ ဇ-၇ကြိမ်၊ ဘွင်

မှတ်ချက်။ ။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ဤဝိညာဏ်စိတ် ၅-ပါး တို့သည် တလှည့်စီ ဖြစ်နိုင်ကြသည်။

| | | |
|---|---|---|
| ၁။ စက္ခုဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| စက္ခုဝိညာဏဓာတု | မနောဓာတု | မနောဝိညာဏဓာတု |
| ၂။ သောတဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| သောတဝိညာဏဓာတု | မနောဓာတု | မနောဝိညာဏဓာတု |
| ၃။ ဃာနဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| ဃာနဝိညာဏဓာတု | မနောဓာတု | မနောဝိညာဏဓာတု |
| ၄။ ဇိဝှါဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| ဇိဝှါဝိညာဏဓာတု | မနောဓာတု | မနောဝိညာဏဓာတု |
| ၅။ ကာယဝိညာဏ် | သမ္ပဋိစ္ဆိုင်း | သန္တီရဏ |
| ကာယဝိညာဏဓာတု | မနောဓာတု | မနောဝိညာဏဓာတု |

ဤဖော်ပြပါ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ တွေ့ထိစိတ်များ ဖြစ်ပေါ်ရာ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ တည်းဟူသော ပဉ္စဝိညာဏ ဝိညာဏ်(၅)ပါးမှ သမ္ပဋိစ္ဆိုင်းဟူသော မနောဓါတ်သို့ အနန္တရသတ္တိဖြင့် ကျေးဇူးပြု ပုံကို ၅-ကြိမ်ခွဲခြား၍ ဟောတော်မူသည်။ ၎င်းဝိညာဏ် ၅-ပါး၏ နောက်၌ရှိသော (မနောဓါတ်) သမ္ပဋိစ္ဆိုင်းသည် ယင်း၏နောက်၌ ဖြစ်ပေါ် လာသော (မနောဝိညာဏဓါတ်) သန္တီရဏအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံ ကို ၅-ကြိမ် ၅-ခါ ခွဲခြား၍ ဟောတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝီထိစိတ္တုပ္ပါဒ်များကို ကုသိုလ်၊ အကုသိုလ်၊ အဗျာကတဟူ၍ သုံးမျိုးခွဲခြားလိုက်သည်။ အဗျာကတကို ဝိပါက်အဗျာကတနှင့် ကြိယာအဗျာကတဟူ၍ ထပ်မံခွဲခြားနိုင်သည်။ ပဉ္စဒွါရဝီထိ၌ ပဉ္စဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌောဟု ခေါ်ဆိုရသော မနောဒွါရာဝဇ္ဇန်းတို့သည် ကြိယာအဗျာကတတို့ ဖြစ်ကြသည်။ ဝီထိစိတ်များ၏ ရှေ့နှင့်နောက်၌ ဖြစ်ပေါ်ကြသော ဘဝင်စိတ်များသည် ဝိပါက်အဗျာကတတို့ဖြစ်ကြသည်။ ပဉ္စဝိညာဏ် (ဝိညာဏ် ၅) မျိုးနှင့် သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ တဒါရုံတို့သည် ဝိပါက်အဗျာကတများ ဖြစ်ကြသည်။

## မနောဒွါရဝီထိ

ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ရုံ

ဝု၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဇ၊ ဘွင်

ဇောစိတ်တို့သည် ကုသိုလ်ဇော၊ အကုသိုလ်ဇောနှင့် ကြိယာအဗျာကတဇောဟူ၍ သုံးမျိုးဖြစ်နိုင်သည်။ အကယ်၍ ကြိယာအဗျာကတဇောများစောသော ဝီထိ၌ ရှေ့ရှေ့သော အဗျာကတ တရားတို့သည် နောက်နောက်သော အဗျာကတတရားတို့အား အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပုံကို (ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ။ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ) ပါဠိ၌ အကျုံးဝင်ကြသည်။

အကယ်၍ ဇောစိတ်သည် ကုသိုလ်ဇောဖြစ်ပါမူ ရှေ့ရှေ့ ဇောသည် နောက်နောက်ဇောအား(ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ) ပါဠိအရ ရှေ့ကုသိုလ်ဇောသည် နောက်ကုသိုလ် ဇောအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသည်။

သို့ရာတွင် နောက်ဆုံးဇော (သတ္တမဇော)သည် မိမိ၏နောက်၌ ဖြစ်သော တဒါရုံ သို့မဟုတ် ဘဝင်ဟု ဆိုအပ်သော အဗျာကတ တရားအား ကျေးဇူးပြုပုံကို (ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ။ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ)ဖြင့် ပြသည်။ တဖန် ဇော၏ ရှေ့၌ရှိသော ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းသည် ပထမဇောဖြစ်သော ကုသိုလ်တရားအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို (ပုရိမာ ပုရိမာ အဗျာ ကတာ ဓမ္မာ။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ)ဖြင့် ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဇောစိတ်များသည် အကုသိုလ်ဇောများ ဖြစ်ပါက ယင်းဇောအချင်းချင်း ရှေ့ဇောသည် နောက်ဇောအား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို (ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ)ဖြင့် ပြသည်။

တဖန် သတ္တမဇောသည် ယင်း၏ နောက်ရှိ တဒါရုံ သို့မဟုတ် ဘဝင်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို (ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ)ဖြင့် ပြတော်မူသည်။

ထို့ပြင် ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်းသည် မိမိနောက်ရှိ ပထမဇော (အကုသိုလ်ဇော) အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို (ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ)ဟူ၍ ဟောတော်မူသည်။

မည်သည့်စိတ်အမျိုးအစားပင် ဖြစ်စေ ရှေးရှေးသော စိတ္တုပ္ပါဒ်မှန်သမျှသည် နောက်နောက်သော စိတ္တုပ္ပါဒ်တို့အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုပုံကို အလုံးစုံသိမ်းကျုံးခြုံ၍ (ယေသံ ယေသံ ဓမ္မာနံ အနန္တရာ၊ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ စိတ္တစေတသိကာ ဓမ္မာ၊ တေတေဓမ္မာ) ဟူ၍ ဟောကြားတော်မူခဲ့သည်။

ဤအနန္တရပစ္စည်းကို လေ့လာရာ၌ ပဉ္စဒွါရာဝီထိ၊ မနောဒွါရ ဝီထိ၊ အပ္ပနာဝီထိ၊ သမာပတ္တိဝီထိစသော ဝီထိစိတ်ဖြစ်စဉ်များကို ပိုင်ပိုင်နိုင်နိုင် မှတ်သားမိပါက လွန်စွာ လွယ်ကူသည်ကို တွေ့ရှိရပေလိမ့်မည်။

အကြမ်းဖျင်းအားဖြင့် ဇယားချပ်၍ ဖော်ပြပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



## အနန္တရပစ္စည်း ၃ ယား

| (အကြောင်း)ပစ္စည်းတရား | (အကျိုး)ပစ္စယုပ္ပန်တရား |
|---|---|
| (၁) စက္ခုဝိညာဏဓာတု = စက္ခုဝိညာဏ်ဒွေသည် တံသမ္ပယုတ္တကာစမ္မော = စေတသိက်-၇ပါးသည် | မနောဓာတုယာ = သမ္ပဋိစ္ဆိုင်းဒွေအား တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = စေတသိက် ၁၀-ပါး |
| (၂) မနောဓာတု = သမ္ပဋိစ္ဆိုင်းဒွေသည် တံသမ္ပယုတ္တကာစ ဓမ္မာ စေတသိက် ၁၀-ပါးသည် | မနောဝိညာဏဓာတုယာ=သန္တိရဏာ ၃-ခု တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = ဆန္ဒ၊ ပီတိ၊ ဝီရိယကြဉ် အညသမာန်း စေတသိက် ၁၀ |
| (၃) သောတဝိညာဏဓါတု = သောတဝိညာဏ်ဒွေသည် တံသမ္ပယုတ္တကာစမ္မော= စေတသိက် ၇-ပါးသည် | မနောဓာတုယာ = သမ္ပဋိစ္ဆိုင်းဒွေအား တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = စေတသိက် ၁၀-ပါးတို့အား |
| (၄) အမှတ်စဉ် ၂ နှင့် တူပြီ | |
| (၅) ဃာနဝိညာဏဓာတု = ဃာနဝိညာဏ်ဒွေသည် တံသမ္ပယုတ္တကာစမ္မော= စေတသိက် ၇-ပါးသည် | မနောဓာတုယာ = သမ္ပဋိစ္ဆိုင်းဒွေအား တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = စေတသိက် ၁၀-ပါးတို့အား |
| (၆) အမှတ်စဉ် ၂-နှင့် တူပြီ | |
| (၇) ဇိဝှါဝိညာဏဓာတု = ဇိဝှါဝိညာဏ်ဒွေသည် တံသမ္ပယုတ္တကာစမ္မော= စေတသိက် ၇-ပါးသည် | မနောဓာတုယာ = သမ္ပဋိစ္ဆိုင်းဒွေအား တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = စေတသိက် ၁၀-ပါးအား |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်းတရား | (အကျိုး) ပစ္စယုပ္ပန်တရား |
|---|---|
| (၈) အမှတ်စဉ် ၂ နှင့် တူပြီ | |
| (၉) ကာယဝိညာဏဓာတု = ကာယဝိညာဏ်ဒွေသည် တံသမ္ပယုတ္တကာစမွှော = စေတသိက် ၇-ပါးသည် | မနောဓာတုယာ =သမ္ပဋိစ္ဆိုင်းဒွေအား တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ = စေတသိက် ၁၀-ပါးအား |
| (၁၀) အမှတ်စဉ် ၂ နှင့်တူပြီ | |
| (၁၁) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ = အဆုံးဇောကြဉ် ရှေးရှေးသော လောကီ ကုသိုလ်ဇောစိတ် ၁၇-ခု | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ = ပထမဇောကြဉ် နောက်နောက် သော ကုသိုလ်ဇောစိတ် ၂၁-ပါးအား |
| (၁၂) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ=အဆုံးဇောဖြစ်သော ကုသိုလ်ဇောစိတ် ၂၁-ခု | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ = နောက်ဖြစ်သော တဒါရုံ ဘဝင် နှင့် ဖိုလ်စိတ် =၂၆-ပါးတို့အား |
| (၁၃) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ=အဆုံးဇောကြဉ် အကုသိုလ်ဇောစိတ် ၁၂-ခု | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ = ပထမဇောကြဉ် အကုသိုလ် စိတ် ၁၂ တို့အား |
| (၁၄) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ = အဆုံးဖြစ်သော အကုသိုလ်ဇောစိတ် ၁၂ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ = တဒါရုံနှင့်ဘဝင်စိတ်၊၂၀-ပါးအား |
| (၁၅) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ = ရှေ့ရှေ့အဗျာကတ်ဖြစ် သော ဝိပါက်စိတ် ၃၆၊ ကြိယာ ၂၀ တို့သည် | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ = နောက်နောက် အဗျာကတ ဖြစ်သော ဝိပါက် ၃၆၊ ကြိယာ ၂၀-အား |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်းတရား | (အကျိုး) ပစ္စယုပ္ပန်တရား |
| --- | --- |
| (၁၆) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ = ရှေးရှေးဖြစ်သော ဝုဋ္ဌော၊ မနောဒွါရာဝဇ္ဇန်း | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ=နောက်နောက်ဖြစ်သော လောကီကုသိုလ် ပထမဇော ၁၇ အား |
| (၁၇) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ = ရှေးရှေးဖြစ်သော ဝုဋ္ဌော၊ မနောဒွါရဝဇ္ဇန်း | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ နောက်နောက်ဖြစ်သော အကုသိုလ် ပထမဇော ၁၂-ပါးအား |
| (၁၈) ယေသံ ယေသံ ဓမ္မာနံ အနန္တရာ၊ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေတေဓမ္မာ ရှေးရှေးသောစိတ် -၈၉ပါး နှင့် စေတသိက် ၅၂သည် | **တေသံ တေသံ ဓမ္မာနံ = နောက်နောကဥ်ဖြစ်သော စိတ် ၈၉-ပါး နှင့် စေတသိက် ၅၂-ပါးအား** |

၅။ သမနန္တရပစ္စည်း

အနန္တရပစ္စည်းနှင့် အလုံးစုံတူသည်။ ထိုသို့ တူပါလျက် ထပ်မံဟော ကြားရခြင်းမှာ ရှေ့စိတ် နောက်စိတ်တို့ အကြားမရှိ၊ တဆက်တစပ်တည်း ဆက်လက်ဖြစ်ပေါ်နေပုံကို အလေးအနက်ထား၍ မှတ်သားမိစေရန် ခိုင်မြဲ စေရန် ထပ်မံဟောကြားခြင်းဖြစ်ပါသည်။

၆။ သဟဇာတပစ္စည်း

သဟ+ဇာတ= သဟ = အတူတကွ+ဇာတ= ဖြစ်ပေါ်ခြင်း= အတူတကွ ဖြစ်ပေါ်ခြင်း။

အကြောင်းတရားနှင့် အကျိုးတရားတို့သည် အတူတကွ တပြိုင်နက် ဖြစ်ပေါ်ခြင်းကို သဟဇာတပစ္စည်း ခေါ်ဆိုရသည်။ ယေဘူယျအားဖြင့် အကြောင်းတရားသည် ရှေ့ကဖြစ်နှင့်၍ အကျိုးတရားသည် နောက်မှဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို တွေ့ဘူး မြင်ဘူးကြသည်။ ယခုဖော်ပြသည့် သဟဇာတ အကြောင်း အကျိုးဆက်စပ်မှုမှာ အကြောင်းနှင့်အကျိုးတို့သည် တပြိုင်တည်းဖြစ်ပေါ် လာ၍ တပြိုင်တည်း ချုပ်ဆုံးသွားကြသည်။

ဥပမာအားဖြင့်- ဆီမီးတိုင်တစ်ခုကို ထွန်းညှိရာ၌ မီးတောက်မီးလျှံသည် လည်းကောင်း၊ အပူဓါတ်သည်လည်းကောင်း၊ အလင်းရောင်သည် လည်းကောင်း၊ တပြိုင်နက်ဖြစ်ပေါ်ကြ၍ တပြိုင်နက်တည်းမှာပင် အမှောင်ရုပ်များကို ကွယ်ပစေသည်။ ယင်းမီးတောက်မီးလျှံအတွင်း၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘူတ ဓါတ်ကြီးလေးပါးတို့သည် အချင်းချင်း အပြန်အလှန် အကြောင်းအကျိုး တပြိုင်နက်ဖြစ်လျက်ရှိကြသည်။

ယင်း မဟာဘုတ်လေးပါးကို အမှီပြု၍ အလင်းရောင်၊ အဆင်း အရောင်ဟူသော ဝဏ္ဏရုပ်၊ အညှော်နံ့၊ အမွှေးနံ့ဟူသော- ဂန္ဓရုပ်၊ မီးတောက် မီးလျှံ အတွင်းရှိ ရုပ်မှုန်များကို အခိုက်အတန့်အားဖြင့် ရပ်တည် နိုင်စေရန် စုစည်းနိုင်သော ဩဇာရုပ်တို့ဖြစ်ပေါ်လျက်ရှိသည်။ တစ်နည်းအားဖြင့် သေဖော်ရှင်ဖက် စစ်သည် ရဲဘော်များသည် အချင်းချင်း အပြန်အလှန် အင်အား ဖြစ်စေသည်။ စိတ်ဓါတ်အင်အား ရုပ်ဓာတ်အင်အားနှင့် တိုက်ခိုက်ရေး အစွမ်းအားများ ထက်မျက်စေခြင်းသည် သဟဇာတပစ္စည်း၏ သဘောပင် ဖြစ်သည်။

အတူတကွဖြစ်ကြသော စိတ္တုပ္ပါဒ်တစ်ခုအတွင်း၌ လောဘမောဟ မာနစသော စေတသိက်တို့သည် အပြန်အလှန်အင်အား ဖြစ်စေကြသည်။ မောဟ အမှောင်ဖုံးပေး၍ လောဘက ပစ္စည်းဥစ္စာများ သိမ်းပိုက်ပြီး မာနက ဥစ္စာမာန်တက်စေသည်။

နာမ်တရား၌ ခံစားမှု အစုအပုံ ဝေဒနာက္ခန္ဓာ၊ မှတ်သားမှု အစုအပုံ သညာက္ခန္ဓာ အားထုတ်ဆောင်ရွက်မှု အစုအပုံ သင်္ခါရက္ခန္ဓာ ၊ သိမှု အစုအပုံ ဝိညာဏက္ခန္ဓာဟူ၍ နာမ်တရား အစုအပုံလေးမျိုးကို နာမက္ခန္ဓာဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တရား၌ မဟာဘူတဓါတ်ကြီးလေးပါးနှင့် မှီခိုကပ်ရပ်ဖြစ်ပေါ်ရသော ဥပါဒါရုပ်ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားရသည်။ မဟာဘူတ ဓါတ်ကြီးလေးပါးတို့အနက် သုံးပါးသည် တစ်ပါးဇအား လည်းကောင်း၊ တစ်ပါးသည် သုံးပါးအား လည်းကောင်း၊ နှစ်ပါးသည် နှစ်ပါးအား လည်းကောင်း၊ အပြန်အလှန် အကြောင်းအကျိုးအဖြစ် ကျေးဇူးပြုကြသည်။ ဥပါဒါရုပ်ဟုခေါ်သော မှီတွယ်ရုပ်များသည် မဟာဘူတဓါတ်ကြီးလေးပါးကို မှီခိုအားပြုရသောကြောင့် ဓါတ်ကြီးလေးပါးသည် အကြောင်းတရား၊ ဥပါဒါရုပ် များသည် အကျိုးတရားအဖြစ် တဖက်သတ် ရပ်တည်ရသည်။ ထို့အပြင် နာမ်နှင့်ရုပ်ဖအကြောင်းအကျိုးဆက်စပ်ရာတွင် ပဋိသန္ဓေအခါ၌ နာမက္ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုဟုဆိုအပ်သော ကမ္မဇရုပ်တို့သည် အချင်းချင်း အပြန်အလှန် အကြောင်းအကျိုးပြုကြသည်။ ပဝတ္တိအခါ၌မူ ကမ္မဇရုပ်များသည် နာမ်တရားနှင့် ဆက်စပ်မှုမရှိသီးခြားလွတ်လပ်စွာဖြစ်ပေါ်ကြသည်။ စိတ္တဇရုပ်များ မှာမူ ပဋိသန္ဓေအခါ၌ လည်းကောင်း၊ ပဝတ္တိအခါ၌ လည်ကောင်း၊ နာမ်ခန္ဓာလေးပါးကို အမြဲမှီခိုကြသည်။ ယင်းစိတ္တဇရုပ်တို့သည် အကြောင်း ဖြစ်သော နာမ်ခန္ဓာလေးပါးတို့နှင့် အတူတကွ တပြိုင်နက်ဖြစ်ခြင်းကြောင့် သဟဇာတ ပစ္စည်း၌ အကျုံးဝင်ကြသည်။

## သဟဇာတ ပစ္စည်းဇယား

| (အကြောင်း) ပစ္စည်းတရား | (အကျိုး)ပစ္စယုပ္ပန်တရား |
|---|---|
| (၁) စတ္တာရောခန္ဓာ အရူပီနော | အညမည် သဟဇာတပစ္စယေနပစ္စယော |
| နာမ်ခန္ဓာတစ်ပါးသည်- | နာမ်ခန္ဓာသုံးပါးအား |
| နာမ်ခန္ဓာသုံးပါးသည်- | နာမ်ခန္ဓာတစ်ပါးအား |
| နာမ်ခန္ဓာနှစ်ပါးသည်- | နာမ်ခန္ဓာနှစ်ပါးအား |
| (၂) စတ္တာရော မဟာဘူတာ | အညမည် သဟဇာတပစ္စယေနပစ္စယော |
| မဟာဘုတ်တစ်ပါးသည်- | မဟာဘုတ်သုံးပါးအား |
| မဟာဘုတ်သုံးပါးသည်- | မဟာဘုတ်တစ်ပါးအား |
| မဟာဘုတ်နှစ်ပါးသည်- | မဟာဘုတ်နှစ်ပါးအား |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်းတရား | (အကျိုး) ပစ္စယုပ္ပန်တရား |
|---|---|
| (၃) ဩက္ကန္တိက္ခဏေ နာမရုပ်<br>ပဋိသန္ဓေအခါ နာမ်ခန္ဓာ ၄-ပါးသည်<br>ပဋိသန္ဓေအခါ ဝတ္ထုဒသက ကမ္မဇကလာပ်သည် | အညမည် သဟဇာတပစ္စယေန ပစ္စယော ဝတ္ထုဒသက ကမ္မဇကလာပ်အား<br>ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါးအား |
| (၄) စိတ္တ စေတသိကာ ဓမ္မာ<br>ရုပ်ကို ဖြစ်စေတတ်သော စိတ် ၇၅-ပါးနှင့်စေတသိက် ၅၂-ပါးတို့သည် | စိတ္တ သမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော<br>စိတ်ကြောင့် ဖြစ်သောရုပ် ၁၇-ပါးအား |
| (၅) မဟာဘူတာ<br>မဟာဘုတ် ၄-ပါးတို့သည် | ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော<br>ဥပါဒါရုပ် ၂၄-ပါးတို့အား |
| (၆) ရူပိနော ဓမ္မာ<br>ပဋိသန္ဓေအခါ၌ ဝတ္ထုဒသက ကမ္မဇကလာပ်သည် | အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော<br>ပဋိသန္ဓေအခါ၌ နာမက္ခန္ဓာ ၄-ပါးတို့အား |

(အမှာ) ပတ္တိအခါ မရနိုင်သဖြင့် ကိဉ္စိ ကာလေ(အချို့သောကာလ) ဟု ဟောထား ခြင်းဖြစ်သည်။

## ၇။ အညမည ပစ္စည်း

အချင်းချင်းအပြန်အလှန် အကြောင်းအကျိုးပြုနိုင်မှုကို အညမည ပစ္စည်းဟု ဆိုလိုသည်၊ ဥပမာအားဖြင့် တုတုတ်သုံးချောင်းကို ခေါင်းချင်းဆိုင် ကျားကန်၍ ထောင်ထားရာ၌ တုတ်တစ်ချောင်းလဲလျှင် ကျန်တုတ်နှစ်ချောင်း လည်းလဲသည်၊ အပြန်အလှန် မှီခိုအားထားနေရသည့် သဘောဖြစ်သည်။ ရုပ်သည် နာဂ်အပေါ် အားကိုး အားထားပြုရသကဲ့သို့ နာမ်သည်ရုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



မှီရသည်။ သူကန်းနှင့် သူကျိုး နှစ်ဦးတို့အနက် သူကန်းသည် သွားနိုင် လာနိုင်သည်၊ သို့သော် မမြင်ရချေ။ မိမိဘာသာသွားလျှင် အနိမ့်အမြင့် ခလုတ် ကန်သင်း၊ တွင်း၊ ကျင်းသို့ ကျ၍လဲနိုင်သည် ကျိုးနိုင်သည်၊ သူကျိုးသည် ခြေထောက်ကျိုးနေသဖြင့် ရွေ့လျားသွားလာခြင်း မပြုနိုင်၊ ဤသူနှစ်ဦးတို့ ပေါင်းစပ်၍ သူကန်းသည် သူကျိုးကို ပခုံးထမ်းလိုက်သည့်အခါ နှစ်ယောက် သား အတူတကွ သွားနိုင် လာနိုင် မြင်နိုင် လေတော့သည်၊ ဤဥပမာ၌ ရုပ်သည် သူကန်းနှင့် တူ၏၊ နာမ်သည် သူကျိုးနှင့် တူ၏၊ နာမ်တရားက စဉ်းစားတွေးခေါ်၍ ညွှန်ကြားသည့်အတိုင်း ရုပ်တရားက လှုပ်ရှား လိုက်နာရ သည်။ နာမ်တရားသည် ရုပ်တရားအပေါ်၌ မှီတွယ်လျက်ရှိသည် ဤသို့ ရုပ်နှင့်နာမ် အပြန်အလှန် အကြောင်းအကျိုး ကျေးဇူးပြုခြင်းကို အညမည ပစ္စည်းဟုခေါ်ဆိုရ သည်။

အညမညပစ္စည်း၌ အကြောင်းတရား နှင့် အကျိုးတရားတို့ကို သဟဇာတပစ္စည်း ဇယားအမှတ်စဉ် (၁) (၂) (၃)ဖော်ပြထားသည့်အတိုင်း အရကောက်ရမည်။

၈။ နိဿယပစ္စည်း

အမှီခံနိုင်သော ကြောင်းတရားကို နိဿယပစ္စည်းဟု ခေါ်ဆိုရသည်။ နာမ်တရားတို့သည် အချင်းချင်းအပြန်အလှန် အမှီခံနိုင်ကြသည်။ မဟာ ဘူတ ရုပ်လေးပါးတို့သည်လည်း အချင်းချင်း အပြန်အလှန် အမှီခံနိုင်ကြသည်၊ သို့ရာတွင် ဥပါဒါရုပ်- ၂၄ ပါး တို့သည် အမှီခံနိုင်ခြင်းမရှိသောကြောင့် နိဿယ ပစ္စယ သတ္တိမရှိချေ။ ၄င်းတို့သည် မဟာဘုတ်လေးပါးကို့ကို မှီတတ်သော ကြောင့် နိဿယပစ္စည်း၏ အကျိုး ပစ္စယုပ္ပန်ဘက်၌သာ ပါဝင်နေကြသည်၊ စိတ္တဇရုပ်တို့သည် စိတ်ကိုမှီခိုအားထားကြ၍ နာမ်ခန္ဓာ ၄-ပါးတို့ သည် နိဿယအကြောင်းတရား၊ စိတ္တဇရုပ်တို့သည် နိဿယ အကျိုးတရား ဖြစ်ကြသည်၊ ဝတ္ထုရုပ်-၆ ပါးတို့သည် နာမ်ခန္ဓာလေးပါးတို့၏ မှီတွယ်ရာဖြစ်၍ နိဿယ ပစ္စည်း၌ပါဝင်ကြသည်၊ နာမ်ခန္ဓာ ၄ပါးတို့မှာ နိဿယပစ္စည်း၏ အကျိုး၌ပါဝင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိဿယပစ္စည်း၌ အကြောင်းနှင့် အကျိုးတပြိုင်နက် ဖြစ်ပေါ်သော သတ္တိကို သဟဇာတနိဿယ ဟုခေါ်ဆိုရသည်။ အကြောင်းတရားသည် အကျိုးတရား၏ ရှေ့၌ ကြိုတင်၍ ဖြစ်လျှင် (ဝါ) အကျိုးကားနောက် အကြောင်း ကားရှေ့၌ စောနေလျှင် ပုရေဇာတ နိဿယပစ္စည်းဟု ခေါ်ဆိုရသည်။ စက္ခုဝိညာဏ်စသော ဝိညာဏ် ၆-ပါးတို့သည် စက္ခုဝတ္ထုစသော ဝတ္ထုရုပ် ၆-ပါးတို့ကို မှီကြရသည်။ ဝါ-ဝတ္ထုရုပ်အပေါ်၌ တည်ကြရသည်။ ထိုကြောင့် နိဿယ ပစ္စည်းကို သဟဇာတနိဿယ နှင့် ပုရေဇာတနိဿယဟူ၍ နှစ်မျိုး ခွဲခြား၍ အောက်ပါအတိုင်း ဟောကြားရန် ဖြစ်ပါသည်။

## သဟဇာတနိဿယ ပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| (၁) စတ္တာရော ခန္ဓာ အရူပိနော | အညမည် နိဿယပစ္စယေန ပစ္စယော |
| (၂) စတ္တာရော မဟာဘူတာ | အညမည် နိဿယပစ္စယေန ပစ္စယော |
| (၃) ဩက္ကန္တိက္ခဏေ နာမရူပံ | အညမည် နိဿယပစ္စယေန ပစ္စယော |
| (၄) စိတ္တ စေတသိကာ ဓမ္မာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော |
| (၅) မဟာဘူတာ | ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော |

(အမှာ) သရုပ်အဓိပ္ပါယ်အရကောက်မှာ သဟဇာတ ပစ္စည်းနှင့် လုံးဝတူပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ပုရေဇာတ နိဿယပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၁) စက္ခာ ယတနံ စက္ခုပသာဒရုပ်သည် | စက္ခုဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော စက္ခုဝိညာဏ်ဒွေနှင့် ယှဉ်ဘက်စေတသိက် ၇-ပါးတို့အား |
| (၂) သောတာ ယတနံ သောတပသာဒရုပ်သည် | သောတဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော သောတဝိညာဏ်ဒွေနှင့် ယှဉ်ဘက် စေတသိက် ၇-ပါးတို့အား |
| (၃) ဃာနာ ယတနံ ဃာနပသာဒရုပ်သာည် | ဃာနဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော ဃာနဝိညာဏ်ဒွေနှင့် ယှဉ်ဘက်စေတသိက် ၇-ပါးတို့အား |
| (၄) ဇိဝှါ ယတနံ ဇိဝှါပသာဒရုပ်သည် | ဇိဝှါ ဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော ဇိဝှါ ဝိညာဏ်ဒွေနှင့် ယှဉ်ဘက်စေတသိက် ၇-ပါးတို့အား |
| (၅) ကာယာ ယတနံ ကာယပသာဒရုပ်သည် | ကာယဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော ကာယဝိညာဏ်ဒွေနှင့် ယှဉ်ဘက် စေတသိက် ၇-ပါးတို့အား |
| (၆)ယံ ရူပံ နိဿာယ မနောဓါတုစ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ၊ တံ ရူပံ- ဟဒယဝတ္ထုရုပ်သည်- | မနောဓာတုယာစ၊ မနောဝိညာဏ ဓာတုယာစ တံ သမ္ပယုတ္တာနဉ္စ ဓမ္မာနံ နိဿယပစ္စယေနပစ္စယော မနောဓါတ် ၃-ပါးနှင့်ယှဉ်ဘက်စေတသိက်တို့အား လည်းကောင်း၊ အရူပဝိပါက် ၄-ခုကြဉ်သော မနောဝိညာဏဓါတ် ၇၂-ပါးနှင့် ယှဉ်ဘက်စေတသိက်တို့အား လည်းကောင်း ကျေးဇူးပြုကြသည်။ |

www.burmeseclassic.com

www.burmeseclassic.com



၄။ ဥပနိဿယပစ္စည်း = အားကြီးသောမှီရာ အကြောင်းတရား

ဥပနိဿယပစ္စည်းမှာ အာရုံပိုင်းဆိုင်ရာ အားကြီးသော မှီရာ အကြောင်းတရားကို အာရမ္မဏ၊ ဥပနိဿယ= အာရမ္မဏူပနိဿယဟုခေါ်သည်။ အဓိပတိတပ်သော အာရုံများ (အာရမ္မဏ အဓိပတိတပ်သော အာရုံများ) သာလျှင် အာရမ္မဏ+ ဥပနိဿယပစ္စည်း ဖြစ်နိုင်ကြသည်။

ဝီထိစိတ် ဖြစ်စဉ်၌ ရှေးရှေးကချုပ်ငြိမ်းခဲ့သော နာမ်တရားများကို အနီးကပ် အားကြီးသောမှီရာ အကြောင်းတရား (အနန္တရူပနိဿယ) ဟုခေါ် ဆိုရသည်။ အာရုံသဘောအားဖြင့် ဆက်စပ်မှုလည်း မရှိ ရှေ့နောက် ဖြစ်စဉ် အားဖြင့် နီးစပ်မှုလည်းမရှိ သဘာဝအရ အလိုလို အထောက်အကူ ပြုနေတတ် သော(ဝါ) ဘာမျှမပြုလုပ်ဘဲ ပကတိအတိုင်း အထောက် အကူပြုနေသော အကြောင်းတရားများကို ပကတူပနိဿယ ပစ္စည်းဟုခေါ် ဆိုရသည်။

ဂါမဏိစန္ဒဇာတ်တော်၌ မြွေတစ်ကောင်သည် အစာဝလင်စွာ စား သောက်ပြီး တွင်းထဲသို့ ပြန်ဝင်ရာ၌ အလွယ်တကူလျှောဝင်နိုင်၍ အစာမရှိ၍ ပိန်ကြုံ့သော ကိုယ်ဖြင့် တွင်းမှ ပြန်ထွက်ရာ လွယ်လွယ်နှင့် ထွက်မရ၊ တစ်နေ သည်၊ ကြပ်နေသည်၊ ဤသို့ဖြစ်ရခြင်းမှာ သူကိုယ်တိုင်မသိသော်လည်း တွင်း အောက်ထဲ၌ ရွှေ ငွေ၊ ရတနာများရှိနေခြင်းကြောင့် အဝင်လွယ်၍ အထွက် ခက်နေခြင်း ဖြစ်သည်။ ထိုရွှေ ငွေများသည် ထိုမြွေ အဝင်အထွက်ခက်ခြင်း လွယ်ခြင်းကို မိမိပကတိ မူလသဘာဝအားဖြင့် အကြောင်းအကျိုး ကျေးဇူးပြု ထောက်ပံ့နေခြင်းဖြစ်သည်။ လူတို့၏ အိုးအိမ်၊ အဆောက်အအုံ၊အဝတ်အစား ယာဉ်ရထားတို့သည် လူ၏ စိတ်ကို အားငယ်အောင် အားတက်အောင် ဖန်တီး ပေးတတ်သောကြောင့် ပကတိအားဖြင့် အားကြီးသော အကြောင်း တရား များဖြစ်ကြသည်။ ပကတိ+ဥပနိဿယ = ပကတူပ နိဿယဟု ခေါ်ဆိုရ သည်။ အစားအသောက်၌လည်း ကောင်းကောင်းမွန်မွန် စားရသည့်နေ့များ တွင် တစ်နေကုန် စိတ်ကြည်လင်၍ ချို့တဲ့ညံ့ဖျင်းသော အစားအသောက် များကို စားရသည့်အခါ တစ်နေ့လုံး စိတ်မကြည်ဘဲ စိတ်တို နေတတ်သည်၊ ပကတူပနိဿယပစ္စည်း၏ အစွမ်းသတ္တိပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဥပနိဿယ ပစ္စည်းဇယား

| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၁) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ<br>အရဟတ္တမဂ်ကြဉ်သော ကုသိုလ်စိတ် ၂၀၊ ယှဉ်ဘက်စေတသိက်များသည်။ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော<br>ကုသိုလ်စိတ် ၂၁နှင့် ယှဉ်ဘက်စေတသိက်များ (အာရမ္မဏူ+အနန္တရူ+ ပကတူ) |
| (၂) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ<br>လောကီ ကုသိုလ် ၁၇နှင့် စေတသိက်များသည် | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော<br>အကုသိုလ် ၁၂-ပါးနှင့် စေတသိက်များ (အာရမ္မဏူ + ပကတူ) |
| (၃) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ<br>ကုသိုလ်စိတ် ၂၁ နှင့် စေတသိက်များသည် | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော<br>ဝိပါက် ၃၆၊ ကြိယာ ၂၀၊ ယှဉ်ဘက်စေတသိက်များအား<br>(အာရမ္မဏူ+အနန္တရူ+ ပကတူ) |
| (၄) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ<br>အကုသိုလ်စိတ် ၁၂၊ ယှဉ်ဘက်စေတသိက်များသည် | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော<br>အကုသိုလ်စိတ် ၁၂နှင့်စေတသိက်များ (အာရမ္မဏူ+အနန္တရူ+ပကတူ) |
| (၅) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ<br>အကုသိုလ်စိတ် ၁၂၊ ယှဉ်ဘက်စေတသိက်များ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော<br>ကုသိုလ် ၂၁နှင့်စေတသိက်များ<br>(အာရမ္မဏူ+ ပကတူ) |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၆) ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ<br><br>အကုသိုလ်စိတ် ၁၂ ယှဉ်ဘက်<br>စေတသိက်များသည် | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ<br>ဥပနိဿယပစ္စယေန ပစ္စယော<br>ဝိပါက်စိတ် ၃၆ကြိယာစိတ် ၂၀ နှင့်<br>စေတသိက်များအား<br>(အာရမ္မဏူ+အနန္တရူ+ ပကတူ) |
| (၇) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ<br><br>ဝိပါက် ၃၆၊ ကြိယာ ၂၀နှင့်<br>စေတသိက်များ၊ ရုပ် ၂၈နှင့်<br>နိဗ္ဗာန်တို့သည် | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ<br>ဥပနိဿယပစ္စယေနပစ္စယော<br>ဝိပါက် ၃၆၊ ကြိယာ ၂၀နှင့်<br>စေတသိက်များအား<br>(အာရမ္မဏူ+အနန္တရူ+ ပကတူ) |
| (၈) ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ<br><br>အရဟတ္တဖိုလ်ကြဉ် ဝိပါက်စိတ်<br>၃၅၊ ကြိယာ ၂၀နှင့် စေတသိက်<br>များ၊ ရုပ် ၂၈၊ နိဗ္ဗာန်သည် | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ<br>ဥပနိဿယပစ္စယေန ပစ္စယော<br>ကုသိုလ်စိတ် ၂၁နှင့် စေတသိက်များအား<br><br>(အာရမ္မဏူ+အနန္တရူ+ ပကတူ) |
| (၉) ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ<br><br>လောကီဝိပါက် ၃၂ကြိယာစိတ်<br>၂၀နှင့်စေတသိက်များ<br>ရုပ် ၂၈ တို့သည် | ပစ္ဆိမာနံ ဝစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ<br>ဥပနိဿယပစ္စယေန ပစ္စယော<br>အကုသိုလ်စိတ် ၁၂နှင့် စေတသိက်များအား<br><br>(အာရမ္မဏူ+အနန္တရူ+ ပကတူ) |
| (၁၀)ဥတုဘောဇနမှ<br>အချမ်းအပူ ဥတုနှင့်စားသောက်<br>ဖွယ်ရာဘောဇဉ်သည် | ဥပနိဿယပစ္စယေန ပစ္စယော<br>အကုသိုလ်စိတ် ၁၂၊ ကုသိုလ် ၂၁၊<br>ကာယိကသုခနှင့် ကာယိကဒုက္ခ<br>နှင့် စေတသိက်များအား<br>(အာရမ္မဏူ+ပကတူ) |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၁၁)ပုဂ္ဂလောပိ ကောင်းသောပုဂ္ဂိုလ်၊ မကောင်းသောပုဂ္ဂိုလ်သည် | ဥပနိဿယပစ္စယေန ပစ္စယော အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ ကာယိကသုခ၊ ကာယိကဒုက္ခနှင့် စေတသိက်များ (အာရမ္မဏူ+ပကတူ) |
| (၁၂) သေနာသနမ္ပိ ကျောင်းအိပ်ရာနေရာသည် | ဥပနိဿယပစ္စယေန ပစ္စယော အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ ကာယိကသုခ၊ ကာယိကဒုက္ခနှင့် စေတသိက်များ (အာရမ္မဏူ+ပကတူ) |

၁၀။ ပုရေဇာတပစ္စည်း

ကြိုတင်ဖြစ်နှင့်သော အကြောင်းတရား

ပုရေဇာတ= (ပုရေ+ဇာတ)=ပုရေ=ရှေး၊ ကြိုတင်၍+ဇာတ=ဖြစ်ခြင်း။

အကျိုးပစ္စယုပ္ပန်မဖြစ်မီ အကြောင်းပစ္စည်းတရားက ကြိုတင်၍ ဖြစ်နှင့်သည်။ (ဝါ) ကြိုတင်ဖြစ်နှင့်ပြီး သောအကြောင်းတရားသည် နောက်မှဖြစ်လာသောတရားကို ကျေးဇူးပြုခြင်းဖြစ်သည်။ ဥပမာအားဖြင့် မိဘသည် သားသမီးကို ဖြစ်စေရာ၌ မိဘနှစ်ပါးက ကြိုတင်ဖြစ်နှင့်၍ နောက်မှ ဖြစ်လာသော သားသမီးတို့အား ကျေးဇူးပြုခြင်းဖြစ်သည်။ အလားတူပင် ကြိုတင်ဖြစ်နှင့်ပြီးသော ဘကြီး၊ ဘထွေး၊ မိကြီး၊ မိထွေး၊ အကို၊ အမတို့က နောက်မှဖြစ်သော ကူ၊တူမ၊မောင်၊ညီမများကို ဝိုင်းဝန်းစောင်ရှောက်ထောက်ပံ့ ကူညီကြသည်။

စိတ်နှင့်ရုပ်သည် သက်တမ်းအားဖြင့် မတူညီကြ၍ စိတ္တက္ခဏ ၁၇-ချက်သက်တမ်းသည် ရုပ်တစ်ခု၏ သက်တမ်းမျှသာဖြစ်သည်။ ဥပမာအားဖြင့် စက္ခုဝိညာဏ်စိတ်သည် စက္ခုပသာဒရုပ်ကို အမှီပြုရသည်။ စက္ခုပသာဒ၌ ထင်ဟပ်လာသော ရူပါရုံကို အာရုံပြုရသည်။ ထိုစက္ခုပသာဒနှင့်ရူပါရုံတို့သည် စက္ခုဝိညာဏ်စိတ်၏ ရှေ့မှ အနည်းဆုံး စိတ္တက္ခဏ ၄-ချက်က ကြိုတင်၍

www.burmeseclassic.com



ဖြစ်နိုင်ရသည်။ ထို့ကြောင့် စက္ခုပသာဒနှင့်ရူပါရုံ တို့သည် စက္ခုဝိညာဏ်စိတ်အား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ အလားတူပင်- အာရုံငါးပါးနှင့် ပသာဒရုပ် ငါးပါးတို့သည် ဒွေပဉ္စဝိညာဏ် စိတ္တုပ္ပါဒ်အား ပုရေဇာတပစ္စယ သတ္တိဖြင့် ကျေးဇူးပြုသည်။ အာရုံငါးပါးတို့သည် မနောဓာတ်အား ပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဟဒယဝတ္ထုသည် မနောဓာတ်သုံးပါးအား ပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ထို့ပြင် ဟဒယဝတ္ထုသည် ကာမဘုံ၊ ရူပဘုံ၌ဖြစ်သော မနောဝိညာဏဓာတ်အား ပုရေဇာတပစ္စယသတ္တိ ဖြင့် ကျေးဇူး ပြုသည်။

ပုရေဇာတပစ္စည်းဇယား

| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၁) စက္ခာယတနံ<br>စက္ခုပသာဒရုပ်သည် | စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော<br>စက္ခုဝိညာဏ်ဒွေး၊ စေတသိက် ၇-ခုအား |
| (၂) သောတာယတနံ<br>သောတပသာဒရုပ်သည် | သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော<br>သောတဝိညာဏ်ဒွေး၊ စေတသိက် ၇-ခုအား |
| (၃) ဃာနာယတနံ<br>ဃာနပသာဒရုပ်သည် | ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော<br>ဃာနဝိညာဏ်ဒွေး၊ စေတသိက် ၇-ခုအား |
| (၄) ဇိဝှါယတနံ<br>ဇိဝှါပသာဒရုပ်သည် | ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော<br>ဇိဝှါဝိညာဏ်ဒွေး၊ စေတသိက် ၇-ခုအား |
| (၅) ကာယာယတနံ<br>ကာယပသာဒရုပ်သည် | ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော<br>ကာယဝိညာဏ်ဒွေး၊ စေတသိက် ၇-ခုအား |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၆) ရူပါ ယတနံ | စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ |
| | ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော |
| ရူပါရုံသည် | စက္ခုဝိညာဏ်ဒွေး စေတသိက် ၇-ခုအား |
| (၇) သဒ္ဒါ ယတနံ | သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ |
| | ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော |
| သဒ္ဒါရုံသည် | သောတဝိညာဏ်ဒွေး စေတသိက် ၇-ခုအား |
| (၈) ဂန္ဓာယတနံ | ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ |
| | ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော |
| ဂန္ဓာရုံသည် | ဃာနဝိညာဏ်ဒွေး စေတသိက် ၇-ခုအား |
| (၉) ဇိဝှါ ယတနံ | ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ |
| | ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော |
| ရသာရုံသည် | ဇိဝှါဝိညာဏ်ဒွေး စေတသိက် ၇-ခုအား |
| (၁၀)ဖောဋ္ဌဗ္ဗာယတနံ | ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ |
| | ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော |
| ဖောဋ္ဌဗ္ဗာရုံသည် | ကာယဝိညာဏ်ဒွေး စေတသိက် ၇-ခုအား |
| (၁၁)ယံ ရူပံ နိဿာယ | မနောဓာတုစ၊ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ။ |
| တံ ရူပံ | မနောဓာတုယာစ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ |
| | ပုရေဇာတ ပစ္စယေန ပစ္စယော |
| ဟဒယ ဝတ္ထုရုပ်သည် | မနောဓါတ်သုံးခုနှင့် စေတသိက် ၁၀ တို့အား |
| (၁၂)တံ ရူပံ | မနောဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာ နဉ္စ |
| | ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတပစ္စယေနပစ္စယော |
| ဟဒယဝတ္ထုရုပ်သည် | တဒါရုံ ၁၁-ခု၊ ဒေါသမူဒွေး၊ ဟသိတုပ္ပါဒ် စိတ် ၁၊ |
| | ရူပစိတ် ၁၅၊ သောတာပတ္တိမဂ်စိတ် တစ်ခုနှင့် |
| | ယှဉ်ဘက် စေတသိက်တို့အား ပုရေဇာတသတ္တိ |
| | ဖြင့် ကျေးဇူးပြုသည်။ |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၁၃) တံ ရူပံ<br>ဟဒယဝတ္ထုရုပ်သည် | ကိဉ္စိကာလေ နပုရေဇာတပစ္စယေန ပစ္စယော လောဘမူ ၈၊ မောဟမူ ၂ မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ်-မဟာကြိယာ ၁၆၊ အရူပကုသိုလ် ကြိယာ ၈၊ သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာ စိတ် ၇-ပါး ပေါင်း ၄၂-ပါးနှင့် ယှဉ်ဘက်စေတသိက်တို့အား ကာမဘုံ၊ ရူပဘုံ၌ ဖြစ်သောအခါ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြု၍ အရူပဘုံ၌ဖြစ်သောအခါ ပုရေဇာတသတ္တိဖြင့် ကျေးဇူးမပြုနိုင်ချေ။ |

၁၁။ ပစ္ဆာဇာတ ပစ္စည်း

ပစ္ဆာဇာတ=(ပစ္ဆာ+ဇာတ)=ပစ္ဆာ=နောက်၌+ဇာတ=ဖြစ်ခြင်း။

အကြောင်းတရားသည် နောက်မှဖြစ်ပေါ်လာ၍ မိမ်ရှေ့၌ ဖြစ်ပေါ်နှင့်သော အကျိုးတရားများကို အထောက်အပံ့ပေးခြင်းဖြစ်သည်။ ဥပမာ အားဖြင့် သားသမီးသည် နောက်မှဖြစ်ပေါ်လာသော်လည်း မိမိရှေ့မှ ဖြစ်ပေါ်နှင့်သော မိအိုဖအိုများကို ကျွေးမွေးစောင့်ရှောက်ခြင်းဖြစ်သည်။ စိတ်နှင့် ရုပ်တို့သည် သက်တမ်းအား ဖြင့်မတူညီကြချေ။ ရုပ်သည် စိတ်၏ သက်တမ်း ၁၇-ခုစာမျှ အသက်ရှည်သည်။ ထို့ကြောင့် မိမိရှေ့၌ ဖြစ်နှင့်သော ရုပ်များကို နောက်မှဖြစ် ပေါ်လာသော စိတ်၊ စေတသိက်၊ နာမ်တရားတို့က အထောက် အပံ့ ပေးခြင်း။ အင်အားဖြည့်ပေးခြင်းကို ပစ္ဆာဇာတပစ္စည်းဟုခေါ် ဆိုရသည်။ စိတ်၊ စေတသိက် တို့သည် မိမိတို့ရှေ့၌ ကြိုတင်ဖြစ်နှင့်ပြီးသော စိတ္တဇရုပ်၊ ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့အား ကူညီထောက်ပံ့ အင်အား ဖြည့်တင်းပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္ဆာဇာတ ပစ္စည်းဇယား

| (အကြောင်း) ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| (၁)ပစ္ဆာ ဇာတာ စိတ္တစေတသိကာ ဓမ္မာ ကာမဘုံ၊ ရူပဘုံ၌ အရူပဝိပါက် ၄-ခုကြဉ်သော စိတ် ၈၅၊ စေတသိက် ၅၂ တို့သည် | ပုရေဇာတသ ဣမဿ ကာယဿ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော မိမိရှေ၌ဖြစ်နှင့်သော ဌီသို့ရောက်သော ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ဖြစ်သော ရုပ်များ |

၁၂။ အာသေဝနပစ္စည်း

အာသေဝန=(အာ+သေဝန)= အာ= အဖန်ဖန်+သေဝန =မှီဝဲခြင်း။

အဖန်ဖန်အထပ်ထပ် ဖြစ်ပေါ်ခြင်း၊ ဝါ- အရှိန်အဟုန်ကို ဖြစ်စေခြင်းသည် အာသေဝန ပစ္စည်းမည်၏။ မည်သည့်အလုပ်ကိုမဆို အကြိမ်ကြိမ် အဖန်ဖန် ထပ်ကာထပ်ကာ ပြုလုပ်လျှင် အင်အားကြီးလာသည်။ အရှိန်ရလာသည်။ အပြေးပြိုင်ရာ၌ ပထမခြေလှမ်းထက် ဒုတိယ၊ တတိယခြေလှမ်းများသည် ပို၍လျှင်မြန် လာသည်။ ပို၍အားကောင်းလာသည်။ အရှိန်ရလာသည်။ အလားတူပင် မော်တော်ကား တစ်စီးသည် စထွက် ကာစ၌ ၅-မိုင်နှုန်း ၁၀-မိုင်နှုန်းမျှသာ အရှိန်ရှိသည်။ နောက်ထပ် ၅-မိနစ်၊ ၁၀-မိနစ်ခန့် ဆက်မောင်းလိုက်သော အခါမိုင်-၃၀နှုန်း၊ မိုင် ၄၀-၅၀နှုန်းစသည်ဖြင့် အရှိန်မြင့်တက်သွားသည်။

အဘိဓမ္မာအရာ၌ ကုသိုလ်ဇောစိတ်၊ အကုသိုလ်ဇောစိတ်နှင့် ကြိယာဇောစိတ်တို့သည် များသောအားဖြင့် ၇-ကြိမ်၊ တစ်ဆက်တည်း ဖြစ်ပေါ်လေ့ရှိကြသည်။ ဈာန်ဝင်စားသည့်အခါနှင့် ဖိုလ်ဝင်စားသည့်အခါ များတွင်ဈာန်ဇောနှင့် ဖိုလ်ဇောတို့သည် အကြိမ်ပေါင်း ထောင်သောင်းမက ဖြစ်နိုင်ကြသည်။ ယင်းကဲ့သို့ တစ်မျိုးတည်းသောစိတ်သည် အကြိမ်များစွာ ထပ်ကာထပ်ကာ ဖြစ်ရာ၌ ရှေးရှေးသော ဇောစိတ်များသည် နောက်နောက်သော ဇောစိတ်များအား အရှိန်အဟုန်မြင့်တင် ထောက်ကူပေးလေ့ရှိသည်။ ယင်းဇောများတွင်

www.burmeseclassic.com



နောက်ဆုံးဖြစ်သောဇောသည် အာသေဝနသတ္တိမရှိချေ။ အကြောင်းမှု ယင်းနောက်ဆုံးဇော၏နောက်၌ မိမိနှင့်အမျိုးတူ ဇောစိတ်များ၊ မရှိကြတော့ချေ။ တဒါရုံစိတ်၊ ဘဝင်စိတ်။ သို့မဟုတ် စုတိစိတ်တို့သာ ဖြစ်ကြ၍ အာသေဝနစွမ်းအား အရှိန်အဟုန်ကို ခံယူနိုင်ခြင်းမရှိကြချေ။ ထို့ကြောင့် အာသေဝနပစ္စည်း အကြောင်းတရားကို ဖော်ပြရာ၌ အဆုံးဇောကို ဖယ်ထားရမည်။

ထို့အတူ အာသေဝနပစ္စယုပ္ပန် (အကျိုး)တရားကို ဖော်ပြရာ၌ ပထမဇောကို ကြဉ်ဖယ်ထားရမည်။

အကြောင်းမှု ပထမဇော၏ရှေ့တွင် မိမိနှင့်မျိုးတူ ဇောစိတ်များမရှိချေ။ ဝုဋ္ဌော၊ သို့မဟုတ် မနောဒွါရာဝဇ္ဇန်း စိတ်သာလျှင်ရှိ၍ အာသေဝနသတ္တိဖြင့် ကျေးဇူးပြုပေးမည့် အကြောင်းပစ္စည်း မရှိချေ။ ထို့ကြောင့် အာသေဝနပစ္စယုပ္ပန်၌ ပထမဇောကို ကြဉ်ဖယ်ရသည်။

**အာသေဝနပစ္စည်းဇယား**

| (အကြောင်း) ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| (၁) ပုရိမာ ပုရိမာ ကုသလာဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော |
| အဆုံးဇောကြဉ်သော လောကီကုသိုလ်၁၇နှင့်စေတသိက်တို့သည် | ပထမဇောကြဉ်သော ကုသိုလ်စိတ် ၂၁၊ နှင့်စေတသိက်တို့အား |
| (၂) ပုရိမာ ပုရိမာ အကုသလာဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော |
| အဆုံးဇောကြဉ်သော အကုသိုလ်စိတ် ၁၂ နှင့်စေတသိက်တို့သည် | ပထမဇောကြဉ်သော အကုသိုလ်စိတ် ၁၂ နှင့်စေတသိက်တို့အား |
| (၃) ပုရိမာ ပုရိမာ ကြိယာဗျာကတာဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော |
| အဆုံးဇောကြဉ်သော ရှေးရှေးသော ကြိယာဇောစိတ် ၁၈-ခု နှင့်စေတသိက်တို့သည် | ပထမဇောကြဉ်သော ကြိယာဇောစိတ် ၁၈၊ နှင့်စေတသိက်တို့အား |

www.burmeseclassic.com

www.burmeseclassic.com



## ၁၃။ ကမ္မ ပစ္စည်း

ကမ္မ=ကံဆိုသည်မှာ-အလုပ်ဖြစ်သည်၊ တစ်စုံတစ်ခုသော အမှုကိစ္စကို ပြီးမြောက်အောင်၊ ဖြစ်ပေါ်အောင်၊ ကြံစည်အားထုတ်ခြင်း၊ ပြောဆိုခြင်း၊ လုပ်ဆောင်ခြင်းတည်းဟူသော မနောကံ၊ ဝစီကံ၊ ကာယကံ တို့ဖြစ်ကြသည်။ သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း စသောမကောင်းမှုကို ကျူးလွန်ရာ၌ သတ်မှု၊ ခိုးမှုထမြောက် အောင်မြင်စေရန် အကြံဉာဏ် စိတ်ဓာတ်စွမ်းအား စိုက်ထုတ်လျှင် မနောကံမည်၏။ နှုတ်ဖြင့်ပြောဆို၍ လှုံ့ဆော်တိုက်တွန်းခြင်း၊ စေခိုင်းအမိန့်ပေးခြင်း ပြုလုပ်လျှင် ဝစီကံမည်၏။ ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ ကာယကံမြောက် ကျူးလွန်လျှင် ကာယကံမည်၏။ အဘိဓမ္မာနည်းအားဖြင့် တရားကိုယ်ကောက်ရာ၌ ထို မကောင်းမှုကျူးလွန်နေစဉ် ဖြစ်ပေါ်သော ဇောစိတ်များနှင့် ယှဉ်သော စေတနာ စေတသိက်ကို ယူရသည်။ ထို့ကြောင့် စေတနာကို ကံဟုခေါ်ဆိုရသည်။ အလားတူပင် ကုသိုလ်အမှုများကို ပြုလုပ်ဆည်းပူးရာ၌ ဖြစ်ပေါ်သောဇောစိတ်များနှင့် ယှဉ်သောစေတနာ စေတသိက်ကို ကုသိုလ်ကံဟုခေါ်ဆိုရသည်။

ယင်းစေတနာသည် နာနက္ခဏိကကမ္မစေတနာနှင့် သဟဇာတစေတနာဟူ၍ နှစ်မျိုးရှိသည်။ သဟဇာတ စေတနာမှာ-အရှိန်အဟုန် စွမ်းအားမရှိချေ။ မိမိနှင့်ယှဉ်ဘော်ယှဉ်ဘက် စိတ် စေတသိက်များကို လှုံ့ဆော်ခြင်း၊ ဦးဆောင်မှုပေးခြင်းမျှသာ စွမ်းအားရှိသည်။ ထို့ကြောင့် သဟဇာတစေတနာ၊ သဟဇာတကံဟု ခေါ်ဆိုရသည်။ နောင်အနာဂတ်ကာလသို့ အလှမ်းကွာဝေးစွာ အထောက်အပံ့ပေးနိုင်သော အင်အားမရှိချေ။

နာနက္ခဏိက ကမ္မစေတနာသည် ဇောစိတ်များနှင့် ယှဉ်တွဲရ၍ လွန်စွာအင်အားကြီးသည်။ ယင်း ဇောစိတ်များသည် အကြိမ်များစွာ ထပ်ကာထပ်ကာ ဖြစ်ရ၍ အာသေဝနသတ္တိ အရှိန်အဟုန်ပြင်းထန်သည်။ ထို့ကြောင့် ဇော၌ယှဉ်သော စေတနာသည် ဝေးကွာသော အနာဂတ်ကာလတိုင်အောင် အကျိုးသက်ရောက်နိုင်သည်။ ဥပမာအားဖြင့် မြားတစ်စင်းသည် အင်အားကောင်းသော လေးညို့မှ တွန်းကန်ထုတ်လိုက်သော အခါအတောင်ငါးဆယ်၊ အတောင်တစ်ရာစသည့် ဝေးလံသော ဒေသသို့ရောက်ရှိအောင် အရှိန်ဖြင့်ပြေး

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သည်။ အလားတူ ကျည်ဆံထိပ်ဖူးနှင့် အမြောက်ဆံထိပ်ဖူးတို့သည် ယမ်း၏တွန်းကန်အားကြောင့် ဝေးလံသော ဒေသသို့ ရောက်အောင် ပြေးသွား ရွေ့လျားနိုင်ကြသည်။ ထိုထက်ပိုမို၍ ဒုံးပျံတစ်ခုမှာ တွန်းကန် အားများ ထပ်ဆင့်ထပ်ဆင့်၍ ပေးနေခြင်းကြောင့် မိုင်ပေါင်းထောင်သောင်းချီ၍ ရွေ့ လျားသွားနိုင်ကြသည်။ အလားတူပင် ဇောစိတ်များသည် ထပ်ကာထပ်ကာ ဖြစ်ပေါ်ခြင်းကြောင့် ယင်းဇောစိတ်နှင့် ယှဉ်တွဲဖြစ်ပေါ်သော စေတနာကံ သည် နာရီ၊ ရက်၊ လ ခြား၍လည်းကောင်း၊ ဘဝခြား၍လည်းကောင်း၊ ကမ္ဘာ ခြား၍ လည်းကောင်း၊ အကျိုးပေးစွမ်းနိုင်ကြလေသည်။

ပထမဇောစေတနာသည် မိမိနှင့်အမျိုးတူဇောစိတ်၏ အားပေး ထောက်ပံ့မှုကို မရရှိခြင်း၊ (အာသေဝန ပစ္စည်းချို့တဲ့ခြင်း)ကြောင့် ဇောအားလုံး တို့တွင် အင်အားအနည်းဆုံးဖြစ်သည်။ ထို့ကြောင့် ပထမဇောစေတနာ သည် ကောင်းမှု မကောင်းမှုကို ပြုလုပ်ပြီးနောက် နာရီပိုင်း၊ ရက်ပိုင်း၊ လပိုင်း အတွင်းမှာပင် အကျိုးပေးတတ် သည်။ ယခုဘဝတွင် အကျိုးပေးနိုင်၍ နောက်ဘဝသို့ ရောက်ရှိခြင်းမရှိ၊ နောက်ဘဝ၌ အကျိုးမပေးနိုင်ချေ။ တဖန် သတ္တမဇောသည်လည်း နောက်ဆုံး ပိတ်ဖြစ်၍ ဒုတိယအင်အားနည်းသူ ဖြစ်၏။ လူတစ်ယောက်သည် အရှိန်အဟုန်ဖြင့် ပြေးလာခဲ့ရာ လမ်းဆုံးတွင် ချောက်ကြီးတစ်ခုရှိနေ၍ ရပ်ဆိုင်းရန် အရှိန်သတ်ရခြင်းနှင့်တူ၏။ သတ္တမ ဇော၏နောက်၌ တဒါရုံနှင့်ဘဝင်စိတ် တို့သည် ချောက်ကမ်းပါးသို့ကျသည်နှင့် တူ၏။ ထို့ကြောင့် ပြေးလာသူသည် နောက်ဆုံးအချိန်၌ အရှိန်အဟုန်ကို လျော့ချ၍ ထိမ်းချုပ်လိုက်ရသည်နှင့် သတ္တမဇောဖြစ်ပုံသည် တူညီ၏။ ထိုသို့ အားနည်းသော သတ္တမဇောနှင့် ယှဉ်သော စေတနာသည် ယခုဘဝနှင့် ကပ်လျက် နောက်တဘဝ၌သာ ပဋိသန္ဓေအကျိုးကိုသာ ဖြစ်စေနိုင်သည်။ တစ်ဘဝ နှစ်ဘဝ စသည်ခြား၍ အကျိုးမပေးနိုင်ချေ။

အလယ်ဇော ငါးချက်မှာ မူ အရှိန်အဟုန် အင်အားပြင်းထန်သော ကြောင့် ယင်းဇောနှင့် ယှဉ်သော စေတနာကံသည် တစ်ဘဝနှစ်ဘဝ သာမက ကမ္ဘာများစွာခြားပြီး နောက်၌လည်း အကျိုးပေးနိုင်စွမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နာနာက္ခဏိက ကံဆိုသည်မှာ ပြုလုပ်ပြီးနောက် နာရီနေ့ရက်ခြား၍ လည်းကောင်း၊ နှစ်၊လခြား၍လည်းကောင်း၊ ဘဝခြား၍ လည်းကောင်း၊ ကမ္ဘာခြား၍လည်းကောင်း၊ အကျိုးပေးနိုင်သော ကံကိုခေါ် ဆိုသည်။

(နာနာက္ခဏိက = နာနာ+ ခဏိက)နာနာ = ကွဲပြားခြားနားသော+ ခဏိတ= အချိန်ကာလရှိခြင်း၊

ကုသိုလ်ကံ၊ အကုသိုလ်ကံကို ပြုလုပ်သည့်အချိန်နှင့် ယင်း၏ အကျိုးပေးရာ အချိန်ကာလတို့ ကွဲပြားခြားနားခြင်းဟု ဆိုလိုသည်။

သဟဇာတ စေတနာကံမှာမူ ဤကဲ့သို့ အချိန်ကာလ ကွဲပြားခြားနားခြင်းမရှိ၊ အကြောင်းဖြစ်သော စေတနာနှင့်အကျိုးဖြစ်သော နာမ်တရားတို့သည် အတူတကွ တပြိုင်နက် ဖြစ်ပေါ်ကြ၍ တပြိုင်နက် ချုပ်ငြိမ်း ကြသည်။

## ကမ္မပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| (၁) ကုသလာ ကုသလံ ကမ္မံ | ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စရူပါနံ ကမ္မပစ္စယေန ပစ္စယော |
| အကုသိုလ်စိတ် ၁၂၊ကုသိုလ်စိတ် ၂၁၌ရှိသော နာနက္ခဏိကစေတနာကံသည် | ဝိပါက်စိတ် ၃၆၊ စေတသိက် ၃၈၊ ပဋိသန္ဓေကမ္မဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ အသညသတ်ကမ္မဇရုပ်တို့အား |
| (၂) စေတနာ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော |
| စိတ်တခုယုတ် ၉ဝ၌ ယှဉ်သော စေတနာစေတသိက်သည် | စိတ်တခုယုတ် ၉ဝ၊ စေတနာကြဉ်သော စေတသိက် ၅၁၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား |

www.burmeseclassic.com

www.burmeseclassic.com



## ၁၄။ ဝိပါကပစ္စည်း

နာနာက္ခဏိကကမ္မဟုခေါ်ဆိုသော စေတနာကံ၏ အကျိုးဖြစ်သော စိတ်၊ စေတသိတ်များသည် မိမိတို့အချင်းချင်း ဝိပါကပစ္စယ သတ္တိဖြင့် အပြန်အလှန်ကျေးဇူးပြုကြသည်။ ဤနေရာ၌ ကမ္မဇရုပ်တို့သည် နာနက္ခဏိကကံ၏ အကျိုးတရားများဖြစ်၍ ဝိပါကပစ္စည်း၏ ပစ္စယုပ္ပန်၌ပါဝင်နိုင်သည်။ သို့ရာတွင် ပစ္စယနိဒ္ဒေသ၌ အကျဉ်းမျှသာ ဟောကြားခြင်းဖြစ်၍ ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့ကို ပစ္စယုပ္ပန်၌ ထည့်သွင်းဖော်ပြခြင်းမရှိချေ။

### ဝိပါကပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး) ပစ္စယုပ္ပာန် |
|---|---|
| (၁) ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော | အညမညံဝိပါက ပစ္စယေ ပစ္စယော |
| ဝိပါက် နာမက္ခန္ဓာ သုံးပါးသည် | ဝိပါက် နာမက္ခန္ဓာ တစ်ပါးအား |
| ဝိပါက် နာမက္ခန္ဓာ နှစ်ပါးသည် | ဝိပါက် နာမက္ခန္ဓာ နှစ်ပါးအား |
| ဝိပါက် နာမက္ခန္ဓာ တစ်ပါးသည် | ဝိပါက် နာမက္ခန္ဓာ သုံးပါးအား |

## ၁၅။ အာဟာရပစ္စည်း

အာဟာရဆိုသည်မှာ စားမျိုခြင်းဖြစ်သည်၊ ထမင်း၊ ဟင်းစသော အစာအာဟာရများကို အလုတ်အလွေးပြု၍ စားမျိုအပ်သောကြောင့် ကဗဠီကာရ အာဟာရမည်၏ (ကဗဠ= ထမင်းလုတ်၊ ကဗဠီကာရ=အလုတ် အလွေးပြုလုပ်ခြင်း)

ရုပ်အာဟာရမှာ အလုတ်လွေးပြု၍ စားသောက် မျိုချရ၏။ နာမ် အာဟာရမှာမူ မိမိနှင့် ဖြစ်ဖော်ဖြစ်ဖက် သဟဇာတ တရားတို့ကို အသက်ရှည် အောင်၊ သတ်မှတ်ထားသည့် ကာလအတွင်းတည်ရှိနိုင်စေရန် ကျေးဇူးပြု ထောက်ပံ့ထားခြင်းဖြစ်သည်၊ အာဟာရပစ္စည်း ကျေးဇူးပြုပုံကို အိမ်အို ကျားကန်ခြင်းဖြင့် ရှင်းပြလေ့ရှိကြသည်၊ အိမ်အိုကြီးကို ယိုင်လဲပြိုလဲ

www.burmeseclassic.com

www.burmeseclassic.com



မသွားစေရန် လေးဘက်လေးတန်မှ ကျားများဖြင့် ထောက်ကန်ထားသကဲ့သို့ သတ္တဝါ တို့၏ ရုပ်တရား အားနည်းပြိုကွဲပျက်စီးမသွားစေရန် စားမျိုလိုက်သော အာဟာရ တို့က ထောက်ပံ့ရသည်။

ရုပ်အာဟာရဆိုသည်မှာ အဋ္ဌကလာပ်ရုပ်ရှစ်ခု၌ ပါဝင်သော ဩဇာရုပ်ကို ခေါ် ဆိုပါသည်၊ ယင်းဩဇာ ရုပ်သည် ကမ္မဇကလာပ်၊ စိတ္တဇကလာပ်၊ အာဟာရဇကလာပ်၊ ဥတုဇကလာပ်ဟု ဆိုအပ်သော ကလာပ်စည်း လေးမျိုး အတွင်း၌ ပါဝင်လျှက်ရှိသည်။ပြင်ပမှ အစားအစာများကို စားမျိုပြီးသော အခါ ယင်း အစာအာဟာရ အတွင်း၌ ပါရှိသော ဩဇာဓာတ်ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ အာဟာရဇ၊ ကလာပ်စည်းလေးမျိုးအတွင်းရှိ ဩဇာဓါတ်က လက်ခံရယူ ပေါင်းစပ်မှုသာလျှင် (ဝါ) အပြင်ဘက်မှလာသော ဗဟိဒ္ဓဩဇာကို ခန္ဓာအတွင်း၌ ရှိသော အဇ္ဈတ္တဩဇာ ဓါတ်နှင့် ရောနှောပေါင်းစပ်နိုင်မှ သာလျှင် ဤခန္ဓာကိုယ် အား အထောက်အကူပြုနိုင်သည်။ ပြင်ပဗဟိဒ္ဓဩဇာကို အတွင်းအဇ္ဈတ္တဩဇာက လက်မခံလျှင် ရောနှောပေါင်းစပ်ခြင်း မပြုနိုင်လျှင် စားသမျှ အစာအာဟာရသည် ခန္ဓာကိုယ်၏ အန္တရာယ်ဖြစ်လာပါတော့သည်။ ပြင်ပ ဗဟိဒ္ဓဩဇာနှင့် အတွင်းအဇ္ဈတ္တဩဇာ တို့ရောနှော ပေါင်းစပ် နိုင်လျှင် ခန္ဓာကိုယ်အင်အား ဖြစ်စေသည်။

နာမ်အာဟာရမှာ ဖဿ၊ စေတနာနှင့် ဝိညာဏ်ဟူ၍ သုံးမျိုးရှိသည် စိတ်၊ စေတသိက်တို့ကို အာရုံနှင့် ထိတွေ့နေအောင် ဖဿကဆောင်ရွက်ပေးသည်၊ သတ္တဝါသည် အာရုံ တစ်ခုခုကို အမြဲတန်းထိတွေ့နေရအောင် ကြိုးပမ်းလေ့ရှိသည်။ ရုပ်ရှင်ကြည့်ခြင်း၊ ဇာတ်၊ ရုပ်သေးကြည့်ခြင်း၊ တီဗွီကြည့်ခြင်း၊ သီချင်းနားထောင်ခြင်း၊ တရားနာခြင်း၊ တစ်စုံတစ်ခုစားနေခြင်း၊ သောက်နေခြင်း၊ ထိတွေ့နေခြင်း၊ သို့မဟုတ် စကားပြောနေခြင်းတို့သည် ဖဿဖြစ်နေခြင်းကို ဖော်ပြသည်။ ယင်းဖဿမရှိပါက စိတ်သည် ပျင်းရိခြောက်သွေ့ညှိုးငယ်လာတတ်သည်။ ဘာအာရုံမျှမရှိဘဲ တစ်ဦးတည်းအခန်း တံခါးပိတ်လှောင်ထားပါက လူသည် ရူးသွပ်သွားတတ်သည်။ အာရုံနှင့် ထိတွေ့မှု ဖဿကင်းကွာမှုကြောင့် စိတ်၊ စေတသိက်တို့ အသက်မရှင်နိုင်ပုံကို နားလည်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် စိတ် စေတသိက်တို့ကို တက်တက်ကြွကြွဆိုင်ရာ လုပ်ငန်းများ လုပ်ကြစေရန် ဦးတည်ချက်ပေးကာ စုစည်းလှုံ့ဆော်သော စေတနာသည်လည်း စိတ် စေတသိက်တို့၏ ရှင်သန်ခြင်း၏ အကြောင်းဖြစ်သည်။

ထို့ကြောင့်လူသည် အလုပ်တစ်ခုခုလုပ်နေခြင်းသည် အသက်ရှည်ကြောင်းဖြစ်သည်။

တစ်ဖန် ပဋိသန္ဓေဝိညာဏ်စိတ်သည်လည်း အသက်ရှင်ခြင်း၏ အကြောင်းတရားဖြစ်သည်။ ယင်း ပဋိသန္ဓေဝိညာဏ်သည် ပဝတ္တိအခါ၌ ဘဝင်စိတ်အဖြစ်ဖြင့် ဖြစ်ပေါ်ရသည်။ ယင်းပဋိသန္ဓေဝိညာဏ်ဟု ခေါ်ဆိုရသော ဘဝင်စိတ်သည် နာမ်တရားများ ဆက်လက် အသက်ရှင်စေရန် ထောက်ပံ့ကူညီရသည်။ ထို့ကြောင့် သတ္တဝါသည် အသက်ရှင်နိုင်ရန် ဆက်လက်တည်ရှိစေရန် ရုပ်အာဟာရကို လည်း စားရသည်၊ ဖဿကိုလည်း စားရသည်၊ စေတနာကိုလည်းစားရသည်၊ ဝိညာဏ်ကို လည်းစားရသည်၊ ဤသို့ရုပ်အာဟာရ နာမ်အာဟာရနှစ်ပါးကို စားသုံးရသဖြင့် အသက်ရှင်နေခြင်း ဖြစ်သည်။

## အာဟာရပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| (၁) ကဗဠီကာရော အာဟာရော | ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော |
| ကာ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သော ဩဇာသည် | ကာ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သော ဤရုပ်ခန္ဓာကိုယ်အား. |
| (၂) အရူပိနော အာဟာရာ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော |
| ဖဿ၊ စေတနာ၊ ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါးတို့ | စိတ် ၈၉၊ စေတသိက် ၅၂ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အားသည်။ |

www.burmeseclassic.com

www.burmeseclassic.com



## ၁၆။ ဣန္ဒြိယပစ္စည်း

ဣန္ဒြိယဆိုသည်မှာ အစိုးတရရှိခြင်း၊ ပိုင်စိုးခြင်း ကိုဆိုလိုသည်။ ဥပမာအားဖြင့် အစိုးရ အဖွဲ့အစည်းတစ်ခု၏ လက်အောက်၌ အခွန်တော်ဌာန၊ တရားရေးဌာန၊ ပြန်ကြားရေးဌာန၊ ပြည်ထဲရေးဌာန စသည်ဖြင့် အသီးသီးရှိကြရာ ဌာနတစ်ခုစီ၌ လုပ်ပိုင်ခွင့် တစ်မျိုးစီ၊ ပိုင်စိုးမှု တစ်မျိုးစီရှိကြသည်။ အခွန်တော်ဌာန၏ လုပ်ငန်းကိုပြန်ကြားရေးဌာနမှ လုပ်ပိုင်ခွင့်မရှိ၊ အလားတူပင် ပြန်ကြားရေးဌာန၏ လုပ်ငန်းကို တရားရေးဌာနမှ လုပ်ပိုင်ခွင့်မရှိ၊ ကိုယ့်ဌာနနှင့် ကိုယ် အသီးသီးလုပ်ပိုင်ခွင့်ရှိကြသည်။

အလားတူ မျက်စိ (စက္ခုန္ဒြေ)သည် မြင်ခြင်းကိစ္စကို ပိုင်နိုင်အစိုးတရ ရှိသည်။ ကြားခြင်း၊ နံခြင်းကိစ္စကိုမူ မစွမ်းဆောင်နိုင်ချေ။ ထို့အတူနား (သောတိန္ဒြေ)သည် အသံကို ကြားခြင်းကိစ္စ၌သာ အစိုးတရ ပိုင်နိုင်မှုရှိ၍ ရုပ်အဆင်းကို မြင်စွမ်းနိုင်ခြင်း မရှိချေ။ နှာခေါင်း (ဃာနိန္ဒြေ)သည် အနံ့ကို သိသော်လည်း အသံကို မကြားနိုင်ချေ။ လျှာ (ဇိဝှိန္ဒြေ)သည် အရသာကို သိနိုင်သော်လည်း ရုပ်အဆင်းကို မမြင်နိုင်ချေ။ ကဠီရုပ်ဟု ခေါ်ဆိုအပ်သော ကမ္မဇရုပ်များ အသက်ရှင်ရပ်တည်နိုင်စေရန် ဇီဝိတရုပ်က ထောက်ပံ့ကူညီထားရသည်။ အလားတူပင် သုခ + ဒုက္ခစသော ဝေဒနာများနှင့် ပညာဉာဏ်တည်းဟူသော နာမ်ဣန္ဒြေများသည် ယှဉ်ဘော်ယှဉ်ဘက် စိတ် စေတသိက်များနှင့် ကမ္မဇရုပ်၊ စိတ္တဇရုပ်တို့ကို ထောက်ပံ့ကူညီတတ်လေသည်။

### ဣန္ဒြိယပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| (၁) စက္ခုန္ဒြိယံ | စက္ခုဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဥ္စ |
| | ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော |
| စက္ခုပသာဒရုပ်သည် | စက္ခုဝိညာဏ်ဒွေနှင့် စေတသိက် ၇-ခုတို့အား |
| (၂) သောတိန္ဒြိယံ | သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဥ္စ |
| | ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော |
| သောတပသာဒရုပ်သည် | သောတဝိညာဏ်ဒွေနှင့် စေတသိက် ၇-ခုတို့အား |

www.burmeseclassic.com

www.burmeseclassic.com



| (အကြောင်း)ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၃) ဃာနိန္ဒြိယ် | ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော |
| ဃာနပသာဒရုပ်သည် | ဃာနဝိညာဏ်ဒွေနှင့် စေတသိက် ၇-ခုတို့အား |
| (၄) ဇိဝှိန္ဒြိယ် | ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော |
| ဇိဝှါပသာဒရုပ်သည် | ဇိဝှါဝိညာဏ်ဒွေနှင့် စေတသိက် ၇-ခုတို့အား |
| (၅) ကာယိန္ဒြိယ် | ကာယဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော |
| ကာယပသာဒရုပ်သည် | ကာယဝိညာဏ်ဒွေနှင့် စေတသိက် ၇-ခုတို့အား |
| (၆) ရူပဇီဝိတိန္ဒြိယ် ဇီဝိတရုပ်သည် | ကမ္မဇတ္တာရုပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော ဇီဝိတကြဉ်သော ကလာပ်တူ ကမ္မဇကလာပ် ၉-ခုတို့အား |
| (၇) အရူပီနော ဣန္ဒြိယာ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော |
| နာမ်ဣန္ဒြေ ၁၄-ပါးတို့သည် (ဝါ)နာမ်ဣန္ဒြေတရားကိုယ် ၈-ပါးတို့သည် | စိတ် ၈၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ကမ္မဇရုပ် တို့အား |

## ၁၇။ ဈာနပစ္စည်း

ဈာန၏ အဓိပ္ပါယ်မှာ စူးစိုက်၍ အာရုံကိုရှုခြင်း၊ အခြားသို့ မရွေ့မလျားဘဲ တစ်နေရာတည်း၌ တည်ငြိမ်စွာ စိတ်ဖြင့် ကြည့်ရှုခြင်းကို ဈာနဟုခေါ်သည်။ ဤဈာနဟူသော ဈာန်ဖြစ်ပေါ်လာစေရန် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါငါးပါးတို့က ဆောင်ရွက်ပေးကြ ရသည်။ ဝိတက်သည် အခြားအာရုံမှ စိတ်ကို ဆွဲယူ၍ ဈာန်အာရုံသို့ ပို့ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။ ဝိစာရသည် စိတ်ကိုဈာန်အာရုံမှ ထွက်ခွါမသွားစေရန် ဖွဲ့ချည်ပေးသည်။ ပီတိသည် ဈာန်အာရုံကို နှစ်သက်ကြေနပ်သဘောကျ နေသည်။ သုခသည် တဖိမ့်ဖိမ့် တသိမ့်သိမ့် ချမ်းသာ ခံစားနေသည်။ ဧကဂ္ဂတာသည် ဈာန်အာရုံ တစ်ခုတည်းပေါ်၌ တည်ငြိမ်စွဲမြဲနေစေသည်။ ဤဈာန်အင်္ဂါ ၅-ပါးတို့သည် ယှဉ်ဖော်ယှဉ်ဘက် စိတ်၊ စေတသိက်များ စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုသည်။

ဈာနပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| ဈာနင်္ဂါနိ | ဈာန သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဥ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော |
| ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ ဧကဂ္ဂတာဟူသော ဈာန် အင်္ဂါငါးပါးတို့သည် | ဒွေပဥ္စဝိညာဏ် ၁၀ကြဉ်၊ စိတ် ၇၉၊ စေတသိက် ၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား |

၁၈။ မဂ္ဂပစ္စည်း

မဂ္ဂဆိုသည်မှာ လမ်းခရီးဖြစ်သည်။ လမ်းခရီးသည် တစ်စုံတစ်ခုသော မြို့သို့ရောက်ခြင်း၏ အကြောင်းဖြစ်သည်။ လမ်းကို မဂ္ဂဟုခေါ်၍ ရောက်ခြင်း၏ အကြောင်းကို မဂ္ဂင်္ဂ၊ မဂ္ဂ + အင်္ဂ၊ မဂ္ဂင်ဟု ခေါ်ဆိုရသည်။

ကုသိုလ်မဂ္ဂင်နှင့် အကုသိုလ်မဂ္ဂင်ဟူ၍ နှစ်မျိုးရှိရာ ကုသိုလ်မဂ္ဂင် ရှစ်ပါးသည် နတ်ရွာသုဂတိနှင့် နိဗ္ဗာန်သို့ ရောက်အောင် ပို့ပေးတတ်သည်။ အကုသိုလ်မဂ္ဂင်လေးပါးတို့သည် အပါယ်ဘုံသို့ ရောက်အောင် ပို့ပေးတတ်သည်။ ကုသိုလ်မဂ္ဂင်ရှစ်ပါးမှာ များသောအားဖြင့် သိရှိနားလည်ကြပြီး ဖြစ်ပါသည်။ အကုသိုလ်မဂ္ဂင်လေးပါးမှာ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိဟူ၍ လေးမျိုးရှိသည်။ သမာဓိရတိုင်း ကုသိုလ်ဖြစ်သည်မဟုတ်၊ အကုသိုလ်သမာဓိဖြစ်နေသည်ကို သတိရှိရမည်။ ဖဲကစားသူသည် ဖဲချပ်၊

www.burmeseclassic.com

www.burmeseclassic.com



ဖဲပွင့်များအပေါ်၌ တည်ငြိမ်စူးစိုက်မှု သမာဓိရှိနေပြီ၊ ငါးမျှားသူသည် ငါးမျှား ချိပ်၊ ငါးမျှားကြိုးအပေါ်၌ တည်ငြိမ်စွာ စူးစိုက်မှု သမာဓိရနေသည်။ ယင်း သမာဓိသည် အကုသိုလ်ဖြစ်၍ မိစ္ဆာသမာဓိဖြစ်သည်။ ယင်းမဂ္ဂင်တရား ၁၂-ပါး (တရားကိုယ်အားဖြင့်) ကိုးပါးတို့သည် မိမိနှင့် ယှဉ်ဖေါ်ယှဉ်ဘက် သဟိတ် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကြသည်။

မဂ္ဂပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| မဂ္ဂင်္ဂါနိ<br><br>မဂ္ဂင် ၁၂-ပါးတို့သည် | မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ဓမ္မာနံ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော<br>သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား |

၁၉။ သမ္ပယုတ္တပစ္စည်း

နာမ်တရားတို့သည် အချင်းချင်း ဖြစ်အတူ ပျက်အတူ ယှဉ်တွဲစပ်ယှဉ် ခြင်းကို သမ္ပယုတ္တပစ္စည်းဟုခေါ်သည်။ တစ်ခုစီ ခွဲခြား၍ မရနိုင်လောက် အောင် စုပေါင်းယှဉ်တွဲသည့် သဘောဖြစ်သည်။ ဥပမာအားဖြင့် ကြက်သား ဟင်းကောင်း တစ်ခွက်ကို ဆီ၊ ဆား၊ ငြုပ်၊ ကြက်သွန်၊ ချင်း၊ ငံပြာရည်တို့ဖြင့် ရောမွှေချက်ပြုတ်ထားပြီးနောက် စားသောက်ကြည့်လျှင် ဤကားငြုပ်သီး အရသာ၊ ဤကားကြက်သွန်အရသာ၊ ဤကား ဆားအရသာ၊ ဤကား ကြက် သားအရသာဟူ၍ တစ်ခုစီခွဲခြား၍ မရနိုင်တော့ဘဲ ကြက်သားဟင်းကောင်း အရသာတစ်မျိုးတည်းကိုသာ ပေါ်ထွက်စေသကဲ့သို့ စိတ်၊ စေတသိက်တို့သည် အတူတကွ ပေါင်းစပ် ယှဉ်တွဲဖြစ်ပျက်မှုကို (သမ္ပယုတ္တသတ္တိ) ပေါင်းစပ် ယှဉ်တွဲခြင်း သတ္တိဟု ခေါ်ဆိုရသည်။

www.burmeseclassic.com

www.burmeseclassic.com



သမ္ပယုတ္တပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| စတ္တာရော ခန္ဓာ အရူပိနော | အညမည် သမ္ပယုတ္တ ပစ္စယေန ပစ္စယော |
| နာမက္ခန္ဓာ တစ်ပါးသည် | နာမက္ခန္ဓာ သုံးပါးတို့အား |
| နာမက္ခန္ဓာ နှစ်ပါးသည် | နာမက္ခန္ဓာ နှစ်ပါးတို့အား |
| နာမက္ခန္ဓာ သုံးပါးသည် | နာမက္ခန္ဓာ တစ်ပါးတို့အား |

၂၀။ ဝိပ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စည်း၌ အကြောင်းနှင့်အကျိုးတို့သည် အတူတကွ ယှဉ်တွဲပေါင်းစပ်ရာ၌ ခွဲထုတ်၍ မရလောက်အောင် တသားတည်းယှဉ်စပ်ခြင်းကို ပြသည်။ သို့ရာတွင် အချို့သောနေရာ၌ ရုပ်နှင့်နာမ်သည် အတူတကွ ဖြစ်ကြသည်လည်းရှိသည်။ ဥပမာပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေ ကမ္မဇကလာပ်တို့သည် (သဟဇာတ) အတူတကွ ဖြစ်ကြသည်။ (အညမည) အပြန်အလှန်ကူညီထောက်ပံ့ကြသည်။ အပြန်အလှန် မှီခိုရသည်။ သို့ရာတွင် ရုပ်နှင့်နာမ် သက်တမ်းမတူညီသဖြင့် နာမ်တရား ချုပ်ငြိမ်းသွားသောအခါ ရုပ်တရားသည် နောက်ထပ် စိတ္တက္ခဏ ၁၆-ချက်မျှ သက်တမ်းကျန်ရှိရစ်သည်။

တဖန် ဝိညတ်ဒွေ ခေါ် ဆိုရသော စိတ္တဇရုပ်တို့သည် စိတ်နှင့်အတူတကွ ဖြစ်၍ အတူတကွ ချုပ်ကြရသည်။ သို့သော်လည်း နာမ်နှင့်ရုပ်တို့သည် တစ်သားတည်းဖြစ်အောင် ယှဉ်တွဲပေါင်းစပ်ခြင်း၊ ပူးကပ်ခြင်းမရှိ၊ သီးခြားစီ ကင်းကွာလျက် ကျေးဇူးပြုထောက်ပံ့ကြသည်။ ဥပမာအားဖြင့် နိုင်ငံခြားတွင် ရွှေ့ပြောင်းနေသည့် သားသမီးများက ဤတိုင်းပြည်ရှိ မိဘများကို အဝေးမှ လှမ်း၍ ထောက်ပံ့ခြင်းနှင့် တူသည်။

ဝိပ္ပယုတ္တပစ္စည်းအရာ၌ နာမ်နှင့်ရုပ် အတူတကွ ဖြစ်ခြင်း(သဟဇာတဝိပ္ပယုတ်)၊ အကြောင်းရုပ်သည် ရှေ့ကဖြစ်နှင့်၍ အကျိုးနာမ်သည် နောက်မှ ဖြစ်သော (ပုရေဇာတဝိပ္ပယုတ်)၊ အကြောင်းဖြစ်သော နာမ်သည် နောက်မှဖြစ် ၍ အကျိုးဖြစ်သော ရုပ်သည် ရှေ့က ကြိုတင်ဖြစ်နှင့်သော (ပစ္ဆာဇာတဝိပ္ပယုတ်) ဟူ၍ ဝိပ္ပယုတ္တသုံးမျိုး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



### ဝိပ္ပယုတ္တပစ္စည်းဇယား

| (အကြောင်း) ပစ္စည်း | (အကျိုး) ပစ္စယုပ္ပန် |
|---|---|
| (၁) ရှုပ်နေသာ ဓမ္မာ ဝတ္ထုရုပ် ခြောက်ပါးသည် | အရှုပ်နိ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော အရှုပ်ဝိပါက် ၄-ခုကြဉ်သော ဝိညာဏဓါတ်၇-ပါး |
| (၂) ဟဒယဝတ္ထုရုပ်သည် | ပဋိသန္ဓေ နာမက္ခန္ဓာအား |
| (၃) အရှုပ်နေသာ ဓမ္မာ ပဋိသန္ဓေနာမက္ခန္ဓာသည် | ရှုပ်နိ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော ပဋိသန္ဓေ ကမ္မဇရုပ်အား |
| (၄) ပဝတ္တိအခါ ရုပ်ကိုဖြစ်စေနိုင်သော စိတ် ၇၅နှင့် စေတသိက် ၅၂ ပါး တို့သည် | စိတ္တဇရုပ်အား |

## ၂၁။ အတ္ထိပစ္စည်း

ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊ တည်၊ ပျက်သဘောရှိသော တရားများကို အတ္ထိဟုခေါ် ဆိုရသည်။ ဖြစ်တည်နေသောအခါ ထင်ရှားရှိသည် (အတ္ထိ) ဟုဆို၍ ပျက်စီးချုပ်ငြိမ်းသွားပြီးနောက် မရှိခြင်း (နတ္ထိ)ဟု ဆိုရသည်။ (အတ္ထိနှင့် နတ္ထိ)ရှိခြင်းနှင့်မရှိခြင်း သဘောကို ရုပ်တရား၊ နာမ်တရားပေါ်၌ သာတွေမြင်နိုင်သည်။ နိဗ္ဗာန်နှင့် ပညတ်တို့မှာ ဖြစ်ခြင်းပျက်စီးခြင်း ချုပ်ငြိမ်း ပျောက်ကွယ်ခြင်း မရှိသောကြောင့် (နတ္ထိ) (မရှိ) ဟု မဆိုနိုင်ချေ။ ထိုသို့မရှိဟု မဆိုနိုင်လျှင်(အတ္ထိ)ရှိ၏ဟုလည်း ဆိုရန်မလိုတော့ချေ။ ရှိ/မရှိ အငြင်းပွားစရာ ရှိသော တရားသဘောကိုသာလျှင် အတ္ထိပစ္စည်း၊ နတ္ထိပစ္စည်းဟု ခွဲခြား သတ်မှတ်ရလေသည်။ နိဗ္ဗာန်နှင့် ပညတ်တို့ကို အတ္ထိပစ္စည်း၊ နတ္ထိပစ္စည်း၌ မထည့်သွင်းရချေ။

www.burmeseclassic.com

www.burmeseclassic.com



အတ္ထိပစ္စည်း (၅)မျိုး

(က) သဟဇာတတ္ထိ - အတူတကွဖြစ်၍ရှိခြင်း
(ခ) ပုရေဇာတတ္ထိ - ရှေးကကြိုတင်ပြီးဖြစ်၍ရှိခြင်း
(ဂ) ပစ္ဆာဇာတတ္ထိ - နောက်မှဖြစ်၍ရှိခြင်း
(ဃ) ရူပအာဟာရတ္ထိ - ရုပ်အာဟာရထင်ရှားရှိခြင်း
(င) ရူပဇီဝိတိန္ဒြိယတ္ထိ - ရုပ်အသက်ထင်ရှားရှိခြင်း

သဟဇာတပစ္စည်း၌ ဖေါ်ပြခဲ့သော အကြောင်းအကျိုး ဆက်စပ်မှုများသည် သဟဇာတတ္ထိမည်၏။

ပုရေဇာတတ္ထိမှာ ဝတ္ထုပုရေဇာတနှင့် အာရမ္မဏ ပုရေဇာတ ဟူ၍ နှစ်မျိုးရှိသည်။

စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုတို့သည် မိမိကို မှီ၍ဖြစ်လာသော ဝိညာဏ်အား ကျေးဇူးပြုရာ၌ ကြိုတင်၍ ဖြစ်နှင့်သောကြောင့် ပုရေဇာတမည်၏။ ဝိညာဏ်ခြောက်ပါးအား ထောက်ပံ့သည့်အချိန်၌ ဋ္ဌီခဏထင်ရှားရှိနေသောကြောင့် အတ္ထိပစ္စည်းလည်း မည်၏။ ယင်းဝတ္ထုရုပ်ခြောက်ပါးမှ ဝိညာဏ်ခြောက်ပါးအား ကျေးဇူးပြုသော သတ္တိကို ဝတ္ထုပုရေဇာတတ္ထိ ဟုခေါ်သည်။

ထို့ပြင် အာရုံခြောက်ပါးသည် ဝိညာဏ် ခြောက်ပါးအား အာရမ္မဏသတ္တိဖြင့် ကျေးဇူးပြုရာ၌ ကြိုတင်၍ ဖြစ်နှင့်သော ကြောင့် ပုရေဇာတလည်း မည်၏။ အကျိုးဝိညာဏ်ခြောက်ပါး ဖြစ်ပေါ်ချိန်၌ အကြောင်းဖြစ်သော အာရုံခြောက်ပါးသည် မချုပ်ငြိမ်းသေးဘဲ ဋ္ဌီခဏအားဖြင့် ထင်ရှားရှိနေခြင်းကြောင့် အတ္ထိပစ္စည်းလည်း မည်၏။ ထို့ကြောင့် ဤအာရုံခြောက်ပါးကို အာရမ္မဏပုရေဇာတတ္ထိဟုခေါ်သည်။

ပစ္ဆာဇာတတ္ထိ၏ သဘောမှာ အကျိုးတရားသည် ကြိုတင်ဖြစ်နှင့်၍ အကြောင်းတရားသည် နောက်မှ ဖြစ်ပေါ်လာကာ ကျေးဇူးပြုထောက်ပံ့ရသည်။ အကြောင်းအကျိုးနှစ်ပါးတို့သည် မချုပ်ဆုံးသေးဘဲ ဋ္ဌီခဏ၌ ထင်ရှားရှိသောကြောင့် ပစ္ဆာဇာတတ္ထိဟုဆိုရသည်။ ရူပဘုံ အရူပဘုံ၌ ဖြစ်သော စေတသိက်

www.burmeseclassic.com

www.burmeseclassic.com



တို့သည် မိမိရှေ့၌ ဖြစ်ပေါ်၍ ဋ္ဌိခဏ ထင်ရှားရှိနေသော ဤရုပ်ခန္ဓာအား ပစ္ဆာဇာတတ္ထိ သတ္တိဖြင့် ကျေးဇူးပြုသည်။

ရူပ အာဟာရတ္ထိမှာ - သတ္တဝါတို့စားသောက်အပ်သော ပြင်ပဇဟိဒ္ဓ ဩဇာသည် ခန္ဓာကိုယ်တွင်းရှိ အဇ္ဈတ္တဩဇာအား ထောက်ပံ့ကျေးဇူးပြုရာ၌ ထူးခြားသော သတ္တိတစ်မျိုးဖြစ်၍ ရူပအာဟာရတ္ထိကို သီးခြားပြရသည်။

ရူပဇီဝိတိန္ဒြိယတ္ထိမှာ - ကမ္မဇကလာပ် (၉)စည်းအတွင်း၌ ပါရှိသော ဇီဝိတရုပ်သည် ကမ္မဇကလာပ်(၉)စည်းတို့အား ထင်ရှားရှိလျက် ကျေးဇူးပြု ထောက်ပံ့သည်။

## ၂၁။ နတ္ထိပစ္စည်း

အတ္ထိပစ္စည်း၏ ဆန့်ကျင်ဘက်မှာ နတ္ထိပစ္စည်းဖြစ်သည်။ အကြောင်း တရားသည် မိမိကိုယ်တိုင် မချုပ်ငြိမ်းသေးဘဲ ထင်ရှားရှိလျက် ကျေးဇူးပြုခြင်း သည် အတ္ထိပစ္စည်းမည်၏။

ဥပမာ- မိဘများ အသက်ထင်ရှားရှိနေစဉ် သားသမီးများအား စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး ထောက်ပံ့ပေးခြင်းဖြစ်သည်။

နတ္ထိပစ္စည်း၏ သဘောမှာ ချုပ်ဆုံးပြီးမှ ကွယ်လွန်ပြီးမှ ကျေးဇူးပြု ခြင်း ဖြစ်သည်။ ရှေ့ရှေ့သော နာမ်တရားများသည် ချုပ်ငြိမ်းသွားပြီးနောက်မှ နောက်နောက်သော နာမ်တရားများဖြစ်ပေါ်ခွင့်ရကြသည်။ သတ္တဝါတစ် ယောက်၏ သန္တာန်၌ စိတ်အစဉ်တစ်ခုသာရှိ၍ ရှေ့စိတ်ပျက်သွားပြီးမှ နောက်စိတ်များ ဖြစ်ခွင့်ရကြသည်။ မြင်စိတ်ချုပ်သွားပြီးမှ ကြားစိတ် ဖြစ်နိုင် သည်။ မြင်စိတ်နှင့်ကြားစိတ်တို့သည် တပြိုင်နက် မဖြစ်နိုင်ချေ။ ပို၍ ထင်ရှား သည်မှာ အာရုံငါးပါး အသိစိတ် ချုပ်ငြိမ်းသွားမှသာလျှင် မသိစိတ် (အိပ်မော ကျစိတ်) ဖြစ်နိုင်ပေသည်။ ဤကဲ့သို့ မရှိခြင်းအားဖြင့် ကျေးဇူးပြုခြင်းကို နတ္ထိပစ္စည်းဟု ခေါ်ဆိုရသည်။

ဥပမာအားဖြင့် မိဘများ ကွယ်လွန်သွား၍ သားသမီးများ အမွေ ရရှိခြင်းဖြစ်သည်။ ခမည်းတော်မင်းတရား နတ်ရွာစံသဖြင့် သားတော် အိမ် ရှေ့မင်း ထီးနန်းတက်ခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနတ္ထိပစ္စည်းမှာ အနန္တရပစ္စည်း၊ သမနန္တရပစ္စည်းအကြောင်း အကျိုးဆက်စပ်မှု အရကောက်မှုနှင့် တူပြီဖြစ်သည်။

နတ္ထိပစ္စည်းဇယား

| (အကြောင်း)ပစ္စည်း | (အကျိုး)ပစ္စယုပ္ပန် |
|---|---|
| သမာနန္တရနိရုဒ္ဓစိတ္တစေတသိကာ ဓမ္မာ မိမိရှေ့တွင် ချုပ်လေပြီးသော စိတ် ၈၉၊ စေတသိက်၅၂ တို့သည် | ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော ယင်း၏နောက်၌ကပ်လျက်ဖြစ်ပေါ်လာသောစိတ်၈၉ စေတသိက် ၅၂ တို့အား |

၂၃။ ဝိဂတပစ္စည်း

ဝိဂတပစ္စည်းသည် နတ္ထိပစ္စည်းနှင့် သဘောတူပြီ၊ ဝိဂတ=ကင်းကွာခြင်း၊ ကင်းလွတ်ခြင်းဟူသော သဒ္ဒါဝေါဟာရမျှသာ ထူးခြားပါသည်။ နတ္ထိ-မရှိဟု ဆိုရာ၌ ဘာမျှအကြွင်းအကျန်မရှိ ကင်းကင်းရှင်းရှင်း ဖြစ်သွားပြီဟု နားလည်မှတ်သားနိုင်စေရန် ဝိဂတပစ္စည်းကို ထပ်၍ဟောရသည်။

၂၄။ အဝိဂတပစ္စည်း

အဝိဂတပစ္စည်းမှာ အတ္ထိပစ္စည်းနှင့် အနက်အဓိပ္ပါယ် လုံးဝတူပြီ ဖြစ်သည်။

အဝိဂတ= မကင်းကွာခြင်း၊ မကင်းလွတ်ခြင်းဆိုသည်မှာ အတ္ထိ= ထင်ရှားရှိခြင်း သဘောပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၂၄-ပစ္စည်းကို နာမ်ရုပ်ခွဲခြားခြင်း

(က) နာမ်သည် နာမ်အား ကျေးဇူးပြုသည်။ ၆-ပစ္စည်း
အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ

(ခ) နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသည် ၅-ပစ္စည်း
ဟေတု၊ ဈာန၊ မဂ္ဂ၊ ကမ္မ၊ ဝိပါက

(ဂ) နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသည် ၁-ပစ္စည်း
ပစ္ဆာဇာတ

(ဃ) ရုပ်သည် နာမ်ရုပ်အား ကျေးဇူးပြုသည် ၁-ပစ္စည်း
ပုရေဇာတ

(င) ပညတ်နာမ်ရုပ်သည် နာမ်ရုပ်အားဖြင့် ကျေးဇူးပြုသည် ၂-ပစ္စည်း
အာရမ္မဏ၊ ဥပနိဿယ

(စ) နာမ်ရုပ်သည် နာမ်ရုပ်အားဖြင့် ကျေးဇူးပြုသည် ၉-ပစ္စည်း

အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊
အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။

--------------

www.burmeseclassic.com

www.burmeseclassic.com



## ပညတ်အကြောင်း

အနက်သဘော အဓိပ္ပါယ်ကို သိစေကြောင်းဖြစ်၍ ပညတ်ခေါ်၏။ ထိုပညတ်သည်-

(၁) အနက်သဘောတည်းဟူသော အတ္ထပညတ်

(၂) သဒ္ဒါသဘောတည်းဟူသော သဒ္ဒပညတ် ဟူ၍နှစ်မျိုးရှိ၏။

### အတ္ထပညတ် ၁၀-မျိုး

၁။ တဇ္ဇာ ပညတ် - ပရမတ္ထအားဖြင့် ထင်ရှားရှိသော အမည်ပညတ် (ပထဝီ၏ မာခြင်းသဘော၊ ဝေဒနာ၏ ခံစားခြင်းသဘော)

၂။ ဥပါဒါ ပညတ် - ပရမတ္ထခန္ဓာတို့ကို အစွဲပြု၍ နာမည်တပ်မှု (ကျားမ၊ သတ္တဝါ )

၃။ သမူဟ ပညတ် - အပေါင်းကို စွဲ၍ ခေါ်ဝေါ်သမျှအမည် (ပထဝီ အာပေါစသည့် အစုဝေးကို၊ မြေကြီး၊ တော၊ တောင်၊ မြစ်၊ ချောင်းစသည်)

၄။ သဏ္ဌာနပညတ် - အိမ်၊ ကျောင်း၊ဇရပ်၊ စသည်(ထုတ်၊ေလျှာက်၊ဒိုင်း၊ စသည်ဖြင့် စုပေါင်းထားသည်ကို ပုံသဏ္ဌာန်အရ)

၅။ သန္တတိပညတ် - အဆက်အပြတ်ဖြစ်နေသည့်ဖြစ်စဉ်၊ မီးတောက်၊ ရေအလျဉ်စသည်

၆။ ကာလ ပညတ် - အချိန်ကာလ၊နံနက်အခါ နေ့အခါ ညအခါ စသည်။

၇။ အဒ္ဓါနပညတ် - ခရီးအကွာအဝေး၊ ယူဇနာ၊ ဂါဝုတ်၊ တိုင်၊မိုင်၊ ဖာလုံစသည်

၈။ အာကာသပညတ် - ဟင်းလင်းပေါက်၏ အမည်။(ဥပမာ-ဂူ၊ လိုဏ်၊ တွင်း၊ ပြူတင်းပေါက်)

၉။ ဒိသာပညတ် - အရပ်မျက်နှာအမည် (ဥပမာ-အရှေ့၊ အနောက်၊ တောင်၊ မြောက်)

၁၀။ ဒေသပညတ် - အရပ်ဒေသအမည်။ (ဥပမာ-အလယ်၊အောက်၊ အညာ၊ အကြေ)

www.burmeseclassic.com

www.burmeseclassic.com



## နာမပညတ် (သဒ္ဒပညတ်) ၆-မျိုး

၁။ ဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရား၏ အမည်။(ဥပမာ- ဖဿ၊ဝေဒနာ၊ပထဝီ စသည်)

၂။ အဝိဇ္ဇမာနပညတ် = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော ပညတ်။ (ဥပမာ-ပုဂ္ဂိုလ်၊သတ္တဝါ၊ ယောကျ်ား၊မိန်းမ)

ဤပညတ် ၂-ပါးသည် မူလ ၂-ပါးဖြစ်၍ ၎င်းတို့ ၂-ပါးကို ရှေ့နောက် အပြန်အလှန် တွဲလျှင် အောက်ပါ ပညတ် လေးမျိုး ဖြစ်ပေါ်လာသည်။

၃။ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် = အရှိတရားဖြင့် မရှိတရားကို ဖော်ပြသော ပညတ်။(ဥပမာ- ပညာရှိ၊ ချမ်းသာပုဂ္ဂိုလ်)

၄။ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် = မရှိတရားဖြင့် အရှိ တရားကို ဖော်ပြသော ပညတ်။(ဥပမာ- မိန်းမအသံ၊ ယောကျ်ားအနံ့)

၅။ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ် = အရှိတရားဖြင့် အရှိတရားကို ဖော်ပြသော ပညတ်။(ဥပမာ- စက္ခုဝိညာဏ်၊ အရသာသိစိတ်)

၆။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ် = မရှိတရားဖြင့် မရှိတရားကို ဖော်ပြသော ပညတ်။ (ဥပမာ- မင်းသား၊ မင်းသမီး၊ ကုလား လူမျိုး။)

### မြင်ခြင်းမှ သိခြင်းသို့ ဝီထိဖြစ်ပုံ

လူတစ်ဦးသည် သစ်ပင်ဟုခေါ်သော ရုပ်အဆင်းကို မျက်စိဖြင့် ထင်ရှား တွေ့မြင်နေ၍ အတိမဟန္တာရုံ၊ စက္ခုဒွါရ ဝီထိဖြစ်၏။ ထို့နောက် အတိတ်ဖြစ်သော သစ်ပင်(ရူပါရုံ)ကို အာရုံပြု၍ ဝိဘူတာရုံ မနောဒွါရဝီထိ ဖြစ်၏၊ ထို့နောက် သစ်ပင်၏ ပင်စည်၊အကိုင်း၊အခက်၊ အရွက်တို့ကို စုပေါင်း အာရုံပြုသည့် မနောဒွါရဝီထိဖြစ်၏၊ ဆက်လက်အာရုံပြု၍ သစ်ပင်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အနက်ဒြပ်ဝတ္ထု(အတ္တပညတ်)ကို အာရုံပြု၍ မနောဒွါရဝီထိဖြစ်၏၊ နောက်ဆုံးတွင်ယင်းဝတ္ထု၏ (သစ်ပင်)ဟူသော နာမည်ကို စဉ်းစားဖော်ထုတ်၍ သိသော မနောဒွါရဝီထိဖြစ်သော အခါမှသာလျှင် သိခြင်း ပြီးပြည့်စုံသော အဆင့်ရောက်လေသည်။

(ပ) စက္ခုဒွါရဝီထိ (ပစ္စုပ္ပန်ရူပါရုံ သစ်ပင်အစိမ်းရောင်ကိုစမြင်)
ဘွင်၊တီ၊န၊ဒ၊မ၊စက်၊သံ၊သန်၊ဝု၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘွင်

(ဒု) မနောဒွါရဝီထိ (အတိတ် အာရုံစိတ်စွဲ အစိမ်းရောင်)
ဘွင်၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘွင်

(တ) မနောဒွါရဝီထိ (သမူဟ သစ်ခက်၊ ရွက်၊ ပင်စည် စုပေါင်း ပညတ်အာရုံ)
ဘွင်၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘွင်

( စ) မနောဒွါရဝီထိ (သစ်ပင်သဘာဝအတ္တပညတ်အာရုံ)
ဘွင်၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘွင်

( မ) မနောဒွါရဝီထိ (သစ်ပင်ဟူသော အမည်နှင့် သစ်ပင်ဒြပ် ဆက်စပ်သိ)
ဘွင် ၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘွင်

အသံကြားရာမှ အနက်ဖော်ထုတ်ပုံ

ရှေးဦးစွာ "ဦး+လူ+လှ"ဟူသော အသံသုံးခုကို နားဖြင့်ကြားရသည့် အခါ ပရမတ္ထ အသံတစ်ခုစီကို အာရုံပြု၍ သောတဒွါရဝီထိ ၃-ခုဖြစ်ရသည်။ ထို့နောက် အတိတ်ဖြစ်သော ထိုအသံ သုံးခုကို စုပေါင်း၍ (ဦးလူလှ)ဟု စုပေါင်း အသံ သမူဟသဒ္ဒပညတ်ကို အာရုံပြု၍ မနောဒွါရဝီထိ တစ်ခုဖြစ်ရသည်။ ထို့နောက် ထိုစုပေါင်းအသံသည် တစ်စုံတစ်ဦး၏ အမည်တည်းဟု အမည် နာမပညတ်ကို အာရုံပြု၍ မနောဒွါရဝီထိဖြစ်ရသည်။ နောက်ဆုံးတွင် ထိုနာမည်ပိုင်ရှင် လူပုဂ္ဂိုလ် အနက်ဒြပ်ကို သိသော ဝီထိစိတ်ဖြစ်ပေါ်၍ လူနှင့် နာမည်ကို ဆက်စပ်နိုင်သည့် အသိဉာဏ်ဖြစ်ပေါ်လာလေတော့သည်။

(ပ) သောတဒွါရဝီထိ (ဦး၊အက္ခရာအသံကို အာရုံပြု)

www.burmeseclassic.com

www.burmeseclassic.com



ဘဝင်၊တီ၊ န၊ ဒ၊ ပ၊သော၊သံ၊သန်၊ဝု၊ ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘဝင်

(ဒု) သောတဒွါရဝီထိ (လူ-အက္ခရာအသံကို အာရုံပြု အလားတူ)

(တ) သောတဒွါရဝီထိ (လှ-အက္ခရာအသံကို အာရုံပြု အလားတူ)

(စ) မနောဒွါရဝီထိ (အတိတ် အာရုံ အသံသုံးခုပေါင်း)

ဘဝင်၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘဝင်

(ဖ) မနောဒွါရဝီထိ (ဦးလူလှဟူသော နာမပညတ်အမည်ကို အာရုံပြု)

ဘဝင်၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘဝင်

(ဆ) မနောဒွါရဝီထိ (အတ္ထပညတ် ဦးလူလှ၏ လူအကောင်အထည်ကိုအာရုံပြု)

ဘဝင်၊န၊ဒ၊မ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ဇ၊ရုံ၊ရုံ၊ဘဝင်

(ဇ) မနောဒွါရဝီထိ (ဦးလူလှအမည်နှင့်ဦးလူလှဒြပ်ကို ဆက်စပ်ပေး ခြင်း)

ဘဝင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ရုံ၊ ရုံ၊ ဘဝင်

## ပြောဆိုသူ၌ဝီထိဖြစ်ပုံ

ရှေးဦးစွာ မိမိပြောလိုသော အနက်အဓိပ္ပာယ်ကို စဉ်းစားရသည်။ ထို့နောက် အက္ခရာစာလုံး (ဝေါဟာရပညတ်)များကို စိတ်ထဲ၌ စီစဉ်သီကုံးဝါကျဖွဲ့ရသည်။ ထိုနောက်မှ အက္ခရာအသံများကို ဖြစ်စေသည်။ ဝစီဝိညတ္တိသဒ္ဒနဝက ကလာပ်ရုပ်ကိုဖြစ်စေရသည်။ စိတ်ကူးအထဲ၌ သဒ္ဒါအက္ခရာဝါကျများကို မနသာဝဝတ္ထာပိတသဒ္ဒဟု ခေါ်သည်။ နှုတ်မှအသံဖြစ်ပေါ်လာမှုကို ဝစီဘေဒသဒ္ဒဟု ခေါ်သည်။

"ကျွန်တော် ရေသောက်ချင်တယ်"ဟု ပြောဆိုသည့်အခါ ရှေးဦးစွာ သဘောအဓိပ္ပာယ်ကို စဉ်းစားသည့် မနောဒွါရတစ် ဝီထိဖြစ်ရသည်။ ထို့နောက် (ကျွန်တော်) (ရေ) (သောက်) (ချင်) (တယ်)ဟူသော အက္ခရာသဒ္ဒါဝေါဟာရများကို စိတ်ကူးကြံစည်ရသည်။ မိမိကျွမ်းကျင်နိုင်နင်း ပြီးသော ဘာသာစကားဖြစ်ပါမူ ကတ္တားနှင့် ကြိယာ ဤနှစ်ပုဒ်ကိုသာလျှင် စဉ်းစားစိတ်ကူးရသည်။ မကျွမ်းကျင်သော ဘာသာစကားဖြစ်ပါက တစ်လုံးချင်းစဉ်းစားပြီး၊ ရှေ့နောက်အစီအစဉ် ပြုလုပ်ခြင်းဖြင့် ဝီထိပေါင်း အကြိမ်များစွာဖြစ်ရသည်။ ထို့နောက်မှ ယင်းစိတ်ကူးစီစဉ်ထားသည့်အတိုင်း နှုတ်မှ "ကျွန်တော် ရေသောက်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟူသော စကားဝါကျ ထွက်ပေါ်လာတော့သည်။

(ပ) မနောဒွါရဝီထိ (ရေ-အနက်ဒြပ်ကိုအာရုံပြု)
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

( ဒု) မနောဒွါရဝီထိ (ကျွန်တော်-ဟူသော ဝေါဟာရပညတ် အာရုံ)
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

(တ) မနောဒွါရဝီထိ (ရေ-ဟူသော ဝေါဟာရပညတ် အာရုံ)
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

( စ) မနောဒွါရဝီထိ (သောက်ချင်တယ်-ဟူသောဝေါဟာရပညတ် အာရုံ)
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

( မ) မနောဒွါရဝီထိ (ကျွန်တော် ရေသောက်ချင်တယ် ဟူသော ဝေါဟာရ အပေါင်းပညတ် အာရုံ)
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

(ဆ) မနောဒွါရဝီထိ (မနသာဝဇ္ဇာပိတသဒ္ဒ) (စိတ်ကူး အတွင်းရှိ အက္ခရာအပေါင်းကိုအာရုံပြု၍)
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

(ဇ) မနောဒွါရဝီထိ (ဝစီဘေဒသဒ္ဒ) နှုတ်ဖြင့်အသံထွက်ရွတ်ဆို
ဘွင်၊ န၊ ဒ၊ မ၊ ဇ ဇ ဇ ဇ ဇ ဇ ဇ ဘွင်

ဤကားပညတ်မှ ပရမတ်သို့ လည်းကောင်း၊ ပရမတ်မှ ပညတ်သို့ လည်းကောင်း၊ ဆက်စပ်ဆက်သွယ်ရာ၌ ဝီထိစိတ်များ၊ အဆင့်ဆင့် အဆက်ဆက်ဖြစ်ပျက်ပုံကို အမြွက်မျှထုတ်ပြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်
## ပစ္စည်းတူရာ ပေါင်းပြခြင်း

အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| ရူပါယတန် | စက္ခုဝိညာဏဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | <br>(အာရမ္မဏ) ပစ္စယေနပစ္စယော |
| သဒ္ဒါယတန် | သောတဝိညာဏဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | (ပုရေဇာတ)<br>(အတ္ထိ) |
| ဂန္ဓာယတန် | ဃာနဝိညာဏဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | (အဝိဂတ) |
| ရသာယတန် | ဇိဝှါဝိညာဏဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ဖောဋ္ဌဗ္ဗာယတန် | ကာယဝိညာဏဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| ရူပါယတန်<br>(လ)ဖေါဋ္ဌဗ္ဗာ<br>ယတန် | မနောဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | |
| သဗ္ဗေဓမ္မာ | မနောဝိညာဏဓါတုယာ<br>တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | အာရမ္မဏပစ္စယေနပစ္စယော |
| ယံယံ ဓမ္မံ အာရဗ္ဘ | ယေယေဓမ္မာဥပ္ပဇ္ဇန္တိ | |
| စိတ္တ စေတသိကာ<br>ဓမ္မာ<br>တေတေ ဓမ္မာ | တေသံတေသံဓမ္မာနံ | အာရမ္မဏပစ္စယေနပစ္စယော |

www.burmeseclassic.com

www.burmeseclassic.com



နိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ၊ ဣန္ဒြိယ

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| စက္ခာယတန | စက္ခုဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ | (နိဿယ)ပစ္စယေနပစ္စယော (ပုရေဇာတ)(အတ္ထိ) (အဝိဂတ) |
| စက္ခုန္ဒြိယံ | ။ | ဣန္ဒြိယပစ္စယေနပစ္စယော |
| သောတာယတနံ | သောတဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ | နိဿယ၊ ပုရေဇာတ၊ အတ္ထိ အဝိဂတ |
| သောတိန္ဒြိယံ | ။ | ဣန္ဒြိယပစ္စယေနပစ္စယော |
| ဃာနာယတနံ | ဃာနဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ | နိဿယ၊ ပုရေဇာတ၊ အတ္ထိ အဝိဂတ |
| ဃာနိန္ဒြိယံ | ။ | ဣန္ဒြိယပစ္စယေနပစ္စယော |
| ဇိဝှါယတနံ | ဇိဝှါဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ | နိဿယ၊ ပုရေဇာတ၊ အတ္ထိ အဝိဂတ |
| ဇိဝှိန္ဒြိယံ | ။ | ဣန္ဒြိယပစ္စယေနပစ္စယော |
| ကာယာယတနံ | ကာယဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဥ္စ ဓမ္မာနံ | နိဿယ၊ ပုရေဇာတ၊ အတ္ထိ အဝိဂတ |
| ကာယိန္ဒြိယံ | ။ | ဣန္ဒြိယပစ္စယေနပစ္စယော |
| ယံရူပံနိဿာယ | မနောဓါတုစ၊ မနောဝိညာဏ ဓါတုစ ဝတ္တန္တိ | |

www.burmeseclassic.com

www.burmeseclassic.com



| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| တံရူပံ | မနောဓါတုယာစ မနော ဝိညာဏ ဓါတုယာစ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ | နိဿယ၊ အတ္ထိ၊ အဝိဂတ |
| ယံရူပံနိဿာယ | မနောဓါတုစ မနောဝိညာဏ ဓါတုစ ဝတ္တန္တိ | |
| တံ ရူပံ | မနောဓါတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ | ပုရေဇာတပစ္စယေနပစ္စယော |
| | မနောဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ ကိဉ္စိကာလေ | ပုရေဇာတပစ္စယေနပစ္စယော |
| | ကိဉ္စိကာလေ | နပုရေဇာတပစ္စယေန ပစ္စယော |

www.burmeseclassic.com

www.burmeseclassic.com



**သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဝိပ္ပယုတ္တ**

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| စတ္တာရောခန္ဓာ အရူပိနော | အညမည | သဟဇာတပစ္စယေနပစ္စယော (အညမည) (နိဿယ)(အတ္ထိ) (အဝိဂတ) |
| စတ္တာရော မဟာဘူတာ | အညမည | ။ ။ ။ ။ ။ |
| ဩက္ကန္တိက္ခဏေ နာမရူပံ | အညမည | ။ ။ ။ ။ ။ |
| စိတ္တစေတသိကာ | စိတ္တသမုဋ္ဌာနာနံ ရူပံ | (သဟဇာတ)၊ (နိဿယ) (အတ္ထိ)၊ (အဝိဂတ) |
| မဟာဘူတာ | ဥပါဒါ ရူပါနံ | ။ ။ ။ ။ |
| ရူပိနော ဓမ္မာ | အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေ | သဟဇာတပစ္စယေနပစ္စယော |
| | ကိဉ္စိကာလေ | နသဟဇာတပစ္စယေနပစ္စယော |
| ရူပိနော ဓမ္မာ | အရူပီနံ ဓမ္မာနံ | ဝိပ္ပယုတ္တပစ္စယေနပစ္စယော |
| အရူပိနော ဓမ္မာ | ရူပီနံ ဓမ္မာနံ | ။ |

www.burmeseclassic.com

www.burmeseclassic.com



အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန

| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| စက္ခုဝိညာဏဓါတု တံသမ္ပယုတ္တကာစ ဓမ္မာ | မနောဓါတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ | အနန္တရပစ္စယေနပစ္စယော (သမနန္တရ) |
| မနောဓါတု တံ သမ္ပယုတ္တကာစ ဓမ္မာ | မနောဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ | ။ ။ |
| သောတ | ။ ။ | ။ ။ |
| ဃာန | ။ ။ | ။ ။ |
| ဇိဝှါ | ။ ။ | ။ ။ |
| ကာယ | ။ ။ | ။ ။ |
| ပုရိမာ ပုရိမာ ကုသလာဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ | အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန |
| ။ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံကေသဥ္စိ | ဥပနိဿယ |
| ။ | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ | အနန္တရ၊ သမနန္တရ ဥပနိဿယ |
| ပုရိမာ ပုရိမာ အကုသလာဓမ္မာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ | အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန |

www.burmeseclassic.com

www.burmeseclassic.com



| ပစ္စည်း | ပစ္စယုပ္ပန် | ပစ္စယသတ္တိ |
|---|---|---|
| ။ | ပစ္ဆိမာန် ပစ္ဆိမာန် ကုသလာန် မွှာန် ကေသဉ္စိ | ဥပနိဿယ |
| ။ | ပစ္ဆိမာန် ပစ္ဆိမာန် အဗျာကတာန် မွှာန် | အနန္တရ၊ သမနန္တရ ဥပနိဿယ |
| ပုရိမာ ပုရိမာ အဗျာကတာမွှာ | ပစ္ဆိမာန် ပစ္ဆိမာန် အဗျာကတာန် မွှာန် | အနန္တရ၊ သမနန္တရ၊ ဥပနိဿယ |
| ပုရိမာပုရိမာကြိယာ အဗျာကတာမွှာ | ပစ္ဆိမာန် ပစ္ဆိမာန် ကြိယာ အဗျာကတာန် မွှာန် | အာသေဝန |
| ပုရိမာ ပုရိမာ အဗျာကတာမွှာ | ပစ္ဆိမာန် ပစ္ဆိမာန် ကုသလာန် မွှာန် | အနန္တရ၊ သမနန္တရ၊ ဥပနိဿယ |
| ။ | ပစ္ဆိမာန် ပစ္ဆိမာန် အကုသလာန် မွှာန် | အနန္တရ၊ သမနန္တရ၊ ဥပနိဿယ |
| ယေသံ ယေသံ မွှာန် အနန္တရာ (သမနန္တရာ) | ယေယေ မွှာ ဥပ္ပဇ္ဇန္တိ | |
| စိတ္တ စေတသိကာ မွှာ ယထာတေမွှာ | တေသံ တေသံ မွှာန် | အနန္တရ၊ သမနန္တရ |

www.burmeseclassic.com

www.burmeseclassic.com



| ပစ္စည်းအမည် | | ပစ္စည်းတရား | | |
|---|---|---|---|---|
| ၁။ ဟေတု | | ဟေတု | | |
| ၂။ အာရမ္မဏ | | ရူပါယတနံ / (ပ) | | |
| | | ဖောဋ္ဌဗ္ဗာယတနံ | | |
| | | ရူပါယတနံ (ပ) ဖောဋ္ဌဗ္ဗာယတနံ | | |
| | | သဗ္ဗေဓမ္မာ | | |
| | | ယံယံ ဓမ္မံ အာရဗ္ဘ | | |
| | | တေတေဓမ္မာ | | |
| ၃။ အဓိပတိ | သဟဇာတာဓိပတိ | ဆန္ဒာဓိပတိ | | |
| | | ဝီရိယာဓိပတိ | စိတ္တာဓိပတိ | ဝီမံသာဓိပတိ |
| | အာရမ္မဏာဓိပတိ | ယံယံဓမ္မေ ဂရုံကတွာ | | |
| | | တေတေဓမ္မာ | | |
| ၄။ အနန္တရ<br>၅။ သမနန္တရ | | စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာစဓမ္မာ ( | | |
| | | မနောဓာတု တံသမ္ပယုတ္တကာစ ဓမ္မာ ( | | |
| | | ပုရိမာ ပုရိမာ ကုသလာဓမ္မာ - ၂ | | |
| | | ပုရိမာ ပုရိမာ အကုသလာဓမ္မာ-၂ | | |
| | | ပုရိမာ ပုရိမာအဗျာကတာဓမ္မာ-၃ | | |
| | | ယေသံယေသံ ဓမ္မာနံ အနန္တရာ (သမနန္တရာ) | | |
| | | စိတ္တစေတသိကာ ဓမ္မာ တေတေဓမ္မာ | | |

www.burmeseclassic.com

www.burmeseclassic.com

တော်ဇယားချုပ်

| | | | | |
|---|---|---|---|---|
| | ပစ္စယုပ္ပန်တရား | | | |
| | ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | | | |
| | စက္ခုဝိညာဏဓါတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ/(ပ) | | | |
| | ကာယဝိညာဏ ။ | | | |
| | မနော ။ | | | |
| | မနောဝိညာဏ ။ | | | |
| | ယေယေဓမ္မာဥပ္ပဇ္ဇန္တိ၊ စိတ္တ စေတသိကာဓမ္မာ | | | |
| | တေသံတေသံဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော | | | |
| | ဆန္ဒ သမ္ပယုတ္တကာနံဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ | | | |
| | ဝီရိယ | စိတ္တ | ဝီမံသ | အဓိပတိပစ္စယေန ပစ္စယော |
| | ယေယေဓမ္မာဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ | | | |
| | တေသံတေသံ ဓမ္မာနံ အဓိပတိ ပစ္စယေန ပစ္စယော | | | |
| ) ----- | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အနန္တရပစ္စယေနပစ္စယော | | | |
| ယ ----- | မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | | | |
| | ပုရိမာနံ ပုရိမာနံ ကုသလာနံ ဓမ္မာနံ | ---အဗျာကတာနံဓမ္မာနံ | | |
| | ပုရိမာနံ ပုရိမာနံ အကုသလာနံ ဓမ္မာနံ | ---အဗျာကတာနံဓမ္မာနံ | | |
| | ပုရိမာနံပုရိမာနံ အဗျာကတာနံဓမ္မာနံ | ---- ကု---- | ----အကု --- | |
| | ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ | | | |
| | တေသံတေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော(သမနန္တရ) | | | |

www.burmeseclassic.com

www.burmeseclassic.com

| ၆ | ၇ | ၈ | ၁၉ | ၂၁ | ၂၄ | ပစ္စည်းတရား | |
|---|---|---|---|---|---|---|---|
| သ | ည | နိ | သံ | အတ် | အဝိ | စတ္တာရောခန္ဓာအရူပိနော | |
| ။ | ။ | ။ | | ။ | ။ | စတ္တာရောမဟာဘူတာ | ဩဠာရိကရွေ |
| ။ | | ။ | | ။ | ။ | စိတ္တစေတသိကာဓမ္မာ | မဟာဘူတာ |
| ။ | | ။ | | ။ | ။ | ရူပိနောဓမ္မာ | |
| | | ။ | ၁၀/ပု | ။ | ။ | စက္ခာယတနံ/ (ပ) ကာယာယတနံ | |
| | | | ။ | ။ | ။ | ရူပါယတနံ/ (ပ) ဖောဋ္ဌဗ္ဗာယတနံ | |
| | | | ။ | ။ | ။ | ရူပါယတနံ ------- ဖောဋ္ဌဗ္ဗာယတနံ | |
| | | ။ | ။ | ။ | ။ | ယံ ရူပံနိဿာယ | |
| | | ။ | | ။ | ။ | တံရူပံ | |
| | | | ။ | | | တံရူပံ | |

BURMESE CLASSIC

| | | | |
|---|---|---|---|
| ၉။ ဥပနိဿယ | | ပုရိမာ ပုရိမာ ကုသလာဓမ္မာ? | |
| | | ပုရိမာ ပုရိမာ အကုသလာဓမ္မာ? | |
| | | ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ? | |
| | | ဥတုဘောဇနမ္ပိ၊ ပုဂ္ဂလောပိ၊ သေနာသန | |
| ၁၁။ ပစ္ဆာဇာတ | | ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ | |
| ၁၂။ အာသေဝန | | ပုရိမာပုရိမာကု/အကု -- / ကြိယာဗျာ | |
| ၁၃။ကမ္မ | နာနာ | ကုသလာ ကုသလံ ကမ္မံ | |
| | သဟ | စေတနာ | |
| ၁၄။ ဝိပါက | | ဝိပါကာ စတ္တာရောခန္ဓာအရူပိနော | |
| ၁၅။ အာဟာရ | | ကဗဠီကာရောအာဟာရော | အရူပိနော |
| ၁၆။ ဣန္ဒြိယ | ပုတိ | စက္ခုန္ဒြိယံ/ (ပ) ကာယိန္ဒြိယံ | |
| | ရူပတိ | ရူပဇီဝိတိန္ဒြိယံ | |
| | သဟတိ | အရူပိနောဣန္ဒြိယာ | |
| ၁၇။ ဈာန။ ၁၈။ မဂ္ဂ | | ဈာနင်္ဂါနိ | မဂ္ဂင်္ဂါနိ |
| ၂၀။ ဝိပ္ပယုတ္တ | | ရူပိနောဓမ္မာ | အရူပိနော |
| ၂၂။ နတ္ထိ။ ၂၃။ ဝိဂတ | | သမနန္တရ* နိရုဒ္ဓါ | *ဝိဂတာ \| စိတ္တစေ |

www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| | ပစ္စယုပ္ပန်တရား | | | |
| | အညမည် | | | |
| ...နာမရုပ် | အညမည် - ၂ | | | |
| | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ဥပါဒါရူပါနံ | | |
| | အရူပီနံ ဓမ္မာနံ ကိဉ္စိကာလေသဟဇာတ | ကိဉ္စိကာလေနသဟဇာတ | | |
| | စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ / (ပ) ကာယ | | | |
| | ။ | | | |
| | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ | | | |
| | မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္ထုန္တိ | | | |
| | မနောဓာတုယာစ မနောဝိညာဏဓာတုယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ | | | |
| | မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ | ပုရေဇာတပစ္စယေန | | |
| | မနောဝိညာဏဓာတုယာ ----- ကိဉ္စိကာလေပုရေ | ကိဉ္စိ နပုရေဇာတ | | |
| | ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံဓမ္မာနံ | အကု ကေသဉ္စိ | အဗျာကတာနံ | |
| | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံဓမ္မာနံ | ကု ကေသဉ္စိ | အဗျာကတာနံ | |
| | ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံဓမ္မာနံ | ကု | အကုသလာနံ | |
| | ဥပနိဿယပစ္စယေန ပစ္စယော | | | |
| | ပုရေဇာတဿ ဣမဿ ကာယဿ | | | |
| ...ကထာ | ပစ္ဆိမာနံ ပစ္ဆိမာနံ | ကု | အကု --- | ကြိယာဗျာကတာနံဓမ္မာနံ |
| | ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစရူပါနံ | | | |
| | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနဉ္စရူပါနံ | | | |
| | အညမည် | | | |
| ...ဓာဟာရာ | ဣမဿကာယဿ | သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ | | |
| | စက္ခုဝိညာဏဓာတုယာတံသမ္ပယုတ္တကာနဉ္စဓမ္မာနံ/(ပ) ကာယ | | | |
| | ကဋတ္တာရူပါနံ | | | |
| | သမ္ပယုတ္တကာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | | | |
| | ဈာန | မဂ္ဂ | သမ္ပယုတ္တကာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ | |
| ...ဓမ္မာ | အရူပီနံဓမ္မာနံ | ရူပီနံဓမ္မာနံ | | |
| ...သိကာဓမ္မာ ၂ | ပစ္စုပ္ပန္နာနံ စိတ္တစေတသိကာနံဓမ္မာနံ ၂ | | | |

www.burmeseclassic.com